www.burmeseclassic.com

# ပြုံးတမဲ့မဲ့

နိုင်ငံခြားဝတ္ထုတိုများ

**မောင်ထွန်းသူ**



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၉၁၀၇၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၂၃၀၁၁

ပထမအကြိမ် - အောက်တိုဘာလ၊ ၂၀၁၁ ခုနှစ်။
ကံ့ကော်ဝတ်ရည်စာပေ

အုပ်ရေ - ၅၀၀

မျက်နှာဖုံးပုံနှိပ် - ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်
၉၆/ခ၊ ၁၁-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ (၅၁) လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဒေါ်ခင်မာချို၊ ပန်းဝေဝေစာပေ
အမှတ်-၃၆၀၊ ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း - ဇော်မောင်

တန်ဖိုး - ၃၀၀၀ ကျပ်

၈၉၅.၀၃
မောင်ထွန်းသူ
ပြုံးတမဲ့မဲ့ နိုင်ငံရပ်ခြားဝတ္ထုတိုများ/ မောင်ထွန်းသူ။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်။
စာမျက်နှာ-၂၉၄၊ ၁၃x၂၀ စင်တီမီတာ။
(၁) ပြုံးတမဲ့မဲ့ နိုင်ငံရပ်ခြားဝတ္ထုတိုများ


## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ခိုးလိုးခုလု<br>THE CHARMS OF CULTURE<br>MIKHAIL ZOSHCHENKO. | ၇ |
| ၂။ | ကျွန်စိတ်<br>DEATH OF A CLERK<br>ANTON CHEKHOV | ၁၅ |
| ၃။ | အပေါင်းအသင်း<br>FRIENDSHIP<br>ALBERTO MORAVIA | ၂၃ |
| ၄။ | အိပ်ရာပြိုသည့်ည<br>THE NIGHT THE BED FELL<br>JAMES THURBER | ၃၅ |
| ၅။ | အသက်ကလေးရယ်တဲ့ "တို" စလို<br>THE LITTLE CASK<br>GUY DE MAUPASSANT | ၄၃ |
| ၆။ | သည်လိုဆို မဖြစ်ဘူးကွယ်<br>A RETRIEVED REFORMATION<br>O.HENRY | ၅၅ |
| ၇။ | ပုတ်သင်ညို<br>CHAMELEON<br>ANTON CHEKHOV | ၆၉ |
| ၈။ | နှာခေါင်းကြီး<br>THE NOSE<br>(ROMAN TALES)<br>ALBERTO MORAVIA | ၇၉ |
| ၉။ | အတု<br>THE FALSE GEMS<br>GUY DE MAUPASSANT | ၉၁ |
| ၁၀။ | ချယ်ရီတစ်ပင်<br>SPLIT CHERRY TREE<br>JESSE STUART. | ၁၀၃ |


www.burmeseclassic.com

www.burmeseclassic.com

၁၁။ စက်လှေ ၁၂၅
THE ROMANCE OF A BUSY BROKER
O. HENRY.
၁၂။ "မ" ဒေါသ ၁၃၃
A WOMAN'S WRATH
ISAAC LOBS PERETZ.
၁၃။ မြွေမ ၁၄၃
THE FANATIC
ALBERTO MORAVIA.
၁၄။ ပြန်ပေး ၁၅၃
THE RANSOM OF RED CHIEF
O. HENRY.
၁၅။ ယာတောသူ ၁၇၁
THE STORY OF A FARM GIRL
GUY DE MAUPASSANT.
၁၆။ အဲဒီအကောင် အုကြောင်ကြား ၁၉၉
THAT PIG OF A MORIN
GAY DE MAUPASSANT.
၁၇။ မစ်တီ၏လျှို့ဝှက်ဘဝ ၂၀၉
THE SECRET LIFE OF WALTER MITTY
JAMES THURBER
၁၈။ အရူးဂင်ပယ် ၂၃၁
GIMPLE THE FOOL
ISAAC BASHEVIS SINGER.
၁၉။ ငွေ ၂၃၉
MAMMON AND THE ARCHER
O.HENRY.
၂၀။ မျောက်တစ်ကောင်၏စွန့်စားခန်းများ ၂၆၉
ADVENTRUES OF A MONKEY
(GREAT SOVIET SHORT STORIES)
MIKHAIL ZOSHCHENKO.
၂၁။ အစောင့် ၂၈၁
THE CARE TAKER
(ROMAN TALES)
ALBERTO MORAVIA

BURMESE CLASSIC

## ခိုးလိုးခုလု

အမှန်အတိုင်း ပြောရရင်တော့ ကျွန်တော်ဟာ ပါတီက ချမှတ်ထားတဲ့ အခြေခံ ယုံကြည်ချက်ဟူသမျှကို အမြဲတမ်း မျက်စိစုံမှိတ်ပြီး အရမ်းအရမ်း ပစ်ပြီး ထောက်ခံနေတဲ့ လူတစ်ယောက်ပါ။ ပါတီဆရာကြီးတွေ သို့မဟုတ် ပါတီခေါင်းဆောင်ကြီးတွေဆိုတဲ့ လူတစ်စုက ကွန်မြူနစ်ဝါဒနဲ့ ကွန်မြူနစ်စနစ်ကြီး ထွန်းထားမဲ့ လောကနိဗ္ဗာန်ကြီးကို မရမနေ တည်ဆောက်နေတဲ့ ခေတ်ဆိုတော့ ကျွန်တော့်လို အသေးအမွှားကောင်ကလည်း တစ်တပ်တစ်အား ပါရပေမပေါ့ဗျာ။

အဲဒါကြောင့်လည်း သူတို့ချမှတ်ထားတဲ့ "နယူးအီကော်နော်မစ်ပေါ်လီစီ" ရဲ့ အစည်ပေးထားတဲ့ "စီးပွားရေးမူဝါဒသစ်ကြီး"ကိုတောင်မှ ကျွန်တော်က ဆန့်ကျင်လား၊ ကန့်ကွက်လား မလုပ်ခဲ့ပါဘူး။ "ခင်ဗျားတို့အနေနဲ့ ဒီမူဝါဒကြီးကို အကြိုက်လိုလားနေကြတယ်ဆိုရင်လဲ လုပ်ကြပါ။ ကျွန်တော်ကတော့ အိုကေပါပဲ။ ခင်ဗျားတို့က ကျွန်တော့်ထက် ပိုသိ ပိုတတ်ပြီး ပိုတော်ကြတဲ့လူတွေ မဟုတ်လား။ ကျွန်တော့်လို လူစားက ဘာပြောစရာရှိမှာလဲ"။ အဲ . . အဲဒီစကားပဲ ပြောရပေမှာပေါ့။

ဒါပေမယ့်လို့ ခက်တာက စီးပွားရေးမူဝါဒသစ်ကို စတင် အကောင်အထည်ဖော်နေကြတဲ့ အချိန်ကာလအတွင်းမှာ ကျွန်တော့်စိတ်ဟာ ဆောက်တည်ရာမရနိုင်လောက်အောင်ကို "လေး" နေခဲ့တယ်။ တချို့ပြုပြင်ပြောင်းလဲမှုတွေဟာ အမြန် လွန်တယ်ဆိုပြီး ပြုပြင်ပြောင်းလဲပစ်နေကြတာဆိုတော့ "ဖြစ်မှ ဖြစ်ပါ့မလား၊ အကျိုး တန်ပါ့မလား" လို့ စိတ်ထဲက တထင့်ထင့် ဖြစ်ခဲ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



[illegible]ရတော့ရှိတယ်။ ဒီခေတ်မှာ ယဉ်ကျေးမှုနဲ့ ပတ်သက်လို့ကတော့ နေရာတိုင်းမှာလွတ်လပ်မှုရှိနေသလိုလို ခံစားနေရတာကတော့ အမှန်ပဲ။ ဆိုကြပါစို့ ..... ရဲ့ --- ပြဇာတ်သွားကြည့်တဲ့အခါ ဇာတ်ရုံထဲဝင်ရင် ဘာကိုမှ မချွတ်ရတော့ဘဲ ဝင်ခွင့်ရလာတဲ့ ကိစ္စမျိုးပေါ့။ အဲဒါကလေးဟာ တော်တော်ကလေး ဟန်ကျသားဗျ။ သိလား .. ခင်ဗျား ဝတ်စားလာတဲ့ အဝတ်အစားနဲ့ ဇာတ်ရုံထဲဝင်သွားပြီး ထိုင်ကြည့်လို့ရလာပြီ။ လူတစ်ယောက်အတွက် တကယ်စစ်မှန်တဲ့ ရပိုင်ခွင့်တစ်ခုကို ရတာရို့ ဝမ်းသာစရာ မကောင်းပေဘူးလားဗျာ။

ဒါပေမဲ့ ပြောရတာ ခုတော့ ခုအကျသား .. ဗျာ။ "ယဉ်ကျေးမှု" ဆိုတာက ခင်ဗျားတို့သိတဲ့အတိုင်းပဲ အင်မတန်မှ ကျယ်ဝန်းပြီး ရှုပ်ရှုပ်ထွေးထွေးရှိနေတဲ့ အရာတစ်ခုမဟုတ်လား။ အဲဒီတော့ ကတ်သီး ကတ်သပ် ဖြစ်စရာလေးတွေက မထင်မှတ်ဘဲနဲ့ ပေါ်ပေါက်လာတတ်တယ်။ ပေါ်လာပြီဆိုရင်တော့လဲ "ခိုးလိုးခုလု" ဖြစ်ရတာအမှန်ပဲ။

မကြာသေးခင်က ဆိုပါတော့ဗျာ။ တစ်ညနေခင်းမှာ ကျွန်တော်ဟာ အိမ်က ထွက်လာခဲ့တယ်။ အညောင်းပြေ လမ်းလျှောက်ဖို့လား၊ အရက်သောက်ဖို့လား။ အဲဒါတော့ ကောင်းကောင်းမမှတ်မိတော့ဘူး။ ထွက်လာတော့ လမ်းတစ်နေရာမှာ အမှတ်မထင် ရဲဘော် လော့ခ်တက်ဗ်လို့ခေါ်တဲ့ သူငယ်ချင်းတစ်ယောက်နဲ့ ဆုံမိတယ်။ သူက "ကိုရှယ်ခေါ့ဗား" ဆိုတဲ့ အမျိုးသမီးနဲ့ တွဲခုတ်လာတာ။

သူတို့နဲ့ ခဏရပ်ပြီး စကားပြောလိုက်တော့ သူတို့က ကျွန်တော့်ကို ပြဇာတ်လိုက်ကြည့်ဖို့ အတင်းခေါ်တယ်။ "ဒီမယ် .. ဗတ်ဆီလီ ဒီတစ်ခါတော့ ရှောင်ပြေးဖို့ မကြိုးစားနဲ့တော့။ အရက်က အချိန်မရွေး၊ နေရာမရွေး သောက်လို့ရတယ်။ ကိုယ့်လူပြီးမှ သွားသောက် အခုတော့ ပြဇာတ်လိုက်ကြည့်လှည့်၊ ဒီည "အနွေးပေးကိရိယာ" ဆိုတဲ့ပြဇာတ် ကပြလိမ့်မယ်" လို့ လော့ခ်တက်ဗ်က ပြောတယ်။

တိုတိုပြောရမယ်ဆိုရင်တော့ သူတို့က ကျွန်တော့်ကို ဒီတစ်ညတော့ဖြင့် "အရက်သောက်ခြင်းဆိုတဲ့ ယဉ်ကျေးမှုလေထုတစ်ခုကြားမှာ နစ်မျောပြီး အချိန်ဖြုန်းမဲ့အစား သူတို့နဲ့လိုက်ပြီး ဇာတ်ရုံအတွင်းက ယဉ်ကျေးမှု လေထုအကြားမှာ အချိန်ဖြုန်းဖို့ ပြောနေကြတာပါ။

ဒါကြောင့်မို့ ကျွန်တော်တို့သုံးယောက် ဇာတ်ရုံကို ရောက်သွားကြပါတယ်။ ထုံးစံအတိုင်း လက်မှတ်တွေဝယ်ကြပါတယ်။ ဇာတ်ရုံလှေကားကနေပြီး အပေါ် တက်လာခဲ့ကြပါတယ်။ အဲဒီတုန်း ရုတ်တရက် နောက်က ခေါ်လိုက်သံကြောင့်

BURMESE CLASSIC



[illegible]လှည့်လာတော့ "ခင်ဗျားတို့ဝတ်ထားတဲ့ အနွေးထည်ဂရိတ်ကုတ်အင်္ကျီကြီးတွေ ချွတ်ထားခဲ့ပါ" တဲ့၊ ဟုတ်သားပဲ ကျုပ်တို့သုံးယောက်စလုံး အေးတဲ့ရာသီမို့ [illegible]အောက်အထိဖုံးနေတဲ့ အနွေးထည် ဂရိတ်ကုတ်အင်္ကျီကြီးတွေ ဝတ်လာကြတယ် [illegible]ဟုတ်လား။

လော့ခ်တက်ဗ်နဲ့ သူ့အဖော်အမျိုးသမီးက သူတို့ခိုင်းတဲ့အတိုင်း ချက်ချင်းပဲ [illegible]ရိတ်ကုတ်ကြီးတွေ ချွတ်လိုက်ကြတယ်။ ကျွန်တော်ကတော့ အူတီးအူကြောင်နဲ့ [illegible]လုပ်လို့ လုပ်ရမှန်း မသိဖြစ်နေတယ်။ အဖြစ်က ဒီလိုပါ။ အဲဒီနေ့ညနေခင်းက ကျွန်တော်ဟာ ဂရိတ်ကုတ်ကြီးကို ရှပ်အင်္ကျီပေါ်က ထပ်ပြီး ဝတ်လာခဲ့ပါတယ်။ [illegible]တိုင်းလို ဝတ်စုံကုတ်အင်္ကျီကို ရှပ်အင်္ကျီပေါ်က ထပ်ဝတ်ပြီးမှ အပေါ်က ဂရိတ် [illegible]တ်အင်္ကျီကြီးကို ထပ်စွပ်လာတာမဟုတ်ဘူးဗျ။

အဲဒီတော့ ကျွန်တော့်ကိုယ်ပေါ်က အနွေးထည် ဂရိတ်ကုတ်အင်္ကျီကြီးကို [illegible]လိုက်ရင် အထဲမှာ ဝတ်စုံကုတ်အင်္ကျီကမရှိဘူး။ ညဝတ်ရှပ်အင်္ကျီပဲရှိတယ်။ အဲဒီတော့ကာ ခင်ဗျားတို့ သိကြတဲ့အတိုင်းပဲ ဂရိတ်ကုတ်ကြီးကိုချွတ်ထားခဲ့ရရင် [illegible]တော့ ကျွန်တော့်အဖို့ သက်သာရာ ရစရာမရှိဘူး။ "ဒီအတိုင်းသာဆိုရင်တော့ [illegible]ပါလား၊ ငါ့ကို လူတကာက ကဲ့ရဲ့တော့မယ်။ ပြီးတော့ အေးလွန်းလို့ အသက် [illegible]တ်ရင် ကံကောင်းပဲ" လို့ တွေးလိုက်မိတယ်။

အမှန်တော့ ကျွန်တော်ဝတ်လာတဲ့ ရှပ်အင်္ကျီဟာ ညစ်ညစ်ပတ်ပတ် ပေပေ [illegible]ကြီးတော့ မဟုတ်ပါဘူး။ ဟောင်းနွမ်းစုတ်ပြဲနေတဲ့ အင်္ကျီလည်း မဟုတ်ပါ [illegible]။ ဒါပေမဲ့ ညဝတ်အင်္ကျီဆိုတော့ အိမ်မှာနေရင်း ဝတ်ကြတာမျိုးမဟုတ်လား။ [illegible]တော့ အကောင်းစား အင်္ကျီမဟုတ်ဘူးပေါ့။ အညံ့စား၊ အပေါစားပိတ်နဲ့ ချုပ် [illegible]တဲ့ ရှပ်အင်္ကျီမျိုးပေါ့၊ ဒီကြားထဲ အင်္ကျီကော်လာမှာ ကြေးကြယ်သီးကြီးတွေက [illegible]ထားသေးတယ်။ ဒီအင်္ကျီနဲ့ ရုံထဲဝင်သွားလို့ကတော့ အတော့်ကို ရှက်စရာ [illegible]ကောင်းတော့မှာပဲ" လို့ ကျွန်တော်မတွေးပဲ မနေနိုင်ဘူး။

ကျွန်တော်က သူငယ်ချင်းဘက်လှည့်ပြီး "ငါဖြင့် ဘယ်လိုလုပ်ရမှန်း မသိ [illegible]ပါဘူးကွာ" လို့ ညည်းလိုက်မိတယ်။ "ငါဒီည ဝတ်လာတာက ဖြစ်ကတတ် [illegible] ဝတ်လာတာကွ၊ ငါ့ရဲ့ ဂရိတ်ကုတ်အနွေးထည်ကြီးကို ချွတ်လိုက်လို့ကတော့ [illegible]နည်းနဲ့မှ ကြည့်လို့ကောင်းမယ် မထင်ဘူး။ လူတွေက ဝိုင်းပြီး လှောင်ကြ [illegible]ကြ၊ ကဲ့ရဲ့ကြတော့မှာ သေချာတယ်"

လော့ခ်တက်ဗ်ကလည်း "ကဲပါကွာ မင့်ရှပ်အင်္ကျီက ဘယ်လောက်ဆိုးနေလို့

www.burmeseclassic.com

www.burmeseclassic.com



လဲ။ ငါကြည့်စမ်းပါရစေဦး'' လို့ပြောတယ်။

ကျွန်တော်က ဂရိတ်ကုတ်အင်္ကျီ ကြယ်သီးတွေကိုဖြုတ်ပြီး ပြလိုက်တယ်။

''အင်း .. ဟုတ်တယ်၊ အပြင်ကတော့ ခပ်ဆိုးဆိုးပဲ''လို့ သူက မှတ်ချက် ချတယ်။

သူ့အမျိုးသမီးကလဲ ကျွန်တော့်ရှပ်အင်္ကျီကို အသေအချာကြည့်တယ်။ ပြီးတော့ ''အိမ်ကိုပြန်ကြတာပဲ ကောင်းပါတယ်။ ကျွန်မကတော့ ရှပ်အင်္ကျီတစ်မျိုးတည်း ဝတ်ထားတဲ့ ယောကျ်ားတွေနဲ့ ဓာတ်ရုံထဲ အတူတူတွဲပြီး ဝင်လဲ မဝင်ချင်ဘူး ကြည့်လဲ မကြည့်ချင်ဘူး၊ အခုလို ဝတ်လာတာမျိုးကတော့ မသင့်တော်ပါဘူး။ ဒီလို ပေပေရေရေ မသပ်မရပ်ဝတ်ဆင်ပြီး ဓာတ်ပွဲဝင်ကြည့်တာမျိုးကတော့ မကောင်းတာအမှန်ပဲ'' လို့ပြောတယ်။

ကျွန်တော့်စိတ်ထဲမှာ တင်းကနဲဖြစ်သွားတယ်။ ''ဟာ .. ဗျာ ခင်ဗျားပြော ပုံကြီးက မဟုတ်သေးပါဘူး၊ ကျုပ်က ခင်ဗျားတို့နဲ့အတူတူ ဓာတ်ပွဲကြည့်ဖြစ် လိမ့်မယ်လို့ စောစောစီးစီး ကြိုပြီးသိထားတာမှ မဟုတ်တာ၊ သိထားလို့ကတော့ အခုလို ဝတ်စားလာပါ့မလား''လို့ ကျွန်တော်က ပြန်ပြောလိုက်တယ်။

ဘယ်လိုလုပ်ကြရင် ကောင်းမလဲလို့ ကျွန်တော်တို့ထပ်ပြီး စဉ်းစားကြတယ်။ နောက်ဆုံးမှာ ဟိုခွေးကောင် လော့ခ်တက်ဖ်က ''ဒီလိုလုပ်ကြရင်ကောင်းမယ်၊ မင်းကို ငါ့ရဲ့နက္ကတိုင်ချွတ်ပေးမယ်၊ မင်းက အဲဒါကို တပ်လိုက်၊ ဘာပဲဖြစ်ဖြစ် နက္ကတိုင်တပ်လိုက်ရင် ရှပ်အင်္ကျီက ငုတ်စိစိမနေတော့ဘူး။ ကြည့်ကောင်းလာမှ ရှိတယ်။ အခုမြင်နေရတဲ့ ပုံထက်တော့ အများကြီးကို ခန့်ညားလာမှာ သေချာ တယ်။ ဘေးလူတွေကလဲ မင်းရှပ်အင်္ကျီကို သတိထားမိကြမှာ မဟုတ်တော့ဘူး၊ အပ္ပဒဏ်မခံနိုင်တဲ့လူမို့ ဝတ်စုံကုတ်အင်္ကျီကို မဝတ်ဘဲ ရှပ်အင်္ကျီလေး၊ နက္ကတိုင်လေးနဲ့ လာတဲ့ပုံစံလေး ဖြစ်သွားမှာပေါ့။ ဟုတ်ဖူးလား''လို့ ပြောတယ်။

အရေးထဲမှာ လော့ခ်တက်ဖ်ရဲ့အဖော် ကောင်မလေးကလဲ တစ်မှောင့်ထ သိလား။ လော့ခ်တက်ဖ်ရဲ့ စကားကြားတော့သူက ''ကျွန်မနဲ့ တွဲလာတဲ့ အဖော် နှစ်ယောက်မှာ တစ်ယောက်က ဝတ်စုံကုတ်အင်္ကျီဝတ်မထားဘဲ နက္ကတိုင်ကြီး တပ်ထားတယ်။ နောက်တစ်ယောက်ကတော့ ဝတ်စုံအပြည့်ဝတ်ထားပေမဲ့ နက္ကတိုင် မပါဘူး။ အဲဒီတော့ ဘယ်ကောင်းမလဲ''လို့ ဝင်ပြောပြန်တယ်။ ပြီးတော့ သူက အကြံတစ်ခုပေးတယ်။

''ဓာတ်ရုံက လူတွေကို အကျိုးအကြောင်း ရှင်းပြပြီး ဗတ်ဆီလီတစ်ယောက်



...ည်းကို ဂရိတ်ကုတ်အင်္ကျီ ဝတ်ခွင့်ပြုဖို့ တောင်းပန်ကြည့်ရင် မကောင်းဘူးလား'' ...တဲ့။

ကျွန်တော်တို့က သူပေးတဲ့အကြံကို လက်ခံပြီး ချက်ချင်းပဲ သက်ဆိုင်ရာ ...တ်ရုံတာဝန်ခံတွေကို မေတ္တာရပ်ခံတယ်၊ တောင်းပန်တိုးလျှိုးတယ်၊ အသနားခံ ...ယ်၊ ပါလာတဲ့အလုပ်သမား အစည်းအရုံးဝင် ကတ်ပြားတွေထုတ်ပြပြီး အရေး ...ိုတယ်။ မရရေးချ မရပါဘူး။

သူတို့မှာ ရှိထားတဲ့ စည်းကမ်းကို အသေဖက်တွယ်ထားပြီး ခွတ်အတင်း ...င်းတယ်။ ''အခုခေတ်ဟာ ၁၉၁၉ ခုနှစ် မဟုတ်တော့ဘူးဆိုတာ ခင်ဗျားတို့ ...လည်ကြဘူးလား'' လို့ပြောတယ်။ ''ဓာတ်ရုံထဲမှာ ဂရိတ်ကုတ်အနွေးထည် ...အင်္ကျီကြီးတွေဝတ်ပြီး ထိုင်ကြည့်နေရတဲ့ ခေတ်ဟာ လုံးဝဥဿုံ ကုန်ဆုံးသွားပြီ ... ဟား .. ဟား .. ဟား'' တဲ့။ ကဲ .. ကောင်းကြရော။

''မင်းတို့ကြားကြတဲ့အတိုင်းပဲကွာ'' လို့ ကျွန်တော်က စိတ်ပျက်ပျက်နဲ့ ...ပြောတယ်။

''အခုအတိုင်းဆိုရင် ငါလဲ ဘာမှ မတတ်နိုင်တော့ဘူး၊ ဒီကိစ္စမှာ အားလုံး ...ို့ လက်မြှောက်အရှုံးပေးပြီး အိမ်ကို လေးဖက်ထောက်ပြန်သွားရုံကလွဲလို့ တခြား ...ခင်း မရှိတော့ဘူးကွ''

ဒါပေမယ့် ခက်နေတာက ကျွန်တော့်အတွက် လက်မှတ်က ဝယ်ထားပြီးနေ ...ြီး အဲသလိုဆိုတော့လည်း မပြန်ချင်ဘူးပေါ့။ ဒါက လူ့စိတ်သဘာဝပဲလေ၊ ကြုံတုန်း ...ခိုက် ဝင်ကြည့်လိုက်ချင်တဲ့ စိတ်က ရုံပြင်ဖက် ပြန်ထွက်ဖို့ ဟန့်ပြင်နေတဲ့ ...ကျွန်တော့် ခြေထောက်တွေကို ဆွဲထားပြန်တယ်။

ကျွန်တော် ဘာမှတွေးမနေတော့ဘူး။ ချက်ချင်းပဲ ဟိုခွေးကောင် လော့ခ် ...တက်ဖ်ဆီက နက္ကတိုင်ကိုယူပြီး လည်ပင်းမှာ တပ်လိုက်တယ်။ ကျွန်တော့်ကိုယ် ...ပေါ်က ဂရိတ်ကုတ်အင်္ကျီကြီးကိုလည်း ကပျာကယာချွတ်ပြီး ရုံတာဝန်ခံ ဆရာကြီး ...လက်ထဲ ထည့်လိုက်တယ်။

ဒါပေမယ့်ဗျာ ရှပ်အင်္ကျီလေးနဲ့ ရပ်နေတဲ့ ကျွန်တော်ဟာ အေးလွန်းလို့ ထိုးထိုး ...ထွန့်ဖြစ်နေတယ်။ တောင့်တောင့်မတ်မတ်ရပ်ဖို့ အားထုတ်နေပေမယ့်မရဘူးဗျ။ ကျွန်တော့်အဖြစ်က လမ်းပေါ်က အေးလွန်းလို့ တုန်နေတဲ့ ခွေးတစ်ကောင်နဲ့ ...နေမလား ကြောက်စရာပါပဲလားဗျာ။

အေးတာမှ ရက်ရက်စက်စက် အေးတာပါကလား။ အသားကျွန်တို့ အေးတာ

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ ကျွန်တော့် တစ်ကိုယ်လုံး တုန်ယင်နေတယ်။ သွားတွေကလဲ တဆတ်ဆတ် ခိုက်နေတယ်။ အားလုံးတွေကလဲ ကျွန်တော့်ကို အထူးအဆန်း သတ္တဝါတစ်ကောင်လို သဘောထားပြီး ဝိုင်းကြည့်နေကြပြန်ပြီ။

“ရှင်က ဘာဖြစ်နေတာလဲ ဘာပြုလို့ ငုငုပေါင်ပေါင်ကြီးကုပ်ပြီး လုပ်နေရတာလဲ” လို့ ဟိုနေရာရဲ့ ကောင်မက ကျွန်တော့်ကို သဟောက်သဟ လုပ်တယ်။ “ရှင့်ကို မျောက်တစ်ကောင်ကြည့်သလို ဝိုင်းကြည့်ကုန်ကြပြီ၊ ရုံထဲဝင်မှာဖြင့် ခြုံခြုံဝင်ပါတော့လား။ ငါ့နှယ်နော် ဒုက္ခပါပဲ အိမ်ပြန်သွားတာကမှ ကောင်းဦးမယ်” လို့လည်း ညည်းလိုက်သေးတယ်။

အဲဒါနဲ့ပဲ ကျွန်တော်တို့ရုံထဲ ဝင်ခဲ့ကြတယ်။ ထိုင်ခုံတွေပေါ် ဝင်ထိုင်ကြတယ်။ မကြာခင်မှာပဲ ပြဇာတ်က စတယ်။ အင်း .. အဆင်ပြေသလိုပါပဲ။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ အေးတာမှ အသားကုန်ကို အေးတာပါကလား .. ဗျာ။ ပြဇာတ်ရဲ့ ပထမခန်းတစ်ခန်းလုံး ပြီးသာသွားရော ကျွန်တော် ငြိမ်ငြိမ်ဆိမ်ဆိမ် မကြည့်နိုင်ဘူး။ ပထမအခန်း ပြီးသွားချိန်အထိ ကျွန်တော့်တစ်ကိုယ်လုံးဟာ တွန့်လိုက်၊ လိမ်လိုက်၊ ကော့လိုက်၊ ကွေးလိုက် ဖြစ်နေတယ်။ ခါးကို ကလီအထိုးခံနေရတဲ့ လူအတိုင်းပဲ။ အေးလွန်းမက အေးလာတော့ ကိုယ်တတ်သမျှ မှတ်သမျှ သေးပူလေ့ကျင့်ခန်းတွေကို လုပ်နေမိတယ်။

အဲသလိုနဲ့ပဲ အားလပ်ချိန်လဲပေးရော ကျွန်တော့်ရဲ့ နောက်ခုံတန်းက လူတွေဟာ မြန်းကနဲ ထရပ်လိုက်ကြတယ်။ သူတို့ချင်း ပွစိ ပွစိပြောပြီး တစ်ချို့က ရုံတာဝန်ခံတွေကို သွားခေါ်တယ်။ အားလုံးက ဝိုင်းပြီး ကျွန်တော့်အကြောင်းကို တိုင်ကြ တောကြတယ်။

“အမျိုးသမီးတွေအနေနဲ့ ရှပ်အင်္ကျီပဲဝတ်ပြီး ရုံထဲလာထိုင်နေတဲ့ ဒီလို တော့်မျိုးကို ကြည့်နေရတာ သိပ်ကို ကျက်သရေယုတ်တယ်” လို့ သူတို့က ပြောတယ်။ ပြီးတော့လဲ “ဒီနောက ဖင်ဂနာမငြိမ်ဘူး တစ်ချိန်လုံး ခွေးတစ်ကောင်လို တလူးလူးတလွန့်လွန့်နဲ့ ခွေးနာ လောက်ကိုက်သလိုပဲ။ နောက်က ကြည့်နေတဲ့လူတွေအတွက် ဘယ်လောက်များ စိတ်ပျက်ဖို့ ကောင်းလေသလဲဗျာ” တဲ့။

“အေးလွန်းလို့ ဖြစ်နေရတာပါဗျာ” လို့ ကျွန်တော်က ရှင်းပြပါတယ်။ “အခုလို အဆမတန်အေးနေတဲ့အချိန်မှာ ရှပ်အင်္ကျီလေးတစ်ထည်တည်းဝတ်ပြီး ဇာတ်ပွဲကြည့်ရတာ မလွယ်ပါဘူးဗျာ၊ အခု ကျွန်တော်ထိုင်ကြည့်နေသလို ခင်ဗျားတို့ ထိုင်ကြည့် ကြည့်ကြစမ်းပါ။ ဘယ်လောက်အထိ ခံရတယ်ဆိုတာ သိလာပြီး



ကျွန်တော့်အပေါ် ကိုယ်ချင်းစာလာနိုင်ပါလိမ့်မယ်။ ရဲဘော်တို့ရယ် …။ ကဲပါ … ဗျာ။ ကျွန်တော် ဘာလုပ်ပေးရမလဲဆိုတာပြောပါ။

ဇာတ်ရုံဝန်ထမ်းတွေက ကျွန်တော့်ကို ရုံထဲက ဆွဲထုတ်သွားကြပါတယ်။ … ရုံးခန်းထဲရောက်တော့ ကျွန်တော့်နာမည်၊ အသက်၊ မွေးနေ့၊ အလုပ်အကိုင်၊ … ဖုံးတင်နံပါတ် …။ ဟာ .. ဗျာ ဘာတွေမှန်း မသိပါဘူး။ အကုန်လျှောက်မေး … တစ်လုံးမကျန် မှတ်ထားပါတယ်။ ပြီးတော့ ကျွန်တော့်ကို သွားခွင့်ပြုတယ်။ “ … ခင်ဗျားပြန်တော့” တဲ့ …။

ကျွန်တော်ရုံးခန်းထဲက ထွက်မယ်လုပ်တော့ သူတို့က “တရားဆုံးဖြတ်ချက် … ဒဏ်ငွေ ရူဘယ်သုံးဆယ်ပေးပါ” လို့ တောင်းတယ်။

ထဲ .. ဗျာ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပေါ့။ ဖြစ်လာတဲ့ ဇာတ်က ဘယ်လောက် … ရှုပ်လိုက်သလဲ …။ ခင်ဗျားအနေနဲ့ ခင်ဗျားရဲ့ ပြဿနာတွေနဲ့ ဒုက္ခတွေ … ဘယ်နေရာ ဘယ်ဌာနက ဘယ်လိုဖြစ်ပြီး လာနေတယ်ဆိုတာတောင် မပြော … တဲ့ဘာဝ .. ဗျာ၊ သိလား …။

THE CHARMS OF CULTURE

MIKHAIL ZOSHCHENKO.

❑

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်စိတ်

ဇာတ်ရုံအထူးတန်း ဒုတိယခုံတန်း၌ ဟန်ကျ ပန်ကျ ထိုင်ကာ ပွဲကြည့် မျက်မှန်ဖြင့် ပြဇာတ်ကြည့်နေသော ဂုဏ်သရေရှိ စာရေးကြီး အီဗန်ဒမီးထရစ် ချ်ဇယာကော့ဗ်အဖို့တော့ ထိုညသည် အလွန်ဝိသေသထူးပြီး မင်္ဂလာကျက်သရေ အပေါင်းနှင့် ပြည့်စုံသော ညတစ်ညဖြစ်သည်။ သူသည် ဇာတ်စင်ဆီသို့ အာရုံမပြတ် ကြည့်ရှုနေရာမှ ဤသတ္တလောကကြီးအတွင်းရှိ သတ္တဝါအားလုံးတွင် သူသာလျှင် အပျော်ဆုံး လူတစ်ယောက်ဖြစ်တော့သကိုးဟူသောအတွေး ဝင်လျက်ရှိ၏။ ထို အခိုက်တွင် "ရုတ်တရက်"။

"ရှုတ်တရက်"ဟူသော စကားလုံးသည် အလွန်ရိုး၍ အလွန်စင်းသော စကားလုံးဖြစ်သည်။ သို့သော်လည်း အကြီးအကျယ် အံ့အားသင့်သွားရလောက် အောင် ရုတ်တရက် ဖြစ်ပေါ်လာတတ်သော ဖြစ်ရပ်များနှင့် ပြည့်နှက်သော လူ့ဘဝ တွင် စာရေးသူသည် ဤစကားလုံးမှတစ်ပါး အခြားသုံးစရာ ထိရောက်သော စကားလုံး ရှာမရ၍ သုံးလိုက်ရခြင်း ဖြစ်ပါ၏။

ရုတ်တရက် စာရေးကြီး၏ မျက်နှာသည် ရှုံ့တွ ရှုံ့တွ ဖြစ်လာသည်။ သူ့ မျက်လုံးသည် ကလယ် ကလယ်ဖြစ်ကာ ချာချာလည်သွားသည်။ အသက်ပုံမှန် ရှုနေခြင်းသည်လည်း အခိုက်အတန့်မျှ တန့်ခနဲ ဖြစ်သွားသည်။ ပွဲကြည့်မျက်မှန် ကပ်ထားသော မျက်နှာသည် ဘေးတစ်ဖက်သို့ ဖျတ်ခနဲ လည်ထွက်သွားပြီး ခန္ဓာ ကိုယ် သည် ကုလားထိုင်အထက်သို့ နှစ်ဆခန့်မျှ မြောက်တက်သွားသည်။ ထို့နောက် "အဟစ် ·· ချီး"ဟူသောအသံကြီး ထွက်ပေါ်လာသည်။ ဖြစ်ပုံမှာ ရိုးရိုးစင်းစင်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးဖြစ်ပါ၏။ စာရေးကြီး နှာချေလိုက်ခြင်းပေတည်း။

လူတိုင်းလူတိုင်းသည် မည်သည့်အချိန် မည်သည့်နေရာ၌မဆို အချိန်မရွေး နေရာမရွေး နှာချေခွင့်ရှိသည်။ တောင်သူလယ်သမားများ၊ လက်လုပ်လက်စားများ၊ ပုလိပ်တော်မင်းများ၊ ဘုရင်မင်းမြတ်၏ အတိုင်ပင်ခံအဖွဲ့ဝင်လူကြီးများ စသည်ဖြင့် လူတန်းစားမရွေး အားလုံးပင် နှာချေကြသည်မှာ သဘာဝ။ ထို့ကြောင့်လည်း အားလုံးသည် နှာချေခွင့်ကို တန်းတူညီမျှ ရရှိခံစားကြသည်။ သဘောမှာ လူတိုင်း နှာချေကြသည်။ လူတိုင်း …

သို့ဖြစ်၍လည်း ချာဗယာကော့ဗ်သည် သူရုတ်တရက် နှာချေလိုက်မိသည့်အတွက် စိတ်ထဲတွင် နည်းနည်းကလေးမှ စနောင့်စနင်းမဖြစ်။ သူ့လက်ကိုင်ပုဝါဖြင့် သူ့နှာခေါင်းကိုအုပ်၍ အကြွင်းအကျန် နှပ်များကိုပင် အသာအယာ ညှစ်ထုတ်ဝစ်လိုက်သေးသည်။ ထို့နောက် ယဉ်ကျေးသိမ်မွေ့သည့် လူကြီး လူကောင်းတစ်ယောက်သဖွယ် သူနှာချေလိုက်သည့်အတွက် အခြား လူတစ်ဦးတစ်ယောက်အား အနှောင့်အယှက် ဖြစ်သွားလေမလားဟု စူးစမ်းသော အကြည့်ဖြင့် ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ ထိုအခါ သူ့စိတ်တွင် ကသိကအောင့် ဖြစ်လာသည်။ သူ့ရှေ့တည့်တည့် ရှေ့ဆုံးခုံတန်း ကုလားထိုင်တွင် အရပ်ပုပု အဘိုးကြီးတစ်ယောက် ထိုင်နေသည်။ ထိုအဘိုးကြီးသည် လက်အိတ်စွပ်ထားသောလက်ဖြင့် လည်ပင်းကိုလည်းကောင်း၊ ပြောင်နေသော ဦးခေါင်းကိုလည်းကောင်း ဂရုတစိုက် သုတ်နေသည်။ ပါးစပ်မှလည်း တီးတိုးရေရွတ်လိုက်သည်ကို တွေ့လိုက်ရ၏။

ချာဗယာကော့ဗ်သည် ချက်ခြင်းပင် ထိုအဘိုးကြီးကို မှတ်မိသည်။ အဘိုးကြီးသည် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အုပ်ချုပ်ရေးအရာရှိကြီး ဘရီဇတ်ဟားလော့ဗ်ပေတည်း။

"အင်း .. ငါသူ့နောက်ကနေပြီး သူ့အပေါ် တည့်တည့်ကြီးကို ချေမိခဲ့တာပါကလား"ဟူသော အတွေးများသည် ချာဗယာကော့ဗ်၏ ခေါင်းထဲဝင်လာသည်။ "သူဟာ ငါ့အထက်က အရာရှိကြီးတော့ မဟုတ်ဘူး။ ဒါပေမယ့် ခက်တာက သူလည်း အရာရှိကြီး တစ်ယောက်ပဲ။ ငါလုပ်လိုက်ပုံဟာ အတော်ကြီးကို ရိုင်းစိုင်းတာပဲ။ ငါတောင်းပန်မှ ဖြစ်တော့မယ်"

ချာဗယာကော့ဗ်သည် ကိုယ်ကိုရှေ့သို့ အနည်းငယ်ကိုင်းလိုက်ပြီး ချောင်းကလေးတစ်ချက် အသာဟန့်ကာ ခပ်ရိုရို အမူအရာဖြင့် အရာရှိကြီး၏ နားတစ်ဖက်သို့ ကပ်၍ တိုးတိုးကလေးပြောသည်။



"ကျွန်တော့်ကို ခွင့်လွှတ်တော်မူပါခင်ဗျာ။ ကျွန် .. ကျွန်တော် နှာချေမိပါတယ်။ အမှတ်တမဲ့ ဖြစ်သွားရတာပါခင်ဗျာ။ တမင်သက်သက် လုပ်တာမဟုတ် — ဟုတ်"

"ကိစ္စမရှိပါဘူး"

"ဟုတ် .. ဟုတ်ကဲ့ .. ကျွန်တော့်ကို ခွင့်လွှတ်ဖို့ ကျွန် .. ကျွန်တော် … တမင်သက်သက် လုပ်တာတော့ မဟုတ်ပါဘူး"

"မင်းပါးစပ်ကိုပိတ်ပြီး တိတ်တိတ်ကလေး မနေနိုင်ဘူးလားကွာ။ အမယ် …။ ဟင်း ဘုရား သခင်ကယ်တော်မူပါ။ ငါအေးအေးဆေးဆေး ကြည့်ခွင့်ပါရစေ။ ဇာတ်စင်ပေါ်က ဘာပြောနေတယ်ဆိုတာ ငါမကြားရတော့လို့ပါ"

အရာရှိကြီး၏ စကားကြောင့် ချာဗယာကော့ဗ်၏ရင်သည် လှုပ်ရှားသွားပြန်သည်။ သို့သော်လည်း ဟန်ပျက်မသွားအောင် သူ့စိတ်သူထိန်းထားသည်။ တစ်ချက်မျှ ပြုံးတလေးပြုံးလိုက်ပြီး သူ့အာရုံကို ဇာတ်စင်ပေါ်ပြန်ရောက်သွားရန် အားထုတ်သည်။ မင်းသမီးမင်းသားများ၏ ကပြာန် ဆိုဟန် လှုပ်ရှားဟန်များ အပေါ် …ဝင်စားစေရန် ကြိုးစားသည်။ သို့သော်လည်း မရ။

ဤသတ္တဝါလောကကြီးအတွင်းရှိ သတ္တဝါအားလုံးတွင် သူသာလျှင် အပျော်…သော အတွေးလည်း ဘယ်ဆီရောက်သွားမှန်း မသိ။ သူ့ကိုယ်သူ အပြစ်ရှိ…သော အစွဲဖြင့် မလုံမလဲဖြစ်ကာ တုန်လှုပ်ချောက်ချားလျက်ရှိ၏။ အားလပ်ချိန် …သောအခါ သူသည် ဘရီဇတ်ကားလော့ဗ်ဆီသို့ မဝံ့မရဲ လျှောက်သွားကာ မနီး …ရပ်၍ အရိပ်အခြေကြည့်သည်။ နောက်ဆုံးတွင် သူသည် တွန့်ဆုတ်ဆုတ် …ဖြင့် အနီးသို့ချဉ်းကပ်သွားပြီး နှုတ်မှ မပွင့်တပွင့်နှင့် တောင်းပန်စကား …သည်။

"ကျွန်တော် လူကြီးမင်းရဲ့ခေါင်းပေါ်မှာ နှာချေမိခဲ့ပါတယ်။ ခွင့် .. ခွင့် …ပါခင်ဗျာ။ သိတဲ့အတိုင်းပဲ ကျွန်တော် တမင်တကာလုပ်တာ မ .. မ .. …"

"အေး .. ဟုတ်တာပေါ့။ ငါဖြင့် သတိတောင် မရတော့ပါဘူးကွာ၊ ဇဲ .. …တော့"ဟု အရာရှိကြီးက ပြန်ပြောသည်။ မဲ့နေသော အောက်နှုတ်ခမ်းသည် …တော့သည့် လက္ခဏာကို ဖော်ပြနေသည်။

"အင်း .. သူက ပြောတော့ သတိတောင် မရတော့ဘူးတဲ့။ ဒါပေမယ့် …လုံးတွေ ကြည့်ပုံကတစ်မျိုးပဲ တယ်ပြီးမဟန်ဘူး"ဟု ချာဗယာကော့ဗ်က

www.burmeseclassic.com

www.burmeseclassic.com



အရာရှိကြီးဆီသို့ လှမ်းကြည့်ကာတွေးသည်။ "သူကြည့်ရတာ ငါ့စကားကို ယုံချင်ပုံတော့ မပေါ်ဘူး။ ငါတခင်လုပ်တာ မဟုတ်ဘူးဆိုတာတော့ သူနားလည် အောင်ငါရှင်းပြမှ ကောင်းမယ်။ အမှန်တော့ ဒါဟာ သဘာဝတရားပဲ မဟုတ်လား။ ဒါပေမယ့် ခက်တာက ငါရှင်းမပြရင် သူ့စိတ်ထဲက ငါ့ကို သူ့ခေါင်းကို နှပ်တွေ တေက့န်အောင် တမင်လုပ်တယ်လို့ ထင်ချင်ထင်မှာ။ အခုလောလောဆယ် အဲသလို အထင်မလွဲဘူးဆိုဦးတော့။ နောက်ကျတော့ တွေးမိချင် တွေးမိမှာ"

အိမ်ပြန်ရောက်သောအခါ ချာဗယာကော့ဗ်က သူ၏ လူကြီးလူကောင်း မဆန် သော အပြုအမူကို သူ့မိန်းမအား ပြောပြသည်။ သူ့မိန်းမကတော့ သူပြောသမျှကို ခပ်ပေါ့ပေါ့သဘောထားပုံရသည်ဟု သူထင်သည်။ သူ့အထင်သည် မမှား။ ပထမ ပြောစတွင်တော့ သူ့မိန်းမသည် ထိတ်လန့်လျက်ရှိ၏။ နောက်တော့ သူ့ယောက်ျား ၏ စကားထဲတွင် "ငါတို့ အထက်လူကြီးတော့ မဟုတ်ပါဘူးကွာ" ဟူသော စကားပါလာသဖြင့် စိတ်အေးသွားပုံ ရလေသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ရှင်သူ့ဆီသွားပြီး တောင်းပန်သင့်တယ်လို့ ထင်တာ ပဲ" ဟု သူ့မိန်းမက ပြောသည်။ "မတောင်းပန်ရင်တော့ လူတွေကြားမှာ ဘယ်လို နေရထိုင်ရ ပြုမူရမယ်ဆိုတာ မသိနားမလည်တဲ့ကောင်တစ်ကောင် ပါလားလို့ ရှင့်ကို ထင်သွားမှာ"

"အေးလေ .. အဲဒါကြောင့်ပေါ့။ သူ့ကို တောင်းပန်ဖို့ ကြိုးစားပါတယ်။ ဒါပေမယ့် သူ့အမူအရာက ခပ်ဆန်းဆန်းကွ။ အဓိပ္ပာယ်ရှိတဲ့စကားမျိုး မပြောဘူး သိလား။ ပြီးတော့လဲ အိုကွာ စကားကြာကြာပြောဖို့ကို အချိန်မရလိုက်ပါဘူး"

နောက်တစ်နေ့တွင် ချာဗာယာကော့ဗ်သည် ဆံပင်ကို သပ်သပ်ယပ်ယပ် ဖြစ်အောင်ညှပ်ကာ ဖရောကုတ်အင်္ကျီအသစ်ကျပ်ချွတ်ကို ဝတ်၍ ဘရီဇော်ဟား လော့ဗ်ထံသို့ သွားသည်။ အရာရှိကြီး၏ ဧည့်ခန်းထဲတွင် အသနားခံစာတင်ကြ သူများနှင့် ပြည့်လျက်ရှိ၏။ အရာရှိကြီးကိုယ်တိုင်လည်း ထိုအခန်းထဲ၌ ထိုင်ကာ ထိုအသနားခံမှုများကို လက်ခံကြားနာလျက်ရှိ၏။ အသနားခံစာတင်သူများထဲမှ လူတချို့နှင့် တွေ့ဆုံအပြီးတွင်မှ အရာရှိကြီးသည် ချာဗယာကော့ဗ်၏ မျက်နှာကို မော့ကြည့်သည်။

"မနေ့ညက ခင်ဗျ၊ အာကေးဒီးယားဇာတ်ရုံထဲမှာလေ မှတ်မိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်" ဟု စာရေးကြီးက စကားစသည်။ "ကျွန်တော် .. ဟို .. ဟို .. ဟိုဒင်း။ နှာ .. နှာချေလိုက်မိတာပါ။ ပြီးတော့ အဲ .. ဟို .. ဖြစ်ပုံက



ဒီလိုပါ၊ ကျွန်တော်တောင်းပန် ..."

"အရှုး .. လုံးဝအဓိပ္ပာယ်မရှိတဲ့ကိစ္စ" ဟု အရာရှိကြီးက ရေရွတ်သည်။ "ထဲ .. မင်းအတွက် ငါဘာလုပ်ပေးရမလဲ" ဟု နောက်တစ်ဦးဘက် မျက်နှာ လှည့်၍မေးသည်။

"ငါပြောတာကို နားတောင်မထောင်တော့ဘူး" ဟု ချာဗယာကော့ဗ်က တွေးသည်။ သူ့မျက်နှာသည် ဖြူလျော်လျော်ဖြစ်လျက်ရှိ၏။ "ဒါဟာ ဘာ အဓိပ္ပာယ်လဲ။ ငါ့ကို စိတ်ဆိုးတဲ့ သဘောပဲ။ ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး။ ရှင်းပြမှဖြစ်မယ်"

အသနားခံစာ တင်လာသူများထဲမှ နောက်ဆုံးလူနှင့် ကိစ္စပြီးပြတ်သွားသော အခါ အရာရှိကြီးသည် သူ၏ သီးသန့်ခန်းအတွင်းသို့ ပြန်ဝင်သွားသည်။ ချာဗယာ ကော့ဗ်သည် နောက်မှ ကပ်လိုက်သွားပြီး တတွတ်တွတ် ပြောသည်။

"ခွင့်ပြုပါခင်ဗျာ။ ကျွန်တော့်နှလုံးသားထဲ ရောက်နေတဲ့ နောင်တတရားက အားပေးထားလို့ အခုလို ထပ်ပြီး ပြောတာပါခင်ဗျာ။ ကျွန်တော့်ကို ခွင့်လွှတ် ပါ —"

အရာရှိကြီးက ချာဗယာကော့ဗ်ကိုကြည့်သည်။ သူ့မျက်နှာသည် ချုံးပွဲချ၍ ငိုလိုက်တော့မည့်ပုံစံမျိုးဖြစ်၏။ ပြီးတော့ သူသည် ချာဗယာကော့ဗ်အား လက်ယမ်း ပြီးနှင်သည်။

"လူကြီးမင်း ကျွန်ုပ်ကိုလာပြီး သရော်နေတာလား" ဟု ရေရွတ်ကာ တံခါး ကို ဆောင့်တွန်းပြီး ပိတ်ပစ်လိုက်သည်။

"သရော်နေတာလား ... တဲ့" ချာဗယာကော့ဗ်က တွေးသည်။ "ဒီကိစ္စ မှာ သရော်စရာလည်း ဘာမှ မရှိပါကလား။ သူနားမလည်ဘူး တင်ပါရဲ့။ သူဟာ အရာရှိကြီးတစ်ယောက်ပါ။ ရှိပါစေ တော့လေ။ လူကြီးလူကောင်း အရာရှိကြီး တစ်ယောက်ကို ဒီတောင်းပန်တဲ့ကိစ္စနဲ့ ထပ်ပြီး အနှောက်အယှက်ပေးလို့ မသင့် တော့ပါဘူး။ ဒါပေမယ့် ငါသူ့ကို စာရေးပြီး တောင်းပန်မယ်။ လူကိုယ်တိုင်တော့ မလာတော့ဘူး၊ ဒီလိုဆိုရင် ပိုပြီးတောင် အဆင်ပြေမှာ"

ထိုအတွေးများသည် အိမ်အပြန် လမ်းတစ်လျှောက်လုံး ချာဗယာကော့ဗ် တွေး ခဲ့သော အတွေးများဖြစ်သည်။ ယင်းကဲ့သို့ တွေးလာနေသော်လည်း စာကို ဘယ်လိုရေးရမှန်း မသိ။ ဤသို့ဖြင့် နောက်တစ်နေ့တွင် အရာရှိကြီးထံသို့ ရှင်းပြရန် ရောက်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မနေ့က တစ်ခေါက်လာပြီး ဒုက္ခပေးခဲ့ပါတယ် .. ခင်ဗျာ"

သူ့ကိုမြင်မြင်ချင်း အရာရှိကြီးက "ဘာကိစ္စရှိလဲကွယ်"ဟု ဆီး၍မေးလိုက်သည့် အကြည့်မျိုးဖြင့် ကြည့်လိုက်သဖြင့် ချာဗယာကော့ဗ်က သူလာရင်းကိစ္စကို စကားစသည်။ "ကျွန်တော်မနေ့က လာတာဟာ လူကြီးမင်းထင်သလို သရော်ဖို့ လာတာမဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် မဆင်မခြင် နှာချေလိုက်မိလို့ လူကြီးမင်းမှာ အနှောက်အယှက်ဖြစ်သွားရတာကို ခွင့်လွှတ်ပါလို့ အနူးအညွတ်တောင်းပန်ဖို့ လာခဲ့တာပါ။ သရော်ဖို့ဆိုတာ ကျွန်တော် လုံးဝ မတွေးဝံ့တဲ့ ကိစ္စပါခင်ဗျာ။ ကျွန်တော် ဘယ်နည်းနဲ့မှုမတွေးဝံ့တဲ့ ကိစ္စပါခင်ဗျာ။ ကျွန်တော် ဘယ်နည်းနဲ့မှု မလုပ်ဝံ့တဲ့ကိစ္စပါ။ လူတွေကို သရော်လိုက်မယ်။ လှောင်လိုက်မယ် ဆိုတဲ့စိတ်ကူးမျိုး ကျွန်တော်တို့လို လူတန်းစားတွေခေါင်းထဲဝင်လာရင် ကိုယ့်ထက် အဆင့်အတန်း မြင့်မားတဲ့ ပုဂ္ဂိုလ်ကြီးတွေပေါ်မှာ လေးစားမှုဆိုတာ ရှိတော့မှာ မဟုတ်ပါဘူးခင်ဗျာ"

"မင်း .. ဒီနေရာက အခုချက်ချင်း ထွက်သွားစမ်း" ပြင်းထန်သော ဒေါသဖြင့် တစ်ကိုယ်လုံး တုန်လျက်ရှိသော အရာရှိကြီးက တအားကြုံး၍ အော်သည်။

ထိတ်လန့်ကြောက်ရွံ့လျက်ရှိသော ချာဗယာကော့ဗ်က တီးတိုးလေသံဖြင့် ပြန်မေးသည်။ "ဘာပြောလိုက်တာပါလဲခင်ဗျာ"

"အခုချက်ချင်း ထွက်သွား"

အရာရှိကြီးက ကြမ်းပြင်ကို ခြေထောက်ဖြင့် တအားဆောင့်လိုက်ပြီး တအားကြုံးအော်သည်။

ချာဗယာကော့ဗ်၏ ရင်ထဲဝယ် ပြင်းစွာတုန်လှုပ်သွားသည်။ နာကျင်မှုဝေဒနာကိုပါခံစားလိုက်ရ၏။ တံခါးဆီသို့ အလန့်တကြား ပြန်လျှောက်လာချိန်တွင် သူ့နားများသည် ဘာကိုမှ မကြား။ သူ့မျက်စိများသည် ဘာကိုမှ မမြင်။ အသိစိတ်ကင်းမဲ့နေသည့် လူတစ်ယောက်သဖွယ် ဖြစ်နေသည်။

သူသည် ယောင်တိယောင်ကန်းဖြင့် လမ်းမပေါ်ရောက်လာသည်။ ပြီးတော့ ခြေဦးတည့်ရာသို့ လျှောက်သွားသည်။ နောက်ဆုံးကျတော့ အိမ်သို့ပြန်ရောက်လာသည်။ ကိုယ်ပေါ်မှ ဖရောကုတ်အင်္ကျီကြီးကိုပင် မချွတ်နိုင်တော့ဘဲ စိတ်ဓာ



...ဖြစ်ကာ ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်သည်။ ထို့နောက် သူသည် အသက်ရှူရပ်သွားလေ၏။

DEATH OF A CLERK

ANTON CHEKHOV

□

www.burmeseclassic.com

www.burmeseclassic.com

## အပေါ်င်းအသင်း

"မာရီယာရှီဆာ" ဆိုတဲ့နာမည်ဟာ လူနှစ်ယောက်စာ နာမည်နှစ်ခုကိုတွဲပြီး ဆက်ထားတဲ့နာမည် ‥ ဗျ။ အဲဒီနာမည်ကို မှည့်ထားတဲ့မိန်းမက ကိုယ်ခန္ဓာမှာရော စိတ်ကျင့်တရားမှာရော နှစ်မျိုးစီရှိနေတယ်။သူ့မျက်နှာက အနီနဲ့အဖြူ အရောင်နှစ်မျိုး ရောနေတယ်။ သူ့မျက်နှာက ဝိုင်းဝိုင်းစက်စက်နဲ့ လပြည့်ဝန်းကြီးနဲ့ သိပ်တူတယ်။ သူ့ခန္ဓာကိုယ်အနေအထားနဲ့ ယှဉ်ကြည့်လိုက်ရင် အချိုးအစားက လုံးဝမကျဘူး။သူ့ခန္ဓာကိုယ် ကခပ်သေးသေးရယ်၊ သူလို ငါလို အနေအထားဗျ ‥ အဲ — မျက်နှာကြီးကသာ ကွက်ပြီးကြီးနေတာ ‥ ဗျ။

သူ့မျက်နှာက ဂေါ်ဖီထုပ်ကြီးတစ်ထုပ်နဲ့တူတာ အမှန်ပဲ ခင်ဗျားတို့ သူ့မျက်နှာကိုမြင်လိုက်ရင် သူ့မျက်နှာဟာ မျက်နှာနှစ်ခုလုပ်လို့ရတဲ့ မျက်နှာပါလားလို့ သွားမိ မှာသေချာတယ်။ အင်မတန်မှကြီးတဲ့ သူ့မျက်နှာကြီးဟာ အမြဲတမ်း အေးဆေးတည်ငြိမ်နေရုံမကဘူး အမြဲပြုံးနေတယ်။ သူ့ရဲ့အကျင့်စရိုက်နဲ့ အလွန်ဆန့်ကျင်တဲ့ အနေအထားပေါ့ဗျာ …။ ကျုပ်သိသလောက်ဆိုရင်တော့ သူ့ရဲ့ အကျင့်စရိုက်က သူရဲမတစ်ကောင်ရဲ့ အကျင့်စရိုက်မျိုးဗျ ‥ အတော်ကြီးကို ကြောက်စရာကောင်းတယ်။ အဲဒါကြောင့်မို့ သူ့ပင်ကိုယ် အကျင့်စရိုက်ဟာလည်း နှစ်မျိုးနှစ်စားဖြစ်နေတယ်လို့ ဆိုရမယ်ထင်တယ်။

ကျုပ် သူ့ကို နည်းမျိုးစုံ အကုန်သုံးပြီး ပိုးခဲ့ ပန်းခဲ့ဖူးသေးတယ်ဗျ ‥ ဒီလိုပါ။ ပထမတော့ ဟန်ကျတော့မလိုလို ဘာလိုလိုပဲ။ ကျုပ်အပေါ်မှာ လေးစားထားသလို ‥ အရေးတစ်ယူလုပ်သလိုနဲ့ နောက်ပိုင်းကျတော့ ကျုပ်ကို "ဗိုတ်လေတဲ့

www.burmeseclassic.com



ပေးရှိတယ်'' လို့တောင်မထင်တဲ့ အပေါက်မျိုး 'ချိုး' လာတယ်။ ကျုပ်အနေနဲ့ ဘယ်ခံချင်မလဲဗျာ ...။ အဲဒီတော့ ... ရှေ့တစ်ဆင့် ထပ်တိုးပြီး ကြိုးစားမယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဒီတစ်ခါတော့ကျုပ်က အရင်တစ်ခါထက်ပိုပြီး ကြမ်းလိုက်တယ်။ ညမှောင်မှောင် လှေခါးအတက်မှာ ကျုပ်က လမ်းခုလတ်က မှောင်ရိပ်ခိုပြီး အလစ်ဝင်အုပ်တဲ့ တိုက်နည်းကို သုံးခဲ့တယ်။ သူလှေကားက တက်အလာမှာ ကျုပ်က အတင်းဝင်ဖက်ပြီး နမ်းတာဗျ။ ကျုပ်ရခဲ့တဲ့အမြတ်ကတော့ ပထမ သူ့ရဲ့ကန်လားကြောက်လားနဲ့ တွန်းထိုးရုန်းကန်တဲ့ဒဏ် ခံခဲ့ရတယ်။ ဒုတိယကတော့ ကျုပ်ပါးကို ဖြန်းကနဲ တစ်ချက် အရိုက်ခံခဲ့ရတာပဲ။

အဲ ... အဲဒီနောက်မှာတော့ ကျုပ်ဟာ နည်းသစ်တစ်ခုကို ထွင်လိုက်တယ်။ သူ့ကို လုံးဝ ဂရုမစိုက်တော့တဲ့ပုံမျိုး လုပ်ထားလိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဆုံးဖြတ်ထားတဲ့အတိုင်းပဲ သူ့ကိုတွေ့ရင် ကျုပ်က လုံးဝဂရုမစိုက်တော့ဘူး။ လူချင်းဆုံမိရင် မျက်နှာကို လွှဲထားလိုက်တယ်။ ဝေးဝေးက ကွင်းသွားတဲ့အခါ ကွင်းသွားလိုက်တယ်။ ဒါပေမယ့် အဲဒီလိုလုပ်မိကာမှ ပိုပြီး ဆိုးလာသကိုးဗျ။ သူက ကျုပ်ကိုတွေ့ရင် သက်ရှိလူတစ်ယောက်လို့တောင် အသိအမှတ်မပြုတော့သလိုဖြစ်သွားတယ်။

နောက်ဆုံးကျတော့ ကျုပ်ဟာသူ့ကို အသနားခံတယ်၊ တောင်းပန်တယ်၊ တိုးလျှိုးတယ်၊ မျက်လုံးထဲမှာ မျက်ရည်တွေအပြည့်နဲ့ ကျုပ်ကို ပြန်ချစ်ပါလို့ မေတ္တာရပ်ခံတယ်။ နည်းနည်းလေးမှ မတုံ့ပြန်ဘူး .. ဗျာ။ အဲဒီတော့ ကျုပ်အနေနဲ့ စဉ်းစားမိတယ်။ သူ ကျုပ်အပေါ်မှာ လုံးဝ စိတ်မဝင်စားတော့ဘူးလား။ ဒါပေမဲ့ အဲဒီလိုဆိုတော့လည်း မဟုတ်ပြန်ဘူးဗျ ... ကျုပ်က လုံးဝနောက်ဆုတ်တော့မယ်လို့ စိတ်ကူးလိုက်တဲ့အခါကြရင် ... သူက စကားနဲ့တစ်မျိုး အကြည့်နဲ့တစ်နည်း အမူအရာနဲ့တစ်ဖုံ ကျုပ်ကို 'ရေလာမြောင်းပေး' လုပ်ပြန်တယ်ဗျ။

နောက်တစ်ခါကျမှ သိလာရတဲ့အတိုင်းဆိုရင် မိန်းမတစ်ယောက်အဖို့ သူ့ကို ပိုးနေ ပန်းနေ သဘောကျနေတဲ့ 'ဘဲ'တွေဟာ ဆွဲကြိုး၊ လက်ကောက်တွေ့ အတူတူပဲဗျ။ သူမဝတ်ဘဲ နေချင်တဲ့အခါနေမယ်၊ ဝတ်ချင်ဆင်ချင်တဲ့အခါ ဝတ်မယ် ဆင်မယ် ဆိုတဲ့သဘောရှိတယ်။ အဲဒီတော့ သူ့အပြုအမူတွေနဲ့ ပတ်သက်လို့ ကျုပ် အနေနဲ့ မစဉ်းစားလို့ မဖြစ်တော့ဘူး။ ''ဒီကိစ္စနဲ့ ပတ်သက်လို့ သူလုပ်နေပုံဟာ တစ်မျိုးပဲ။ နောက်ကွယ်မှာ တစ်ခုခုတော့ရှိပုံရတယ်'' လို့ တွေးမိလာတာပေါ့။



အဲဒီနောက် မကြာခင်မှာပဲ ဒီကိစ္စကို ကျုပ် သိလာရတယ်။ သူဟာ ကျုပ်အပေါ်မှာတင် နန့်တံ့တံ့ ပုံ့တံ့တံ့ လုပ်ပြနေတာ မဟုတ်ဘူးဗျ။ ကျုပ်ရဲ့အခင်ဆုံး သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ အီတီလီယိုကိုလဲ လုပ်ပြနေတာကိုး ...။ ဒီ အကြောင်းသိလိုက်ရတော့ ကျုပ်ဟာ အရမ်းဒေါသဖြစ်မိတယ်။ ဘာကြောင့် ဒီလောက် ဒေါသဖြစ်တာလဲ .. တဲ့။ အကြောင်းတွေက အများကြီးပဲ။ ပထမ အကြောင်းက သူဟာ ဒီအလုပ်ကို ကျုပ်ကိုအသိမပေးပဲ ကျုပ်ရှေ့မှာတင် ပြောင်ပြောင်တင်းတင်း လုပ်နေတာ .. ဗျ။ နောက်တစ်ကြောင်းက သူ့ကို အီတီလီယိုနဲ့ မိတ်ဖွဲ့ပေးခဲ့တာ ကျုပ်ဗျ။

ဒါပေမယ့် ကျုပ်က အပေါင်းအသင်းအပေါ်မှာ သစ္စာရှိတဲ့အကောင်ပါ။ အပေါင်းအသင်းနဲ့ မိတ်မပျက်ရေးကို ရှေ့တန်းတင်ပြီး ဦးစားပေးတဲ့ ကောင်ပါ။ ကျုပ်ဟာ မာရီယာရိုဆာကို မေတ္တာရှိနေတာအမှန်ပါ။ ဒါပေမယ့် သူနဲ့ အီတီလီယို တို့ ကြိုက်နေကြပြီလို့ သိရတဲ့ အချိန်ကစပြီး သူဟာ ကျုပ်အတွက် မပြစ်မှားအပ်တဲ့ အရာတစ်ခုဖြစ်သွားပြီ။ သူကတော့ ကျုပ်ကို ဆက်ပြီးမြူဆွယ်တဲ့ အလုပ်လုပ်ချင်နေတာ သေချာတယ်။ ဒါပေမယ့် ကျုပ်က ကျုပ်ရဲ့ သဘောထားကို သူနားလည်အောင် တတ်နိုင်သမျှ နည်းလမ်းတွေနဲ့ပြတယ်။ နောက်ဆုံးတစ်ရက်မှာ သူ့ကို ပြောင်ပြောင်တင်းတင်း ပြောလိုက်တယ်။ ''ဒီမယ် မာရီယာရိုဆာ၊ နင်က ဒီလိုဆိုတော့ အပေါင်းအသင်း သူငယ်ချင်းဘဝကို နားလည်မှာမဟုတ်ဘူး။ အဲဒီတော့ ဒီလိုရှိတယ်ဟာ နင် အီတီလီယိုနဲ့ ချိန်းချိန်းပြီး တွဲထွက်နေပြီ ဆိုကတည်းက ငါ့အဖို့တော့ နင်ဟာမရှိတော့ဘူး ... နင့်ကိုလည်း ငါမမြင်တော့ဘူး။ နင့်အသံကိုလည်း ငါမကြားတော့ဘူး။ အဲဒါပဲ ...'' လို့။

ကျုပ်ကအဲ့သလို ပြောပြနေတဲ့အချိန်မှာတော့ သူကြည့်ရတာ ကျုပ်ပြောတာကို နားလည်တယ်လို့ အသိအမှတ်ပြုတဲ့ပုံ ပေါက်တယ်။ ဒါပေမယ့် အဲ့ဒီနောက်မှာတော့ သူဟာ ကျုပ်ကို ပြီတီတီ ရှိသဲ့သဲ လုပ်နေတုန်းပဲ။ ပုံ့တံ့တံ့ နန့်တံ့တံ့နဲ့ မြူသလို ဆွယ်သလို လုပ်နေတုန်းပဲ...။ အဲဒါကြောင့် ကျုပ်အနေနဲ့ သူ့ကိုမတွေ့အောင် ရှောင်နေတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဆုံးဖြတ်တဲ့အတိုင်းလဲ မပျက်မကွက် ရှောင်နေပြီး နေလိုက်တယ်။

နောက်ပိုင်းမှာ သူတို့နှစ်ယောက်ဟာ လက်ထပ်ပြီး သူနာပြုဆရာမ လုပ်ငန်း ရှိ သူ့ညီမဆီမှာ သွားနေကြတယ်လို့ ကျုပ်ကြားရတယ်။ ဟို .. အီတီလီယိုဆိုတဲ့ ကောင်က ဆယ်ရက်မှာ ကိုးရက်က အလုပ်လက်မဲ့ ဖြစ်နေလေ့ရှိတဲ့ကောင် ..

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်၊ အခုတော့ ကုန်ထုတ် သယ်ယူပို့ဆောင်ရေး အလုပ်ဌာနတစ်ခုမှာ တုန်တင်ကုန်ချ အလုပ်သမား အလုပ်ကို ရသွားတယ်တဲ့ …။

မာရီယာရိုဆာကတော့ အရင်တုန်းကလိုပဲ အဝတ်မီးပူတိုက်တဲ့ အလုပ်ကိုပဲ လုပ်တယ်။ ဒါပေမဲ့ အဲဒီအလုပ်က နေ့ခင်းမှာပဲ လုပ်ရတာ။ ဘာဖြစ်ဖြစ်ပေါ့လေ… အဲဒီသတင်းကြားရတော့ ကျုပ်မှာ သူတို့အတွက် စိတ်သက်သာရခဲ့တာ အမှန်ပဲ။ ကျုပ်အနေနဲ့ နားလည်တာကတော့ သူတို့ဟာ သိပ်တော့ စီးပွားရေးမှာ အဆင်မပြေ လှဘူး။ ဒါကြောင့်မို့ အိမ်ထောင်ရေးမှာလည်း သိပ်ပြီးအဆင်မပြေဘူး။ သစ္စာရှိတဲ့ သူငယ်ချင်းကောင်း တစ်ယောက်အနေနဲ့ ကျုပ်ကြောင့်သူတို့အိမ်ထောင်ရေး မပြိုကွဲစေချင်ဘူး။ ဒါကြောင့်မို့လည်း ကျုပ်ရှိနေသေးတယ်ဆိုတာကို မသိအောင်ဘဲ ဓာတ်မြှုပ်ပြီးနေလိုက်တယ်။ သူငယ်ချင်းဟာ … သူငယ်ချင်းပဲပေါ့။ သူငယ်ချင်း ဘဝ ခင်မင်ရင်းနှီးတဲ့ အပေါင်းအသင်းဆိုတာ ရခဲဘိခြင်းမဟုတ်ပါလား … ဗျာ

ကျုပ်ဟာ ပိုက်ပြင်ပိုက်ဆက် အလုပ်သမားတစ်ယောက်ဗျ။ ပိုက်ပြင်ပိုက် ဆက် သမားတွေဟာ အမြဲတစေ တစ်အိမ်တက် တစ်အိမ်ဆင်း ဝင်ထွက်သွားလာ နေရတဲ့ လူစားမျိုးတွေပါ။ တစ်ခါတလေ သွားရင်းလာရင်းနဲ့ သူတို့လူစုဟာ သူတို့ မဝင်ချင် မထွက်ချင်တဲ့ နေရာတွေကိုလည်း ဝင်ရထွက်ရတဲ့ သဘောရှိတယ်ဗျ။

အဲ … တစ်ရက်မှာပေါ့ ကျုပ်ဟာပိုက်ပြင် ပိုက်ဆက် လက်နက်ကိရိယာ တန်ဆာပလာအိတ်ကို ပုခုံးမှာလွယ်ပြီး ကျုပ်ရဲ့ဖောက်သည် တစ်ယောက်ရဲ့အိမ်ကို ထွက်လာခဲ့တယ်။ ဗီယာရီပက်တာလမ်းပေါ်အတိုင်း လျှောက်သွားနေတုန်းမှာ "အာနက်စတို …အာနက်စတို…" လို့ ကျုပ်နာမည်ကို ခေါ်နေတဲ့အသံ ကြား လိုက်ရတယ်။ ကျုပ်လှည့်ကြည့်လိုက်တော့ … ဟာ … မာရီယာရိုဆာ … ဗျ ခန္ဓာကိုယ်က သေးသွယ်သွယ်၊ မျက်နှာကြီးကဝိုင်းဝိုင်း၊ ခါးကသေးသေး၊ တင်ပါး ကြီးကြီးနဲ့ ကျုပ်စိတ်ထဲမှာ ဟိုတစ်ချိန်က သူ့ကိုမြင်တိုင်း ပေါ်လာလေ့ရှိတဲ့ ခံစားမှုအဟောင်းက ဝင်လာတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကို စိတ်ထဲကကြိတ်ပြီး "မင်းဟာ သူငယ်ချင်းတစ်ယောက်နော်။ သူ့လင်ဟာ မင်းရဲ့အပေါင်းအသင်း တစ်ယောက်၊ သူငယ်ချင်း … အချင်းချင်း သူငယ်ချင်းလို့ ပြုမူဆက်ဆံရမယ်" လို့သတိပေးနေတယ်။

"အင်း … တို့နှစ်ယောက် ပြန်လည်ဆုံတွေ့ကြရပြန်ပြီပေါ့လေ" ကျုပ်က ကဗျာသံပါပါနဲ့ ရေရွတ်လိုက်မိတယ်။

သူဟာ ဈေးဆွဲခြင်းကို လက်မှာချိတ်ထားတယ်၊ တောင်းထဲမှာတော့



ခင်းသီးဟင်းရွက်တွေနဲ့ အထုပ်တွေ အပြည့်အမောက် ထည့်ထားတယ်။ သူက ကျုပ်ကို ပြုံးပြုံးလေးလုပ်ပြီး ကြည့်နေရာက "ရှင်ကြီးက ကျွန်မကို မမှတ်မိ တော့ဘူးပေါ့လေ" လို့ပြောတယ်။

"ဘာကြောင့် မမှတ်မိရမှာလဲဟယ်၊ သိပ်ကိုမှတ်မိတာပေါ့၊ ငါ့ပါးစပ်က တွေ့တွေ့ချင်း 'အင်း … တို့နှစ်ယောက် ပြန်လည်ဆုံတွေ့ကြပြန်ပြီပေါ့လေ' လို့ ထွက်လာတဲ့စကားကို နင်သတိမထားမိဘူးလား"

"ရှင်ကျွန်မနဲ့ အိမ်ကို ခဏတဖြုတ် လိုက်လာစေချင်တယ်" လို့ သူက ပြောတယ်။ "ဒီနေ့မနက်ခင်းပဲ မီးဖိုချောင်ထဲက ပိုက်တစ်ခု ဘာဖြစ်သွားတယ် မသိဘူး။ ပန်းကန်ဆေးရေတွေ ပိတ်ဆို့ကုန်တယ်။ ရှင် လိုက်ပြီးကြည့်ပေးမယ် မဟုတ်လား"

ကျုပ်ကလည်း "အေးလေ… ပိုက်ပျက်နေတယ်ဆိုရင်တော့ ငါလိုက်ပြီး ကြည့်ပေးရမှာပေါ့" လို့ပြန်ပြောလိုက်တယ်။ သူကကျုပ်မျက်နှာတို ချုပ်လုံးခေါင်းကပ်ပြီး ကြည့်တယ်။ ဟိုတစ်ချိန် ကျုပ်ရဲ့ခေါင်းကို မူးနောက်နောက် ဖြစ်စေပြီး ချာလပတ်လည်သွားခဲ့တဲ့ အကြည့်မျိုးပေါ့။ ပြီးတော့မှသူက "ဒါ ဆိုရင် ကျွန်မရဲ့ ဈေးခြင်းတောင်းကိုတော့ ရှင်ဆွဲခဲ့ရမယ် … နော်"တဲ့။ ကျုပ်က ချက်ချင်းပဲ အူတူတူ အတတ မြည်းတစ်ကောင်ဘဝကို ရောက်သွားတယ်။ တနင့် တပိုးလေးလှတဲ့ ကိရိယာအိတ်ကြီးကို ပုခုံးတစ်ဖက်မှာ လွယ်ထားတယ်။ လက်တစ် ဖက်က ခဲပိုက်ချောင်းကိုဆွဲလို့ ကျန်တဲ့တစ်ဖက်က ဈေးခြင်းတောင်းကိုဆွဲလို့၊ အဲ … အဲဒီပုံစံနဲ့ ရှေ့ကလျှောက်သွားနေတဲ့ သူ့နောက်ကလိုက်သွားရတယ်။

လျှောက်ရတာကတော့ သိပ်မဝေးပါဘူး ဗီယာရီပက်တာလမ်းဖြတ်လိုက်ရင် ရောက်တာပဲ အိမ်က သေးသေးကျဉ်းကျဉ်းလေးဆိုတော့ တိရစ္ဆာန်တွေနေတဲ့ ဂူ လေးတစ်လုံးနဲ့ တူသလိုပဲ။ အိမ်ရှေ့တံခါးငယ်လေးကို ဖွင့်ပြီးဝင်သွားလို့ အထဲ ရောက်သွားတော့ ညစ်ပတ်နေတဲ့လှေခါးတစ်ခုတွေ့ရတယ်။ လှေခါးက ခပ်မှောင် မှောင်ဗျ။ အလင်းရောင်ဆိုတာ မရှိသလောက်ပါပဲ။ အဲဒီကြားထဲမှာ စိုစိုစွတ်စွတ်နဲ့ အနံ့အသက်တွေက မကောင်းဘူး။

နှစ်ယောက်သား လှေခါးက တက်သွားလို့ တစ်ဝက်လောက်အရောက်မှာ သူက နောက်လှည့်ပြီး ကျုပ်ကို ပြုံးစနဲ့နဲ့ မျက်နှာထားနဲ့ မျက်စိဒေါင့်ကပ်ပြီး ကြည့်တယ်။ "ရှင်မှတ်မိသေးရဲ့လား လှေခါးထစ်ပေါ်မှာ ဝပ်ပြီး ချော်ခဲ့တာ ဒီမှာလေ၊ ရှင်လုပ်ပုံကြောင့် ကျွန်မ တအားလန့်သွားခဲ့တာကော သတိရသေးရဲ့

www.burmeseclassic.com

www.burmeseclassic.com



အင်းပေါ့လေ ရှင်ကတော့ အခုလောက်ဆိုရင် မေ့ကုန်ပြီပေါ့''လို့ပြောသဗျ။

ကျုပ်ကတော့ ခပ်မာမာ ခပ်ဆတ်ဆတ်လေသံနဲ့ ''ငါတော့ ဘာကိုမှသတိမရတော့ဘူး မာရီယာရှိဆာ။ ငါ သတိရနေတာတော့ တစ်ခုပဲရှိတယ်။ ငါဟာ အီတလီယို့ရဲ့ သူငယ်ချင်းဆိုတဲ့အချက် တစ်ချက်ထဲပဲ။ 'သူငယ်ချင်း' ဆိုတဲ့ အသိဟာ အရာရာတိုင်းရဲ့ ရှေ့မှာရှိနေတယ်''လို့ ကျုပ်က ပြန်ပြောတယ်။ အဲဒီတော့ သူက… 'နေစမ်းပါဦး ရှင့်ကို အက်တီလီယို့ရဲ့ သူငယ်ချင်း မဟုတ်ဘူးလို့ ဘယ်အကောင် ဘယ်အကောင်မက ပြောနေလို့လဲ' .. တဲ့။

အပေါ်ထပ်မှာ အခန်းငယ်လေး သုံးခန်းရှိတယ်၊ ခေါင်မိုးနဲ့ကပ်နေတာပါပဲ။ အိမ်ဝင်းမျက်နှာတစ်ဖက်မှာလည်း ပြတင်းပေါက်တွေ ဖေါက်ထားတယ်။ ဒီအခန်းတွေထဲမှာလဲ အလင်းရောင်ဝင်တဲ့အားက သိပ်နည်းတော့ မှောင်နေတာပါပဲ။ မီးဖိုချောင်ကတော့ တကယ့်ကျဉ်းကျဉ်းလေးရယ် ဖင်မလှည့်သာ ခေါင်းမလှည့်သာလို့ပြောရမယ့် အခန်းမျိုးပါ။ အပြင်ဘက်ကိုထုတ်ထားတဲ့ အဆောင်သေးသေးလေးက အိမ်သာဗျ..။ မီးဖိုချောင်နဲ့ တဆက်ထဲပဲ။

မာရီယာရှိဆာဟာ ကုလားထိုင်ပေါ်မှာ ခြေနှစ်ချောင်းကို ခပ်ကားကားထားပြီး ထိုင်နေတယ်။ သူ့ရင်ခွင်ထဲမှာတော့ အခွံနွှာရမဲ့ ပဲသီးတောင့်တွေ ပုံထားတယ်။ ကျုပ်ကတော့ ပုခုံးကအိတ်ကြီးကို ကြမ်းပြင်ပေါ်မှာ ချလိုက်ပြီး ပန်းကန်ဆေးခွက်ထဲမှာ ဒူးထောက်ထိုင်လိုက်တယ်။ ဘယ်နေရာမှာ ဘာတွေဖြစ်နေလဲလို့ ကြည့်တယ်။ ပိုက်ကခွေးပြီး ပြုတ်နေတာဆိုတော့ ချက်ချင်းပဲမြင်တယ်။ ပိုက်သစ်တစ်လုံး အစားထိုးလိုက်ရင် ပြီးသွားမှာပါ။ အဲဒီတော့ ကျုပ်က သူ့ဘက်လှည့်ပြီး ''မြင်တဲ့အတိုင်းပဲ ပိုက်သစ်တပ်ပေးရမှာ၊ အဲဒီအတွက် ငွေပေးစရာရှိရဲ့လား''လို့ မေးလိုက်တယ်။

''ရှင်ပြော .. ပြောနေတဲ့ သူငယ်ချင်းဆိုတာ ဘယ်ရောက်သွားပြီလဲ''တဲ့ သူကမေးတယ်။

''အော် .. အင်း .. အင်းပေါ့လေ .. ဒါဆိုတော့လဲ''လို့ရေရွတ်ပြီး သက်ပြင်းတစ်ချက် ချလိုက်တယ်။ ''အခကြေးငွေမယူဘဲ ငါ ပိုက်သစ်တစ်ခု လဲပေးခဲ့မယ်လေ ဒါပေမဲ့ နင်ကတစ်ခုတော့ပေး၊ ငါ့ကို အနမ်းလေးတစ်နမ်းတော့ ပေးပါ''

''ဒီလိုဆိုရင် စောစောက ရှင်ပြောခဲ့တဲ့ 'သူငယ်ချင်း'ဆိုတာ ဘယ်လိုဖြစ်သွားပြီလဲ''တဲ့။



ကျုပ်ဟာ နှုတ်ခမ်းကိုကိုက်ပြီး စဉ်းစားနေမိတယ်။ ဒါပေမယ့် ဘာတစ်ခွန်းမှတော့ ပြန်မပြောဘူး အိတ်ထဲကကိရိယာ တန်ဆာပလာတွေကို ထုတ်တယ်။ ပိုက်ခွေးကို ဖြုတ်ပြစ်လိုက်တယ်။ ဂဟေဆော်မီးခွက်ကိုထုတ်ပြီး စောတ်ဆီနည်းနည်းထည့်တယ်။ အဲဒီအချိန်အထိ ကျုပ်ဟာ ရေငုံနှုတ်ပိတ်ပါ။ အဲဒီအခိုက်မှာပဲ သူ့ဆီက စကားပြောသံကြားရတယ်။ ''ရှင်ဟာ အက်တီလီယို့ရဲ့ သူငယ်ချင်း အစစ်တစ်ယောက်ဆိုတာ အမှန်ပဲလား'' တဲ့….

ကျုပ်က သူ့ကို နောက်ပြန်လှည့်ကြည့်တယ်။ သူက မျက်လွှာကိုချပြီး ပြုံးနေတယ်။ သူ့အပြုံးက ချိုမြနေတာပဲ ကျုပ်ရင်ကို နုံးချိချိဖြစ်စေတဲ့ အပြုံးပါ၊ ကျုပ်က ချက်ချင်းပဲ တကယ့်သူငယ်ချင်းအစစ်ပေါ့ .. ဟာ'' လို့ပြန်ဖြေလိုက်တယ်။

''ဒီလိုဆိုတော့ ရှင်နဲ့ကျွန်မ ပြောစရာရှိတဲ့ စကားတွေကိုလွတ်လွတ်လပ်လပ်ပြောလို့ရတာပေါ့''လို့ စကားစတယ်။ ''ကျွန်မအနေနဲ့ ရှင်ဟာ အက်တီလီယို့ရဲ့ အကြောင်းတွေကို ကောင်းကောင်းကြီးသိတဲ့လူလို့ ယူဆတယ်။ အဲဒီတော့ ကျွန်မ ဖတ်သတ်ပြီး အခုပြောပြတဲ့ ကျွန်မရဲ့စကားတွေ မှန်မမှန်ကို ရှင်ကပြောပြစေချင်တယ်'' တဲ့ ….

ကျုပ်ဟာ သူပြောစရာရှိတာ မှန်သမျှကို ပြောပြဖို့ ပြောလိုက်တယ်။ ချထားတဲ့ ဂဟေဆော်မီးခွက်ကြီးကိုလည်း မီးထွန်းလိုက်ပြီး မီးတောက်ကို ကျုပ်လိုချင်သလောက် ပြုပြင်ပေးနေတယ်။ သူကလည်း သူ့စကားကို ဆက်တယ်။ ''ဥပမာဆိုပါတော့ ရှင့်သူငယ်ချင်းဟာ အခု သူရထားတဲ့အလုပ်နဲ့ သင့်တော်ရဲ့လား။ သူလုပ်နေတဲ့ အလုပ်က ကုန်တင်ကုန်ချအလုပ်လေ'' တဲ့။

''အခု လက်ရှိ လုပ်နေတဲ့ အလုပ်နဲ့ တော် .. မတော် သိချင်တယ် ဆိုပါတော့ .. ဟုတ်လား''

''အင်း .. ဟုတ်တယ်။ ကျွန်မကတော့ ဒီအလုပ်ကို အသက်မွေးဝမ်းကျောင်းတဲ့ အလုပ်လို့ မထင်ဘူး။ ကျွန်မက သူ့ကို လူနာစောင့်တစ်ယောက်ဖြစ်အောင် လေ့ကျင့်ပေးဖို့ ကြိုးစားခဲ့တယ်။ ကျွန်မ ညီမ သူနာပြုဆရာမက ပိုလစ်ကလစ်နိကိုမှာ အလုပ်ရအောင်ကူညီနိုင်တာဆိုတော့ …''

သူက အဲသလို ပြောနေခိုက်မှာ ကျုပ်ဟာ ပိုက်ဟောင်းနေရာမှာ ပိုက်သစ်တပ်နေတယ်။ ပြီးတော့ ဂဟေဆော်မီးခွက်ကို လက်တစ်ဖက်နဲ့ ကိုင်ထားရင်းက ပြောတယ်။ ''အမှန်အတိုင်း ပြောရမလား။ ဒါမှမဟုတ်ရင် အကြိုက်လိုက်ပြီး

www.burmeseclassic.com



အဆင်ပြေအောင် ပြောရမှာလား'' လို့။

''ကျွန်မကတော့ အမှန်အတိုင်းပဲ သိချင်တယ်''

''အင်း .. ဒါဆိုရင်တော့ ငါက အက်တီလီယိုရဲ့ သူငယ်ချင်းတစ်ယောက် ဖြစ်နေပေမယ့် သူ့ရဲ့ အားနည်းချက်တွေကိုတော့ အရှိအတိုင်း ပြောရတော့မှာပဲ။ ပထမအားနည်းချက်က ဒီအကောင်ဟာ ပျင်းတယ်ဟ''

''ပျင်းတယ် .. ဟုတ်လား''

ကျုပ်ဟာ ခဲစလေးတစ်စယူပြီး ပိုက်မှာကပ်လိုက်တယ်။ ဂဟေဆော်မီးနဲ့ မှုတ်ပြီး ဂဟေဆော်လိုက်တယ်။ မီးဖိုဆီက တရှူးရှူးအသံဟာ မြည်နေတယ်။ ကျုပ်ဟာ သူကြားနိုင်လောက်အောင် အသံကိုမြှင့်ပြီး အော်ပြောနေရတယ်။

''ဟုတ်တယ် .. ဒီကောင်က လူပျင်းပဲ။ အဲဒီတော့ လူပျင်းလင်တစ်ယောက်ရဲ့ ဒဏ်ကိုခံနိုင်အောင် လေ့ကျင့်ထားဖို့တော့ မင်းဘက်က လိုလိမ့်မယ်။ ငါကတော့ အလုပ်ကို ကြိုးစားပမ်းစား လုပ်တတ်တဲ့ကောင်။ သူက အဲသလို အစားထဲက မဟုတ်ဘူး။ သူက အိပ်ရာကထရင်လဲ နောက်ကျမှ ထချင်တယ်။ ဘာကိုမှ မယ်မယ်ရရ မလုပ်ဘဲ၊ ဟိုယောင်ယောင် ဒီယောင်ယောင် လုပ်နေချင်တယ်။ လက်ဘက်ရည်ဆိုင်သွားမယ် အကြာကြီးထိုင်ပြီး သတင်းစာဖတ်မယ်၊ အားကစား သတင်းတွေကို တွေ့တဲ့လူနဲ့ ဆွေးနွေးမယ်၊ ဝေဖန်မယ်၊ အဲဒီတော့ .. အခု သူရထားတဲ့ အလုပ်က သူ့အဖို့တော့ ကိုက်တယ်။ လူနာစောင့် အလုပ်ကျတော့ တာဝန်ယူရတဲ့ အလုပ်မဟုတ်လား။ အဲဒါမျိုးကျတော့ သူနဲ့က လုံးဝမကိုက်ဘူး''

''ရှင်ပြောသလိုဆိုရင်တော့ အခု သူအလုပ်ရထားတယ်ဆိုတာတောင် ဟုတ်ပါ့မလားမသိဘူး''လို့ သူက ပြန်ပြောတယ်။ ''သူက အလုပ်သွားမယ်ဆိုပြီး ထွက်ထွက်သွားနေပေမယ့် အခုအချိန်ထိ လုပ်ခငွေကို တစ်ပြားတစ်ချပ်တောင် မမြင်ဖူးသေးဘူး။ အခုဆိုရင် ကျွန်မအနေနဲ့ သူ့ငါ့ကို လိမ်ပြောနေတာများလား လို့တောင်တွေးမိပြီ။ ရှင်ကော ဘယ်လိုထင်လဲ''

''အင်း .. ဒီအကောင်က လူလိမ်ကြီးတစ်ယောက်ပဲ။ လိမ်တာမှ တကယ့်ကို ပိပိရိရိလိမ်တာ''

''ကျွန်မလဲ အဲသလိုပဲ ထင်နေတာကြာပြီ။ ဒါပေမယ့် စဉ်းစားစရာ ရှိ... တာက သူအလုပ်ကို မသွားရင် ဘယ်ကိုသွားနေတာလဲ။ ရှင်ပြောသလို လက်ဘက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေကို လျှောက်သွားနေတာလား။ ဒါမှမဟုတ် တခြားသွားစရာနေရာ ရှိနေသလား။ အိမ်ကထွက်ရင်တော့ တကယ့် အ...



...ကြီးပဲ။ အလုပ်လည်း သိပ်များနေတဲ့ပုံမျိုးပဲ''

သူဟာ စကားတပြောပြောနဲ့ပဲ စင်ပေါ်ကဒယ်အိုးကိုသွားယူပြီး သူ ...ထားတဲ့ ပဲသီးတွေကို ထည့်တယ်။ ကျုပ်က နောက်လှည့်ပြီး သူ့ကို တစ်ချက် ...ကြည့်တယ်။ သူကတော့ အပြုံးမပျက် စကားကို ဆက်ပြောနေတယ်။ ''ကျွန်မထင်နေတာဘာလဲသိလား၊ ဒီကိစ္စထဲမှာ မိန်းမတစ်ယောက် ပါနေပြီလို့ ...တယ်။ ရှင်ကော ဘယ်လိုထင်သလဲ။ ရှင်က သူ့အကြောင်းသိတဲ့လူဆိုတော့ ...မ ထင်တာ ဘယ်လိုသဘောရသလဲ၊ မှန်မယ်လို့ ထင်သလား''

ကျုပ်ရဲ့ ခန္ဓာကိုယ် အတွင်းထဲက အသံတစ်သံကတော့ ကျုပ်ကို သတိပေး ...တယ်။ ''ဟေ့ .. အာနက်စ်တို သတိထားနော်၊ စဉ်းစားပြီးလုပ်။ မင်းရှေ့မှာ ...ချောက်တစ်ခုကတော့ ရှိနေပြီ'' တဲ့ ...။ ဒါပေမယ့် သူ့ယောက်ျားအကြောင်း ...လို လေသံမျိုးနဲ့ မကောင်းပြောနေတာတွေကို ကြားနေရတော့ ကျုပ်အတွက် ...ချက်တွေ ရှိလာသလိုလို ဖြစ်လာတယ်။ အဲဒီတော့ ကျုပ်ပါးစပ်ကို ကျုပ် ...နိုင်တော့ဘူး။ သူမေးထားတဲ့ မေးခွန်းကို ဖြေမိတယ်။ ''နင်ပြောတာ မှန်တယ် ...မိန်းမကိစ္စကတော့ ပါမှာပဲ။ ဒီကောင်က မိန်းမဆိုရင် ချောချော မချောချော ...ကြီး ငယ်ချင်ငယ် ရွေးတာမဟုတ်ဘူး။ အဲဒါကော နင် မသိဘူးလား''

ကျုပ်ဟာ ထိုင်ရာက ထရပ်လိုက်တယ်။ မာရီယာရိုဆာကလည်း ထိုင်နေရာက ...တယ်။ သူ့ဂါဝန်မှာ ကပ်နေတဲ့ ပဲခွံတွေကို ခါပစ်တယ်။ နောက်တော့ ...ဆေးတဲ့ ကြွေခွက်ဆီသွားပြီး သူလက်ထဲက ပဲသီးတွေထည့်ထားတဲ့ ...ကို ရေဘုံဘိုင်အောက်မှာ ထိုးခံထားတယ်။ ပြီးတော့ ရေပိုက်ကို ဖွင့်လိုက် ...။ ကျုပ်က သူ့နောက်မှာ သွားရပ်တယ်။ ကျုပ်ရဲ့ လက်နှစ်ဖက်နဲ့ သူ့ခါး ...သွယ်သွယ်ကို ဖက်လိုက်တယ်။

''ဟုတ်တယ် မာရီယာရိုဆာ။ နင်ထင်တာတွေဟာ မလွဲဘူး။ ဒီအကောင် ...မီလီယာဆီကို နေ့စဉ်သွားနေတယ်။ ညနေစောင်းရင် သူ အဲဒီကို ရောက်လာ ...။ သူလာရင် အဝတ်လျှော်ဆိုင်ရဲ့ အပြင်ဘက်က စောင့်တယ်။ အယ်မီလီယာ ...လာရင် သူနဲ့အတူတူ အိမ်ကိုပြန်ကြတယ်။ ကဲ .. အခုဆိုရင် ဇာတ်လမ်း ...လုံးကို နင်သိသွားပြီ။ နင်ဘယ်လိုလုပ်မလဲ''

မာရီယာရိုဆာက မျက်နှာကို မသိမသာကလေး လှည့်ပြီး ကျုပ်ကို ကြည့် ...။ အပြုံးလည်း မပျက်ဘူး။ ပြီးတော့ ''ဒီမယ် အာနက်စ်တို ရှင်ပြောတော့ ... သူ့ရဲ့သူငယ်ချင်းဆို။ ကဲ .. ကဲ ကျွန်မကို လွှတ်လိုက်ပါ'' လို့ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ပေးလိုက်တဲ့ အဖြေကတော့ သူတစ်ကိုယ်လုံးကို ကျုပ်လက်နှစ်ဖက်နဲ့ မိမိရရ ပွေ့မိဖက်မိအောင် အတင်းဖက်တာပဲ။ ဒါပေမယ့် သူက အတင်းအစွ အကြောက်အကန် ပြန်ရုန်းပြီး ခက်ထန်တင်းမာတဲ့ လေသံနဲ့ "ကဲ .. ရှင်အခု ပိုက်ပြင်ပြီးသွားပြီ မဟုတ်လား။ မြန်မြန်ကြွရင် ကောင်းလိမ့်မယ်" လို့ပြောတယ်။ ကျုပ်ဟာ ကျုပ်နှုတ်ခမ်းကို ကိုက်ပြီး ပြန်ပြောလိုက်တယ်။

"အေး .. ဟုတ်တယ်။ နင်ပြောတာ မှန်တယ်၊ ဒါပေမယ့် နင်က ငါ့ခေါင်းကို ချာလည် ချာလည်ဖြစ်သွားအောင် အမြဲလုပ်တယ်။ အမှန်တော့ ငါ့အနေနဲ့ အချိန်ရှိသမျှ ငါဟာ အက်တီလီယိုရဲ့ သူငယ်ချင်းပဲ။ မာရီယာရိုဆာဟာ ငါ့ သူငယ်ချင်းရဲ့ မယားပါလားလို့ အမြဲသတိရနေသင့်တယ်"

ဒီစကားတွေကို ပြောနေချိန်မှာ ကျုပ်စိတ်ဟာ အတော်ကလေး တည်ငြိမ်သွား တယ်။ ဒါကြောင့်မို့ ကျုပ်ဟာ ကိရိယာတန်ဆာပလာတွေကို အိတ်ထဲပြန်ထည့် ပြီး အိမ်ထဲကထွက်ဖို့ လုပ်ပါတယ်။ သူ့ကို နှုတ်ဆက်တော့မလို့ ဟန်ပြင်နေတုန်း မှာပဲ မီးဖိုခန်းတံခါးဟာ ဖြုန်းကနဲ ပွင့်သွားပြီး အက်တီလီယိုတစ်ယောက် ဘွား ကနဲ ပေါ်လာတယ်။

သူက ကျုပ်ကို တွေ့တော့ ဝမ်းသာသွားတယ်။ အားရပါးရ နှုတ်ဆက် တယ်။ "ဟော့ကောင်ကြီး အာနက်စ်တို မင်း ဘယ်တုန်းက ရောက်တာတုန်း" တဲ့၊ ကျုပ်ကလည်း "မာရီယာရိုဆာက ပိုက်ပြင်ပေးဖို့ခေါ်လို့ ရောက်လာတာကွ၊ အခု ပြင်ပြီးသွားပါပြီ ပိုက်သစ်တပ်ပေးခဲ့တယ်" လို့ ပြောပြလိုက်တယ်။ သူက လည်း "ကျေးဇူးပဲကွာ၊ သိပ်ကိုကျေးဇူးတင်တယ်" တဲ့။ အဲဒီတုန်းမှာပဲ မာရီယာ ရိုဆာက "အက်တီလီယို" လို့ အသံပေးလိုက်တဲ့အတွက် ကျုပ်တို့ နှစ်ယောက် စလုံး ပြိုင်တူလှည့်ကြည့်လိုက်မိကြတယ်။

မာရီယာရိုဆာဟာ မီးဖိုဘေးမှာ ရပ်နေတယ်။ မျက်နှာကလည်း ပြုံးလို့ လက်တစ်ဖက်ကိုတော့ မီးဖိုဘေးတစ်ဖက်ပေါ်မှာ တင်ထားတယ်။ သူက ရုတ် တရက် အသံကို မြှင့်လိုက်ပြီး "ဒီမယ် အက်တီလီယို၊ အာနက်စ်တိုကပြောတယ် ရှင်ဟာ လူပျင်းတဲ့၊ အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်ဘူး .. တဲ့ .. ပြီးတော့ ..."

သူ့စကားမဆုံးခင် ဟိုအကောင် အက်တီလီယိုက "မင်း .. အဲသလို ပြောသလား" လို့ ကျုပ်ကို လှမ်းမေးတယ်။

"ပြီးတော့ ရှင်ဟာ လူလိမ်၊ လူညာတစ်ယောက်လို့ သူကပြောတယ်။ ရှင်



ကိုတင်ကုန်ချအလုပ် ရနေတယ်ဆိုတာကို ကျွန်မက ဟုတ်ချင်မှ ဟုတ်မှာလို့ သံသယဝင်နေတယ် မဟုတ်လား။ အဲသလို သံသယဖြစ်နေတာလည်း မှန်တယ် တဲ့"

"မင်း .. အဲသလို ပြောသလား" လို့ ဟိုအကောင်က ကြားဖြတ်မေးတယ်။ မာရီယာရိုဆာကလည်း သူ့စကားကို ဆက်တယ်။ "ပြီးတော့ သူကပြောတယ်။ ရှင်ဟာ အယ်မီလီယာဆီကို နေ့စဉ်သွားနေတယ် .. တဲ့။ ရှင်ဟာ အယ်မီလီယာနဲ့ ရှုပ်နေတာ အမှန်ပဲ .. တဲ့။ အဲဒီတော့ ရှင်လုပ်နေပုံတွေ ကောင်းရဲ့လား၊ ကျွန်မက တစ်နေကုန် တစ်နေခန်း တစ်အိမ်တက်ဆင်းသွားပြီး အဝတ်တွေ မီးပူတိုက်ပေး နေရတဲ့အချိန်မှာ ရှင်က အယ်မီလီယာဆိုတဲ့ကောင်မနဲ့ အလေလိုက်ပြီး အပျော် ကျူးနေတယ်။ ပြီးတော့ ကျွန်မကျတော့ အလုပ်ထွက်လုပ်သလေး ဘာလေးနဲ့ ထိမ်ညာ ထားတယ်။ ရှင်လုပ်ပုံဟာ အတော့်ကို ယုတ်မာတာပဲ။

အခု ကျွန်မပြောနေတာတွေကို ရှင် ငြင်းရဲသလား၊ ဒီမှာ မြင်လား။ ဟောဒီ အာနက်စ်တိုဟာ ရှင့်သူငယ်ချင်း။ ရှင့်အကြောင်း ကောင်းကောင်းသိနေတဲ့လူ။ သူ အကုန်လုံး ပြောပြလို့ ကျွန်မ သိထားပြီးပြီတဲ့"

မာရီယာရိုဆာရဲ့အသံကတော့ အေးအေးဆေးဆေးပဲ .. ဗျ သိလား။ ဒါပေ မယ့် ကျုပ်မှာက ဒုက္ခ။ ကတယ့်ချောက်ပေါက်နဲ့ တိုးနေပြီလေဗျာ။ ကျုပ်အနေနဲ့ အဲ့မတစ်ယောက်အပေါ်မှာ ယုံကြည်ပြီး စကားတွေ အကုန်ပြောခဲ့မိပြီ။ ကျွံ သွားတဲ့စကားကို ကျုပ် ဘယ်လိုလုပ်ပြီး နှုတ်လို့ရတော့မှာလဲ။

သူ့စကားလည်းဆုံးရော ဟိုအကောင် အက်တီလီယိုဟာ မျက်စိမျက်နှာ ပျက်ပျက်နဲ့ ကျုပ်ဆီကို ကပ်လာတယ်။ "မင်း .. အဲသလိုပဲ ပြောသလား" လို့လည်း မေးတယ်။ အဲဒီတုန်းမှာပဲ မာရီယာရိုဆာဟာ မီးဖိုပေါ်မှာ ထောင်ထားတဲ့ သံချောင်းကြီးကို ဆတ်ကနဲ ကောက်ယူပြီး အက်တီလီယိုရဲ့ ခေါင်းကို တအား ရွယ်ရိုက်လိုက်တယ်။

ရိုက်ချက်ကလဲပြင်း၊ ချိန်သားကလည်းကောင်းတော့ ဟိုအကောင် အက်တီလီ ယိုအနေနဲ့ ခေါင်းအငုံ့သာ မမြန်ရင် ပွဲချင်းပြီး အသက်ထွက်မှာ သေချာတယ်။ အဲဒီနောက်တော့ ဘာတွေဖြစ်ကုန်တယ်ဆိုတာ ကျုပ်လည်း ကောင်းကောင်း မသိ တော့ဘူး။ မာရီယာရိုဆာဟာ မီးဖိုကြီးပေါ်မှာ တင်ထားတဲ့ ပန်းကန်တွေ တစ်ခုပြီး တစ်ခု ကောက်ယူပြီး အက်တီလီယိုကို ပေါက်တော့တာပဲ။ ပန်းကန်တွေက လေး သံတဲ့ ပန်းကန်တွေ .. ဗျ။ ထိလိုက်မှန်လိုက်ရင်လည်း အန္တရာယ်က တယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မသေးလှဘူး။ သူပစ်နေတဲ့ ဓစ္စည်းတွေထဲမှာ ဓားတွေလည်း ပါတယ်။ မုန့်ကြိ
တဲ့တုံးတွေလည်းပါတယ်။ အိုးတွေကလည်း မျိုးစုံပဲ။ ဒယ်အိုးတွေတောင်
သေးတယ်။

အက်တီလီယိုဟာ ပထမနှစ်ခါ သုံးခါလောက်တော့ ရှောင်နိုင်၊ တိမ်းနိုင်
အားထုတ်နေသေးတယ်။ ဒါပေမယ့် ရှောင်လို့ မလွယ်မှန်းလည်းသိရော တံခါ
ကိုဖွင့်ပြီး ထွက်ပြေးပါလေရော။ ကျုပ်ကော ဘာကောင်မို့ ရင်ဆိုင်ရဲမှာလည်း
လက်ထဲက နှစ်ကိုက် သုံးကိုက်လောက်ရှည်တဲ့ ပိုက်လုံးကို ပစ်ချထားခဲ့ပြီး လှေခါး
ဒရောသောပါး ဆင်းပြေးလာခဲ့တယ်။ အပြင်ရောက်တော့ သူက ရှေ့က၊ ကျုပ်
နောက်က ဆက်ပြေးနေကြတုန်းပဲ။ ပြေးနေရင်းကပဲ အက်တီလီယိုဟာ ကျုပ်
ကြိမ်းမောင်းသွားတယ်။ "မင်း .. ငါ့အိမ်ကို ဘယ်တော့မှ မလာနဲ့၊ မင်း မျက်
ကို ငါမကြည့်ချင်ဘူး၊ မင်းကို ဒီအိမ်မှာ နောက်တစ်ခါတွေ့ရင် ငါသတ်မယ်
ဟေ့၊ သိလား" တဲ့။

ကျုပ်အဖို့တော့ ဘာကိုမှ သိပ်ပြီး ဂရုမစိုက်နိုင်ဘူး။ မြို့တည်တံတား
ဖြတ်ပြီး ပီယာဇာ ဒယ်လာ ကစ်ဘာတာ ပန်းခြံထဲရောက်လို့ ခုံတန်းတစ်လုံး
ထိုင်မိတော့မှပဲ သေားကင်းပြီလို့ ထင်မိတယ်။ ကျုပ်ဟာ ခုံတန်းပေါ်ထိုင်ပြီး အ
ဖြေရင်းနဲ့ စဉ်းစားမိတယ်။ ကျုပ် ဘာ့ကြောင့် ဒီစကားတွေကို ပြောမိတာ
ရှင်းပါတယ်၊ အက်တီလီယိုနဲ့ ကျုပ်နဲ့ဟာ သိပ်ခင်ခဲ့တဲ့ သူငယ်ချင်းဆိုတော့
အကြောင်းကို ကျုပ်က ကောင်းကောင်းကြီး သိနေတာကိုး .. ဗျ။ အဲဒါကြော
လည်း ပြောမိခဲ့တာပေါ့။ အမှန်တော့ အက်တီလီယိုရဲ့ အကျင့်စရိုက်ဟာ ထ
ပြောခဲ့တဲ့ အတိုင်းပဲ။ မလွဲပါဘူး။

ဒါပေမယ့် ... ဗျာ ..။

ကျုပ်ဟာ ကိုယ့်ဖာသာကိုယ် ကြိတ်ပြီး ဒီနေ့ဒီရက် ဒီအချိန်ကစပြီး ငါသ
အကောင်နဲ့မှ အပေါင်းအသင်း မလုပ်တော့ဘူးလို့ ကျိန်လိုက်တယ် ဗျာ ...။

FRIENDSHIP

ALBERTO MORAVIA

□

## အိပ်ရာပြိုသည့်ည

အိုဟိုင်းယိုပြည်နယ် ကိုလမ်ဘတ်စ်မြို့၌ နေထိုင်ခဲ့ရသည့် ကျွန်တော်၏ ငယ်ဘဝတွင် ကျွန်တော့်အဖေပေါ်သို့အိပ်ရာကုတင်ကြီး ပြိုကျခဲ့သောညသည် ကျွန်တော် တစ်သက်တာ မေ့မရသည့် ညတစ်ညဖြစ်ခဲ့ပါသည်။ ပြန်လည်ပြော၍ အလွန်ကောင်းသော ဖြစ်ရပ်တစ်ခုဖြစ်သဖြင့် ကျွန်တော်သည် မကြာခဏ ပြန်လည် ပြောပြခဲ့မိ၏။ ကျွန်တော့်သူငယ်ချင်းတချို့ကဆိုလျှင် ကြားရဖန်များသဖြင့် ကျွန်တော့်အား ပြောင်ကြ နောက်ကျပါသည်။ ယင်းတို့အထဲမှ တစ်ဦးက ထိုဇာတ်လမ်းကို သူကြားရသည်မှာ ငါးကြိမ်ခြောက်ကြိမ်ထက်မနည်း ရှိခဲ့ပြီဟု ဆိုပါသည်။

အမှန်တော့ ထိုအဖြစ်သည် စာတစ်ပုဒ်ရေးပြရခြင်းထက် ပါးစပ်မှပြန်လည်ပြောပြခြင်းက ပို၍ အရသာရှိသည်ဟု ယူဆနိုင်စရာရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအဖြစ်ထဲ၌ အိပ်ရာကုတင် ပတ်ပတ်လည်တွင် အိမ်ထောင်ပရိဘောဂပစ္စည်းများ လွင့်စင်လဲကျကုန်ခြင်း၊ တံခါးများလှုပ်ယမ်းတုန်ခါခြင်းနှင့် ခွေးဟောင်သံများပါနေခြင်း စသည်တို့ကြောင့် ပါးစပ်မှပြောပြသည့်အခါ ယင်းအချက်များကို ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြင့် ဖြစ်ခဲ့သည့်အတိုင်း မလုပ်ပြနိုင်ခြင်းကြောင့်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ပြန်လည်ပြောပြသည့်အခါ မယုံကြည်နိုင်စရာကောင်းနေသော်လည်း ဖြစ်ပျက်ခဲ့သည်မှာ အမှန်တကယ်ပင် ဖြစ်ပါသည်။

ထိုစဉ်ကဖြစ်ပုံမှာ တစ်ညတွင် ကျွန်တော့်အဖေသည် အိမ်ခေါင်မိုးနှင့် ထိစပ်လျှက်ရှိသော အထပ်မိုးကလေးပေါ်တွင် အိပ်မည်ဟု ဆုံးဖြတ်သည်။ ထိုဆုံး

www.burmeseclassic.com



ဖြတ်ချက်ကို ကျွန်တော့်အမေက အပြင်းအထန် ကန့်ကွက်သည်။ အမေက အထပ်ခိုးပေါ်ရှိ သစ်သားကုတင်မှာ အဟောင်းကြီးဖြစ်၍ စိတ်ချရသော အခြေအနေမရှိ။ ကုတင်ခေါင်းရင်းဘက်က ချောင်နေသည်ဖြစ်၍ အကယ်၍ အဖေ့ခေါင်းပေါ်သို့ လဲကျမည်ဆိုပါက နေရာမှာတင် ပွဲချင်းပြီးသွားနိုင်သည် ဟုအကြောင်းပြသည်။

သို့သော်လည်း အဖေကပြော၍ မရပါ။ အမေ့စကားကိုနားမထောင်ပါ။ ညဆယ်နာရီထိုးပြီး ဆယ့်ငါးမိနစ်ခန့်တွင် သူသည်အထပ်ခိုးတံခါးကို ပိတ်ကာ ကျဉ်းကျဉ်းမြောင်းမြောင်း မြွေလိမ်မြွေကောက် လှေကားအတိုင်းတက်သွားသည်။ အမှန်တော့ အထပ်ခိုးပေါ်ရှိ ကုတင်ပေါ်တွင် အိပ်နေကြလူမှာ ကျွန်တော့်အဖိုးဖြစ်သည်။ သူသည် ကျွန်တော်တို့ထံလာ၍ နေသည့်အခါတိုင်း ထိုကုတင်ပေါ်၌ အိပ်နေကျဖြစ်၏။ ယခုလောလောဆယ်တွင်မူ သူ သည်အိမ်၌ မရှိပါ။

ထိုအချိန်က ကျွန်တော်တို့အိမ်တွင် ဧည့်သည်တစ်ယောက်ရှိနေသည်။ ဧည့်သည်မှာ ကျွန်တော်၏ ညီအစ်ကိုတစ်ဝမ်းကွဲတော်သူ ဘရက်ဘီအော ဖြစ်ပါသည်။ သူသည် ကြောက်တတ်သူတစ်ယောက်ဖြစ်သည်။ စိုးရိမ်သောကကြီးသူ ဖြစ်၏။ သူသည် အိပ်ပျော်နေခိုက် အသက်ရှူရပ်သွားနိုင်သည်ဟု ယူဆယုံကြည်နေသူလည်းဖြစ်၏။ ထို့ကြောင့်လည်း သူသည် ညအချိန်ကျ၍ အိပ်ပျော်နေသည့်အခါများတွင် တစ်နာရီတွင် တစ်ကြိမ်မှမနိုးလျှင် အသက်ရှူကျပ်ပြီး သေသွားလိမ့်မယ်ဟု သူ့ကိုယ် သူထင်လျှက်ရှိသည်။

သူ၏ အလေ့အထတစ်ခုမှာ နှိုးစက်ပေးထားသော စားပွဲတင်နာရီတစ်ခုကို သူ့အနီး၌ထား၍ အိပ်ခြင်းဖြစ်၏။ ဤသို့ဖြင့် နာရီနှိုးစက်သံသည် မိုးစင်စင်လင်းသည်အထိ တစ်နာရီလျှင် တစ်ကြိမ်ကျ မြည်နေတတ်သည်။ ကျွန်တော်က သူ့အား ထိုအကျင့်ကိုစွန့်လွှတ်ရန် ဖြောင်းဖျပါသည်။ သူသည် ကျွန်တော့် အိပ်ခန်းထဲ၌ ကျွန်တော်နှင့်အတူတူအိပ်သည်ဖြစ်ရာ ကျွန်တော်က ··· ကျွန်တော်သည် အလွန်အအိပ်ဆတ်သူ ဖြစ်သဖြင့် ကျွန်တော့်အနီး၌ အိပ်နေသူတစ်ယောက် အသက်ရှူရပ်သွားပါက ကျွန်တော် ချက်ချင်းနိုးလာမည်ဖြစ်ကြောင်း သူ့အားရှင်းပြခဲ့ပါသည်။

သူသည် ပထမဆုံးအတူအိပ်ကြသည့် ညတွင်ကျွန်တော့်စကား မှန်မမှန် စမ်းသပ်သည်။ ကျွန်တော် အသက်မှန်မှန်ရှူပြီး မျက်စိများမှိတ်ထားသည်ကို ချောင်းကြည့်ကာ ကျွန်တော် အိပ်မောကျသွားပြီဟုထင်သည်။ ထို့ကြောင့်လည်း သူသည် အသက်ကိုမရှူဘဲ တမင်တကာ အောင့်ထားသည်။ အိပ်ချင်ဟန်ဆောင်



နေသော ကျွန်တော်ကလည်း သူ့အထာကို ရိပ်မိနေမိသည့်အားလျော်စွာ သူ့အား လှုပ်၍ နှိုးလိုက်ပါသည်။

ကျွန်တော့်ဘက်မှ ယင်းကဲ့သို့ လုပ်ပေးထားလိုက်သည့်အတွက် သူ၏ ကြောက်စိတ်သည် အနည်းငယ်မျှ လျော့သွားဟန်ရှိ၏။ သို့သော်လည်း သူသည် လုံးဝ ယုံကြည်စိတ်ချသွားသည့် အခြေအနေသို့ကား ရောက်မသွားချေ။ ထို့ကြောင့်လည်း သူသည် ကြိုတင်ကာကွယ်မှုတစ်ခုအနေဖြင့် ပရုတ်ရည်တစ်ပုလင်းကို သူ့အိပ်ရာခေါင်းရင်းရှိ စားပွဲလေးတစ်ခုပေါ်တွင် တင်၍အိပ်သည်။ အကယ်၍ သူ အသက်ရှူရပ်သွားချိန်တွင် ကျွန်တော်မနိုးခဲ့သည်ရှိသော် သူ့အနေနှင့် ပရုတ်အနံ့ကို ရှူမိက အသက်ပြန်ဝင်လာနိုင်သည်ဟု သူက ဆိုသည်။ သူ၏ယုံကြည်ချက်အရ ပရုတ်နံ့သည် အသက်ဝင်အောင် စွမ်းဆောင်နိုင်သည့် အလွန်အာနိသင်ကြီးမား ထက်မြက်သော ဆေးတစ်လက်ဖြစ်သည် မဟုတ်ပါလား ····။ ဤကဲ့သို့ ကြောက်စိတ်ဝင်နေသည့်လူမှာ သူတို့မိသားစုထဲတွင် သူတစ်ဦးတည်း မဟုတ်ပါ။ ကျွန်တော့်အဒေါ် အဖွားကြီး မယ်လစ်ဆာဘီအော်မှာလည်း သူ့လိုစိတ်ရောဂါမျိုး ရှိပါသည်။ ကျွန်တော့်အဒေါ်သည် ယောကျ်ားတစ်ယောက်ကဲ့သို့ သူ့ပါးစပ်တွင် လက်နှစ်ချောင်းကပ်ပြီး လေချွန်တတ်သူဖြစ်ပါသည်။ ကျွန်တော့်အဒေါ်သည် တောင်ပိုင်းလိုင်းလမ်းပေါ်၌ သေလိမ့်မည်ဟု ယူဆထားသူဖြစ်သည်။ သူသည် တောင်ပိုင်းလိုင်းလမ်းထဲ၌ မွေးပြီး၊ ထိုလမ်းထဲတွင် အိမ်ထောင်ကျသူဖြစ်သဖြင့် ထိုလမ်းပေါ်၌ သေလိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်နေသူဖြစ်သည်။

နောက်တစ်ဦးမှာ ကျွန်တော့်အဒေါ် ဆာရာရိုယပ်ဖ် ဖြစ်ပါသည်။ သူသည် လည်း သူအိပ်ရာဝင်လျှင် သူ့အိမ်ထဲသို့ သူခိုးဝင်လာပြီး သူ့အိပ်ခန်းတံခါးပေါက်မှ နေ၍ ပိုက်ဖြင့် မေ့ဆေးလွှတ်ပြီး သူ့ကို သတိမေ့အောင်လုပ်ကာ ပစ္စည်းများကို ခိုးယူသွားမည်ဟု အမြဲတမ်းထင်နေသူဖြစ်သည်။ သူသည် ယင်းကဲ့သို့ အလုပ်ခံရမည်ကို စိုးရိမ်သဖြင့် (သူစိုးရိမ်သည်မှာ သူ့ပစ္စည်းများကို အခိုးခံရခြင်းထက် သူ့ကို မေ့ဆေးပေးပြီး သတိလစ်သွားအောင် လုပ်မည်ကို ပိုပြီးစိုးရိမ်သောကြောင့်ဖြစ်၏)သူ့ပိုင်ငွေအားလုံး၊ ငွေထည်ပစ္စည်းများအားလုံးနဲ့ အခြားအဖိုးတန် ပစ္စည်းအားလုံးကို သူအိပ်ရာမဝင်မီ သူ့အိပ်ခန်းပြင်ဘက်ရှိ စားပွဲတစ်လုံးပေါ်၌ တင်ကာ စာတစ်စောင်ကိုပါ တင်ထားလေ့ရှိ၏။ စာတွင် 'ဤပစ္စည်းအားလုံးမှာ ကျွန်မပိုင်ပစ္စည်းအားလုံး ဖြစ်ပါသည်။ ဤပစ္စည်းများကိုယူ၍ ပြန်သွားပါ။ မေ့ဆေးကို မသုံးစေပါနဲ့တော့'ဟု ရေးထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အခေါ် ဂရေစီရိုယယ်ဖ်မှာလည်း 'သူခိုးကြောက်ရောဂါ'ရှိသူဖြစ်ပါသည်။ သူကတော့ တစ်မျိုးဖြစ်သည်။ သူ့အိမ်ထဲ ညတိုင်းသူခိုးဝင်သည်ဟု ထင်လာခဲ့သည်မှာ နှစ်ပေါင်းလေးဆယ်တိတိ ရှိခဲ့ပြီ။ သူ့ပစ္စည်းများ ပါမသွားသည်မှာ အိမ်ထဲ၌ ရှူးဖိနပ်များကို နေရာအနှံ့ချထား၍ ဖြစ်သည်ဟု ယုံကြည်နေလျှက်ရှိသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ခိုင်လုံသော အထောက်အထားများကို ပြနိုင်ခြင်း မရှိပါ။

မည်သို့ပင်ဖြစ်စေ သူသည် အိပ်ရာမဝင်မီ လက်ကမ်းမှီသရွေ့ ဖိနပ်များကို ယူ၍ အိမ်ရှေ့ခန်းမထဲ၌ လျှောက်၍ချထားလေ့ရှိပါသည်။ ပြီးရင် အိပ်ရာဝင်၍ အိပ်ရာကုတင်ပေါ်၌ ခဏမျှထိုင်ကာ 'ဟတ်စ်'ဟု ရေရွတ်လေ့ရှိပါသည်။ သူ၏ လုပ်ရပ်ကို ၁၉၀၃ ခုနှစ်မှစ၍ သိလာခဲ့သော သူ့ယောက်ျားသည် သူထိုကဲ့သို့ လုပ်နေသည့်အခါတိုင်း အိပ်ပျော်နေလေ့ရှိသည်။ တစ်ခါတစ်ရံတွင်မူ အိပ်ချင်ဟန်ဆောင်နေလေ့ရှိသည်။ သူ့မိန်းမကတော့ သူလုပ်နေကျထုံးစံအတိုင်း တံခါးသီးကို ခြေဖျားထောက်၍ လျှောက်သွားကာ တံခါးကို အနည်းငယ်မျှဟ၍ ဖိနပ်များကို ပစ်ချလေ့ရှိ၏။ တစ်ခါတရံတွင် အိမ်ရှိဖိနပ်အားလုံးကို ပစ်ချခြင်းဖြစ်၏။ တစ်ခါတရံတွင်မူ တစ်ရံနှစ်ရံ မျှသာပစ်ချထားခြင်းဖြစ်သည်။

ကျွန်တော့်အနေဖြင့် အဓိက ပြောလိုသည့်အကြောင်းမှာ ကျွန်တော့်အဖေအပေါ်သို့ အိပ်ရာကုတင်ကြီး ပြိုကျသည့်ကိစ္စဖြစ်ပါ၏။ ယခုသော်မူ ကျွန်တော်သည် ကျွန်တော် ပြောလိုသည့် အဓိကအကြောင်းကို မေ့ကာ တခြားအကြောင်းများကို ပြောနေမိပါသည်။ ကျွန်တော့်အဖေပေါ်သို့ ကုတင်ကြီးပြိုကြသည့်ကိစ္စကို ကျွန်တော် ပြောလိုပါသည်။

ထိုညက ညသန်းခေါင်အချိန်တွင် ကျွန်တော်တို့ အိမ်သားအားလုံး အိပ်ရာထဲသို့ ရောက်နေကြပြီဖြစ်၏။ ဤနေရာတွင် အိမ်ထဲရှိ အခန်းများအနေအထားနှင့် ယင်းအခန်းများ၏ ပိုင်ဆိုင်မှုများကို ကျွန်တော်ဖော်ပြလိုပါသည်။ သို့မှသာလျှင် ထိုညက ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်၏ အခြေအနေကို နားလည်နိုင်စရာရှိမည်ဟု ကျွန်တော် ထင်ပါသည်။

ကျွန်တော့်အဖေအိပ်သည့် အထပ်ခိုး၏ အောက်တည့်တည့်ရှိ အိမ်အပေါ်ထပ်ရှေ့ခန်းတွင် အိပ်သူများမှာ ကျွန်တော့်အမေနှင့် ညညအိပ်နေရင်း သီချင်းဆိုတတ်သော ညီတော်မောင် 'ဟာမင်း'တို့ဖြစ်သည်။ ကျွန်တော့် ညီတော်မောင် ဟာမင်းသည် အိပ်ပျော်နေရင်းနှင့် 'ဂျော်ဂျီယာကိုဖြတ်၍ ချီတက်ခြင်း'နှင့် 'ဆက်၍



ချီတက်ကြပါ၊ ခရစ်ယာန်စစ်သားများရယ်' ဟူသော သီချင်းများကိုအော်ဟစ်၍ သီဆိုလေ့ရှိသူဖြစ်၏။ ကျွန်တော်၏ ညီအစ်ကိုဝမ်းကွဲ ဘရက်ဘီအောနှင့် ကျွန်တော်သည် အမေတို့အခန်းနှင့် ဆက်နေသော အခန်း၌အိပ်ကြသည်။ ကျွန်တော့်အစ်ကို ရွိုင်းမှာမူ ကျွန်တော်တို့ အခန်းရှေ့ရှိခန်းမကြီး၏ တစ်ဖက်မှ အခန်းထဲတွင်အိပ်သည်။ ကျွန်တော်တို့၏ ရက်စ်အမည်ရှိခွေးသည် ခန်းမထဲ၌ အိပ်ပါသည်။

ကျွန်တော်၏ အိပ်ရာကုတင်မှာ စစ်တပ်သုံး ကုတင်တစ်လုံးဖြစ်သည်။ ကုတင်မှာ ခေါက်ကုတင်ဖြစ်သည်။ ခေါင်းရင်းနှင့် ခြေရင်းဘက်များကိုခေါက်ပြီး အလယ်၌သာ အိပ်လို့ရသည်။ အကယ်၍ ထိုနှစ်ဖက်လုံး တင်ထားမည်ဆိုပါက အိပ်နေသူသည် ကုတင်စွန်းရောက်သည့်အထိ လူး၍ လိမ့်၍ မရ၊ လူးလိုက်လိမ့်လိုက်လျှင် အောက်ခံထောက်များ ပြုတ်ထွက်လာပြီး ကုတင်ကော လူပါ ဂျွမ်းထိုးမှောက်ခုံဖြစ်ကာ ဒဏ်ရာအနာတရ ဖြစ်နိုင်ပါသည်။ ထိုည နှစ်နာရီခန့်က ဖြစ်ခဲ့သည့်ဖြစ်ရပ်မှာ ကျွန်တော့်ဘဝတွင် ပြောစမှတ်ပြုနိုင်သည့် ဖြစ်ရပ်ဟု ဆိုရမည်ဖြစ်ပါသည်။ နောင်အခါ ထိုအဖြစ်ကို ပြန်ပြောင်းပြောကြသည့်အခါတိုင်း ကျွန်တော့်အမေက 'အိပ်ရာကုတင်ကြီး နင်တို့အဖေပေါ်ပြိုကျတဲ့ညကပေါ့' ဟူသော စကားဖြင့် အစချီတတ်ပါသည်။

ကျွန်တော်သည် အလွန်အအိပ်ကြီးသူဖြစ်သည့်အားလျော်စွာ တော်ရုံတန်ရုံအရှုပ်ဖြင့် အိပ်မောကျနေရာမှ နိုးတတ်သူမဟုတ်ပါ။ (ကျွန်တော့်ညီအစ်ကိုဝမ်းကွဲတော်သူ ဘရက်ကိုမူ ကျွန်တော်သည် အလွန်အအိပ်ဆတ်သူတစ်ဦးဖြစ်သည်ဟု အိမ်ပြောထားသည်။) ထိုညက အဖြစ်နှင့်ပတ်သက်၍ ပထမသော် ကျွန်တော်သည် ထိုယ်နှင့် ကိုယ့်ပတ်ဝန်းကျင်၌ ဘာတွေဘယ်လိုဖြစ်ကုန်သည်ကို ပီပီပြင်ပြင်မသိပါ။ အိပ်မှုန်စုံမွှားဖြစ်နေသဖြင့် ကုတင်ပေါ်မှလိမ့်ကျသွားသော်လည်းကောင်း၊ ခေါက်ကုတင်တစ်ခုလုံး ကျွန်တော့်အပေါ်ပိနေသည်ကိုလည်းကောင်း လုံးဝမသိပါ။

ကုတင်ပြိုကျသွားချိန်တွင် ကျွန်တော်သည် ကုတင်အောက်သို့ရောက်ကာ အသွေးလုံးရစ်ပတ် ဖြစ်လျှက်ရှိသော်လည်း ဒဏ်ရာအနာတရ မဖြစ်ပါ။ အလိုက်သင့်ကျသွားခြင်းဖြစ်သဖြင့် ကျွန်တော်သည် အိပ်မောကျနေရာမှ ဖျတ်ခနဲ နိုးလာသလိုလိုဖြစ်သွားသော်လည်း ချက်ချင်းပင် ပြန်လည်အိပ်ပျော် သွားပါသည်။ မည်သို့ပင်ဖြစ်စေ ဒုန်း··ဝုန်း··ဖြုံး··ဖြုံး အသံများကြောင့် တစ်ဆက်တည်း ရှိနေသော အိပ်ခန်းထဲမှ အမေသည် လန့်နိုးလာခဲ့သည်။

နိုးလျှင်နိုးချင်း အသံသည် 'သစ်သားကုတင်ကြီး ပြိုကျကာ အဖေ့အပေါ်၌

www.burmeseclassic.com



ပိနေပြီ'ဟူသောအသိဖြစ်သည်။ ထို့ကြောင့်လည်း အမေသည် 'လုပ်ကြပါဦး ... ဟဲ့ ... နင်တို့အဖေဆီကို ပြေးကြပါဦး'ဟု သံကုန်ဟစ်၍ အော်ခြင်းဖြစ်၏။ ကျွန်တော့် ကုတင်ပြိုကျစဉ်က အမေနှင့် တစ်ခန်းတည်းအိပ်နေသော ဟာမင်းသည် အိပ်ရာမှမနိုးခဲ့သော်လည်း ယခု အမေ့အော်သံကြားရသည့်အခါ သူသည် လန့်နိုး လာခဲ့သည်။ သူသည် အမေ့အား ရုတ်တရက် အကြောင်းကြီးငယ်မရှိဘဲ လန့်ဖြ ကာ ရူးသွားပြီဟု ထင်သည်။

'အမေက ဘာဖြစ်တာလဲ ဘာမှမဖြစ်ဘဲနဲ့ ဘာပြုလို့ အော်နေတာလဲ'ဟု သူက အမေ့အား အော်ပြောတယ်။ အမေကလည်း 'နင့်အဖေဆီကို မြန်မြ သွားပါ..ဟဲ့'ဟု အော်သည်။ ဟာမင်းကလည်း 'အမေ့မှာ ဘာမှမဖြစ်ဘူး'ဟု ပြ အော်သည်။ သူတို့နှစ်ယောက် အပြန်အလှန်အော်နေကြသည်မှာ ဆယ်စက္ကန့်ခ ကြာမည်ဟု ထင်ပါသည်။

ထိုအချိန်တွင် ကျွန်တော်သည် အိပ်ရာနိုးလာပြီဖြစ်၏။ အိပ်မှုန်စုံမွှားနှ ဘာဖြစ်နေသည်ကို သိလာပြီဖြစ်၏။ သို့သော်လည်း မိမိကိုယ်မိမိ ကုတင်အော ရောက်နေသည့်အဖြစ်ကိုမူ မသိသေးပါ။ အော်ဟစ်သံများကြောင့် အိပ်ရာ လန့်နိုးလာသော ဘရက်သည် သူ့အသက်ရှူရပ်နေသဖြင့် ကျွန်တော်တို့က 'သူ့အ အသက်ပြန်ဝင်လာအောင် ရိုက်၍ လှုပ်နှိုးနေကြသည်'ဟု ထင်သည်။ သူသည တစ်ချက်မျှ ညည်းလိုက်ကာ ခေါင်းရင်းစားပွဲပေါ်မှ ပရုတ်ရည်ပုလင်းကို ကမ် ကတန်း လှမ်းယူသည်။ လက်ထဲ ရောက်သည့်အခါ ရှူရမည့်အစား သူ့ကိုယ်ပေါ်သို့ လောင်းချနေသည်။ တစ်ခန်းလုံး ပရုတ်နံ့များ ထောင်းထောင်းထလျက်ရှိသည်။

'အား...အား...အား...အ-အ'ဟူသော အသံများကို ဘရက်ထံမှ ကြာ နေရ၏။ ရေနစ်နေသည့် လူတစ်ယောက်၏အသံနှင့် တူလှပါသည်။ သူ့မျက်နှ ပေါ်သို့ ပရုတ်ရည်များ လောင်းချမိသဖြင့် နှာခေါင်းပိတ်ကာ အသက်ရှူကျပ်လျှ ရှိခြင်းဖြစ်သည်။ သူသည် ကြောက်စိတ်ဖြင့် အိပ်ရာမှခုန်ဆင်းကာ ပြတင်းပေါ ဆီသို့ပြေးသွားသည်။ သို့သော်လည်း ပိတ်ထားသည့် ပြတင်းပေါက်နှင့် ဝင်တို မိသည်။ သူ့လက်တစ်ဖက်သည် ဖန်ခွက်တစ်လုံးကို တိုက်မိသည်။ ဖန်ခွက် ကျကွဲသံကို ကျွန်တော် ကြားလိုက်ရသည်။

ထိုအချိန်မှာပင် ကျွန်တော်သည် ထိုင်ရာမှထရပ်ရန် ကြိုးစားလျှက်ရှိ သို့သော်လည်း ထ၍မရပါ။ အိပ်ချင်မူးတူးဖြင့် ကျွန်တော့်ခေါင်းပေါ်၌ ပိနေသော အိပ်ရာကိုပင် မသိပါ။ ဆူဆူညံညံအော်ဟစ်သံများကိုသာ ကြားနေရသည်။



'ကျွန်တော့်ကို ဆွဲထုတ်ပေးကြပါ၊ ဆွဲထုတ်ပေးကြပါ'ဟုသာ အဆက်မပြတ် အော်နေမိသည်။ ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် သချိုင်းဂူတစ်ခုထဲ၌ ...ညှပ်ပိတ်ထားခြင်းခံနေရသည်ဟု ယုံကြည်လျှက်ရှိ၏။ ဘရက်မှာလည်း သူ့ပရုတ် ...ရည်နှင့် ပြဿနာဖြစ်ကာ တခွီး....ခွီး ဖြစ်လျှက်ရှိပါသည်။

ထိုအချိန်တွင် ကျွန်တော့်အမေသည် ပါးစပ်မှအော်ဟစ်ရင်း အထပ်ခိုးတံခါး ဆီသို့ ပြေးနေသည်။ ဟာမင်းကလည်း နောက်မှအော်ဟစ်ကာ ပြေးလိုက်လျှက် ရှိသည်။ အမေ၏ရည်ရွယ်ချက်မှာ အထပ်ခိုးပေါ်ရှိ အပျက်အစီးများကြားမှ အဖေ့ အား ဆွဲထုတ်ရန်ဖြစ်သည်။ တံခါးကိုဖွင့်သည့်အခါ ရုတ်တရက် ဖွင့်မရ။ ဗျာယာ ...နေသဖြင့် အလွဲလွဲအချော်အချော်တွေ ဖြစ်လျှက်ရှိသည်။ အမေနှင့် ဟာမင်းတို့ ...တ်မှ ပြေးလိုက်လာသော ရှိုင်းနှင့်ခွေးမှာလဲ သူတို့နောက်နား၌ ရောက်သွား ...ဖြစ်၏။ ရှိုင်းသည် ဘာတွေအော်နေမှန်းမသိ အော်လျှက်ရှိသည်။ ခွေးကလည်း ...တ်မပြတ် ဟောင်လျှက်ရှိသည်။

အလွန်အအိပ်ကြီးသော ကျွန်တော့်အဖေသည် ပထမတွင် ဘာသံမှလည်း ...ကြား၊ ဘာကိုမှလည်းမသိ၊ အထပ်ခိုးတံခါးကို တဖုံးဖုံးတဒိုင်းဒိုင်း ထုရိုက်နေသည့် ...ါတွင်မှ အိပ်မောကျနေရာမှ နိုးလာသည်။ နိုးလျှင် နိုးချင်း အိမ်မီးလောင်နေပြီဟု ...င်လိုက်သည်။ အပြင်မှ လူများဘက်သို့လှည့်ကာ 'ငါလာပြီဟေ့ ..... ငါလာပြီ' ...ပြန်အော်သည်။ အိပ်ချင်မူးတူးဖြင့် အော်နေခြင်းသာဖြစ်၍ လူကတော့ ထိုင်နေ ...မှ ချက်ချင်း ထမလာနိုင်။ သူ့အသံမှာလည်း ပီပီသသမဟုတ်။ အမေသည် ...အချိန်အထိ အဖေ့ကိုစိတ်မချသေး။ အဖေသည် ကုတင်ပိပြီး သေလုနီးပါးမျှ ...ချာနေသည်ဟု ထင်မှတ်ဆဲ။ ထို့ကြောင့်လည်း 'သူ အသက်ငင်နေပြီထင် ...' ဟု အော်နေဆဲဖြစ်၏။

"ကျွန်တော် ဘာမှမဖြစ်ဘူး" ဟု ဘရက်က ဝင်အော်သည်။ သူကလည်း ...အတွေးနှင့်သူ ဖြစ်သည်။ ကျွန်တော့်အမေလည်း သူ့အသက်ရှူရပ်သွားပြီဟု ...င်တာ အော်ဟစ်နေဆဲဖြစ်သည်ဟု ယူဆသည်။ ထို့ကြောင့်လည်း ကျွန်တော့် ... စိတ်အေးစေရန် သူဘာမှမဖြစ်ပါဘူးဟု လှမ်းအော်နေခြင်းဖြစ်သည်။

နောက်ဆုံးတွင် ကျွန်တော်သည် အခန်းထဲ၌ မီးလင်းလာသည်ကို သတိပြု ...ည်။ ချက်ချင်းထ၍ တံခါးကိုဖွင့်ကာ ဘရက်နှင့်အတူ အပြင်သို့ထွက်ခဲ့သည်။ ...ထပ်ခိုးတံခါးဝ၌ ရောက်နေကြသည့် အမေတို့အုပ်စုနှင့် ပေါင်းမိသည်။ ဘရက်ကို ...င်သော ခွေးသည် ဆူဆူညံညံအသံများကြောင့် ဘရက်အား လူဆိုးတစ်ဦးဟု

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ပုံရသည်။ ဘရက်ဆီသို့လှမ်းခုန်ကာ ကိုက်ရန်အားထုတ်သည်။ ရှိုင်းကသာ အချိန်မီဖမ်းချုပ်ပြီးကိုင်မထားလျှင် ဘရက်သည် ခွေးပါးစပ်ထဲ ရောက်မည်မှာ မလွဲပါ။

အခန်းတွင်းမှ အဖေ၏လှုပ်ရှားသံများကို ကျွန်တော်တို့ ကြားနေရ၏။ အဖေသည် အိပ်ရာကုတင်အောက်မှ လေးဖက်တွား၍ ထွက်လာနေဟန်တူသည်။ ရှိုင်းသည် အထပ်ခိုးတံခါးကို တအားကုန်ဆောင့်ဆွဲလိုက်သဖြင့် ပွင့်သွားသည်။ အဖေသည် အိပ်မှုံစုံမွှားဖြင့် လှေကားမှ ဆင်းလာသည်။ သူ့မျက်နှာထားသည် စိတ်တိုနေဟန်ရှိ၏။ အဖေ ဘာမှ အန္တရာယ်မဖြစ်သည်ကို မြင်ခါမှပင် အမေသည် ငိုပါလေတော့သည်။ ခွေးကလည်း ဖြုံးကနဲ ထ၍အူပါလေတော့၏။ "မင်းတို့ ဘာတွေဖြစ်နေကြတာလဲကွာ" ဟု အဖေက စိတ်ပျက်နေသဖြင့် မေးပါသည်။

နောက်ဆုံးတွင် အခြေအနေရပ်ရပ်သည် ကျွန်တော်တို့အုပ်စုက တစ်ယောက်တစ်ယောက် ရှင်းပြခြင်းအားဖြင့် အဖြေမှန်ထွက်လာသည်။ ထိုညက ဖိနပ်မစီးဘဲ ဆင်းလာရသဖြင့် အဖေ အအေးပတ်သွားသည်မှတစ်ပါး အခြားဘာမှ မဖြစ်ပါ။ နင်တို့အဘိုးမရှိတာ ကံကောင်းတယ်ဟု အကောင်းဖက်ကသာ ရှုမြင်သုံးသပ်လေ့ရှိသော အမေက ပြောပါသည်။

THE NIGHT THE BED FELL

JAMES THURBER

□

## အသက်ကလေးရယ်တဲ့ "တို" စေလို

အက်ပရီးဗီးလ် ရပ်ကွက်အတွင်းမှ စားသောက်ဆိုင်ပိုင်ရှင် ဂျူလီချီကော့သည် အဖွားကြီးမက်ဂ်လိုရီ၏ ကဂတော့ဆဲသို့ ရောက်သည်နှင့်တစ်ပြိုင်နက် သူ၏ ...စောက်စီး မြင်းရထားကို ရပ်လိုက်သည်။ ချီကော့သည် အရပ်မြင့်မြင့် တုတ်တုတ် ...နှင့် မျက်နှာပြုံပြုံ နီရဲရဲဖြစ်သည်။ အသက်မှာလေးဆယ်ခန့်ရှိပြီဖြစ်၍ လူအများ ...သူ့အား အလွန်လည်သူ၊ အကင်းပါးသူ၊ ပါးနပ်လိမ်မာသူတစ်ဦးဟု အသိ ...အမှတ်ပြုကြလေသည်။

သူသည် သူ့မြင်းအား ဝင်းတံခါးတိုင်တွင် ချည်ထားခဲ့ပြီး ယာတောအတွင်း ...ခဲ့သည်။ ဤအနီးအနားတွင် သူပိုင် မြေတစ်ကွက်ရှိနေသည်ဖြစ်ရာ ထိုမြေသည် ...တောပိုင်ရှင်အဖွားကြီး မက်ဂ်လိုရီ၏ ယာမြေနှင့် ဆက်စပ်နေသည်။ သူသည် ...မြေနှင့် ဆက်စပ်နေသော အဖွားကြီး၏မြေကို လိုချင်လောဘတက်နေခဲ့သည် ...ကြာခဲ့ပြီ။ ဤမြေကို သူ့အားရောင်းဖို့ အဖွားကြီးအား ပြောခဲ့သည်မှာလည်း ...ကြိမ်ပေါင်း မနည်းတော့ပြီ။ သို့သော်လည်း အဖွားကြီးသည် ခေါင်းမာသည့် ...နှစ်ယောက်မရှိဘူးဟု ဆိုရမည်ထင်၏။ သူ့မြေကိုမရောင်းဟု အကြောက် ...ငြင်းဆန်လျက် ရှိလေသည်။

"ငါ့ကို ဒီမြေမှာမွေးခဲ့တာကွယ့်။ ငါက ဒီမြေပေါ်မှာပဲနေပြီး ဒီမြေပေါ်မှာပဲ ...မယ်လို့ ဆုံးဖြတ်ထားတာ" ဟူသောစကားသည် အဖွားကြီးထံမှ သူ အမြဲ ...သည့် အဖြေဖြစ်၏။ ချီကော့က ရောင်းဖို့သွားပြောတိုင်း အဖွားကြီးသည် ဤ ...တစ်ပါး အခြားစကားများကို ပြောလေ့မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ယာတောခြံဝင်းထဲသို့ ဝင်သွားသည့်အခါ ချိုကေ့ာသည် အိမ်တံခါးဝ၌ ခွေးခြေ
တစ်လုံးပေါ်၌ထိုင်၍ အာလူးများကို အခွံနွှာနေသော အဖွားကြီးအားတွေ့ရသည်
အဖွားကြီးမှာ အသက် ခုနှစ်ဆယ့်နှစ်နှစ်ခန့် ရှိပြီဖြစ်၍ ပိန်ချောက်ချောက်နှင့်
တစ်ကိုယ်လုံး အကြောတွေပြိုင်းပြိုင်းထကာ ပါးရေနားရေများမှာ တွန့်လိမ်နေကြ
ဖြစ်သည်။ အဆီအသားဟူ၍ လုံးဝမရှိရသည့်အထဲ ခါးက ကိုင်းနေသေး
သို့သော်လည်း အဖွားကြီးသည် ယခုအချိန်တွင် ကောင်မလေး တစ်ယောက်သဖွယ်
သွက်လက်ဖျတ်လတ်နေဆဲဖြစ်သည်။ ဘယ်တော့ တွေ့လိုက်တွေ့လိုက် ပင်ပန်း
နွမ်းနယ်နေသည့်ပုံမရှိဘဲ အမြဲတစေ လျှင်မြန်သွက်လက်စွာ လှုပ်ရှားနေနိုင်
ဖြစ်သည်။

ချိုကေ့ာသည် အဖွားကြီးအား တရင်းတနှီးရှိသောအမူအရာဖြင့် ကျော
လက်ဖြင့်ပုတ်၍ နှုတ်ဆက်ကာ အဖွားကြီးအနီးရှိ ခွေးခြေတစ်လုံးပေါ်၌ ဝင်ထိုင
သည်။ "ဘယ်လိုလဲ … အမေရဲ့၊ အမေ့ကိုကြည့်လိုက်ရင် အမြဲတမ်း ဒေါင်ဒေါ
ကိုမြည်နေတာပဲ၊ အခုလို ကျန်းကျန်းမာမာတွေ့ရတိုင်း ကျွန်တော်ကတော့ သိပ်
ဝမ်းသာတယ်"ဟုလည်း ပြောသည်။

"ငါ့မှာက ပူစရာပင်စရာသောကဆိုလို့ ဘာမှရှိတာမဟုတ်ဘူးကွယ့်၊ အဲ
တော့လဲ မာတာပေါ့လေကွယ်၊ မင်းကကော ဘယ်လိုလဲ၊ နေထိုင်ကောင်း
မဟုတ်လား"ဟု အဖွားကြီးက ပြန်ပြောသည်။

"တစ်ခါတစ်လေ အဆစ်အမြစ်တွေ ကိုက်တာကလွဲလို့ တခြားကြီးကြီး
မားမား ဘာမှမဖြစ်ပါဘူးခင်ဗျာ၊ ကျန်းမာတယ်လို့ပဲ ပြောရမှာပေါ့။ အခုလိုမေးတော့
ကျေးဇူးတင်ပါတယ်အမေရယ်"

"အေးပေါ့ကွယ် အဲသလိုဆိုတော့လဲ ကောင်းတာပေါ့"

အဖွားကြီးသည် နောက်ထပ် ဘာမှထပ်မပြောတော့ဘဲ အာလူးများကို ဆက်၍
အခွံနွှာသည်။ ချိုကေ့ာသည် အဖွားကြီး၏အရိပ်အခြေကို အထူးသတိထား၍
ကြည့်နေသည်။ အဖွားကြီး၏ ကောက်တောက်တောက် ကွေးတေးတေး လက်
ချောင်းများသည် အာလူးများကို တစ်လုံးပြီးတစ်လုံး ကောက်ယူကာ ကျန်လက်ထဲ
ဓါးဖြင့် အခွံများကို လှီးချနေသည်။ အခွံနွှာပြီးသည့် အာလူးများကို သူ့အနီး၌
ချထားသော ရေပုံးထဲသို့ ပစ်ချသည်။ သူ့လက်များ၏ လှုပ်ရှားမှုသည် သွက်လက်
ရုံမျှမက မြန်လည်း မြန်ဆန်လွန်းလှပေသည်။

အတင့်ရဲသော ကြက်သုံးကောင်သည် တစ်ကောင်ပြီးတစ်ကောင် အဖွားကြီး



ရင်ခွင်ထဲသို့ ခုန်တက်ကာ ခါးစည်းအဝတ်ပေါ်၌ကျနေသော အာလူးခွံများကို
ထောက်ချိုကာ ခြေကုန်သုတ်၍ ထွက်ပြေးကြသည်။

အဖွားကြီးအား ထိုင်၍ကြည့်နေသော ချိုကေ့ာသည် စိတ်ရှုပ်လျက်ရှိ၏။
ရှိုက်ကြောင့်ကျမှုလည်း ဝင်လျက်ရှိသည်။ သူ၏လျှာဖျားပေါ်တွင် သူပြောလိုသည့်
စကားများရှိနေသည်။ သို့သော်လည်း ရုတ်တရက် ပြောမထွက်။ ဘယ်လိုပြောရပါ့
မလဲဟု စဉ်းစားကာ အကြံရခက်နေသည်။ နောက်ဆုံးတွင် သူသည် သူ့စိတ်ကို
အင်း၍ ပြောလိုသည့်စကားကို ပြောသည်။

"အမေ မက်ဂ်လိုရီကို ကျွန်တော် ပြောစရာလေးတစ်ခုရှိနေလို့ပါ"

"ပြောစရာရှိတာ ပြောပါကွယ်၊ ဘာများပြောချင်လို့လဲ"

"အမေက အမေ့ယာမြေကို မရောင်းဘူးဆိုတာ အမှန်တကယ်ပဲလား"

"အမှန်ပေါ့ မွန်စီယာချိုကေ့ာရယ်၊ ငါပြောခဲ့တဲ့စကားက ငါ့စကားပဲ။ ငါက
အသေအချာ စဉ်းစားဆုံးဖြတ်ပြီးမှ ပြောခဲ့တာကွယ့်၊ နောက်ထပ်မေးစရာကို မလို
တော့ဘူး"

"ဟုတ်ပါတယ် ခင်ဗျာ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က စိတ်ကူး
တစ်ခုရလို့ ထပ်မေးမိတာပါ၊ ကျွန်တော် အခု စဉ်းစားမိတာလေးကတော့ ကျွန်တော်
နဲ့ အမေတို့နှစ်ဦးစလုံးအတွက် သိပ်ကောင်းပြီး သိပ်ကိုအကျိုးဖြစ်လိမ့်မယ်လို့ ထင်မိ
လို့ပါ"

"အင်း ဆိုစမ်းပါဦး၊ မင်းရတဲ့စိတ်ကူးက ဘာလဲ"

"ဒီလို အမေရဲ့၊ အမေ့မြေကို ကျွန်တော်က ဝယ်မယ်၊ ဒါပေမယ့် မြေက
တော့ အမေ့လက်ထဲမှာပဲ ရှိနေမယ်၊ ကျွန်တော်ပြောတာကို အမေသဘောမ
ပေါက်ပါ့မလား မပြောတတ်ဘူး၊ ကျွန်တော်ထပ်ပြီး ရှင်းပြပါ့မယ်၊ အမေ သေသေ
ချာချာ နားထောင်ကြည့်ပါ"

အဖွားကြီးသည် အာလူးအခွံနွှာနေသည့် အလုပ်ကို ရပ်ထားလိုက်သည်။
မျက်မှောင်ကြုတ်၍ ချိုကေ့ာ၏ မျက်နှာကို စူးစူးဝါးဝါးကြည့်ပြီး နားစွင့်သည်။
ထိုအခါ ချိုကေ့ာက အားတက်သရောပြောသည်။

"ဒီလိုပါခင်ဗျာ ကျွန်တော်အသေအချာရှင်းပြပါ့မယ်"ဟု ချိုကေ့ာက အောက်
ကျို့ခံသောလေသံဖြင့် စကားစသည်။ "ကျွန်တော်က အမေ့ကို လတိုင်း လတိုင်း
အရောင်းငွေသုံးဆယ် မှန်မှန်ပေးသွားပါ့မယ်။ ကျွန်တော်ပြောတာ သဘောပေါက်တယ်
မဟုတ်လား၊ ကျွန်တော် ဆိုလိုတာက လစဉ် ကျွန်တော်က အမေ့ဆီလာပြီး

www.burmeseclassic.com

www.burmeseclassic.com



ကရောင်းငွေသုံးဆယ် လက်ထဲထည့်ပေးမယ်၊ အဲဒီလို ငွေပေးနေတဲ့အတွက် အမေ့ဘဝဟာ ဘာတစ်ခုမှ ပြောင်းလဲသွားမှာမဟုတ်ဘူး။ အဲဒါကို စိတ်ချ နည်းနည်းကလေးမှ ပြောင်းလဲသွားမှာမဟုတ်ဘူး။

"အမေက အခုနေသလိုပဲ အမေ့ရဲ့ယာတောထဲကအိမ်မှာ ဆက်နေသွား ရမှာပါ၊ ကျွန်တော်ပေးနေတဲ့ငွေကို လက်ခံလို့ အမေဘာမှမဖြစ်ဘူး၊ အဲဒါယုံ အမေ့စိတ်ထဲမှာ လုံးဝ အပူအပင်မထားပါနဲ့ ဟုတ်လား။ ကျွန်တော့်ကိုလည်း ဘာမှ အားနာစရာမလိုပါဘူး၊ အမေ့ဘက်က လုပ်ပေးရမှာတစ်ခုတော့ ရှိပါတယ် ဒါလည်း သိပ်ပြီး ပူစရာတစ်ခုမဟုတ်ပါဘူး၊ ကျွန်တော်က လစဉ်ပေးသွားတဲ့ ငွေကို အမေက လက်ခံသွားဖို့ပါ၊ ဒါဆိုရင် အမေ့အတွက် အဆင်ပြေတယ် မဟုတ် လားဟင်"

ချီကော့သည် အဖွားကြီးအား ချော့ချော့မော့မော့လေသံဖြင့် ပြုံးကာ ရယ်က ပြောနေခြင်းဖြစ်၏။ အဖွားကြီးကတော့ ချီကော့အား မယုံသင်္ကာဖြစ်သော မျက်နှာ ဖြင့် မျက်လုံးကြီးများပြူး၍ ကြည့်နေသည်။ "ဒီအကောင် ငါ့ကို ထောင်ချောက် ဆင်ပြီး ဖမ်းနေတာများလား"ဟု တွေးနေဟန်လည်းရှိသည်။

"အင်း .. မင်းအခုပြောနေသလိုဆိုရင်တော့ မင်းအစီအစဉ်က ငါ့အတွက် ကောင်းသလိုလိုပဲ၊ ဒါပေမယ့် ငါ့ယာတောကို မင်းလက်ထဲ မလွှဲပေးရဘူးဆိုတာက ဟုတ်မှဟုတ်ရဲ့လား"

"ဟာ စိတ်ချပါ ဒီအတွက် လုံးဝစိတ်မပူနဲ့"ဟု ချီကော့က ပြန်ပြောသည်။ "ဘုရားသခင် အရှင်သူမြတ်က အမေ့ကို အသက်ရှင်ခွင့်ပေးထားတဲ့ အချိန်ထိ အမေ ဒီမြေပေါ်မှာနေပါ၊ ကြိုက်သလိုနေလို့ရပါတယ်။ ဆိုလိုတာက အမေရဲ့အသက် မထွက်မချင်း၊ ဟာ အဲသည်လိုပြောတော့လဲ သိပ်မကောင်းဘူး။ ဟိုလေ အမေ မသေမချင်းပေါ့ဗျာ။ အင်း ... အမေ မသေသမျှကာလပတ်လုံး ဒီမြေပေါ်မှာ အမေနေရမယ်"

"အဲ အမေက ကျွန်တော့်အတွက် တစ်ခုတော့လုပ်ပေးရမှာပေါ့။ ဒါလည်း ပြဿနာမရှိပါဘူး၊ အမေက ရှေ့နေတစ်ယောက်ဆီသွားပြီး အမေသေတဲ့အခါမှာ ဒီမြေကို ကျွန်တော့်လက်ထဲ လွှဲပေးကြောင်း သေတမ်းစာတစ်စောင် လုပ်ထား ပေးရမယ်။ အဲဒီအပေါ်မှာ အမေက လက်မှတ်တော့ ထိုးပေးရမှာပေါ့"

"အမေလည်းသိသားပဲ၊ သားသမီးတစ်ယောက်မှလည်းမရှိဘူး၊ အမေ့ရဲ့ တူတွေနဲ့ တူမတွေကိုလည်း အမေ့အနေနဲ့ ကောက်ရိုးတစ်မျှင်လောက်တောင်



တန်ဖိုးထားပြီး သံယောဇဉ်ရှိတာမှမဟုတ်တာ။ အဲဒီတော့ ကျွန်တော်ပြောတာကို အမေဘာယ်လိုသဘောရလဲ။ အမေ့အတွက် အဆင်ပြေတယ်မဟုတ်လား၊ အမေ အသက်မထွက်မချင်း အမေ့ပစ္စည်းအားလုံးဟာ အမေပိုင်ပဲ၊ ကျွန်တော်က တစ်လ ပြည့်တိုင်း ကရောင်းငွေသုံးဆယ် မှန်မှန်လာပေးမယ်။ အမေ မသေမချင်း လစဉ် ပုံမှန်ဝင်ငွေရှိနေမှာဆိုတော့ အမေ့မှာ အကျိုးရှိတာပေါ့ဗျာ ဟုတ်ဘူးလား"

အဖွားကြီးသည် များစွာ အံ့အားသင့်နေသည်။ စိတ်လည်း လှုပ်ရှားလာသည်။ ချီကော့ပြောသည့်အတိုင်း ချက်ချင်း သဘောတူလက်ခံလိုက်လျှင် ကောင်းလေ လားဟုပင် တွေးလိုက်မိသည်။ သို့သော်လည်း ချီကော့ထင်သလောက် မထူမအ သော အဖွားကြီးသည် သူ့စိတ်ကို ပြန်လည်ထိန်းချုပ်ကာ စဉ်းစားသည်။

"ဒီကိစ္စကို ငါက သဘောမတူဘူးလို့တော့ မပြောပါဘူးကွယ်။ နောက်တစ် ပတ်ကြာရင် မင်းတစ်ခေါက်ပြန်လာခဲ့၊ တို့နှစ်ယောက် ထပ်ပြီး ဆွေးနွေးကြမယ်၊ အဲဒီအခါမှာတော့ ငါ မင်းကို အဖြေအတိအကျပေးနိုင်မှာပါ"

အဖွားကြီးစကားကြားရသော ချီကော့သည် အင်ပါယာနိုင်ငံကြီးတစ်ခုအား တိုက်ခိုက်ရယူနိုင်လိုက်သော ဘုရင်တစ်ပါးလိုဖြစ်သွားသည်။ များစွာဝမ်းသာ အား တက်ပြီး မြေကြီးပေါ်ခြေမချတော့သည့်ပုံမျိုးဖြင့် ပြန်သွားလေ၏။ အဖွားကြီးသည် ချီကော့ပြန်သွားပြီး နောက်ပိုင်းတွင် ထိုကိစ္စကို ထပ်တလဲလဲ စဉ်းစားသည်။ အပြန် ပြန်အလှန်လှန် တွက်သည်။ ထိုညတစ်ညလုံး အိပ်မပျော်၊ နောက်လေးရက်အတွင်း ၌လည်း အဆုံးအဖြတ်မပြုနိုင်ဘဲ ချီတုံချတုံဖြစ်လျက်ရှိ၏။ ယခု ကမ်းလှမ်းချက်၏ နောက်ကွယ်တွင် သူ့အကျိုးပျက်စရာ တစ်ခုခုရှိနေသည်ဟု သံသယဝင်နေသည်။ သို့သော်လည်း လစဉ်ရသွားမည့် ကရောင်းငွေသုံးဆယ်ကိုတော့ တွေးမိလိုက်တိုင်း ရင်ထဲတွင် တဒိတ်ဒိတ်ခုန်သည်။

ထိုငွေကြောင့် သူ့စိတ်သူ ဝေခွဲ၍ မရနိုင်သည့် အဖြစ်သို့ဆိုက်ရောက်လာ သည်။ တကယ်တော့ ထိုငွေသည် အပင်ပန်းခံ၍ အလုပ်မလုပ်ဘဲရနေမည့် ငွေဖြစ် သည်။ အထက်မိုးကောင်းကင်မှ သူ့ရင်ခွင်ထဲသို့ လုံးဝမမျှော်လင့်ဘဲနှင့် ကျလာ သည့်ငွေများဟုပင် ဆိုနိုင်သည် မဟုတ်ပါလော ..။

ဤသို့ဖြင့် နောက်ဆုံးတွင်အဖွားကြီးသည် ရှေ့နေတစ်ယောက်ထံသွား၍ တိုင်ပင်သည်။ "ဤကိစ္စကို သူ့ဘယ်လိုလုပ်ရလျှင်ကောင်းမလဲ"ဟု အကြံတောင်း သည်။ ရှေ့နေက ချီကော့၏ ကမ်းလှမ်းချက်ကို လက်ခံရန်တိုက်တွန်းသည်။ သို့သော်လည်း လစဉ်ပေးမည့်ငွေကို ကရောင်းသုံးဆယ်အစား ငါးဆယ်အထိ

www.burmeseclassic.com

www.burmeseclassic.com



တိုးတောင်းရန် အကြံပေးသည်။

"ခင်ဗျားပိုင်တဲ့မြေက ပေါက်ဈေးနဲ့ဆိုရင် အနည်းဆုံး ဖရန့်ငွေ ခြောက်သောင်းလောက်တန်တယ်၊ ဒါကြောင့်မို့ တိုးတောင်းခိုင်းတာ"ဟု ပြောသည်။ "တကယ်လို့ ခင်ဗျားက နောက်ထပ် ဆယ့်ငါးနှစ်တိတိ အသက်ရှင်နေတယ်ဆိုပါတော့ အဲဒီကာလအထိ သူ့ဆီကရမဲ့ငွေဟာ ဖရန့်ငွေ လေးသောင်းငါးထောင်ပဲရှိမယ်၊ အဲဒီတော့ ကာလတန်ဖိုးနဲ့ သိပ်မကွာသွားအောင်တော့ တောင်းသင့်တယ်"ဟုလည်း ရှင်းပြလေသည်။

အဖွားကြီးသည် လစဉ်ရနေမည့် ကရောင်းငွေ ငါးဆယ်အတွက် ဝမ်းသာလွန်းသဖြင့် တစ်ကိုယ်လုံးတုန်ယင်နေသည်။ ဤကြားထဲမှ သူသည် ချီကော့အပေါ် မယုံသင်္ကာဖြစ်နေပြန်၏။ ကလိန်ကကျစ်ကျတာများ ရှိသေးသလားဟု တွေးကာ စိတ်မအေးဖြစ်ပြန်သည်။ သူသည် ရှေ့နေအား မေးခွန်းပေါင်း အများအပြားထပ်မေးကာ သူ့သံသယ မှန်မမှန် ဆန်းစစ်ပြန်သည်။ နောက်ဆုံး ကျေနပ်လောက်ပြီဟု ထင်ခါမှ ရှေ့နေအားသေတမ်းစာတစ်စောင် ရေးခိုင်းကာ သေတမ်းစာနှင့်အတူ အိမ်သို့ပြန်သည်။ လစဉ် ကရောင်းငွေငါးဆယ်ရမည့် အရေးကိုတွေးကာ အရက်သုံးလုံးကုန်အောင်သောက်ပြီး အိမ်ပြန်လာသည့် အရက်သမားတစ်ယောက်သဖွယ် မမှန်သောခြေလှမ်းများနှင့် ပျော်ရွှင်မြူးတူးစွာဖြင့် သူ့အိမ်ပြန်ခဲ့လေသည်။

ချီကော့သည် များစွာ အံ့ဩသင့်သွားသည်။ စိတ်ဓာတ်လည်း ကျသွားရုံသာမက မခံချိမခံသာ ဖြစ်နေသည်။ ချက်ချင်းပင် အဖွားကြီးတောင်းသည့်အတိုင်း မပေးနိုင်ဟု ခါးခါးသီးသီးငြင်းသည်။ ထိုအခါ အဖွားကြီးက သူအသက်ရှင်နေရမည့်ကာလနှင့် ချီကော့ပေးမည့်ငွေကို နှိုင်းယှဉ်ပြီးတွက်ချက်ပြသည်။

"မင်းကလဲကွယ်၊ ကပ်သီးကပ်သတ်လုပ်မနေပါနဲ့တော့ ငါနေရလှရင် အလွန်ဆုံး လေးငါးခြောက်နှစ်ထက်မပိုပါဘူးဟယ်"ဟုပြန်ပြောသည်။ "မင်းကလည်းပဲသိသားနဲ့၊ ငါ့အသက်ကအခုဆိုရင် ခုနစ်ဆယ့်သုံးနှစ်နား နီးနေပါပြီကွယ်၊ အခု ငါရောက်နေတဲ့ အသက်နဲ့တွက်ရင် နောက်ထပ် ငါးနှစ်ခြောက်နှစ်တောင် နေရပါတော့မလားမသိဘူး၊ ဟိုတစ်နေ့ညကဆိုရင် ထိုင်ရင်းနဲ့ နေမကောင်းဖြစ်လိုက်တာ ငါ့ကိုယ်ငါသေတော့မလားထင်မိတယ်၊ အိပ်ရာပေါ်ရောက်ဖို့တောင် ကိုယ့်ကိုယ်ကို မနည်းကြီးသယ်လာခဲ့ရတယ်သိလား"

သို့သော်လည်း ချီကော့သည် အဖွားကြီး၏ စကားကိုလက်မခံ။



"ဟာ ဒီစကားတွေလာပြောမနေစမ်းပါနဲ့ဗျာ၊ ခင်ဗျားကြီးကျန်းမာတာမှ ခေါင်ခေါင်မြည်ပါ၊ ခင်ဗျားကြီးကိုကြည့်လိုက်ရင် ဘုရားရှစ်ခိုးကျောင်း အုတ်မျှော်စင်ကြီးတစ်ခုလို တောင့်တောင့်တင်းတင်းကြီးပဲရှိနေသေးတယ်ဆိုတာ သိနေတာပဲ၊ တော်တော်ကြာ ခင်ဗျားအရင် 'မရှောဘဲ' ကျုပ်က အရင်'ရှော'နေမှာတောင် စိုးရိမ်ရသေးတယ်။ လူတစ်ယောက်ရှောတယ်ဆိုတာက အလွန်မသေချာမရေရာတဲ့ တာမျိုးဗျ"

ဤသို့ဖြင့် အဖွားကြီးနှင့် ချီကော့တို့သည် ငွေကြေးကိစ္စကို တစ်နေ့လုံး ဆွေးနွေးနေကြသည်။ မာလိုက်၊ ပျော့လိုက်၊ ချော့လိုက်၊ ခြောက်လိုက်နှင့် တစ်ယောက်နှင့် တစ်ယောက်နည်းပရိယာယ်မျိုးစုံသုံး၍ ဈေးညှိကြသည်။ နောက်ဆုံးတွင် ချီကော့သည် ကရောင်းငွေ နှစ်ဆယ်အစား သုံးဆယ်အထိ တိုးပေးသည်။ အဖွားကြီးက မလျှော့၊ ဤတွင် ချီကော့ဘက်မှ အဖွားကြီးတောင်းသည့်အတိုင်း ကရောင်းငွေငါးဆယ်ပေးရန် သဘောတူသွားရလေသည်။

သုံးနှစ်တိတိမျှ ကုန်လွန်သွားပြီဖြစ်၏။ အဖွားကြီး မက်ဂ်လိုရီသည် ဘာမှ မဖြစ်သေး။ ကျန်းမာပကတိ ချမ်းသာစွာဖြင့်ရှိနေသဖြင့် လစဉ် ကရောင်းငွေငါးဆယ် ပေးနေရသော ချီကော့မှာ သောကပင်လယ်ဝေလျက်ရှိ၏။ ချီကော့သည် အဖွားကြီးအားကြည့်ပြီး များစွာ စိတ်ပျက်လျက်ရှိသည်။ ယခုပုံအတိုင်းသာဆိုပါက အဖွားကြီးသည် တော်တော်နှင့်သေဦးမည်မဟုတ်။ အကယ်၍များ နောက်ထပ် အနှစ်ငါးဆယ်လောက်အထိသာ နေဦးမည်ဆိုပါက သူ့ဘဝပျက်ရချေတော့မည်ဟုပင် တွေးနေမိလေပြီ။

သူသည်အဖွားကြီးထံ မကြာခဏသွားလည်ပြီး ကြည့်သည်။ "ဘယ်တော့လောက်များ 'ရှောမလဲ'ဟု အကဲခတ်သွားခြင်းဖြစ်၏။ အဖွားကြီးကလဲ သူရောက်လာတိုင်း မယုံသင်္ကာမျက်နှာထားဖြင့် ဆီး၍ ကြည့်နေလေ့ရှိသည်။ ချီကော့ကတော့ အဖွားကြီးကိုကြည့်ကာ စိတ်ဓာတ်အကြီးအကျယ်ကျသည်။ သွက်လက်ဖျတ်လတ်စွာ သွားလာနေသော အဖွားကြီးကို ကြည့်ကာ မုန်းတီးစက်ဆုပ်ခြင်း၊ အော့နှလုံးနာခြင်း စသော ခံစားမှုများဖြင့် အိမ်ပြန်သွားလေ့ရှိလေ၏။

"ဒီဟာကြီးက ဘယ်တော့များမှ သေပါ့မလဲ၊ ဂျစ်သက်လုံး မသေတော့ဘူးလား"ဟု အသံထွက်၍ပင် ရေရွတ်မိသည်။ အဖွားကြီးမြန်မြန်သေအောင် ဘယ်လိုလုပ်ရလျှင် ကောင်းပါ့မလဲဟုပင် တွေးလိုက်မိသည်။ အဖွားကြီးကိုမြင်သည့်အခါတိုင်း ပြေး၍ လည်ပင်းညှစ်သတ်ချင်စိတ်လည်း ပေါ် ... ပေါ်လာတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် ချီကော့သည်အဖွားကြီးထံသို့ ရောက်လာပြန်သည်။ 'အကြံရခက်လေသနော်'ဟူသော မျက်နှာထားမျိုးဖြင့် အဖွားကြီးအားကြည့်သည်။ ထို့နောက် ချိုပြုံးသောမျက်နှာထားဖြင့် စကားပြောသည်။ မိနစ်လေးဆယ်လောက်ကြာသည့်အခါ သူသည် အလွန်ရိုသေလေးစားသော အမူအရာဖြင့်ကြည့်သည်။

"အမေနဲ့ ကျွန်တော် ခင်မင်ရင်းနှီးလာတာကြာပြီတစ်ခါမှ အမေကျွန်တော့်အိမ်ကိုလာမလည်ဖူးဘူး၊ တစ်ခါလောက် အလည်လာပြီး ညစာလေးဘာလေးစားလှည့်ပါလားဗျာ"ဟု ပြောသည်။ "အရပ်ထဲကတောင် အမေနဲ့ ကျွန်တော့်ကိုမခင်ဘူး၊ မရင်းနှီးဘူးလို့ ပြောကုန်ကြပြီ။ အဲဒီစကားတွေကြားတော့ ကျွန်တော်စိတ်မကောင်းဘူးဗျာ၊ တကယ်ပါ။ ကျွန်တော်က အမေ့ကို ညစာတစ်နပ်လောက်ကျွေးရလို့ ငွေဘယ်လောက်ကုန်မှာလဲ၊ လောကမှာ ငွေက အရေးမကြီးပါဘူးအမေရာ၊ လူချစ်ခင်ဖို့သာ အဓိကပါ။ အမေတစ်ခေါက်လောက်တော့ လာခဲ့ဗျာ။ အမေလာချင်တဲ့ အချိန်သာလာခဲ့၊ ညစာကျွေးဖို့ ကျွန်တော်တာဝန်ယူတယ်"

ဤကိစ္စကျတော့ ချီကော့သည် အဖွားကြီးအား နှစ်ခါပြောဖို့မလို၊ ထိုနေ့က ချီကော့ပြန်သွားသည်။ နောက်တစ်နေ့ ဈေးကြီးနေ့တွင် အဖွားကြီး မက်ဂ်လိုရီသည် မြို့ထဲသို့ ဈေးလာဝယ်သည်ဟုဆိုကာ သူ့မြင်းရထားဖြင့်ရောက်လာသည်။ အမှန်တော့ ချီကော့က သူ့အားညစာကျွေးမည်ဟု ကတိပေးထားသည် မဟုတ်ပါလား။

ချီကော့က ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်သည်၊ သူ့အိမ်ထဲသို့ မင်းသမီးကြီးတစ်ပါးကြွလာသည့်နှယ် တရိုတသေဖြင့် အရေးတယူပြုသည်။ ကြက်ကောင်လုံးကြော်၊ ဆိတ်ပေါင်သားဟင်း၊ ဝက်ပေါင်ခြောက်ကြော် စသည့် အဖိုးတန်ဟင်းလျာများဖြင့် ဧည့်ခံကျွေးမွေးသည်။

အဖွားကြီးသည် များများမစားနိုင်၊ သူသည် နဂိုကတည်းက အစားနည်းသူဖြစ်၏။ သူသည် သူ့အိမ်တွင်လည်း အများအားဖြင့် စွပ်ပြုတ်နှင့် ပေါင်မုန့်တစ်ချပ်နှစ်ချပ်လောက်သာ စားလေ့ရှိသူဖြစ်သည်။

ချီကော့က များများစားဖို့သာ တိုက်တွန်းနေသည်၊ အဖွားကြီးကလည်းငြင်းသည်။ ကော်ဖီတိုက်ပြန်တော့လည်း မသောက်၊ ထိုအခါ ချီကော့က 'ဒါဆိုရင်လဲ အမေရယ် ဘရန်ဒီဖြစ်ဖြစ် တခြားအရက်တစ်မျိုးပဲဖြစ်ဖြစ် တစ်ခွက်တစ်ဖလားတော့ သောက်ပါဦး'ဟု အတင်းတိုက်တွန်းပြန်သည်။

"ကဲ ပါလေ မင်းစေတနာကို လေးစားတဲ့အနေဖြင့် ငါက မငြင်းတော့ပါဘူး၊ အနည်းအကျဉ်းတော့ သောက်ရမှာပေါ့"



ချီကော့သည် ဝမ်းသာအားရဖြစ်ကာ နောက်ဖေးဘက်သို့ လှမ်းအော်သည်။ "ယော ... ရှိဆောလင်း ဘရန်ဒီ အကောင်းစားယူခဲ့ပါဟေ့"

အစေခံသည် ချက်ချင်းပင် ဘရန်ဒီတစ်လုံး လာပို့သည်။ ချီကော့သည် ဖုလင်းကိုဖွင့်ကာ ဖန်ခွက်နှစ်ခွက်တွင် ထည့်သည်။ တစ်ခွက်ကိုအဖွားကြီးအား လှမ်းပေးသည်။ "သောက်ကြည့်စမ်းပါအမေရယ် ပထမတန်းစား ဘရန်ဒီ ဆိုတာ သိသွားပါလိမ့်မယ်"ဟုလည်း ပြောသည်။

အဖွားကြီးသည် ဘရန်ဒီကို ခပ်ဖြည်းဖြည်း သောက်သည်၊ တစ်ငုံချင်းအရသာခံ၍သောက်သည်။ နောက်ဆုံးကျတော့ ဖန်ခွက်ထဲ၌ တစ်စက်မှမကျန်အောင် မော့ချလိုက်၏။

"အေးကွယ် မင်းအရက်က တယ်ပြီးအရသာရှိတာပဲ၊ တကယ့် ပထမတန်းစားပဲဟေ့ ..."

ချီကော့သည် နောက်တစ်ခွက် ထည့်ပေးသည်၊ သည်တစ်ကြိမ်တွင် အပြည့်နီးပါးမျှထည့်သည်။ အဖွားကြီးကငြင်းမည့် လက္ခဏာပြသော်လည်း ချီကော့က သက်ဦးသွားသည်။ အဖွားကြီးသည် ဒုတိယခွက်ကိုလည်း ခပ်မှန်မှန်ပင်သောက်သည်။ ချီကော့က တတိယတစ်ခွက် ကပျာကယာထည့်ပေးပြီး သောက်ရန်တိုက်တွန်းပြန်သည်။ အဖွားကြီးက တော်ပြီဟု ဆိုသည်။

"သိပ်မပြင်းပါဘူး အမေရဲ့ နွားနို့သောက်ရသလောက်ပဲရှိပါတယ်၊ ကျွန်တော်ဆိုရင် ဆယ်ခွက်၊ ဆယ့်နှစ်ခွက်လောက်ကို ချနိုင်တယ်။ ဘယ်လောက်ပဲ သောက်သောက် ဘာမှမဖြစ်ပါဘူး။ စိတ်ချပါ၊ အရသာကလည်း ချိုမြနေတာပဲ၊ သူ့သောက်လို့ ခေါင်းတောင်မအုံဘူး"

အဖွားကြီးသည် နောက်တစ်ခွက် ထပ်သောက်ပြန်သည်။ သို့တစေလည်း ကုန်အောင်မသောက်နိုင်၊ ဖန်ခွက်ထဲတွင် အရက်တစ်ဝက်ခန့် ကျန်နေသည်။ အမှန်တော့ အဖွားကြီးသည် အကုန်သောက်ပစ်ချင်သည်၊ သို့သော်လည်း တမင်သက်သက် ချန်ထားခဲ့ခြင်းဖြစ်သည်။

ထို့နောက်တွင်မှ ချီကော့သည် အလွန်ရက်ရောသော လေသံဖြင့် "အမေ့ကြည့်ရတာ အရသာတွေ့ပုံပေါ်တယ်၊ ကျွန်တော်က အမေ့အတွက် ဆယ်ဂါလံဝင် အရက်စည်လေးတစ်စည် လက်ဆောင်ပေးလိုက်ပါရစေ။ အားမနာနဲ့နော်၊ ယူသာသွားပါ။ အမေနဲ့ ကျွန်တော်တို့ဟာ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတွေပဲမဟုတ်လား"ဟုပြောသည်။ ထို့နောက်အဖွားကြီးသည် သောက်ထားသည့် အရက်ရှိန်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မူးတူးမင်တင်ဖြစ်ကာ ပြန်သွားလေ၏။

နောက်တစ်နေ့တွင် ချီကော့သည် အရက်စည်ပိုင်းလေးတစ်ခုကို မြင်းရထားပေါ်တင်ပြီး အဖွားကြီးထံရောက်လာသည်။ ရောက်လျှင်ရောက်ချင်း စည်ပိုင်းထဲမှ အရက်ကို ဖန်ခွက်ထဲထည့်၍ မြည်းကြည့်ခိုင်းသည်။ သူ့အိမ်တွင် ညစာစားတုန်းကသောက်ခဲ့သည့် အရက်နှင့်တူမတူ မြည်းကြည့်ခိုင်းခြင်းဖြစ်၍ သူကိုယ်တိုင်ကလည်း မော့သည်။ နှစ်ဦးသား သုံးခွက်စီသောက်ပြီးတွင် ချီကော့ပြန်သည်။ မပြန်ခင်သူက အဖွားကြီးအား အရက်ကို မှန်မှန်သောက်ရန် တိုက်တွန်းသွားသည်။

"ကုန်ချင်ကုန်ပါစေ များများသာသောက်ပါ၊ အိမ်မှာအများကြီးရှိနေပါသေးတယ်၊ ကုန်ရင်လာပို့ပေးပါ့မယ် ဟဲ .. ဟဲ .. မြန်မြန်ကုန်အောင်သောက်နိုင်လေ ကျွန်တော်ကတော့ ကျေနပ်လေပါဗျာ"

နောက်လေးရက်ကြာသည့်အခါ ချီကော့သည် တစ်ခေါက်ရောက်လာပြန်သည်။ ထိုအခေါက်တွင် အဖွားကြီး မက်ဂ်လိုရီသည် သူ့အိမ်အပြင်ဘက်၌ထိုင်ကာ ပေါင်မုန့်လှီးနေသည်ကိုတွေ့လျှင် ချီကော့သည် အဖွားကြီးအနီးသို့သွားကာ မျက်နှာချင်းထိလုနီးပါးမျှကပ်၍ အနံ့ခံကြည့်သည်။ အရက်နံ့ထောင်းထောင်းထနေသည်ကို သိလိုက်ရသည့်အခါ များစွာ ဝမ်းသာအားရဖြစ်သွားသည်။ ဤအခေါက်တွင်လည်း အဖွားကြီးနှင့် ချီကော့တို့သည်၊ အရက်သုံးခွက်စီသောက်ပြီးမှ လူချင်းခွဲကြ၏။

မကြာမီမှာပင် အဖွားကြီးမက်ဂ်လိုရီ တစ်ယောက် တစ်နေ့လုံးနီးပါး အရက်တွေသောက်နေသည်ဟူသောသတင်းသည် ပတ်ဝန်းကျင်ရှိလူအများကြား၌ တီးတိုးပြောစရာ အတင်းအဖျင်းသတင်းတစ်ခု ဖြစ်လာသည်။ ထို့နောက် အရက်မူးမူးပြီးလဲနေသောမက်ဂ်လိုရီအား သူ့မီးဖိုချောင်ထဲ၌ တွေ့ရတတ်သည်။ ထို့နောက် ခြံဝထဲ၌ လဲနေသည်ကိုလည်းကောင်း၊ လမ်းမပေါ်တွင် လဲကျနေသည်ကိုလည်းကောင်း တွေ့ရတတ်သည်။ တွေ့ရသည့်အချိန်များတွင် အဖွားကြီးသည် လူမှန်းသူမှန်းမသိဖြစ်နေသဖြင့် သစ်တုံးတစ်တုံးထမ်းသလို အိမ်အရောက် ထမ်းပို့ပေးရသည်ချည်းဖြစ်၏။

ယခုအခါတွင်မူ ချီကော့သည် အဖွားကြီးအနီးသို့ မကပ်တော့ပေ။ လူအများက သူ့အား အဖွားကြီးအကြောင်း ပြောကြသည့်အခါ စိတ်မကောင်းသော မျက်နှာထားဖြင့် "ဒီအသက်အရွယ်ကြီးကျခါမှ အရက်စွဲသွားတဲ့ဟာ သနားစရာပဲပေါ့ဗျာ။ ဒါပေမယ့် ဒီကိစ္စမျိုးက လုပ်ရမလွယ်ဘူး။ အသက်ကြီးတဲ့လူတွေကျတော့ ပြုပြင်ရခက်တယ်။ ရေရှည် အခုလိုပဲ သောက်သွားရင်တော့ ဒီအဖွားကြီး အသက်တိုတော့မှာသေချာတယ်" ဟု ပြောသည်။



ချီကော့၏ စကားသည် မှန်လှပါပေ၏။ နောင်နှစ်ဆောင်းဥတုတွင် အဖွားကြီး ကွယ်လွန်သည်။ ခရစ္စမတ်ပွဲနီးကပ်လာချိန် တစ်ရက်တွင် အဖွားကြီးသည် ဆီးနှင်းပြင်ထဲ၌ လဲကျနေခဲ့ရာမှ ပြန်မထနိုင်တော့ပေ။ နောက်တစ်နေ့မနက်ကျမှ သူ့အလောင်းကို တွေ့ကြရလေ၏။

ယာမြေကို သိမ်းဆည်းရန်ရောက်လာသော ချီကော့၏နှုတ်မှ စကားတစ်ခွန်းထွက်လာသည်။

"တော်တော်မိုက်တဲ့ အဖွားကြီးပဲ။ တကယ်လို့သာ ဒီအဖွားကြီးအရက်မသောက်ရင် နောက်ထပ်အနည်းဆုံး ဆယ်နှစ်လောက် အသက်ရှည်ဦးမှာ သေချာတယ်"

THE LITTLE CASK

GUY DE MAUPASSANT

❑

www.burmeseclassic.com

www.burmeseclassic.com

## သည်လိုဆိုမဖြစ်ဘူးကွယ်

ထောင်တွင်းရှိ ဖိနပ်ချုပ်အလုပ်ရုံထဲတွင် ဂျင်မီဗလင်တိုင်းသည် အလုပ်များလျက်ရှိ၏။ ထိုအခိုက်တွင် ထောင်အရာရှိတစ်ဦး ရောက်လာပြီး ဂျင်မီအား ရုံးခန်းဆီသို့ ခေါ်သွားသည်။ ရုံးခန်းထဲအရောက်တွင် ဂျင်မီအား အရေးကြီးသော စာရွက်တစ်ရွက်ပေးသည်။ စာရွက်က ဂျင်မီအား ထောင်မှ လွှတ်လိုက်ပြီဟု အသိပေးသည်။

ဂျင်မီသည် ပျော်ရွှင်ဟန်လည်းမပြ၊ စိတ်ဝင်စားဟန်လည်းမပြဘဲ စာရွက်ကို ယူသည်။ သူ့အား ထောင်ထဲ၌ လေးနှစ်တိတိနေရန် ပို့လိုက်ခြင်းဖြစ်၏။ အခု သူရောက်ခဲ့သည်မှာ ဆယ်လမျှ ရှိခဲ့ပြီ။ အမှန်အားဖြင့် သူသည် သုံးလမျှသာကြာ သိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ သူ့မိတ်ဆွေ အများအပြားသည် ထောင်အပြင်၌ ရှိနေ၏။ မိတ်ဆွေအပေါင်းအသင်းများသော လူတစ်ယောက်သည် ထောင်ထဲ၌ အချိန်ကြာကြာ နေရလေ့မရှိ။ ထို့ကြောင့် ဂျင်မီသည် ထောင်ထဲ၌ ဤမျှလောက် ကြာကြာနေရလိမ့်မည်ဟု မထင်။

"မင်း မနက်ဖြန် မနက်ဆိုရင် ထောင်ကလွှတ်တော့မယ်" ဟု ထောင်မှူးကြီးကပြောသည်။ "အခုဟာ မင်းအတွက် အလွန်ကောင်းတဲ့ အခွင့်အရေးတစ်ခုပဲ။ မင်းကိုယ်မင်း လူကောင်းဖြစ်လာအောင်လုပ်ပါ။ မင်းဟာ စိတ်ရင်း စေတနာဆိုးတဲ့ လူ မဟုတ်ဘူး။ မီးခံသေတ္တာတွေ ဖောက်ထွင်းတဲ့အလုပ်ကို ဆက်မလုပ်ပါနဲ့တော့။ လူကောင်းဘဝနဲ့ နေသွားပါတော့"

"ကျွန်တော်က မီးခံသေတ္တာတွေဖောက်တယ် .. ဟုတ်လား" ဟု ဂျင်မီက

www.burmeseclassic.com

www.burmeseclassic.com



အံ့အားသင့်သွားသည့်ဟန်ဖြင့် ပြန်ပြောသည်။ "ကျွန်တော့်တစ်သက်မှာ မီးခံသေတ္တာ တစ်လုံးမှ မဖောက်ခဲ့ဖူးပါဘူး ထောင်မှူးကြီးရယ်"

"အော် .. ဟုတ်လား" ဟု ရေရွတ်ကာ ထောင်မှူးကြီးက ရယ်သည်။ "မင်းပြောသလိုဆိုရင် မီးခံသေတ္တာတွေ မဖောက်ခဲ့ဖူးဘူး ဆိုပါတော့ ဟုတ်လား အေးပေါ့လေ .. ငါတို့ကြည့်ကြသေးတာပေါ့"

"မင်း .. စပရင်းဖီးလ်မြို့မှာ မီးခံသေတ္တာကို ဖောက်ခဲ့တဲ့အတွက် ထောင်ကို ဘယ်လိုနည်းနဲ့ ရောက်လာခဲ့ရသလဲဆိုတာတော့ သတိရပေါ့လေကွာ။ မင်းတို့ လူစားတွေဟာ ဒီလိုချည်းပါပဲ။ ကိုယ်ဘယ်မှာရှိနေတယ်ဆိုတာ မပြောချင်လို့၊ ဒါမှ မဟုတ် ကိုယ်နဲ့တွဲနေတဲ့ အမျိုးသမီးရဲ့ နာမည်ကို ထုတ်ဖော်မပြောချင်လို့၊ ဒါမှ မဟုတ်လဲ တရားသူကြီးက အမြင်ကပ်လို့ အစရှိတဲ့ အကြောင်းတွေထဲက အကြောင်း တစ်ကြောင်းကြောင့် ထောင်ကိုရောက်လာတာပါလို့ ပြောလေ့ရှိတယ်။ မင်းထောင် ကို ရောက်လာတာ မီးခံသေတ္တာဖောက်ခဲ့လို့ပါလို့တော့ ဘယ်တော့မှ ပြောလေ့မရှိ ဘူး။ ဒါဟာ ထုံးစံပဲပေါ့လေကွာ"

"ကျွန်တော့်တစ်သက်မှာ စပရင်းဖီးလ်မြို့ကို တစ်ခေါက်တကျင်းတောင် မရောက်ခဲ့ဖူးပါဘူးခင်ဗျာ" ဟု ဂျင်မီက အံ့သြဟန်ဖြင့် ပြန်ပြောသည်။

"ဒီကောင့်ကို ခေါ်သွားတော့"ဟု ထောင်မှူးကြီးက အမှုထမ်းတစ် ယောက်အား လှမ်းပြောသည်။ "သူလွတ်တော့မယ်၊ လိုအပ်တဲ့ အဝတ်အစားတွေ ထုတ်ပေးလိုက်။ မနက်ခုနှစ်နာရီတိတိမှာ ဒီကိုပြန်ခေါ်ခဲ့။ ကဲ .. ဂျင်မီ ငါပြော တာကို မင်းစဉ်းစားပေါ့ကွာ"

နောက်နေ့ မနက် ခုနှစ်နာရီတွင် ဂျင်မီသည် ထောင်မှူးကြီးရုံးခန်းထဲ နောက်ထပ်တစ်ကြိမ် ရောက်သွားပြန်သည်။ သူ့ကိုယ်ပေါ်တွင် ပွယောင်းယောင်း အဝတ်အစားသစ်များ ဝတ်ထားသည်။ သူ့ခြေထောက်များသည် ရှူးဖိနပ်က ကြပ် လွန်းသဖြင့် နာကျင်နေကြသည်။ သို့သော်လည်း သူ မတတ်နိုင်၊ ထောင်မှ ထွက် လျှင် ထောင်သားတစ်ယောက်သည် ထောင်မှ ထုတ်ပေးသည့် အဝတ်အသစ်များ ကို ဝတ်၍ ထွက်ကြရသည်မှာ ထုံးစံတစ်ခု ဖြစ်နေပြီ။

ထို့နောက် ထောင်မှူးကြီးက ထောင်နှင့် မနီးမဝေးရှိ မြို့သို့သွားရန် မီးရထားခ ခရီးစရိတ်ငွေ ထုတ်ပေးသည်။ ထို့ပြင်လည်း အပိုငွေအဖြစ် ငါးဒေါ်လာ ထပ်ထုတ်ပေးသည်။ ထိုငါးဒေါ်လာသည် သူ့အား လူတော်လူကောင်းတစ်ယောက် ဖြစ်မြဲဖြစ်အောင် လုပ်ရာ၌ အသုံးပြုဖို့ ဖြစ်လေသည်။



ထို့နောက် ထောင်မှူးကြီးက ဂျင်မီအား လက်ဆွဲနှုတ်ဆက်သည်။ ဤသို့ ဖြင့် အကျဉ်းသားအမှတ်-၉၇၆၂၊ မစ္စတာဂျိမ်းစ်ဗလင်တိုင်း၏ အကျဉ်းသားဘဝ သည် နိဂုံးချုပ်သွားသည်။ မစ္စတာ ဂျိမ်းစ်ဗလင်တိုင်း သို့မဟုတ် ဂျင်မီသည် ထောင်ထဲမှ ထွက်ကာ အပြင်လောက နေရောင်အောက်သို့ လျှောက်လှမ်းလာခဲ့ သည်။

သူသည် ငှက်များ၏ တေးဆိုသံများကိုလည်း နားမထောင်၊ စိုပြည်စိမ်း လန်းသော သစ်ပင်များကိုလည်း မကြည့်၊ ပန်းရနံ့များကိုလည်း မရှူ ...။ သူသည် စားသောက်ဆိုင်တစ်ဆိုင်သို့ တန်းသွားသည်။ ဆိုင်ထဲတွင် လွတ်လပ်မှု၏ ထူးခြား သော အရသာကို စတင်ခံစားသည်။ ညစာကောင်းကောင်းကိုမှာ၍ စားသောက် သည်။ ထို့နောက် ဘူတာရုံသို့သွားသည်။ ဘူတာထဲတွင် ပိုက်ဆံတောင်းနေသော လူတ်မမြင် တစ်ဦးအား ငွေစအနည်းငယ် ပေးသည်။ ပြီးတော့ ရထားပေါ် တက် ခဲ့၏။

နောက်သုံးနာရီအကြာ မြို့ကလေးတစ်မြို့သို့ ရောက်သည့်အခါ ဂျင်မီသည် ရထားပေါ်မှ ဆင်းခဲ့သည်။ ဘူတာမှ ထွက်ကာ မိုက်ခ်ဒိုလန်၏ စားသောက်ဆိုင် သို့ သွားသည်။ ဆိုင်ထဲတွင် မိုက်ခ်ဒိုလန် တစ်ဦးတည်းရှိသည်။ နှစ်ဦးသား လက်ဆွဲနှုတ်ဆက်အပြီးတွင် ဒိုလန်က "ငါတို့ မြန်မြန်ဆန်ဆန် မလုပ်ပေးနိုင်လို့ စိတ်မကောင်းပါဘူး၊ သူငယ်ချင်းရာ၊ ဒါပေမယ့် ဟို .. မီးခံသေတ္တာကတော့ စပရင်းဖီးလ်မှာ ရှိနေတုန်းပဲ။ သိပ်တော့ မလွယ်ဘူး၊ မင်းကော ဘယ့်နှယ့်လဲ၊ နေကောင်းတယ် မဟုတ်လား" ဟု ပြောသည်။

"ပြေပါတယ်"ဟု ဂျင်မီက ပြောသည်။ "ငါ့အခန်းကတော့ အရင် အတိုင်းပဲ မဟုတ်လား"

သူသည် စားသောက်ဆိုင်နောက်ဖက်ရှိ တိုက်ခန်းဆီသို့ တက်လာခဲ့သည်။ အခန်းထဲတွင် ပစ္စည်းအားလုံး ခြေရာလက်ရာမပျက်။ သူတို့သည် ဂျင်မီအား ဤ အခန်းထဲမှ ဖမ်းမိသွားပြီး ထောင်သို့ ပို့ခဲ့ကြခြင်းဖြစ်၏။ ကြမ်းပေါ်တွင် အဝတ် ကော်တစ်စသည် ရှိနေဆဲ။ ဂျင်မီအား လာဖမ်းစဉ်က သူသည် ရဲလက်ထဲမှ ရုန်းကန် ထွက်ပြေးရန် ကြိုးစားခဲ့သည်။ ထိုစဉ်က ရဲ၏ ကုတ်အင်္ကျီ စုတ်ပြဲကာ ကျကျန် ခဲ့သည့် အစပေတည်း။

အိပ်ရာကုတင်သည် နံရံတစ်ဖက်၌ ကပ်၍ ချထားသည်။ ဂျင်မီသည် ကုတင်ကို အခန်း၏အလယ်သို့ တွန်းပို့လိုက်သည်။ ကုတင်၏ နောက်မှ နံရံသည်

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ယံအားဖြင့် အခြားနံရံများနှင့် အတူတူပင်ဖြစ်သည်။ သို့သော်လည်း ဂျင်မီသည် နံရံပေါ်မှ တံခါးငယ်တစ်ခုကိုဖွင့်၍ အတွင်းမှ ဖုန်တွေတက်နေသော အိတ်တစ်လုံးကို ဆွဲထုတ်လိုက်သည်။

သူသည် အိတ်ကိုဖွင့်ကာ အတွင်းမှ မီးခံသေတ္တာဖောက်သည့် လက်နက်ကိရိယာ တန်ဆာပလာများကို အမြတ်တနိုးကြည့်နေသည်။ ဤမျှလောက် လှပကောင်းမွန်သည့် ပစ္စည်းများကို ဘယ်နေရာမှာမှ မတွေ့နိုင်၊ လိုအပ်သမျှ ပစ္စည်းအားလုံး အပြည့်အစုံရှိသည်။ တစ်သီးတသန့် အထူးတလည် ပြုလုပ်ထားသော ပစ္စည်းများချည်းဖြစ်သည်။ အရွယ်အစားလည်း စုံသည်။ ဤပစ္စည်းများကို ဂျင်မီကိုယ်တိုင် စီမံပြုလုပ်ထားခြင်းဖြစ်၍ ဤပစ္စည်းများအတွက် အမြဲတစေ ဂုဏ်ယူသည်။

ယင်းပစ္စည်းအားလုံးကို ပြုလုပ်ခဲ့စဉ်က ဒေါ်လာငွေ ကိုးရာတိတိ ကုန်ကျခဲ့ရ၏။ လုပ်ပေးခဲ့သည့်နေရာမှာ မီးခံသေတ္တာ ဖောက်ထွင်းရေးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူများအတွက် အထူးပြုလုပ်ပေးသော နေရာတစ်နေရာဖြစ်သည်။

နောက်နာရီဝက်ခန့် ကြာသောအခါ ဂျင်မီသည် အောက်ထပ်သို့ ပြန်ဆင်းကာ စားသောက်ဆိုင်ထဲသို့ ဝင်ခဲ့သည်။ အခုဆိုလျှင် သူသည် အဝတ်အစားသစ်များ လဲထားပြီးပြီ။ သူ့လက်တစ်ဖက်ကလည်း စောစောက အိတ်ကို ဆွဲလာသည်။

"မင်းမှာ လုပ်စရာ အစီအစဉ်တစ်ခုခု ရှိနေပြီလား"ဟု မိုက်ခ်ဒိုလန်က မေးသည်။

• "ငါလား . . "ဟု ဂျင်မီက အံ့အားသင့်သွားဟန်ဖြင့် ရေရွတ်သည်။ "မင်းမေးတာ ငါနားမလည်ဘူး။ ငါက နယူးယောက်မြို့တော် ပေါင်မုန့်နဲ့ကိတ်မုန့်ထုတ်လုပ်ရေးကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့ အလုပ်သမားပဲ။ အကောင်းဆုံး ပေါင်မုန့်နဲ့ ကိတ်မုန့်တွေ ရောင်းတဲ့လူပဲ။ မင်း . . ဘာတွေ လာမေးနေတာလဲ"

မိုက်ခ်ဒိုလန်သည် ဂျင်မီ၏ ပြက်လုံးကို များစွာ သဘောကျသည်။ သူနှင့်အတူတူ တစ်ခုခု သောက်ရန် တကာခံသည်။ ဂျင်မီက နွားနို့သောက်သည်။ သူသည် ဘယ်တော့မှ အရက်သောက်လေ့မရှိ။

အကျဉ်းသားအမှတ် - ၉၇၆၂၊ ဗလင်တိုင်းထောင်မှ လွတ်မြောက်ပြီး သီတင်းတစ်ပတ်အကြာတွင် အင်ဒီယားနားပြည်နယ် ရစ်ချ်မွန်မြို့၌ မီးခံသေတ္တာတစ်လုံး အဖောက်ထွင်းခံခဲ့ရသည်။ ဘယ်သူဖောက်သွားမှန်း မသိ။ သေတ္တာထဲ



ဒေါ်လာရှစ်ထောင် ပါသွားသည်။

ထို့နောက် နှစ်ပတ်အကြာတွင် လိုဂန်စပို့မြို့မှ မီးခံသေတ္တာတစ်လုံး အဖောက်ခံရပြန်သည်။ မီးခံသေတ္တာမှာ အမျိုးအစားသစ်ဖြစ်သည်။ ဘယ်သူခိုး၊ ဘယ်ဖောက်ထွင်းဝိဇ္ဇာမှ မဖောက်နိုင်အောင် အထူးတလည် စီမံပြုလုပ်ထားသည့် မီးခံသေတ္တာဖြစ်၏။ သို့သော်လည်း လူတစ်ယောက် မရရအောင် ဖောက်သွားခဲ့ပြီး အထဲမှ ဒေါ်လာငွေတစ်သောင်းငါးထောင်ကိုလည်း ယူသွားသည်။

မကြာမီ ဂျက်ဖာဆင်မြို့မှ အာမခံသေတ္တာတစ်လုံး အဖောက်ခံရပြန်သည်။ အထဲမှ ဒေါ်လာငါးထောင်ပါသွားသည်။ ထိုမြို့တွင်း အကြီးဆုံးသော ဆုံးရှုံးမှုတစ်ခုဖြစ်၏။ ထိုကဲ့သို့သော ကြီးမားသည့် ရာဇဝတ်မှုများဖြစ်လာလျှင် ရဲအရာရှိ ဘင်ပရိုက်စ်က ဒိုင်ခံ တာဝန်ယူရစမြဲဖြစ်သည့်အားလျော်စွာ ဘင်သည် ထိုအမှုကို စတင်၍ ခြေရာခံသည်။

သူသည် အင်ဒီးယားနားပြည်နယ် ရစ်ချ်မွန်မြို့နှင့် လိုဂန်စပို့ မြို့များသို့ သွားသည်။ ဖောက်ထားသည့် မီးခံသေတ္တာများကို စစ်ဆေးကြည့်ရှုသည်။ ဖောက်ပုံဖောက်နည်း လက်စလက်နများကို အသေအချာ စူးစမ်းလေ့လာသည်။ လူအများ၏ ပြောသံ ဆိုသံနှင့် ဝေဖန်သံများကိုလည်း သူနားစွင့်သည်။ ပြီးတော့ မှတ်ချက်ချသည်။

"ဒီမြို့တွေကို ဂျင်မီဗလင်တိုင်း လာသွားတယ်။ ဒီအကောင် ဖောက်ထွင်းလောကထဲကို ဝင်လာပြန်ပြီ။ ဟော့ဒီသေတ္တာ ဖောက်ထွင်းထားပုံကိုကြည့်၊ သူ့ဖောက်ပုံဖောက်နည်းမျိုးပဲ။ ဒီလို သေသေသပ်သပ် လုပ်သွားနိုင်တဲ့ ကိရိယာတန်ဆာပလာတွေကို ပိုင်ဆိုင်တဲ့ လူဆိုလို့ သူတို့လောကထဲမှာ သူတစ်ကောင်ပဲရှိတယ်။ ဒီကိရိယာမျိုးတွေကို ကျင်ကျင်လည်လည် သုံးတတ်တဲ့ လူဆိုလို့လဲ သူတစ်ယောက်ပဲရှိတယ်။ အဲဒီတော့ ကျွန်တော် ဂျင်မီကို မိဖို့လိုတယ်။ ဒီတစ်ခါ သူ့ကိုမိလို့ ထောင်ထဲပို့ရင် ထောင်ထဲမှာ အသက်သေသည်အထိ နေရစေမယ်"

ဘင်ပရိုက်စ်သည် ဂျင်မီ၏ လုပ်ပုံလုပ်နည်းကို ကောင်းစွာသိသည်။ ဂျင်မီသည် တစ်နေရာထဲတွင် အတည်တကျ နေလေ့မရှိ။ တစ်မြို့မှ တစ်မြို့သို့ ကူးသန်းပြောင်းရွှေ့ပြီး လုပ်တတ်သည်။ သူရွေးချယ်သော မြို့များမှာလည်း တစ်မြို့နှင့်တစ်မြို့ များစွာကွာဝေးသည်။ သူလုပ်စရာရှိတာလုပ်ပြီးပါကလည်း ထိုနေရာမှ ချက်ခြင်းထွက်ခွာသွားတတ်၏။ ပြီးတော့ သူသည် လူကောင်းသူကောင်းများနှင့် ပေါင်းသင်းဆက်ဆံတတ်သည်။ ဤအကြောင်းများကြောင့် ဂျင်မီအား ဖမ်းမိဖို့

www.burmeseclassic.com

www.burmeseclassic.com



မလွှယ်။

ရဲအရာရှိ ဘင်ပရိုက်စ်တစ်ယောက် ဂျင်မီ၏နောက်သို့ လိုက်နေပြီဟူသော သတင်း ထွက်လာသည့်အခါ ငွေအပြည့်ထည့်ထားသည့် မီးခံသေတ္တာပိုင်ရှင်များ သည် များစွာ ဝမ်းသာလျက် ရှိကြလေ၏။

တစ်ရက်သော မွန်းလွဲပိုင်းတွင် ဂျင်မီနှင့်အတူ သူ့လက်ဆွဲအိတ်သည် 'အယ်လ်မိုး' ဟုခေါ်သော မြို့သိမ်မြို့ငယ်ကလေးတစ်မြို့သို့ ဆိုက်ရောက်လာ သည်။ ကောလိပ်ကျောင်းသားတစ်ယောက်နှင့် တူလှသော ဂျင်မီသည် သွက်လက် ပေါ့ပါးသော ခြေလှမ်းများဖြင့် ဟိုတယ်ဆီသို့ လျှောက်သွားလျက်ရှိ၏။

ထိုစဉ်တွင် မိန်းမပျိုတစ်ဦးသည် လမ်းကို ဖြတ်ကူးလာပြီး လမ်းထောင့် နားအရောက်တွင် ဂျင်မီ၏ရှေ့မှဖြတ်ကာ အဆောက်အဦတစ်ခု၏ တံခါးပေါက်မှ ဝင်သွားသည်။ တံခါးပေါ်တွင်မှ 'အယ်လ်မိုးဘဏ်' ဟူသော ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားလေသည်။

ဂျင်မီသည် မိန်းမပျို၏ မျက်လုံးများကို အသေအချာ ကြည့်လိုက်မိသည်။ သူ့ကိုယ်သူ ဘာကောင်လဲဟူသော အချက်ကိုပင် မေ့သွားသည်။ သူမကတော့ မျက်လုံးအကြည့်ကို လွှဲသွားသည်။ သူမ၏မျက်နှာသည် ရုတ်တရက် နီမြန်းပြီး ကြည်လင်သွားသည်။ ဂျင်မီလို ဟန်အမူအရာနှင့် သပ်ရပ်ခန့်ငြားသော လူငယ် များကို အယ်လ်မိုးမြို့၌ တွေ့ရမြင်ရ 'ခဲ' သည် မဟုတ်ပါလား။

ဂျင်မီသည် ဘဏ်တံခါးနား၌ ရပ်နေသော လူငယ်တစ်ယောက်ကို မြင် သည်။ သူသည် လူငယ်၏အနီးသို့ ချဉ်းကပ်ကာ မြို့ကလေးအကြောင်းကို လျှောက် မေးသည်။ အတန်ကြာသောအခါ စောစောက ဂျင်မီတွေ့လိုက်ရသော မိန်းမပျိုသည် ဘဏ်ထဲမှ ပြန်ထွက်လာပြီး ထွက်ခွာသွားသည်။ သူမသည် အလာတုန်းကလို ဂျင်မီကို မြင်ပုံမရ။

"ဟော့ .. အဲဒီအမျိုးသမီးဟာ 'ပေါလီဆင်မဆန်' မဟုတ်လားကွ" ဟု ဂျင်မီက မေးသည်။

"မဟုတ်ဘူးဗျ" ဟု လူငယ်က ဖြေသည်။ "သူ့နာမည်က အန်နာဘယ် အဒမ်တဲ့။ သူ့အဖေက ဒီဘဏ်ကို ပိုင်တယ်လေ"

ဂျင်မီသည် ရပ်ဖ်ဒီ၊ စပင်ဆာဟူသော အမည်ဖြင့် တည်းခိုနေသည့် ဟိုတယ် သို့ ပြန်သည်။ သူသည် ဟိုတယ်၌ အခန်းတစ်ခန်းငှား၍ နေသည်။ ဟိုတယ်ပိုင် ရှင်အား သူစီးပွားရေးလုပ်ငန်း ကိစ္စတစ်ခုအတွက် အယ်လ်မိုးမြို့သို့ လာရောက်



ခြင်းဖြစ်သည်ဟု ပြောလေသည်။ ဒီမြို့မှာ ရှူးဖိနပ်အရောင်းအဝယ်လုပ်ငန်း ဘယ်လို ရှိသလဲ၊ ရှူးဖိနပ်ဆိုင်ကောင်းကောင်းကော ရှိသလား စသည်ဖြင့်လည်း စကား များ မေးထားသည်။

ဟိုတယ်ပိုင်ရှင်သည် ဂျင်မီ၏ တခန့်တငြား ဝတ်ဆင်ထားမှုနှင့် အပြုအမူ များကိုကြည့်ကာ အထင်ကြီးသည်။ ဂျင်မီနှင့် စကားပြောရသည်ကို များစွာသဘော ကျသည်။

အယ်လ်မိုးမြို့တွင် ရှူးဖိနပ်ဆိုင်ကောင်းကောင်းတစ်ဆိုင် လိုအပ်နေကြောင်း၊ ရှူးဖိနပ်တွေချည်း သီးသန့်ရောင်းသောဆိုင်ဟူ၍ တစ်ဆိုင်မှ မရှိသောကြောင့် ရှူးဖိနပ်များကို ပစ္စည်းအမျိုးစုံ ရောင်းချသည့် စတိုးဆိုင်ကြီးများ၌သာ အနည်း အကျဉ်း တင်ရောင်းလျက်ရှိကြောင်း။ အယ်လ်မိုးမြို့မှာ စီးပွားရေးလုပ်၍ ကောင်းသော မြို့ဖြစ်၍ မစ္စတာစပင်ဆာအား ဤမြို့၌ အလုပ်လုပ်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ မြို့ခံများမှာလည်း သဘောကောင်းကြသဖြင့် အခြေချနေထိုင်ဖို့ ကောင်းလှကြောင်း စသည်ဖြင့် ပြန်ပြောသည်။

မစ္စတာစပင်ဆာကလည်း သူ ဤမြို့၌ ရက်အနည်းငယ်မျှ နေထိုင်ပြီး လေ့လာဦးမည်ဟု ဆိုသည်။ ပိုင်ရှင်က သူကိုယ်တိုင် မစ္စတာစပင်ဆာ၏ အိတ်ကို ဆွဲ၍ ဟိုတယ်အပေါ်ထပ် အခန်းထဲအထိ လိုက်ပို့သည်။ အိတ်က လေးလှပါဘိ ခြင်း။

မစ္စတာရပ်ဖ်စပင်ဆာသည် အယ်လ်မိုးမြို့တွင် နေထိုင်ရ၏။ ရှူးဖိနပ်ဆိုင် တစ်ဆိုင် စတင်ဖွင့်လှစ်သည်။ ရောင်းကောင်းသော ဆိုင်ဖြစ်လာသည်။ မိတ်ဆွေ အများအပြားလည်း ရလာသည်။ သူသည် ဤမြို့ကို စတင်ရောက်သောနေ့က အန်နာဘယ်အဒမ်နှင့် အမှတ်မထင် ဆုံတွေ့ရ၏။ အခုဆိုလျှင် သူသည် တစ်နေ့ တခြား အန်နာဘယ်အဒမ်အပေါ် သဘောကျလာနေသည်။

တစ်နှစ်ကုန်သွားသည့်အခါတွင်မူ အယ်လ်မိုးမြို့ပေါ်၌ လူအားလုံးက မစ္စတာရပ်ဖ်စပင်ဆာအပေါ် ခင်မင်နေကြလေပြီ။ သူ၏ ရှူးဖိနပ်ဆိုင် လုပ်ငန်းမှာ လည်း များစွာ တိုးတက်ကောင်းမွန်နေလေပြီ။ သူနှင့် အန်နာဘယ်တို့မှာလည်း သီတင်းနှစ်ပတ်အတွင်း လက်ထပ်ကြတော့မည့် အခြေအနေသို့ ဆိုက်ရောက်နေ လေပြီ။ မြို့ငယ်ကလေး၏ ဘဏ်သူဌေး မစ္စတာအဒမ်ကလည်း စပင်ဆာအား များစွာ သဘောကျနေသည်။ အန်နာဘယ်ကလည်း စပင်ဆာအတွက် ဂုဏ်ယူ နေရ၏။ သူသည် မကြာမီ အဒမ်မိသားစုဝင်တစ်ဦး ဖြစ်လာပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဂျင်မီသည် သူ့အခန်းထဲ၌ ထိုင်ကာ သူ၏ အပေါင်းအသင်း ပေါင်းများထဲမှ အရင်းနှီးဆုံး တစ်ဦးထံသို့ စာတစ်စောင် ရေးနေသည်။

*ချစ်သော သူငယ်ချင်း ...*

*လာမဲ့ အပတ် ၁၀ ရက်နေ့ညမှာ ငါ မင်းနဲ့ ဆူလီဗန်ရဲ့နေရာမှာ တွေ့ချင် တယ်။ ဒါတွေကို မင်းရရင်တော့ မင်းသိပ်ကို ဝမ်းသာမှာပဲဆိုတာ ငါသိတယ် ဒါတွေကို မင်းအေါ်လာတစ်ထောင်ပေးပြီး ဝယ်ရင်တောင်မှ ရမှာမဟုတ်ဘူး။ ငါတော့ အလုပ်ပေါင်းနဲ့ ပြတ်စဲသွားပြီ။ လွန်ခဲ့တဲ့ တစ်နှစ်ကတည်းက ဖြတ်ပစ်လိုက်တယ်*

*ငါ့မှာ ဆိုင်တစ်ဆိုင် အပိုင်ရှိနေပြီ။ ဘဝကောင်းတစ်ခုထဲမှာ ငါရောက်နေ ပြီ။ ဒီနေ့ကစပြီး နောက်သီတင်းနှစ်ပတ်ဆိုရင် ဒီကမ္ဘာလောကကြီးထဲမှာ သဘော မနောအကောင်းဆုံး၊ ချစ်စရာအကောင်းဆုံး မိန်းကလေးတစ်ယောက်နဲ့ လက်ထပ် တော့မယ်။ ငါ့အဖို့တော့ တစ်ခုတည်းသော ဘဝဟာ အဲဒါပဲသူငယ်ချင်း။ သူတစ် ပါးရဲ့ ငွေကြေးကို လက်ဖျားနဲ့တောင်မှ မထိမတို့တော့ဘူးလို့ ဆုံးဖြတ်ပြီးပြီ။*

*လက်ထပ်ပြီးရင် ငါ အနောက်ပိုင်းဒေသကို သွားတော့မယ်။ ငါ့ရဲ့ အရင်ဘဝပေါင်းက လူတွေနဲ့ လုံးဝ မတွေ့မမြင်ရတော့မယ့် နေရာကို အပြီး အပိုင် သွားတော့မှာ။ ငါ့ချစ်သူဟာ အံ့သြစရာကောင်းလောက်အောင်တော်တဲ့ မိန်းကလေးတစ်ယောက်ပဲ။ သူဟာ ငါ့အပေါ်မှာ ယုံကြည်အားကိုးရှာတယ် — ကွာ။*

*မင်းရဲ့သူငယ်ချင်းဟောင်း*
*ဂျင်မီ*

ထိုစာကိုထည့်ပြီးနောက် တနင်္လာနေ့ညတွင် ရဲအရာရှိ ဘင်ပရိုက်စ်သည် အယ်လ်မိုးမြို့သို့ တိတ်တိတ်ကလေး ဆိုက်ရောက်လာသည်။ သူသည် ရဲပီသစွာ သူ့နည်းသူ့ဟန်နှင့် မြို့ထဲတွင် လူမသိ သူမသိ သွားလာလှုပ်ရှားသည်။ သူသိလို သည်များကို စုံစမ်းလေ့လာ သိရှိခဲ့သည်။ ဆိုင်တစ်ဆိုင်ထဲမှ ရပ်၍ကြည့်နေသော ဘင်သည် ဆိုင်ရှေ့မှ ဖြတ်လျှောက်သွားသော ရပ်ဖ်ဒီစပင်ဆာကို မြင်သည်။

"အင်း -- မင်းက ဘဏ်သူဌေးရဲ့ သမီးကို လက်ထပ်တော့မှာပေါ့လေ -- ဟုတ်လား" ဟု ဘင်က သူ့ကိုယ်သူ ပြောသည်။ "သေချာရဲ့လား ဂျင်မီရယ် အခုပုံဆိုရင်တော့ မင်းဟာက သိပ်ပြီး မရေရာလှပါဘူး"



နောက်တစ်နေ့ နံနက်တွင် ဂျင်မီသည် အေဒမ်တို့ မိသားစုအိမ်သို့ ရောက် လာသည်။ သူတို့၏ လက်ထပ်မင်္ဂလာပွဲအတွက် အနီးရှိ မြို့ကြီးတစ်မြို့သို့ သွား၍ အဝတ်အစားများဝယ်ရန် စီစဉ်ထား၍ဖြစ်၏။ ပြီးတော့ သူ့အချစ် သတို့သမီး အန်နာဘယ်အတွက် လက်ဆောင်မွန် ပစ္စည်းတစ်ခု ဝယ်ဖို့က ရှိနေသေးသည် မဟုတ်ပါလား။

အယ်လ်မိုးမြို့သို့ ရောက်လာပြီဆိုကတည်းက ဘယ်ကိုမှ မသွားခဲ့။ ယခု တစ်ကြိမ်သည် ပထမဆုံးအကြိမ် အပြင်သို့ ထွက်မည့်ခရီးဖြစ်၏။ သူ့အနေဖြင့် မိုးခံသေတ္တာများကို မထိခဲ့ မကိုင်ခဲ့သည်မှာလည်း တစ်နှစ်တိတိ ရှိခဲ့ပြီ။

ထိုနေ့မနက်တွင် အေဒမ်မိသားစု အများစုသည် အတူတူစု၍ ဘဏ်သို့သွား ကြသည်။ မစ္စတာအေဒမ်၊ အန်နာဘယ်၊ ဂျင်မီနှင့် အန်နာဘယ်၏ အိမ်ထောင်သည် အစ်မတို့ဖြစ်သည်။ အစ်မသည် ငါးနှစ်အရွယ်နှင့် ကိုးနှစ်အရွယ်သမီးကလေး နှစ်ယောက်ကိုပါ ခေါ်လာသည်။ သူတို့သည် ဂျင်မီနေထိုင်ရာ ဟိုတယ်ရှေ့မှဖြတ် လျှောက်လာခဲ့ကြရာ ဂျင်မီသည် သူ့အခန်းသို့ ခဏဝင်ပြီး လက်ဆွဲအိတ်ကြီးကို ယူလာခဲ့သည်။

မိသားစုဝင်တစ်ဦးအဖြစ်သို့ ရောက်နေပြီဖြစ်သော ဂျင်မီအပါအဝင် သူတို့ အားလုံးသည် ဘဏ်ထဲသို့ ဝင်ရောက်ခဲ့ကြ၏။ ဘဏ်ထဲမှ ဝန်ထမ်းများသည် သူတို့ ၏ ဘဏ်သူဌေးသမီးနှင့် လက်ထပ်တော့မည့် သဘောမနောကောင်း လူချောလူလှ ဂျင်မီအား မြင်တွေ့သိကျွမ်းခွင့်ရကြသဖြင့် ဝမ်းသာနေကြသည်။ ဂျင်မီသည် သူ့ လက်ထဲမှ အိတ်ကြီးကို သင့်ရာ တစ်နေရာတွင် ချထားလိုက်လေသည်။

အန်နာဘယ်သည် ဂျင်မီ၏ ဦးထုပ်ကိုယူ၍ သူမ၏ခေါင်း၌ ဆောင်းပေးကာ ဂျင်မီ၏ အိတ်ကြီးဆွဲ၍ ရပ်ပြ၏။ "အန်နီရဲ့ ပုံပန်းက ဘယ်လိုဖြစ်နေသလဲ ရပ်ဖ်၊ ဘာနဲ့တူနေသလဲ" ဟု ဂျင်မီအား လှမ်းမေးပြီး ရယ်သည်။ "ရပ်ဖ်ရယ် ရှင့်အိတ် ကြီးကလည်း လေးလိုက်တာ အလွန်ပဲ၊ ရွှေတုံးတွေများ ထည့်ထားသလား"

"မောင့်ဆိုင်မှာ အသုံးမလိုတော့တဲ့ ပစ္စည်းတွေထည့်ထားတယ်" ဟု ဂျင်မီက ပြန်ပြောသည်။ "ဒီနေ့မြို့သွားရင် ယူသွားပြီး သူတို့လာတဲ့နေရာကို ပြန်ပို့ ပေးမလို့ ယူလာတာ။ ပို့ခစရိတ်သက်သာအောင် ဒီနည်းကို သုံးရတာ။ မောင်ဟာ မကြာခင် အိမ်ထောင်သည်ဖြစ်တော့မှာဆိုတော့ ငွေကို ဘယ်လို ချွေတာရမလဲ ဆိုတာ လေ့လာထားရတော့မယ် မဟုတ်လား"

အယ်လ်မိုးဘဏ်တွင် အာမခံသေတ္တာကြီးတစ်လုံး ရောက်နေသည်။ မစ္စတာ

www.burmeseclassic.com



အဒေမ်သည် ထိုသေတ္တာသစ်ကြီးအတွက် များစွာဂုဏ်ယူလျက်ရှိ၏။ ဤသေတ္တာသစ်ကြီးအား လူတိုင်း မြင်တွေ့စေလိုသော ဆန္ဒလည်း ပြင်းပြလျက်ရှိသည်။ သေတ္တာကြီးမှာ အခန်းတစ်ခန်းစာမျှ ကြီးမားပြီး တံခါးကလည်း အထူးတလည် စီမံတပ်ဆင်ထားသော တံခါးဖြစ်သည်။

ထိုတံခါးကို နာရီဖြင့် ထိန်းချုပ်ထားသည်။ နာရီကို အသုံးပြုခြင်းအားဖြင့် တံခါးကို ဘဏ်သူဌေးက ပွင့်စေလိုသော အချိန်တစ်ချိန်ကို သတ်မှတ်၍ ပွင့်အောင်ဖွင့်နိုင်သည်။ ကျန်အချိန်များတွင်မူ ဤသေတ္တာကို ဘဏ်ပိုင်ရှင် အပါအဝင် မည်သူမှ ဖွင့်၍မရ။ မစ္စတာအဒေမ်က ထိုသေတ္တာအကြောင်းကို သူ၏သားမက် မစ္စတာစပင်ဆာအား ရှင်းပြသည်။

မစ္စတာ စပင်ဆာသည် သေတ္တာအပေါ်တွင် စိတ်ဝင်စားသည့် အရိပ်လက္ခဏာတော့ပြ၏။ သို့သော်လည်း လုပ်နည်းလုပ်ဟန်များအပေါ် နားလည်ပုံမရ။ ကလေးနှစ်ယောက်ဖြစ်သော မေနှင့်အက်ဂါသာတို့ကတော့ သေတ္တာ၏ အဆမတန် လေးလှသော သံမဏိတံခါးကြီးကိုကြည့်ကာ ရှင်မြူးနေကြလေသည်။

ဘဏ်မိသားစုဝင်များ ယင်းကဲ့သို့ အလုပ်ရှုပ်နေခိုက်တွင် ရဲအရာရှိ ဘင်ပရိုက်စ်သည် ဘဏ်ထဲသို့ ဝင်လာပြီး ဟိုဟိုသည်သည် လျှောက်ကြည့်နေသည်။ ဘဏ်မှ လူငယ်ဝန်ထမ်းတစ်ယောက်အား သူလာသည်မှာ ဘဏ်နှင့် ပတ်သက်သော ကိစ္စရှိ၍ လာခြင်းမဟုတ်။ ချိန်းထားသည့် လူတစ်ယောက်အား စောင့်ရန် လာခြင်းဖြစ်သည်ဟုလည်း ပြောသည်။

ထိုအခိုက်မှာပင် မိန်းမအုပ်စုဆီမှ အလန့်တကြား အော်သံတစ်သံ ကြားလိုက်ကြရင်း သူတို့သည် စကားလက်ဆုံကျနေကြသဖြင့် ကလေးများအား ဂရုတစိုက် မကြည့်မိ။ ကိုးနှစ်သမီး 'မေ'သည် ဆော့ကစားရင်းနှင့် အာမခံသေတ္တာ တံခါးကြီးကို တွန်း၍ ပိတ်လိုက်သည်။ ထိုအချိန်တွင် သေတ္တာကြီးအတွင်းသို့ ရောက်နေသော အက်ဂါသာသည် အတွင်း၌ ပိတ်မိလျက်သား ဖြစ်သွားခဲ့လေ၏။

ဘဏ်သူဌေး အဖိုးကြီးသည် တံခါးကို ကသောကမျော ပြေးဖွင့်သည်။ တံခါးကို အားစိုက်၍ ဆွဲသော်လည်းမပွင့်။ "တံခါးကို ဖွင့်လို့မရတော့ဘူး"ဟု ထိတ်လန့်တကြား အော်ပြောသည်။ "နာရီကလည်း အခုထက်ထိ မဆင်ရသေးဘူး၊ လုပ်ကြပါဦး ဘယ်လိုလုပ်ကြရင် ကောင်းမလဲ"

အက်ဂါသာ၏ မိခင်ကလည်း အလန့်တကြား အော်ဟစ်ကာ ပြာယာခတ်လျက်ရှိ၏။ "နေကြစမ်းပါအုံးဟယ်၊ ပါးစပ်တွေပိတ်ထားပြီး ငြိမ်ငြိမ်နေကြစမ်း



ပါ"ဟု မစ္စတာအဒေမ်က တားသည်။ သူသည် သေတ္တာတံခါးနားသို့ ကပ်ကာ "အက်ဂါသာ"ဟု သံကုန်ဟစ်၍ အော်ခေါ်သည်။ "ဖိုးဖိုးပြောတာကြားလား၊ နားထောင်စမ်း"

သူတို့သည် အတွင်းမှ ကလေးသံကို ကြားကြရ၏။ အသံမှာ သဲ့သဲ့ကလေးမျှသာ ဖြစ်သည်။ အမှောင်ထုတွင်း၌ ရောက်နေသောကလေးသည် အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့နေလိမ့်မည်မှာ မလွဲပေ။

"ကယ်ကြပါဦးရှင် ကျွန်မသမီးလေး သေရပါတော့မယ်"ဟု အက်ဂါသာ၏အမေက အော်သည်။ "တံခါးကိုဖွင့်ကြပါဦး၊ ရှင်တို့ယောကျ်ားတွေ ဘာမှမလုပ်တတ်ကြတော့ဘူးလား"

"ဒီမြို့ထဲမှာတော့ ဒီတံခါးကို ဖွင့်နိုင်တဲ့လူ တစ်ယောက်မှ မရှိဘူး၊ ဒုက္ခပဲ"ဟု ရေရွတ်သည်။ "ဒုက္ခပါပဲဗျာ ဒီမယ် .. စပင်ဆာ၊ တို့ဘယ်လိုလုပ်ကြရင်ကောင်းမလဲ စဉ်းစားစမ်းပါဦး။ အထဲမှာ ကြာကြာနေရင် ကလေးသေမှာပဲ။ လေမရှိတာနဲ့ပဲသေမှာ။ ပြီးတော့ .. သိပ်ကြောက်ရင်လည်း သေမှာပဲ"

ယခုအခါတွင် အက်ဂါသာ၏မိခင်သည် အရူးတစ်ယောက်လို ဖြစ်နေခဲ့လေပြီ။ သူမသည် သေတ္တာတံခါးကို လက်သီးများနှင့် ထုကာ အက်ဂါသာ၏ နာမည်ကို တကြော်ကြော် အော်ခေါ်နေသည်။ အန်နာဘယ်သည် ဂျင်မီအား လှည့်ကြည့်သည်။ သူမ၏ မျက်လုံးအစုံသည် အားကိုးအားထား ပြုလိုသည့်သဘောပါသည်။ "ကယ်ပါဦးရှင် မကယ်နိုင်တော့ဘူးလား"ဟု ပြောနေသည့်နှယ်ရှိ၏။ မိန်းမတစ်ယောက်သည် သူချစ်သော ယောကျ်ားတစ်ယောက်အပေါ် အားကိုးသမှု ပြုတတ်သည်မှာ သဘာဝပင် မဟုတ်ပါလော"

"ရှင်ဘာမှ လုပ်မပေးနိုင်တော့ဘူးလား ရပ်ဖ်ရယ်။ တစ်ခုခုတော့ လုပ်ကြည့်ပါဦး"

ဂျင်မီသည် အလွန်ထူးဆန်းသော အကြည့်ဖြင့် အန်နာဘယ်အား ပြန်ကြည့်သည်။ သူ့မျက်လုံးများသည် သိမ်မွေ့ခြင်းနှင့် နူးညံ့ပျော့ပျောင်းခြင်းတို့ကို ဖော်ပြနေသည်။ နှုတ်ခမ်းများတွင်လည်း ထူးဆန်းသော အပြုံးရိပ် ဝင်နေသည်။

"အန်နာဘယ် မင်းပန်ထားတဲ့ ပန်းကလေး မောင့်ကို ပေးပါလား"ဟု ဂျင်မီက လေအေးကလေးဖြင့် ပြောသည်။

အန်နာဘယ်သည် ကြားလိုက်ရသည့် စကားအတွက် သူ့နားသူ မယုံနိုင်အောင်ဖြစ်နေသည်။ သို့သော်လည်း ကပြာကရာ ခေါင်းမှပန်းကို ဖြုတ်ကာ ဂျင်မီ

www.burmeseclassic.com

www.burmeseclassic.com



လက်သို့ လှမ်းပေးသည်။ ဂျင်မီသည် ပန်းကိုတစ်နေရာ၌ ချထားလိုက်သည် ထို့နောက် သူ့ကုတ်အင်္ကျီကို ချွတ်လိုက်သည်။ ဤအပြုအမူသည် ဤနေရာ "ရပ်ဖ်ဒီစပင်ဆာ"ဆိုသူ လုံးဝပျောက်ကွယ်သွားပြီး ထိုနေရာ၌ "ဂျင်မီဗလင် တိုင်း" ဝင်ရောက်သွားပြီဟု ဖော်ပြလိုက်ခြင်းပေတည်း။

"အားလုံး သေတ္တာနားက ဖယ်ပေးကြပါ"ဟု သူက ပြောသည်။

သူသည် သူ့လက်ဆွဲအိတ်ကိုယူပြီး စားပွဲပေါ်တင်လိုက်သည်။ အိတ်ကို ဖွင့်ကာ အတွင်းမှပစ္စည်းများကို ထုတ်ယူသည်။ ထိုအချိန်မှစ၍ သူသည် ကိရိယာ များကို စားပွဲပေါ်၌ အစဉ်လိုက် တန်းစီ၍ချသည်။ ဘေးမှ လူများသည် လုံး လှုပ်ရှားခြင်းမပြုနိုင်တော့ဘဲ သူ့အလုပ်ကို စိတ်အားထက်သန်စွာဖြင့် ဝိုင်းကြည့် နေကြလေသည်။

နောက်တစ်မိနစ်အတွင်း ဂျင်မီသည် တံခါးနှင့် အလုပ်ရှုပ်နေသည်။ ဆယ် မိနစ်ခန့်အကြာတွင်မူ အာမခံသေတ္တာ၏ သံမဏိတံခါးသည် ပွင့်သွားသည် သူလုပ်နေကျ အလုပ်များထက်ပို၍ လျှင်မြန်စွာ ပြီးစီးသွားနိုင်ခြင်းဖြစ်၏။

အဂတ်ဂါသာသည် သူ့မိခင်၏ လက်တွင်းသို့ ရောက်သွားခဲ့လေပြီ။

ဂျင်မီသည် သူ့ကုတ်အင်္ကျီကို ပြန်ယူပြီး ဝတ်လိုက်သည်။ စောစော ချထားသည့်ပန်းကို ကောက်ယူပြီး ဘဏ်တံခါးဆီသို့ လျှောက်သွားသည်။ သူ နောက်မှ "ရပ်ဖ်"ဟု ခေါ်လိုက်သံကို ကြားသည်။ သို့သော်လည်း သူသည် မရပ်တော့ဘဲ ဆက်သွားသည်။

တံခါးဝမှ ပိတ်ရပ်နေသော တုတ်ခိုင်ခိုင် လူတစ်ယောက်နှင့် မျက်နှာချင်း ဆိုင်မိသည်။

"ဟယ်လို .. ဘင်" ဟု ဂျင်မီက ထူးဆန်းသော အပြုံးဖြင့် နှုတ်ဆက် သည်။ "နောက်ဆုံးကျတော့ ခင်ဗျားကိုယ်တိုင်ပဲ ဒီနေရာကို ရောက်လာရတာပေါ့ လေ ဟုတ်လား။ ကဲ .. သွားကြစို့၊ အခုမှတော့ မထူးတော့ပါဘူး။ ကျွန်တော့် အနေနဲ့ ဘာကိုမှ ဂရုမစိုက်တော့ပါဘူး"

ထိုအခါ ဘင်ပရိုက်စ်ဘက်မှ အလွန်ထူးဆန်းသော အပြုအမူကို မြင် သည်။

"ဒီကိစ္စနဲ့ ပတ်သက်လို့ ခင်ဗျားမှားနေပြီလို့ ကျွန်တော်ထင်တယ်။ မစ္စတာ စပင်ဆာ"ဟု ဘင်က ပြန်ပြောသည်။ "ကျွန်တော်ကတော့ ခင်ဗျားကို မသိဘူး လို့ ယုံကြည်ထားတယ်"



ထို့နောက် ဘင်ပရိုက်စ်သည် နောက်သို့လှည့်ကာ လမ်းပေါ်အတိုင်း ဖြည်းဖြည်း လျှောက်သွားလျက်ရှိလေသည်။

A RETRIEVED REFORMATION

O HENRY

❏

www.burmeseclassic.com

www.burmeseclassic.com

## ပုတ်သင်ညို

ရာဇဝတ်အုပ်ကြီး အိုချူးမီးလော့သည် ဂရိတ်ကုတ်အင်္ကျီ အသစ်စက်စက်ကို ခန့်ခန့်ငြားငြား ဝတ်ဆင်ကာ လက်တစ်ဖက်ဖြင့် အထုပ်တစ်ထုပ်ကိုဆွဲ၍ ဈေးခင်းထဲမှ ဖြတ်လျှောက်လာသည်။ သူ့နောက်မှ ဆံပင်နီကြောင်ကြောင်နှင့် စာသင်ဆောက်သည် ရဲသည်တစ်ဦးထံမှ ဖမ်းယူသိမ်းဆည်းလာခဲ့သော ဆီးဖြူသီးအပြည့်အမောက် ထည့်ထားသည့် ခြင်းကြီးတစ်လုံးကို ဆွဲကာ ခြေလှမ်းကို ထဲ့ထဲ့လှမ်း၍ လိုက်ပါလာသည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ဈေးခင်းထဲတွင် လူရှိသတ္တဝါဟူ၍ တစ်ယောက်တလေ၊ တစ်ကောင်တစ်မြီးမျှမရှိ။ တိုလီမိုလီဆိုင်များနှင့် စားသောက်ဆိုင် တံခါးများသည် ဘုရားသခင် ဖန်ဆင်းပေးထားသည့် ကမ္ဘာလောကကြီးဘက်သို့ မျက်နှာပြုကာ အစောရေစာ ဆာလောင်ငတ်မွတ်ကြသည့် ပါးစပ်ကြီးများသဖွယ် ဖွင့်ဟထားကြသည်။ ထိုဆိုင်တံခါးများအနီး ရပ်၍ တောင်းလေ့ရှိသော သူတောင်းစားများကိုပင် မမြင်ရသဖြင့် ခါတိုင်းနှင့် မတူသော အခြေအနေတစ်ရပ်ဟု ဆိုရမလို ဖြစ်နေသည်။

ထိုအခိုက်တွင် ရုတ်တရက် ကျယ်လောင်စူးရှသော အသံတစ်သံသည် ရာဇဝတ်အုပ်ကြီး အိုချူးမီးလော့၏ နားနှစ်ဖက်အတွင်းသို့ ဒုန်းစိုင်း၍ ဝင်ရောက်လာသည်။

"ခွေး ·· ခွေး ·· ခွေးကိုက်သွားတယ်၊ ခွေးကိုက်သွားတယ် ·· ဗျို့။ ကိုက်သွားတယ်၊ လုပ်ကြပါဦး ခွေး ·· စုတ် ·· ခွေးနာ၊ ငါ့ကို ကိုက်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. ဟော့ ကလေးတွေ အဲဒီခွေးကို ဖမ်းထားလိုက်ကြစမ်း။ မလွှင့်
စေနဲ့။ ဒီခေတ်မှာ ခွေးကိုက်တာကို တရားဥပဒေက ခွင့်မပြုတော့ဘူး .. ရ
သိလား။ ဖမ်းထားလိုက်ကြစမ်းပါဗျို့၊ အို .. အို .. အား"

ထို့နောက် တစ်ဆက်တည်းပင် ခွေးတစ်ကောင် အော်သံကို ကြားရ
အသံလာရာဘက်သို့ ရာဇဝတ်အုပ်ကြီး အိုချူးမီးလော့က မျှော်ကြည့်သည်။ သူ
လိုက်ရသည့် မြင်ကွင်းမှာ ကုန်သည်ကြီး ပီချူဂင်း၏ သစ်သားဝင်းခြံအတွင်း
ခွေးတစ်ကောင်သည် ခြေသုံးချောင်းထောက်ကာ ဒရောသောပါး ထွက်လာသည်
ပြီးတော့ ထိုခွေး၏ နောက်မှ အပြေးအလွှား လိုက်လာနေသည့် လူတစ်ယောက်

ခွေးနောက်မှ လိုက်လာသူသည် ကော်တောင့်နေသော ရှပ်အင်္ကျီကို ဝ
ထားသည်။ အပေါ်မှ ထပ်ဝတ်ထားသည့် ခါးတို လက်ပြတ်အင်္ကျီမှာ ကြယ်သီ
များ တပ်မထား။ သူကိုယ်သည် ရှေ့သို့ ကုန်းလျက်ရှိ၏။ ရာဇဝတ်အုပ်ကြီ
ကြည့်နေခိုက်မှာပင် ထိုလူသည် တစ်စုံတစ်ခုနှင့် တိုက်မိပြီး လဲကျသွားသည်
သူ့လက်တစ်ဖက်သည် ခွေး၏ နောက်ခြေနှစ်ချောင်းအနက် တစ်ချောင်းကို ဆွဲ
သည်။

ခွေးအော်သံ ထပ်ကြားရပြန်၏။ တစ်ဆက်တည်းမှာပင် ထိုသူ၏ အော်သံ
ထွက်ပေါ်လာပြန်သည်။ "ဖမ်းလိုက်ကြပါဗျို့၊ အဲဒီခွေးကို မလွှတ်ပါစေနဲ့"

အိပ်မှုန်စုံမွှား ဖြစ်နေကြသော မျက်နှာများသည် ဆိုင်များအတွင်းမှ ထွက်
ပေါ်လာကြသည်။ နောက်တစ်ခဏအတွင်းမှာပင် လူအတော်များများသည် မြေကြီး
ထဲမှ ခွဲထွက်လာကြသည့်နှယ် အလျှိုလျှို ထွက်လာကြပြီး သစ်သားဝင်းခြံအနီး
သို့ ဝိုင်းအုံလျက် ရှိကြလေ၏။

"ဗိုလ်ကြီးခင်ဗျား ဒါဟာ လမ်းသွား လမ်းလာ ပြည်သူတွေကို နှောက်ယှက်
တဲ့ သဘောမျိုး ဖြစ်နေပါတယ်"ဟု တပည့်ဖြစ်သူ စာသင်က လှမ်းပြောသည်

ရာဇဝတ်အုပ်ကြီး၏ ခြေထောက်များသည် လူစုလူဝေး ရှိရာဘက်သို့
လှည့်သည်။ ရင်ကိုကော့၍ ခေါင်းကို မော့ကာ ဖင်ကို ကောက်ပြီး လျှောက်သွား
သည်။ ဝင်းခြံအပေါက်ဝ ရှေ့တည့်တည့်တွင် စောစောက သူမြင်လိုက်ရသော
ခါးတိုအင်္ကျီလက်ပြတ်နှင့်လူကို တွေ့ရ၏။ ထိုလူသည် သွေးထွက်နေသော သူ
ညာဘက်လက်ကို လူအများ မြင်သာအောင် မြှောက်ပြထားလေသည်။

"ခွေးစုတ် .. ခွေးနာ ငါ့ကို ကိုက်သွားတယ်၊ သိကြရောပေါ့ .. ကွာ"
ဟုလည်း သူ့ပါးစပ်မှ ကြုံးဝါးလျက်ရှိ၏။ ဒဏ်ရာအနာတရ ဖြစ်နေသော လက်သည်



သူ့အတွက် ဂုဏ်ယူဝင့်ကြွားစရာတစ်ခု ဖြစ်နေဟန်ရှိ၏။

ရာဇဝတ်အုပ်ကြီးသည် ထိုလူကိုမြင်လျှင် မြင်ချင်း ရွှေပန်းတိမ်ဆရာ
ခါယူကင်မှန်းသိသည်။ အပြစ်ကျူးလွန်ခဲ့သည့် တရားခံကတော့ လူအုပ်၏ အလယ်
တွင် ခြေနှစ်ချောင်းထောက်ကာ ဆောင့်ကြောင့်ထိုင်နေသည်။ သူ့တစ်ကိုယ်လုံးသည်
ဆိုးဆိုးဆတ်ဆတ် တုန်လျက်ရှိ၏။ သူသည် နှုတ်သီးချွန်ချွန်နှင့် ကျောပေါ်တွင်
အဝါရောင်အကွက် တစ်ကွက်ပါသော အဖြူရောင် ခွေးပေါက်စတစ်ကောင်ဖြစ်သည်။
သူ့မျက်လုံးများသည် ထိတ်လန့်ကြောက်ရွံ့ခြင်းကို ဖော်ပြနေကြလေသည်။

"ဟော့ .. ဟော့ .. ဒါက ဘာဖြစ်နေကြတာလဲ .. ကွ .. ဟေ"

အိုချူးမီးလော့သည် သူ့ပခုံးနှင့် လူများကို တိုက်၍ တွန်း၍ ဖယ်ကာ
လူအုပ်အလယ်သို့ တိုးဝင်သွားသည်။ ထို့နောက် ခါးတိုအင်္ကျီလက်ပြတ်နှင့် လူကို
မေးကြည့်သည်။

"မင်းက .. ဒီမှာလာပြီး ဘာလုပ်နေတာတုံး"ဟု ခပ်ဝေါက်ဝေါက်
လေသံဖြင့်မေးသည်။ "မင်းလက်ချောင်းတွေကို ဘာပြုလို့ လာပြီး ထောင်ပြနေ
တာလဲ၊ စောစောက အော်နေတာကကော ဘယ်ကောင်လဲ .. မင်းပဲလား"

"ကျွန်တော် ဒီလမ်းပေါ်မှာ လျှောက်လာပါတယ် ရာဇဝတ်အုပ်မင်းကြီးရယ်"
ဟု ထိုလူက ပြန်ပြောသည်။ "ကျွန်တော် ဘယ်သူ့ကိုမှ အနှောင့်အယှက် မပေး
ခဲ့ပါဘူး ခင်ဗျာ၊ သိုးကလေးတစ်ကောင်လို ငြိမ်ငြိမ်ဆိတ်ဆိတ် အေးအေးဆေးဆေး
ကလေး လမ်းလျှောက်လာတာပါ"

ခါယူကင်သည် ပြောနေရင်းမှ သူ့ပါးစပ်ကို လက်ဖြင့်အုပ်ကာ ချောင်း
တစ်ချက်ကို ဆိုးသည်။ ထို့နောက် သူ့စကားကိုဆက်သည်။ "ဟောဒီနားက
မီထရီ မစ်ထရစ်နဲ့ ထင်းအရောင်းအဝယ်ကိစ္စ စကားပြောစရာရှိလို့ လာခဲ့တာပါ
ခင်ဗျာ။ အဲဒါ ကျွန်တော်က ဘာမှမလုပ်ဘဲနဲ့ ဟောဒီက ခွေးက ကျွန်တော့်လက်
ကို ကိုက်လိုက်ပါတယ်"

"ကျွန်တော့်ကို တစ်ခုတော့ ပြောခွင့်ပြုစေချင်ပါတယ် ရာဇဝတ်အုပ်မင်း
ကြီးရယ်။ ကျွန်တော်ဟာ အလုပ်သမား တစ်ယောက်ပါ ခင်ဗျာ။ ကျွန်တော့်
အလုပ်ကလည်း အလွန်ခက်တဲ့ အလုပ်ပါ။ ကျွန်တော့်ကို လျော်ကြေးရအောင်တော့
ကူညီစောင့်ရှောက်တော်မူပါ ခင်ဗျာ။ အခုအတိုင်းဆိုရင် ဒီလက်ဟာ တနင်္ဂနွေ
တစ်ပတ်လောက်တော့ မလှုပ်နိုင် မရှားနိုင် ဖြစ်ရပါတော့မယ်။ ဥပဒေထဲမှာ အခုလို
ရှိုင်းတဲ့ တိရစ္ဆာန်တွေကို သည်းခံခွင့်လွှတ်ရမယ်လို့ ဆိုမထားပါဘူး ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ လူတိုင်းဟာ ခွေးကိုက်ခံရမှာကို ကြောက်လန့်နေရမယ်ဆိုရင် လူ့ဘဝမှာ လူဖြစ်နေဖို့တောင် မကောင်းတော့ပါဘူး ရာဇဝတ်အုပ်မင်းကြီးရယ်"

"အော် .. အေး .. အေး ဟုတ်တာပေါ့ .. ဟုတ်တာပေါ့"ဟု အိုချူးမီးလော့က အလွန်တည်ငြိမ်လေးနက်သော အသံဖြင့် ချောင်းတစ်ချက်ဟန့်၍ မျက်ခုံးများကိုပင့်ကာ ပြန်ပြောသည်။ ထို့နောက် လူစုလူဝေးဘက်သို့ လှည့်ကြည့်သည်။

"ကဲ .. ကဲ ဒါဘယ်သူ့ခွေးလဲ .. ဟေ့။ ဒါမျိုးကို ငါစွင့်လွှတ်လို့မဖြစ်ဘူးဟေ့ .. သိလား။ ခွေးတွေကို အခုလို စည်းမဲ့ကမ်းမဲ့ လမ်းပေါ်မှာ လွှတ်ထားတဲ့ လူတွေကို ငါဆုံးမရလိမ့်မယ်။ ဥပဒေ စည်းကမ်းကို မလိုက်နာချင်ကြတဲ့ လူကြီးမင်းတွေအတွက် အရေးယူဖို့ အချိန်ကတော့ ကျလာပြီပေါ့လကွာ"

"ကိုယ်မွေးထားတဲ့ ခွေးတွေ၊ ကျွဲ၊ နွား တိရစ္ဆာန်တွေကို အခုလို စည်းမဲ့ကမ်းမဲ့ ပေါက်လွှတ်ပဲစား လွှတ်ထားတဲ့ လူတွေကို ငါကိုယ်တိုင် သင်ခန်းစာကောင်းကောင်း ပေးရလိမ့်မယ်။ ဒီလိုလုပ်ရင် ဒီလိုဖြစ်တတ်ပါကလား ဆိုတာ သိသွားအောင်တော့ ဆုံးမရလိမ့်မယ်။ ကဲ .. ဟေ့ .. အယ်လ်ဒီရင်း"

အိုချူးမီးလော့က သူ့တပည့် စာသင်ဘက်လှည့်၍ အသံပေးသည်။ "ဟေ့ .. အယ်လ်ဒီရင်း ဘယ်သူ့ခွေးလဲဆိုတာ အတိအကျ သိရအောင် စုံစမ်းကွာ။ ထွက်ချက်ကို တစ်ခါတည်းယူဟေ့။ ပြီးတော့ ခွေးကို သတ်ပစ်ရမယ်။ အချိန်ဆွဲနေလို့ မဖြစ်ဘူး သိလား၊ ဒီခွေးက ရူးချင်ရူးနေမှာကွ။ ကဲ .. ကဲ ဒီခွေးဘယ်သူ့ခွေးလဲဆိုတာကို သိတဲ့လူရှိရင် ပြောကြစမ်း။ ငါမေးနေတာ မကြားကြဘူးလားဟေ့"

"ကျုပ်ထင်တာတော့ ဒီခွေးဟာ အတွင်းဝန်ချုပ်ကြီး ဇီးဂါးလော့ရဲ့ခွေးလို့ထင်တာပဲဗျ"ဟူသော အသံတစ်သံသည် လူအုပ်ထဲမှ ထွက်လာသည်။

"အတွင်းဝန်ချုပ်ကြီး ဇီးဂါးလော့ .. ဟုတ်လား၊ အော် .. အေး .. အေး၊ အင်း .. ဒါက .. ဟို .. အဲ .. အဲ ဟေ့ကောင် အဲလ်ဒီရင်း ငါ့ဂရိတ်ကုတ်ကြီးကို လာချွတ်ပေးပါဦးဟ။ ဂူး .. ပူလိုက် အိုက်လိုက်တာ လွန်ပါရောလားကွာ၊ မိုးရွာမယ်ထင်ပါရဲ့"

ပြောပြောဆိုဆိုနှင့်ပင် အိုချူးမီးလော့သည် ခွေးကိုက်ခံရသူ ခါယူကင်ဘက်သို့ လှည့်ကြည့်လိုက်သည်။



"ငါနားမလည်တာ တစ်ခုရှိတယ်ကွ၊ ဒီခွေးက မင်းကို ဘယ်ပုံ ဘယ်နည်းဖြစ်ပြီး ကိုက်လိုက်တာလဲ .. ဟင်။ ဆိုစမ်းပါဦး သူက မင်းလက်ကို ဘယ်လိုလုပ်ပြီး မီအောင် ကိုက်လိုက်သလဲ။ ခွေးက တကယ့်ပုပုညှက်ညှက် ခွေးပေါက်စလေးပဲ .. ကွာ။ မင်းက အရပ်မြင့်မြင့်၊ ခေါင်ကောင်းကောင်းနဲ့ဆိုတော့ ဟုတ်မှ ဟုတ်ရဲ့လား။ မင်းလက်က ဒဏ်ရာဟာ သံဆူးကြိုးနဲ့ ခြစ်မိတာနေမှာပါ။ ပြီးတော့မှ ဒဏ်ရာကိုပြပြီး လျော်ကြေးလေးဘာလေး အချောင်လိုချင်တာနဲ့ အကြံအဖန်လုပ်တာ ဖြစ်မှာပါ။ ငါပြောတာ ဟုတ်တယ်မဟုတ်လား။ မင်းတို့လိုကောင်စားတွေအကြောင်း ငါသိပါတယ်ကွာ။ မင်းတို့လူစုဟာ မကောင်းဆိုးဝါးတွေပဲ"

ဤတွင် လူအုပ်ထဲမှ တစ်ဦးက "သူက ခွေးရဲ့ နှုတ်သီးဖျားလေးကို စီးကရက်မီးနဲ့ သွားထိုးတာဗျ။ ဒါကြောင့် ခွေးက သူ့ကို လှမ်းဟပ်လိုက်တာ။ ဒီခါယူကင်ဆိုတဲ့ အကောင်ဟာ အခုလို မဟုတ်တယုတ် အလုပ်မျိုးတွေကို ဆိပ်လုပ်တတ်တယ်။ ရာဇဝတ်အုပ်မင်းကြီးရဲ့"ဟု ဝင်ပြောသည်။

"အံမယ် မင်းက ဘာဆိုင်လို့ ဝင်လိမ်နေရတာလဲ ငကန်းရဲ့။ ငါလုပ်တာကို မမြင်ဘဲနဲ့ ဘာကြောင့် ဝင်ပြီး ရျောက်တွန်းနေရတာလဲ။ ရာဇဝတ်အုပ်မင်းကြီးဟာ ပညာရှိ လူကြီးလူကောင်းတစ်ယောက်ပါ .. ကွ။ ဘယ်အကောင်လိမ်တယ်၊ ဘယ်အကောင် အမှန်ပြောတယ်ဆိုတာ သူကောင်းကောင်း သိပါတယ်။ ငါလိမ်ပြောတာလား၊ မပြောဘူးလားဆိုတာ အချိန်မရွေး အစစ်ခံဖို့ အသင့်ပဲ။ ဥပဒေထဲမှာ လူအားလုံးဟာ တန်းတူရည်တူဖြစ်တယ်လို့ ဆိုထားတယ်မဟုတ်လား။ ကျွန်တော့်အစ်ကိုတစ်ယောက်လည်း ပုလိပ်အဖွဲ့ထဲမှာ ရှိပါတယ်ခင်ဗျာ။ ရာဇဝတ်အုပ်ကြီးသိချင်သပဆိုရင် ကျွန်တော် ..."

"ဟေ့ကောင်တွေ ဒီမှာလာပြီး ငြင်းမနေကြစမ်းနဲ့ ..."ဟု အိုချူးမီးလော့က ဟောက်သည်။

ထိုအခိုက်တွင် သူ့တပည့်စာသင်က "မဟုတ်ဘူး ဗိုလ်ကြီးရေ။ ဒီခွေးဟာ အတွင်းဝန်ချုပ်ကြီးရဲ့ ခွေးမဟုတ်ဘူး"ဟု လှမ်းပြောသည်။ "အတွင်းဝန်ချုပ်ကြီးမှာ ဒီခွေးနဲ့တူတဲ့ ခွေးဆိုလို့ တစ်ကောင်မှ မရှိဘူး။ သူ့ခွေးအားလုံးဟာ အမဲလိုက်ခွေးတွေချည်းပဲ ဗိုလ်ကြီးရ"

"မင်းဟာ သေချာရဲ့လား .. ကွာ"

"သိပ်ကို သေချာပါတယ် ဗိုလ်ကြီးရာ၊ ကျွန်တော် အသေအချာသိလို့

www.burmeseclassic.com

www.burmeseclassic.com



ပြောတာပေါ့"

"အင်း .. ဟုတ်တယ်၊ မင်းပြောတာ မှန်လိမ့်မယ်။ အတွင်းဝန်ချုပ်ကြီးရဲ့ ခွေးတွေက သိပ်ကို အဖိုးတန်တာ။ မျိုးကောင်းမျိုးသန့်တွေချည်းပဲ ဝယ်မွေးတာ။ ဒီခွေးရဲ့အသွေးအမွေးကို သေသေချာချာကြည့်စမ်း အရုပ်ကလည်း ဆိုးသလား မမေးနဲ့။ ဒီကြားထဲ ဝဲတွေက စွဲနေသေးတယ်။ ဒီလို ခွေးနာ လောက်ကိုက်မျိုးကို အတွင်းဝန်ချုပ်ကြီးလို ပုဂ္ဂိုလ်ကြီးက မွေးမတဲ့လား .. ကွာ။ မင်းတို့ ရူးနေကြသလား။ နည်းနည်းတော့ စဉ်းစားကြဦးမှပေါ့"

"တကယ်လို့ ဒီလို ခွေးစုတ်မျိုးကို မော်စကိုမြို့တော်နဲ့ စိန့်ပီတာစ်ဘတ်မြို့တော်မှာသာတွေ့ရင် ဒီကောင် ဘာဖြစ်သွားမယ် ထင်သလဲ။ ဘယ်သူကမှ ဥပဒေစာအုပ်ကို လှန်ကြည့်နေမှာ မဟုတ်ဘူးဟေ့။ ဒီခွေးကို ချက်ခြင်း သတ်ပစ်ကြမှာကွ .. သိလား"

"အမှန်တော့ မင်းဟာ ကံဆိုးသူပဲ ခါယူကင်၊ ဒီကိစ္စမှာ မင်းဘက်က ခွင့်လွှတ်လို့ ဘယ်ဖြစ်ပါ့မလဲ။ ခွေးရှင်ကို မင်းသင်ခန်းစာ ပေးရမှာပေါ့။ ဒါဟာ မင်းအတွက် အခွင့်ကောင်းတစ်ခု ရတာလို့ မှတ်ရမယ်ကွ"

သူ့ဆရာ စကားကောင်းနေခိုက်တွင် ခွေးကိုကြည့်၍ စဉ်းစားဟန်ပြုနေသော စာသင်က "အင်း .. ခက်တော့ ခက်သားပဲ။ ဒီခွေးဟာ အတွင်းဝန်ချုပ်ကြီးရဲ့ ခွေးဖြစ်မယ်ဆိုရင်လည်း ဖြစ်နိုင်တယ်"ဟု ပြောသည်။ "အခုလို အပေါ်ယံကြည့်ရုံနဲ့တော့ အတိအကျပြောဖို့မလွယ်ဘူး။ ဟိုတစ်နေ့က ဒီခွေးနဲ့တူတဲ့ ခွေးတစ်ကောင်ကို သူ့ခြံထဲမှာ ကျွန်တော်မြင်ခဲ့ဖူးသလိုလိုပဲ"

"ဟုတ်တယ် .. ဗျ။ ဒီခွေးဟာ အတွင်းဝန်ချုပ်ကြီးရဲ့ခွေးပဲ။ သူ့ခွေးမှ သူ့ခွေးအစစ်၊ ရေမရောဘူး"ဟူသော ထောက်ခံချက်ပေးသံတစ်သံသည် လူအုပ်ထဲမှ ထွက်ပေါ်လာပြန်သည်။

ရာဇဝတ်အုပ်မင်း အိုချူးမီးလော့သည် မျက်စိမျက်နှာ တစ်မျိုးဖြစ်သွားသည်။ "ဟင်း .. ဟင်း .. ဟင်း"ဟူသော ရေရွတ်သံသည် သူ့ပါးစပ်မှ ထွက်လာသည်။ "ဟေ့ .. ဟေ့ အယ်လ်ဒီရင်း လုပ်ပါဦးကွ"ဟု လှမ်းခေါ်သည်။ "ငါ့ကို ဂရိတ်ကုတ်အင်္ကျီ မြန်မြန်ပြန်ဝတ်ပေးစမ်းပါဟ။ လေကလည်း ဈာ သောက်ကျိုးနည်း အေးစိမ့်နေတာပဲ။ ငါ့တစ်ကိုယ်လုံး တုန်နေပြီ"

"ဒီခွေးကို မြန်မြန်ယူသွားပြီး သူ့တပည့်တွေဆီမှာ စုံစမ်းကြပါဦးဟာ။ တကယ်လို့ သူ့ခွေးဟုတ်နေရင် ဒီခွေးကို ရာဇဝတ်အုပ်ကြီး အိုချူးမီးလော့က



တွေ့လို့ ပြန်ပို့ပေးလိုက်ပါတယ် ခင်ဗျာလို့ ပြောနော် .. ကြားလား။ ပြီးတော့ .. ဒီခွေးကို လမ်းမပေါ်လွှတ်မထားပါနဲ့လို့ မှာလိုက်ကြောင်းလည်း မပြောဘဲမနေနဲ့"

"ဒီခွေးက အဖိုးတန်တဲ့ခွေးမျိုး တစ်ကောင်ဖြစ်ချင်ဖြစ်မှာ။ လူရူးလူမိုက်တွေနဲ့တွေ့လို့ သူ့နှုတ်သီးကို စီးကရက်မီးနဲ့ထိုးရင်း ဒဏ်ရာအနာတရဖြစ်ပြီး ရုပ်ဆင်းအင်္ဂါ ပျက်သွားနိုင်တယ်။ ခွေးဆိုတာက အလွန်နူးညံ့သိမ်မွေ့တဲ့ သတ္တဝါမျိုးကွ သိလား။

"ဒီမယ် .. ဟေ့ကောင် .. ငတုံး မိုးပေါ်မြှောက်ထားတဲ့ မင်းလက်ကို ချထားလိုက်စမ်း။ မင်းလက်ကို ဘယ်သူမှ မကြည့်ဘူး။ အခုလို ထောင်ပြနေတာများ ကြည့်လို့ကောင်းမယ် ထင်သလား .. ဟင်း။ အခုချက်ခြင်း ချထားလိုက်။ အပြစ်က မင်းအပြစ်"

ထိုအခိုက်တွင် စာသင်က ...

"ဟာ .. အတော်ပဲ။ ဟောဟိုမှာ အတွင်းဝန်ချုပ်ကြီးအိမ်က စားဖိုမှူး လာနေတယ်။ ကျွန်တော်တို့ သူ့ဆီမှာ မေးကြည့်ကြတာပေါ့"ဟု ပြောသည်။ "ဟေး .. ပရော့ခါး ဒီဘက်ကို လာပါဦးကွ။ ဟောဒီခွေးကို လာကြည့်ပေးစမ်းပါ။ ဒီခွေးဟာ မင်းတို့အိမ်က ခွေးလား"ဟု မေးသည်။

ပရော့ခါးက ခွေးကိုလာကြည့်သည်။

"ဟာ .. ဒီခွေးလား၊ ဟိုး .. ဟိုး .. ဟိုး ကျုပ်တို့တစ်သက်မှာ ဒီခွေးမျိုး တစ်ကောင်တစ်မြီးမှ မရှိခဲ့ဖူးပေါင်ဗျာ"

"ကဲ .. ကြားတယ်မဟုတ်လား"

ဟု ရာဇဝတ်အုပ်ကြီး အိုချူးမီးလော့က မျက်နှာထားတင်းတင်းဖြင့် ရှင်ကိုကော့၍ ပြောသည်။

"ဒီခွေးဟာ ခွေးလေ ခွေးလွင့် တစ်ကောင်ပါကွ။ ဒီမှာရပ်ပြီး တောပြောတောင်ပြော လုပ်နေလို့ ဘာများ အဓိပ္ပာယ် ရှိမှာလဲ။ အလကားသက်သက် အချိန်ကုန်တာပဲရှိမယ်။ ငါမင်းတို့ကို ပြောပြီးပြီ မဟုတ်လား။ ခွေးလေဟာ ခွေးလေပဲပေါ့ .. ကွ။ ဒီခွေးကို သုတ်သင်ပစ်လိုက်ရင် ကိစ္စက ပြတ်တာပဲ"

ဤအခိုက်တွင် ပရော့ခါးက ...

"ဒီခွေးဟာ ကျုပ်တို့အိမ်က ခွေးမဟုတ်တာတော့ သေချာတယ်ဗျ"

ဟု ဝင်ပြောသည်။

"ဒါပေမယ့် မကြာသေးခင်ကမှ အလည်ရောက်လာတဲ့ အတွင်းဝန်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ အစ်ကို့ခွေး ဖြစ်ချင်ဖြစ်မယ်။ ကျုပ်တို့ သခင်ကြီးကတော့ ဒီခွေးမျိုးမွေးဖို့ လုံးဝစိတ်မကူးပါဘူး။ သူ့အစ်ကိုကတော့ ဒီခွေးမျိုးကို သဘောကျတတ်တယ်"

"ဘာ .. ကွ"

ဟု ရာဇဝတ်အုပ်ကြီးက ရေရွတ်သည်။

"အတွင်းဝန်ချုပ်ကြီးရဲ့ အစ်ကို ဗလာဒီမာအီဗန်နစ် ရောက်နေသလား ဟုတ်လား"

အိုချူးမီးလော့က ပြုံးသည်။ တ .. ဟဲ .. ဟဲ ရယ်သည်။

"ဝမ်းသာစရာပါလား၊ သူရောက်နေတာ ငါတောင်မသိဘူး။ ဒီမှာ လာနေတော့မှာတဲ့လား"

"ဟုတ်တယ် .. ဗျ"

"အေး .. ကွာ၊ စိတ်ဝင်စားစရာပဲ။ သူ့ညီကို တွေ့ချင်ရှာတယ် ထင်ပါရဲ့။ ငါတောင်မသိလိုက်ဘူး။ ဒီခွေးလေးက သူ့ခွေးကိုး .. ကွ။ ဝမ်းသာတယ် .. ကွာ၊ အခုလို တွေ့ရတာ .. အယ် .."

"ကဲ .. ကဲ ခွေးလေးကို မင်းပဲ ခေါ်သွားပါကွာ။ ခွေးလေးက ချစ်စရာ ကောင်းပါလား။ လိမ်မာပုံလည်းရတယ် .. နော်။ အေး .. အေး မင်းက ဟို အကောင့်လက်ကို ဟပ်လိုက်သပေါ့လေ .. ဟုတ်လား။ ဟား .. ဟား .. ဟား"

"ကဲပါ .. ငါ့ဆီကို လာစမ်းပါဦးကွယ်၊ အံမယ် တစ်ကိုယ်လုံး တုန်နေရှာသကိုး မကြောက်ပါနဲ့တော့ကွာ၊ မင်းကို ဘယ်သူကမှ ဘာမှမလုပ်ပါဘူး။ ဟာ .. ဟာ .. အိုး .. အောင်မယ် .. ခွေးစုတ် ခွေးနာ သူကများ ဒေါသတကြီးနဲ့ ဟိန်းနေလိုက်သေးတယ် .. ဟင်း"

"တယ်လေ .. ငါ .. အင်း ..။ ဟဲ .. ဟဲ .. ဟဲ အာဂခွေးကလေးပဲ .. ဟော့။ ခပ်စွာစွာကလေးပါလား .. ဟာ"

ပရော့ခါးသည် ခွေးငယ်ကိုခေါ်၍ သစ်သားခြံဝင်းထဲမှ ထွက်သွားသည်။ လူအများက ခွေးကိုက်ခံထားရသူ ခါယူကင်၏ မျက်ခွက်ကိုကြည့်၍ တဟားဟား အော်ရယ်ကြသည်။

"ဟော့ကောင် .. ခါယူကင် မင်းသတိထား .. ကြားလား"

ရာဇဝတ်အုပ်ကြီး အိုချူးမီးလော့က ခါယူကင်အား လှည့်ကြည့်ပြီး ကြိမ်း မောင်းသည်။ ထို့နောက် ဂရိတ်ကုတ်အင်္ကျီကြီးအား သူ့တစ်ကိုယ်လုံးကို ပိုလုံသွား



အောင် ပြင်၍ပတ်လိုက်ကာ ဈေးခင်းထဲမှ ဖြတ်ပြီး သူ့လမ်းသူ ဆက်လျှောက် သွားလေသည်။

CHAMELEON

ANTON CHEKHOV

❑

## နှာခေါင်းကြီး

လစ်ဘာတာ အဆောက်အဦ ဆင်ဝင်အောက်က ထိုင်ခုံတစ်ခုံမှာ ကျုပ်တို့ ဝင်ထိုင်လိုက်ကြတယ်။ ထိုင်လဲထိုင်မိရော ဆစ်လ်ဗာနိုက ကျုပ်ကို သတင်းစာ ထုတ်ပေးပြီး သတင်းတစ်ပုဒ်ကို ပြတယ်။ လူသိများပြီး အရေးပါ အရာရောက် ဗိုလ်ကြီးတစ်ယောက် ကွယ်လွန်သွားကြောင်း သတင်းပါ။ အဲ့မယ် .. သတင်းကို နှစ်ကော်လံအပြည့် ဖော်ပြထားတာ။ ဈာပနအခမ်းအနားကို မနက်ဖြန်မှာ လုပ်မယ့်အကြောင်း၊ သေသူရဲ့ ရုပ်အလောင်းကို သူ့နေအိမ်မှာထားကြောင်း၊ အသုဘလာ ဧည့်သည်တော်များ လက်မှတ်ထိုးဖို့ မှတ်တမ်းစာအုပ်ကို အိမ်အဝင်တံခါးမှာ ပေးထားမှာဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ရေးထားတယ်။ သတင်း အောက်နားမှာလည်း ကွယ်လွန်သူ မသေခင်က ဆောင်ရွက်သွားခဲ့တဲ့ လုပ်ငန်းတွေကို အကျဉ်းချုပ်ပြီး ဖော်ပြထားတယ်။

သတင်းအပေါ် ကျုပ်စိတ်ဝင်စားနေတုန်းမှာပဲ ဆစ်လ်ဗာနိုက ကျုပ်လက်ထဲက သတင်းစာကို ဖြတ်ခနဲ ပြန်ယူလိုက်ပြီး "သတင်းအနေနဲ့က သိပ်အရေးကြီးပါဘူး .. ကွာ"လို့ ပြောတယ်။ အဲဒီတုန်းမှာပဲ ဇိမ်ခံကားကြီးတစ်စီးဟာ ကျုပ်တို့ရှေ့က ဖြတ်သွားတယ် ကားထဲမှာ ပါလာတဲ့ အဝတ်အစား မလုံ့တလုံ ဝတ်ထားတဲ့ ကောင်မလေးတစ်ယောက်က သူသောက်လက်စ စီးကရက်တိုကို ပြတင်းပေါက်ကနေပြီး လွှင့်ပစ်လိုက်တယ်။ ဆစ်လ်ဗာနိုဟာ ထိုင်နေရာက အပြေးနဲ့ ထသွားပြီး စီးကရက်တိုကို ကောက်ယူလိုက်တယ်။ ပြီးတော့ ပြန်လှည့်လာပြီး ထိုင်ခုံပေါ် ပြန်ထိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတာက သေသွားတဲ့ ဘဲကြီးရဲ့လက်မှာ ဝတ်ထားတဲ့ လက်စွ
-- ကွ" လို့ သူကပြောတယ်။ သူပြောတဲ့ လက်စွပ်က အရှွန်အဖိုးထိုက်တန်
သမိုင်းဝင် မြလက်စွပ်တဲ့။ အဲဒီမြက ရှေးဟောင်းသမိုင်းဝင် ကျောက်တစ်လုံ
သိပ်တိုတန်ဖိုးကြီးတယ်တဲ့။ အဲဒီလက်စွပ်အကြောင်းကို အလောင်းပြင်ဖို့ တာ
ယူကြရတဲ့ အလုပ်သမားတွေထဲက သူ့သူငယ်ချင်းတစ်ယောက်က အသိပေးလို
လို့ သူသိခဲ့ရတာတဲ့။

သူ့အဆိုကတော့ အဲဒီမြလက်စွပ်ဟာ အခုသေသွားတဲ့လူကို ဘုရင်တစ်
က ချီးမြှင့်ခဲ့တာတဲ့။ သေတဲ့လူက သူသေရင် ဒီလက်စွပ်ကို သူ့လက်မှာဝတ်
မြှုပ်ပါလို့ ဆန္ဒပြုခဲ့တဲ့အတွက် ဒီလူကြီးအလောင်းကိုမြှုပ်ရင် လက်စွပ်ပါသွား
သေချာတယ်တဲ့။ နောက်ဆုံးမှာ ဆစ်လ်ဗာနိုက သေတဲ့လူဟာ အစေခံမ
တစ်ယောက်နဲ့ နေကြောင်း၊ အစေခံမကြီးက သိပ်ကြောက်တတ်တော့ ဒီညသေသူ
အိမ်မှာ နေဝံ့မှာမဟုတ်ဘူးဆိုတာ ယုံကြည်နေကြောင်း ရှင်းပြပြီး ဒီသတင်းအ
လုံးကို သူ့သူငယ်ချင်းက အနိုင်အမာ ပြောပြလိုက်တာလို့ ရှင်းပြတယ်။

သူက သေသူရဲ့အိမ် ဘယ်နားမှာရှိတယ်၊ လမ်းက ဘယ်လမ်း၊ အခန်း
က ဘယ်လို စသည်ဖြင့် ဆက်ပြီး ပြောပြနေတယ်။ ကျုပ်ကတော့ ဘာမှပြန်မ
ဘူး။ ကျုပ်မှာကလည်း ဒီကိစ္စရဲ့ အနေအထားနဲ့ အလားအလာတွေကို စဉ်းစားချိ
နေရလို့ စိတ်က မအားဘူးဗျ။ ဒီကိစ္စမှာ တစ်ဖက်ကကြည့်ရင် အဲဒီလက်စွပ်
ခပ်ချောင်ချောင်နဲ့ ရနိုင်တဲ့ အနေအထားရှိတာ တွေ့ရတယ်။ ဒါပေမဲ့ ကျန်တ
ဖက်က ကြည့်ရင်တော့ ဆစ်လ်ဗာနိုဆိုတဲ့ကောင်က ကျုပ်နဲ့ သိခဲ့ရသမျှ သတ္တ
တွေထဲမှာ ကံမကောင်းဆုံး သတ္တဝါတစ်ကောင် ဖြစ်နေတယ်။ အကုသိုလ်
တတ်တဲ့ အရိပ်လက္ခဏာက သူ့မျက်ခုံးမှာ အထင်အရှားပါနေတယ်ဗျ။

ကျုပ်သိရသလောက်ဆိုရင် ကံက သူ့ကို ဘယ်တော့မှ အပြုံးနဲ့ ကြို
မရှိဘူး။ ထောင်ချောက်တစ်ခုထဲ ကျသွားအောင် အမြဲပို့ပေးလေ့ရှိတယ်။ အ
သဖြင့် သူ့နှာခေါင်းမြင်ရုံနဲ့ ဒီအကောင်ဟာ အမြဲတမ်း ကံဆိုးမိုးမှောင်ကျတတ်
ကောင်ဆိုတာ သိနိုင်တယ်။ သူ့နှာခေါင်းက ဘုရားရှိခိုးကျောင်းက ခေါင်းလော
အဆံနဲ့ တူတယ်ဗျ -- သိလား။ ပြီးတော့ နှာခေါင်းက အကြီးကြီး။ ကြီးရ
အထဲမှာ ကောက်နေလိုက်သေးတယ်ဗျာ။ သူ့နှာခေါင်းက ချောချောမွေ့မွေ့ ညီ
ညာညာလည်း မဟုတ်ဘူး။ ဘုတွေ ထစ်တွေနဲ့။ အရောင်အဆင်းကျတော့လည်
ညိုပုပ်ပုပ်။ သူ့နှာခေါင်းကြီးက တော်တော်ထူးဆန်းတာတော့ အမှန်ပဲ။ အောက်ဖ



ကျားထိပ်က လုံးလုံးကြီးရယ်။ ပြီးတော့ အဲဒီထိပ်တည့်တည့်ပေါ်မှာ ကြည့်လို့
အွန်ဆိုးတဲ့ အညိုရောင်မှည့်ကြီးတစ်လုံးက ဘုကြီးတစ်လုံး ထွက်သလို ထွက်
နေတယ်။ အသေအချာ ကြည့်လိုက်မိရင် စိတ်ပျက်စရာ အင်မတန်ကောင်းတဲ့
နှာခေါင်းပါဗျာ။

အမှန်အတိုင်း ပြောကြစတမ်းဆိုရင် ကျုပ်ကိုယ်တိုင်လည်း ဆင်းရဲတဲ့
ကောင်ပါ။ အဝတ်အစားဆိုလည်း ကောင်းကောင်းမဝတ်နိုင်ပါဘူး။ တစ်ခါတရံ
ဆင်မပြေတဲ့ အချိန်တွေမှာဆိုရင် စုတ်ပြတ်လွန်းအားကြီးလို့ ကျုပ်ဟာ လူလေ
လွင့်တစ်ယောက်နဲ့ တူလာတတ်ပါတယ်။ ဒါပေမယ့်ဗျာ ဆစ်လ်ဗာနို လုပ်သလို
ဆင်းရဲရိပ်သာတွေနဲ့ သီလရှင်ကျောင်းတွေမှာ ကပ်ရပ်ပြီး စားတာသောက်တာ
များတော့ လုံးဝမလုပ်ဘူး။ ကျုပ်အနေနဲ့ ကားထဲက လွှင့်ပစ်တဲ့ စီးကရက်တို
လည်း ဘယ်တော့မှ ကောက်မသောက်ဘူး။

သူစကားပြောနေတုန်းမှာ ကျုပ်ကတော့ အဲဒါတွေကို တွေးနေမိတယ်။
နှာခေါင်းကိုလည်း တစ်ခါနှစ်ခါလောက် ကြည့်မိတယ်။ သူကလည်း ကျုပ်သူ့
ခေါင်းကြည့်တာကို သတိထားမိပုံရတယ်။ မလုံမလဲ မျက်နှာထားနဲ့ သူ့နှာခေါင်းကို
တ်နေတယ်။ ပြီးတော့ လက်ညှိုးနဲ့ သူ့နှာခေါင်းပေါက်ထဲထိုးပြီး နှပ်ချေး
လော်သလိုလို ဘာလိုလို လုပ်နေတယ်။ သူလုပ်နေပုံတွေကိုကြည့်ပြီး ကျုပ်
ခြင်း ဆုံးဖြတ်လိုက်တယ်။ "ဒီကိစ္စမှာ မင်းက ငါ့ကို သတိရတဲ့အတွက်
ေးတော့ တင်တယ်ကွာ၊ ဒါပေမဲ့ ငါပါလို့ မဖြစ်ဘူး" လို့ ပြောလိုက်တယ်။

"ဘာပြုလို့လဲကွ၊ မင်းကလဲ"

"ဘာပြုလို့လဲဆိုတော့ နှစ်နဲ့နှစ်ပေါင်းရင် ငါးမဖြစ်လို့ပေါ့ -- ကွာ"

သူ့မျက်နှာဟာ ဖြူရော်ရော်ဖြစ်သွားတယ်။ ပြီးတော့ ခေါင်းကိုငုံ့ထား
ယ်။ ခဏနေတော့ -- ကျုပ်စကားကို ကြားတဲ့လူတွေက ယုံကြပါ့မလား
ပြောတတ်ဘူး။ ဒီအကောင် ရှိုက်ကြီးတငင် ငိုပါလေရော။ ပါးစပ်ကလည်း "ငါ
ယ်လောက် ကံဆိုးတယ်ဆိုတာ မင်းသိပါတယ်ကွာ။ အခုတစ်ခါပဲ အခွင့်ကောင်း
တစ်ခုနဲ့ ကြုံရတာပါ။ ဒါလေးကိုတောင် ငါအသုံးချခွင့်မရဘူး" လို့ တဗျစ်
တောက် ပြောတယ်။

"မင်းဖာသာ မင်းတစ်ယောက်တည်း လုပ်ပေါ့ -- ကွာ" လို့ ကျုပ်က
ပြောတယ်။ "မင်း -- ဘယ်သူနဲ့မှ တွဲမလုပ်ရင် ရသမျှကို မင်းတစ်ယောက်ထဲ
။ ဒါဆိုရင် မင်းသူဌေးဖြစ်ပြီပေါ့ -- ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ငါက သတ္တိရှိတဲ့ကောင် မဟုတ်ဘူးကွ"လို့ သူက ဝန်ခံတယ်။ ငိုတ
ကတော့ ရပ်မသွားဘူး။ ဆက်ငိုတုန်းပဲ။ "ငါက လူသေကောင်ဆိုရင် ကြော
တယ်ကွ။ မင်းက ဘာကိုမှ ကြောက်တဲ့ကောင်မဟုတ်တော့ ငါတွေးမိတာက ···

ကျုပ်က သူ့စကားကို ဆုံးအောင်နားမထောင်တော့ဘဲ ထိုင်နေရာ
ထရပ်လိုက်တယ်။ "ဒီလိုဆိုရင်တော့လဲ အဲဒီလက်စွပ်ကို လူသေကောင်နော
ပါသွား ပစေတော့ပေါ့ကွာ" လို့ပြောပြီး ထွက်လာခဲ့တယ်။

ဒီနေ့ဟာ ဩဂုတ်လရဲ့ အများပြည်သူ ရုံးပိတ်ရက်တစ်ရက်ဗျ။ ကျုပ်
ပန်းခြံတကာ လျှောက်သွားပြီး ထိုင်လိုက် ပြန်ထွက်လာလိုက်နဲ့ အချိန်ဖြုန်းနေ
တယ်။ ဘယ်နေရာရောက်ရောက် လူလည်း များများစားစား မတွေ့ရဘူး။ ဖုန်တွေ
စက္ကူစုတ်တွေကလွဲပြီး ဘာမှမရှိဘူး။ မြို့တော်ကြီးရဲ့အလယ်မှာ အင်မတန် ပျ
ရိုငြီးငွေ့ဖွယ်ရာနဲ့ အချိန်ကုန်နေရတာဟာ တကယ်စိတ်ပျက်စရာကောင်းတာပဲ။ ကျ
အနေနဲ့ ပန်းခြံတစ်ခုကနေ တစ်ခုကိုသွား၊ ထိုင်ခုံတွေပေါ် ဝင်ထိုင်လိုက်၊ လှဲလို
ပြန်ထလိုက်၊ နောက်တစ်ခုံကိုပြောင်းလိုက်နဲ့ ဘယ်လောက် စိတ်ညစ်ဖို့ ကော
လဲဗျာ။ စိတ်ဓာတ်ကျလိုက်ပုံများတော့ ပြောမပြတတ်လောက်အောင်ပါပဲ ···။

အမှန်တော့ ·· ဗျာ၊ အားရက်တွေဆိုရင် တပျော်တပါးနဲ့ အချိန်ကုန်သ
တယ်မဟုတ်လား။ အခုလို မသုံးနိုင်၊ မဖြုန်းနိုင်ဖြစ်ပြီး တလျှောက်လျှောက် လုပ်
ရတာဟာ စိတ်ဓာတ်ကျစရာပဲ ·· ပေါ့။ ဒါပေမယ့် ကျုပ်အနေနဲ့ အခုလို ရက်အ
တွေမှာ ပျော်ပျော်ပါးပါး နေသွားနိုင်ဖို့ဆိုတာက သိပ်မလွယ်ဘူး။ တကယ်
အဲသလို နေသွားချင်တယ်ဆိုရင်တော့ လောလောဆယ် ကျုပ်လုပ်ရမဲ့အလုပ်
တစ်ခုပဲရှိတယ်။ အဲဒါလဲ တခြားတော့ မဟုတ်ဘူး။ ဟို လူသေကောင်ရဲ့လက်
မြလက်စွပ်ကို သွားချွတ်ဖို့ပဲ။

ဒါပေမယ့်လဲ ကျုပ်က ဟိုကောင် ဆစ်လ်ဗာနီကို မလုပ်နိုင်ဘူးလို့ ငြင်း
နေပြီ။ ဒါဆိုရင် သူပေးခဲ့တဲ့ သတင်းကို အလွဲသုံးစားလုပ်ပြီး သူ့အပေါ် ညစ်
မှ ဖြစ်တော့မှာ။ အဲသလို လုပ်ရင်ကော ကောင်းပါ့မလားဟာ။ ကျုပ်ဝေခွဲလို့ မရ
ဘာပဲဖြစ်ဖြစ်ပေါ့လေ နောက်ဆုံးမှာတော့ ကျုပ် ဆုံးဖြတ်ချက်တစ်ခု ချလို့ရတ
တခြားတော့ မဟုတ်ပါဘူး။ ဟိုနော ဆဲလ်ဗာနီဆီသွားပြီး ကျုပ်စိတ်ပြောင်းသွ
ပြီလို့ ဖွင့်ပြောဖို့ပါ။ အဲ ·· ဒါပေမယ့် ခက်တာက ကျုပ် ဒီကောင့်လိပ်စာ
မသိဘူးဗျ။ ဒီအကောင်ကလဲ ဒီနေရာမှာတောင် ကံမကောင်းပါလား ·· ဗျ
သူ့ခမြာ လူရိုးလူကောင်းနဲ့ ဆုံမိတဲ့ အခွင့်အရေးကလေး ရလာပြန်တော့လဲ အ



အခွင့်အရေးကို သူ့အတွက် အကျိုးဖြစ်လာအောင် သုံးခွင့်မရရှာဘူး။

ကျုပ် အိမ်ပြန်ခဲ့တယ်။ ကျုပ်အိမ်ဆိုတာကလဲ ကျောက်ဖြတ်သမား အဘိုး
အိုတစ်ယောက်ဆီက တဆင့်ခံငှားထားတဲ့ အခန်းကျဉ်းကလေးပါ။ အခန်းရောက်
တော့ ကျုပ်ရဲ့ ကိရိယာတန်ဆာပလာတွေကို ဝှက်ထားတဲ့နေရာက ထုတ်ယူလိုက်
ပါတယ်။ ကိရိယာတွေက သံကွင်းကြီးတစ်ကွင်းမှာ စုပြီး ချိတ်ထားတဲ့ သော့
အရွယ်အစား အမျိုးမျိုးနဲ့ ဖောက်ထွင်းကိရိယာ အမျိုးမျိုးပါ။ ကျုပ်ဖာသာကျုပ်
တီထွင်ထားတဲ့ သံကောက်ရှည်ကြီးတစ်ချောင်းနဲ့ သံမဏိတံစဉ်းတစ်ချောင်းလဲ
ပါတယ်။ ကျုပ်အနေနဲ့ ပေါင်မုန့်တစ်လုံးကိုပါ ယူပြီး အိတ်ကပ်ထဲထည့်လိုက်
ပါတယ်။ အခုဆိုရင် ညပိုင်းရောက်နေပါပြီ။ ကျုပ် ခြတ်ရထားစီးပြီး ဆစ်လ်ဗာနီ
ပေးခဲ့တဲ့ လိပ်စာဆီကို ထွက်လာခဲ့ပါတယ်။

သူပြောခဲ့တဲ့ အိမ်ကို အလွယ်တကူပဲ ရှာလို့ တွေ့ခဲ့ပါတယ်။ အိမ်က
ဗီယာလိပါရီယိုလီနားက ရပ်ကွက်ထဲမှာ ·· ဗျ။ ကျုပ်မြင်ရသလောက်ကတော့
သိပ်ပြီး တခမ်းတနားရှိတဲ့ အိမ်မဟုတ်ဘူး။ အိမ်ကိုကြည့်ပြီး ကျုပ်စိတ်တောင်မှ
ပျက်သွားမိသေးတယ်။ ထင်ရှားတဲ့ပုဂ္ဂိုလ်တစ်ယောက်ဆိုတော့ သူ့အိမ်ကို လူချမ်း
သာတွေ ဆောက်ထားလေ့ရှိတဲ့အိမ်မျိုး ဖြစ်လိမ့်မယ်လို့ ထင်ထားတာ။ အခုတော့
သူ့အိမ်က ခေတ်တော့ဆန်ပါရဲ့၊ ပုံကတော့ ရိုးရိုးကြီး။ အိမ်ရှေ့မျက်နှာစာက
အုတ်ခဲအနီတွေနဲ့ လသာဆောင်တွေကတော့ အဖြူရောင်တွေပါ။

ညပိုင်းအခုလို အချိန်ဆိုရင် တံခါးစောင့်ဟာ ညစာ စားနေလိမ့်မယ်လို့
ကျုပ် တွက်မိတယ်။ ကျုပ်ထင်တဲ့အတိုင်းပဲ။ အပေါက်မှာ တံခါးစောင့် မရှိဘူး
သေတဲ့လူ အလောင်းထားတဲ့ နံပါတ် ၃ အထပ်ကို ဘယ်သူမှ မမြင်ဘဲ ကျုပ်
တက်သွားနိုင်ခဲ့တယ်။ အခန်းထဲမှာ သေတဲ့လူ တစ်ယောက်ထဲရှိတာဆိုတော့ တံခါး
ကို အခိုင်အမာ ပိတ်မထားဘူး။ သာမန် ရိုးရိုးသော့နဲ့ပဲ ပိတ်ထားတယ်။ ကျုပ်
အချိန်ဆွဲမနေတော့ဘူး။ ကျုပ်မှာပါတဲ့ သော့တွေနဲ့ တံခါးကို ဖွင့်ဖို့ကြိုးစားတယ်။

သူတို့က ပြောကြတယ်။ ဒီခေတ် သော့ခလောက်တွေဟာ သူ့သော့နဲ့သူ
ဖွင့်မှရတယ် ·· တဲ့။ သော့ခလောက်တစ်ခုချင်းစီမှာ သော့တစ်ချောင်းစီရှိလို့ စိတ်
ချရတယ် ·· တဲ့။ ဒါပေမယ့် ဒီစကားဟာ မမှန်ဘူး ·· ဗျ။ ကျုပ်သိရသလောက်
တော့ သော့ခလောက်အမျိုးအစား အများဆုံးရှိလှရင် နှစ်ဆယ်ပဲ။ ပြီးတော့သိ
သော့ခလောက်တွေဟာ မိန်းမတွေနဲ့တူတယ်ဗျ။ သော့ခလောက်ရဲ့ အပေါက်နဲ့
တော်တဲ့သော့ကို အပေါ်ယံဉာဏ်ပညာနဲ့ သိတာမဟုတ်ဘူး။ ကိုယ့်မှာရှိနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



သဘာဝစိတ် သဘာဝဉာဏ်က သိတာ။ ဘယ်မိန်းမကို ဘယ်လိုချဉ်းကပ်ရင် ရ... မယ်ဆိုတာ သိတဲ့သိပုံမျိုးနဲ့ တူတယ် ‥ ဗျ။ ကျုပ်မှာပါလာတဲ့ သော့တွေထဲမှာ... သော့ခလောက်အပေါက်နဲ့တော်တဲ့ သော့ဆိုလို့ တစ်ချောင်းမှ မပါဘူး။ ဒါပေမယ့်... သော့ခလောက်ကို သော့တစ်ဒါဇင်လောက်နဲ့ စမ်းဖွင့်ကြည့်လိုက်ရင်တော့ ဘယ်... သော့ဟာ သော့ပေါက်နဲ့ တော်လိမ့်မယ်ဆိုတာ အတိအကျ သိလာရုံတင်မကဘူး... တကယ်လို့ သော့ခလောက်နဲ့ မတော်ရင် တော်လာအောင် ဘယ်နေရာကို တံစဉ်းရဲ့... ဘယ်လိုတိုက်ပစ်ရမယ်ဆိုတာကအစ သိလာတယ်။ တကယ်တော့ဗျာ သူခိုးတစ်... ယောက်ရဲ့ မျက်လုံးဟာ ခွဲစိတ်ကုဆရာဝန်တစ်ယောက်ရဲ့ မျက်လုံးနဲ့တူတယ်... လို့ထင်တယ်။ သူတို့မျက်စိတွေဟာ တစ်ချက်ဝေ့ကြည့်လိုက်ရုံနဲ့ အသေးဆုံး... ဆိုတဲ့ အရာကလေးကိုတောင် အမှန်အမှား ခွဲခြားပြီး သိကြတယ်။

ကျုပ်အနေနဲ့ ဘယ်သော့ကို ဘယ်လိုသုံးရင် ကောင်းမယ်ဆိုတာ စဉ်းစား... ဆုံးဖြတ်လို့ ရခဲ့ပြီးတဲ့နောက်ပိုင်းမှာ နံပါတ် ၃ အထပ်ရဲ့ ခေါင်မိုးပေါ်ကို အေး... အေးဆေးဆေးပဲ တက်လာခဲ့တယ်။ ခေါင်မိုးပေါ်ရောက်ဖို့ သစ်သားတံခါးတစ်ချပ်... က ခံနေပြန်တယ်။ ခပ်ထားတဲ့ သော့ခလောက်က ရှေးပုံစံ သော့ခလောက်မျိုးဆို... တော့ ကျုပ်အဖို့ လွယ်ပါတယ်။ ကျုပ်ရဲ့ သံကောက်နဲ့ သော့ခလောက်အပေါက်ထဲ... ထိုးပြီး တစ်ချက်ပဲ လှည့်လိုက်တယ်၊ တံခါးပွင့်သွားတာပဲ။ ကျုပ် ခေါင်မိုးပေါ်... တက်ခဲ့တယ်။

ခေါင်မိုးက အမိုးမရှိတဲ့ သေတ္တာတစ်လုံး ပုံစံမျိုး ‥ ဗျ။ ခေတ်မီတယ်... လို့ ဆိုရမှာပေါ့။ အပေါ်မှာ ဘာမှမရှိဘူး၊ ဟာလာဟင်းလင်း ကွင်းပြင်တစ်ခုနဲ့တူ... တယ်။ ထိုင်စရာခုံတန်းလျားတွေဘာတွေ ချမထားဘူး။ တခြား အခန်းက ခေါင်မိုး... တွေဆီ ကူးသွားစရာ လမ်းလဲမရှိဘူး။ လရောင်အောက်က ခေါင်မိုးဟာ ကပွဲခန်းမ... တစ်ခုနဲ့ တူနေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်အဖို့တော့ မီးဖိုခေါင်းတိုင်တစ်ခုရဲ့... နောက်က မှောင်ရိပ်ကိုတော့ ခိုလို့ရတယ် ‥ ဗျ။ ကျုပ်အဲဒီနေရာသွားပြီး... တင်ပလ္လင်ခွေထိုင်ချလိုက်တယ်။ တံစဉ်းကိုထုတ်ပြီး သော့တစ်ချောင်းကို လိုချင်တဲ့... ပုံစံရအောင် တိုက်ရတယ်။ သော့ခလောက်အပေါက်နဲ့ အံဝင်လောက်တဲ့ အနေ... အထားရတဲ့အခါမှာတော့ ကျုပ် အဲဒီနေရာမှာ အသာလှဲပြီး ပါလာတဲ့ပေါင်မုန့်ကို... စားလိုက်တယ်။ ပြီးတော့ စီးကရက်တစ်လိပ် မီးညှိပြီးဖွာတယ်။ ကျုပ်အနေနဲ့... နောက်ထပ်လေးနာရီလောက်တော့ စောင့်ရဦးမယ်လို့ တွက်မိတယ်။ နောက်ဆုံး... တော့ ကျုပ်ဟာ လက်ထဲက စီးကရက်တိုကို လွှင့်ပစ်လိုက်တယ်။ မှောင်ရိပ်ကိုခိုပြီး...



...တွေးကွေးလှဲအိပ်လိုက်တယ်။ မကြာပါဘူး အိပ်ပျော်သွားတာပဲ။

နောက် လေးနာရီလောက်ကြာတော့ ကျုပ် နိုးလာတယ်။ အခုလို အိပ်... ...တာ ကျုပ်အတွက် တော်တော်ဟန်ကျသွားတာပဲ။ ကျုပ်ခေါင်မိုးပေါ်ကနေပြီး... ...လမ်းအတိုင်း ပြန်ဆင်းလာခဲ့တယ်။ ကျုပ့်စိတ်ထဲမှာ အလုပ်သမားတစ်ယောက်... ...အလုပ်ခွင် သွားနေတဲ့ ခံစားမှုမျိုးပဲရှိတယ်။ အမှုအခင်း အကြောင့်အကျဆိုလို့... ...နည်းကလေးမှ ပေါ်မလာဘူး။ စိတ်ကလည်း တည်ငြိမ် အေးဆေးနေတယ်။ ...ရှားမှုဆိုလို့ လုံးဝမရှိဘူး။ ခေါင်းကလည်း အေးလိုက်တာမှ အလွန်ပဲ။

ကျုပ်ဟာ ခေါင်မိုးပေါ်ကနေပြီး နံပါတ် ၃ အထပ်ကို ခပ်ဖြည်းဖြည်းပဲ ...ဆင်းလာခဲ့တယ်။ ရောက်တာနဲ့တပြိုင်နက် ကျုပ်လုပ်ထားတဲ့ သော့နဲ့ ဖွင့်ကြည့် ...တယ်။ ကျုပ်တွက်ရင် လွဲခဲပါတယ် ‥ ဗျာ။ သော့က သော့ခလောက်အပေါက်နဲ့ ...ကိုဝင်နေတာပဲ။ လိုအပ်တာဆိုလို့ သော့တန်တစ်နေရာမှာ တံစဉ်းနဲ့ နည်းနည်း ...လေး တိုက်ပေးဖို့ပဲလိုတယ်။ မကြာပါဘူး ချလောက်ခနဲ မြည်ပြီး တံခါးပွင့်သွား ...ပဲ။

အခန်းကတော့ သပ်သပ်ရပ်ရပ် ရှိပါတယ်။ အိပ်ခန်းလေးခန်းနဲ့ မီးဖိုခန်း ...ခန်းပါတဲ့ အခန်းပဲ။ ကြီးကြီးကျယ်ကျယ် ပြင်ဆင်ထားတာမျိုးတော့ မမြင် ...ဘူး။ ဒါတွေက သူခိုးတစ်ယောက်အတွက် စိတ်ဝင်စားစရာ အချက်တော့မဟုတ် ...ဘူး။ ဒါပေမယ့် သေတဲ့လူဟာ ကျော်ဇော ထင်ရှားတဲ့ လူတစ်ယောက်ပါလို့ ...ထားတဲ့ သတင်းကိုတော့ ဖျတ်ခနဲ သတိရလိုက်မိသေးတယ်။

အိမ်ရှေ့တံခါးက ဝင်ခဲ့တဲ့ကျုပ်ဟာ စင်္ကြံလမ်းအတိုင်း လိုက်သွားတယ်။ ...နေတဲ့ တံခါးပေါက်က မီးရောင်တစ်ခု ထွက်လာနေတယ်။ မှန်အိမ်မီးရောင် ...တော့ မဖြစ်နိုင်ဘူးလို့ထင်တယ်။ အထဲရောက်တော့ ကျုပ်ထင်တာ မမှားဘူး။ ...တင်းပေါက် တစ်ပေါက်က ဝင်နေတဲ့ လရောင်ဗျ။ အဲဒီတစ်နေရာကလွဲရင် ...တစ်ခန်းလုံး မှောင်ထဲမှာ ရောက်နေတယ်။ ကျုပ် လက်နှိပ်ဓာတ်မီးကိုထုတ်ပြီး ...ဖြည်းဖြည်းချင်း လျှောက်ကြည့်တယ်။ ပထမဆုံး ကျုပ်မြင်ရတာကတော့ စာအုပ် ...တွေပဲ။ နောက်တော့ စားပွဲတစ်လုံး၊ ပြီးတော့ ပန်းတွေက ပန်းမျိုးစုံပဲ၊ အများ ...ကတော့ နှင်းဆီပန်းတွေ ‥ ဗျ။ အဲ ‥ အဲ ‥ ဖြန့်ကားနဲ ပန်းတွေကြားက ...သေကောင်ရဲ့ မျက်နှာကို ကျုပ်မြင်လိုက်ရတယ်။

သူ့မုတ်ဆိတ်၊ သူ့နှုတ်ခမ်းမွေးနဲ့ ဆံပင်တွေဟာ ဖွေးဖွေးလှုပ်နေတာပဲ။ ...နှာက ဝဖောင်းဖောင်းနဲ့ ပန်းရောင်သန်းနေတယ်။ မျက်ခွံတွေကတော့ တကယ့်

www.burmeseclassic.com

www.burmeseclassic.com



ကို ပါးပါးလေးလိုပဲ။ အသက်က ခုနစ်ဆယ်လောက်တော့ ရှိပြီ။ ခန္ဓာကိုယ် ခပ်တုတ်တုတ်၊ ခန့်ငြားထည်ဝါမယ့် ပုံမျိုးပဲ။ မင်းဂိုက် စိုးဂိုက်လည်း ပေါက် တယ်။ ထူးခြားထည်ဝါပြီး လေးစားလောက်တဲ့ လူသေကောင်တစ်ကောင်ပါပဲ ဗျာ။

ကျုပ်ဟာ လက်နှိပ်ဓာတ်မီးနဲ့ လူသေကောင်ရဲ့ တစ်ကိုယ်လုံးကို ဖြ ဖြည်းချင်း လျှောက်ထိုးကြည့်တယ်။ ဝတ်ထားတဲ့ အင်္ကျီက ဖရောကုတ်အ ရောင်ဟာ။ ရှပ်အင်္ကျီ အဖြူရောင်ရှေ့ဘက်မှာ အနီအနက် ပိုးစည်းကြိုးကလေး စီးထားတယ်။ အဖြူရောင် နက္ကတိုင်ကိုလည်း အကျအန တပ်ပေးထားတ သူ့ နက္ကတိုင်ပေါ်မှာ ငွေရောင်သန်းနေတဲ့ မုတ်ဆိတ်မွေးက တစ်ပိုင်းတစ်စ ဖုံး တယ်။ လက်နှိပ်ဓာတ်မီးရောင်ဟာ ရင်ဘတ်ပေါ်မှာ ယှက်ပြီးတင်ထားတဲ့ လ နှစ်ဖက်ပေါ်ကို လျှောက်သွားနေတယ်။ ပန်းရောင်သန်းနေတဲ့ လက်တွေ သန့်စင်နေတယ်။ လက်သဲတွေကို ညှပ်ပေးထားလိုက်တာလဲ ညီနေတာပဲ။

ဝဝကစ်ကစ် လက်သူကြွယ်ပေါ်က လက်စွပ်ကို ကျုပ်ချက်ခြင်း မြင်လို တယ်။ လက်စွပ်ကျောက်ရဲ့ အရောင်ဟာ လက်နှိပ်ဓာတ်မီးရောင်အောက်မှာ လဲ့လဲ့ တောက်ပနေတယ်။ ကျုပ်ဟာ လက်နှိပ်ဓာတ်မီးကို ဘယ်ဖက်လ ပြောင်းကိုင်လိုက်ပြီး လက်စွပ်ကို ဖြည်းဖြည်းခြင်း လှည့်ချွတ်တယ်။ ရုတ်တ တော့ မရဘူးဗျ။ အတော်လေး အားစိုက်ပြီး ဆွဲလိုက်တော့မှ လက်စွပ်ဟာ က လက်ထဲ ပါလာတယ်။ ဒါပေမယ့် သိပ်အားစိုက်ပြီး ဆွဲချွတ်လိုက်ရတဲ့ အ ကြောင့် အလောင်းဟာ နေရာရွေ့သွားသလိုပဲ။

အဲ .. ကျုပ်ထင်တာ မလွဲဘူးဗျ။ မီးရောင်နဲ့ သေသေချာချာ ထပ်ကြ လိုက်တော့ အလောင်းနေရာ ရွေ့သွားတာ အမှန်ပဲ။ ခြေရာလက်ရာ ပျက်နေတ စောစောက စေ့နေတဲ့ပါးစပ်ဟာ အခု 'ဟ' နေတယ်။ သူ့နှုတ်ခမ်းမွေးအောက် ရွေ့သွားတွေကိုတောင် မြင်နေရတယ်။ အဲဒီတုန်းမှာပဲ ခပ်တိုးတိုး လေချွန်သံ ကြားလိုက်ရတော့ ကျုပ်ဟာ တစ်ကိုယ်လုံး တုန်ပြီး လန့်ခုန်လိုက်မိတယ်။ ကျု နောက်ဖက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ပြတင်းပေါက်ဘောင် အထ နားမှာ ကပ်ပြီးပေါ်နေတဲ့ ဆစ်လ်ဗာနီရဲ့ မျက်နှာကို မြင်လိုက်ရတယ်။ သူ့မျက်နှ လူသေကောင်ရဲ့ မျက်နှာထက်တောင် ဖြူရော်ရော်ဖြစ်နေပါတယ်။ သူဟာ ကျု မျက်လုံးကြီးတွေပြူးပြီး တအံ့တသြကြည့်နေရာက ခပ်တိုးတိုးလေသံနဲ့ "အ တာ ဒီရောက်နေသကိုး .. ကွ" လို့ ရေရွတ်ပါတယ်။



လုံးဝမမျှော်လင့်ဘဲ တဒင်္ဂအချိန်ကလေး အတွင်းမှာ ဖြုန်းခနဲ ပေါ်လာ တာပါ။ ဒါပေမယ့် အဲဒီ စက္ကန့်ပိုင်းလေးအတွင်းမှာပဲ ကျုပ်သူ့ကို လိမ်ပြောဖို့ ဆုံး ဖြတ်လိုက်တယ်။ ကျုပ်က အေးအေးဆေးဆေးပဲ။ "အေး .. ကွာ၊ ဟုတ်တယ်၊ ဒါရောက်နေတယ် .. ဒါပေမယ့် မင်းပြောတဲ့ လက်စွပ်က သူ့လက်မှာမရှိဘူးကွ" လို့ ပြောလိုက်တယ်။ သူက ကျုပ်ကို စိုက်ကြည့်နေရာက မျက်နှာကိုရှုံ့မဲ့ပြီး အစ်အစ်အစ်လေသံနဲ့ တိုးတိုးပြန်ပြောတယ်။ "အဲဒါကတော့ လုံးဝ မဖြစ်နိုင်ဘူး ကွာ" တဲ့။

"မယုံရင် မင်းကိုယ်တိုင် လာကြည့်လေကွာ" လို့ ကျုပ်က ပြန်ပြော တယ်။ သူဟာ ပြတင်းပေါက်ဘောင်ကို လက်နှစ်ဖက်နဲ့ဆွဲပြီး ခက်ခက်ခဲခဲနဲ့ တွယ်ကပ်တက်လာတယ်။ ပြီးတော့ ပြတင်းပေါက်ဘောင်ပေါ်မှာထိုင်ပြီး အောက် ကို အသာကလေး ခုန်ချလိုက်တယ်။ ကျုပ်က လက်နှိပ်ဓာတ်မီးနဲ့ လူသေကောင် ရဲ့လက်ကိုထိုးပြလိုက်တော့ သူက ချက်ခြင်းပဲ "လက်စွပ်ကို မင်းချွတ်ယူသွား တာကွ၊ လက်တွေနေရာရွေ့နေတယ်" တဲ့။

"ဟေ့ကောင် .. မင်းရူးနေသလား"

"ငါမရူးဘူးကွ၊ လက်စွပ် မင်းဆီမှာ မင်း .. သူခိုး"

"ဟေ့ကောင် .. မင်းသောက်ရမ်း မစွပ်စွဲနဲ့ဟ၊ စကားပြောရင် ဆင်ခြင် ပြော .. ကွ"

သူက ကျုပ်ကို ဘာမှ ပြန်မပြောတော့ဘူး၊ ကျုပ်ဆီကို ပြေးဝင်လာပြီး ကျုပ်ရဲ့ဘောင်းဘီအိတ်ကို အတင်းဝင်ဆွဲတယ်။ တကယ်တော့လဲ လက်စွပ်က ဘောင်းဘီအိတ်ထဲမှာဗျ။ ကျုပ်က နောက်ကိုဆုတ်ပြီး ရှောင်လိုက်တယ်။ "ဟေ့ ကောင် .. သတိထား၊ တို့ကို လူတွေ တွေ့သွားလိမ့်မယ်"

ဒါပေမယ့် .. ဒီကောင်ပြောလို့ မရဘူး။ ကျုပ်ဆီကို ဒုတိယအကြိမ် ပြေးဝင်လာပြန်တယ်။ အဲဒီအချိန်မှာ ကျုပ် ဒီအခန်းထဲ ဝင်လာတုန်းက စားပွဲ နောက်မှာ တံခါးတစ်ပေါက်ရှိတာကို ပြေးပြီး သတိရလိုက်တယ်။ အဲဒီတံခါးဟာ အိမ်ဝင်ပေါက်ခန်းမကြီးထဲကို ရောက်လိမ့်မယ်လို့ ကျုပ်တွေးလိုက်မိတယ်။ ဒါကြောင့် ကျုပ်ဟာ စားပွဲကိုပတ်ပြီး တစ်ဖက်ကိုသွားဖို့ အားထုတ်တယ်။ သူက လည်း လက်နှစ်ဖက်ကို ဆန့်တန်းပြီး ကျုပ်နောက်က လိုက်လာတယ်။ ကျုပ်ကတော့ အဆင်သင့်တွေ့တဲ့ တံခါးပေါက်ကနေပြီး အထဲကို ဝင်လိုက်တယ်။

အဲဒီအချိန်မှာ သူက ကျုပ်လက်ထဲက လက်နှိပ်ဓာတ်မီးရောင်နဲ့ ကျုပ်ဝင်

www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ တံခါးပေါက်ဟာ ဘီရိုကြီးတစ်လုံးရဲ့ တံခါးဆိုတာ မြင်သွားတယ်။ ကျွ
မှာထွက်ပေါက် မရှိနိုင်တော့ဘူးဆိုတာ သူသိသွားပြီ။ သူချက်ခြင်းပဲ အပြင်က
သော့ပိတ်သံကြားလိုက်ရတယ်။ ကျုပ်ကတော့ ဘီရိုထဲက ချိတ်ထားတဲ့ ဦးထု
တွေ၊ ဘောင်းဘီတွေနဲ့ ကုတ်အင်္ကျီတွေကြားမှာ ညပ်ပြီး ချာလပတ်လည်နေတယ်
နောက်တော့ အပြင်က သူ့စကားပြောသံကို ကျုပ်ကြားရတယ်။ "ဟော့ကောင်
လက်စွပ် ငါ့ကိုပေး၊ မပေးရင် ငါမင်းကို အဲဒီအထဲမှာထားခဲ့ပြီး သွားတော့မယ်"
တဲ့။

ကျုပ်ကိုယ်တိုင်ကလဲ အဲဒီအချိန်မှာ ဒေါသဝင်နေပြီ။ ဘီရိုထဲမှာက ပူလိုက်
တာ အလွန်ပဲ။ မလှုံးသာ မလွန့်သာမို့ ကျဉ်းကြပ်လိုက်တာလဲ အလွန်ပဲ။ "မပေး
ဘူးကွာ"လို့ ကျုပ်က အဖြေပေးလိုက်တော့ သူ့ဘီရိုနားက ထွက်သွားသံ ကြား
ရတယ်။ ခဏနေတော့ တံခါးပေါက်နားက မီးခလုတ်ဖွင့်သံကို ကြားလိုက်ရပြီး
အခန်းထဲမှာ လျှောက်သွားနေတဲ့ သူ့ခြေသံကို ကြားနေရတယ်။

ဒီအကောင် လက်စွပ်မရတာနဲ့ တခြား အဖိုးတန်ပစ္စည်းတစ်ခုခုကို လိုက်
ရှာနေပြီလို့ ကျုပ် တွေးလိုက်မိတယ်။ ကျုပ်ထင်တာ မမှားဘူးဗျ ‥ သီလာ
ရုတ်တရက် အလန့်တကြား ထအော်လိုက်တဲ့အသံ ကြားရတယ်။

"အမယ်လေး ‥ ဗျို၊ သူ ‥ ကျုပ်လက်ကို ကိုက်ထားတယ်။" တဲ့
အဲဒီနောက်တော့ ပြေးသံလွှားသံတွေ ကြားရတယ်။ အောက်ဖက်ပန်းခြံနဲ့ အိမ်ထဲ
က အော်သံတွေနဲ့ စကားပြောသံတွေကိုလဲ ကြားရတယ်။ ပြီးတော့ တံခါးဖွင့်သံ
တွေ၊ ပိတ်သံတွေနဲ့ အော်သံခေါ်သံတွေ …။ နောက်ဆုံးမှာတော့ ဘီရိုတံခါးကြီး
ဖွင့်သွားတယ်။ တစ်ခန်းလုံး မီးရောင်တွေ ထိန်ထိန်လင်းနေတယ်။ လူတွေက
ဆစ်လ်ဗာနိုကို ဝိုင်းချုပ်ထားကြတယ်။ ဘီရိုထဲက ထွက်လာတဲ့ ကျုပ် ‥ ရှေ့
တည့်တည့်မှာတော့ ရဲသားတွေ။

နောက်ပိုင်းကျတော့မှ ကျုပ်ရင်ဆိုင်ခဲ့ရတဲ့ အဖြစ်ကို ပြန်စဉ်းစားပြီး
တည်ဆောက်ကြည့်တယ်။ အသိဉာဏ်ကလဲနည်း၊ ကံကလဲမကောင်းတဲ့ ဆစ်လ်ဗာနို
ဟာ သူလိုချင်တဲ့ လက်စွပ်ကို မရတော့ လက်စွပ်အစား ရရာကို ယူသွားတော့
မယ်ဆိုတဲ့အကြံနဲ့ ရွှေသွားတွေကို ဖြုတ်ယူဖို့ လူသေကောင်ပါးစပ်ထဲကို လက်နဲ့
နှိုက်တယ်။ သွားတွေကို ပန်းတွေနှုတ်ယူသလို နှုတ်ယူလို့ရနိုင်မယ်အထင်နဲ့
သွားဆရာဝန်တွေသုံးတဲ့ ညှပ်မသုံးဘဲ ဆွဲနှုတ်တာကိုး၊ ရုတ်တရက် တအားဆောင့်
ဆွဲလိုက်တော့ မာနေတဲ့ လူသေကောင်ရဲ့ ပါးစပ်က ဇတ်ခနဲ ပိတ်သွားရော၊ အဲဒီ



မှာတင် ဆစ်လ်ဗာနိုဆိုတဲ့ကောင်ဟာ လူသေကောင်က သူ့လက်ကို ကိုက်တယ်
ထင်ပြီး ကြောက်လန့်တကြားနဲ့ ငယ်သံပါအောင် ထအော်တာပဲ။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ။ ဒီဖြစ်စဉ်ကို ကျုပ်စဉ်းစားမိတာက ရဲစခန်း
အချုပ်ခန်းထဲရောက်မှ စဉ်းစားမိတာဗျ။ ဒီအချိန်မှာတော့ ကျုပ်လုပ်နိုင်တာ တစ်ခု
သာရှိတော့တယ်။ ကိုယ့်ဒေါသကိုယ် ချုပ်တည်းပြီး ဆစ်လ်ဗာနိုဆိုတဲ့ကောင်ရဲ့ မျက်
နှာကို ကြည့်ရင်း ခေါင်းတခါခါ လုပ်နေရုံပဲ။ ဒီအကောင်ရဲ့ နှာခေါင်းကြီးလို
အာမျိုးနဲ့ ဘာမှ လုပ်လို့မရတာ အမှန်ပဲ။ အဲဒါကို အစကတည်းက ကျုပ် သိသင့်
တယ် ‥ ဗျ။ အဲဒီတော့ ‥ ဗျာ အပြစ်က လုံးဝ ကျုပ်အပြစ်ပါ …။

THE NOSE

(ROMAN TALES)

ALBERTO MORAVIA

❑

www.burmeseclassic.com

www.burmeseclassic.com

## အတု

မွန်စီယာလန်တင်သည် အမျိုးသမီးငယ်ကို သူ့ဌာနမှ လက်ထောက်အရာရှိ၏ နေအိမ်ညစာစားပွဲ၌ တွေ့မြင်ခဲ့ခြင်းဖြစ်၏။ သူသည် အမျိုးသမီးငယ်အား မြင်လျှင်မြင်ချင်း အရူးအမူး မေတ္တာသက်ဝင် ချင်ခင်မိသည်။ ''လတ်ဖ်အက်ဖတ်စ်ဆိုက်''ဟူသော အင်္ဂလိပ်စကားပုံအတိုင်း ''မြင်လျှင်မြင်ချင်းပဲကွယ်၊ ချစ်မိကြိုက်မိတယ်'' အဖြစ်သို့ ဆိုက်ရောက်ခဲ့ရခြင်းဖြစ်လေသည်။

အမျိုးသမီးငယ်မှာ လွန်ခဲ့သော လအနည်းငယ်အတွင်းက ကွယ်လွန်သွားခဲ့သော တောပိုင်းဒေသတစ်ခုမှ ဆရာဝန်တစ်ယောက်၏ သမီးဖြစ်သည်။ သူမသည် ဖခင်မရှိတော့သည့်နောက်ပိုင်းတွင် မိခင်နှင့်အတူ ပါရီမြို့တော်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြခြင်းဖြစ်၏။ သူမ၏ မိခင်သည် ပါရီမြို့ပေါ်ရှိ မိတ်ဆွေ အပေါင်းအသင်းများထံသို့ အမြဲတစေ အဝင်အထွက်ပြုကာ ပေါင်းသင်းဆက်ဆံလျက်ရှိသည်။ ယင်းကဲ့သို့ အဆက်အဆံပြုနေခြင်းမှာ အကြောင်းရှိသည်။ သူ့သမီးအတွက် သင့်တင့်လျောက်ပတ်သည့် လင်ယောကျ်ားတစ်ယောက် ရှာဖွေတွေ့ရှိပြီး အိမ်ထောင်ရက်သား ချပေးနိုင်လိမ့်မည်ဟု မျှော်လင့်ချက်ရှိနေ၍ ဖြစ်သည်။ နောက်တော့ သူတို့သားအမိသည် ဆင်းရဲနွမ်းပါးကြသော်လည်း ရိုးသားဖြောင့်မတ်ကြပြီး အေးအေးဆေးဆေးနေတတ်သူများ ဖြစ်လေသည်။

အမျိုးသမီးငယ်မှာ သဘောမနောကောင်းသလောက် ဖြူစင်မြင့်မြတ်သူတစ်ဦးဖြစ်သဖြင့် ကျိုးကြောင်း ဆင်ခြင်တတ်သော လူငယ်လူရွယ်တိုင်းက တစ်နေ့ တစ်ချိန်ချိန်တွင် အမျိုးသမီးငယ်အား သူတို့၏ဇနီး ဖြစ်လာစေရမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးယဉ်အိပ်မက် မက်ထားကြသည်။ အမျိုးသမီးငယ်သည် အမှန်တကယ်လည်း ချောမောလှပသူဖြစ်၏။ နုတ်မိမယ်တမျှ လှပသော အလှပိုင်ရှင်မကလေးဟုဝင် ပြောစမှတ်ပြုကြလေသည်။

သူမ၏ နှုတ်ခမ်းများအပေါ်၌ အမြဲတစေ ခိုနားလျက်ရှိသော ချစ်စရာအပြုံးရိပ်သည် သူမ၏ မြတ်နိုးစဖွယ်ကောင်းလောက်အောင် ဖြူစင်သန့်ရှင်းလှသည့် သဘောမနော၏ ရောင်ပြန်ဟပ်မှုကလေးဟု ဆိုကြသည်။ သူမနှင့်တွေ့လျှင် သူမ၏ တတ်ဝတ်လည်၌ အုံ့ဩချီးမွမ်းသံများကို ကြားရစမြဲဖြစ်၏။ "ဒီသူငယ်မရဲ့ အချစ်ကိုရတဲ့ ယောကျ်ားတစ်ယောက်အဖို့တော့ ဘဝတစ်လျှောက်လုံး စိတ်ချမ်းသာသွားမှာပဲ။ သူ့လိုမယားကောင်းတစ်ယောက် ရဖို့ဆိုတာ မလွယ်ဘူး" ဟုလည်း လူအများက ပြောစမှတ်ပြုကြသည်။

မွန်စီယာလန်တင်မှာ လစဉ်ဝင်ငွေ ဒေါ်လာ ၇၀၀ မျှရရှိနေသည်ဖြစ်ရာ သူ့အခြေအနေသည် အိမ်ထောင့်တာဝန်များကို ထိန်းနိုင်လောက်သည်ဟု ယူဆသည်။ ထို့ကြောင့်လည်း စံပြဖြစ်နေသော အမျိုးသမီးငယ်အား ချစ်ရေးဆိုခဲ့ရာ အောင်မြင်မှု ရရှိခဲ့သည်။

မွန်စီယာလန်တင်သည် အတိုင်းအဆမသိ ပျော်ရွှင်ခဲ့သည်။ အမျိုးသမီးတလည်း အိမ်မှုကိစ္စအဝဝကို တတ်သိလိမ္မာစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့၍မကြ ငွေကြေးသုံးစွဲရာ၌လည်း ကျစ်လစ်သိပ်သည်းခဲ့သဖြင့် စည်းစိမ်နှင့် နေနိုင်ခဲ့ကြ၏။ လင်ယောကျ်ားအပေါ် ပြုစုယုယရာ၌လည်း လိုလေသေးမရှိ။ သာယာမှုနှင့် စိတ်ချမ်းသာမှုများ အပြည့်အဝ ရရှိအောင် ပေးနိုင်စွမ်းရှိခဲ့သည်။ ထို့ကြောင့်လည်း မွန်စီယာလန်တင်သည် လက်ထပ်ပြီးနောက် ခြောက်နှစ်မျှကြာလာချိန်အထိ သူ့မယားအပေါ်၌ အချစ်လျော့မသွား။ မင်္ဂလာဦး ပျားရည်ဆမ်းခရီးထွက်ချိန်တုန်းက ချစ်ခဲ့သည်ထက် အဆပေါင်းများစွာ တိုး၍ ချစ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ သူ့ရင်ထဲ၌ သူ့မယားအပေါ် ခိုးလိုးခုလု ဖြစ်စရာ အချက်ကလေးနှစ်ချက်ကတော့ ရှိနေသည်။ ပထမတစ်ချက်မှာ သူ့မယားသည် ပွဲအလွန်ကြိုက်ခြင်းဖြစ်၍၊ ဒုတိယတစ်ချက်မှာ စိန်ရွှေ၊ ကျောက်မျက်ရတနာ အတုများကို အလွန်နှစ်သက်ခြင်းဖြစ်သည်။ သူမသည် အခြားသော အရာရှိများ၏ ဇနီးများနှင့် အတူ ပထမတန်းပွဲကြည့်ဆောင်မှ နေရာကောင်းကောင်းရအောင်ယူ၍ ပွဲကြည့်သော အလုပ်ကို အလွန်နှစ်သက်သည်။ ပြဇာတ်သစ်တစ်ခု ရုံတင်ပြီဆိုပါက ပထမနေ့[illegible]မပွဲကိုကြည့်ရလျှင် ပို၍ အားရကျေနပ်တတ်သည့် အကျင့်လည်းရှိ၏။



သူ့ပွဲသွားပြီဆိုပါက မွန်စီယာလန်တင်သည် လင်ယောကျ်ားအနေဖြင့် မလိုက်သွား၍ မဖြစ်။ လိုက်ချင်သည်ဖြစ်စေ မလိုက်ချင်သည်ဖြစ်စေ လိုက်ပါသွားရစမြဲဖြစ်၏။ တစ်နေကုန် ရုံးအလုပ်ဖြင့် ပင်ပန်းလာခဲ့သော မွန်စီယာလန်တင်သည် ဤပျော်ပွဲရွှင်ပွဲများ ကြည့်ရသည့်အခါ လုံးဝ စိတ်ဝင်စားခြင်းမရှိ၊ အလွန့်အလွန် ပျင်းရိငြီးငွေ့မှုကို ခံစားရတတ်၏။

ပထမတွင် မွန်စီယာလန်တင်သည် သူ့ဇနီး၏ အလိုကို လိုက်နိုင်သော်လည်း နောက်ပိုင်းတွင် သင့်တော်သည့် အမျိုးသမီးမိတ်ဆွေအဖော်တစ်ဦးနှင့်သွားရန် သူ့ဇနီးအား မေတ္တာရပ်ခံသည်။ ဇနီးသည်ကလည်း ပထမတွင် သူ့မေတ္တာရပ်ခံမှုကို လက်မခံဘဲ ငြင်းဆန်နေခဲ့သော်လည်း ချော့ချော့မော့မော့နှင့် သွေးဆောင်နားချဖန်များလာသည့်အခါ လက်ခံခဲ့သည်။ ဤသဘောတူလက်ခံမှုကြောင့် မွန်စီယာလန်တင်သည် များစွာ စိတ်ချမ်းသာ သွားခဲ့ရ၏။

ဇနီးသည်၏ ဒုတိယအားနည်းချက်မှာ ဝတ်စားဆင်ယင်မှုဖြစ်သည်။ သူမသည် အဝတ်အစားများ ဝတ်ရာ၌ ယခင်ကလို ရိုးရိုးသားသား ပင်ဖြစ်သည်။ လွန်တဲသည်ဟု ဆိုရမည့် ခေတ်မီမီပုံဆန်းဆန်း အဝတ်အစားများကို နှစ်သက်နှစ်ခြင်းမရှိ။ သို့သော်လည်း စိန်ရွှေ၊ လက်ဝတ်ရတနာများ ဝတ်ဆင်ရာ၌မူ တစ်မူထူးခြားသော အကျင့်စရိုက် ရှိနေသည်။

သူမ၏ နားနှစ်ဖက်မှ စိန်နားကပ်များသည် အရောင်တဖျပ်ဖျပ်တောက်ကာဝင်းလက်နေကြသည်။ သို့သော်လည်း လုံးဝ အတုများနှင့်မတူ၊ တကယ့်စိန်အစစ်များနှင့် ဘာမှ ခြားနားခြင်းမရှိ။ သူမ၏ လည်ပင်း၌ ဆွဲထားသည့် ပုလဲတု ပုတီးမှာလည်း တကယ့်ပုလဲစစ်များဟု ထင်ရသည်။ လက်တွင်ဝတ်ထားသည့် လက်ကောက်များမှာလည်း ရွှေအစစ်နှင့် လုပ်ထားခြင်းမဟုတ်။ ရွှေတုများဖြင့် လုပ်ထားသော ရွှေလက်ကောက်များသာ ဖြစ်လေသည်။

သူမ၏ခင်ပွန်း မွန်စီယာလန်တင်သည် ဤအားနည်းချက်ကျတော့ သည်းမခံနိုင်၊ သူ့ဇနီးသည်အား အပြင်းအထန် ကန့်ကွက်သည်။ "အချစ်ရယ် မင်းအနေနဲ့ ငွေကြေးမတတ်နိုင်လို့ စိန်အစစ်တွေ မဝယ်နိုင်ဘူးဆိုရင်လဲ မင်းမှာ ရိုးရိုးသားသား ကိုယ်ပိုင်အလှကလေးနဲ့ပဲ ဣန္ဒြေရရ သိက္ခာရှိရှိ နေသွားပါလားကွယ်။ မိန်းမတစ်ယောက်အဖို့ အရှားပါးဆုံး အလှကို မင်း ပိုင်ဆိုင်နေတာပဲမဟုတ်လား" ဟုသည်ဖြင့်ပြောသည်။

ထိုအခါ သူ့ဇနီးက ချိုမြသော အပြုံးဖြင့် "ကျွန်မ ဘယ်တတ်နိုင်မှာလဲ

www.burmeseclassic.com

www.burmeseclassic.com



မောင်ရယ်။ ကျွန်မက နဂိုကတည်းက ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာပစ္စည်းတွေကို သိမ်းပြီး စုမက်တာ ‥ မောင်ရဲ့။ ကျွန်မရဲ့ အားနည်းချက်က ဒီတစ်ခုပဲ ရှိပါတယ် ‥ ကွယ်။ ကျွန်မတို့အနေနဲ့ မွေးရာပါ ပင်ကိုယ်သဘာဝ စိတ်တွေကို ပြုပြင်ပြောင်းလဲပစ်ဖို့ဆိုတာက လွယ်တဲ့ကိစ္စမှ မဟုတ်တာ"ဟု ဆင်ခြေပေးတတ်သည်။

ထို့နောက် သူမသည် ပုလဲ ပုတီးကိုဖြုတ်၍ မွန်စီယာလန်တင်အား ပြသည်။ ပုလဲလုံးကလေးများသည် တလက်လက် တောက်ပနေကြသည်။

"ကြည့်ပါဦးမောင်ရယ် ‥ ချစ်စရာမကောင်းဘူးလား။ အတုလို့ပြောရင် ဘယ်သူကမှ ယုံကြမှာ မဟုတ်ဘူး။ တကယ့် အစစ်အတိုင်းပဲနော်"

ထိုအခါ မွန်စီယာလန်တင်သည် ပြောစရာစကား ရှာမရတော့ပေ။ သူသည် ဇနီးသည်အား ပြုံး၍ကြည့်ကာ ‥ "မင်းအကြိုက်က ကလေကချေနိုင်လိုက်တာ အချစ်ရယ်" ဟု နောက်ပြောင်သော လေသံဖြင့် ပြန်ပြောသည်။

မကြာ မကြာဆိုသလို ညပိုင်းမီးဖိုဘေး၌ နှစ်ယောက်ထဲထိုင်၍ စကားပြောကြသည့်အခါ သူ့မိန်းမသည် သူက "အမှိုက်ပုံး"ဟု အမည်ပေးထားသော ရွှေ၊ ငွေ၊ လက်ဝတ်ရတနာပစ္စည်း အတုများထည့်သည့် သေတ္တာလေးကို အနီးရှိ လက်ဘက်ရည်စားပွဲပေါ်၌ တင်ထားလေ့ရှိ၏။ အထဲမှ ရတနာအတုများကို တစ်ခုချင်းစီ၍ စိတ်ဝင်တစား ကြည့်နေလေ့ရှိသည်။ သူမ ကြည့်နေပုံမှာ သူမ၏ လက်ထဲမှ ပစ္စည်းသည် အလွန်နက်ရှိုင်းသော လျှို့ဝှက်နက်နဲသော သာယာပျော်ရွှင်မှုလေး တစ်ခုခုနှင့် သက်ဝင်ယှက်နွယ်သဖြင့် သတိတရ ဖြစ်နေသည့်ပုံမျိုးဖြစ်သည်။

တစ်ခါတစ်ရံတွင် သူမသည် ဆွဲကြိုးကို သူမ၏ ယောက်ျားထံသို့ လှမ်းပေးပြီး သူမ၏ယောက်ျားအား လည်ပင်းတွင် ဆွဲထားရန် ဇွတ်တိုက်တွန်းသည်။ မွန်စီယာလန်တင်က ဆွဲကြိုးကို ဆွဲထားလိုက်သည့်အခါ သူမသည် လက်ခုပ်လက်ဝါးတီးကာ အားရပါးရ ရယ်သည်။ "အခုလိုကျတော့ မောင့်ပုံကြီးက လူရူးတစ်ယောက်နဲ့ တူနေပြီ"ဟုလည်း ပြောသည်။ ထို့နောက် သူမ၏ တစ်ကိုယ်လုံးကို သူ့ ရင်ခွင်ထဲသို့ တိုးဝင်ကာ သူ့အား အငမ်းမရ နမ်းသည်။

ဆောင်းဥတု တစ်ညခင်းတွင်မူ သူ့ဇနီးသည် ဇာတ်ရုံသို့သွား၍ ကပွဲတစ်ခုကို ကြည့်သည်။ အပြန်တွင် အအေးမိလာသည်။ နောက်တစ်နေ့နံနက်တွင် သူမသည် အပြင်းအထန် ချောင်းဆိုးသည်။ နောက်ရှစ်ရက်အကြာတွင် အဆုတ်ယောင်



ရောဂါဖြင့် သေဆုံးခဲ့ရလေ၏။

မွန်စီယာလန်တင်၏ ပရိဒေဝမီးမှာ အဆမတန် ပြင်းထန်ကြီးမားလှသည် ဖြစ်ရာ တစ်လခန့်အတွင်းမှာပင် တစ်ခေါင်းလုံးရှိ ဆံပင်များ ဖွေးဖွေးလှုပ်မျှ ဖြူဖွေးကုန်သည်။ သူသည် ယူကျုံးမရ တသသဖြစ်သောစိတ်ဖြင့် အဆက်မပြတ် ငိုကြွေးသည်။ သူ့နှလုံးသားသည် ကွဲအက်ခဲ့ရပြီ။ သူမ၏အပြုံး၊ သူမ၏အသံနှင့် သူမ၏ ချစ်စရာ မြတ်နိုးစရာ အလှများသည် သူ့စိတ်အား အမြဲတစေ ချောက်လှန့်လျက် ရှိလေသည်။

"သေသောသူ ကြာလျှင်မေ့"ဟူသော စကားရှိ၏။ အချိန်သည် ပူဆွေးသောကရောက်မှုကို ကုစားနိုင်သော ဆေးဆရာဖြစ်ချေသည်။ သို့သော်လည်း မွန်စီယာလန်တင်၏ ရောဂါကိုမူ အချိန်သည် ကုစားပေးနိုင်စွမ်းမရှိ။ မကြာခဏ ရုံးတွင်း၌ ထိုင်နေခိုက်တွင် သူ၏ လုပ်ဖော်ကိုင်ဖက်များသည် တစ်နေ့တာ ဖြစ်ခဲ့ပျက်ခဲ့သမျှ အကြောင်းအရာများကို ဆွေးနွေးပြောဆို ဝေဖန်နေကြသော်လည်း သူကတော့ ပါဝင်ခြင်းမရှိ။ တမှိုင်မှိုင် တငိုင်ငိုင်ဖြင့် တွေးတောကာ သူ့မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ပြည့်နေတတ်သည်။ နောက်ဆုံးတွင် သူသည် အများမသိအောင် တိတ်တဆိတ် ကြိတ်၍ ငိုကျွေးနေရသည်အထိ ဝမ်းနည်းပူဆွေးမှုဒဏ်ကို ခံရလေ၏။

သူသည် သူ့မိန်းမ၏ အခန်းကို သူ့မိန်းမရှိစဉ်က ထားသည့်အတိုင်း လက်ရာ မခြေရာမပျက် ထားရှိသည်။ ပြီးတော့ နေ့စဉ်နေ့တိုင်း သူ့မိန်းမ၏ အခန်းကို အထီးတည်းမထား၊ အချိန်ရှိသမျှ အခန်းထဲ၌ထိုင်၍ သူ့ဘဝအား သာယာပျော်ရွှင်မှုကို ပေးခဲ့သော သူ၏ အဖိုးတန်ရတနာ တစ်ပါးဖြစ်ခဲ့သော သူ့မိန်းမအကြောင်းများကို တွေးရင်း အချိန်ကုန်လေ့ရှိ၏။

သို့သော်လည်း မကြာခင်မှာပင် ဘဝသည် ရုန်းကန်မှုတစ်ခု ဖြစ်လာခဲ့သည်။ သူ့မယားရှိစဉ်က တစ်အိမ်ထောင်လုံး၏ အသုံးစရိတ်နှင့် လုံလောက်ခဲ့သော သူ၏ လခငွေသည် သူ့လက်ထဲရောက်ခါမှ မလုံမလောက် ဖြစ်နေရုံမျှမက သူ၏ အခြေခံ လိုအပ်ချက်များကိုပင် အလုံအလောက် ရရှိအောင် ဖြည့်ဆည်းမပေးနိုင်ဘဲ ဖြစ်နေသည်။

သူ့မယားရှိစဉ်က ဤဝင်ငွေနှင့် လုံလောက်အောင် ဘယ်လိုများ စီမံခန့်ခွဲသုံးစွဲခဲ့ပါလိမ့်။ သူသည် စိတ်ထဲတွင် ကြိတ်၍ အံ့သြခြင်း ဖြစ်နေမိသည်။ သူ့မိန်းမသည် အကောင်းဆုံး ဝိုင်အရက်များကို ဝယ်ယူခဲ့၏။ အကောင်းဆုံးနှင့် အရသာ

www.burmeseclassic.com

www.burmeseclassic.com



အရှိဆုံးသော အဖိုးတန် အစားအစာများကို ဝယ်ယူသုံးစွဲခဲ့၏။ ယခုအခါတွင်မူ စား၍ သောက်၍ ဖြစ်ရုံမျှသော ပစ္စည်းများကိုပင် လုံလောက်အောင် ဝယ်၍မရ။ မဝယ်နိုင် ဖြစ်နေရ၏။ ဘယ်လိုကြောင့် အခုလို ဖြစ်ရတာပါလိမ့်။

တဖြည်းဖြည်းနှင့် သူ့တွင် အကြွေးများစွာ တင်လာသည်။ မကြာမီမှာပင် ဆင်းရဲမွဲတေသည့်အဖြစ်သို့ ဆိုက်ရောက်လာရ၏။ တစ်နံနက်တွင်မူ သူသည် လက်ထဲ၌ ငွေကြေးဆို၍ ပြားစေ့တစ်စေ့မျှပင် မရှိတော့သည့်အဖြစ်နှင့် ရင်ဆိုင်နေရသည်။ ဘယ်နည်းနှင့်မဆို ပစ္စည်းတစ်ခုခုတော့ ရောင်းတော့မည်ဟုပင် ဆုံးဖြတ်ရသည့် အခြေအနေသို့ ရောက်သွားသည်။

သူ ဘာပစ္စည်း ရောင်းရလျှင် ကောင်းမည်နည်း။ ချက်ခြင်းလိုလိုပင် သူ့ဇနီးသည်၏ စိန်ရွှေရတနာ လက်ဝတ်လက်စား အတုများကို ရောင်းချလျှင် ကောင်းမည်ဟူသော အတွေးဝင်လာသည်။ သူသည် သူ့နှလုံးသားအား ထိုပစ္စည်းတုများအပေါ် မုန်းတီးရွံရှာလာအောင် ပြုစုပျိုးထောင်ပေးသည်။ အတိတ်ကဆိုလျှင် ဤပစ္စည်းများသည် သူ့စိတ်ကို များစွာ အနှောက်အယှက် ပေးခဲ့ကြသည် မဟုတ်လော။ ယခု ထိုပစ္စည်းများကို သူမြင်တွေ့နေရပါက တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် သူ့မိန်းမအား သတိရလွမ်းဆွတ်နေသည့်စိတ်ကိုပင် ပျက်ပြားသွားစေနိုင်လိမ့်မည်ဟု သူထင်မိ၏။

ထိုအခါ သူသည် သူ့မိန်းမ၏ လုပ်ရပ်များကို ပြန်လည်သတိရလာသည်။ သူ့မိန်းမသည် မသေမီ နောက်ဆုံးအချိန်အထိ ဤပစ္စည်းများကို ဝယ်ယူဆဲဖြစ်၏။ ညတိုင်းလိုလို ကျောက်မျက်ရတနာအသစ်များ ယူယူလာသည်ကို သူတွေ့ရှိရ၏။ သူသည် သူ့မိန်းမ၏ လက်ဝတ်ရတနာအတုများထဲမှ သူ့မိန်းမ အနှစ်သက်ဆုံးဟု ယူဆရသော ဆွဲကြိုးကို ရောင်းချမည်ဟု ဆုံးဖြတ်လိုက်သည်။ ဤဆွဲကြိုးမှာ ပစ္စည်းအတုဖြစ်သော်လည်း လက်ရာက ကောင်းလွန်းသဖြင့် အနည်းဆုံး ခြောက်ဖရန့် သို့မဟုတ် ခုနစ်ဖရန့်တော့ ရနိုင်ဖွယ်ရာ ရှိသည်ဟု သူယူဆလေသည်။

သူသည် ဆွဲကြိုးကို အိပ်ကပ်ထဲထည့်ကာ ကျောက်မျက်ရတနာ ဆိုင်တစ်ဆိုင်သို့သွားရန် အိမ်မှ ထွက်လာခဲ့သည်။ ပထမဆုံးတွေ့ရသည့်ဆိုင်ထဲသို့ ဝင်သည်။ သူ၏ ဆင်းရဲမှုကို ဖော်ပြသလိုလုပ်ရမည့် အလုပ်မျိုးဖြစ်သဖြင့် သူ့ရင်ထဲတွင် အနည်းငယ်မျှ ရှက်စိတ်ဝင်နေသည်။ အထူးသဖြင့် ယခုလို တန်ဖိုးမရှိသော ပစ္စည်းတုကို ရောင်းရမည့် အလုပ်သည် ပို၍ ရှက်စရာကောင်းသည် မဟုတ်ပါလား။



"တဆိတ် ကျေးဇူးပြုပါခင်ဗျာ"ဟု သူက ဆိုင်ရှင်ထံသွား၍ ပြောသည်။ "ဒီပစ္စည်းဟာ ဘယ်လောက်တန်မလဲဆိုတာ သိချင်လို့ပါ"

ဆိုင်ရှင်သည် ဆွဲကြိုးကို ယူကြည့်သည်။ ကျကျနန စစ်ဆေးသည်။ သူ့စာရေးအား ခေါ်ပြပြီး နှစ်ကိုယ်ကြား လေသံဖြင့် စကားပြောသည်။ ထို့နောက် ဆွဲကြိုးကို ကောင်တာပေါ်သို့ တင်လိုက်ပြီး နောက်သို့ အနည်းငယ်မျှ ခွာ၍ရပ်ကာ အဝေးမှနေပြီး ထပ်ကြည့်သည်။

မွန်စီယာလန်တင်သည် ဆိုင်ရှင်လုပ်ကိုင်နေသမျှကိုကြည့်ကာ စိတ်ရှုပ်နိုင်အောင် ဖြစ်လာသည်။ "အို .. ဗျာ ဒီလောက်ကြီး အပင်ပန်းခံပြီး ကြည့်နေဖို့ မလိုပါဘူး၊ ဒီပစ္စည်းဟာ ဘယ်လောက်မှ မတန်ဘူးဆိုတာ ကျွန်တော်ကိုယ်တိုင်လဲ သိနေတာပါ" ဟု ခေါ်ပွပွနှင့် ပြောလိုက်ရန် ဟန်ပြင်သည်။

ထိုအခိုက်မှာပင် ဆိုင်ရှင်က "အဲဒီ ဆွဲကြိုးဟာ ဖရန့် တစ်သောင်းနှစ်ထောင်ကနေ တစ်သောင်းငါးထောင်လောက်အထိ တန်ပါတယ် .. ခင်ဗျာ"ဟု ပြောသည်။

မွန်စီယာလန်တင်၏ မျက်လုံးအစုံသည် ပြူးကနဲ ဖြစ်သွားသည်။ ပါးစပ်သည်လည်း အဟောင်းသားဖြစ်သွားသည်။ သူသည် ပါးစပ်ကို ဟကာ အချိန်အတန်ကြာမျှ မယုံကြည်နိုင်သော မျက်နှာထားဖြင့် ဆိုင်ရှင်မျက်နှာကို စိုက်ကြည့်နေသည်။ နောက်ဆုံးတွင် ထစ်တီးထစ်ငေါ့ဖြင့် "ခင်ဗျား .. ပြောတာ၊ ဟုတ်ရဲ့လားဗျာ၊ သေချာရဲ့လား" ဟု မေးသည်။

ဆိုင်ရှင်ကလည်း သူ့စကားအပေါ် မယုံမကြည်ဟန် ဖြစ်သွားသည်ကို တွေနပ်ပုံမရ။ စိတ်ကသိကအောက် ဖြစ်သွားသည့် လေသံဖြင့် ခင်ဗျားတခြားမှာ သွားပြချင်လဲ ပြဦးပေါ့။ အခု ကျုပ်ပြောတဲ့ဈေးထက် ပိုပေးရင် ရောင်းလိုက်ပေါ့။ "ကျုပ်ကတော့ ဒီပစ္စည်းကို အများဆုံး ဖရန့်ငွေ တစ်သောင်းငါးထောင် တန်တယ်လို့ပဲ ယူဆတယ်။ ဈေးပိုမရလို့ ကျုပ်တို့ဆီ ပြန်လာချင်တယ်ဆိုရင်တော့ ခင်ဗျားသဘောပဲ၊ ပြန်လာခဲ့ပေါ့" ဟုပြောသည်။

စိတ်ထဲမှ ကြိတ်၍ များစွာ အံ့အားသင့်လျက်ရှိသော မွန်စီယာလန်တင်သည် ကောင်တာပေါ်မှ ဆွဲကြိုးကို ကောက်ယူပြီး ဆိုင်ထဲမှ ထွက်လာသည်။ သူ့အနေဖြင့် မစဉ်းစား၍တော့မဖြစ်၊ အချိန်နည်းနည်းယူပြီး စဉ်းစားဦးမှဖြစ်မည်။

ဆိုင်အပြင်သို့ ရောက်သည်နှင့်တပြိုင်နက် ရယ်ချင်စိတ်ဖြစ်လာသည်။ "ဒီလူ အရူးပဲ၊ ငါက သူပြောတာ ယုံရမတဲ့လား၊ ရတနာဆိုင်ဖွင့်ထားပြီး စိန်အတုနဲ့

www.burmeseclassic.com



အစစ် ခွဲခြားပြီး မသိတဲ့ ဘဲ .. ပဲ" ဟုလည်းပြောမိသည်။

နောက်မိနစ်အနည်းငယ်အကြာတွင် သူသည် ရှဒီလာပစ်လမ်းထဲမှ ဆိုင်တစ်ဆိုင်တွင်းသို့ ဝင်သွားသည်။ ဆိုင်ရှင်သည် ဆွဲကြိုးကို မြင်လျှင်မြင်ချင်း အထူးတကြား ရေရွတ်သည်။

"ဟော .. ဒီဆွဲကြိုးကို ကျွန်တော်ကောင်းကောင်း မှတ်မိတာပေါ့၊ ဒီဆိုင်ကရောင်းလိုက်တဲ့ ပစ္စည်းပဲ"

မွန်စီယာလန်တင်၏စိတ်သည် ကသိကအောက် ဖြစ်သွားသည်။ "ဒီဆွဲကြိုး ဘယ်လောက်တန်သလဲ" ဟု မေးသည်။

"အင်း .. ကျွန်တော်ရောင်းလိုက်တာ ဖရန့်နှစ်သောင်းနဲ့ပဲ။ တကယ်လို့ ခင်ဗျား ပြန်ရောင်းမယ်ဆိုရင် ဖရန့် တစ်သောင်းရှစ်ထောင်ပေးမယ်၊ ဒါပေမယ့် ဒီပစ္စည်းကို ခင်ဗျားလက်ထဲ ဘယ်လိုရောက်လာသလဲဆိုတာကိုတော့ ရှင်းပြဖို့ လိုပါလိမ့်မယ်"

ဤတစ်ကြိမ်တွင်မူ မွန်စီယာလန်တင်သည် ကြက်သေ၊ ဘဲသေ သေလျက် ရှိ၏။ "ဟို .. ဟို ဒီပစ္စည်းကို သေသေချာချာထပ်ပြီး စစ်ဆေးကြည့်ပါဦးလား .. ဗျာ၊ အမှန်အတိုင်းပြောရရင် အခုအချိန်ထိတော့ ကျွန်တော်က ဒီဆွဲကြိုးကို အတုလို့ ထင်နေတုန်းပဲ"

"လူကြီးမင်းရဲ့ နာမည်လေး တဆိတ်လောက် သိပါရစေ .. ခင်ဗျာ" ဟု ဆိုင်ရှင်က ပြောသည်။

"လန်တင်ပါ၊ ကျွန်တော်က ပြည်တွင်းရေးရာ ဝန်ကြီးဌာနမှာ အလုပ်လုပ်ပါတယ်။ နေတာကတော့ အမှတ်-၁၆၊ အာဇာနည်လမ်းမှာပါ"

ဆိုင်ရှင်လည်း အရောင်းလယ်ဂျာစာအုပ်ကြီးကိုဖွင့်၍ ရှာသည်။ "ဟော .. ဒီမှာတွေ့ပြီ။ ဒီဆွဲကြိုးကို အမှတ်-၁၆၊ အာဇာနည်လမ်းမှာနေတဲ့ မဒမ်လန်တင်ဆီကို ပို့ပေးခဲ့ရတယ်။ ပို့ခဲ့တဲ့ရက်က ၁၈၇၆ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့"

လူနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းဆိုင်၍ စူးစူးရဲရဲ ကြည့်နေကြသည်။ မုဆိုးဖို လန်တင်ကတော့ စကားမပြောနိုင်လောက်အောင် အံ့အားသင့်ပြီး ကြည့်နေခြင်းဖြစ်၍ ဆိုင်ရှင်ကတော့ သူခိုးတစ်ယောက်အားအနံ့ခံနေသည့် မျက်လုံးမျိုးဖြင့် ကြည့်နေခြင်းဖြစ်၏။ နောက်ဆုံးတွင် ဆိုင်ရှင်က တိတ်ဆိတ်မှုကို ဖြိုဖျက်သည်။

"ဒီဆွဲကြိုးကို ကျွန်တော့်ဆိုင်မှာ တစ်ရက်ထားခဲ့လို့ ရမလား၊ ပစ္စည်းပိုင်ရှင်ဟုတ်ကြောင်း ပြေစာပေးလိုက်ပါ့မယ်"



"ဟာ .. ရပါတယ်" ဟု မွန်စီယာလန်တင်က ပြန်ပြောသည်။ ထို့နောက် သူသည် ဆိုင်ရှင်ပေးသော ပြေစာကို အိတ်ကပ်ထဲ ထိုးထည့်ပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။

သူသည် တစ်လမ်းဝင် တစ်လမ်းထွက်ကာ ခြေဦးတည့်ရာသို့ လျှောက်သွားသည်။ စိတ်မှာလည်း ကြောက်မက်ဖွယ်ကောင်းလောက်အောင် ရှုပ်ထွေးနောက်ကျိနေသည်။ ဖြစ်ပေါ်လာခဲ့သည့် အခြေအနေကို နားလည်အောင် ကြိုးစားသည်။ ဤမျှလောက် အဖိုးထိုက်တန်သော လက်ဝတ်ရတနာပစ္စည်းမျိုးကို သူ လုံးဝ မဝယ်နိုင်၊ သို့ဆိုလျှင် သူ့မိန်းမက ဘယ်လိုနည်းနဲ့ ဝယ်သလဲ၊ ဤဆွဲကြိုးသည် တစ်စုံတစ်ယောက်ကပေးသော လက်ဆောင်ဖြစ်ရမည်။ လက်ဆောင် .. လက်ဆောင်။ ဘယ်သူကပေးတဲ့ လက်ဆောင်လဲ၊ ဘာကြောင့်ပေးတာလဲ။

သူသည် လမ်းလည်ခေါင်၌ရပ်ကာ တွေဝေငေးမောနေသည်။ ကြောက်စရာကောင်းသည့် သံသယစိတ်၏ ဖိစီးမှုကိုလည်း ခံနေရသည်။ သူ့မိန်းမ ဘယ်လိုများပါလိမ့် တွေးစရာတွေက များလှပါဘိခြင်း၊ အခုပုံအတိုင်းဆိုပါက အခြားသော မိန်းမွှေ ကျောက်မျက်ရတနာ ပစ္စည်းများသည်ကော၊ လက်ဆောင်တွေပဲ ဖြစ်ဖို့များ၏။

သူ့ခြေထောက်များအောက်မှ မြေကြီးသည် တုန်ခါနေသည်။ သူ့ရှေ့မှ သစ်ပင်ကြီးသည် လဲကျလာသည်။ သူ့လက်များသည် အပေါ်သို့ မြောက်တက်သွားသည်။ ထို့နောက် သူကိုယ်တိုင်ပင် မြေပြင်ထက်သို့ လဲကျသွားကာ သတိလစ်သွားသည်။ သူသတိပြန်ရလာသည့်အခါ ဆေးခန်းတစ်ခုထဲ၌ ရောက်နေသည်။ လမ်းသွားလမ်းလာများက သူ့အား သယ်ယူပြီး ဆေးခန်းသို့ ပို့ခဲ့ကြခြင်းပေတည်း။ ထို့နောက် သူ့အား နေအိမ်သို့ပြန်ပို့ပေးခဲ့ကြလေ၏။

အိမ်ပြန်ရောက်ချိန်မှစ၍ သူသည် တံခါးကို လုံအောင်ပိတ်ကာ အခန်းအောင်းနေသည်။ သူ့အဖြစ်ကို ပြန်လည်တွေးတောကာ မဖြေနိုင်အောင်ဖြစ်သည်။ ညမိုးချုပ်ပြီး အမှောင်ထုဝင်လာချိန်အထိ ငိုကြွေးနေမိသည်။ နောက်ဆုံးတွင် သူသည် ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်လာသဖြင့် အိပ်ရာပေါ် ဝင်လှဲသည်။ တစ်ညလုံး အိပ်မပျော်။ အိပ်ရာထက်တွင် တလူးလူး တလိမ့်လိမ့်နှင့် အချိန်ကုန်သွားသည်။

နောက်နေ့နံနက်တွင် သူသည် အိပ်ရာမှထကာ ရုံးသွားဖို့ပြင်ဆင်သည်။ စိတ်ခြောက်ခြားစရာအဖြစ်နှင့် ကြုံခဲ့ရသဖြင့် အလုပ်ကို ဖြောင့်ဖြောင့်တန်းတန်း

www.burmeseclassic.com



လုပ်နိုင်ခဲ့ည်မထင်။ သူသည် အလုပ်ရှာနသို့ စာတစ်စောင်ရေး၍ ခွင့်တိုင်လိုက်သည်။ ထို့နောက် မနေ့က ရတနာပစ္စည်းဆိုင်သို့ ပြန်သွားရဦးမည့် ကိစ္စကို သတိရသည်။ အချိန်အတိုင်းဆိုပါက သူသည် ဆိုင်သို့သွားချင်စိတ်မရှိ။ သို့သော်လည်း ဆွဲကြိုးကို ဆိုင်ရှင်လက်ထဲမထားလို။ ထို့ကြောင့် သူသည် အဝတ်အစား ကပျာကရာလဲ၍ အိမ်မှ ထွက်လာခဲ့လေသည်။

ချစ်စရာကောင်းသော နေ့တစ်နေ့ဖြစ်ပါ၏။ ပြာသော ကောင်းကင်သည် ကြည်လင်သာယာလျက်ရှိ၏။ အောက်ဖက်ရှိ မြို့တော်အား အပြုံးဖြင့် နှုတ်ဆက်နေသည့်နှယ်ရှိသည်။ အပျော်အတွက် ထွက်လာကြသော ယောက်ျားများသည် ထဝ်များကို အိတ်ကပ်များတွင်နှိုက်ကာ လမ်းပေါ်တွင် ပေါ့ပါးသွက်လက်စွာ သွားလာလှုပ်ရှားနေကြ၏။

ထိုလူများ၏ အရိပ်အခြည်ကို ရှုမြင်သုံးသပ်လျက်ရှိသော မွန်စီယာလန်တင်သည် အူကိုယ်သူကြိတ်၍ ပြောလာသည်။ "လူချမ်းသာတွေဟာ ပျော်နေကြတာပဲ၊ ငွေရှိနေရင် ဝမ်းနည်းကြေကွဲမှုကို မေ့လို့ရနိုင်တာပဲ၊ ကိုယ်ကြိုက်တဲ့နေရာကိုလည်း သွားနိုင်တယ်။ ခရီးသွားရင် ဝမ်းနည်းမှုတွေဟာ ပျောက်သွားတတ်တာပဲ။ အို-- ကွာ၊ ငါသာ လူချမ်းသာဖြစ်သွားရင် ..."

ဗိုက်ထဲတွင် ဆာလောင်မွတ်သိပ်မှု ဝင်လာသည်။ သို့သော်လည်း အိမ်ထဲတွင် ငွေတစ်ပြားမှမရှိ။ ဆွဲကြိုးကို သတိရလာပြန်၏။ ဖရန့်ငွေတစ်သောင်းရှစ်ထောင်ရမည့် ဆွဲကြိုး၊ တစ်သောင်းရှစ်ထောင်ဆိုသော ငွေသည် နည်းနည်းနောနော မဟုတ်။

ချက်ခြင်းပင်သူသည် ရတနာပစ္စည်း ရောင်းဝယ်ရေးဆိုင်၏ အခြားတစ်ဖက်ရှိ ရူဒီလာပစ္စလမ်းပေါ်သို့ ရောက်သွားသည်။ ငွေက ဖရန့်တစ်သောင်းရှစ်ထောင်ဆိုတော့သူသည် ဆိုင်ထဲသို့ဝင်ရန် အကြိမ်ပေါင်း နှစ်ဆယ်ခန့် အားထုတ်သည်။ သို့သော်လည်း ရှက်စိတ်က သူ့အား ပြန် -- ပြန်ဆွဲထားသည်။ ဆာကလည်း ဆာလှပြီ အိပ်ကပ်ထဲတွင်လည်း ဆင့်ပြားကလေး တစ်ပြားပင်မရှိ။ သူသည် အမြန်ဆုံးဆုံးဖြတ်ချက်ချကာ ဆိုင်ဘက်သို့ အပြေးအလွှားသွား၍ အထဲသို့ဝင်သည်။

ဆိုင်ရှင်သည် ချက်ခြင်းပင် သူ့ထံသို့ ရောက်လာသည်။ ကုလားထိုင်တစ်လုံး ထိုးပေးပြီး ထိုင်ခိုင်းသည်။ ဘေးပတ်ဝန်းကျင်မှ စာရေးများက သူ့အား နားလည်မှုရှိသည့် မျက်နှာထားများဖြင့် လှမ်းကြည့်နေကြသည်။

"ကျွန်တော် အားလုံး စုံစမ်းပြီးပါပြီ မွန်စီယာလန်တင်" ဟု ဆိုင်ရှင်က



ယဉ်ကျေးသိမ်မွေ့စွာဖြင့်ပြောသည်။ "တကယ်လို့ အခုချိန်ထိ ပစ္စည်းကို ရောင်းဖယ်လို့ ဆုံးဖြတ်ထားဆဲဆိုရင်တော့ ကျွန်တော့်ဘက်က ပြောထားတဲ့ဈေးကို ပေးဖို့ အဆင်သင့်ပါပဲ"

"ရောင်းဖို့ ဆုံးဖြတ်ပြီးပါပြီခင်ဗျာ" ဟု မွန်စီယာလန်တင်က ပြောသည်။

ထိုစကားကြားလိုက်သည်နှင့် တပြိုင်နက် ဆိုင်ရှင်သည် ဖြတ်ခနဲထသွားကာ စားပွဲအံဆွဲထဲမှ ဖရန့်ငွေစက္ကူ ဆယ့်ရှစ်ရွက်ကို ထုတ်ယူရေတွက်ပြီး မွန်စီယာလန်တင်အား လှမ်းပေးသည်။ လန်တင်သည် ငွေရပြေစာတွင် လက်မှတ်ထိုးပေးပြီး ငွေစက္ကူများကို တုန်ယင်သောလက်ဖြင့်ခေါက်၍ အိတ်ထဲသို့ ထည့်သည်။

ဆိုင်ထဲမှ ထွက်တော့မည့်ဆဲဆဲတွင် သူသည် နောက်သို့ ပြန်လှည့်ကာ သူ့အား နားလည်မှုအပြည့်ဖြင့် ပြုံး၍ ကြည့်နေသော ဆိုင်ရှင်အား မျက်နှာချင်းဆိုင်လိုက်သည်။ ထို့နောက် မျက်လွှာများကို ချ၍ ပြောသည်။

"ကျွန်တော့်ဆီမှာ တခြား အဖိုးတန်ပစ္စည်းတွေ ရှိနေပါသေးတယ်။ ရောင်းဝယ်ဆိုရင် ဝယ်နိုင်မလား"

ဆိုင်ရှင်က ဦးခေါင်းကို အသာအယာ ညွတ်လိုက်သည်။ "ဝယ်ဖို့ အသင့်ပါပဲ ခင်ဗျာ"

"ကျွန်တော်ယူလာခဲ့ပါ့မယ်" ဟု မွန်စီယာလန်တင်က ပြန်ပြောသည်။ နောက်တစ်နာရီခန့်အကြာတွင် သူသည် အဖိုးတန် စိန်ရွှေ၊ လက်ဝတ်ရတနာပစ္စည်းများနှင့်အတူ ပြန်ရောက်လာသည်။

စိန်နားကပ်တစ်ရံသည် ဖရန့်ငွေနှစ်သောင်း၊ လက်ကောက်များသည် ဖရန့်ငွေသုံးသောင်းငါးထောင်၊ လက်စွပ်အမျိုးမျိုးသည် ဖရန့်ငွေတစ်သောင်းခြောက်ထောင်၊ မြနှင့်နီလာ ကျောက်များသည် ဖရန့်ငွေ တစ်သောင်းလေးထောင်၊ ရွှေဆွဲကြိုးတစ်ကုံးသည် ဖရန့်ငွေလေးထောင်၊ ပစ္စည်းအားလုံးအတွက် စုစုပေါင်း ဖရန့်ငွေတစ်သိန်းလေးသောင်းသုံးထောင် ရသည်။

ဆိုင်ရှင်က ပြောင်နောက်သည့် လေသံဖြင့် မှတ်ချက်ချသည်။ "သူရသမျှ ငွေကို ဒီပစ္စည်းတွေဝယ်ပြီး ရင်းနှီးမြှုပ်နှံသွားတဲ့ အမျိုးသမီးတစ်ယောက်ရှိခဲ့ဟန် တူပါရဲ့"

မွန်စီယာလန်တင်ကလည်း အလိုက်သင့် ပြန်ပြောသည်။ "လူတစ်ယောက်ရဲ့ ဝင်ငွေကို အကျိုးအမြတ်ရှိလာအောင် ရင်းနှီးမြှုပ်နှံပေးခဲ့တဲ့ နည်းတစ်နည်းပဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့လေ''

ထိုနေ့တွင် သူသည် အကောင်းဆုံး စားသောက်ဆိုင်ဖြစ်သည့် ဗွိုင်ဆင်း စားသောက်ဆိုင်၌ နေ့လည်စာ စားသည်။ တစ်ပုလင်းလျှင် ဖရန့်နှစ်ဆယ်ပေးရသည့် အဖိုးတန်ဝိုင်ကို ဝယ်သောက်သည်။ ထို့နောက် မြင်းရထားတစ်စီးငှား၍ လျှောက်လည်သည်။ ''ငါလဲပဲ သူဌေးဖြစ်ပြီ ·· ဟော့၊ ဖရန့်ငွေ နှစ်သိန်းချမ်းသာနေပြီကွ''ဟု အော်ဟစ်ချင်စိတ်ကို ပင်ပန်းကြီးစွာ ချုပ်တီးထားရ၏။

ရုတ်တရက် သူ့အလုပ်ဌာနကို သတိရလိုက်သဖြင့် မြင်းရထားကို ရုံးဘက်မောင်းခိုင်းသည်။ ရုံးထဲသို့ မြူးတူးရွှင်လန်းစွာဖြင့် ဝင်သွားသည်။ သူ့အရာရှိထံသွား၍ ''ကျွန်တော် ဒီနေ့ပဲ အလုပ်က ထွက်လိုက်ပြီဆရာ။ ကျွန်တော် ဖရန့်ငွေသုံးသိန်း အမွေရလိုက်တယ်''ဟု ပြောသည်။

သူက လုပ်ဖော်ကိုင်ဖက်များကိုလည်း တရင်းတနီး လက်ဆွဲနှုတ်ဆက်သည်။ အနာဂတ်အတွက် သူစိတ်ကူး စီစဉ်ထားသည့် လုပ်ငန်းစီမံကိန်းတချို့ကို အချို့လူများအား အသိပေးခဲ့သည်။ ထို့နောက် အန်ပလေ့စ်ကဖီး၌ ညစာစားရန် ထွက်လာခဲ့လေသည်။

သူသည် မှူးမျိုး၊ မတ်မျိုးအနွယ်ဝင် အထက်တန်းစား လူကြီးလူကောင်းတစ်ယောက်၏ဘေး၌ နေရာယူပြီး ညစာကိုစားသည်။ သူအမွေလေးသိန်း ရလိုက်သည်ဟူသော သတင်းကိုလည်း ပေးလိုက်သည်။ ညစာစားအပြီးတွင် ဇာတ်ရုံသို့သွား၍ ပြဇာတ်ကြည့်သည်။ ယခင်က ဇာတ်ပွဲကြည့်ရလျှင် အလွန်ပျင်းရိ ငြီးငွေ့တတ်သော မွန်စီယာလန်တင်သည် ထိုညက လုံးဝ ပျင်းရိငြီးငွေ့ခြင်းမရှိ။

ထို့နောက် ခြောက်လအကြာတွင် မွန်စီယာလန်တင်သည် ဒုတိယအကြိမ် လက်ထပ်သည်။ သူ၏ ဒုတိယမယားသည် အလွန်ဒေါသကြီးသည့် ဖြူစင်မြင့်မြတ်သော မိန်းမတစ်ယောက်ပင်ဖြစ်၏။ ထိုမယားသည် သူ့အား များစွာ စိတ်ထိခိုက်စေခဲ့သည်။ ကြေကွဲဝမ်းနည်းခြင်းကိုလည်း ဖြစ်စေခဲ့သည်။

THE FALSE GEMS

GUY DE MAUPASSANT

□

## ချယ်ရီတစ်ပင်

''ကျောင်းဆင်းပြီးတဲ့နောက် ကျောင်းထဲမှာ ဆက်နေဖို့ကိစ္စက ကျွန်တော့်အတွက် ဘာမှ မဖြစ်ပါဘူး။ နေလို့ရပါတယ်ဆရာ''ဟု ကျွန်တော်က ကျွန်တော့်ဆရာ ပါမောက္ခဟားဘတ်အား ပြောသည်။ ဒါပေမယ့် ဖြစ်နိုင်ရင်၊ ကျွန်တော့်ကို ကြိမ်ဒဏ် ပေးပါဆရာ။ ဒါဆိုရင် ကျွန်တော် အိမ်ကို စောစောပြန်လို့ရမှာပါ၊ အခုအတိုင်းဆိုရင် အိမ်ကို နှစ်နာရီလောက်နောက်ကျပြီးမှရောက်မှာမို့ ကျွန်တော့်အဖေက ကျွန်တော့်ကို ရိုက်မှာ သေချာနေလို့ပါ''

''မင်းအသက်အရွယ်က ကြိမ်နဲ့ရိုက်ပြီး ဆုံးမရတဲ့ အရွယ်မဟုတ်တော့ဘူး''ဟု ပါမောက္ခဟားဘတ်က ပြန်ပြောသည်။ ''ချယ်ရီပင်ကို ဖျက်ခဲ့တဲ့အတွက် အပြစ်ကတော့ ပေးရမှာပဲ၊ မပေးလို့မဖြစ်ဘူး၊ မင်းတို့တစ်တွေ ဒီစည်းကမ်းကို သိကြမှဖြစ်မှာ။ တခြားကျောင်းသား ငါးယောက်ကတော့ သူတို့အပြစ်အတွက် ဒဏ်ကြေး တစ်ဒေါ်လာဆီပေးသွားကြပြီ။ ဒီချယ်ရီပင်အတွက် ဒဏ်ကြေးမပေးနိုင်ဘဲ ဖြစ်နေတာက မင်းတစ်ယောက်တည်းပဲရှိတယ်။ မင်းသူငယ်ချင်းတွေဆီက ငွေတစ်ဒေါ်လာလောက် ချေးလို့မရဘူးလား''

''မရဘူး ဆရာ''ဟု ကျွန်တော်က ပြန်ပြောသည်။ ကျွန်တော့်အနေနဲ့ ပေးတဲ့အပြစ်ဒဏ်ကို ခံရုံပဲရှိပါတယ်။ ပေးတဲ့အပြစ်ဒဏ်က မြန်မြန်ပြီးသွားဖို့သာ လိုချင်တာပါ၊ မြန်မြန်သာ ပြီးမယ်ဆိုရင် ဘယ်လိုအပြစ်ပဲ ခံရခံရ ရပါတယ်ဆရာ''

ပါမောက္ခဟားဘတ်သည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်၌ရပ်တာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အား ကြည့်နေသည်။ သူသည် လူလုံး၊လူဖန် ထွားကြိုင်းသူတစ်ဦး ဖြစ်၏။ ကိုယ်ပေါ်မှ ဖြူမှိုင်းမှိုင်း.ဝတ်စုံအရောင်သည် သူ့ခေါင်းမှ ဖြူဖွေးဖွေးဆံပင် နှင့် လိုက်လျောညီထွေစွာ ရှိလှပေသည်။

"ကျွန်တော့် အဖေအကြောင်းကို ဆရာ မသိလို့ပါ"ဟု ကျွန်တော်က ရှင်းသည်။ "သူက နည်းနည်းရှေးကျတတ်ပါတယ် ဆရာ။ သူက ကျွန်တော်တို့ အားလုံးကို အသက်နှစ်ဆယ့်တစ်နှစ်အရွယ်အထိ သူ့စကားနားထောင်ရမယ်လို့ သတ်မှတ်ထားပါတယ်။ သူက ကလေးကို တုတ်နဲ့ ရိုက်ပြီးမဆုံးမရင် ကလေးပျက်စီး မှာပဲ"လို့ ယုံကြည်နေတဲ့လူပါ၊ ချယ်ရီပင်ကိစ္စကို ကျွန်တော် ဘယ်လိုပဲရှင်းပြ ရှင်းပြ သူနားလည်မှာ မဟုတ်ဘူး။ အမှန်ပြောရရင် ကျွန်တော်တို့အထဲက ပထမ ဆုံး အထက်တန်းကျောင်းတက်ခွင့်ရတဲ့လူဟာ ကျွန်တော်ပါဆရာ"

"ဘာပဲဖြစ်ဖြစ်လေ မင်းအပြစ်ကိုတော့ ခံရမှာပဲကွ"ဟု ပါမောက္ခက ပြော သည်။ "ကျောင်းဆင်းပြီးတဲ့နောက် နှစ်နာရီရီတိတိ ကျောင်းမှာနေရမယ်။ ဒီနေ့က စပြီး နေရမှာ၊ မနက်ဖြန်ကျတော့လည်း နှစ်နာရီပဲ၊ ငါက တစ်နာရီကို နှစ်ဆယ့် ငါးဆင့်နှုန်း သတ်မှတ်ပေးမယ်၊ ဒီနှုန်းဟာ အထက်တန်းကျောင်းသား တစ်ယောက် အတွက် အမြင့်ဆုံးလုပ်ခနှုန်းပဲ …။ မင်းကျောင်းခန်းအားလုံးရဲ့ ကြမ်းပြင်အားလုံး ကို အမှိုက်လှဲရမယ်။ ကျောက်သင်ပုန်းကြီးပေါ်က စာတွေကို ဖျက်ပေးရမယ်။ ပြတင်းပေါက်က ဖုန်တွေကို သုတ်ပေးရမယ်၊ အဲဒါတွေအားလုံးအတွက် ငါက တစ်ဒေါ်လာပေးမှာ"

ကျွန်တော့်ကို ငွေတစ်ဒေါ်လာလောက်ချေးပါဟုတော့ ကျွန်တော် မပြော ပါ။ သူကလည်း ကျွန်တော့်အား တစ်ဒေါ်လာချေးမည်ဟု ကမ်းလှမ်းခြင်းမပြု ပါ။ သို့ဖြစ်ရာ ကျွန်တော့်အနေဖြင့် ကျောင်းစောင့်အား လိုအပ်သလို အကူအညီ ပေးရန်မှတစ်ပါး တခြားရွေးစရာလမ်း မရှိတော့ပါ။

ကျွန်တော်သည် တံမြက်စည်းတစ်ချောင်းဖြင့် အမှိုက်လှဲနေ၏။ ရောက် တတ်ရာရာများကို တွေးနေမိပါသည်။ "အဖေကငါ့ကို ဘာများလုပ်မလဲ။ ငါ အိမ်ပြန်ရောက်ရင် ဘယ်လိုလိမ်ပြောရပါ့မလဲ။ ဘာပြုလို့များ ငါတို့ ဒီချယ်ရီပင်ပေါ် တက်မိပါလိမ့်။ အရေးထဲ ချယ်ရီကိုင်းက ကျိုးရသေး … ကွာ။ တခြား ကျောင်းသားတွေနဲ့ သွားနေရာက ငါတို့အုပ်စုတစ်စုတည်း ခွဲပြီး ဘာပြုလို့ တောင်ကုန်းတွေဆီ ပြေးကြရတာပါလိမ့်ကွာ"

"ဒီအလုပ်တွေ ဘာပြုလို့ ငါတို့လုပ်မိကြတာပါလိမ့်။ ပုတ်သင်ညိုတစ်



ကောင်တက်သွားနေတာကို မြင်ရုံနဲ့ ငါတို့ ခြောက်ယောက်စလုံး ချယ်ရီပင်ပေါ် တက်မိကြတယ်။ တစ်ကယ်တော့ သစ်ကိုင်းက တို့ခြောက်ယောက်နဲ့အတူ ကျိုးကျခဲ့တာပဲ။ ဒီအပင်ကလည်းဗျာ ဒီလောက်လေးမှ မနိုင်ဘူးတဲ့လား။ ချယ်ရီပင်ဖြစ်နေပြီး ဒီလောက်ကလေးမှ မနိုင်တာ အံ့ဩစရာပဲ။ ဒီသစ်ပင်ကိုင်း ကိုင်းကျိုးတာနဲ့ပဲ ခြောက်ဒေါ်လာတောင် အလျော်ယူရသတဲ့ကွာ အံ့ပါရဲ့"

ဤသို့ဖြင့် ကျွန်တော် ကျောင်းမှ ထွက်လာသည့်အခါ ခြောက်နာရီထိုးနေ ပြီ။ အိမ်ကိုရောက်ရန်အတွက် ခြောက်မိုင်တိတိ လမ်းလျှောက်ရဦးမည် ဖြစ်၏။ ယခုပုံအတိုင်းဆိုပါက အိမ်သို့ ခုနစ်နာရီထိုးပြီးကာမှပင် ကျွန်တော်ရောက် တော့မည်။ အိမ်ရောက်လျှင် လုပ်စရာအလုပ်တွေ အများကြီးရှိနေ၏။ ထို အလုပ်များကို အဖေနှင့်ကျွန်တော် တွဲလုပ်နေကြဖြစ်သည်။

နွားမခုနစ်ကောင်ကို နို့ညှစ်ရမည်။ နွားထီးခုနစ်ကောင်၊ လားလေးကောင်၊ ဝက်နှစ်ဆယ့်ငါးကောင်ကို အစာကျွေးရမည်။ ပြီးတော့ ထင်းခွဲရမည်။ ရေတွင်းမှ ရေခပ်ရမည်။ အခုလောက်ဆိုရင် အလုပ်အားလုံးကို အဖေတစ်ယောက်တည်း လုပ် နေလောက်တော့မည်။ ကျွန်တော် နောက်ကျနေသည့်အတွက် ဒေါ်ပွနေလိမ့်မည်မှာ သေချာ၏။

ကျွန်တော်သည် အိမ်ကို အမြန်ပြန်ရောက်ရန် ခြေကုန်သုတ်ခဲ့သည်။ အရွက် စိမ်းသော သစ်ပင်များအောက် အမှောင်ထုထဲရောက်လျှင် အပြေးသွားသည်။ တောင် ကုန်းပေါ်တက်လျှင် အပြေးအလွှား တက်သည်။ တောင်ကုန်းအဆင်းဆိုလျှင် အကြမ်း ပြေးဆင်းသည်။ မြေပြင်ပေါ်တွင် ဆီးနှင်းများ ခဲနေသည်။

ဘယ်လိုပဲဖြစ်နေနေ ကျွန်တော် အိမ်ကို မြန်မြန်ပြန်ရောက်ရေးသည် အဓိက။ ထို့ကြောင့် ကျွန်တော်မပြေးလျှင် မဖြစ်၊ တစ်လမ်းလုံး ပြေးလာခဲ့ပြီ။ ကျွန်တော်သည် ကျွန်တော်တို့ပိုင် စားကျက်မြေဆီသို့သွားရာ ကုန်းတန်းတစ်လျှောက် ပြေးလာခဲ့သည်။ အဆက်မပြတ် တိုက်ခတ်နေသောလေကြောင့် ကျွန်တော့်မျက်နှာ ပေါ်မှ ချွေးများသည် ခြောက်သွေ့ကုန်ကြသည်။ ကျွန်တော်သည် နွားစားကျက် မြက်ခင်းကိုဖြတ်၍ အိမ်ဘက်သို့ ပြေးလာခဲ့ပါသည်။

ကျွန်တော်သည် ခြံဝင်းထဲရောက်လျှင်ရောက်ခြင်း လက်ထဲမှ စာအုပ်များကို ထမ်းနေရာ၌ ပစ်ချထားခဲ့ပြီး နွားခြံဘက်သို့ ပြေးလာခဲ့သည်။ ကျွန်တော်သည် ကျောင်းယူနီဖောင်းများကို လဲဖို့ပင် သတိမရတော့ပါ။ အလုပ်ခွင်တွင် ဝတ်ရမည့် အဝတ်ဟောင်းများကိုလည်း သတိမေ့နေပါသည်။ ကျီဘက်သို့ရောက်သည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



နွားများအတွက် မြက်ခြောက်များကို ဖြန့်ချပေးနေသော အဖေ့ကို လှမ်းမြင်နေရပါသည်။ "အဖေ .. အဲဒါတွေကို မလုပ်နဲ့တော့။ ကျွန်တော်လုပ်မယ် ကျွန်တော် နည်းနည်းနောက်ကျသွားတယ် .. အဖေ" ဟု အော်ပြောလိုက်မိသည်။

"အေ .... ဟုတ်တယ်၊ မင်းနောက်ကျတယ်"ဟု အဖေကပြန်ပြောတာ ကျွန်တော့်အား စူးစူးရဲရဲ ကြည့်နေသည်။ အဖေ့မျက်လုံးများသည် မီးတောက်နေသည်နှင့်တူနေသည်။ "မင်းဘာကြောင့် ဒီလောက်ကြီး နောက်ကျရတာလဲ ဘာဖြစ်နေလို့လဲ၊ ဒီလိုသာဆိုရင် ငါ့အလုပ်ကို မင်းဘယ်လိုပုံနဲ့ ကူညီမှာလဲ မိသားစုထဲက တစ်ယောက်ကို အထက်တန်းကျောင်း ပို့လိုက်တယ်။ ခုကျတော့ ငါ့မှာ အလုပ်ပျက်ရတော့မလိုဖြစ်နေပြီ ဘယ်လိုလုပ်ကြမလဲ"

ကျွန်တော် ဘာမှပြန်မပြောရဲပါ၊ မြက်ခြောက်များကိုသာ ဖြန့်ချပေးသည်။ အဖေကတော့ ကျွန်တော်ကိုသာ စူးစူးဝါးဝါး ကြည့်နေသည်။ "မင်းဘာဖြစ်လို့ ဒီလောက်ကြီးနောက်ကျရတာလဲ၊ ငါ့ကို အမှန်အတိုင်းပြောရင်ပြော၊ မပြောရင် မင်းနာလိမ့်မယ်"ဟု ပြောသည်။

အဖေအား ကျွန်တော် လိမ်မပြောရဲပါ။ "ကျောင်းဆင်းပြီးတဲ့နောက် ကျွန်တော်ကို ကျောင်းမှာဆက်ပြီးနေခိုင်းလို့ပါ"ဟု အမှန်အတိုင်းပြောပြသည်။ အဖေကို လိမ်ပြောပါကလည်း ချက်ချင်းအလိမ်ပေါ်ဖို့သာ ရှိပါသည်။ အဖေသည် ကျောင်းသို့သွားပြီး မစုံစမ်းပဲ နေမည့်လူစားမဟုတ်ပါ။ သူကျောင်းရောက်သွား၍ အလိမ်ပေါ်သွားမည်ဆိုပါက ကျွန်တော့်အတွက် အခြေအနေပိုလို့ ဆိုးဝါးဖွယ် ရှိပါသည်။

"နေစမ်းပါဦးကွ သူများတွေပြန်ပါရက်နဲ့ မင်းက ဘာကြောင့်ကျောင်းမှာ ဆက်နေရတာလဲ"ဟု အဖေက မကျေနပ်သံဖြင့်မေးသည်။

"ကျွန်တော်တို့ ဇီဝဗေဒကျောင်းသားတွေ ဒီနေ့ လက်တွေ့သင်တန်းအတွက် ကွင်းဆင်းရတယ်၊ အဖေရ၊ ကျွန်တော်နဲ့ သူငယ်ချင်းငါးယောက်က ချယ်ရီပင်တစ်ပင် ပေါ်တက်ကျတော့ ကိုင်းတစ်ကိုင်းကျိုးသွားတယ်၊ အဲဒီသစ်ပင် ပျက်စီးသွားတဲ့ အတွက် ကျွန်တော်တို့ခြောက်ယောက်က တစ်ဒေါ်လာစီလျော်ကြရတယ်။ ဟိုကောင် တွေက ငွေပေးကြပေမယ့် ကျွန်တော်က မပေးနိုင်ဘူးအဖေ။ အဲဒါနဲ့ပဲ ပါမောက္ခ ဟားဘတ်က ကျွန်တော့်ကို ငွေတစ်ဒေါ်လာရအောင် အလုပ်လုပ်ခိုင်းတယ်။ သူက တစ်နာရီကို လုပ်ခ နှစ်ဆယ့်ငါးဆင့်နှုန်းပေးတယ်။ ကျွန်တော် ဒီနေ့ ၂ နာရီ အလုပ် လုပ်ပေးခဲ့ရတယ်။ မနက်ဖြန်ကြရင်လည်း ဒီနေ့လို လုပ်ပေးရမယ်"



ကျွန်တော်က ရှင်းပြပါသည်။

"မင်းအခုပြောနေတာ အမှန်ပဲနော် "ဟု အဖေက ပြောသည်။

"ကျွန်တော် အမှန်တိုင်းပြောတာပါ အဖေ၊ မယုံရင် အဖေကိုယ်တိုင် ကျောင်းကိုသွားပြီး စုံစမ်းကြည့်ပေါ့"ဟု ကျွန်တော်က ပြန်ပြောသည်။

"အေး ကောင်းပြီ မနက်ဖြန်မနက်ကျရင် ငါသွားမှာ စိတ်ချနေ၊ မငြင်းနဲ့" ဟု အဖေက ပြန်ပြောသည်။ "ကျိုးသွားတဲ့ ချယ်ရီပင်က ဘယ်သူ့အပင်လဲ"

"ကရက်ထရီရဲ့ အပင်ပါ"

"မင်းတို့က ကရက်ထရီရဲ့နေရာအထိ ဘယ်လိုကြောင့် ရောက်သွားရတာလဲ"ဟု အဖေက ပြန်ပြောသည်။ "သူ့နေရာက မင်းတို့ အထက်တန်းကျောင်းနဲ့ လေးမိုင်ဝေးတယ်။ မင်းတို့ကို ကျောင်းမှာ စာအုပ်တွေနဲ့ စာမသင်ဘူးလား။ စာမသင်ဘဲ အဲလို တောင်ကုန်းဘက်ဆီကို သွားခိုင်းနေတာ ဘာကိစ္စလဲ၊ အခုလို စာမသင်ဘဲနဲ့ လျှောက်သွားနေရင် ငါမင်းကို ကျောင်းဆက်မထားတော့ဘူး။ မင်းတို့ ကျောင်းကနုတ်ပြီး အိမ်မှာပဲ အလုပ်လုပ်ခိုင်းတော့မယ်။ မင်းအတွက် အိမ်မှာ အလုပ်တွေ အများကြီးရှိတယ်"

"မဟုတ်ပါဘူး အဖေ၊ အဖေပြောသလို မဟုတ်ဘူး"ဟု ကျွန်တော်က ရှင်းပြသည်။ "အခုရာသီက နွေဦးပေါက်မဟုတ်လား၊ ကျွန်တော်တို့ကျောင်းမှာ သင်နေတဲ့ ဇီဝဗေဒဆိုတဲ့ ဘာသာက ပိုးကောင်တွေ၊ မြွေတွေ၊ ပန်းတွေ၊ ပုတ်သင်ညိုတွေ၊ ဖားတွေနဲ့ သစ်ပင်တွေ စုရတယ်။ အဲဒါတွေကို လေ့လာတဲ့ဘာသာရပ်ကို ဇီဝဗေဒလို့ ခေါ်တာ"

"ဒီနေ့မှာ ရာသီဥတုက သာယာတော့ ကျွန်တော်တို့အားလုံး အပြင် ထွက်ပြီး အဲဒီပစ္စည်းတွေကို ရှာကြရတယ်။ အဲဒါ ကျွန်တော်တို့ ခြောက်ယောက်က ချယ်ရီပင်ပေါ်တက်ပြေးသွားတဲ့ ပုတ်သင်ညိုတစ်ကောင်ကို မြင်တယ်။ ခြောက် ယောက်စလုံး ချယ်ရီပင်ပေါ် အလုအယက်တက်ပြီး ပုတ်သင်ညိုကို ဖမ်းကြတာ ကိုင်းကြီးတစ်ကိုင်း ကျိုးကျသွားတယ်။ ကရက်ထရီက သစ်ပင်အောက်မှာ လယ်ထွန် နေတော့ ကျွန်တော်တို့ကြောင့် သစ်ပင်ကျိုးကျသွားတာကို မြင်သွားတယ်။

သူက ချက်ချင်းပဲပြေးလာပြီး ကျွန်တော်တို့ နာမည်တွေကို မှတ်သွားတယ်။ ပြီးတော့ ဆရာ့ကို သွားတိုင်တယ်။ ကျွန်တော့်သူငယ်ချင်း ငါးယောက်က ငွေ တစ်ဒေါ်လာစီ လျော်ကြတယ်။ ကျွန်တော်ကတော့ တစ်ဒေါ်လာပေးစရာမရှိဘူး၊ ပါမောက္ခဟားဘတ်က ကျွန်တော့်အတွက် တစ်ဒေါ်လာစိုက်ပေးခဲ့တယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါ်လာအတွက် ကျောင်းမှာ အလုပ်ပြန်လုပ်ပေးရတယ်။ ဒါကြောင့် ကျွန်တော် နောက်ကျတာ"

"အင်း တယ်ကောင်း၊ ဆင်းရဲသားတစ်ယောက်ရဲ့သားကို ဒီလိုပဲ လုပ်သတဲ့လား"ဟု အဖေက ပြောသည်။ "မနက်ကျရင် ငါကိုယ်တိုင် ကျောင်းကို သွားပြီးရှင်းမယ်။ ဒီဆရာကို ငါကိုယ်တိုင် ကိုင်ပြမယ်၊ ဒီလူကြည့်ရတာ ငါတို့နယ်ထဲက ဟုတ်ပုံမပေါ်ဘူး။ အေးပေါ့လေ၊ တွေ့ကြသေးတာပေါ့ မင်းကို စာအုပ်တွေနဲ့ စာမေးပွဲဘက် အပြင်ကိုထွက်ဖို့ ခေါ်သွားတဲ့ နေ့၊ ငါ့အကြောင်း ပြလိုက်ရဦးမှာပေါ့။ ငါကျောင်းနေတုန်းက ဒါမျိုးတွေ မလုပ်ခဲ့ရပါဘူးကွာ"

"အဲဒီလို မလုပ်ပါနဲ့ အဖေရယ်၊ အဖေကျောင်းကို မသွားပါနဲ့ဗျာ"ဟု ကျွန်တော်က တောင်းပန်သည်။ "ကျွန်တော်ကို ဆင့်ငါးဆယ်သာ ပေးပါ၊ ကျွန်တော့် အထဲကြေးကို ပေးနိုင်ရင် ပြဿနာမရှိတော့ပါဘူး။ ကျွန်တော်ကတော့ အဖေ့ကို သွားစေချင်ဘူး။ ဆရာဟားဘတ်နဲ့ တွေ့လို့ရှိရင် စကားတွေများကုန်မှာ"

"အဖေက ဆင်းရဲသားဆိုတော့ မင်းဆရာက အဖေ့ကို တွေ့သွားမှာ မင်းက ရှက်နေတယ်ပေါ့လေ၊ ဟုတ်လား"ဟု အဖေက ပြောသည်။ "မင်းကို ငါကကျွေးမွေးပြုစုလာတာတောင်မှ မထောက်ထားတော့ဘူးပေါ့လေ။ ငါကတော့ မင်းကြီးလာရင် ငါ့လိုဆင်းရဲနေမှာကြောက်လို့ မင်းကို ကျောင်းထားခဲ့တာကွ သိလား"

"ဒီကိစ္စကို ငါကိုယ်တိုင်ရှင်းမယ်၊ မင်း ပါမောက္ခဟားဘတ်ကို ငါကိုယ်တိုင် 'ကိုင်'ပြမယ် တခြားကျောင်းသားတွေကျတော့ ငွေပေးနိုင်တာနဲ့ ပြန်လွှတ်လိုက်တယ် မင်းကျတော့ ငွေမပေးနိုင်တော့ ပြန်မလွှတ်ဘူးတဲ့ ဒါ တရားသလား။ သူ့မှာ ဒါမျိုး လုပ်ပိုင်ခွင့်မရှိဘူးကွ။ ငါက ဆင်းရဲသားတစ်ယောက်ဆိုတော့ အထင်သေးတာပေါ့လကွ။ ရပါတယ် ပါမောက္ခတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲ ကျည်ဆံတစ်တောင့် ဝင်သွားအောင်တော့ လုပ်နိုင်ပါတယ်။ ငါ့အကြောင်း သိရတာပေါ့"

အဖေ့စကားကြောင့် ကျွန်တော်သည် များစွာ စိတ်ရှုပ်သွားရပါသည်။

ကျွန်တော်အိမ်မှ ထွက်ပြေးရရင်ကောင်းမလားဟု စဉ်းစားသည်။ အိမ်ကိုရော ကျောင်းကိုရော အပြီးအပိုင် စွန့်လွှတ်ပြီး ထွက်ပြေးရန် စိတ်ကူးမိခြင်းဖြစ်ပါ၏။ အဖေသည် ကျောင်းသို့သွားပြီး ဘာလုပ်မှာပါလိမ့်၊ ပါမောက္ခဟားဘတ်ကို သေနတ်နှင့် ပစ်နေမလား၊ အဖေဘာလုပ်မည်ကို သိရခက်ပါသည်။

ကျွန်တော့်အနေဖြင့် အဖေတို့ခေတ်က ပညာသင်ပုံနှင့် ကျွန်တော်တို့ခေတ်က



ပညာသင်ပုံ မတူကြောင်းကို ရှင်းပြချင်သည်။ သို့သော်လည်း အဖေနားလည်လိမ့်မည်ဟု မထင်ပါ။ အကယ်၍ ကျွန်တော်က ကျွန်တော်တို့ခေတ်တွင် ဖားတွေ၊ ငှက်တွေ၊ မြွေတွေ၊ ပုတ်သင်ညိုတွေ၊ ပန်းတွေ၊ ပိုးမွှားတွေအကြောင်း သင်ကြားနေရပါသည်ဟုလည်း ရှင်းပြနိုင်၏။ သို့သော်လည်း အဖေသည် နားလည်လိမ့်မည် မထင်ပါ။

ကျွန်တော်ထွက်ပြေးပါကလည်း၊ အဖေသည် တစ်မျိုးတွေးလိမ့်မည်ဟု ထင်၏။ ပါမောက္ခဟားဘတ်နှင့် အထက်တန်းကျောင်းတို့ကြောင့် ကျွန်တော်ထွက်ပြေးခြင်းဖြစ်သည်ဟု တွေးခဲ့သည်ရှိသော် ပို၍ဆိုးလာစရာရှိပါသည်။ ကျွန်တော် ထွက်မပြေးတော့ဟု ဆုံးဖြတ်လိုက်သည်။ အခု လောလောဆယ် နွားစာကျွေးရမည့် အလုပ်ကို ပြီးပြတ်အောင်လုပ်မည်၊ မနက်ဖြန်မနက်ကျတော့ အဖေနှင့်အတူ ကျောင်းသို့ သွားမည်။

ကျွန်တော်သည် မြက်ခြောက်များကို ပွေ့ကာ နွားစာခွက်များထဲသို့ ဖြန့်ထည့်ပေးသည်။ အဖေသည် ကျီဘက်ရှိ လားများနှင့် ခြံထဲရှိ ဝက်များကို အစာကျွေးနေသည်။ မတ်လ၏ အေးမြသော ကောင်းကင်ပြာတွင် လမင်းသည် ကြည်လင်တောက်ပလျက်ရှိသည်။ ကျွန်တော်သည် လရောင်ဖြင့်အလုပ်ကို ပြီးပြတ်အောင် လုပ်လျက်ရှိပါသည်။

ကျွန်တော့်ဆရာဟားဘတ်သည် ကျွန်တော် အိမ်မှာ အလုပ်တွေ အများကြီး လုပ်ကိုင်နေရသည်ကို သိမည်မဟုတ်ပါ။ အကယ်၍ သူသိမည်ဆိုပါက ကျွန်တော့်အား သူ အခုလိုလုပ်လိမ့်မည် မထင်ပါ။ သူ့အနေနှင့် ကျွန်တော့်အား ငွေတစ်ခေါ်လာချေးကာ ချယ်ရီပင်အတွက် လျော်ကြေးပေးနိုင်းလိမ့်မည်ဟု ထင်ပါသည်။ ကျွန်တော့်လို တောင်ကုန်းဒေသအတွင်းရှိ ကလေးသူငယ်များသည် အိမ်အလုပ်များကို မနားမနေ ကုန်းကြုံးပြီးလုပ်နေပါမှ ကျောင်းတက်ရသူများဖြစ်ရာ ထိုအချက်ကို သူသိလိမ့်မည်မထင်ပါ။ သူသည် အခုမှ ကောင်တီခရိုင် အထက်တန်းကျောင်းတစ်ကျောင်း၌ ဆရာဝင်လုပ်နေရခြင်းဖြစ်ရာ သူစာသင်ပေးနေရသော ကျောင်းသားများ၏ ဘဝကို စေ့စေ့စပ်စပ်သိချင်မှ သိပါလိမ့်မည်။

ကျွန်တော်သည် နွားမများအား အစာကျွေးအပြီးတွင် အိမ်ထဲသို့ ဝင်ခဲ့ပြီး ညစာစားသည်။ အဖေနှင့်အမေမှာ ညစာစားပြီးကြပြီ။ ကျွန်တော့်ညစာမှာ အေးစက်နေသည်။ အိမ်ရှေ့ခန်းထဲမှ အဖေနှင့်အမေတို့၏ စကားပြောသံများကို ကြားနေရ၏။ အဖေသည် ကျွန်တော်ကျောင်းနောက်ကျရသည့်ကိစ္စကို အမေ့အား ရှင်းပြ

www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။

"နို့ညှစ်ရတာရော၊ ထင်းခွဲရတာရော အားလုံးကို ငါပဲနိုင်ခံလုပ်ရတာ တစ်နေ့လုံး မြေကိုထွန်ယက်နေရတာဆိုတော့ ပင်ပန်းတယ်ဟ၊ မနက်ဖြန်မနက် ကျရင်တော့ ငါအလုပ်နားပြီး ကျောင်းကိုသွားမယ်။ ငါကိုယ်တိုင်ပဲ ဝင်ရှင်းမှ ဖြစ်မဲ့ကိစ္စမို့လို့ပဲ။ ပါမောက္ခဟားဘတ်ဆိုတဲ့ ဆရာအတွက်ကတော့ ငါဟာ ပညာရှင်ကြီးတစ်ယောက် ဟုတ်ချင်မှ ဟုတ်မှာပေါ့လေ"

"ကျွန်မပြောတာကို နားထောင်ပါ လပ်စတာရယ်"ဟု အမေက ပြန်ပြော သည်။ "တော် ဒီကိစ္စမှာဝင်မပါချင်ပါနဲ့၊ ပြဿနာသွားရှာရင် ရှုပ်ကုန်လိမ့်မယ် တော့်ကိုလည်း ရဲကဖမ်းပြီး ထောင်ချမှာ တရားဥပဒေကိုတော့ ရှောင်လို့ရမယ် မထင်ဘူး။ တော် ကျောင်းကိုလိုက်သွားပြီး ဟန်ရေးဝါရေးပြရင် ကျွန်မတို့သား ဒွေဇ်အတွက် စိတ်အနှောက်အယှက်ဖြစ်ကုန်မှာ။ သူ့ခမျာ ပညာတတ်တွေကြားမှာ အရှက်ခွဲခံ ရသလိုဖြစ်သွားမှာ"

"ဒါတွေ ငါဂရုမစိုက်ဘူး"ဟု အဖေက ပြန်ပြောသည်။ "အိမ်မှာ လုပ် စရာတွေရှိတာကို မစဉ်းစားဘဲ တခြားကောင်လေးတွေကျတော့ ပြန်လွှတ်ပြီး ငါ့သားတစ်ယောက်တည်းကျတော့ ကျောင်းမှာနေရမယ်လို့ပြောတယ်။ ငါ့သား လည်း တခြားကျောင်းသားတွေလို တော်တာပါပဲဟာ။ အဲဒီလို မျက်နှာလိုက်ပြီး လုပ်တာမျိုးကျတော့ ငါက ခံနေရမလား။ ဒီကျောင်းဆရာဗိုက်ထဲကို ကျည်တစ် တောင့်နဲ့ အပေါက်ကလေးတစ်ပေါက် ဖောက်နိုင်တယ်ဆိုတာ ငါပြမှဖြစ်မှာပေါ့ ဟ"

"ငါ့လိုကောင်မျိုးကို အခုလိုလုပ်ရင် ဘာဖြစ်သွားမလဲဆိုတာ မပြလို့ မဖြစ်ဘူးဟေ့ နားလည်လား။ သူနဲ့ အရင်ဆုံးစာရင်းရှင်းမှဖြစ်မှာ၊ ပြီးတော့ ငါ့တစ်သက်မှာ ဘယ်တုန်းကမှ မကြားဖူး၊ မသင်ဖူးခဲ့ရတဲ့ဟာတွေ သင်နေတာ ကိုလဲ ငါ စာရင်းရှင်းရလိမ့်မယ်။ ဘယ်နှယ့်ဗျာ ပိုးကောင် မွှားကောင်တွေကို လေ့လာရသတဲ့၊ ပြီးတော့မြွေတွေ၊ ပုတ်သင်ညိုတွေနဲ့ ဖားတွေကို လိုက်ဖမ်းပေး ရသတဲ့၊ သောက်ဖိုးမတန်တဲ့ အလုပ်တွေကို လုပ်ခိုင်းပြီး ပညာသင်သတဲ့ …"

"အခုဖြစ်တာကိုကြည့်၊ တောထဲလျှောက်ခေါ်သွား၊ ချယ်ရီတောထဲက ဖြတ်သွားတော့ ကလေးတွေက ပုတ်သင်ညိုတွေ တက်ပြေးတာမြင်လို့ လိုက်ဖမ်း ကြတယ်။ ချယ်ရီပင်ပျက်စီးတော့ ကလေးတွေကို သူက အလျော်ခိုင်းတယ် ဟား တော်တော့်ကိုတော်တဲ့ဆရာ၊ အမှန်က သူ့တာဝန်ဟ၊ ပိုင်ရှင် အီးအဒ်



ဆရက်ထရီအနေနဲ့ ဆရာ့ဆီက အလျော်တောင်းရမှာ၊ အဲဒါကို သူက ကလေး တွေဆီက အလျော်တောင်းတယ်။ အဲဒါ တရားသလား …"

ကျွန်တော်သည် ညစာစားပြီးသည်နှင့် တစ်ပြိုင်နက် အပေါ်ထပ်သို့ အသာကလေးတက်ခဲ့ပြီး အခန်းထဲမှ မီးအိမ်ကို ထွန်းလိုက်သည်။ ဖြစ်ပြီးခဲ့သမျှ အရာအားလုံးကို မေ့ပစ်ရန်ကြိုးစားသည်။ ဂျော်မက်ထရီဘာသာကို ကျက်သည်။ ထို့နောက် ဇီဝဗေဒဘာသာ။ အဖေ့အကြောင်းသည် ခေါင်းထဲသို့ ဝင်လာလျက် ရှိသဖြင့် ကျွန်တော် စာမကျက်နိုင်တော့ပါ။

"မနက်မိုးလင်းရင် ငါ့ကိုခေါ်ပြီး ကျောင်းကိုသွားမှာ သေချာတယ်။ ဆရာဟားဘတ်ကို ပစ်ဖို့သေနတ်ကို ယူလာမှာပဲ၊ တားလို့ရမှာ မဟုတ်ဘူး။ ဆရာဟားဘတ်က ငါ့ကို ဘယ်လိုထင်သွားမလဲ၊ အဖေပြန်သွားတဲ့အခါ၊ ငါရှင်းပြ ရင်တော့ သူနားလည်သွားမှာပါ။ ဒါပေမယ့် အဖေကများသူ့ကို သေနတ်နဲ့ပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ၊ ခက်တာပဲ၊ ငါမလိုက်ချင်ဘူး။ ဒီည အဖေစိတ်ပြေသွားရင်တော့ ကောင်းမှာပဲ။ အဲသလိုဖြစ်သွားရင် မနက်ကျတော့ သူသွားမှာမဟုတ်တော့ပါဘူး"

အဖေသည် နောက်နေ့ မနက်လေးနာရီထိုးတွင် အိပ်ရာမှနိုးသည်။ သူသည် မီးဖိုထဲတွင် မီးကပြာကရာမွှေးခဲ့ပြီး အမေ့အား သွားနှိုးကာ မနက်စာချက်ခိုင်းသည်။ ထို့နောက် ကျွန်တော့်အားနှိုးပြီး နွားမများအား အစာကျွေးခိုင်းသည်။ နို့ညှစ်ခိုင်း သည်။ သားအဖနှစ်ယောက် အလုပ်ပြီးသွားချိန်တွင် အမေသည် မနက်စာကို အဆင်သင့် ပြင်ထားပြီးလေပြီ။ ကျွန်တော်တို့ မနက်စာစားပြီးချိန်တွင် မနက်ခင်း အလင်းရောင်သည် ပီပီပြင်ပြင် ဝင်ရောက်လာခဲ့လေပြီ။

ပတ်ဝန်းကျင်တစ်ခွင်ရှိ ဝက်သစ်ချပင်များပေါ်တွင် ဆီးနှင်းများဖုံးအုပ်နေ သည်။ တောင်ကုန်းများပေါ်တွင်လည်း မြူနှင်းများ ဖုံးလျက်ရှိ၏။ အေးမြသော လေသည် အဆက်မပြတ် တိုက်ခတ်နေသည်။ ကောင်းကင်ကတော့ ကြည်လင် သာယာလျက်ရှိပါ၏။ မကြာမီ ထွက်လာတော့မည့် နေရောင်ဖြင့် ဆီးနှင်းခဲများ သည် အရည်ပျော်ကြပေတော့မည်။ ယနေ့အဖို့ တောင်ကုန်းများပေါ်တွင် ရွှံ့များရှိ လာပေဦးတော့မည်။ ရွှံ့ရေများသည် တောင်ကုန်းပေါ်ရှိ မြောင်းကြို မြောင်းကြား တစ်လျှောက် စီးဆင်းလာပေတော့မည်။

"ကဲ .. ဟေ့ ဒွေဇ်၊ မင်းနဲ့ငါ ကျောင်းကိုသွားကြရမယ်"ဟု အဖေက ပြောသည်။ "ပိုးမွှားဆရာ၊ ဖားဆရာ၊ ပုတ်သင်ညိုဆရာ၊ မြွေဆရာဆီကိုသွားမှာ ဆောဆောပဲ ထွက်စို့။ အဲသလို မဟုတ်တာယုတ်တွေ သင်ပေးနေတဲ့ ဆရာမျိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်စိတ်တော့ သိပ်မရှိပါဘူး။ ဒါပေမယ့် စာရင်းရှင်းချင်လို့သာ ငါသွားမှာကွ"

ကျွန်တော်မတတ်နိုင်တော့ပါ။ အဖေသည် ကျောင်းသို့သွားရမည့်ကိစ္စကို ဖျောဝါ။ ဘာပဲဖြစ်ဖြစ် စောစောစီးစီး ထွက်ရသည့် အတွက်တော့ ကျွန်တော်ဝမ်းသာသည်။ အကယ်၍ ဆရာဟားဘတ်နှင့် တွေ့ချိန်တွင် အဖေက သူ့သေနတ်ကို သုံးခဲ့သည်ရှိသော ကျွန်တော်တို့နှား၌ ကျွန်တော့်သူငယ်ချင်းတွေ များများစားစား ရှိကြမည်မဟုတ်။

အဖေသည် ရှူးဖိနပ်အကြီးကြီးကို စီးသည်၊ အပြာရောင် ရှပ်အင်္ကျီနှင့် သိုးရေကုတ်အင်္ကျီကို ဝတ်သည်။ ပြီးတော့ အပေါ်ဝတ်အင်္ကျီများကို ထပ်ဝတ်သည်။ သူ့ခါးပတ်မှ ခြောက်လုံးပြူးအိတ်တွင် သူ့သေနတ်ကို ထည့်ထားသည်။ ကျွန်တော်တို့သားအဖသည် တောင်ကုန်းပေါ်မှဖြတ်ကာ ကျောင်းဆီသို့ ဦးတည်ပြီး လျှောက်လာခဲ့ကြပါသည်။

ကျွန်တော်တို့ ရောက်သွားချိန်သည် များစွာ စောလျက်ရှိသော်လည်း ဆရာဟားဘတ်တစ်ယောက်ကတော့ ရောက်နေပေပြီ။ ကျောင်းထဲဝင်သွားသည့် အချိန်တွင် ကျွန်တော်သည် "ဆရာဟားဘတ် သဘောကောင်းတယ်ဆိုတာကို လူချင်းတွေ့ရင် အဖေသိသွားကောင်းပါရဲ့" ဟု တွေးမိသည်။ "အဖေဟာ သူနဲ့ မတွေ့ဖူးသေးလို့ပါ။ တွေ့ဖူးရင် မိတ်ဆွေတောင် ဖြစ်သွားနိုင်တယ်"ဟုလည်း တွေးမိသည်။

"ပါမောက္ခဆရာဟားဘတ်ဆိုတာ ခင်ဗျားလား .. ဗျ"ဟု အဖေက မေးသည်။

"ဟုတ်ပါတယ်"ဟု ဆရာဟားဘတ်က ဖြေသည်။ "ခင်ဗျားက ဒေ့ဗ်ရဲ့ အဖေလား"

"ဟုတ်တယ်"ဟု အဖေကပြောပြီး သူ့ခါးမှ သေနတ်ကိုထုတ်ကာ အနီးရှိ ထိုင်ခုံပေါ်တွင် တင်ထားလိုက်သည်။ ဆရာဟားဘတ်၏ မျက်လုံးများသည် ပြူးခနဲ ဖြစ်သွားသည်။ မျက်နှာလည်း နီရဲလာသည်။

"ဒီကျောင်းနဲ့ ပတ်သက်ပြီး ကျုပ် သိချင်တာလေးတွေ နည်းနည်းပါးပါး ရှိနေလို့ လာတာပဲ"ဟု အဖေကပြောသည်။ "ကျုပ်သား ဒေ့ဗ်ကို ပညာတတ် ဖြစ်စေချင်လို့ ကျောင်းထားတာ။ ဒီကောင်က ကျုပ်သားသမီး ဆယ့်တစ်ယောက် ထဲမှာ အငယ်ဆုံးပဲ။ သူတစ်ယောက်ထဲကိုပဲ ကျုပ် ကျောင်းထားတာ။

မနေ့က သူကျောင်းအပြန် တအားနောက်ကျလို့ အိမ်မှာရှိနေတဲ့ လုပ်စရာ အလုပ်အားလုံးကို ကျုပ်တစ်ယောက်ထဲ ဒိုင်ခံလုပ်ရတယ်။ မနေ့က သူ့ကြောင့်



ချယ်ရီတစ်ပင် ကျိုးသွားတယ် .. တဲ့။ အဲဒါကြောင့် ကျောင်းဆင်းပြီးတဲ့နောက် နှစ်နာရီတိတိ ကျောင်းမှာ နေရမယ်လို့ ခင်ဗျားကပြောတယ် .. တဲ့။ ချယ်ရီပင် ကျိုးသွားတာကို လျော်ဖို့အတွက် အလုပ်လုပ်ပြီး ငွေရှာရတာတဲ့။ အဲဒါ အမှန် ပဲလား"

"အင်း .. ဟုတ်တယ်"ဟု ဆရာဟားဘတ်က ပြန်ပြောကာ အဖေ့ သေနတ်ကို လှမ်းကြည့်သည်။

"ဒါဆိုရင်တော့ .. ခင်ဗျားတို့ကျောင်းဟာ အထက်တန်းကျောင်း မဟုတ် တော့ဘူး၊ ကြမ်းပိုးကျောင်း၊ ပုတ်သင်ညိုကျောင်း၊ မြွေကျောင်းဖြစ်နေပြီ။ ပညာ သင်တဲ့ကျောင်းလို့ မခေါ်နိုင်တော့ဘူး"ဟု အဖေကပြောသည်။

"ဒါနဲ့ .. နေပါဦး"ဟု ဆရာဟားဘတ်က စကားစသည်။ "အဲ .. ဒီသေနတ်ကြီးကို ခင်ဗျား .. ဘာအတွက် ယူလာတာလဲ"

"ခင်ဗျား ထိပ်က အပေါက်ကလေးကိုမြင်တယ်မဟုတ်လား"ဟု ပြော ကာ အဖေသည် သေနတ်ကို ကောက်ယူပြီး ပြောင်းဝကို လက်နှင့်ကိုင်ပြသည်။ "အဲဒီအပေါက်ကလေးက ကျည်ဆံတစ်တောင့်ထွက်လာပြီး တခြားလူတွေရဲ့ ကိုယ်ခန္ဓာကိုလည်း ဖောက်သွားနိုင်သလို၊ ကျောင်းဆရာရဲ့ ခန္ဓာကိုယ်ကိုလည်း ဖောက်ထွက်သွားနိုင်တယ်။ တခြားသူတွေ သေသလို ကျောင်းဆရာလည်း သေမှာပဲ။ ချိုးသာတဲ့ ကောင်တစ်ကောင်သေသလို၊ ဆင်းရဲတဲ့ကောင် တစ်ကောင်လည်း သေနိုင်တာပဲမဟုတ်လား။ ဒါပေမယ့် အခု ခင်ဗျားနဲ့တွေ့တော့ ဒီလောက်အထိ ထိုးပေဘူးလို့ ကျုပ်ထင်တယ် .. ဗျာ"

ဆရာဟားဘတ်၏ ဘေး၌ရပ်နေသော ကျွန်တော့်အဖေ၏ ခန္ဓာကိုယ်သည် ထွားကျိုင်းတုတ်ခိုင်လှချေသည်။ အသားအရောင် ညိုမောင်းမောင်းနှင့် တောင့်တင်း သန်မာခြင်းလွန်းလှပါ၏။ ယခင်က ကျွန်တော့်မျက်စိထဲတွင် ဆရာဟားဘတ်သည် ရှူလိုး လူဖန် ကြီးမားထွားကျိုင်းလှသော လူကြီးတစ်ယောက် ဖြစ်ခဲ့၏။ ယခု ကျွန်တော့်အဖေနှင့် ယှဉ်၍ရပ်နေသည့် အခါတွင်မူ ဆင်ကြီးတစ်ကောင်အနီး၌ ထပ်၍ရပ်နေသော ဆိတ်တစ်ကောင်နှင့် တူလျက်ရှိပါသည်။

"ကျွန်တော်လုပ်တာဟာ ကိုယ်လုပ်ရမဲ့ တာဝန်ကိုလုပ်တာပဲ"ဟု ဆရာ ဟားဘတ်က ပြောသည်။

"ခင်ဗျားတို့ ပညာသင်တာက ဘယ်လိုလဲ၊ ဘာတွေ သင်နေကြတာလဲ" ဟု အဖေက ပြောသည်။ "ကလေးတွေကို တောအုပ်တွေထဲ ခေါ်သွားလို့သွား၊

www.burmeseclassic.com

www.burmeseclassic.com



အဆောင်ဘာလောင်တွေ ဖမ်းခိုင်းလို ဖမ်းခိုင်းနဲ့၊ အိမ်မှာရှိနေတဲ့ အမေနဲ့ အဖေတွေ ထ ကျွန်တွေလို ကုန်းကြုံးပြီး အလုပ်လုပ်နေကြတာဟာ အဲသလို ပေါက်တတ်တရရတွေလုပ်ဖို့ မဟုတ်ဘူး ·· ဗျ။ ပညာတတ်ဖို့ ပို့ထားကြတာ။ ကျုပ်ကတော့ စဉ်းစားလို့ကိုမရဘူး။ ယောကျ်ားလေးတွေနဲ့ မိန်းကလေးတွေ အတူတူတွဲပြီး တောတွေတောင်တွေထဲ သွားကြတာဟာ အန္တရာယ်များတယ်လို့ပဲ ထင်တယ်''

ဤအချိန်တွင် ကျောင်းသူကျောင်းသားများသည် တဖွဲဖွဲရောက်စ ပြုလာပြီဖြစ်၏။ ဆရာဟားဘတ်က ကျွန်တော့်အား လှမ်းကြည့်ပြီး ''ဟော ·· ဒေ့ဗ်စ် ရုံးခန်းတံခါးကို ပိတ်ထားလိုက်စမ်း၊ တခြားလူတွေကြားလို့ မကောင်းဘူး'' ဟု ပြောသည်။

ကျွန်တော်က တံခါးကို သွားပိတ်လိုက်သည်။ ကျွန်တော်သည် စိုးရိမ်စိတ်ကြီးနေသဖြင့် တစ်ကိုယ်လုံး တုန်နေသည်။ အဖေသည် ဆရာဟားဘတ်အား လက်သီးနှင့် ထိုးလိမ့်မည်ဟု ကျွန်တော်ထင်နေပါသည်။ သူသည် ဆရာဟားဘတ်အား စကားအပြောမခံ သူကချည်း ဒိုင်ခံ၍ ပြောနေသည်။ ပြောရင်း ပြောရင်းနှင့် သူ့မျက်နှာသည် နီရဲလာသည်။

''ကျွန်တော့်ဘက်ကတော့ ကျောင်းသားတွေအပေါ်မှာ လုပ်တာကိုင်တာ အများမရှိခဲ့ပါဘူး'' ဟု ဆရာဟားဘတ်က ပြောသည်။ ''လက်တွေ့ လေ့လာရေးခရီးထွက်ရင်း ကျွန်တော်ကိုယ်တိုင် သူတို့နဲ့ လိုက်တာပဲ။ မိန်းကလေးတွေ ယောကျ်ားလေးတွေ အတူတူတွဲသွားလို့ ဘာပြဿနာမှ မရှိခဲ့ပါဘူး''

''ကျုပ်ကတော့ အဲဒီအလုပ်အပေါ်မှာ ကြိုက်ကို မကြိုက်ဘူး ·· ဗျာ'' ဟု အဖေက ပြန်ပြောသည်။ ''ကျောင်းသူ ကျောင်းသားပေါက်စနတွေကို တော ပိုင်းခေါ်သွား၊ ချယ်ရီပင်တွေပေါ်တက်၊ သစ်ပင်တွေကကျိုး၊ ဒါတွေဟာ အလကား အလုပ်တွေပဲ၊ ပြီးတော့ ·· ကျောင်းဆင်းပါလျက်နဲ့ ကျောင်းက ပြန်မလွှတ်သေး ထားလိုထားနဲ့ ထင်ရာတွေ လျှောက်လုပ်နေတာပဲ''

''ဒီကိစ္စမှာ ကျွန်တော့်အနေနဲ့ ခင်ဗျားရဲ့သား ဒေ့ဗ်ကို ဘယ်လို လုပ်ရမယ် မစ္စတာ ဆက်စ်တန်'' ဟု ဆရာဟားဘတ်က ပြောသည်။ ''အမှန်တော့ ပုတ်သင် ညိုတစ်ကောင် ဖမ်းဖို့အတွက် လူအများကြီး စုပြုံတက်တာဟာ ဘယ်ကောင်း မလဲ၊ တစ်ယောက်ထဲ တက်ဖမ်းရင် ရတာပဲ၊ ဒါပေမယ့် ကလေးတွေဆိုတော့ လည်း မစဉ်းစားကြဘူးပေါ့။ ခြံရှင်ကလည်း လျော်ကြေး ခြောက်ဒေါ်လာတောင်း တယ်။ ဘာလုပ်ရင် ကောင်းမလဲဆိုတာ ကျွန်တော်စဉ်းစားတယ်။ သူတောင်း



သျှော်ကြေးကတော့ ပေးရမှာပဲလို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော့်အနေနဲ့ ဟို ကျောင်းသားငါးယောက်ဆီက တစ်ဒေါ်လာစီတောင်းပြီး ခင်ဗျားသား ဒေ့ဗ်ဆီက ကြီးတစ်ဒေါ်လာတောင်းဘဲ လွှတ်လိုက်လို့ ဖြစ်မလား''

''စည်းကမ်းအရ တစ်ဒေါ်လာတောင်းတော့လည်း ခင်ဗျားသားက မပေး နိုင်ဘဲ ဖြစ်နေတယ်။ အဲဒီတော့ သူ့အတွက် ငွေတစ်ဒေါ်လာရဖို့ ကျွန်တော်တထဲ က စဉ်းစားရတာပေါ့။ သူ့ကို ကျောင်းဆင်းချိန်မှာ အလုပ်လုပ်ခိုင်းလိုက်တယ်၊ အလုပ် အတွက် သူ့ကို လုပ်ခပေးမယ်၊ ပြီးတော့ အလုပ်ကလည်း ကျွန်တော့်အတွက် လုပ်ပေးရမယ့် အလုပ်မဟုတ်ပါဘူး။ ကျောင်းအတွက် လုပ်ပေးရတာပါ''

''ခင်ဗျားပြောနေတာတွေကို ကျုပ်တော့ နားမလည်ဘူး၊ ကျုပ်ထင်တာ တော့ ခင်ဗျားသူ့ကို တုတ်ကောင်းကောင်းနဲ့ရိုက်ပြီး ဆုံးမရင် ရတာပဲ ·· ဗျာ''

''ဒေ့ဗ်က ငယ်တော့တဲ့အရွယ် မဟုတ်ဘူး မစ္စတာဆက်စ်တန်။ ရိုက်ပြီး ဆုံးမရခဲ့အရွယ် မဟုတ်တော့ဘူး၊ သူ့ကိုကြည့်ပါဦး အရွယ်က လူကြီးတစ်ယောက် လောက်ဖြစ်နေပြီ''

''ကျုပ်ကတော့ ခင်ဗျားပြောတဲ့စကားကို လက်မခံနိုင်ဘူး ·· ဗျာ၊ ဒီကောင် ကို ရိုက်ပြီးဆုံးမလို့ ကောင်းတဲ့အရွယ်ပဲ ရှိသေးတယ်'' ဟု အဖေက ပြောသည်။ ''ကျောင်းသားတွေကို ကျုပ်ကတော့ အသက်နှစ်ဆယ့်တစ်နှစ် မကျော်မချင်း ရိုက်နေရမှာပဲ။ ဘာပဲဖြစ်ဖြစ်လေ ·· ဗျာ။ ဒီကိစ္စမှာ ခင်ဗျားလုပ်တာ မတရား ဘူးလို့ပဲထင်တယ်။ ဟို ·· ကျောင်းသားတွေကျတော့ ငွေပေးနိုင်တာနဲ့ ပြန်လွှတ် လိုက်တယ်။ ကျုပ်သားကျတော့ တစ်ဒေါ်လာမပေးနိုင်လို့ ကျောင်းမဆင်းရဘူး တဲ့''

''ပြီးတော့ ·· ကျုပ်မသိလို့မေးစမ်းပါရစေဦး၊ ပုတ်သင်ညိုက ခင်ဗျားတို့ အဆက်တန်းကျောင်းအတွက် ဘာများ အသုံးဝင်မှာမို့လဲ ·· ဒါလဲပဲ တော်တော် ရူးတဲ့ ကိစ္စပဲ။ ကျုပ်ဖြင့် အထက်တန်းကျောင်းနဲ့ ပုတ်သင်ညိုကိုတွဲပြီး စဉ်းစား လို့မရပေါင်ဗျာ''

အဖေသည် စကားအဆုံးတွင် သူချထားသည့် ခြောက်လုံးပြူးကို ကောက် ၍ ခေါင်းထဲပြန်ထည့်သည်။ ဆရာဟားဘတ်သည် အဖေ့အား ငြင်သာသော လေသံ ဖြင့် ထပ်၍ ရှင်းပြနေသည်။ အဖေ့မျက်နှာထားသည် တင်းမာနေရာမှ အနည်းငယ် ပျော့ပြောင်းလာသည်။ အဖေသည် ကျောင်းထဲသို့ တစ်ခေါက်မှ မရောက်ဖူးသူ ဖြစ်၏။ ယခုအကြိမ်သည် သူ ပထမဆုံးအကြိမ် ကျောင်းထဲရောက်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့က မြွေတွေ၊ ဖားတွေ၊ ပန်းပွင့်တွေ၊ လိပ်ပြာတွေနဲ့ ပုတ်သင်ညိုတွေသာ လိုက်ဖမ်းတာမဟုတ်ဘူး"ဟု ဆရာဟားဘတ်က ရှင်းပြသည်။ "အပူပေးဖောက်စက်ထဲထည့်ဖို့ မြက်ခြောက်တွေလည်းရှာပြီး စုဆောင်းရပါသေးတယ်။ ပြီးတော့ သေးသေးမွှန်မွှန် ပိုးမွှားကလေးတွေကို စက်ထဲထည့်ပြီး မွေးရသေးတယ်"

"အဲဒါတွေကို ဘာ့ကြောင့် လုပ်နေရတာလဲ။ ကျုပ်တော့ လုံးဝနားမလည်ဘူး"ဟု အဖေက မျက်နှာကို ရှုံ့မဲ့ပြီး ပြောသည်။ "အပူပေးစက်ဆိုတာ ကြက်ဥတွေ ဖောက်ဖို့စက်ပဲ .. ခင်ဗျားပြောနေတဲ့ အကောင်တွေ မွေးဖို့မှ မဟုတ်တာ"

"ခင်ဗျား ရောဂါပိုးဆိုတာ ကြားဖူးတယ်မဟုတ်လား။ မစ္စတာ ဆက်တန်"ဟု ဆရာဟားဘတ်က မေးသည်။

"ကျုပ်ကို လပ်စတာလို့ပဲ ခေါ်စေချင်ပါတယ်ဗျာ"

"ကောင်းပါပြီ .. လပ်စတာ၊ ခင်ဗျားရောဂါပိုးဆိုတာ ကြားဖူးတယ်မဟုတ်လား"

"အင်း .. ကြားဖူးတယ်။ ဒါပေမယ့် ရောဂါပိုးဆိုတာကို ကျုပ်မယုံကြည်ဘူး"ဟု အဖေက ပြောသည်။ "ကျုပ်အသက် ခြောက်ဆယ့်ငါးနှစ်ရှိပြီ ရောဂါပိုးဆိုတာ တစ်ခါမှ မမြင်ဖူးသေးဘူး"

"ခင်ဗျားရဲ့ သာမန်မျက်စိနဲ့ ကြည့်လို့မမြင်နိုင်ဘူး"ဟု ဆရာဟားဘတ်က ပြောသည်။ "ခင်ဗျားသေနတ်ကို အိတ်ထဲမှာ အေးအေးဆေးဆေး ထည့်ထားပြီး ဒီနေ့တစ်ရက်တော့ ကျောင်းထဲမှာ ကျွန်တော်နဲ့ နေစေချင်တယ်။ ကျွန်တော် ခင်ဗျားကို ပြချင်တာလေးတွေ အနည်းအကျဉ်း ရှိနေလို့ပါ။ ခင်ဗျားရဲ့ သွားတွေထဲမှာဆိုရင် ပိုးဟာ ရှိနေတာပဲ"

"ဘာ .. ဗျ၊ ကျုပ်သွားတွေထဲမှာ ရောဂါပိုးရှိနေတယ် .. ဟုတ်လား"

"ဟုတ်တယ်လေ ရှိတာပေါ့"

ဟု ဆရာဟားဘတ်က ပြောသည်။ "ကျွန်တော်တို့အသက်ရှင်နေတဲ့ မြွေတစ်ကောင်ကို ခွဲစိတ်ကြည့်တဲ့အခါမှာ တွေ့ရတဲ့ ပိုးနဲ့ အမျိုးအစားတူတဲ့ ပိုးတွေကို တွေ့နိုင်တယ်"

"ကျုပ်က အတိုက်အခံလုပ်ပြီး ခင်ဗျားနဲ့ ငြင်းနေတာတော့ မဟုတ်ဘူးဗျ .. နော်။ ဒါပေမယ့် ခင်ဗျားပြောတာကို ကျုပ်မယုံဘူး။ ကျုပ်သွားတွေထဲမှာ ပိုးရှိတယ်ဆိုတာလည်း ကျုပ်ကတော့ မယုံဘူး"



"အေးပါလေ .. ဒီနေ့တော့ ကျွန်တော်နဲ့နေပါ။ တစ်ကျောင်းလုံးကိုလည်း လိုက်ပြချင်သေးတယ်။ တောင်ကုန်းဒေသက ကျောင်းတွေအားလုံးဟာ ခင်ဗျားတို့ ကျောင်းသားဘဝကခေတ်နဲ့ မတူတော့ဘူး။ အများကြီး ပြောင်းသွားပြီ။ ဒီနေ့အချိန်မှာ ခင်ဗျားတို့ခေတ်က ကျောင်းမျိုးတွေ လုံးဝမရှိတော့ဘူး လပ်စတာ"

"အင်း .. ကျုပ်တို့ခေတ်တုန်းကတော့ စာဖတ်ရတယ်၊ ရေးရတယ်၊ အတွက်အချက် တွက်ရတယ်။ အခု ခင်ဗျားပြောတဲ့ အကောင်ဘလောင်တွေ မွေးရတာတို့ ဘာတို့ဆိုတာ ကြားတောင် မကြားဘူးဖူး။ ဖားတွေအကြောင်း သင်ရတာတို့ဆိုတာ ရှိကိုမရှိတာ။ အင်း .. ခင်ဗျားပြောသလိုဆိုရင် .. ကမ္ဘာကြီးဟာ တော်တော်ပြောင်းလဲလာတဲ့သဘောပဲ"

"ဟုတ်တယ် .. လပ်စတာ၊ ပြောင်းသွားပြီ" ဟု ဆရာဟားဘတ်က ပြောသည်။ "ဒီပြောင်းလဲမှုဟာ ပိုပြီး ကောင်းလာဖို့ပဲရှိတယ်လို့ ကျွန်တော်တို့ မျှော်လင့်ရမှာပဲ။ အခု ခင်ဗျားသားလို လူငယ်ကလေးတွေကပဲ ဒီအပြောင်းအလဲကို ဆက်ပြီး တိုးတက်ဖွံ့ဖြိုးလာအောင် ကူညီရမှာ ခင်ဗျားရဲ့သား ဒေ့ဗ်ဆိုရင် အခု ကျွန်တော် ပြောပြခဲ့တဲ့ အကြောင်းတွေကို သူကောင်းကောင်း သိနေပြီ။ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ကျွန်တော်နဲ့ နေကြည့်ပါ"

"နေမယ်လေ .. နေရမှာပေါ့" ဟု အဖေက ပြန်ပြောသည်။ "ကျုပ်ရဲ့ သွားပေါ်က ပိုးတွေကိုလည်း ကျုပ်မြင်ချင်တယ်၊ ရောဂါပိုးတစ်ကောင်လောက် မြင်ရလဲ နည်းတာမှ မဟုတ်ဘဲ၊ ကျုပ်တစ်သက်မှာ တစ်ကောင်မှကို မမြင်ခဲ့ဖူးဘူး။ မျက်မြင်ကိုယ်တွေ့ဆိုရင် ယုံရမှာပေါ့ ကျုပ်အဖေက ပြောဖူးတယ်။ "မျက်စိနဲ့မြင်ရင်ယုံတော့" တဲ့။

အဖေသည် ဆရာဟားဘတ်နှင့်အတူ ရုံးခန်းထဲမှ ပြန်ထွက်သွားသည်။ အဖေသည် အငြင်းအခုံ တစ်ခုဖြစ်လာလျှင် သေနတ်နှင့် ရှင်းတတ်သူဖြစ်၏။ အခု တစ်ကြိမ်တွင် သူ့သေနတ်ကြောင့် အဖေအား ရဲက မဖမ်းပါစေနှင့်ဟု ကျွန်တော် ဆုတောင်းနေရပါသည်။

ကျောင်းတက်ခေါင်းလောင်းထိုးသံ ထွက်ပေါ်လာသည်။ ကျောင်းသားများသည် စာသင်ခန်းများဆီသို့ အလုအယက်သွားနေကြသည်။ သူတို့သည် အဖေ့အား အထူးအဆန်းတစ်ခုသဖွယ် ကြည့်သွားကြသည်။ အဖေကလည်း သူ့ရှေ့မှ တိုးဝှေ့ဖြတ်သန်းသွားနေကြသော ကျောင်းသူ၊ ကျောင်းသားများကို ရပ်ကြည့်နေသည်။ မိန်းကလေး၊ ယောကျ်ားလေးများပါအားလုံး သပ်ရပ်သန့်ရှင်းစွာ ဝတ်ဆင်ထား

www.burmeseclassic.com

www.burmeseclassic.com



ကြသည်ကို သူသတိပြုမိနေဟန် တူပါသည်။

သိုးရေကုတ်အင်္ကျီကြီးကိုဝတ်၍ တောစီး ရှူးဖိနပ်ရှည်ကြီးများကိုစီးထား အနက်ရောင် ဦးထုပ်အဝိုင်းကြီး ဆောင်းထားသည့် တုတ်တုတ်ခိုင်ခိုင် ထောင်ထောင်မောင်းမောင်း လူကြီးတစ်ယောက်သည် ကျောင်းသား ကျောင်းသူများအတွက် အမြင်ဆန်းနေဟန် ရှိပါသည်။

ကျွန်တော်စာသင်ခန်းထဲ ဝင်ချိန်တွင် အဖေနှင့်ဆရာဟားဘတ်တို့သည် ကျောင်းထဲတွင် လှည့်လည်ကြည့်ရှုနေကြသည်။ သူတို့နှစ်ယောက် စာသင်ခန်းထဲသို့ ဝင်လာချိန်တွင်မှ ကျွန်တော်တို့ အတန်းထဲတွင် ဂျော်မက်ထရီ ဘာသာရပ်ကို သင်ကြားနေသည်။ သူတို့သည် အသံမကြားအောင် ငြိမ်ငြိမ် တိတ်တိတ်ကလေး ဝင်လာပြီး နောက်တန်းတွင် ဝင်ထိုင်နေကြသည်။

"အဲဒီ အဖိုးကြီးက ဘယ်သူလဲကွ၊ လက်ဖဝါးကြီးတွေက ကြီးလိုက်တာအလွန်ပဲ။ ပုံဆိုးပတ်ဆိုးနဲ့ အတော့်ကို ကြမ်းတမ်းမဲ့ပုံကြီးပဲ"

အတန်းသားတစ်ဦးဖြစ်သော ဖရက်ဂတ်က ကလင်းအမ်းစထရောင်းအား တီးတိုးမေးလိုက်သည့်အသံကို ကျွန်တော်ကြားရသည်။ ကလင်းကလည်း လေသံဖြင့် ပြန်ဖြေသည်။

"ငါတော့ ဒေ့ဗ်ရဲ့ အဖေကြီးလို့ ထင်တာပဲကွ"

အတန်းထဲမှ ကျောင်းသားများသည် အဖေ့အား ဝိုင်းကြည့်နေကြသည်။ ဒီလူကြီးက စာသင်ခန်းထဲလာပြီး ဘာလာလုပ်တာလဲဟု တွေးနေကြဟန် တူပါသည်။ စာသင်ချိန်မပြီးခင်မှာပင် အဖေနှင့် ဆရာဟားဘတ်သည် ပြန်ထွက်သွားသည်။ သူတို့နှစ်ယောက် ကစားကွင်းထဲမှ ဖြတ်သွားနေကြသည်ကို မြင်ရပါသည်။ ဆရာဟားဘတ်သည် အဖေ့အား ဘာတွေ ရှင်းပြသွားနေသည်ကို မသိပါ။

နေ့ခင်းပိုင်း မွန်းတည့်ချိန်တွင် ကျောင်းစားသောက်ဆိုင်ထဲ၌ အတူတူထိုင်၍ နေ့လည်စာ စားနေကြသော အဖေနှင့် ဆရာဟားဘတ်တို့ကို မြင်ရသည်။ ကျောင်းသားများသည် အဖေစားပုံသောက်ပုံကို စိတ်ဝင်တစား ကြည့်နေကြသည်။ အဖေသည် တခြားလူတွေလို ခက်ရင်းနှင့် မစားပါ။ ဓားနှင့် ထိုးကော်ပြီးစားသည်။ ကျွန်တော့်အဖေမှန်း သိသွားကြသည့်အခါ သူတို့သည် ကျွန်တော့်အတွက် စိတ်မကောင်း ဖြစ်နေကြသည်။

သူတို့အနေဖြင့် ကျွန်တော့်အတွက် စိတ်မကောင်းစရာ အကြောင်းမရှိဟု ထင်ပါသည်။ အဖေ့ကြောင့် ကျွန်တော့်တွင် ရှက်စိတ်မဝင်ပါ။ သူ့သေနတ်နှင့်



ဆရာဟားဘတ်အား မပစ်သည့်အချိန်မှစ၍ ကျွန်တော်သည် ရှက်စရာ အကြောင်းရှာမတွေ့တော့ပါ။ အဖေသည် ကျွန်တော်တို့ အထက်တန်းကျောင်း၏ အကြောင်းကို လေ့လာနေသည် မဟုတ်ပါလော။

မွန်းလွဲပိုင်း ရောက်၍ ဇီဝဗေဒဘာသာ သင်ကြားနေချိန်တွင် အဖေသည် စာသင်ခန်းထဲ၌ ရှိနေသည်။ သူသည် မိုက်ခရိုစကုပ် တစ်ခု၏ဘေးရှိ ခုံတန်းအမြင့်ကြီးတစ်လုံးပေါ်၌ အကျအနထိုင်နေသည်။ ကျွန်တော်တို့သည် သင်စရာရှိသည်များက ခါတိုင်းလိုပင် သင်ယူလျက် ရှိကြ၏။

အဖေသည် သူ့ဓားဖြင့် သွားတစ်ချောင်းပေါ်မှ ကျီးပေါင်းတက်နေသော ရိုးများကို ခွာချပေးသည်။ ဆရာဟားဘတ်က မှန်သားပြင်ပေါ်၌တင်ကာ မိုက်ခရိုစကုပ်ကို အဖေကြည့်နိုင်အောင် ပြုပြင်ပေးသည်။ ထို့နောက် .. "ထဲ လပ်စတာ ကြည့်ပေတော့၊ မျက်စိတစ်ဖက်ကို မှန်ပေါ်မှာအပ်၊ တစ်ဖက်ကို မှိတ်ထားပြီးကြည့်" ဟု အဖေ့အားပြောသည်။

အဖေသည် သူ့ခေါင်းကိုငုံ့၍ ဆရာဟားဘတ်ခိုင်းသည့်အတိုင်း ကြည့်သည်။ "ဟော .. ဟော တွေ့ပြီ။ ကျုပ် သူတို့ကိုမြင်ပြီ" ဟု အဖေက ရေရွတ်သည်။ "တကယ်ပါလား.. ကြည့်စမ်း၊ ဒီသတ္တဝါတွေက တကယ်ရှိတာပါလား။ အံ့ဩစရာ .. ခင်ဗျားပြောတာ မှန်တယ် ဆရာဟားဘတ် .. ရေ့"

"ဟုတ်တယ် .. လပ်စတာ ဒီသတ္တဝါတွေက တကယ့်ကိုရှိတာ"ဟု ဆရာဟားဘတ်က ပြောသည်။ "အခု ခင်ဗျားမြင်နေရတာဟာ ပိုးပဲ၊ သူတို့ဟာမွှားဟာ ကျွန်တော်တို့ ခင်ဗျားတို့ရဲ့ သာမန်မျက်လုံးတွေနဲ့ မမြင်နိုင်တဲ့ နေရာပဲ။ ဒါကြောင့် မိုက်ခရိုစကုပ်ကိုသုံးပြီး ကြည့်ကြရတယ်။ ကျွန်တော်တို့ ခန္ဓာကိုယ်ထဲမှာ ဒီပိုးတွေဟာ သန်းနဲ့ချီပြီး ရှိနေကြတာ။ တချို့က အန္တရာယ်ပြုပေမယ့် တချို့ကတော့ အကူညီနေကြတာပါ"

အဖေသည် မိုက်ခရိုစကုပ်ပေါ် မျက်နှာအပ်ကာ စေ့စေ့စပ်စပ် ကြည့်နေသည်။ ကျွန်တော်တို့ကျောင်းသားအုပ်စုကလည်း အဖေ့အား စိတ်ဝင်တစား လှမ်းကြည့်နေကြသည်။ အဖေသည် သူကြည့်နေသည့်အရာဝတ္ထုပေါ်တွင် များဗွာ အာရုံထားလျက် ရှိသဖြင့် သုံ့ဒူးများသည် စားပွဲကို တအားကပ်ပြီး ဖိထားသည်။ သူရှေ့သို့ ကုန်းလိုက်သည့်အတွက် ခါး၌ ထိုးထားသော ခြောက်လုံးပြူးသည် အထင်းသား ပေါ်လာသည်။ ဆရာဟားဘတ်သည် အဖေ့ကုတ်အင်္ကျီစကို တကြာ တရာဆွဲချကာ သေနတ်ကို ဖုံးပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုး .. ဟုတ်သားပဲ"ဟု အဖေက ရေရွတ်ကာ သူ့ကုတ်အင်္ကျီစကို ဆွဲချသည်။ သူ့မျက်နှာသည် နီမြန်းလျက်ရှိ၏။ ကျောင်းတွင်သုံးဖို့ မလိုသော သေနတ်ကို သူ့ခါးတွင် ထိုးလာမိသည့်အတွက် ကသိကအောင့် ဖြစ်နေပုံရပါသည်။

"မနေ့က ကျွန်တော်တို့ ဖမ်းလာခဲ့တဲ့ မြွေနက်တစ်ကောင်ကို မေ့အေးပေးပြီး ခွဲပြမယ်။ သူ့ကိုယ်ထဲမှာလည်း ပိုးတွေ အများကြီးရှိတာပဲ။ ကျွန်တော် ခင်ဗျားကို ပြရဦးမယ်"ဟု ဆရာဟားဘတ်က ပြောပါသည်။

"ဟာ .. မပြနဲ့တော့" ဟု အဖေကငြင်းသည်။ "ခင်ဗျားပြောပြတာတွေကို ကျုပ်ယုံသွားပြီ။ ကျုပ်ကြောင့် မြွေနက်တစ်ကောင်သေသွားတာကို မကြည့်ချင်ဘူး၊ မြွေနက်တွေက လူကိုလည်း အန္တရာယ်မပေးဘူး၊ ကျုပ်တို့ယာလုပ်ငန်းမှာလည်း အကူအညီသိပ်ရတယ်။ မြွေနက်ဆိုရင် ကျုပ်ဘယ်တော့မှ မသတ်ဘူး။ တခြားလူတွေသတ်နေရင်လည်း ကျုပ်မုန်းတယ်။ ကျုပ်ရဲ့ ယာခြံထဲမှာဆိုရင် မြွေနက်တွေကို သတ်ခွင့်မပေးဘူး"

ကျောင်းသားများသည် အဖေ့အား ဝိုင်းကြည့်နေကြသည်။ အဖေ့စကားကို သူတို့အားလုံး သဘောကျသည့် လက္ခဏာရှိသည်။ အဖေသည် သူ့ခါးတွင် ခြောက်လုံးပြူး ချိတ်ထားသော်လည်း နှလုံးသားကျတော့ နူးညံ့သိမ်မွေ့ကြောင်း ပြသသည့်စကားဟု ယူဆကြပုံပေါ်သည်။ အမှန်တကယ်လည်း အဖေသည် မြွေနက်များကို သနားတတ်သည်။ အိမ်မှာရှိသည့် လားများနှင့် နွားများကို ဘယ်တော့မှ ရိုက်လေ့မရှိ။

"လူဆိုတာက သူ့ကိုယ်သူ ကာကွယ်နိုင်တယ် .. ဗျ"ဟု အဖေက ပြောသည်။ "နွားတွေနဲ့ လားတွေကျတော့ သူတို့ကိုယ်သူတို့ မကာကွယ်နိုင်ကြဘူး။ ကျုပ်တို့လူတွေက သနားမှ သူတို့ခမျာမှာ သက်သာကြရတာ။ ဝန်တင်ထားတဲ့လားကို မတရားရိုက်နေတဲ့ အကောင်ဟာ မုန်းစရာအကောင်းဆုံးပဲ။ သူ့မှာ အဲသလို မတရားလုပ်ပိုင်ခွင့်မရှိဘူး .. ဗျ"

ဆရာဟားဘတ်သည် အဖေ့အားခေါ်၍ လက်တွေ့ဓာတ်ခွဲခန်းထဲမှ ပစ္စည်းကိရိယာများကို တစ်ခုချင်းစီ လိုက်ပြသည်။ ပါးစပ်မှလည်း အဖေနားလည်သွားအောင် ရှင်းလင်းပြောပြသည်။ သူတို့သည် အခန်းထဲ၌ရပ်၍ စကားလက်ဆုံကျနေကြသည်။ ထို့နောက်တော့ အခန်းထဲမှ ထွက်သွားကြသည်။ အပြင်ဘက် ခန်းမထဲရောက်သွားသည့်အခါ သူတို့၏ စကားပြောသံများသည် ပို၍ ကျယ်လောင်



လာပါသည်။

ဇီဝဗေဒဘာသာရပ် ပို့ချအပြီးတွင် ကျွန်တော်သည် အခန်းထဲမှ ထွက်လာခဲ့သည်။ ဇီဝဗေဒသာသာသည် ဤတစ်နေ့အတွက် သင်ကြားကြရသည့် နောက်ဆုံးဘာသာရပ်ဖြစ်၏။ ကျွန်တော့်အနေဖြင့် ငွေတစ်ဒေါ်လာရဖို့အတွက် ကျောင်းခန်းများကို တံမြက်စည်းလှဲရပေဦးတော့မည်။ အဖေက ကျွန်တော့်အား စောင့်မှာပါမလားဟု သံသယဝင်နေသည်။

အဖေသည် စာခန်းမထဲ၌ရပ်ကာ စာသင်ခန်းမများထဲမှ ထွက်လာနေကြသည့် ကျောင်းသား၊ ကျောင်းသူများကို ကြည့်နေသည်။ သူ့စိတ်သည် ကျွန်တော်တို့အပေါ်၌ နစ်ဝင်နေဟန် ရှိပါသည်။ သူသည် ရွက်သစ်များဝေနေသည့် သစ်ဝင်တစ်ဝင်ထိပ်မှ ညိုရောင်သန်းနေသည့် သစ်ရွက်ခြောက်တစ်ရွက်နှင့် တူနေပါသည်။

ကျွန်တော်သည် တံမြက်စည်းကိုယူ၍ အမှိုက်စလှဲသည်။ ဆရာဟားဘတ်သည် ကျွန်တော့်ထံလျှောက်လာပြီး "ဒီအလုပ်ကို နောက်မှပဲလုပ်တော့။ ဆရာသင့်တော်မဲ့ အချိန်တစ်ချိန် သတ်မှတ်ပေးမယ်၊ အခုတော့ မင်းအဖေနဲ့ ပြန်လိုက်သွား၊ အပြင်မှာ မင့်အဖေ စောင့်နေတယ်"

ကျွန်တော်သည် တံမြက်စည်းကိုချ၍ စာအုပ်များကို ကောက်မွေ့ကာ လှေခါးမှဆင်းလာခဲ့သည်။

"မင်း နှစ်နာရီတိတိ တံမြက်စည်းလှဲပေးရဦးမယ် မဟုတ်လား"ဟု အဖေက ဆီး၍ မေးသည်။

"ဆရာဟားဘတ်က ပြောတယ်၊ နောက်မှ လုပ်တော့ .. တဲ့။ အခုတော့ အဖေနဲ့တူတူ ပြန်သွားတော့ .. တဲ့"

"ဟော .. ဘယ်ဟုတ်မလဲ"ဟု အဖေက ပြောသည်။ "မင်းက သူခိုင်းထားတဲ့အတိုင်း လုပ်ပေးရမှာပေါ့။ မင်းတို့ကျောင်းက အဖေတို့ခေတ်တုန်းက မဟုတ်တော့ဘူး၊ အတော်ကြီးကို ပြောင်းသွားပြီပဲ။ အခုအခါမှာတော့ အဖေက သစ်ရွက်ခြောက်တစ်ရွက် ဖြစ်သွားပြီ ဒေ့ဗ်ရဲ့။ ငါက မင်းတို့နောက်မှာ ကျန်ရစ်ခဲ့ပြီ။ ငါဟာ ဒီကျောင်းက ကျောင်းသားလည်းမဟုတ်တော့ဘူး"

"အေး .. အေး ... မင့်ဆရာက ငါ့ကို ခွင့်ပြုမယ်ဆိုရင်တော့ ငါတို့သားအဖ အတူတူ တံမြက်စည်းလှဲပေးရမှာပဲ။ ဒါဆိုရင် တစ်နာရီနဲ့ ပြတ်သွားမယ်။ အဲသလိုဆိုရင် မင်းပေးရမဲ့ ငွေကို ပေးနိုင်မယ်၊ မဟုတ်ဖူးလား။ ငါက မင်းတို့ရှုညီတဲ့သဘောပေါ့ .. ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဖက်က ဒေ့ဗ်ပေးရမဲ့ငွေကို လျှော့ပစ်လို့ရပါတယ်"ဟု ဆရာဟားဘတ်က ပြောသည်။ "ကျွန်တော်က ခင်ဗျားကို နားလည်စေချင်တဲ့ဆန္ဒပဲ ရှိပါတယ်"

"ကျုပ် .. နားလည်သွားပြီ .. လေဗျာ"ဟု အဖေကပြောသည်။ "အခု ကျုပ်နားလည်သွားတဲ့အတွက် ဒေ့ဗ်အနေနဲ့ သစ်ပင်အတွက် လျော်ကြေးပေးရမှာပေါ့။ အဲဒီလျော်ကြေးပေးဖို့ ကျုပ်က ပါဝင်ပြီး ကူညီတဲ့သဘောပါဗျာ"

"ဟာ .. မလုပ်ပါနဲ့၊ ဒါက ကျွန်တော့်အပေါ် တည်နေတာပါ"

"အဲသလိုတော့လည်း မဟုတ်သေးဘူးလေ၊ ကျုပ်တို့ဟာ ရိုးသားဖြောင့်မတ်ပြီး တရားမျှတမှုကို ကြိုက်တဲ့လူတွေပါ။ အခုကိစ္စမှာတော့ ခင်ဗျား အယူအဆမှားပြီး ကျွန်တော်က မှန်နေပြီ။ ဒီတစ်ခါတော့ ကျုပ်ပြောတာကို ခင်ဗျားနားထောင်ရတော့မယ် အလှည့်ပဲ ဆရာဟားဘတ်"

"ခင်ဗျားဆီက သင်ခန်းစာတွေ ကျုပ် .. သင်ခဲ့ရပြီးပြီ။ ကျုပ်သားဟာ ရှေ့ခရီးကို ဆက်ရမှာပဲ၊ ကမ္ဘာကြီးက ကျုပ်ကို နောက်မှာ ထားခဲ့ပြီ .. ဗျာ ကျုပ်ရဲ့ မိသားစုကို လုပ်ကိုင်ကျွေးမွေးဖို့ တောင်ကုန်းပေါ်က ယာမြေတွေကို ထွန်ယက်စိုက်ပျိုးနေတုန်းမှာ ကမ္ဘာကြီးဟာ အများကြီးကို ပြောင်းလဲသွားတာပဲ"

"ကျုပ်ဟာ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေတဲ့လူပါ။ ကျုပ်ဆာကြွေးရှိလာရင် ပြန်ဆပ်ရမှ ကျေနပ်တာ။ ကျုပ်ဘဝမှာ အဲသလိုပဲ သင်ယူခဲ့ရတာ၊ ကျုပ်က ပညာတော့ သိပ်မတတ်ဘူး ပေါ့ဗျာ။ ဒါပေမယ့် လက်တွေ့ လုပ်ရင်းကိုင်ရင်းနဲ့ အမှားအမှန်ကို မြင်လာ သိလာရတဲ့လူပါ"

ဆရာဟားဘတ်သည် အိမ်ပြန်သွားသည်။ အဖေနှင့် ကျွန်တော်သည် တစ်နာရီကြာမျှ တံမြက်စည်းလှဲနေကြသည်။ အဖေသည် အိမ်တွင် တံမြက်စည်းကို ယောင်၍ပင် ကိုင်သူမဟုတ်ပါ။ သူသည် အိမ်၌ရှိနေသော အလုပ်ကြမ်းဟူသမျှကို တစ်ဦးတည်း ဒိုင်ခံလုပ်သူဖြစ်၍ အမေကသာ ပေါ့ပါးသော သန့်ရှင်းရေးအလုပ်များကို လုပ်သည်။

ကျွန်တော့်အဖို့ တံမြက်စည်းလှဲနေရသည်မှာ အလွန်လွယ်ကူ သက်သာနေသော်လည်း အဖေ့အတွက်တော့ ခက်ခဲ ပင်ပန်းသည့် အလုပ်တစ်ခုဖြစ်နေသည်။ သူ့အဖို့ တံမြက်စည်းသည် အလွန်ပေါ့ပါးလွန်းသော ပစ္စည်းတစ်ခု ဖြစ်နေသဖြင့် ကိုင်ရတွယ်ရ ခက်နေသည်။

"ငါ .. တံမြက်စည်း မလှဲတတ်ဘူးဟေ့"ဟု အဖေကပြောသည်။



"ကိုင်ရတာ ပေါ့လွန်းတော့ မကိုင်တတ်ဘူးပေါ့လကွယ်၊ အေးလေ တတ်နိုင်သမျှ အကောင်းဆုံးဖြစ်သွားအောင်တော့ လုပ်ရမှာပဲ။ အေးကွယ် .. ငါက ကျောင်းအပေါ်မှာ အထင်မှား အမြင်မှား ဖြစ်သွားတယ်"

"ကျောင်းထဲကို ပစ္စတိုယူလာတဲ့အတွက် ဆရာဟားဘတ်က အဖေ့ကို တရားစွဲနိုင်တယ် အဖေ"ဟု ကျွန်တော်က ပြောသည်။

"အေး .. အဲဒါလည်း အဆင်ပြေသွားပါပြီ .. ကွာ"ဟု အဖေက ပြန်ပြောသည်။ "မင့်ဆရာ ဟားဘတ်က ငါ့ကို တရားမစွဲပါဘူး .. " သူက ငါ့တို့ တော်တော်ခင်သွားတယ်ကွ .. သိလား။ ငါဟာ တောင်ကုန်းဒေသမှာ အလွန်တော်တဲ့ ယာသမားတစ်ယောက်ပါ။ ဘယ်လိုအလုပ်ကြမ်းမျိုးကိုမဆို လုပ်နိုင်တဲ့ကောင်ပါ။ ဒါပေမယ့် .. ကွာ၊ ငါက ခေတ်နောက်ကျသွားပြီ။ ငါက လူစဉ်မမီတဲ့ လေက်မလေး ဖြစ်သွားပြီ"

"မင်းရဲ့ လက်တွေက ငါ့လက်တွေထက်ပိုပြီး နူးညံ့လာတော့မယ်။ မင့်အဝတ်အစားတွေက ငါ့အဝတ်အစားတွေထက် ပိုပြီး ကောင်းလာတော့မယ်၊ မင်းက ငါ့ထက်ပိုပြီး သန့်သန့်ရှင်းရှင်း နေတတ်တော့မယ်"

"တစ်ခုတော့ရှိတယ်ဒေ့ဗ်။ အခုငါပြောတဲ့စကားကို အမြဲသတိရပါ။ မင့်မှာ ဆပ်စရာကြွေးရှိရင် ဆပ်ပါ။ ရိုးသားပါ၊ ဖြောင့်မတ်ပါ၊ တိရစ္ဆာန်တွေအပေါ်မှာ သနားကြင်နာပါ"

ကျွန်တော်တို့သားအဖ အိမ်ပြန်သည့်အခါ အချိန်အတော်ကလေး နောက်ကျသည်။ ကောင်းကင်ပြင်တွင် ကြယ်များသည် တလက်လက်၊ မြေပြင်ပေါ်တွင် ဆီးနှင်းများသည် ခဲနေကြပြီ။ အဖေသည် အလျင်စလိုမသွား၊ လမ်းကိုဖြည်းဖြည်းသာသာပင်လျှောက်သည်။ ကျွန်တော်တို့အိမ်ပြန်ရောက်ပြီး လုပ်စရာ အလုပ်များကို ပြီးစီးအောင် လုပ်ကိုင်ပြီး ညစာစားသည့်အခါ ညဆယ်နာရီထိုးနေပြီ။

အဖေသည် မီးဖိုရှေ့၌ထိုင်၍ မီးလှုံရင်း အမေ့အား သူ့အတွေ့အကြုံများကို ပြောပြနေသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အမေ့အား ခေါ်သွားပြီး မိုက်ခရိုစကုပ်နှင့် ပိုးမွှားများကြည့်နိုင်းမည်ဟုလည်းပြောသည်။ အမေသည် အဖေ့လိုပင် ပိုးတို့ မြင်ဖူးသူ မဟုတ်ပါ။ အဖေသည် အမေ့အား အထက်တန်းကျောင်း၏အကြောင်း ဆရာဟားဘတ်သည် အလွန်တော်သည့် ဆရာကောင်းတစ်ယောက်ဖြစ်ကြောင်း များကိုလည်း စေ့စေ့စပ်စပ် ရှင်းလင်းပြောပြနေသည်။ ပြီးတော့ .. တစ်ချိန်က တောင်ကုန်းဒေသ၌ တည်ရှိခဲ့ဖူးသည့် ကျောင်းနှင့် ယခုတွေ့ခဲ့ရသည့် ကျောင်းတို့

www.burmeseclassic.com

www.burmeseclassic.com



၌ ကွဲပြားခြားနားမှုကိုလည်း နှိုင်းယှဉ်ပြီး ပြောပြလျက်ရှိပါသည်။

SPLIT CHERRY TREE

JESSE STUART

❑

## စက်လှ

ပွဲစား ဟာဗေးမက်စ်ဝဲလ်၏ရုံး၌ အလုပ်လုပ်နေသော ပစ်ချားသည် သူ၏ရင်တွင်းခံစားချက်များကို မျက်နှာနှင့် ဖော်ပြတတ်သူ တစ်ဦးမဟုတ်ပေ။ သူ့မျက်နှာသည် အမြဲတစေ မျက်နှာသေဖြစ်၏။ သို့သော်လည်း ယနေ့ နံနက်တွင်မူ သူ့မျက်နှာသည် မစ္စတာမက်စ်ဝဲလ်တစ်ယောက် ရုံးခန်းထဲဝင်လာသည့်အခါ စိတ်ဝင်စားခြင်းနှင့် အံ့သြခြင်းတည်းဟူသော ခံစားမှုနှစ်ခုကို ဖော်ပြလျက်ရှိ၏။ အချိန်မှာ နံနက် ကိုးနာရီခွဲဖြစ်၍ မစ္စတာမက်စ်ဝဲလ်သည် သူ့အတွင်းရေးမှူးမကလေးနှင့်အတူတွဲ၍ ဆိုက်ရောက်လာခြင်း ဖြစ်လေသည်။

"မင်္ဂလာနံနက်ခင်းပါ ပစ်ချား"

မစ္စတာမက်စ်ဝဲလ် သည် ပစ်ချားအား လှည့်မကြည့်ဘဲ ကသောကမြောနှုတ်ဆက်ကာ သူ့စားပွဲဆီသို့ ရေးကြီးသုတ်ပြာ လျှောက်သွားသည်။ သူ လျှောက်သွားပုံသည် စားပွဲပေါ်မှ ခုန်ကျော်သွားတော့မည့်ပုံစံမျိုးဖြစ်သည်။ ထို့နောက် သူသည် စားပွဲပေါ်မှ သူ့အား စောင့်မျှော်နေကြသည့် စာအမြောက်အများနှင့် အခြားလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်း အများအပြားကို စတင်ကြည့်ရှုသည်။

မစ္စတာမက်စ်ဝဲလ်ထံ၌ ဤအမျိုးသမီး အတွင်းရေးမှူး လုပ်လာခဲ့သည်မှာ တစ်နှစ်တိတိ ရှိခဲ့ပြီ။ ဤအမျိုးသမီးသည် မိန်းမချောတစ်ဦးဖြစ်၏။ ယခင်က လုပ်သွားခဲ့ဖူးကြသည့် အတွင်းရေးမှူး အမျိုးသမီးများနှင့်မတူ သိသိသာသာကြီး ခြားနားသည်။ သူ၏ ဆံပင်ပြင်ပုံနှင့် ထုံးပုံများသည် ရိုးရိုးကလေးနှင့်ယဉ်သည်။ ရွှေလက်ကောက်၊ ရွှေဆွဲကြိုး စသည့် လက်ဝတ်ရတနာ အဖိုးတန်ပစ္စည်းများကို

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဝ ဝတ်ဆင်ခြင်းမပြု။ ဂါဝန်၊ စကပ် စသည့် အဝတ်အစားများမှာလည်း အရောင်တောက်တောက်ပပများမဟုတ်၊ ညှိမှိုင်းမှိုင်းအရောင်များကိုသာ ဝတ်ဆင်လေ့ရှိသည်။ သို့သော်လည်း သူ့အဝတ်အစားများသည် ခေတ်မီသည်၊ သူ၏ လှပသော ကိုယ်လုံးကိုယ်ထည်နှင့် အံဝင်ခွင်ကျရှိသည်။

ယနေ့နံနက်တွင် သူ့အလှသည် ခါတိုင်းနေ့များထက် ပို၍ သိမ်မွေ့နူးညံ့နေသည်ဟု ယူဆရ၏။ သူ့မျက်လုံးအစုံသည် ကြည်လင်တောက်ပနေကြသော်လည်း စိတ်ကူးယဉ် အိပ်မက်ထဲ ရောက်နေသည့်နှယ် ရှိသည်။ သူ့မျက်နှာသည် ရထ်သွေးရောင်သန်းကာ နီမြန်းလျက်ရှိသော်လည်း ပျော်ရွှင်ကြည်နူးနေဟန် တော့ရှိ၏။

ပစ်ချားသည် အမျိုးသမီးအား မျက်ခြည်မပြတ် အကဲခတ်နေမိသည်။ အမျိုးသမီးနှင့် ပတ်သက်၍ သူ့စိတ်ထဲတွင် တွေးစရာ တစ်ခုက ရှိနေ၏။ အမျိုးသမီး၏ အနေအထားသည် ခါတိုင်းနေ့များနှင့်မတူ ယနေ့မနက်တွင် ထူးခြားမှုတစ်ခု ရှိနေသည်ဟု သူထင်မိသည်။ အမျိုးသမီးသည် သူ၏ အလုပ်ခန်းသို့ တန်းမသွားသေးဘဲ ရပ်နေသည်။ ပြီးတော့ အလုပ်ခန်းဆီသို့ သွားသင့် မသွားသင့် ချိန်ဆနေဟန်လည်း ပြသည်။ သူ့အနေဖြင့် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိသည့် လူတစ်ယောက်ပုံစံမျိုးဖြစ်၏။ တစ်ကြိမ်တွင် သူသည် အလုပ်ရှင် မစ္စတာမက်စ်ဝဲလ်၏ စားပွဲနားသို့ သွားရပ်ကာ သူ့စားပွဲအနီး၌ ရှိနေသည်ကို မက်စ်ဝဲ မြင်သာအောင် ကိုယ်ယောင်ပြလျက် ရှိလေသည်။

သို့သော်လည်း စားပွဲ၌ ထိုင်နေသည့်လူသည် လူသားတစ်ယောက် မဟုတ်တော့ပေ။ စက်ရုပ်တစ်ရုပ်အဖြစ်သို့ ရောက်ရှိနေပြီဖြစ်၏။ စားပွဲမှ စက်ရုပ်သည် နယူးယောက်မြို့တော်မှ အလွန်အလွန် အလုပ်များသော ပွဲစားတစ်ယောက် ဖြစ်သွားပြီမဟုတ်ပါလော။

"ဘာလဲ .. ဘာပြောစရာရှိလဲ" ဟု မက်စ်ဝဲလ်က သံပြတ်နှင့် မေးသည်။ စားပွဲပေါ်တွင်မူ စာရွက်များသည် ဆီးနှင်းများသဖွယ် စုပုံနေကြသည်။ မက်စ်ဝဲလ်သည် မှုံမှိုင်းမှိုင်း ရီဝေဝေ မျက်လုံးများဖြင့် အမျိုးသမီးအား ကြည့်နေသည်။ သူကြည့်ပုံသည် စက်ရုပ်တစ်ရုပ်က အခြားစက်ရုပ် တစ်ရုပ်အား ကြည့်နေသည်နှင့် တူသည်။

"ဘာမှ မရှိပါဘူး" ဟု အတွင်းရေးမှူး အမျိုးသမီးက ပြန်ဖြေကာ မပြုံးတပြုံး ပြုံးတုံ့တုံ့ မျက်နှာထားဖြင့် စားပွဲအနီးမှ ထွက်ခွာသွားသည်။ ထို့နောက်



ပစ်ချား၏အနီးသို့ ရောက်လာသည်။ "ဒီမယ် မစ္စတာ ပစ်ချား၊ အတွင်းရေးမှူးအသစ်တစ်ယောက်ထပ်ခန့်ဖို့ မနေ့က မစ္စတာမက်စ်ဝဲလ်က ရှင့်ကို ပြောပြီးပြီလား" ဟု မေးသည်။

"ပြောတယ် ..."ဟု ပစ်ချားက ပြန်ပြောသည်။ "အတွင်းရေးမှူးသစ်တစ်ယောက် ရှာပါလို့ ကျွန်တော့်ကို သူပြောထားတယ်။ ဒီမနက် လူတော်တော်များများ ရောက်လာလိမ့်မယ်လို့ ထင်တာပဲ။ ဒါပေမယ့် အခု ကိုးနာရီထိုးပြီးသွားပြီ။ တစ်ယောက်မှ ပေါ်မလာသေးဘူး"

"အတွင်းရေးမှူးအသစ်တစ်ယောက် မခန့်ရသေးခင်အထိတော့ ခါတိုင်းလိုပဲ ကျွန်မက တာဝန်ယူပြီး လုပ်ပေးမယ်"ဟု အမျိုးသမီးငယ်က ပြောသည်။ ပြီးတော့ သူ့စားပွဲသို့သွား၍ထိုင်ကာ ခေါင်းမှ ငှက်တောင်ကလေးကို စိုက်ထားသည့် ဦးထုပ်ကို ချွတ်ပစ်ပြီး အနီးမှ ချိတ်တစ်ခုတွင် လှမ်းချိတ်လိုက်သည်။

အလွန်အလုပ်များသော နေ့တစ်နေ့တွင် အလွန်အလုပ်ရှုပ်နေသော နယူးယောက်မြို့တော်မှ ပွဲစားတစ်ယောက်ကို မမြင်ဘူး မတွေ့ဘူးသူသည် အလုပ်ခွင်မှ အလုပ်လုပ်နေသူများအကြောင်းကို သိနားလည်ပြီဟု မဆိုနိုင်ပေ။ ထိုနေ့မျိုးတွင် ပွဲစားတစ်ယောက်၏ နာရီပိုင်းထဲမှ မိနစ်တိုင်းသည် အလုပ်ဖြင့် ပြည့်ကျပ်နေသည်။

ယနေ့သည် ဟာဗေးမက်စ်ဝဲလ်အဖို့ အလွန်အလုပ်များသော နေ့ဖြစ်၏။ သူ့ စားပွဲဘေးတွင် စက်တစ်လုံးသည် တောင့်တောင့်မတ်မတ် ရပ်နေသည်။ ထိုစက်အတွင်းမှ လက်ဝါးသာသာခန့်သာ ဗျက်ရှိသော စာရွက်များသည် အဆုံးအစမရှိ ထွက်လာနေသည်။ စီးပွားရေး လုပ်ငန်းဆိုင်ရာ သတင်းများကို လျှင်မြန်စွာ ပေးနေခြင်းဖြစ်၏။

လူအများအပြားသည် တစ်ယောက်ပြီးတစ်ယောက် ဝင်လာပြီး သူနှင့် စကားပြောကြသည်။ အချို့ကတော့ ပျော်ပျော်ပါးပါး ရယ်ရယ်မောမော၊ တချို့ကတော့ မကြည်မလင် မရွှင်မပြ၊ တချို့ကတော့ ရှေ့လောတကြီး၊ သုတ်သီးသုတ်ပြာ၊ တချို့ကတော့ ဒေါသတကြီး။ ရုံးလုလင်များသည် သူ့ရုံးခန်းထဲသို့ စာရွက်စာတမ်းများကိုကိုင်၍ အပြေးအလွှား ဝင်သွားလိုက်၊ ပြန်ထွက်လာလိုက်နှင့် ရောက်ယောက်ခတ်နေကြသည်။ စာများကို သူ အမြန်ဆုံးဖတ်ပြီး ချက်ခြင်း အဖြေပေးသည်ကို ရယူနေကြခြင်းပေတည်း။

အခုဆိုလျှင် ပစ်ချား၏ မျက်နှာသည် ရှင်သန်သွက်လက်နေသည်။ ရုံးခန်းထဲရှိ အခြားအလုပ်သမားများမှာမူ မုန်တိုင်းတစ်ခု ကျနေသဖြင့် ခုန်ပေါက်ပြေး

www.burmeseclassic.com

လွှားနေရသည့် သဘော်များသဖွယ် ပြေးဟယ်၊ လွှားဟယ်နှင့် သောသောရုတ်ရုတ် ဖြစ်နေကြသည်။

စီးပွားရေးလုပ်ငန်း နယ်ပယ်တွင် မုန်တိုင်းများသည် ကျစမြဲဖြစ်၏။ အလွန်ကြောက်မက်ဖွယ်ကောင်းသော မုန်တိုင်းများဖြစ်သည်။ မုန်တိုင်းတစ်ခု ကျလာတိုင်းလည်း မက်စ်ဝဲလ်၏ ရုံးခန်းသည် လှုပ်ရှားခါယမ်းသွားစမြဲဖြစ်သည်။

မက်စ်ဝဲလ်၏ ကုလားထိုင်သည် အမြဲတစေ လှုပ်ရှားနေသည်။ အခုဆိုလျှင် သူသည် အကာသမားတစ်ယောက်နှင့် တူနေသည်။ သူသည် စက်ဆီမှ စားပွဲဆီသို့ ခုန်လိုက်၊ စားပွဲဆီမှ စက်ဆီသို့ ခုန်လိုက်နှင့် ကုလားထိုင်ရောလူပါ ပြောင်းဆော့နေသည်။

ယင်း ပြောင်းဆန်မှုများကြား၌ နစ်မြုပ်နေသော မက်စ်ဝဲလ်သည် တဖြည်းဖြည်းနှင့် သူ့ဆီသို့ ရွေ့လျားလာနေသော အရာများကို သတိပြုမိသည်။ ပထမတွင် ခေါင်းတစ်ခေါင်းပေါ်မှ ရွှေရောင်ဆံပင်တွေ အများကြီးကို မြင်သည်။ ဒုတိယ လည်ပင်းမှ တန်းလန်းကျနေသော ငွေဆွဲကြိုးရှည်ကြီးကို မြင်သည်။ ထို့နောက် မိန်းမပျိုတစ်ယောက်နှင့် ဘေးချင်းယှဉ်၍ ရပ်နေသော ပစ်ချား၊ ပြီးတော့ သူ့ရုံး ထဲ ဝင်လာသည့်အသံ။

"အတွင်းရေးမှူး အလုပ်အတွက် အမျိုးသမီးတစ်ယောက် ရောက်လာပါပြီ" ပစ်ချားက ပြောသည်။

မက်စ်ဝဲလ်က လှည့်ကြည့်သည်။ သူ့လက်များထဲတွင် စားပွဲပေါ်က စာတွေနှင့် စက်ထဲမှ စက္ကူတွေ အများကြီး ကိုင်ထားသည်။

"ဘာအလုပ်လဲ"ဟု သူက ပြန်မေးသည်။

"အတွင်းရေးမှူး အလုပ်ပါ"ဟု ပစ်ချားက နောက်တစ်ခါထပ်ပြော သည်။ "မနေ့က မစ္စတာမက်စ်ဝဲလ်က ကျွန်တော့်ကို ပြောထားတဲ့ကိစ္စပါ။ အတွင်းရေးမှူးရာထူး လျှောက်တဲ့လူ ရောက်လာရင် ခေါ်ခဲ့ရမယ် ဆိုလို့ပါ"

"မင်း .. ရူးနေပြီလား ပစ်ချား"ဟု မက်စ်ဝဲလ်က ပြောသည်။

"ငါ ကဘာကြောင့် အဲဒီစကားမျိုး ပြောရမှာလဲ .. ကွ၊ မစ္စလက်စလီဟာ အရည်အချင်း အလွန်ပြည့်ဝတဲ့ အတွင်းရေးမှူးပဲ။ မစ္စလက်စလီအနေနဲ့ သူ ဒီအလုပ်က ထွက်ချင်စိတ်မရှိမခြင်း လုပ်နိုင်ခွင့်ရှိနေတာပဲ"

ထို့နောက် တစ်ဆက်တည်း မိန်းမပျိုဘက်လှည့်၍ "ဒီရုံးမှာ ဘာအလုပ်မှ မရှိဘူး"ဟု ပြောသည်။ ပြီးတော့ ပစ်ချာအား လှမ်း၍ အမိန့်ပေးသည်။



"သူ့ ကိုပြောလိုက် နောက်ထပ်ဘယ်သူ့ကိုမှ မလွှတ်နဲ့တော့လို့ မင်းတာလဲ ဘယ်သူ့ကိုမှ ငါ့ရုံးခန်းထဲ ခေါ်မလာနဲ့"

ငွေဆွဲကြိုးပိုင်ရှင်သည် ရုံးခန်းထဲမှ ခေါင့်ကြီး အောင့်ကြီးနှင့် ထွက်သွားသည်။ ခေါ်သူပုန်ထကာ ကုလားထိုင်များနှင့် စားပွဲများကို တမင်သက်သက်ဝင်တိုး၍ တိုက်သွားသည်။ ပစ်ချားသည် အပြင်ဘက်ရောက်သည့်အခါ သူ့လုပ်ဖော်ကိုင်ဖက်တစ်ဦးအား မစ္စတာမက်စ်ဝဲလ်တစ်ယောက် တစ်နေ့တခြား သတိပို၍ မှုလာနေပြီဟု စိတ်ပျက်လက်ပျက် လေသံဖြင့် ပြောသည်။

လုပ်ငန်းသည် ပို၍ များလာသည်။ ပို၍ ရှုပ်လာသည်။ ပို၍ကြမ်းတမ်း ခက်ထန်လာသည်။ ပို၍မြန်လာသည်။ မက်စ်ဝဲလ်သည် အစွမ်းကုန်အားထုတ်ကာ မြန်နိုင်သမျှ မြန်အောင် အလုပ်ကို မရပ်မနား တွန်းလုပ်သည်။ သူသည် တွေးတောဖို့၊ စဉ်းစားဖို့ပင် အချိန်မပေး။ သူသည် ဘယ်တော့မှ အများမလုပ်။ သူသည် အမြန်ဆုံးဖြတ်ပြီး အမြန်လုပ်တတ်သော အကျင့်ရှိနေပြီ။ သူသည် နာရီကြီးတစ်လုံး အလုပ်လုပ်နေသလို လုပ်နေခြင်းဖြစ်၏။ ဤလောကသည် စီးပွားရေးလုပ်ငန်း လောကဖြစ်၏။ သဘာဝအတိုင်း တည်ရှိနေသည့် လောကမဟုတ်။ ပြီးတော့ လူ့လောကတစ်ခုလည်း မဟုတ်။

ညနေစာ စားရန် နီးကပ်လာသည့်အခါ အခြေအနေ အရုပ်ရုပ်သည် ငြိမ်ဆိတ်ပြီလာသည်။ မက်စ်ဝဲလ်သည် လက်နှစ်ဖက်ဖြင့် စာရွက်များကို အထပ်လိုက်ကိုင်ကာ စားပွဲအနီး၌ ရပ်နေသည်။ ခေါင်းမှ ဆံပင်များသည် ဖရိုဖရဲဖြစ်ကာ မျက်နှာပေါ်သို့ ဝဲကျနေကြ၏။ ရုံးခန်းပြတင်းပေါက်သည် ပွင့်နေသည်။ ရာသီဥတုသည် နွေးထွေးသောဘက်သို့ ကူးပြောင်းစပြုနေပြီ မဟုတ်ပါလား။

ပြတင်းပေါက်မှ ပန်းရနံ့ သင်းသင်းသည် ဝင်ရောက်လာနေသည်။ မက်စ်ဝဲလ်သည် တစ်ခဏမျှ ငေးငိုင်သွားသည်။ ဤပန်းအနံ့သည် မစ္စလက်စလီထံမှ လာနေသော ပန်းနံ့ဖြစ်၏။ ဤပန်းနံ့မျိုးကို မစ္စလက်စလီမှ တစ်ပါး အခြားလူများ ပိုင်ဆိုင်သည်မဟုတ်။

ဤအနံ့ကြောင့် မက်စ်ဝဲလ်၏ စိတ်ထဲတွင် မစ္စလက်စလီတစ်ယောက် သူ့ရှေ့၌ လာရပ်နေသည်ဟု ထင်လာသည်။ အမှန်တော့ မစ္စလက်စလီသည် သူ့အခန်းနှင့် ခြေလှမ်းနှစ်ဆယ်ခန့်သာ ကွာဝေးသည့် ဘေးဖက်မှ အခန်းထဲ၌ ရှိနေသည်။

"ဒီကိစ္စကို အခုချက်ခြင်းလုပ်မှ ဖြစ်မယ်" ဟု မတိုးမကျယ် လေသံဖြင့် သူ့ကိုယ်သူ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ သူ့ကို အခုပဲ မေးမယ်၊ အံ့သြပါရဲ့ကွာ၊ ငါ မေးသင့်တာကြာပြီး ဟိုအရင်တုန်းက ဘာပြုလို့ မမေးမိခဲ့တာပါလိမ့်"

သူသည် တစ်ဖက်ခန်းထဲသို့ ကသောကမျော ဝင်ရောက်သွားပြီး အတွင်းရေးမှူး၏ စားပွဲဘေး၌ ရပ်လိုက်သည်။ မစ္စလက်စလီက သူ့အား မော့ကြည့်ပြီး ပြုံးသည်။ သူ့မျက်နှာတွင် ပန်းနုရောင်သန်းလာသည်။ မျက်လုံးများတွင် သိမ်မွေ့ကြင်နာမှုများကို မြင်နေရလေသည်။

အခုအချိန်ထိ မက်စ်ဝဲလ်လက်များသည် စာရွက်များကို ကိုင်ထားဆဲ။ "ဒီမယ် .. မစ္စလက်စလီ" ဟု သူက ခေါ်သည်။ "ကိုယ့်မှာ .. အချိန်က ခဏလေးပဲရတယ်။ အဲဒီခဏလေးမှာပဲ စကားတစ်ခွန်းပြောချင်တယ်။ မင်း ကိုယ့်မိန်းမလုပ်မလား၊ ထုံးစံအတိုင်း ချစ်စကား ကြိုက်စကားတွေ ပြောနေဖို့အတွက် ကိုယ့်မှာ အချိန်က မရှိဘူး။ ဒါပေမယ့် ကိုယ် .. မင်းကို တကယ်ချစ်တာပါ။ ကဲ .. မင်းအဖြေကို မြန်မြန်ပြောစမ်းပါ။ ကိုယ့်မှာ .. လုပ်စရာအလုပ်တွေက ရှိနေသေးလို့ပါ"

"အို .. ဘယ်လိုလဲ။ ရှင် .. ဘာတွေလာပြောနေတာလဲ" ဟု မစ္စလက်စလီက အလန့်တကြား ပြောသည်။ ထိုင်နေရာမှ ဖြုန်းခနဲ ထရပ်သည်။ မျက်လုံးပြူး၊ မျက်ဆံပြူးဖြင့် မက်စ်ဝဲလ်အား မော့ကြည့်နေသည်။

"ကိုယ်ပြောတာကို မင်းနားမလည်ဘူးလား" ဟု မက်စ်ဝဲလ်က ပြောသည်။ "မင်း ကိုယ့်ကို လက်ထပ်စေချင်တယ်၊ ကိုယ် .. မင်းကိုချစ်တယ် မစ္စလက်စလီ၊ ကိုယ်ပြောချင်နေတာကြာပြီ၊ အခု အလုပ်နည်းနည်း ပါးသွားတုန်းမှာ အခါအခွင့်သင့်လာလို့ ကိုယ်လာပြောတာပါ။ ဒါပေမယ့် .. ဟောအခုပဲ သူတို့က ခေါ်နေကြပြီ။ ဟေး .. ပစ်ချား သူတို့ကို ခဏစောင့်ပါဦးလို့ ပြောပြထားလေကွာ။ ကဲ .. မစ္စလက်စလီ၊ မင်း လက်ထပ်မယ်မဟုတ်လား .. ဟင်"

အတွင်းရေးမှူး၏ တုံ့ပြန်ပုံမှာ အလွန်ထူးဆန်းနေသည်။ ပထမတော့ သူသည် အလွန်အံ့အားသင့်သွားပုံရ၏။ ထို့နောက်တော့ သူ့မျက်လုံးအစုံမှ မျက်ရည်များ စီးကျလာသည်။ ပြီးတော့ မျက်ရည်များကြားမှ အပြုံးပန်း ဝင်လာသည်။

"အခုမှပဲ သိရတော့တယ်" ဟု မစ္စလက်စလီက တိုးတိုးသာသာကလေး ရေရွတ်သည်။ "ဒါဟာ .. ဒီလုပ်ငန်းကြောင့် ဖြစ်ရတာပဲ .. အလုပ်က ရှင့်ခေါင်းထဲမှာ သူကလွှဲပြီး တခြားဟာတွေအတွက် နေရာမရှိအောင် လုပ်ထားတာကိုး၊ ပထမတော့ လက်စလီ တော်တော့်ကို လန့်သွားတယ်။ ရှင်မမှတ်မိတော့



ဘူးလား ဟာဗေးရယ်၊ ရှင်နဲ့ကျွန်မ မနေ့ညနေ ရှစ်နာရီတိတိက ဟိုလမ်းထောင့်က ဘုရားရှိခိုးကျောင်းကလေးထဲမှာ လက်ထပ်ပြီးခဲ့ကြပြီ .. လေ"

THE ROMANCE OF A BUSY BROKER

O. HENRY

❑

www.burmeseclassic.com

www.burmeseclassic.com

## "မ" ဒေါသ

အခန်းသည် သေးသေးကျဉ်းကျဉ်းကလေးဖြစ်သည်။ အခန်းထဲတွင် အလင်းရောင်ဟူ၍ မရှိ။ မှောင်မည်းမည်းနှင့် မှုန်ကုပ်ကုပ်နိုင်လွန်းလှ၏။ လေးဖက်လေးတန်မှ နံရံအားလုံးသည် ပေရေညစ်ပတ်လျက်ရှိကြသည်။ တစ်ခန်းလုံးတွင် ဆင်းရဲ မွဲတေခြင်းများ ကျရောက်ကပ်ညိနေသည့်နှယ် ရှိလေသည်။

ပြိုပျက်ကျတော့မည့်နှယ် ယိမ်းယိုင်နေသည့် မျက်နှာကြက် ထုပ်တန်းတွင် တစ်ချိန်က မှန်အိမ်ချိတ်ခဲ့ဖူးသော သံချိတ်တစ်ချောင်းသည် တွဲလောင်းကျလျက်ရှိသည်။ အဝတ်ဟောင်းအစုတ်ကြီးတစ်ထည်ဖြင့် ရစ်ပတ်ထားသော အလုံပိတ် မီးဖိုဟောင်းတစ်လုံးပေါ်တွင်မူ နူတ်ခမ်းများ ပဲ့ရှဲ့ စုတ်ပြတ်နေသည့် အိုးတစ်လုံးတင်ထားသည်။ အိုးဘေးတွင်မူ ဇွန်းကျိုးတစ်ချောင်း ချထားသည်။ အိုးထဲမှ သိုးနေသော ဆန်ပြုတ်ဖင်ကပ်ကို ခြစ်ရလွန်း၍ ဇွန်းသည် ကံကြမ္မာဆိုးနှင့် တွေ့သွားရသည့် လက္ခဏာရှိလေသည်။

အခန်းထဲတွင် အိမ်ထောင်ပရိဘောဂပစ္စည်းတွေကကာ များနေသဖြင့် အသက်ရှူ၍ မဝနိုင်လောက်အောင်ပင် မွန်းကျပ်နေသည်။ တစ်နေရာတွင် ခြေထောက်လေးချောင်းတပ် ကုတင်တစ်လုံးရှိသည်။ ကုတင်ပေါ်မှ ခေါင်းအုံးများသည် အဝေါ်ကွဲ ဗလပွနှင့်ဖြစ်၏။ ခန်းဆီးများမှာလည်း တစ်ခုမှ အကောင်းမရှိ။ အားလုံးပင် အစုတ်စုတ်အပွာပွာ စုတ်ပြဲနေကြသည်။

တစ်နေရာတွင် ရှိနေသော ပုခက်တစ်လုံးထဲမှ အိပ်ပျော်နေသော ကလေး

www.burmeseclassic.com



တစ်ယောက်၏ ဝါကျင့်ကျင့် ဦးခေါင်းသည် အပြင်သို့ ပြူထွက်နေသည်။ ပုခက်အနီးတွင် သော့ပွင့်နေသည့် သေတ္တာကြီးတစ်လုံးရှိ၍ သေတ္တာထဲတွင်တန်ဖိုးရှိသောပစ္စည်းဟူ၍ ဘာတစ်ခုမှ မရှိတော့သည်မှာ ထင်ရှားနေသည်။

ပုခက်နှင့် မလှမ်းမကမ်းတွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်သုံးလုံး၊ ပြီးတော့ ကြောင်အိမ်တစ်လုံး၊ ကြောင်အိမ်မှာ ပြုတ်နေသည့်နေရာက ပြုတ်၍ ပျက်သည့်နေရာက ပျက်နေပြီ။ ထို့ပြင်လည်း အခန်းထောင့်တစ်ထောင့်ထဲ၌ ရေကောင်းရေသန့် ထည့်ထားသည့် ပုံးတစ်ပုံးနှင့် ရေပုပ်ရေသိုးများ ထည့်ထားသည့် ပုံးတစ်ပုံးရှိသည်။

ထိုပစ္စည်းများအပြင် အခန်းထဲ၌ အခန်းပိုင်ရှင်နှင့် သူ့မိန်းမတို့ ရှိနေသေးသည်။ မိန်းမသည် ဂျူးအမျိုးသမီးဖြစ်၍ အသက်လေးဆယ်နီးပါးခန့် ရှိနေပြီ။ အိမ်ရာကုတင်နှင့် ပုခက်ကြားရှိ ကွက်လပ်ပေါ်၌ရှိနေသော သေတ္တာကြီးပေါ်၌ ထိုင်နေသည်။ မိန်းမ၏ ညာဖက်တွင် ပြတင်းပေါက်တစ်ပေါက်ရှိ၍ ဘယ်ဖက်တွင် စားပွဲရှိသည်။ မိန်းမသည် ခြေတစ်ဖက်ဖြင့် ပုခက်ကို ကန်၍ ကန်၍ လွဲနေသည်။ လက်တစ်ဖက်က ခြေအိတ်ထိုးနေသည်။ နားနှစ်ဖက်ကတော့ စားပွဲ၌ထိုင်၍ စာအော်ဖတ်နေသော သူ့ယောက်ျား၏အသံကို နားစွင့်လျက်ရှိလေသည်။

သူ့ယောက်ျား ဖတ်နေသည့်စာအုပ်မှာ "ဘဲလ်မွတ်ဒ်ကျမ်းစာအုပ်" ဖြစ်၏။ ထိုကျမ်းမှာ ဂျူးလူမျိုးတို့ တညီတညွတ်တည်း လိုက်နာကျင့်သုံးကြစေရန် သတ်မှတ်ထားသော ပညတ်တော်များကို ဖော်ပြထားသည့် ဓမ္မကျမ်းတစ်စောင်ဖြစ်သည်။ ယောက်ျားသည် ထိုကျမ်းကို အသံနေအသံထားဖြင့် အော်ဖတ်နေခြင်းဖြစ်သဖြင့် နားထောင်၍ မငြီးနိုင်လောက်အောင်ကောင်းသည်။ အသံအနိမ့်အမြင့် အတက်အကျကိုလိုက်၍ သူ့ခန္ဓာကိုယ်သည် ရှေ့တိုး နောက်ငင် ယိမ်းထိုးလှုပ်ရှားလျက်ရှိလေသည်။

ယင်းကဲ့သို့ လှုပ်ရှားနေသည့်ကြားမှပင် သူ့လက်များနှင့် သူ့ခြေထောက်များသည် တစ်ချက်ကလေးမှ အငြိမ်မနေ။ ပထမ သူ့အင်္ကျီအိတ်ကပ်ထဲမှ လက်ကိုင်ပုဝါထုတ်၍ နှာခေါင်းကိုသုတ်ကာ နှပ်ညှစ်သည်။ ပြီးတော့ လက်ကိုင်ပဝါကို သူ့ရင်ခွင်ထက်သို့ လွှတ်ချလိုက်၏။ ထို့နောက် သူ့လက်သည် နားကို နှိုက်လိုက်၊ မုတ်ဆိတ်မွေးများကို ဆွဲလိုက် လုပ်နေသည်။ သူ့လက်ထဲပါလာသည့်မုတ်ဆိတ်မွေးများကို သူ့ရှေ့ရှိ ကျမ်းစာအုပ်ပေါ်သို့ လွှတ်ချသည်။

ဂဏာမငြိမ်ဖြစ်နေသော ယောက်ျားသည် တစ်ခါတစ်ရံတွင် သူ့ဒူးကို လက်ဝါးဖြင့် ပုတ်သည်။ တစ်ခါတစ်ရံတွင်မူ သူ့လက်သည် ရင်ခွင်ထဲမှ လက်ကိုင်



ပဝါကို ပြန်ကောက်ကာ ပါးစပ်ထဲသွင်းပြီး သွားများနှင့်ကိုက်ထားလေသည်။

တစ်ချိန်လုံးလိုလိုပင် သူ့နဖူးကြောများသည် တွန့်နေကြသည်။ သူ့ဦးခေါင်းကလည်း တစ်ချက်ကလေးမှ မငြိမ်၊ ဘယ်ဘက်စောင်းလိုက် ညာဖက်စောင်းလိုက်နှင့် အမြဲတစေ လှုပ်ရှားနေသည်။ သူ၏ခေါင်း ဘယ်ဖက်သို့ စောင်းသွားသည့်အခါ သူ့ဘယ်ဘက် နှာခေါင်းပေါက်ကို လက်ညှိုးဖြင့် ဖိပိတ်ထားသည်။ သူ၏ခေါင်း ညာဘက်သို့ ငဲ့သွားသည့်အခါ သူ့လက်ညှိုးသည် ညာဘက်နှာခေါင်းပေါက်ကို ဖိ၍ပိတ်လိုက်သည်။

သူ့အသံသည် တဖြည်းဖြည်းနှင့် ပို၍ပို၍ ကျယ်လောင်လာသည်။ သူထိုင်နေသော ကုလားထိုင်မှ တကျွီကျွီမြည်သံများသည် အဆက်မပြတ် ထွက်လာနေသည်။ လူရော၊ ကုလားထိုင်ပါ ယိမ်းထိုးလှုပ်ရှားလျက်ရှိလေသည်။

ပုခက်ထဲမှ ကလေးသည် အိပ်မောကျနေရာမှ မနိုး။ ဤအသံများသည် သူ့အဖို့ ရိုးနေပြီ။ နေ့စဉ်နှင့်အမျှ ကြားနေရသော အသံများဖြစ်၍ သူ့အတွက် အနှောင့်အယှက် မဖြစ်တော့။ မိန်းမကတော့ သူ့ယောက်ျား၏အသံကို နားထောင်နေသည်။ မျက်လုံးအကြည့်ကလည်း သူ့ယောက်ျားထံမှ မခွာ။ သူ့နားများသည် သူ့ယောက်ျား၏အသံ အကူးအပြောင်း၊ အနိမ့်အမြင့်နှင့် အတက်အကျများကို တစ်ချက်ကလေးမှ အလွတ်မခံ၊ မကြာ မကြာလည်း သူ့ယောက်ျားဖတ်နေသည့် တရားစာများကို မှန်သည်ဟု ထောက်ခံသော အမူအရာဖြင့် သက်ပြင်းချလေ့ရှိ၏။

သို့သော်လည်း ယောက်ျား၏ အသံကို စိတ်ဝင်တစား နားထောင်နေသော မိန်းမ၏ မျက်နှာထားသည် ဖြည်းဖြည်းချင်း ပြောင်း .. ပြောင်းလာသည်။ စောစောကတော့ သူသည် သူ့ယောက်ျား၏အသံကို ကျေနပ်အားရစွာဖြင့် နားထောင်နေခြင်းဖြစ်၏။ ကြာလာတော့လည်း သူ့စိတ်သည် လှုပ်ရှားစပြုလာနေသည်။

ယနေ့သည် ကြာသပတေးနေ့ဖြစ်သည်ဟု သတိရလိုက်သည့်အခါ သူ့စိတ်သည် တို၍ လှုပ်ရှားလာသည်။ ဥပုသ်နေ့အတွက် ကြိုတင်ပြင်ဆင်မှုများကို အခုထက်ထိ မလုပ်ရသေး။ အခုလောက်ဆိုလျှင် ပြင်ဆင်ထားဖို့ လိုအပ်နေပြီ မဟုတ်ပါလော ...။

သူ့မျက်နှာတွင် ထင်ဟပ်နေသည့် ကြည်လင်မှုသည် တဖြည်းဖြည်းနှင့် လျော့နည်းလာသည်။ အပြုံးရိပ်သည် ကွယ်ပျောက်သွားသည်။ ထို့နောက် ပြတင်းပေါက်မှ ခေါင်းပြူပြီး နေကို မော့ကြည့်သည်။ အချိန်တွေ နောက်ကျတုန်းတော့

www.burmeseclassic.com

www.burmeseclassic.com



ညော်။ အိမ်တွင် ရေနွေးပင် တစ်ဖွန်းစာမရှိ။

သူ့လက်တွင်းမှ ခြေအိတ်ထိုးနေသော အပ်များသည် အရှိန်တန့်ကာ ရပ်သွားသည်။ သူ့မျက်နှာသည် မှုန်မှိုင်းလာသည်။ သူသည် ပုခက်ထဲမှ ကလေးကို တစ်ချက်လှမ်းကြည့်သည် ကလေးသည် လှုပ်စိ၊ လှုပ်စိ ဖြစ်နေပြီ။ မကြာခင် နိုးလာတော့မည်မှာ သေချာနေပြီ။ တကယ်တော့ ကလေးသည် မအေ့နို့ကိုပင် ဝဝလင်လင် မစို့ရ။ အခုလည်း သူ့အတွက် နို့တစ်စက်မှမရှိ။ ထိုအတွေးကြောင့် သူ့မျက်နှာသည် တိုး၍ပင် မကြည်မလင် ဖြစ်လာသည်။ သူ့လက်ထဲမှ ဇာထိုး အပ်များသည် လှုပ်ရှားပုံ မမှန်မကန် ဖြစ်လာကြသည်။

အိဂျစ်နိုင်ငံအတွင်းမှ ဂျူးလူမျိုးများ ကျွန်ဘဝမှ လွတ်မြောက်သည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော "ပတ်စ်အိုဗာပွဲတော်ရက်" နီးကပ်လာပြန်ပြီဟု သတိရလိုက်သည့်အခါ သူ့စိတ်သည် ဘလောင်ဆူလာသည်။ သူ့နားကပ်နှင့် ဖယောင်းတိုင်စင်များ အပေါင်ဆိုင်သို့ ရောက်နေသည့်အဖြစ်ကိုလည်း စဉ်းစားမိသည်။

သေတ္တာထဲတွင်လည်း ဘာပစ္စည်းမှ မရှိတော့။ မှန်အိမ်ကိုပင် ရောင်းစားခဲ့ရပြီပြီ။ သူ့လက်ထဲမှ ဇာထိုးအပ်များသည် သူ့လက်ချောင်းများကြားတွင် ကိုးယိုးကားယား ဖြစ်လာသည်။ သူ့မျက်လုံးများသည် ကုပ်လာကြသည်။ မိုးကြိုး၊ မှန်တိုင်းကျရန် တာစူနေပြီ။ မျက်လုံးအစုံသည် အရောင်တလက်လက်ထွက်ကာ လျှပ်စီးများ လက်တော့မည့်နှယ် ဖြစ်လာသည်။

သူ့ယောက်ျားကတော့ ပတ်ဝန်းကျင်အခြေအနေ ပြောင်းသွားသည်ကို လုံးဝ သတိမထားမိ။ သူ့အာရုံသည် သူ့စာအုပ်ထဲ၌သာ နစ်ဝင်လျက်ရှိ၏။ သူ့မိန်းမလက်ထဲမှ ထိုးလက်စ ခြေအိတ် လွတ်ကျသွားသည်ကိုလည်း သူမသိ။ သူ့မိန်းမက လက်ချောင်းများကို ဖြိုးဖြိုးဖြောက်ဖြောက် မြည်သည်အထိ ချိုးနေသည်ကို သူမကြား၊ စိတ်ဆင်းရဲမှုကြောင့် သူ့မိန်းမ၏ နဖူးကြောများ တွန့်နေသည်ကိုလည်းကောင်း၊ သူ့အားကြည့်ပြီး အံတကြိတ်ကြိတ် မျက်စောင်းတခဲခဲ ဖြစ်နေသည်ကို လည်းကောင်း သူမမြင်။

သူ့မိန်းမ၏ ခြောက်သွေ့နေသော နှုတ်ခမ်းများသည် တစ်ဆတ်ဆတ် တုန်နေကြသည်။ မေးကြောများသည် ထောင်နေကြ၏။ မိန်းမသည် သူ့စိတ်သူ ကြိုးစား၍ ထိန်းနေသည်။ သို့သော်လည်း မုန်တိုင်းသည် သူ့ရင်တွင်း၌ စုစည်းကာ အားယူနေပြီ။ အဆင်မပြေမှုကလေးတစ်ခုလောက် ပေါ်လာရုံမျှဖြင့် ကျရောက် ပေါက်ကွဲတော့မည်မှာ သေချာနေပြီ။ ထိုအခိုက်မှာပင် စိတ်နှင့် အခန့်မသင့်စရာ



ကိစ္စတစ်ခုသည် ပေါ်ပေါက်လာလေ၏။

ယောက်ျားသည် တဲလ်မွတ်ကျမ်းထဲမှ စာပိုဒ်တစ်ပိုဒ်ကို ကြည်နူးမှုအပြည့်ဖြင့် အော်ဖတ်သည်။ "ထိုအခါ ကျွန်ုပ်တို့ရရှိကြသည်မှာ ..." သူသည် စာကို ဆက်ဖတ်ရန် အားယူလျက်ရှိ၏။ ဤအခိုက်မှာပင် "ရရှိကြသည်မှာ ..." ဟူသော စကားလုံးသည် ပြဿနာတစ်ခု ပေါ်လာဖို့ လုံလောက်နေသည်။

ထိုစကားသည် မီးပွားဖြစ်၍ မိန်းမ၏ နှလုံးသားသည် ယမ်းမှုန့်ဖြစ်၏။ တစ်ခဏအတွင်းမှာပင် မီးပွားနှင့် ယမ်းမှုန့်သည် ထိတွေ့ကာ မီးတောက်ဖြစ်လာပြီး တောက်လောင်လာသည်။ ကံမကောင်းသော စကားလုံးသည် ဒေါသရေကာတာ တံခါးကြီးများကို ဖွင့်ပေးလိုက်လေရာ ရေများသည် ဒလဟောထိုးစီးဆင်းလာကြလေတော့၏။

"ရရှိကြသည် ... တဲ့။ ဟုတ်လား။ တော် အခုနက ဖတ်လိုက်တဲ့ စာသားလေး .. လေ။ ဟင်း .. သိပ်ကို ဟုတ်တာပဲ။ အင်း .. တော့်မှာတော့ ရချင်လည်း ရနေမှာပေါ့လေ .." ဟု ဒေါသတကြီး ရေရွတ်သည်။ "ဟုတ်ပါတယ် .. တော့်မှာတော့ ရရှိချင် ရရှိနေမှာပေါ့ ..."

မိန်းမ၏ အသံသည် စူးစူးဝါးဝါး တက်နေသည်။ "တော် .. သိရဲ့လား၊ ပတ်စ်အိုဗာပွဲတော် နီးနေပြီ။ ဒီနေ့ပဲ ကြာသပတေးနေ့ဖြစ်နေပြီ။ အရေးထဲမှာ ကလေးကလည်း ဖျားနေတယ်။ နွားနို့ကလည်း တစ်စက်မှမရှိတော့ဘူး၊ အဲဒါတွေကို တော်သိရဲ့လား .. ဟင် 'ရရှိကြသည်' တဲ့၊ ဘာတွေများ ရရှိနေပါလိမ့်။ တယ်ကောင်း .. ဟား .. ဟား"

မိန်းမ၏ အသက်ရှူသံမှာ ရှူးရှူးရှားရှား ဖြစ်နေသည်။ ဒေါသလှိုင်း၏ ရိုက်ပုတ်သံကြောင့် သူ့ရင်သည် နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် သူ့မျက်လုံးအစုံသည် ဝင်းဝင်းတောက်နေသည်။

ထိုင်နေသော ယောက်ျားသည် ကျောက်ရုပ်သဖွယ် တောင့်တင်းသွားသည်။ ထို့နောက် အလန့်တကြား ထိုင်ရာမှထကာ တံခါးဆီသို့ လျှောက်သွားသည်။ တံခါးဝအရောက်တွင် ဖြတ်ခနဲရပ်ကာ နောက်သို့လှည့်ပြီး သူ့မိန်းမနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်၏။

"ဒေါသနှင့် ယှဉ်လာလျှင် လျှာနှင့်လက်သည် အစိုးမရ"။ ဤသဘောတရားကို သူကောင်းစွာ နားလည်ထားသည်။ သူ့မျက်လုံးများသည် ကျဉ်းမြောင်းသွားကြသည်။ လက်ကိုင်ပဝါကို ပါးစပ်ဖြင့် တစ်ချက်ကိုက်လိုက်ပြီး သတ်ဖြင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် ရှူလိုက်ကာ စကားစမြည်ပြောသည်။

"ဒီမယ် .. ယော့ ငါပြောတာကို သေသေချာချာ နားထောင်ပါ။ လင်လုပ်တဲ့လူ တရားစာဖတ်နေတာ အေးအေးဆေးဆေး မဖတ်ရဘူး။ ဘေးကနေပြီး စားရေးဝတ်ရေး ကိစ္စတွေနဲ့ လာပြီးအပူတိုက်နေတယ်။ ဒီမှာ .. ကွ၊ နင့်ကို ငါ ဆေးစမ်းပါရစေ။ ငှက်ပေါက်စလေးတွေကို ဘယ်သူကလာပြီး အစာကျွေးသလဲ .. ဟင်"

"ဘုရားသခင်ကို ယုံကြည်တာက တစ်ဘက်၊ မက်မောမှုတွေနဲ့ တွယ်တာမှုတွေကို ဦးစားပေးနေတာက တစ်မျိုးနဲ့ နင့်အချိုးက ဘယ်လိုလဲ။ နင် နည်းနည်းပါးပါးတော့ စဉ်းစားဉီးမှပေါ့။ တော်တော့်ကို မိုက်မဲတဲ့ဟာမပဲ။ ညှံ့လိုက်ဖျင်းလိုက်တဲ့စိတ်ဓာတ်၊ ယောက်ျားလုပ်တဲ့လူ မမ္မစာဖတ်နေတာကို၊ လုံးဝ ခွင့်မလွှတ်ဘူး။ နင်သတိထား၊ သတိမရှိလို့ကတော့ နင်ငရဲကျမယ် .. သိလား"

မိန်းမက ဘာတစ်ခွန်းမှ ပြန်မပြောသည့်အခါ အတင့်ရဲလာသည်။ မိန်းမ၏မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်လာသည်။ တစ်ကိုယ်လုံး နတ်ပူးသည့်နှယ် ပြင်းထန်စွာ တုန်လှုပ်လာသည်။ ထိုအခါ ယောက်ျား၏ အသံသည် ပို၍ တည်ငြိမ်ရဲတင်းလာသည်။

"နင် .. ငရဲဆိုတာကော သိရဲ့လား၊ ငရဲဆိုတာ နင့်လျှာကို ဖောက်ဆွဲခံရမယ့်နေရာဟ။ အသေဆိုးလေးမျိုးနဲ့ ကြုံရမယ့် နေရာဟဲ့ .. သိရဲ့လား"

မိန်းမကတော့ စကားတစ်ခွန်းမှ ပြန်မပြောဘဲ ငြိမ်နေသည်။ မျက်နှာသည် သွေးဆုတ်နေသည့်နှယ် ဖြစ်လျက်ရှိ၏။

အခုလိုဆိုတော့လည်း သူ့ဘက်က မှားနေပြီလားဟု တွေးနေမိသည်။ သူယောက်ျားအနေဖြင့် သူ့အပေါ် ဤမျှလောက်အထိ ရက်ရက်စက်စက် ပြောစရာမလိုဟု ထင်မိ၏။

"သေခြင်းလေးမျိုးဆိုတာ ဘာလဲ .. နင်သိလား"ဟု ယောက်ျားက ခြိမ်းခြောက်သံဖြင့် မေးသည်။ "စကီလိုဆိုတာဘာလဲ နင် .. နားလည်ရဲ့လား ကျောက်ခဲတွေနဲ့ ထုသတ်တာကို ခေါ်တာဟဲ့။ နင် မြောင်းထဲမှာ ကျောက်ခဲတွေပိပြီး သေရမှာ ..."

"ပြီးတော့ ဆရီဖိုးဆိုတာက မီးလောင်တိုက်သွင်းတာ၊ ဟီရက်ဆိုတာက ခေါင်းဖြတ်ခံရပြီးသေတာ။ အဲဒါမျိုးနဲ့ တွေ့လို့ကတော့ နင့်ခေါင်းကို ဓားကြီးနဲ့ ယောသလို .. ယောသလို ဖြတ်မှာ။ နောက်တစ်ခုက ချီနက်တဲ့ လည်ပင်းကို



အသေအချာ ညှစ်သတ်တာ။ အခု ငါပြောနေတာတွေကို ကြားရဲ့လား လည်ပင်းကို ဒီလိုလို ညှစ်မှာ"

ယောက်ျားသည် ပြောနေရင်းနှင့် စိတ်မကောင်းဖြစ်လာသည်။ သို့သော်လည်း သူ့ဘက်က အပေါ်စီးရနေပြီဟူသော အသိကြောင့် ရုတ်တရက် အလျှော့ပေးလိုစိတ်ဝင်မလာ။ "ဒီကောင်မဟာ မိန်းမမိုက်ပဲ"ဟု တွေးသည်။ အခုလို ခြောက်လိုက်ပြန်တော့လည်း ချက်ခြင်းဖင် အကြောက်ပေးသွားပါကလား။

"အခုကျတော့ နင်သဘောပေါက်သွားပြီ မဟုတ်လား"ဟု ယောက်ျားက အော်သည်။ သူသည် စားပွဲဆီသို့ ပြန်သွားပြီး စာအုပ်ကိုချသည်။ ထို့နောက် အခန်းထဲမှ ထွက်သည်။ "ငါ .. စာကြည့်တိုက်ကို သွားမလို့"ဟု နောက်သို့ လှည့်မကြည့်ဘဲ ပြောသည်။ အသံကတော့ ဓာစောကလောက် မမာတော့။ ပြီးတော့ တံခါးကို ကျောင်းကနဲမြည်အောင် တအားဆွဲဆောင့်ပြီး ပိတ်သွားသည်။

စကားအော်ပြောသံနှင့် တံခါးဆောင့်ပိတ်သံများကြောင့် ပုခက်ထဲမှ ကလေးသည် လန့်နိုးလာသည်။ ကလေးထဲမှ ငိုသံ ထွက်ပေါ်လာသည်။ သို့သော်လည်း နံရံဝေး၌ ရပ်နေသော မိခင်သည် ငိုသံကိုမကြား။

"ဟင်း ..."

ကြိတ်မနိုင် ခဲမရ ဖြစ်နေသော သက်ပြင်းချသံသည် မိန်းမ၏ တင်းကျပ်နေသော ရင်ထဲမှ ထွက်လာသည်။ "ဒါပဲ .. ပြောလိုက်ရင် ဒါပဲ၊ ခဲနဲ့ထုပြီး အသတ်ခံရမယ်၊ မီးရှို့ပြီး အသတ်ခံရမယ်၊ ခေါင်းဖြတ်ပြီး အသတ်ခံရမယ်၊ လည်ပင်း အညှစ်ခံရမယ်။ နင့် လျှာကြီး ထွက်လာမှာ မကြောက်ဘူးလား၊ ဒါပဲ သူ့ကိုဆူလိုက် ပူလိုက်ရင် ဒါတွေနဲ့ပဲ ခြောက်တာပဲ ဟား .. ဟား .. ဟား"

"ဟင်း .. ဘာတဲ့ ကြိုးဆွဲချပြီး သတ်တာ ခံရလိမ့်မယ် .. လေး၊ ဘာလေးနဲ့ သတ်တော့ဘာဖြစ်လဲ သတ်ပေါ့ သတ်လိုက်ပေါ့၊ နင်သတ်စရာတောင် မလိုဘူး။ ငါ့ဖာသာငါ ကြိုးဆွဲချသတ်မယ်။ ဟော့ဒီအခန်းထဲမှာကို ကြိုးဆွဲချပြီး သေလိုက်မယ်။ အခုချက်ခြင်းကို လုပ်မယ် .. သိလား"

ကလေးငိုသံသည် ကျယ်လောင်စူးရှလာသည်။ သို့သော်လည်း အမေဖြစ်သူက မကြား။

"ကြိုး .. ဘယ်မလဲ .. ကြိုးတစ်ချောင်း၊ ကြိုးတစ်ချောင်း"

မိန်းမသည် အရူးတစ်ယောက်သဖွယ် အော်သည်။ ဟိုဟိုသည်သည် ဆောင့်ကျိုး ထောင့်ကြားမကျန် မျက်စိကရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သောက် ကြိုးကလည်းတော် .. သောက်ရေးထဲကျမှ ရှာမတွေ့ဘူး။ ငါ့အရိုးနဲ့ အသားကိုတောင် ဒီအကောင်ရှာမတွေ့အောင် လုပ်ပစ်ချင်လိုက်တာ နော်။ ဟင်း .. ဟင်း .. ဟင်း။ ငါအခုလို လုပ်ပစ်လိုက်ရင် ဒီအကောင် ပြော သလို ငရဲကျဦးမတဲ့လား။ သတ်မယ် .. ငါ့ကိုယ်ငါ သတ်သေမယ် လမ်းဆုံးအောင် ကို လုပ်မှဖြစ်မှာ။ ကြိုး .. ကြိုး ကြိုးတစ်ချောင်း ..."

သူတို့အခန်းထဲ၌ ကြိုးတစ်ချောင်း ရှိနေသည်ကို သတိရလာသည်။ မီးဖိုအောက်မှာမဟုတ်လား။ မီးဖိုဆီသို့ ပြေးသွားပြီး ရှာသည် တွေ့ပြီ။ ကြိုးကိုတွေ့ပြီ။ မျက်နှာကြက်ကို မော့ကြည့်သည်။ မှန်အိမ်ချိတ်ဖူးခဲ့သော ချိတ်ကိုမြင်သည်။ သူ့အနေဖြင့် စားပွဲပေါ်သို့ တက်ရပ်လိုက်ဖို့သာ လိုတော့၏။ သူသည် စားပွဲပေါ်မှ လှမ်းတက်လိုက်လေ၏။

သို့သော်လည်း သူစားပွဲပေါ်၌ ရပ်မိသည်နှင့် တစ်ပြိုင်နက် ပုခက်ထဲမှ ထလေးကိုမြင်သည်။ ကလေးသည် ငုတ်တုတ်ထိုင်နေသည်။ ပုခက်အတွင်းမှ ဆင်းရန် ဟန်ပြင်နေသည်။

"မာမာ .. မာ .. မာ"

ခေါ်သံသည် အားအင်ချည့်နဲ့နေသည့် အသံဖြစ်ချေသည်။ ဒေါသအသစ်သည် မိန်းမ၏ ရင်ကို တအားဆုပ်ကိုင်ထားပြန်သည်။ သူသည် လက်ထဲမှ ကြိုးကို လွှင့်ပစ်လိုက်ပြီး စားပွဲပေါ်မှ ခုန်ဆင်းသည်။ ကလေးထံသို့ ပြေးသွားသည်။ ကလေး၏ခေါင်းကိုကိုင်၍ ခေါင်းအုံးပေါ်သို့ တွန်းလှဲသည်။ ပါးစပ်မှလည်း ကလေးအား ဗျစ်တောက် .. ဗျစ်တောက်လုပ်သည်။

"ဒီသောက်ကောင်လေးကလည်း တစ်မျိုး။ ငါ့ဖာသာ ငါကြိုးဆွဲချမဲ့ဟာတောင်မှ အေးအေး မချရဘူး။ အရေးထဲ သူက ငတ်ကြီးကျပြီး နို့စို့ချင်နေသေးတယ်။ ဒုက္ခပါပဲ .. တော်။ လောကကြီးမှာ ဘာများ ကောင်းတာရှိသေးတော့လဲ။ ငါ့ဆီက နင်နို့စို့လို့တော့ရမှာ မဟုတ်ဘူး .. ဟဲ့ .. သောက်ကောင်လေးရဲ့။ ငါ့ဆီက နင် အဆိပ်ပဲ စို့လို့ရမယ်။ အဆိပ်ပဲရမယ် .. သိလား"

သူသည် ကလေးကို ဆောင့်ကြီး အောင့်ကြီးနှင့် ကောက်ချီသည်။ "ကြည့်စမ်း၊ တွေ့လား .. တွေ့လား၊ ငတ်ကြီးကျလိုက်တာက အလွန်ပဲ" ဟု ဒေါသတကြီးဖြင့် အော်ကြီးဟစ်ကျယ်ပြောသည်။ ပြီးတော့ သူ့နို့ကို ကလေးပါးစပ်ထဲ ထိုးထည့်ပေးသည်။



"ကဲ .. ရော့ .. ရော့၊ မျိုဟဲ့ .. ဆို့ဟဲ့"

A WOMAN'S WRATH

ISAAC LOEB PERETZ

❑

www.burmeseclassic.com

www.burmeseclassic.com

## မြွေမ

ဇူလိုင်လတစ်မနက်ခင်းမှာပေါ့။ ကျုပ်ဟာ ကျုပ်ကားကို ပီယာဇာ မီလော့ နီဒါဖော်လီ ရပ်ကွက်ထဲက ယူကလစ်ပင်တွေအောက်မှာ ရပ်ထားတယ်။ ကျုပ်ကားရပ်ထားတဲ့ နေရာက ရေမထွက်တော့တဲ့ ရေပန်းကြီးနဲ့ သိပ်မဝေးဘူး။ ကျုပ်ကတော့ ကားထဲမှာထိုင်ပြီး ငိုက်နေတယ်။ အဲဒီတုန်းမှာပဲ ယောကျ်ားနှစ်ယောက်နဲ့ မိန်းမတစ်ယောက် ရောက်လာပြီး လီဗိုဒီလာဗီနီယိုဘက် လိုက်ပို့ပေးဖို့ ငှားတယ်။

ကျုပ်နဲ့သူတို့ ကားခရေးစကားပြောနေခိုက်မှာပဲ ကျုပ်ဟာ သူတို့ အရိုင်အခြည်ကို အကဲခတ်တယ်။ ယောကျ်ားနှစ်ယောက်ထဲက တစ်ယောက်က ဆံပင်ရှုလှူ၊ အရပ်မြင့်မြင့်၊ ကိုယ်လုံးတုတ်ခိုင်ခိုင်နဲ့ဗျ။ မျက်နှာက အရောင်အဆင်းမရှိသလိုပဲ မျက်လုံးတွေကလည်း ခပ်ချိုင့်ချိုင့်နဲ့ အသက်ကတော့ သုံးဆယ့်ငါးနှစ်ယောက် ရှိပြီ။

နောက်တစ်ယောက်ကတော့ အသက်ငယ်ငယ်ပဲ ရှိဦးမယ်။ အသားမဲတယ်။ ဆံပင်က မသပ်မရပ်နဲ့၊ လိပ်ခွံကိုင်းမျက်မှန် တပ်ထားတယ်။ လူပုံက ပိန်ခြောက်ခြောက်နဲ့ စိတ်ဂဏှာမငြိမ်တဲ့ပုံစံမျိုး။ ကျောင်းသားတစ်ယောက်နဲ့ တူသလိုလိုပဲ။

မိန်းမကတော့ အဝတ်ကြီးကို ပိန်တာပဲ၊ မျက်နှာက ရှည်ရှည်သွယ်သွယ်နဲ့ ပိန်ရတဲ့အထဲမှာ အစိမ်းရောင် ဂါဝန်ကြပ်ကြပ်ကို ဝတ်ထားတော့ သူ့ကို ကြည့်ရတာ မြွေတစ်ကောင်နဲ့ တူနေတယ်။ ဒါပေမယ့် နှုတ်ခမ်းနဲ့ မျက်လုံးတွေကတော့ လှတယ်ဗျ။ သူ့မျက်လုံးက အနက်ရောင်ဆိုတော့ ရေစိုနေတဲ့ ကျောက်

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးခဲလို အရောင်တလက်လက် ထွက်နေတယ်။

သူက ကျုပ်ကိုကြည့်လိုက်တဲ့ပုံ မြင်တာနဲ့ပဲ ကျုပ်ဟာ သူတို့ကို လိုက်ပို့ချင်တဲ့စိတ် ဖြစ်သွားတယ်။ ဒါကြောင့်မို့ သူတို့ကစပြီး ပေးတဲ့ဈေးနဲ့ပဲ လိုက်ပို့ဖို့ သဘောတူလိုက်တယ်။ အဲဒီနောက်တော့ သူတို့အားလုံး ကားထဲဝင်ထိုင်ကြတယ်။ အရပ်မြင့်မြင့်၊ ချောချောကောင်က ကားရဲ့ရှေ့ခန်း ကျုပ်ရဲ့ဘေးမှာ ထိုင်တယ်။ ဟိုနှစ်ယောက်က နောက်ခန်းမှာ နေရာယူကြတယ်။ ချက်ခြင်းပဲ ကျုပ်တို့ဟာ ကားကို မောင်းပြီး ထွက်လာခဲ့ကြတယ်။

ကျုပ်ဟာ ကားကို ရောမမြို့လယ်က ဖြတ်မောင်းလာခဲ့တယ်။ ဒါမှလဲ အင်ဓီယိုဘက်ကို အနီးဆုံးလမ်းဖြစ်တဲ့ ဆန်ပါအိုလို ရပ်ကွက်ထဲက ဘတ်ဆီလီကာလမ်းကျတော့ ကျုပ် ဓာတ်ဆီဖြည့်တယ်။ ပြီးတော့ ကားကို အရှိန်ခပ်ပြင်းပြင်းတင်ပြီး မောင်းလာခဲ့တယ်။ ကျုပ်သွားရမယ့် ခရီးအကွာအဝေးကို ခန့်မှန်းကြည့်တယ်။ အနည်းဆုံး ကီလိုမီတာ ငါးဆယ်လောက်တော့ ဝေးမယ်လို့ထင်တယ်။ အခုဆိုရင် တိုးနာရီခွဲ၊ ဟိုကို ဆယ့်တစ်နာရီလောက်တော့ ရောက်မှာပဲ။ ပင်လယ်ဆိပ်မှာ ရေချိုးလို့ သိပ်ကောင်းမယ့်-အချိန်ပေါ့။

ကျုပ်အဖို့ကတော့ ဟိုမိန်းမဟာ ဆွဲဆောင်မှုအပြည့် ရှိနေတယ်။ ဒီတော့သာ သူနဲ့ မိတ်ဆွေဖြစ်ရဖို့ ကျုပ် မျှော်လင့်နေတယ်။ သူတို့ကိုကြည့်ရတာကတော့ အထက်တန်းကျကျ လူစားတွေ မဟုတ်ဘူးလို့ တွက်လို့ရတယ်။ ယောကျ်ားနှစ်ယောက်ရဲ့ စကားပြောပုံဆိုပုံ လေယူလေသိမ်းတွေအရ နိုင်ငံခြားသားတွေ ဖြစ်လိမ့်မယ်လို့ ယူဆရတယ်။ ရောမမြို့ပတ်ပတ်လည်မှာ ဖွင့်ထားတဲ့ ဒုက္ခသည်စခန်းတွေထဲက ဒုက္ခသည်တွေဖြစ်ဖို့ များတယ်။

မိန်းမကတော့ အီတလီမပဲ။ ဒါပေမယ့်လည်း သူလည်းပဲ အဆင့်မြင့်မြင့်အတန်းစားထဲက ဟုတ်မယ်မထင်ဘူး။ သူ့ကိုမြင်တဲ့လူအနေနဲ့ အိမ်စေတစ်ယောက် ဒါမှမဟုတ်ရင် ခဝါသည်မ တစ်ယောက်လို့ ထင်မှာပဲ။ သူ့အဆင့်က အဲဒီအတန်းအစားလောက်ပဲ ရှိလိမ့်မယ်လို့ ကျုပ်ထင်တယ်။

အဲဒီလိုအတွေးတွေ ကျုပ်စိတ်ထဲမှာ ရှိနေပေမယ့် ကျုပ်နားတွေကတော့ သူတို့ပြောသမျှ စကားတွေကို ဂရုတစိုက် နားထောင်နေတယ်။ ကားနောက်ခန်းထဲက မဲမဲအကောင်နဲ့ ကောင်မကတော့ စကားတွတ်ထိုးလိုက် ရယ်လိုက်နဲ့ ခပ်မြူးမြူးပဲ။ အထူးသဖြင့် တခိုးခိုး တခစ်ခစ်နဲ့ ရယ်နေတာကတော့ အမျိုးသမီးပဲ။ ကျုပ်အနေနဲ့ စတွေ့ကတည်းက သူ့အထာကို သတိထားမိပါတယ်။ ကောင်မက



ဆံနွံနဲ့ . . .၊ ခပ်ပျံ့ပျံ့ဆတ်စလူးစိန်လို့ ခေါ်ရမယ့် အစားထဲကပဲ။ သူ့ကိုကြည့်ရတာ မြွေပေါက်စတစ်ကောင်နဲ့ အတော့်ကို တူတာပဲ။

သူတို့နှစ်ယောက်ရဲ့ ရယ်သံတွေကိုကြားတော့ ချောချောကောင်က နှာခေါင်းရှုံ့တယ်။ ဒါပေမယ့် ဘာမှတော့ မပြောဘူး။ နောက်ကိုလည်း လှည့်မကြည့်ဘူး။ တစ်ခုတော့ရှိတယ်။ သူ့ရဲ့နေကာ မျက်မှန်အောက်က မျက်လုံးတွေနဲ့ နောက်ကြည့်မှန်ထဲက တစ်ဆင့် ကားနောက်ထဲက နှစ်ယောက် ဘာဖြစ်နေတယ်ဆိုတာကို ကြည့်လာတယ်။ ဒီလိုနဲ့ပဲ ကျုပ်တို့ကားဟာ ထရာပစ်ဘုန်းကြီးကျောင်းရှေ့က ဖြတ်ပြီး အင်ဇီယိုလမ်းဆုံကို ရောက်လာတယ်။

အဲဒီနေရာရောက်တော့ ကျုပ်က ကားအရှိန်ကို လျှော့လိုက်ပြီး "ဘယ်ကို သွားကြမှာလဲ"လို့ ကျုပ်ဘေးက ကောင်ကိုမေးတယ်။ သူက "လူတစ်ယောက်မှမရှိတဲ့ တိတ်တိတ်ဆိတ်ဆိတ် နေရာတစ်နေရာကို ပို့ပေး"တဲ့။ "တို့က တို့လူစုလေးပဲ လွတ်လွတ်လပ်လပ်နေချင်တယ်"တဲ့။ "ဒီအနားမှာ လူမရှိတဲ့ သဲသောင်ပြင်အရှည်ဟာ ကီလိုမီတာသုံးဆယ်လောက်ရှိတယ်"။ ဘယ်နေရာသွားမယ်ဆိုတာသာ ခင်ဗျား ဆုံးဖြတ်"လို့ ကျုပ်က ပြန်ပြောတယ်။

အဲဒီအခိုက်မှာ ကားနောက်ခန်းထဲက မိန်းမက "နေရာရွေးဖို့ကျတော့ သူ့ကိုပဲ အရွေးခိုင်းလိုက်ရအောင်"လို့ လှမ်းပြောတယ်။ "ဟာ .. မဆိုင်လိုက်တာ၊ ကျုပ်နဲ့ ပတ်သက်နေတဲ့ကိစ္စမှ မဟုတ်တာဘဲ၊ ကိစ္စက ခင်ဗျားတို့ကိစ္စပဲ" လို့ ကျုပ်က ပြန်ပြောတယ်။ ဒါပေမယ့် ကောင်မက ကျုပ်ကိုပဲ ဆုံးဖြတ်ခိုင်းဖို့ သူ့ကောင်တွေကို ထပ်ပြီး တိုက်တွန်းနေတယ်။ ပြီးတော့ သူက ရယ်စရာကောင်းတဲ့ အဖြစ်တစ်ခုကို တွေ့မြင်နေရသလို တအားသဘောကျပြီး ရယ်နေတာဗျ။

အဲဒါနဲ့ပဲ ကျုပ်က .. "လီဒိုဒီ လာဗီနီယိုဖက်ကတော့ လူသိပ်များတယ်။ အဲဒီတော့ သက်ရှိသတ္တဝါဆိုလို့ ဘာကောင်မှ မရှိတဲ့ နေရာတစ်နေရာကို ကျုပ် ရှာပေးမယ် .. လေ။ ဘယ့်နှယ့်လဲ"လို့ ပြောတယ်။ ကျုပ်စကားကြားတော့ ဟိုကောင်မက တအား ထပ်ပြီး ရယ်ပြန်တယ်။ ပြီးတော့ ကျုပ်ပခုံးကို လက်ဝါးနဲ့ ရိုက်ပြီး "ရှင်သိပ်ကိုတော်တယ် .. ဉာဏ်သိပ်ကောင်းတယ်၊ အင်မတန်မှ ပါးနပ်တယ်။ ကျွန်မတို့ လိုချင်တဲ့ နေရာမျိုးကို ရှင်သဘောပေါက်တယ်၊ နားလည်တယ်"လို့ ပြောတယ်။

သူပြောပုံနဲ့ လုပ်ပုံက တစ်မျိုးပဲ ကျုပ်စိတ်တိုသွားတယ်။ ဒါပေမယ့် သူ့အပြုအမူကလေးအတွက် တစ်ဖက်မှာလည်း မျှော်လင့်ချက်ကလေး ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



မိတယ်။ ဟို ·· ချောချောကောင်ကတော့ မှုန်တေတေနဲ့ နှုတ်ဆိတ်နေတယ်။ နောက်ဆုံးကျမှ ··· "ဒီမယ် မိနှာ၊ အခုကိစ္စမှာ ရယ်စရာဆိုလို့ တစ်ခုမှမရှိဘူး" လို့ ခပ်ငေါက်ငေါက်လေသံနဲ့ပြောတယ်။ ကျုပ်ကတော့ ဘာမှ ဝင်ပြောမနေတော့ဘူး၊ ကားကို မောင်းထွက်လာခဲ့တယ်။

ပူလိုက်တာဖြင့် အလွန်ပဲ။ လေလည်းမတိုက်ဘူး။ လမ်းမပေါ်မှာလည်း နေအပူရှိန်ကြောင့် ဝင်းဝင်းတောက်နေတယ်။ ကားနောက်ခန်းထဲက စုံတွဲကမြင်း အရင်ပုံစံ အတိုင်းပဲ၊ စကားပြောလိုက် ရယ်လိုက်နဲ့။ နောက်ဆုံးကျတော့ ရုတ်တရက် ချက်ခြင်းပဲ ငြိမ်တိတ်သွားတယ်။ ရှေ့ခန်းထဲက ဘဲကလည်း နောက်ကြည့်မှန် ထဲကို မျက်ခြည်မပြတ် ကြည့်လာနေရာက···သူမကြိုက်တဲ့ဟာ တစ်ခုခုကို မြင်လိုက်ရသလိုပဲ နှာခေါင်းကိုရှုံ့ပြန်တယ်။

လမ်းဘေး တစ်ဖက်မှာတော့ ဟာလာဟင်းလင်း ဖြစ်ပြီး ချောက်သယောင်နေတဲ့ယာခင်းတွေ၊ ကျန်တစ်ဖက်မှာတော့ ချုံပုတ်တွေ။ 'ဘေးမဲ့တော' လို့ ရေးထားတဲ့ ဆိုင်းဘုတ်ထောင်ထားတဲ့ နေရာကျတော့ ကျုပ်ဟာ ကားအရှိန်ကို လျှော့ချပြီး ချိုးကွေ့လိုက်တယ်။ ကွေ့ကွေ့ကောက်ကောက် လမ်းကျဉ်းတစ်လျှောက် မောင်းဝင်လာခဲ့တယ်။

အဲဒီနေရာဟာ ဆောင်းတွင်းကျရင် ကျုပ် အမဲပစ်သွားလေ့ရှိတဲ့နေရာပေါ့။ မရောက်ဖူးတဲ့လူဆိုရင် သိဖို့မလွယ်တဲ့နေရာပဲ။ ခြုံပုတ်တွေကို လွန်သွားရင် ဟို တစ်ဖက်မှာ ထင်းရှူးတောရှိတယ်။ ထင်းရှူးတောရဲ့ ဟိုတစ်ဖက်မှာကတော့ သဲ သောင်ပြင်နဲ့ ပင်လယ်ရေပြင်ရှိတယ်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အင်္ဂလိပ်ဆိပ် ကမ်းကိုတက်တော့ အမေရိကန်တပ်တွေက ဒီထင်းရှူးတောထဲမှာ ခံတပ်လုပ်ခဲ့ကြ တယ်။ ကတုတ်ကျင်းတွေတောင် ဒီထင်းရှူးတောထဲမှာ အခုထိရှိနေသေးတယ်။ သံချေးအထပ်ထပ်တက်နေတဲ့ စည်သွပ်ဘူးခွံတွေနဲ့ သေတ္တာခွံတွေလည်း အများ ကြီးရှိနေသေးတယ်။ အဲဒီနေရာကိုတော့ လူတွေက မသွားဝံ့ဘူး။ မြှုပ်ထားတဲ့ မိုင်းတွေကွဲမှာ ကြောက်လို့ မသွားရဲကြတာ ·· ဗျ။

နေကဖြင့် ပူသလား မမေးနဲ့ တအားကို ပူတာပဲ။ ခြုံပင်တွေ လွှမ်းနေတဲ့ ကွင်းပြင်တစ်ခုလုံး အရောင်တွေ တလက်လက် ထွက်နေတယ်။ ခြုံပင်တွေရဲ့ ထိပ်ပိုင်းတွေဟာ နေရောင်ကြောင့် ဖြူဖွေးနေကြတယ်။ လမ်းကတော့ ပထမတော့ တည့်ကြီး ဝင်သွားရတယ်။ အတွင်းဘက်ရောက်တော့ တစ်ဆစ်ချိုးကွေ့ပြီး သစ် ပင်မရှိတဲ့ ကွင်းပြောင်ပြောင်ကို ဖြတ်ရတယ်။ ပြီးတော့ နောက်တစ်ခါ ခြုံတော



တွေနဲ့ ထပ်တွေ့ရပြန်တယ်။

ဒီဘက်ပိုင်းရောက်တော့ ထင်းရှူးပင် စိမ်းစိမ်းတွေကို မြင်လာရပြီ။ ကျုပ် ဟာ ကားကို ဖြည်းဖြည်းကလေးပဲ မောင်းနေရတယ်။ ဘာကြောင့်လဲဆိုတော့ ခြုံ ပင်တွေသိပ်များနေတော့ ကားလမ်းကို ကောင်းကောင်း မမြင်ရဘူး။ အမှတ်တမဲ့ မောင်းနေရင်း ချိုင့်ထဲကျပြီး တစ်ခုခုဖြစ်သွားမှာ ကြောက်ရတယ် မဟုတ်လား။ အဲသလို ကားကိုဂရုစိုက်ပြီး မောင်းနေရတဲ့ အချိန်ကျမှ ရုတ်တရက် ကျုပ်ဘေးမှာ ထိုင်နေတဲ့ကောင်က ကျုပ်ကို ကိုယ်လုံးချင်း တိုက်လိုက်တယ်။ တိုက်လိုက်တဲ့ အရှိန်ကပြင်းတော့ ကျုပ်ဟာ ကားထဲက ထွက်ကျတော့မလို ဖြစ်သွားတယ်။

"ဘယ်လိုလုပ်လိုက်တာလဲကွ" လို့ ကျုပ်က ဘရိတ်ကို တအားကုန် ဆောင့်နင်းပြီး အော်လိုက်မိတယ်။ အဲဒီအချိန်မှာပဲ သေနတ်သံတစ်ချက် ကြားလိုက် ရတယ်။ တစ်ချိန်ထဲမှာပင် ကျုပ်ရဲ့နောက်တည့်တည့်က ဖူးရှရှအရာတစ်ခုနဲ့ သာထောက်ထားတာကို ခံလိုက်ရတယ်။ နောက်ကြည့်မှန်ထဲကို လှမ်းကြည့်လိုက် တော့ ·· လား ·· လား အပေါက်လေးတစ်ပေါက်နဲ့ ပြောင်းတံလေးတစ်ချောင်း မှာ ကျုပ်တစ်ကိုယ်လုံး တောင့်တင်းသွားတယ်။ ကားထဲက ခုန်ချပြီး "ကယ် တော်မူကြပါ။ လူသတ်သမားတွေက ကျုပ်ကို သတ်နေကြပါပြီ" လို့ အော်မလို့ သည်းစိတ်ကူးလိုက်ရော မဲမဲကောင်က ခြောက်လုံးပြူးပြောင်းဝနဲ့ ကျုပ်ကျောကို ဆောင့်ထိုးပြီး ··· "မလှုပ်နဲ့" လို့ပြောတယ်။

ကျုပ်မလှုပ်ရဲတော့ဘူး။ "ခင်ဗျားတို့ ဘာလိုချင်လို့လဲ" လို့ မေးတော့ မဲမဲကောင်က "မင်းနားက ငတုံးက မင်းကို ဘာမှ မလုပ်တော့လည်း ငါတပဲ လုပ်ရတော့တာပေါ့။ ငါတို့ မင်းကားကို လိုချင်တယ်" လို့ပြောတယ်။ သူ့စကား ကြားတော့ ခပ်ချောချောကောင်က အံကြိတ်ပြီးပြောတယ်။ "ငါငတုံးမဟုတ်ဘူး ·· ကွ" တဲ့။ အဲဒီတော့ ဟိုအကောင်က ·· "မင်းဟာ ငတုံးပါကွာ၊ ငတုံးမှ ငတုံးအစစ်" တဲ့။ "ငါက ဒီကောင်ကို သေနတ်နဲ့ ပစ်ရမယ်လို့ ငါတို့ သဘော တူထားခဲ့တာ မဟုတ်ဘူးကွ၊ မင်းက တွန်းချရမှာ ·· အခုတော့ ·· မင်းလုပ်ပုံ သောက်သုံးမကျတော့ ···"

သူ့စကားမဆုံးခင် ခပ်ချောချောကောင်က ကြားဖြတ်ပြီး ·· "မိနှာ တရင်းတနှီး ပလူးပလဲ မလုပ်ရဘူးလို့လဲ ငါတို့ သဘောတူထားတယ် မဟုတ် လား၊ အဲဒါကို မင်းပဲ စဖောက်တာကွ" လို့ ပြန်ပြောတယ်။ သူတို့ချင်းယောက် ငြင်းခုံနေကြတာကိုကြည့်ပြီး ကောင်မကရယ်တယ်။ "ကျွန်မတို့အားလုံး ရေနစ်

www.burmeseclassic.com

www.burmeseclassic.com



ပြီ" လို့ပြောတယ်။

အဲဒီတော့ တစ်ယောက်က .. "ဘာဖြစ်လို့လဲ"တဲ့။ "ဘာဖြစ်လို့လဲ ဆိုတော့ ဒီလူက ရောမမြို့ကို ပြန်သွားပြီး ရဲတိုင်တော့မှာ သေချာနေလို့ပေါ့"တဲ့။

"အေး .. ဟုတ်တယ်။ အဲဒါအမှန်ပဲ"လို့ ခပ်ချောချောကောင့်က ထောက်ခံတယ်။ သူဟာ စီးကရက်တစ်လိပ်ထုတ်ပြီး ပါးစပ်မှာတပ်လိုက်တယ်။ မီးညှိပြီး ဖွာနေတယ်။ ဟိုမဲမဲကောင်က ကောင်မဘက်လှည့်ပြီး .."ကဲ .. ဒီလို ဆိုရင် တို့ဘာလုပ်ကြမလဲ .."လို့ မေးတယ်။

ကျုပ်က နောက်ကြည့်မှန်ထဲ လှမ်းကြည့်လိုက်တော့ ကောင်မက ထိုင်ခုံ ခေါင်းနားကို တိုးထိုင်လိုက်တယ်။ ပြီးတော့ ကျုပ်ဘက်လှည့်ပြီး လက်ညှိုးကို ထွေးပြတယ်။ သေနတ်မောင်းခလုတ်ကိုဆွဲတဲ့ပုံမျိုး လုပ်ပြနေတာဗျ။ နောက်တစ်ကြိမ် ကျုပ်တစ်ကိုယ်လုံး တောင့်တင်းသွားတယ်။ အဲဒီတုန်းမှာပဲ မဲမဲကောင်ရဲ့ စကားပြောသံကို ကျုပ်ကြားလိုက်ရတယ်။

"ငါမလုပ်နိုင်ဘူး ဒါမျိုးလုပ်ရတာက တစ်ကြိမ်ပဲ ရဲဆေးတင်လို့ရတာ။ အခုကျတော့ ငါ့မှာ လုပ်ချင်တဲ့စိတ် မရှိတော့ဘူး။ ငါလုံးဝ မလုပ်နိုင်တော့ဘူး" တဲ့။

ကျုပ်အားတက်လာတယ် သတ္တိလဲ ရှိလာတယ်။ "ခင်ဗျားတို့က ဒီတက္ကစီကားကိုရတော့ ဘာလုပ်ကြမှာလဲ၊ ပြောစမ်းပါဦး၊ ကားနံပါတ် အတုကို ဘယ်သူက ပြောင်းတပ်ပေးမှာလဲ။ ဆေးရောင်ကိုရော ဘယ်သူက ပြောင်းသုတ်ပေးမှာလဲ" လို့ ကျုပ်က ခပ်တည်တည်နဲ့မေးတယ်။

သူတို့ဟာ ကျုပ်ရဲ့ မေးခွန်းတွေကို တစ်ခုချင်းစီ စဉ်းစားပုံရတယ်။ စဉ်းစားပြန်တော့လဲ ကျုပ်ပြောတာက မှန်သလို ဖြစ်နေတယ်။ အဲဒီတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘူး။ ပထမစပြီး စီစဉ်တုန်းကတော့ ကျုပ်ကို သူတို့က သတ်ဖို့ စီစဉ်ထားတာ အမှန်ပဲ။ စီစဉ်ထားတဲ့အတိုင်း ဖြစ်မလာတော့ ကျုပ်ကို သတ်ဖို့ ဆိုတာ ဝေးရော၊ လုဖို့ယက်ဖို့တောင် သတ္တိက မရှိကြတော့ဘူး။

ဒါပေမယ့် မဲမဲကောင်က .."တို့ဆီမှာ အားလုံးလိုလို ရှိနေတာပဲ မဟုတ်ကြနဲ့"လို့ပြောတယ်။ အဲဒီတော့ ချောချောကောင်က မလိုတမာအသံနဲ့ .. "တို့ဆီမှာ ဘာမှမရှိဘူး။ တို့မှာရှိတာဆိုလို့ လီယာငွေနှစ်သောင်းနဲ့ မပစ်ရဲတဲ့ ခြောက်လုံး ပြူးတစ်စုံလက်ပဲရှိတာ" လို့ ပြန်ပြောတယ်။

အဲဒီအချိန်မှာပဲ ကျုပ်အကြည့်ဟာ နောက်ကြည့်မှန်ပေါ် ရောက်သွားပြီး



တယ်။ အန်မယ် .. ဟိုကောင်မက ကျုပ်ဘက်ကို လက်ညှိုးထိုးပြပြီး လက်ဟန်ခြေဟန်နဲ့ သေနတ်ပစ်ဖို့ တွန်းပေးနေပြန်ပြီ။ ကျုပ်ကလည်း ဘာရမလဲဗျာ။ "ဒီမယ် .. ဆီညော်ရာမီနာ၊ ကျုပ်တို့ရောမကို ပြန်ရောက်တဲ့အခါမှာ ခင်ဗျား အခုလုပ်ပြနေတဲ့ အမူအရာတွေကြောင့် ထောင်ထဲမှာ နှစ်အနည်းငယ်လောက်တော့ နေရမှာသေချာတယ်နော်" လို့ ပြောလိုက်တယ်။

အဲဒီနောက်တော့ ကျုပ်ဟာ နောက်ကနေပြီး ကျုပ်ကျောကို သေနတ်နဲ့ ချိန်ထားတဲ့ မဲမဲကောင်ဘက် လှည့်ကြည့်လိုက်တယ်။ ပြီးတော့ ဒေါသတကြီးနဲ့ အော်ပြောလိုက်တယ်။ "ကဲ .. ကိုယ့်လူ၊ ဘာကိုစောင့်နေတာလဲ ပစ်လေ .. ပစ်ပေါ့ကွ၊ လူကြောက် မင်းပစ်ရဲရင် ပစ်လေ .. ကွာ"

ကျုပ်အသံဟာ ကားထဲမှာ ဟိန်းပြီး ပဲ့တင်ထပ်နေတယ်။ ဒီတစ်ခါမှာတော့ အမျိုးသမီးက အချိုးပြောင်းသွားတယ်။ "ရှင်တို့သိကြရဲ့လား၊ ရှင်တို့ထဲမှာ ဘယ်သူသတ္တိအရှိဆုံးလဲ .. သိလား"လို့ မေးတယ်။ ပြီးတော့ ကျုပ်ကို လက်ညှိုးထိုးပြပြီး .. သတ္တိအရှိဆုံးလူဟာ သူပဲပေါ့"တဲ့။

မဲမဲကောင်ရဲ့ ပါးစပ်က ရေရွတ်သံ ကြားရတယ်။ ဆဲတာလား၊ ကျိန်ဆဲတာလား မသိဘူး။ ပြီးတော့ တံတွေးတစ်ချက် "ပစ်ခနဲ"ထွေးလိုက်တယ်။ တံခါးကို တွန်းဖွင့်ပြီး ကားထဲက ခုန်ဆင်းတယ်။ ကျုပ်ဆီကို လျှောက်လာပြီး အနားမှာ လာရပ်တယ်။ "ကဲကွာ ဒီလိုဆိုရင် မြန်မြန်ပြော၊ တို့ကိုရောမကို ပြန်ပို့ခနဲ့ ရဲကိုမတိုင်ဘဲ ရေငုံနှုတ်ပိတ် လုပ်နေဖို့အတွက် မင်းဘယ်လောက် လိုချင်သလဲ"လို့မေးတယ်။

ဘေးအန္တရာယ်ကင်းသွားပြီဆိုတာ ကျုပ် သဘောပေါက်သွားပြီ။ "ကျုပ် ခင်ဗျားတို့ဆီက ဘာမှ မလိုချင်ပါဘူး။ ကျုပ်လိုချင်တာက ခင်ဗျားတို့ကို ရီဂျီးနာ ကိုလီထောင်ကြီးဆီကိုပဲ ပို့ပေးချင်တယ်"လို့ ကျုပ်က ပြန်ပြောတယ်။ မဲမဲကောင် က ကြောက်သွားတဲ့ပုံ မပေါ်ဘူးဗျ၊ သူ့ကြည့်ရတာ မထူးတော့ဘူး ဖြစ်ချင်တာဖြစ် တော့လို့ သဘောထားနေပုံရတယ်။

သူက ကျုပ်ကို ကြည့်ပြီး .. "ဒီလိုဆိုရင်တော့ ငါ မင်းကို သတ်ရမှာပဲ"တဲ့။ ကျုပ်ကလည်း "ကောင်းပြီလေ ခင်ဗျားသတ်ချင်လည်း သတ်ပေါ့"လို့ ပြန်ပြောတယ်။ "ခင်ဗျားမသတ်ရဲပါဘူး၊ ခင်ဗျား ထောင်ထဲရောက်နေတာကို ကျုပ်မြင်ရမှာပါ၊ ခင်ဗျားတစ်ယောက်ထဲမကဘူး ခင်ဗျားရဲ့ အဖော်ကောင်မရော ကိုယ့်ထောင်ရော၊ သုံးယောက်စလုံး ထောင်ကျနေတာကို ကျုပ်မြင်ရမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ .. အဲသလိုဆိုတော့လည်း ကောင်းတာပေါ့"လို့ သူကပြော ပြီး နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်တယ်။ သူ့လက်ထဲက သေနတ်နဲ့ ကျုပ်ကိုချိန်တယ်။ တကယ်ပစ်တော့မယ့် အနေအထားပဲ။ အဲဒီတုန်းမှာ ကံကောင်းချင်တော့ အမျိုးသမီးက လှမ်းတားတယ်။ "မလုပ်နဲ့ .. သူ့ကို ငွေပေးမယ့်အစား ဒီသေနတ်နဲ့ ရှင်လိုချင်တာကို အလုပ်ခိုင်းပေါ့၊ သူကလည်း ရှင်ခိုင်းတာ လုပ်မှာပါပဲ"လို့ ပြောတယ်။

တစ်ချိန်ထဲမှာပဲ အမျိုးသမီးက ကျုပ်ဘက်ကိုကုန်းပြီး ကျုပ်နားရွက်တစ်ဖက်ကို သူ့လက်ချောင်းကလေးတွေနဲ့ ပွတ်ပေးတယ်။ သူလုပ်လိုက်တာကို ဟိုနှစ်ကောင်မမြင်ဘူးဗျ .. သိလား။ ကျုပ်စိတ်ဟာ အတော့်ကို လွှပ်ရှားသွားတယ်။ အစကတည်းက ကျုပ်ပြောခဲ့ပြီးပြီ .. ပဲ။ အမျိုးသမီးက ကျုပ်ကို အတော်ကြီး ဆွဲဆောင်နေတယ်။ ဘာ့ကြောင့်ဆိုတော့ ကျုပ်လည်း အတိအကျမသိဘူး။ ကျုပ် အထင်ပြောရရင်တော့ သူ့အဖို့လည်း ကျုပ်ဟာ ဆွဲဆောင်မှုရှိတဲ့ လူတစ်ယောက် ဖြစ်နေပုံပဲ။

ကျုပ်က မဲမဲကောင်ရဲ့ အရိပ်အခြည်ကို မသိမသာ အကဲခတ်တယ်။ အမျိုး သမီးကိုလည်း ဘေးစောင်းကြည့်လိုက်တယ်။ သူက ကျုပ်ကို ကြည့်နေတယ်။ မျက်လုံးတွေက ရီပြုံးနေတယ် .. ဗျ။ ကျုပ်က ဟိုအကောင်ဖက်လှည့်ပြီး ပြော လိုက်တယ်။ "ခင်ဗျားတို့ငွေကို ကျုပ်မလိုချင်ဘူး၊ ကျုပ်က ခင်ဗျားတို့လို လူဆိုး မားပြတစ်ယောက် မဟုတ်ဘူး။ ဒါပေမယ့် ခင်ဗျားတို့နှစ်ယောက်ကို ကျုပ် အပြန်မှာ ခေါ်မသွားနိုင်ဘူး။ အဲ .. သူ့ကိုတော့ ခေါ်သွားမယ်။ အဲဒါလည်း သူ မိန်းမဖြစ်နေလို့"

ပထမတော့ ဟိုအကောင်က ကျုပ်စကားကို လက်မခံဘဲ ပြန်ငြင်းဦးမယ့် ဟန်ပြတယ်။ ဒါပေမယ့် ဟို .. ချောချောကောင်က ကားထဲက ဖြတ်ခနဲ ခုန်ဆင်း လာပြီး "ကောင်းပါပြေဗျာ ခင်ဗျားတို့နှစ်ယောက် ရောမမြို့ကို ချောချောမောမော ရောက်ကြပါစေ"လို့ပြောတယ်။ အဲဒီတော့ မဲမဲကောင်ကလည်း သေနတ်နဲ့ ချိန် တော့ဘဲ သူ့လက်ကို ချလိုက်တယ်။

အမျိုးသမီးက သွက်လက်ပေါ့ပါးစွာနဲ့ ရှေ့ခန်းတံခါးကိုဖွင့်ပြီး ကျုပ်ဘေး မှာ ဝင်ထိုင်တယ်။ "ကဲ .. ဆရာတို့ သွားတော့မယ်၊ မကြာခင်မှာ ခင်ဗျား နှစ်ယောက် ထောင်ထဲရောက်သွားကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"လို့ ကျုပ် နှုတ်ဆက်စကား ပြောလိုက်တယ်။ အဲဒီနောက်တော့ စတီယာရင်ကို လက်



တော်နဲ့ကိုင်ပြီး ကားကို နောက်ဘက်ပြန်ကွေ့လိုက်တယ်။ ဘာကြောင့်လည်းဆို တော့ ကျုပ်ရဲ့ လက်တစ်ဖက်က မအားတော့ဘူး။ ဟိုအမျိုးသမီးက ကျုပ်လက် ကိုကိုင်ပြီး ဖြစ်ညှစ်နေတယ်မဟုတ်လား။

ကျုပ်ဟာကားကို လမ်းမကြီးဆီကို ပြန်မောင်းလာခဲ့တယ်။ ငါးကီလိုမီတာ လောက်ရောက်တဲ့အထိ ကျုပ်ဟာ ပါးစပ်ကိုမဟဘူး။ သူကတော့ တစ်ချိန်လုံး ကျုပ်လက်ကို ဆွဲညှစ်လာနေတုန်းပဲ။ ကျုပ်အဖို့တော့ ကျေနပ်လို့မဆုံး ပီတိဖြစ်လို့ မဆုံးဘူးပေါ့ .. ဗျာ။ အခုဆိုရင် ကျုပ်ကိုယ်တိုင် လူတစ်ယောက်မှမရှိမဲ့ နေရာ တစ်နေရာကို လိုက်ရှာနေပြီ။ ဒါပေမယ့် ကျုပ်နဲ့ ဟိုကောင်နှစ်ကောင်ရဲ့ ရည်ရွယ် ချက်တတော့ ဘယ်တူပါ့မလဲ။

ဒါပေမယ့်ကျုပ်က ကားကိုရပ်ပြီး ပင်လယ်ဆိပ်ကမ်းသွားတဲ့ လမ်းဆီကို ဦးတည်လိုက်တော့ သူက စတီယာရင်ကို လှမ်းကိုင်ထားတယ်။ "ဘာလဲ .. ရှင် ဘာလုပ်တာလဲ၊ ကျွန်မတို့ ရောမကိုပြန်မှာ မဟုတ်လား"လို့ပြောတယ်။ ကျုပ် က သူ့မျက်နှာကို ခပ်တင်းတင်း မျက်နှာထားနဲ့ စိုက်ကြည့်လိုက်ပြီး "တို့နှစ်ယောက် ရောမမြို့ကို ညနေခင်းကျမှ ပြန်မယ်"လို့ ပြန်ပြောတယ်။

"အော် .. ဒီလိုလား၊ ကျွန်မနားလည်သွားပြီ"လို့ သူကပြောတယ်။ "ရှင်လည်း တခြားအကောင်တွေနဲ့ အတူတူပါပဲလား"တဲ့။ အဲဒီနောက်တော့ ကျုပ် ဘယ်လိုပဲ ကြိုးစား ကြိုးစား အလကားပဲ။ ကျုပ်ကို သူ့ကို ပွေ့ဖက်ပြီး နမ်းမလို့ လုပ်တော့ သူက ခေါင်းကို ဘယ်ယိမ်းညာတိမ်းလုပ်ပြီး ရှောင်နေတယ်။ အဲဒီတော့ ကျုပ်ဟာ သူ့ကိုနမ်းလို့မရတော့ဘူး။

ကျုပ်သိပ်ပြီး စိတ်တိုလာတယ်။ ဒေါသလည်း ဖြစ်လာတယ်။ ရုတ်တရက် ဆိုသလိုပဲ အခြေအနေမှန်ကို နားလည်လာတယ်။ ဒီခရီးဟာ အလကားပဲ၊ ကျုပ် ပြောသလိုပြောရရင် ခါတ်ဆီနဲ့ အချိန်ပဲ ကုန်တယ်။ အမှန်ကိုမြင် လာတဲ့အခါမှာ ကျုပ်ဟာ ပိုပြီး ဒေါပွလာတယ်။ ကျုပ်ဟာ ဖက်ထားတဲ့ ကောင်မ ကို ဆောင့်တွန်းပစ်လိုက်တယ်။

"နင် .. ငရဲပြည်သွားပြီး အဲဒီမှာပဲ တစ်သက်လုံး နေလိုက်တော့" လို့ ကျုပ်က စိတ်ဆိုးမာန်ဆိုးပြောလိုက်တယ်။ သူက နောက်ဆုတ်ပြီး ကားဒေါင့်ထဲ မှာ သွားကပ်နေတယ်။ ကျုပ်ကားကို ဆက်မောင်းလာခဲ့တယ်။ ရောမမြို့ကို ရောက် တဲ့အထိ တစ်ယောက်နဲ့တစ်ယောက် စကားတစ်ခွန်းမှ မပြောကြတော့ဘူး။

မြို့ထဲရောက်တော့ ကျုပ်က ကားကိုရပ်ပြီး တံခါးကို ဆောင့်ဖွင့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ "ကဲ .. မယ်မင်းကြီးမ ကြွပေတော့၊ မြန်မြန်ကြွ .. မြန်မြန်ကြွ" လို့ ပြောလိုက်တယ်။ သူက အတော်အံ့အားသင့်သွားတဲ့ မျက်နှာထားနဲ့ ကြည့်နေတယ်။ "တကယ်ပြောတာလား .. ရှင်ကျွန်မကို စိတ်ဆိုးနေသလား" တဲ့။

ကျုပ်စိတ်မရှည်တော့ဘူး။ ဒေါသတကြီးနဲ့ပဲ "ဘာလဲ .. နင်က ငါ့ကို သတ်ချင်နေသလား။ နင်က ငါ့ရဲ့ အချိန်၊ ငါ့ရဲ့ ဓာတ်ဆီနဲ့ ငါ့ရဲ့ငွေကို သက်သက်မဲ့ လာဖြုန်းတာပဲ။ ကဲ .. ကွာ .. တော်ပြီ၊ ဘာမှ ထပ်ပြောမနေနဲ့၊ နင့်ကို ငါက စိတ်ဆိုးစရာ အကြောင်းလည်းမရှိဘူး။ သွား .. သွားတော့ နင့်ကို ရဲစခန်းမပို့တဲ့အတွက် ငါ့ကို နင်ကျေးဇူးတင်ရမယ် .. သိလား" လို့ တအားကြုံးအော်ဟစ်လိုက်တယ်။

အဲဒီတော့ ဒီကောင်မက ကျုပ်ကို ဘာပြောသွားတယ်မှတ်လဲ။ "ရှင်ဟာ တော်တော့ကို 'နှာဘူး' ကျတဲ့ လူပါလား" တဲ့။ ပြောလဲပြီးရော ကားပေါ်က ဆင်းသွားတယ်။ ကြပ်ကြပ်သပ်သပ် ဝတ်ထားတဲ့ အဝတ်အစားကြောင့် ငါးဖောင်ရိုးလိုဖြစ်နေတဲ့ ပိန်ညောင်ကိုယ်ကလေးကို နွဲ့၊ ဖင်လေးကိုယမ်းပြီး လူတွေနဲ့ ကားတွေကြားက ဖြတ်လျှောက်သွားတယ်။ သူ့စကားကြောင့် ကြောင်ပြီး ကျန်ရစ်ခဲ့တဲ့ကျုပ်ဟာ .. ကျုပ်မျက်စိအောက်က ပျောက်သွားတဲ့အထိ မျက်စိတစ်ဆုံး လိုက်ကြည့်နေမိတယ်။ အဲဒီတုန်းမှာပဲ ကားထဲကို လူတစ်ယောက်ဝင်ထိုင်တယ်။ ပါးစပ်ကလည်း အော်ပြောတယ်။

"ပိယာဇာဒယ်လ်မိုပိုလို ကိုမောင်း" တဲ့။

THE FANATIC

ALBERTO MORAVIA

❑

## ပြန်ပေး

ခင်ဗျားတို့ အမြင်မှာတော့ ဒီကိစ္စဟာ အစဉ်ချောမွေ့ပုံပေါ်နေမှာပဲ .. ဒါပေမဲ့ ကျုပ်ပြောပြတာကို ပြီးဆုံးသွားသည်အထိ စောင့်ပြီး နားထောင်ဖို့တော့ လိုပါတယ်။ အဖြစ်က ဒီလိုပါ။

"ပြန်ပေးဆွဲမယ်" ဆိုတဲ့ စိတ်ကူးဝင်လာချိန်က ကျုပ်တို့နှစ်ယောက်ဟာ ...။ အင်း .. ကျုပ်တို့နှစ်ယောက်ဆိုတာက "ဘစ်လ်ဒရီစကိုးနဲ့ကျုပ်" ပေါ့။ အဲ .. အဲဒီစိတ်ကူးရလာချိန်တုန်းက ကျုပ်တို့ဟာ တောင်ပိုင်းဒေသတွင်းက အလာဘားမားပြည်နယ်ထဲမှာ ရောက်နေကြတယ်။ အမှန်တော့ ဒီစိတ်ကူးဟာ နောင်အခါ ဘစ်လ်သုံးခဲ့တဲ့ စကားအသုံးအနှုန်းအတိုင်း ပြန်ပြောရရင်။ "မကောင်းစိတ်ကြောင့် ယာယီစိတ်ဖောက်ပြန်ပြီး ရူးနေတဲ့ တဒင်္ဂအချိန် ကလေးအတွင်းမှာ ပေါ်လာတဲ့ စိတ်ကူး" လို့ ဆိုရမှာပါ။

အဲဒီအချိန်က အလာဘားမားပြည်နယ်ထဲမှာ ဆန်မစ်လို့ခေါ်တဲ့ မြို့ငယ်လေးတစ်မြို့ရှိတယ်။ မြို့သူမြို့သားတွေကတော့ ရသမျှနဲ့ ကိုယ့်ဘဝကိုယ် ကျေနပ်နေလေ့ရှိကြတဲ့ တောင်သူလယ်သမား လူတန်းစားတွေ .. ဗျ။

ဘစ်လ်နဲ့ ကျုပ်လက်ထဲမှာ နှစ်ဦးစပ် ရင်းနှီးမြှုပ်နှံဖို့ စုထားတဲ့ ငွေဟာ ခြောက်ရာလောက်ရှိတယ်။ အနောက်ပိုင်း အီလီနွိုက်စ်ပြည်နယ်ထဲက မြို့ပြဆိုင်ရာ ဆောက်ရေး လုပ်ငန်းမှာ ကန်ထရိုက်ရမယ်ဆိုရင် ကျုပ်တို့အဖို့ ငွေနှစ်ထောင်လောက်လိုတယ်ပဲ။ အဲဒီလို ကန်ထရိုက်အလုပ်မျိုးဆိုတာက ကလိန်ကကျစ်လုပ်လို့ ရမှာတယ်တဲ့အလုပ်မဟုတ်လား။ အဲဒီတော့ ကျုပ်တို့အနေနဲ့ အဲဒီကန်ထရိုက်အလုပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ဝင်လုပ်ဖို့ စိတ်ကူးထားကြတယ်။ ဒါပေမယ့် လက်ထဲမှာရှိနေတဲ့ ငွေနဲ့က မလုံလောက်ဘူး .. ဗျ။ ကျုပ်တို့မှာ အနည်းဆုံး ဒေါ်လာငွေ နှစ်ထောင်ကျော်လောက် လိုနေတယ်။

ကျုပ်တို့ဟာ ကျုပ်တို့တည်းနေတဲ့ ဟိုတယ်ရဲ့ ရှေ့မျက်နှာစာ လှေခါးများမှာထိုင်ပြီး အဲဒီကိစ္စကို ဆွေးနွေးကြတယ်။ အခု ကျုပ်တို့ရောက်နေကြတဲ့ တောတစ်ပိုင်းမြို့တစ်ပိုင်းဒေသမျိုးမှာ သားသမီးသံယောဇဉ် အလွန်ကြီးတယ်ဆိုတဲ့ အချက်ကို ကျုပ်တို့ အလေးအနက်ထားပြီး ပြောမိကြတယ်။ အဲသလိုနဲ့ပဲ ဒီတစ်ချက်ရယ် .. တခြားနိုင်လုံတဲ့ အချက်တွေရယ်၊ အားလုံးပေါင်းစပ် စဉ်းစားပြီး "ပြန်ပေးဆွဲရေးစီမံကိန်း"ကို အကောင်အထည် ဖော်သင့်တယ်လို့ ကျုပ်တို့ ဆုံးဖြတ်မိကြတယ်။

ပြီးတော့လည်း ဒီလိုအရပ်ဒေသမျိုးမှာက သတင်းထောက်တွေ လွှတ်နိုင်တဲ့ သတင်းစာတိုက်တွေလည်း မရှိဘူး။ ဒါ့အပြင်လည်း ကျုပ်တို့နောက်ကို ခြေရာခံပြီး လိုက်နိုင်တဲ့ ရဲအရာရှိ ကောင်းကောင်းတွေလည်း မရှိဘူး။

ဒီအရပ်မျိုးမှာက ခပ်ထုံထုံ ရဲကြပ်လောက်ကလွဲပြီး ကျွမ်းကျင်ပါးနပ်တဲ့ ရဲမျိုးက ရှိတာမဟုတ်ဘူး။ အဲဒီတော့ ကျုပ်တို့လုပ်ဖို့ စိတ်ကူးထားတဲ့ အလုပ်ဟာ အောင်မြင်လိမ့်မယ်လို့ ယူဆရတယ်။

ကျုပ်တို့ဟာ ဆန်မစ်မြို့ပေါ်က ထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ တစ်ဦးတည်းသောသားကို ပြန်ပေးဆွဲဖို့ ရွေးလိုက်တယ်။ အဲဒီပုဂ္ဂိုလ်ရဲ့ နာမည်က ဆီဘင်နီဇာဒေါ်ဆက်လို့ ခေါ်တယ်။ အဖေလုပ်တဲ့လူက လေးစားထိုက်တဲ့ လူတစ်ယောက်ပါ။ ဂုဏ်သရေလည်း ရှိပါတယ်။ စည်းစနစ်သိပ်ကြီးပြီး အလွန်ပြင်းထန်ကြပ်တည်းတဲ့ လူတစ်ယောက်လို့ နာမည်ကြီးနေတဲ့သူပါ။ သူက ပစ္စည်းတွေလည်း အပေါင်ခံတယ်။ အပေါင်ပစ္စည်းတွေကို မရ ရအောင် သိမ်းချင်တတ်တဲ့ ဝါသနာလည်း ရှိတယ်လို့ သိထားရပါတယ်။

သူ့သား ချာတိတ်က ဆယ်နှစ်သားပဲ ရှိသေးတယ်။ မျက်နှာမှာ မှဲ့ခြောက်တွေအပြည့်နဲ့။ ဆံပင်ကတော့ နီကြောင်ကြောင် .. ဗျ။ ကျုပ်တို့ ဒီကောင်လေးကို အမိအရကုပ်ထားနိုင်ရင် သူ့အဖေက ကျုပ်တို့တောင်းတဲ့ ဒေါ်လာငွေ နှစ်ထောင်ကို ကျုပ်တို့ရှေ့မှာ ဒူးထောက်ပြီး လာပေးမှာပဲလို့ ကျုပ်တို့ တွက်ကြတယ်။

ဆန်မစ်မြို့နဲ့ နှစ်မိုင်ခန့်အကွာမှာ တောင်တစ်လုံးရှိတယ်။ တစ်တောင်လုံး



ဟိုအကောင် ဘစ်လ်က တအားကြောက်ပြီး သံကုန်ဟစ်နေတော့တာပေါ့။

ကျုပ် .. ဟို သူ့ရဲလေးရဲ့ လက်ထဲကဓားကို အတင်းဝင်လုရတယ်။ ပြီးတော့ .. သူ့ကို သူ့အိပ်ရာပေါ် အတင်းတွန်းလှဲပစ်ရတယ်။ ဒါပေမယ့် .. ဗျာ။ အဲဒီအချိန်ကစပြီး ဘစ်လ်ရဲ့ စိတ်ဓာတ်ဟာ တအားကို ကျသွားတာပဲ။ သူဟာ အိပ်ရာပေါ်မှာ လှဲနေပေမယ့် မျက်စိတွေကို လုံးဝ မပိတ်တော့ဘူး။ ကျုပ်ကတော့ ခဏတဖြုတ် မှေးကနဲ အိပ်ပျော်သွားတယ်။ မအိပ်ခင် ဒီနေ့မနက် နေထွက်တာနဲ့ တပြိုင်နက် ကျုပ်ကို တံစို့ထိုးပြီး မီးရှို့သတ်မယ်လို့ သူပြောထားတာကို သတိရလိုက်မိသေးတယ်။ ကျုပ်ကတော့ ကြောက်လည်း မကြောက်ဘူး။ စိတ်လည်း မလှုပ်ရှားဘူး၊ ဒါပေမယ့် .. ကျုပ်ဟာ လှဲနေရာက ထလိုက်တယ် ကျောက်တုံးတစ်တုံးကိုမှီပြီး ဆေးတံကို ဖွာနေတယ်။

"မင်းက .. ဘာပြုလို့ အိပ်ရာက အစောကြီး ထနေရတာလဲ .. ဆမ်" လို့ ဘစ်လ်က လှမ်းမေးတယ်။

"ငါလား .. ငါ့ပခုံးထဲက နာလာလို့ .. ကွ၊ အိပ်နေမယ့်အစား ထိုင်နေရင် သက်သာမယ်ထင်လို့ ..."

"အံမာ .. မင်းဟာ လူလိမ်ပဲ" လို့ဘစ်လ်က ပြောတယ်။ "မင်းကြောက်လို့ပါ.. ငါသိပါတယ်။ ဟို .. မှင်စာကောင်လေးက နေထွက်လာရင် မင်းကို မီးရှို့သတ်မယ်လို့ ကြိမ်းထားတယ်မဟုတ်လား။ သူက မင်းကို တကယ် မီးရှို့မှာကြောက်ပြီး ထထိုင်နေတာပါ .. ကွာ။ ဒီမင်စာလေးကလည်း မီးခြစ်တွေ့လို့ကတော့ မင်းကို တကယ့်ကို မီးရှို့မှာ သေချာတယ်။ အေး .. ကွာ။ ကြောက်စရာတော့ အကောင်းသား .. ကွ။ ဒီလို သူ့ရဲလေးတစ်ကောင် အိမ်ပြန်ရောက်လာဖို့အတွက် ငွေပေးမယ့်လူ ရှိနိုင်ပါ့မလား .. ကွာ။

"ရှိမှာပါ .. ကွာ"လို့ ကျုပ်ပြန်ပြောတယ်။ "သူ့လို .. လူတကာတအော့ကြောလန်လောက်အောင် ဆိုးတဲ့ တေတဲ့ သူ့ရဲတစ္ဆေလို ကောင်လေးမျိုးဟာ မိဘက သိပ်ချစ်တဲ့ကောင်မျိုးဖြစ်တတ်တယ် .. ကွ။ အဲဒီတော့ စိတ်မပူပါနဲ့ ကွာ။ သူ့မိဘက ပြန်ရွေးမှာပါ။ ကဲပါကွာ။ မင်းနဲ့ ဟိုသူ့ရဲလေးက အိပ်ရာထကြပါတော့ .. မနက်စာ စားရအောင် ချက်ကြ ပြုတ်ကြပါဦး ငါက တောင်ထိပ်ပေါ်တက်ပြီး ကင်းထောက်လိုက်ဦးမယ်"

ကျုပ်ဟာ တောင်ထိပ်ပေါ်တက်ပြီး ပတ်ဝန်းကျင်ကို စောင့်ကြည့်တယ်။ ကျုပ်မျှော်လင့်ထားတာက ဆန်မစ်ရွာဘက်ကို လှမ်းကြည့်လိုက်ရင် တုတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဈေးတွေ၊ ခက်ရင်းတွေ ကောက်ဆွတွေနဲ့ တံစဉ်တွေကိုင်ပြီး ပြန်ပေးဆွဲသွားတဲ့ ဓားပြခံတွေကို လိုက်ရှာနေတဲ့ လူအုပ်ကို မြင်ရလိမ့်မယ်လို့ တွက်ထားတာ။ ဒါပေမယ့် ငြိမ်ဆိတ်နေတဲ့ တောတောင်ရေမြေကိုပဲ မြင်ရတယ်။ ခပ်လှမ်းလှမ်းမှာတော့ လှည်းတစ်ကောင်နဲ့ လယ်ထွန်နေတဲ့ လူတစ်ယောက် …။

အဲဒီလူကလွဲပြီး လူဆိုလို့ တစ်ယောက်မှ မမြင်ဘူး။ ပြန်ပေးသတင်းဟာ တောင်လေးရဲ့ မိဘတွေဆီ ရောက်သေးပုံမရဘူး။ "အင်း … သိုးအုပ်ထဲက သိုးတစ်ကောင်ကို ဝံပုလွေကဆွဲသွားပြီဆိုတာ ဘယ်သူမှ သိသေးပုံမရဘူး"လို့ ကျုပ်တွေးမိတယ်။ "ဝံပုလွေတွေဘက်က နတ်ကောင်းနတ်မြတ်တွေက ကူညီစောင့်ရှောက်ပေး နေပြီထင်တယ်"လို့ ရေရွတ်ပြီး ကျုပ်ဟာ တောင်ထိပ်ပြန်ဆင်းလာခဲ့တယ်။

ကျုပ် ဂူထဲပြန်ရောက်သွားတော့ ဘစ်လ်ဟာ နံရံတစ်နေရာမှာမှီပြီး ထိုင်နေတာ တွေ့ရတယ်။ အသက်ကိုလည်း ခက်ခက်ခဲခဲ ရှူနေရတယ်။ ဟိုသူရဲလေးက သူ့အနားမှာရပ်နေတယ်။ သူ့လက်ထဲမှာ ကိုင်ထားတဲ့ အုန်းသီးတစ်လုံးစာလောက်ရှိတဲ့ ကျောက်ခဲကြီးနဲ့ ဘစ်လ်ရဲ့ခေါင်းကို ထုမယ်လို့ ကြိမ်းမောင်းနေတယ်။

"မင်း … ခွေးကောင်လေးက အရမ်းဆိုးတာပဲ … ကွာ။ ငါ့နောက်ကျောထဲကို အားလူးပြုတ်ပူကြီးတစ်လုံးထည့်တယ်။ ပြီးတော့ ကျောပေါ်က အာလူးကို ခြေထောက်နဲ့နင်းခြေပစ်တယ်။ ပူလွန်းလို့ ငါ့မှာ ထွန့်ထွန့်ကို လူးသွားတာပဲ။ ငါကလည်း ဒေါသဖြစ်တာနဲ့ သူ့နားအုံကို လက်သီးနဲ့ ပြန်ထိုးလိုက်တယ်။ "မင်းမှာ သေနတ်ပါတယ် မဟုတ်လားဆမ်"လို့ ဘစ်လ်က ကျုပ်ကို ရှင်းပြတယ်။

ကျုပ်က ချက်ခြင်းပဲ ကောင်လေးလက်ထဲက ကျောက်ခဲကြီးကို လုယူပြီးလွှင့်ပစ်လိုက်တယ်။ "ကျွန်တော် ခင်ဗျားကို အသေသတ်မယ်"လို့ ကောင်လေးက ဘစ်လ်ကို လှမ်းပြောတယ်။ "လူနီခေါင်းဆောင်ကို ရိုက်ရဲတဲ့လူ တစ်ယောက်မှ မရှိဘူး။ တကယ်လို့ ရိုက်ရင်လည်း ရိုက်တဲ့ကောင် ခံရမှာပဲ။ ခင်ဗျားကြီး သတိထား"တဲ့။

ကျုပ်တို့ မနက်စာ စားပြီးတဲ့အခါမှာတော့ သူရဲလေးဟာ သူ့အိတ်ကပ်ထဲက ကြိုးတွေနဲ့ ပူးချည်ထားတဲ့ သားရေတစ်စကိုယူပြီး ဂူအပြင်ဘက်ထွက်သွားတယ်။

"ဒီခွေးသူတောင်းစားလေး ဘာသောက်ကျင့်ယုတ်ဦးမလဲ … မသိဘူး"



လို့ ဘစ်လ်က ပြောတယ်။ "ဒီ … သောက်ကောင်လေး ထွက်ပြေးလိမ့်မယ်လို့ မင်းထင်သလား … ဆမ်"

"ပြေးမှာတော့ မပူနဲ့ … ဒီကောင် မပြေးဘူး"လို့ ကျုပ်က ပြန်ပြောလိုက်တယ်။ "ဒီကောင်နာလေး ကြည့်ရတာ အိမ်ကို ခင်တဲ့ကောင်မျိုး မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ်ကွာ ဒီကောင်နဲ့ ပတ်သက်ပြီး ငွေတောင်းဖို့ကိစ္စတော့ အမြန်စီစဉ်မှဖြစ်မယ်။ ဒီကောင်လေး ပျောက်သွားတဲ့အတွက် ဆမ်မစ်ရွာထဲမှာ လှုပ်လှုပ်ရှားရှား မဖြစ်သေးတာတော့ အမှန်ပဲ … ကွ။ ဒါပေမယ့် … တစ်ခုတော့ရှိတယ် ဒီကောင်နာလေး ပျောက်သွားတာ မသိကြဘူးနဲ့တူတယ်။ သူ့အိမ်ကလည်း တစ်ညလောက်ပျောက်နေတာလောက်တော့ သိပ်ပြီး အရေးထားပုံမရဘူး။ သူ့အဒေါ်တို့ ဦးလေးတို့၊ အိမ်နီးနားချင်းတို့အိမ်မှာ အိပ်တယ်လို့ ထင်နေကြပုံပဲ။ အေးလေ … ဘယ်လိုပဲဖြစ်ဖြစ် ဒီကောင်လေး ပျောက်နေတာကို ဒီနေ့တော့ သိကြမှာ သေချာတယ်။ သိရင် စိုးရိမ်ကြတော့မှာပေါ့၊ အဲဒီတော့ ဒီကောင်လေးအတွက် ရွေးခငွေ ဒေါ်လာနှစ်ထောင်လာပေးဖို့ သူ့အဖေဆီ အကြောင်းကြားဖို့ စီစဉ်ကြရအောင်"

ကျုပ်စကားလည်းဆုံးရော အပြင်က အော်သံကြားရတယ်။ အင်ဒီးယန်းတွေ စစ်ချီတဲ့အခါ အော်ဟစ်လေ့ရှိတဲ့အော်ဟစ်သံမျိုး … ဗျ။ မကြာလိုက်ခင်မှာပဲ ဟိုမှင်စာကလေးက ကြိုးသိုင်း လောက်လွှဲကြီးကို သူ့ခေါင်းပေါ်မှာ ဝှေ့ယမ်းပြီး ဂူထဲကို ပြေးဝင်လာတယ်။

ကျုပ်ကအခြေအနေကို ရိပ်မိလိုက်တဲ့အတွက် ဘေးကို ခုန်ရှောင်လိုက်တယ်။ ကျုပ်နားထဲမှာ ဒုတ်ခနဲ မြည်သံ ကြားလိုက်ရတယ်။ ပြီးတော့ ဘစ်လ်ဆီက အွတ်ကနဲ မြည်သံထွက်လာတယ်။ ကြက်ဥတစ်လုံးစာလောက်ရှိတဲ့ ကျောက်ခဲတစ်လုံးဟာ ဘစ်လ်ရဲ့ ဘက်ဖက်နားရွက်နောက်နားကို ဝင်မှန်တယ်ဗျို့။ ချက်ချင်းထိတာဆိုတော့ ဘစ်လ်ဟာ သူ့ရှေ့က မီးဖိုဘေးမှာ ခြေပစ်လက်ပစ် လဲကျသွားတယ်။ ပန်းကန်တွေဆေးဖို့ တင်ထားတဲ့ ရေနွေးအိုးကြီးလည်းမှောက်ကျသွားတယ်။ ကျုပ်က ကသောကမြောနဲ့ ဘစ်လ်ကို ဝင်ဆွဲတယ်။ သူ့ကို မီးဖိုနဲ့ဝေးရာနေရာအထိ ဒရွတ်တိုက်ဆွဲခေါ်သွားပြီး သူ့ခေါင်းကို ရေအေးတွေနဲ့ လောင်းပေးနေရတယ်။

တော်တော်လေးကြာတော့မှ ဘစ်လ်ဟာ သတိရလာတယ်။ သူ့နားနောက်က ရောင်နေတဲ့ဘုကြီးကို စမ်းကြည့်ပြီး … "ငါ့ကို တစ်ယောက်ထဲထားပြီး ဝေးသွားနဲ့ဆမ်ရယ်။ ဒီပုံအတိုင်းဆိုရင် ဒီကောင်လေးလက်ချက်ကြောင့် ငါ အသက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ရလိမ့်မယ်''လို့ ပြောတယ်။

ကျုပ်ဟာ ချက်ခြင်းပဲ ဂူအပြင်ကို ထွက်ခဲ့ပြီး ဟိုသူရဲလေးကို ဖမ်းတယ်။ သူ့ပခုံးနှစ်ဖက်ကိုကိုင်ပြီး တအားခါယမ်းပစ်လိုက်တယ်။ ပါးစပ်ကလည်း ဒေါ်ပွပွနဲ့ သူ့ကို အသားကုန်ကြိမ်းမောင်းပစ်တယ်။

''ခွေးကောင်လေး .. ငါမင်းကို အခုချက်ခြင်း အိမ်ပြန်ပို့မယ်။ မင်းကောင်းကောင်းနေမလား .. မနေဘူးလား .. အခုပြောစမ်း .. ခွေးမသားလေး၊ တယ် .. လေ .. ငါနရင်းအုပ်လိုက်ရ''

''ကျွန်တော်က ကစားတာပဲဗျ''လို့ သူ ပြန်ပြောတယ်။ ''ကျွန်တော်က သူ့ကိုထိအောင်ပစ်တာ မဟုတ်ဘူး။ သူ့ဖာသာသူ မရှောင်တတ်လို့ ဖြစ်တာပဲ။ ပြီးတော့သူက ကျွန်တော့်ကို လက်သီးနဲ့ဘာပြုလို့ထိုးလဲ။ ခင်ဗျား ပြောတဲ့အတိုင်း ကျွန်တော့်ကို အိမ်ပြန်မပို့ဘူး။ ပြီးတော့ ဒီနေ့ ဘာလက်စကော့လုပ်တမ်း ကစားခွင့်ပြုမယ်ဆိုရင် ကျွန်တော်တကယ့်ကို ကောင်းကောင်းနေမယ် .. ဗျာ''တဲ့။

''မင်းဟာမင်း ဘာလုပ်တမ်းပဲ ကစားကစား ငါမသိဘူး၊ ကစားတာက မင်းကြိုက်တာကစား၊ မင်းကိုထိန်းပေးနေတဲ့ မစ္စတာဘစ်လ်နဲ့ မင်းတို့ကြိုက်ရာ ကစားနိုင်တယ်။ ဒီနေ့ မင်းနဲ့ အတူတူ သူပဲရှိမှာ။ ငါက ဒီနေ့အပြင်ကို လုပ်စရာတစ်ခုရှိလို့ သွားရမှာ။ ကဲ .. ကွာ အထဲကို ပြန်ဝင်ခဲ့၊ မစ္စတာဘစ်လ်ကို တောင်းပန်လိုက်။ ခင်ဗျားကို နိုက်မိအောင်လုပ်မိတဲ့အတွက် ဝမ်းနည်းပါတယ်လို့ပြောလိုက်။ မပြောရင် မင်းကိုချက်ချင်း အိမ်ပြန်ပို့မယ်''လို့ ကျုပ်က ပြန်ပြောလိုက်တယ်။

ကျုပ်က သူ့ကို ဘစ်လ်နဲ့ လက်ဆွဲနှုတ်ဆက်ခိုင်းလိုက်တယ်။ ပြီးတော့ ဘစ်လ်ကို ဝေးဝေးကိုခေါ်သွားပြီး ဂူနဲ့ သုံးမိုင်လောက်ဝေးတဲ့ ပေါ်ပလာကုန်းရွာကို သွားမယ့်အကြောင်းနဲ့ ဆန်မစ်ရွာဘက်မှာ ပြန်ပေးကိစ္စကို ဘယ်လိုပြောနေကြသလဲဆိုတာ စုံစမ်းမယ့်အကြောင်း အသိပေးထားလိုက်တယ်။ ဖြစ်နိုင်ရင် ကောင်လေးရဲ့အဖေ ဒေါ်ဆက်ဆီကို ဒီနေ့ပဲ စာပို့ပြီး ငွေတောင်းမယ်၊ ငွေ ဘယ်လိုလာပို့ရမယ်လို့လည်း အသေးစိတ်ညွှန်ကြားရမယ်လို့ သူ့ကို ရှင်းပြလိုက်တယ်။

သူကလည်း ''မင်းသိပါတယ်ဆမ်ရာ၊ မင်းနဲ့ငါ အလုပ်လုပ်လာခဲ့တာ ကြာပါပြီ။ ငါ့အနေနဲ့ စိတ်ညစ်တာတို့၊ လန့်တာ ကြောက်တာတို့မဖြစ်ခဲ့ပါဘူး။ အခု ဒီသူရဲလေးကို ပြန်ပေးဆွဲလာတဲ့ကိစ္စမှာတော့ ငါတော်တော့်ကို စိတ်ကုန်တယ် .. ကွာ။ ဒီသူရဲလေးကြောင့် ငါရူးလိမ့်မယ်ထင်တယ်။ ဖြစ်နိုင်ရင်တော့ ငါ့ကို သူနဲ့



နှစ်ယောက်ထဲတော့ ထားမပစ်ခဲ့ပါနဲ့ဆမ်ရာ''လို့ သူက ပြန်ပြောတယ်။

''ငါသွားမှာ မကြာပါဘူး .. ဘစ်လ်ရာ၊ နေ့ခင်းလောက် ပြန်ရောက်မှာပါ''လို့ ကျုပ်က ပြန်ပြောတယ်။ ''လောလောဆယ်တော့ ဟိုမှင်စာလေးကို ပျော်အောင် ထိန်းမထားလို့ မဖြစ်သေးဘူး .. ကွ၊ ငါပြန်ရောက်ချိန်အထိတော့ ထိန်းထားဦးမှ ဖြစ်မှာ။ ကဲ .. ကွာ ဈိုနှစ်ယောက်တိုင်ပင်ပြီး သူရဲလေးအဖေဆီ စာရေးကြရအောင်''

ဘစ်လ်နဲ့ ကျုပ်ဟာ စာရွက်နဲ့ ခဲတံယူပြီး စာရေးကြတယ်။ ဟိုကောင်လေးကတော့ စောင်တစ်ထည်ခြုံပြီး ဂူဝမှာ ကင်းစောင့်နေတယ်။ ဘစ်လ်က ပြန်ပေးငွေကို ဒေါ်လာနှစ်ထောင် မတောင်းပါနဲ့တဲ့။ ဒေါ်လာတစ်ထောင့်ငါးရာလောက်ပဲ တောင်းပါ .. တဲ့။ ကိုယ်အလေးချိန် ပေါင်လေးဆယ်လောက်သာရှိတဲ့ ဒီသူရဲလေးအတွက် ဒေါ်လာနှစ်ထောင် ပေးရမယ်ဆိုရင် မိဘတွေ သနားစရာကောင်းပါတယ် .. တဲ့။ ဒါ့ကြောင့်မို့ ကျုပ်က သူ့သဘောအတိုင်း လိုက်လျောလိုက်တယ်။

ကျုပ်တို့ရေးထားတဲ့ စာကတော့ ...

*လူကြီးမင်း အီဘင်နီဇာဒေါ်ဆက် ခင်ဗျာ ...*

*ကျွန်ုပ်တို့သည် လူကြီးမင်း၏ သားငယ်အား ဆန်မစ်ရွာနှင့် အလွန်ဝေးကွာလှစွာသော နေရာတစ်နေရာ၌ ဝှက်ထားပြီဖြစ်သည်။ ခင်ဗျားအနေဖြင့် သူ့ကို ရှာဖွေမည်ဆိုပါက တွေ့နိုင်လိမ့်မည်မဟုတ်ပေ။ အတော်ဆုံးဆိုတဲ့ စုံထောက်အကျော်အမော်တွေကိုငှားပြီး ရှာဖွေပါကလည်း တွေ့နိုင်ဖို့မလွယ်။ ခင်ဗျား၏သားအား ပြန်လည်ရရှိလိုပါက ထိုနည်းလမ်းများသည် အကျိုးရှိမည်မဟုတ်။ ယခုရေးသားဖော်ပြသည့် စည်းကမ်းချက်များအတိုင်း လိုက်နာခြင်းသာလျှင် သင့်အတွက် အကျိုးဖြစ်ထွန်းဖွယ်ရာရှိ၏။*

*ကျွန်ုပ်တို့အနေဖြင့် သင့်သားအား ပြန်လည်ပေးရေးအတွက် သင့်ထံမှ ဒေါ်လာ ငွေ တစ်ထောင့်ငါးရာကို ရလိုသည်။ ထိုငွေကို ဤစာထဲ၌ ဖော်ပြထားမည့် နေရာ၌ ညသန်းကောင်ယံတွင် လာရောက်ပေးရမည်။*

*အကယ်၍ ယင်းစည်းကမ်းအတိုင်း လိုက်နာမည်ဆိုပါက ကျွန်ုပ်တို့ပြောသည့်အတိုင်း လက်ခံသဘောတူကြောင်း စာတစ်စောင်ရေး၍ လူတစ်ယောက်အား (တစ်ယောက်တည်းဖြစ်စေရမည်) ယနေ့ည ရှစ်နာရီခွဲတိတိတွင် ပို့ခိုင်းလိုက်ပါ။ ထိုသည့်အခါ အောက်ပါလမ်းညွှန်ချက်ကို သတိပြု၍ လိုက်နာပါ။*

www.burmeseclassic.com

www.burmeseclassic.com



*ပေါ်ပလာကုန်းရွာသို့ သွားရာလမ်းအတိုင်းလိုက်လာ၍ စီးကွက်ချောင်းကို ဖြတ်မိသည့်အခါ ကိုက်တစ်ရာခန့်အကွာတွင် ဂျုံခင်းကြီး၏ ညာဘက်ဘေး၌ ပေါက်ရောက်နေကြသော သစ်ပင်ကြီးသုံးပင်ကို တွေ့ရလိမ့်မည်။ ထိုအပင်ကြီးများ၏ တတိယသစ်ပင်နှင့် မျက်နှာချင်းဆိုင်ရှိ ဂျုံခင်း ခြံတိုင်ခြေရင်းတွင် အဆင်သင့်ချထားသော သေတ္တာတစ်လုံးကို တွေ့ရလိမ့်မည်။ စာပို့သမားသည် အဖြေစာကို ထိုသေတ္တာထဲ၌ ထည့်ထားခဲ့ပြီး အမြန်ဆုံး ဆန်မစ်ရွာသို့ ပြန်လည်ထွက်ခွာသွားရမည်ဖြစ်ကြောင်း ...။*

*အကယ်၍ သင့်ဘက်မှ ကျွန်ုပ်တို့ယခု ဖော်ပြခဲ့သည့် တောင်းဆိုချက်များအတိုင်း မလိုက်နာဘဲ သစ္စာဖောက်ရန် အားထုတ်ခြင်း၊ ကြံစည်ခြင်းစသည်များ ပြုလုပ်ခဲ့ပါက သင်၏သားအား ပြန်လည်မြင်တွေ့ရတော့မည် မဟုတ်ပေ။*

*အကယ်၍ သင်က ကျွန်ုပ်တို့ တောင်းခံသော ငွေကိုပေးပါက သင့်သားအား သင့်ထံသို့ သုံးနာရီအတွင်း ဘေးမသီရန်မခဘဲ ပြန်လည်ဆိုက်ရောက်အောင် ပို့ဆောင်ပေးမည်။ ဤတောင်းဆိုချက်များကို ဈေးဆစ်ရန် မကြိုးစားလေနှင့်။*

*ထင်ရာစိုင်းမည့် လူနှစ်ဦး*

ကျုပ်ဟာ ထိုစာကို ဒေါ်ဆက်ရဲ့ လိပ်စာတပ်ပြီး အိပ်ကပ်ထဲ ထည့်ယူလာခဲ့တယ်။ ကျုပ်ဂူထဲက ထွက်ခါနီးမှာ သူရဲလေးက လာပြီး ပြောတယ်။ "ခင်ဗျား သွားနေတုန်းမှာ ကျွန်တော် ဘလက်စကောက်လုပ်တမ်း ကစားမယ် .. နော်။ ခင်ဗျားကလည်း ကစားနိုင်တယ်လို့ ကျွန်တော့်ကို ပြောပြီးပြီပဲ"တဲ့။

"မင်းကြိုက်တာ ကစားပေါ့" ကျုပ်က ပြန်ပြောလိုက်တယ်။ "မစ္စတာဘစ်လ်က မင်းနဲ့ကစားလိမ့်မယ် .. မင်းကစားနည်းက ဘာလဲ .. ကွ"

"ကျွန်တော်က ဘလက်စကောက်ပေါ့ဗျ။ ကျွန်တော်က ခံတပ်ဆီကို မြင်းနဲ့စိုင်းလာတယ်။ အင်ဒီးယန်းတွေ လာနေပြီလို့ အမြန်လာပြီး သတင်းပို့တာ။ ကျွန်တော်က အခု အင်ဒီးယန်းခေါင်းဆောင် မလုပ်ချင်တော့ဘူး စိတ်ကုန်သွားပြီ။ အခုဆို ရှေ့ပြေးကင်းသမား ဘလက်စကောက် ဖြစ်သွားပြီ"

"အေး .. လေ။ မင်းသဘောပေါ့ .. မင်းကြိုက်ရာ ကစားတာပဲ။ ငါ့အတွက် ဘာပြဿနာမှမရှိပါဘူး၊ မစ္စတာဘစ်လ်ကတော့ မင်းနဲ့ကစားနိုင်မှာပါ" လို့ ကျုပ်က ပြန်ပြောတယ်။

"မင့်ကစားနည်းထဲမှာ ငါက ဘာလုပ်ရမှာလဲ"လို့ ဘစ်လ်က ကောင်



လေးကို သံသယမကင်းတဲ့ မျက်နှာထားနဲ့ကြည့်ပြီး .. မေးတယ်။

"ခင်ဗျားက .. မြင်းလုပ်ရမယ်"လို့ ကောင်လေးက ဖြေတယ်။ "ခင်ဗျားက လက်တွေ ခြေတွေကို လေးဖက်ထောက်ပေးရမယ်။ ကျွန်တော်က မြင်းမပါဘဲနဲ့ ခံတပ်ကို ဘယ်လိုလုပ်ပြီး ဖွာလို့ရမှာလဲ .. ဗျ"

"ဒီအကောင်ကို စိတ်ဝင်စားနေအောင်တော့ လုပ်ထားမှဖြစ်မယ် .. ဘစ်လ်ရ။ အဲဒီတော့သီးခံလိုက်ပါကွာ။ တို့အစီအစဉ် ချောသွားအောင်တော့ လုပ်မှဖြစ်မှာ"လို့ ကျုပ်က ဘစ်လ်ကို သတိပေးရတယ်။

ဘစ်လ်ဟာ လေးဖက်ထောက်လိုက်တယ်။ သူ့မျက်လုံးတွေကတော့ ထောင်ချောက်မိနေတဲ့ ယုန်သူငယ်မျက်လုံးတွေနဲ့ တူနေတယ်။

"ဟေ့ကောင် .. မင့်ခံတပ်က ဘယ်လောက်ဝေးသလဲ"လို့ ဘစ်လ်က သူရဲလေးကို လှမ်းမေးတယ်။

"မိုင်ကိုးဆယ်ဝေးတယ် .. ဗျ"လို့ သူရဲလေးကဖြေတယ်။ "ခင်ဗျားက ခံတပ်ကို အချိန်မီ ဒုန်းပြေးရမှာ .. ကဲ .. ဗျာ။ အခုပဲစမယ် ပြေးတော့"

ပြောပြောဆိုဆိုနဲ့ပဲ ကောင်လေးက ဘစ်လ်ရဲ့ ကျောပေါ်ကို ပြေးပြီး ခုန်တက်လိုက်တယ်။ သူ့ခြေထောက်နှစ်ဖက်နဲ့ ဘစ်လ်ရဲ့နံဘေးကို ဆောင့်ဆောင့်ထိုးတယ်။

"ဒုက္ခပါပဲ .. ဆမ်ရာ"လို့ ဘစ်လ်က ညည်းတယ်။ "မင်း .. မြန်မြန်သာ ပြန်ခဲ့ပါ၊ တို့ ငွေတောင်းတာ များသွားသလား မသိဘူး။ တစ်ထောင်ကျော်ဆိုတော့ လာမရွေးရင် ဘယ့်နှယ်လုပ်ကြမလဲ"

ကျုပ်အနေနဲ့ ဘာမှ ထပ်ပြောစရာက မရှိလို့ မပြောတော့ဘူး။ ပေါ်ပလာကုန်းရွာဘက်ကို လာခဲ့တယ်။ ရွာထဲက လူတစ်ယောက်ပြောတယ် ဆန်မစ်ရွာကရွာလူကြီးအီဘင်နီဇာဒေါ်ဆက်ရဲ့သားလေး ပျောက်နေတယ် .. တဲ့။ ကျုပ်သိနေတာက အဲဒါပဲ။ ကျုပ်ဟာ ပါလာတဲ့စာကို စာတိုက်အထိသွားပြီး ထည့်လိုက်တယ်။ ကျေးရွာ စာတိုက်မှူးက မကြာခင် ဆန်မစ်ရွာက စာပို့လုလင်ဟာ စာတွေကို လာယူတော့မှာပါလို့တောင် ကျုပ်ကို ပြောပြလိုက်သေးတယ်။

ကျုပ် .. ဂူကို ပြန်ရောက်တော့ ဘစ်လ်နဲ့ သူရဲလေးကို မတွေ့ဘူး။ ကျုပ်ဟာ ဂူထဲမှာရော၊ ဂူရဲ့ပတ်ဝန်းကျင်မှာရော လိုက်ရှာတယ်။ အစအနတောင် မမြင်ရဘူး၊ ဒါကြောင့်မို့ ကျုပ်ဟာ ဆေးတံကို မီးညှိပြီးဖွာရင်း အခြေအနေကို စောင့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်လောက်ကြာတော့ မြုံတစ်ခုထဲက ချီးချီးချွတ်ချွတ် အသံတွေ ကြားလိုက်ရပြီး ဘစ်လ်ထွက်လာတာ တွေ့ရတယ်။ သူ့နောက်မှာတော့ ခြေသံမကြားအောင် ဖြည်းဖြည်းလေး လျှောက်လာနေတဲ့ ကောင်လေး .. ဗျူ။ မျက်နှာကလည်း စပ်ဖြဲဖြဲနဲ့၊ ဘစ်လ်ကတော့ ကျုပ်ရှေ့ရောက်တော့ ရပ်လိုက်တယ်။ သူ့ခေါင်းက ဦးထုပ်ကို ချွတ်လိုက်ပြီး လက်ကိုင်ပဝါနဲ့ မျက်နှာက ချွေးတွေကို သုတ်နေတယ်။ ကောင်လေးကတော့ သူ့ရဲ့ နောက် ရှစ်ပေအကွာလောက်မှာ ရပ်နေတယ်။

"မင်းကတော့ ငါ့ကို သစ္စာဖောက်တယ်လို့ စွပ်စွဲတော့မှာ သေချာနေပြီ --- ဆမ်။ ဒါပေမယ့် သူငယ်ချင်းရယ် .. ငါမတတ်နိုင်တော့ဘူး။ ဟိုကောင်လေး အခုဒီမှာ မရှိတော့ဘူး။ ငါ .. ဒီသူရဲလေးကို အိမ်ပြန်နိုင်းလိုက်ပြီ။ မင်းပြောတဲ့အတိုင်း သည်းခံဖို့တော့ ကြိုးစားခဲ့ပါတယ်။ မရဘူး .. ဆမ်ရာ၊ သည်းခံတယ်ဆိုတာကလည်း အတိုင်းအတာနဲ့ကွ။ အတိုင်းအတာကိုကျော်သွားရင် လုံးဝမရတော့ဘူး"

"အခု ဘာတွေ ဖြစ်ကုန်လို့လဲ .. ကွ"လို့ ကျုပ်က မေးတယ်။

"သူက ငါ့ကို မြင်းလုပ်ပြီးစီးတယ်လေ .. ကွာ"လို့ ဘစ်လ်က ပြောတယ်။ "ခံတပ်ကို မိုင်ကိုးဆယ်ခရီး .. ကွ၊ အကြာကြီးစီးတာ။ အဲဒီနောက်တော့ တစ်နာရီကျော်လောက် .. သူမေးတဲ့ မေးခွန်းတွေကို ငါက ဖြေနေရတယ်။ မေးတဲ့ မေးခွန်းတွေကလည်း ရူးသွားလောက်ပါတယ် .. ကွာ။ ဘာတွေမှန်းမသိဘူး တကယ့် ရှုပ်ရှုပ်ပေါက်ပေါက်တွေပါ။ အပေါက်တွေထဲမှာ ဘာမှမရှိတာဘာ့ကြောင့်လဲ .. တဲ့။ ရူးလောက်ပါတယ် .. ကွာ။ နောက်ပြီးတော့ လမ်းကြီးတစ်ခု နှစ်လမ်းသွားလို့ရတာဟာ ဘယ်လိုပုံနဲ့ သွားလို့ရတာလဲ .. တဲ့။ မြက်ပင်တွေကို စိမ်းနေအောင် ဘာနဲ့ လုပ်ထားတာလဲ .. တဲ့။

"မင်းပဲ စဉ်းစားကြည့်ပါ .. ကွာ။ လူတစ်ယောက်ဟာ အများကြီး ခံနိုင်ရည်ရှိပါတယ်။ ဒါပေမယ့် .. ဒီသူရဲလေးနဲ့ကျတော့ ခံနိုင်ဖို့ မလွယ်ဘူးကွ။ ငါ .. သူ့အင်္ကျီကို လည်ပင်းအောက်နားကဆုတ်ပြီး ဒရွတ်တိုက်ဆွဲခေါ်လာခဲ့တယ်။ တောင်ပေါ်ကနေပြီး အောက်ရောက်တဲ့အထိ တစ်လမ်းလုံး ငါ့ကို ခြေထောက်နဲ့ ကန်တာ။ ငါ့လက်တွေကိုလည်း နှစ်ခါသုံးခါလောက် အကိုက်ခံရသေးတယ်။ ဒါပေမယ့် .. ဘာရမလဲ .. ကွာ။ ငါ သူ့ကို ဆန်မစ်ရှာဘက်သွားတဲ့ လမ်းကိုပြပြီး ခြေထောက်နဲ့တအားကန်လိုက်တာ ရှစ်ပေလောက်အကွာထိ လွင့်



ထွက်သွားတယ် သိလား ..."

"တို့အနေနဲ့ တောင်းထားတဲ့ ငွေကိုတော့ အဆုံးခံရတော့မှာပဲ။ ငွေနဲ့ လူတစ်ခုတော့ အဆုံးခံမှဖြစ်မှာ။ မင်းပဲ စဉ်းစားကြည့်လေ .. ငွေကို အဆုံးမခံချင်ရင် ဘစ်လ်ဒရီးစကိုးဆိုတဲ့ မင့်သူငယ်ချင်း ငါဟာ အရူးထောင်ကို သွားရတော့မှာ သေချာနေပြီ .. ကွ"

ကျုပ်တို့ တောင်းထားတဲ့ငွေကို 'လက်လွှတ်ရတော့မှာမို့ ဘစ်လ်ဟာ စိတ်ကောင်းပုံတော့မရဘူး။ ဒါပေမယ့် ဟိုသူရဲလေးရဲ့ ဘေးရန်က ဝေးတော့မှာမို့ သိပ်ပြီးစိတ်ချမ်းသာနေပုံရတယ်။ သူ့မျက်နှာဟာ အတော့်ကို ကြည်လင်နေတယ်။

အခြေအနေမှန်ကို မြင်နေရတဲ့ ကျုပ်ကလည်း သူ့အတွက် စိတ်မကောင်းပါဘူး။ "ဒီမယ် .. ဘစ်လ် မင်းတို့အမျိုးတွေထဲမှာ နှလုံးရောဂါဖြစ်နေတဲ့ လူတွေရှိသလား"လို့ မေးမိတယ်။

"မရှိဘူး .. ကွ"လို့ ဘစ်လ်က ပြန်ပြောတယ်။ "တို့အမျိုးထဲမှာ ငှက်ဖျားရောဂါသည်တွေတော့ ရှိတယ်။ မင်းက ဘာဖြုလို့ .. မေးတာလဲ"တဲ့။

"အေး .. ကွာ ဒါဆိုရင်တော့ မင်းရဲ့ နောက်ကို လှည့်ကြည့်လိုက်စမ်းပါလား"လို့ ကျုပ်က ပြောလိုက်တယ်။

ဘစ်လ်ဟာ နောက်ကိုလှည့်ကြည့်တယ်။ ဟို သူရဲလေးရပ်နေတာလည်း မြင်ရော သူ့မျက်နှာဟာ ဖြူဖတ်ဖြူယော် ဖြစ်သွားပြီး တစ်ခါတည်း မြေပေါ်ကို ခြေပြစ်လက်ပြစ် ထိုင်ချလိုက်တယ်။ သူဟာ မြက်ပင်တွေပေါ် ခေါင်းငိုက်ဆိုက်ချလိုက်ပြီး ငေးကြောင်ကြောင် ဖြစ်နေတယ်။

တစ်နာရီ နီးပါးလောက် မလှုပ်မချောက် ထိုင်နေတဲ့ ဘစ်လ်ကို ကြည့်ပြီး ကျုပ်စိုးရိမ်သွားတယ်။ မတော်တဆ စိတ်ဖေါက်ပြန်သွားရင် ခက်ချည်ရဲ့လို့ တွေးပြီး ပူပန်နေမိတယ်။ ချက်ခြင်းပဲ ကျုပ်က ကျုပ်တို့အစီအစဉ်ဟာ မကြာခင်အဆင်ပြေသွားမှာမို့ စိတ်ညစ်စရာ မရှိကြောင်း၊ ကျုပ်တို့စာကို ရရင် ကောင်လေးရဲ့ အဖေဆီက ငွေဟာ ဒီညသန်းကောင်ယံမှာ ရောက်လာဖို့ရှိကြောင်းပြောပြပြီး သူ့ကို ဖျောင်းဖြခဲ့တယ်။

ဒါနဲ့ပဲ ဘစ်လ်ဟာ သူ့စိတ်သူ ပြန်ထိန်းပြီး ထိုင်နေရာက ထလာတယ်။ ကောင်လေးကို ကြည့်ပြီး ခပ်ပြုံးပြုံး ခပ်မဲ့မဲ့ မျက်နှာထားနဲ့ နှုတ်ဆက်တယ်။ ပြီးတော့...သူ အမေဖြေသွားရင် ကောင်လေးနဲ့ ရုရှားဂျပန် စစ်တိုက်တမ်း ကစားမယ်လို့ ကတိပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကတော့ ကျုပ်ရဲ့အစီအစဉ်အတိုင်း အနှောက်အယှက်မရှိဘဲ ငွေရပြီ ကိုသာ အဓိကထားပြီး စဉ်းစားနေရတယ်။ သူတို့ဆီက အဖြေလာပေးဖို့ သတ်မှတ်ထားတဲ့ သစ်ပင်ကြီးက လမ်းမကြီးနဲ့ ကပ်နေတယ်။ လေးဘက်လေးတန်မှာလည်း လယ်ကွင်းတွေပဲ ရှိတယ်။ အဲဒီတော့ တကယ်လို့ ရဲတွေခေါ်လာရင် အဝေးကြီး ကတည်းက မြင်နိုင်တယ်။ ဒီကောင်တွေ လယ်ကွင်းတွေနဲ့ လမ်းမကြီးကို မဖြတ်ဘဲ သစ်ပင်ဆီကို ရောက်မလာနိုင်ဘူး၊ ဒီတစ်ချက်ဟာ ကျုပ်တို့ဘက်က အပေါ်စီး ရထားတဲ့ အချက်ပဲ .. ဗျ။ ဒီလိုနဲ့ပဲ ည ရှစ်နာရီခွဲတိတိမှာ ကျုပ်ဟာ အဲဒီ ချိန်း ထားတဲ့ သစ်ပင်ကြီးပေါ်တက်ပြီး ပုန်းနေခဲ့တယ်။ စာလာပို့တဲ့ကောင်ကို ဒီနေရာ က စောင့်တာဟာ အကောင်းဆုံးပေါ့ .. ဗျာ။

သတ်မှတ်ချိန်အတိုင်း အတိအကျပဲဗျို့။ လူငယ်လေးတစ်ယောက် စက် ဘီးတစ်စီးနဲ့ ရောက်လာတယ်။ ကျုပ်တို့ ချထားတဲ့ သေတ္တာထဲကို စက္ကူလိပ် တလေးတစ်လိပ်ထည့်ပြီး ချက်ခြင်းပဲ ဆန့်မစ်ရွာဘက်ကို ပြန်သွားတယ်။

ကျုပ် .. သစ်ပင်ပေါ်မှာထိုင်ပြီး နောက်ထပ်တစ်နာရီတိတိ စောင့်ကြည့် နေတယ်။ နောက်ကြောင်းရှင်းမရှင်း ကြည့်ဦးမှ ဖြစ်တာ .. ဗျ။ ဒီအလုပ်မျိုးထ ရှေ့စပ်သေချာမှ ဖြစ်တာမဟုတ်လား၊ တစ်နာရီလည်းကျော်ရော .. ကျုပ်ဟာ သစ်ပင်ပေါ်က လျှောဆင်းလာခဲ့တယ်။ သေတ္တာထဲကစာကို ကပြာကရာ ယူပြီး ဂူဘက်ပြန်လာခဲ့တယ်။ ဂူထဲမှာ ထွန်းထားတဲ့ ဖယောင်းတိုင်မီးနဲ့ စာကို အော်ဖတ်ပြတယ်။ စာရဲ့အဆိုကတော့ ...

*ထင်ရာစိုင်းမည့် လူနှစ်ဦးထံသို့ ...*

*လူကြီးမင်းခင်များ .. ခင်ဗျာ။*

*ခင်ဗျားတို့ စာတိုက်မှ ထည့်လိုက်တဲ့စာကို ဒီနေ့ပဲ ကျုပ်ရလို့ ကျုပ်သား အတွက် ငွေဘယ်လောက်ပေးပြီး ရွေးရမယ်ဆိုတာ သိရပါတယ်။ ခင်ဗျားတို့ တောင်းခံထားတဲ့ငွေဟာ အနည်းငယ် များလွန်းတယ်လို့ ကျုပ်ထင်ပါတယ်။ အဲဒီ တော့ ကျုပ်ဘက်က အကြံတစ်ခု ပြုပါရစေ။ ဒီအကြံကို ခင်ဗျားတို့ကလည်း လက်ခံကြမှာပဲလို့ ကျုပ် .. ယုံကြည်နေပါတယ် ခင်ဗျာ။*

*ခင်ဗျားတို့အနေနဲ့ ကျုပ်သားငယ်ကို အိမ်ပြန်ပို့တဲ့အခါမှာ ကျုပ်ကို ငွေသား ဒေါ်လာ နှစ်ရာငါးဆယ်တိတိပေးပါ။ အဲဒါမှသာ ကျုပ်သဘောတူမှာပါ။*

*တကယ်လို့ လာပို့မယ်ဆိုရင်လည်း ညကျမှ လာပို့ပါ။ ကျုပ်ရဲ့ အိမ်နီး*



*ချင်းတွေက ကျုပ်သားကို ပျောက်သွားပြီလို့ ယုံကြည်ကြတာပါ။ ကျုပ်သား ကို ခင်ဗျားတို့က ပြန်ပို့တာကို မြင်သွားရင် ခင်ဗျားတို့ကို သူတို့က အန္တရာယ် တစ်စုံတစ်ခု ပေးလာခဲ့ရင် ကျုပ် လုံးဝတာဝန်ယူနိုင်မည် မဟုတ်ပါ။*

*လေးစားစွာဖြင့်*

*အီဘင်နီဇာဒေါ်ဆက်*

"အတော်ကြီးကို လူပါးဝတဲ့ ခွေးသူခိုးကြီးပါလား။ ဒီကောင်ကြီး စော် ကားမော်ကား ပြုတာကို ငါတို့က ..."

စကားမဆုံးခင် ကျုပ်က ဘစ်လ်ရဲ့ မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက် တယ်။ ကျုပ်စကားမဆက်နိုင်တော့ဘူး။ သူ့မျက်ခွက်က မျက်နှာသေကလေးနဲ့ ... ကျုပ်ကိုကြည့်နေတဲ့ သူ့မျက်လုံးတွေဟာ တခဲတယ တောင်းပန်နေသလို ... ..။

"ငါ .. တောင်းပန်ပါတယ် .. ဆမ်ရယ်"လို့ သူက ပြောတယ်။ "ဒေါ်လာနှစ်ရာငါးဆယ်ဆိုတာ ဖြစ်လောက်တဲ့ ငွေမဟုတ်ပါဘူး .. သူငယ်ချင်း ... တို့မှာ ငွေရှိနေတာပဲ .. ဟိုသူ့ရဲလေးကို နောက်ထပ်တစ်ည သိပ်ဖို့ဆိုတာ ...တန် ကြောက်စရာကောင်းပါတယ်။ ဒီကောင်လေးလုပ်ပုံကြောင့် ငါဟာ ...ဒ်လင်အရူးထောင်ကို သွားရမှာ သေချာသလောက် ဖြစ်နေပါတယ် .. ကွာ။ ...ကိစ္စမှာ မစ္စတာဒေါ်ဆက်ဟာ အလွန်ရက်ရောတယ်လို့ ငါထင်ပါတယ်။ ...လောက်ငွေကလေးတောင်းတာဟာ တို့အပေါ် ညှာတာထောက်ထားရာ ကျပါ ...ယ်။ အဲဒီတော့ သူငယ်ချင်းရယ် စိတ်ကူးမလွဲပါနဲ့၊ အခါအခွင့်သင့်တုန်း သူ့ ...ကြံပြုချက်နဲ့ ကမ်းလှမ်းချက်ကို လက်ခံလိုက်ပါ .. ကွာ။ လက်ခံမယ် ...တ်လား .. ဟင်"တဲ့။

"အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ ငါကိုယ်တိုင်လည်း ဒီသူ့ရဲလေး ...ကြောင့် စိတ်တွေ နောက်နေတာပါပဲ .. ဘစ်လ်ရာ"လို့ ကျုပ်က ပြန်ပြောတယ်။ "အဲဒီတော့ ဒီခွေးသူတောင်းစားလေးကို ဒီညပဲ ပြန်ပို့ပေးလိုက်မယ်။ သူ့အဖေ ...တောင်းတဲ့ငွေကိုလည်း ငါပေးလိုက်မယ်"

အဲဒီညမှာပဲ ဟိုသူ့ရဲလေးကို ကျုပ်တို့ပြန်ပို့ပေးကြတယ်။ မပြန်ပါဘူး ...လို့ ကျုပ်တို့မှာ အပင်ပန်းခံပြီး ချော့မော့ရသေးတယ်။ သူ့အဖေက သူ့အတွက် ...ကွပ် ရိုင်ဖယ်သေနတ်တစ်လက်နဲ့ လူနီတွေစီးတဲ့ လှေချင်းဖိနပ်တစ်စုံ ဝယ်

www.burmeseclassic.com

www.burmeseclassic.com



ထားကြောင်း လိမ်ညာပြောရသေးတယ်။ မနက်ဖြန်ကျလို့ ကျုပ်တို့ ဝက်ဝံလိုက်ထွက်ရင် သူ့ကိုပါ လာခေါ်မယ်လို့လည်း ကတိပေးကြရသေးတယ်။

ကျုပ်တို့ အီဘင်နီဇာရဲ့ အိမ်ရှေ့တံခါးကို ခေါက်နေတဲ့ အချိန်ဟာ ညဆယ့်တစ်နာရီ ထိုးနေပြီ။ အမှန်တော့ မူအစီအစဉ်အတိုင်းဆိုရင် ဒီအချိန်မှာ ကျုပ်ဟာ သစ်ဝင်ကြီးအောက်မှာ ချထားတဲ့/သေတ္တာထဲက ဒေါ်လာငွေ တစ်ထောင့်ငါးရာကို နှိုက်ယူနေပြီပေါ့ .. ဗျာ။ ဒါပေမယ့် .. အခုတော့ ကျုပ်လူ ဘစ်လ်က ဒေါ်လာငွေ နှစ်ရာငါးဆယ်ကို တစ်ရွက်ချင်းစီ ရေတွက်ပြီး ဒေါ်ဆက်ရဲ့ လက်ထဲကို ထည့်ပေးနေရပါတယ်။

ကျုပ်တို့ သူ့ကိုထားပြီး ပြန်သွားတော့မယ် ဆိုတာကိုလည်း သိသွားရော ဟိုကောင်လေးဟာ ဘစ်လ်ရဲ့ ခြေထောက်ကိုဆွဲပြီး မျော့တွယ်သလို တွယ်ထားတယ်။ သူ့အဖေက သူ့သားကို ဘစ်လ်ဆီက ဖြည်းဖြည်းချင်း ဆွဲခွာနေရတယ်။ နောက်ဆုံး ခွာလို့လည်းရရော သူ့သားကို တအားချုပ်ကိုင်ထားရတယ်။

"ခင်ဗျားသူ့ကို ဘယ်လောက်ကြာကြာ ချုပ်ထားနိုင်မလဲ"လို့ ဘစ်လ်က မေးတယ်။

"ရပါတယ် .. အကြာကြီးကိုင်ထားလို့ ရပါတယ်" တဲ့။ "ဒါပေမဲ့ .. သေချာပေါက် ပြောနိုင်တာကတော့ သူ့ကို ကျုပ် ဆယ်မိနစ်လောက်တော့ ချုပ်ထားနိုင်မှာပါ"တဲ့။

"ဆယ်မိနစ်ဆိုရင် မဆိုးဘူး၊ ကျုပ်တို့အတွက် လုံလောက်ပါတယ်"လို့ ဘစ်လ်က ပြန်ပြောတယ်။ "ဆယ်မိနစ်အတွင်းမှာ ကျွန်တော်ဟာ အလယ်ပိုင်းတောင်ပိုင်းနဲ့ အနောက်အလယ်ပိုင်း ပြည်နယ်တွေကိုဖြတ်ပြီး ကနေဒါနိုင်ငံ နယ်စပ်ကိုအရောက် မရ .. ရအောင် ဒုန်းစိုင်းသွားပါမယ်"တဲ့။

စကားဆုံးတာနဲ့ တစ်ပြိုင်နက် ဘစ်လ်ဟာ အမှောင်ထုကိုဖြတ်ပြီး ပြေးထွက်သွားလိုက်တာ လေထက်တောင် မြန်လိမ့်မယ်ထင်တယ်။ ကျုပ် သူ့ကိုမှီအောင်ဒုန်းစိုင်းပေမယ့် မမှီဘူး .. ဗျ။ သူက ကျုပ်ရဲ့ ရှေ့ တစ်မိုင်ခွဲလောက်အထိ ရောက်သွားပြီ။

THE RANSOM OF RED CHIEF

O. HENRY

□

## ယာတောသူ

ရာသီဥတု အလွန်သာယာနေချိန်ဖြစ်သဖြင့် ယာခြံအတွင်းရှိ အလုပ်သမားများသည် အစားအသောက်များကို ခါတိုင်းထက် ပို၍ လျှင်မြန်သွက်လက်စွာ စားသောက်ကြပြီး လုပ်ငန်းခွင်သို့ ကသုတ်ကရက် ပြန်ဝင်ကြသည်။

အိမ်စေတာဝန်ကို ယူထားရသော ယာတောသူ ရိုစီတစ်ဦးသာလျှင် ကြီးမားကျယ်ဝန်းသော မီးဖိုချောင်ထဲ၌ ကျန်ရစ်ခဲ့၏။ ရေနွေးအိုးကြီးတစ်လုံးတင်ထားသည့် မီးဖိုကြီးထဲမှ မီးသည် ဖြည်းဖြည်းချင်း အရှိန်သေစပြုနေပြီ။ ရိုစီသည် ထိုအိုးကြီးထဲမှ ရေနွေးကို မကြာ မကြာ လာယူသည်။ ပြီးတော့ ပန်းကန်များနှင့် အိုးခွက်များကို ဆေးကြောနေသည်။ သူသည် ပြတင်းပေါက်မှတဆင့် စားပွဲဘက်သို့ ကျရောက်နေသော နေရောင်တန်း နှစ်တန်းဆီသို့ မကြာခဏ လှမ်းလှမ်းကြည့်သည်။

အတင့်ရဲသော ကြက်မသုံးကောင်သည် ကုလားထိုင်များအောက်၌ ကျနေသော မုန့်စ မုန့်နများကို ကောက်ယူစားသောက်နေကြသည်။ ကြက်ခြံနှင့် နွားတင်းကုပ်ဆီမှ အနံ့အသက်များသည် မဟ တဟ ဖြစ်နေသော တံခါးပေါက်မှ ဝင်ရောက်လာလျက်ရှိ၏။ ခပ်ဝေးဝေး တစ်နေရာမှ တွန်လိုက်သော ကြက်တွန်သံသည် သူမဆီသို့ ခပ်သဲ့သဲ့ ရောက်လာလေသည်။

အိုးခွက်ပန်းကန်များ ဆေးအပြီးတွင် ရိုစီသည် စားပွဲကို ရှင်းလင်းသုတ်သင်သည်။ အဝတ်တစ်ထည်ဖြင့် မီးဖိုအထက်ဆင့်ပေါ်မှ ဖုံများကို သုတ်သည်။ ပြီးနောက် ပန်းကန်များကို စင်ပေါ်သို့ တင်သည်။ ထိုအလုပ်ပြီးစီးသွားသည့်အခါ သက်ပြင်းတစ်ချက်ချသည်။ ဘာ့ကြောင့်ရယ်တော့မသိ၊ နေရထိုင်ရသည်မှာ မွန်း

www.burmeseclassic.com

www.burmeseclassic.com



ကျွပ်လှချေသည်။

သူသည် နံရံများဆီသို့ တစ်ချက်မျှ လှမ်းကြည့်သည်။ နံရံအားလုံးမှာ ကျွပ်ခိုးများစွဲကာ မဲနက်နေကြသည်။ အပေါ်ဘက် အမိုးဒိုင်းများတွင်မူ ပင့်ကူအိမ်များ တွယ်ကပ်နေကြသည်။ သူသည် တစ်နေရာတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ကြမ်းပေါ်မှ အောက်သိုးသိုးအနံ့မျိုးစုံသည် သူ့နှာခေါင်းဝသို့ လာရောက်၍ ကလိနေကြသည်။ နေ့စဉ်နှင့်အမျှ အစားအသောက်မျိုးစုံ ဖိတ်စင်ကျထားသဖြင့် အနံ့အသက်မျိုးစုံသည် ကြမ်းပြင်တွင် စွဲကပ်နေကြသည် မဟုတ်ပါလား။

သူသည် ခါတိုင်းနေ့များလိုပင် အဝတ်ချုပ်လိုစိတ် ဖြစ်ပေါ်လာသည်။ သို့သော်လည်း အဝတ်ကလေး တစ်ထည်လောက် ချုပ်ဖို့အတွက်ပင် အားမရှိတော့သလို ခံစားနေရသည်။ သူသည် ထိုင်ရာမှ ထကာ တံခါးဆီသို့ လျှောက်လာခဲ့၏။ အပြင်ထွက်၍ လေကောင်းလေသန့် ရှူလိုက်ရလျှင် သူ့အတွက် ကောင်းသွားလိမ့်မည်ဟု ထင်သည်။

ကြက်များသည် မီးခိုးများ အူနေသည့် နွားချေးပုံပေါ်၌ ဝပ်နေကြသည်။ အချို့ကတော့ ပိုးကောင်မွှားကောင်များ ရဖို့အတွက် ခြေထောက်များဖြင့် ယက်နေကြသည်။ ထိုအုပ်စုထဲတွင် ကြက်ဖတစ်ကောင်သည် ထည်ဝါဝင့်ကြွားစွာ ရပ်နေသည်။ သူသည် ကြက်မများထဲမှ သူနှစ်သက်ရာ တစ်ကောင်ကို ရွေးချယ်ထား 'ရစ်' တတ်သည်။ သူ၏ စိတ်ဝင်စားမှုကို ခံရသော ကြက်မသည် ဝပ်နေရာမှ ထကာ အတောင်များကို ဖြန့်လိုက်သည်။ ထို့နောက် သူ့ကိုယ်ပေါ်မှ ဖုံများ လွင့်စင်သွားစေရန် အမွေးများကိုဖွ၍ ခါလိုက်ပြီး နွားချေးပုံပေါ် ပြန်ဝပ်သည်။ ကြက်ဖသည် လည်တံကိုဆန့်၍ ခေါင်းကိုမော့ကာ သံကုန်ဟစ်၍ တွန်သည်။ အနီးအနားရှိ ယာခြံများဆီမှ တုံ့ပြန်လိုက်သည့် ကြက်တွန်သံများသည် အဆက်မပြတ် ထွက်ပေါ်လာလျက်ရှိ၏။ သူတို့၏ တွန်သံများသည် တစ်ကောင့် တစ်ကောင် စိန်ခေါ်နေကြသည့်နှယ် ရှိလှလေသည်။

မိန်းမငယ်သည် ဘာကိုမှ မယ်မယ်ရရ မတွေးဘဲ ကြက်အုပ်ဆီသို့ လှမ်းကြည့်နေသည်။ ထို့နောက် မျက်လုံးများကိုပင့်ကာ အပွင့်များဖြင့် ဝေဆာနေကြသည့် ပန်းသီးပင်များဆီသို့ ငေးကြည့်နေပြန်၏။ ထိုအခိုက်မှာပင် မြင်းပေါက်လေးတစ်ကောင်သည် ခုန်ပေါက်မြူးတူးကာ သူ့ရှေ့မှ ကဆုန်ပေါက်၍ ပြေးသွားသည်။ မြင်းပေါက်စသည် မြောင်းများကို နှစ်ကြိမ်တိတိ ခုန်ကျော်သွားပြီးနောက် ဖြတ်ခနဲရပ်ကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလျက်ရှိ၏။



မိန်းကလေး၏ စိတ်ထဲတွင် မြင်းပေါက်စပြေးသလို ပြေးလိုက်ချင်သည့် ဆန္ဒဖြင်းပြလျက်ရှိသည်။ သူ့အနေဖြင့် အကြောအချဉ်များ ပြေသွားစေရန် ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း လှုပ်ရှားပစ်လိုက်ချင်ပါ၏။ ပြီးတော့မှ နွေးထွေးသောလေကို တစ်ဝကြီး အားပါးတရ ရှူပစ်လိုက်ချင်သည်။

သူသည် ဦးတည်ချက်မရှိသော ခြေလှမ်းများကို စလှမ်းသည်။ တစ်ခဏရပ်၍ မျက်စိများကို စုံမှိတ်ကာ စဉ်းစားကြံဆသည်။ သူ့ခြေထောက်များသည် ခြံထဲခြံဘက်သို့ ဦးတည်သွားပြီး ကြက်ဥများ လိုက်ကောက်သည်။ အားလုံးပေါင်းမှ ဆယ့်သုံးလုံး ရခဲ့၏။ သူသည် ကြက်ဥများကို စတိုခန်းထဲသို့ သွားပို့သည်။ သို့သော်လည်း မီးဖိုချောင်ထဲမှ အောက်သိုးသိုးအနံ့များသည် သူ့အား အော့အန်ချင်စိတ် ဖြစ်ပေါ်လာစေပြန်၏။ သူသည် အပြင်သို့ ပြန်ထွက်လာခဲ့ပြီး မြက်ခင်းပေါ်တွင် တစ်ခဏမျှ ထိုင်သည်။

ယာတောခြံဝင်း၏ ပတ်ပတ်လည်၌ ပေါက်နေကြသော သစ်ပင်ကြီးများသည် အိပ်မောကျနေကြသည့်အလား ငြိမ်ဆိတ်လျက် ရှိကြ၏။ မြက်ပင်ရှည်ကြီးများကြားမှ အဝါရောင် ဒင်ဒယ်လီယံ တောပန်းများသည် အပေါ်သို့ ထိုးထွက်နေကြသည်။ ပတ်ဝန်းကျင်ရှိ ပန်းသီးပင်ကြီးများသည် အေးမြသော အရိပ်အာဝါသဖြင့် နေအိမ်များကို လွှမ်းခြုံထားသည်။ မြင်းဇောင်းများနှင့် ကျီများဆီမှ အနံ့များသည် လေထဲတွင် လိုက်ပါလာလျက် ရှိလေ၏။

မိန်းကလေးသည် လှည်းများထားရာ တဲဘက်သို့ သွားသည်။ တဲနှင့်ကပ်လျက် မြောင်းတစ်ခုထဲတွင် ပွင့်နေသော ဝိုင်အိုလက်ပန်းများဆီမှ ရနံ့များသည် ပတ်ဝန်းကျင်တွင် မွှေးပျံ့လျက်ရှိ၏။ ယင်း၏ အခြားတစ်ဖက်တွင် ကျယ်ဝန်းပြန့်ပြူးသော တောပိုင်းဒေသရှုခင်းကို မြင်နေရသည်။ ရှုမျှော်မဆုံးနိုင်သော ယာခင်းများထဲမှ ဂျုံပင်များသည် လှိုင်းထနေကြလေသည်။

အလွန်အလှမ်းဝေးသော နေရာများတွင် အုပ်အုပ်ဆိုင်းဆိုင်း ဖြစ်နေကြသည့် သစ်ပင်ကြီးများသည် ဟိုတစ်စု သည်တစ်စု။ ဟိုနေရာ၊ သည်နေရာ နေရာအနှံ့အပြား၌ အလုပ်လုပ်နေကြသည့် ယာလုပ်သားများ။ ဝေးကွာလွန်းသဖြင့် မြင်နေရသမျှ အရာအားလုံးသည် ကလေးကစားစရာ အရုပ်များနှင့် တူနေသည်။ လှည်းကို ဆွဲသွားနေကြသည့် မြင်းများမှာလည်း အရုပ်ကလေးများနှင့် ဘာမှ မခြားခြင်းမရှိ။

မိန်းကလေးသည် ကောက်ရိုးတစ်စည်းကို သွားယူပြီး မြောင်းထဲ၌ ဖြန့်

www.burmeseclassic.com

www.burmeseclassic.com



ခင်းကာ ထိုင်ချလိုက်သည်။ နေထိုင်ရသည်မှာ သက်တောင့်သက်သာ မရှိသေး။ သူသည် ကောက်ရိုးပုံပေါ်၌ လှဲလိုက်သည်။ လက်နှစ်ဖက်ကိုယှက်၍ ခေါင်းအောက်၌ ခံထားသည်။ အကြောအချဉ်များ ပြေသွားစေရန် ခြေထောက်များကို ဆန့်ထုတ်ထားသည်။

တဖြည်းဖြည်းနှင့် သူမျက်လုံးအစုံသည် ပိတ်သွားသည်။ အိပ်ပျော်လုနီးပါး အခြေအနေသို့ ဆိုက်ရောက်သွားသည်။ ဤအခိုက်မှာပင် သူ့ဝမ်းဗိုက်ပေါ်သို့ လက်နှစ်ဖက်လာတင်သည်ကို သိလိုက်ရသဖြင့် တအားကုန်ခုန်၍ ထလိုက်သည်။ ဂျက်ဟုခေါ်သော ယာလုပ်သားတစ်ဦးဖြစ်၏။ ဂျက်သည် ပစ်ကာဒီနယ်မှ လာသူဖြစ်၍ သူ့အား ချစ်ရေးဆိုနေခဲ့သည်မှာ ကြာခဲ့ပြီ။

ဂျက်သည် သိုးများကျောင်းရင်းနှင့် ဤနေရာသို့ ရောက်လာခြင်းဖြစ်၏။ ချောင်းထဲ၌ ကောက်ရိုးများခင်း၍ လှဲနေသော သူ့အား မြင်လိုက်သည့်အခါ ခြေသံမကြားအောင် ကပ်လာခဲ့ခြင်းဖြစ်သည်။ ဂျက်သည် အသက်ကိုပင်မရှူဘဲ အောင့်ထားသည်။ အနားရောက်သည့်အခါ သူ့မျက်လုံးများသည် ဝင်းဝင်းတောက်လာသည်။

သူသည် မိန်းကလေးအား နမ်းဖို့ ကြိုးစားသည်။ သို့သော်လည်း နမ်းခွင့်မရလိုက်၊ မိန်းကလေး၏ လက်ဝါးတစ်ဖက်သာလျှင် သူ့ပါးပေါ်သို့ အရှိန်ပြင်းစွာ ကျရောက်လာသည်။ မိန်းကလေးသည် သူ့လောက်နီးပါး သန်မာတောင့်တင်းသူဖြစ်၏။ မည်သို့ပင်ဖြစ်စေ ဂျက်သည် လိမ္မာပါးနပ်သူဖြစ်သည့်အားလျော်စွာ မိန်းကလေး ကျေနပ်သွားအောင် ချက်ခြင်းတောင်းပန်သည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် ဘေးချင်းယှဉ်၍ ထိုင်ကာ အေးအေးဆေးဆေး စကားစမြည် ပြောကြသည်။ သူတို့သည် ပထမဆုံး သာယာနေသည့် ရာသီဥတုအကြောင်း ပြောကြသည်။ ထိုမှတစ်ဆင့် သဘောအလွန်ကောင်းသည့် သူတို့အလုပ်ရှင်အကြောင်း၊ ထို့နောက် .. ဘဝတူ လုပ်ဖော်ကိုင်ဖက်များအကြောင်းနှင့် ပတ်ဝန်းကျင် တောပိုင်းအတွင်းမှ လူများအကြောင်း၊ ပြီးတော့ နှစ်ဦးစလုံး ကိုယ့်အကြောင်း၊ သူ့အကြောင်းနှင့် ကိုယ်နေထိုင်ရာ ရွာများအကြောင်းကို ပြော ဖြစ်ကြလေသည်။

ထိုအခါ စကားစပ်မိလာကြပြီဖြစ်၍ သူတို့ငယ်စဉ်တောင်ကျေး ကလေး ဘဝက အကြောင်းများ အမှတ်တရ ရှိခဲ့ကြသည့် ဖြစ်ရပ်များနှင့် သူတို့ ဆွေမျိုး ပေါင်းအသင်းများအကြောင်းကို ပြောမိကြ၏။ မတွေ့ရသည်မှာ ကြာပြီဖြစ်သော



ဆွေမျိုး မိတ်သင်္ဂဟများကို သတိတရ လွမ်းဆွတ်မိကြသည်။ နောက်တစ်ကြိမ် တွေ့ခွင့်ရချင်မှ ရလိမ့်မည်ဟူသော အတွေးဖြင့် သောက ဖြစ်ကြသည်။ မိန်းကလေး အနေဖြင့် စိတ်ထိခိုက်ကြေကွဲခြင်း ဖြစ်မိရာမှအစ ငေးငေးငိုင်ငိုင် ဖြစ်ရသည်။ ဤအချိန်တွင် ခေါင်းထဲ၌ စိတ်ကူးတစ်ခုတည်းသာ ရှိနေသော ဂျက်သည် မိန်းကလေး၏ ခန္ဓာကိုယ်အား မသိမသာ ထိသည်၊ မသိမသာ ပွတ်လား တိုက်လားလုပ်သည်။ သူ့ရင်တွင်း၌ ရမက်ဆန္ဒသည် ပြင်းပြစွာ ဖြစ်ပေါ်လာပြန်လေ၏။

"ငါ .. အမေနဲ့မတွေ့ရတာ ကြာလှပြီ"ဟု မိန်းကလေးက တမ်းတမ်းတတ လေသံဖြင့်ပြောသည်။ "အခုလို သားအမိချင်း ခွဲခွာနေရတာဟာ သိပ်ကို ဆိုးတာပဲ"

စကားအဆုံးတွင် မိန်းကလေး၏အကြည့်သည် အဝေးတစ်နေရာသို့ ရောက်သွားသည်။ သူ၏ အမြင်အာရုံထဲတွင် မြောက်ပိုင်းဒေသ တစ်နေရာမှ ရွာတစ်ရွာသည် ပေါ်လာသည်။ ဤရွာကို သူခွဲခွာလာခဲ့ရသည်မှာ အချိန်ကာလအားဖြင့် ကြာ ခဲ့ပြီ မဟုတ်ပါလား။

ဤအခိုက်တွင် ရုတ်တရက် ဂျက်၏ လက်တစ်ဖက်သည် မိန်းကလေး၏ လည်ပင်းကိုသိုင်းဖက်ကာ နှုတ်ခမ်းကို နမ်းသည်။ သို့သော်လည်း မိန်းကလေးက ဂျက်၏မျက်နှာကို လက်သီးဖြင့် တအားကုန် ပိတ်ထိုးသည်။ လက်သီးသည် နှာခေါင်းကို ပိတ်ထိုးမိသည်။ နှာခေါင်းထဲမှ သွေးများ ကျလာသည့်အခါ ဂျက်သည် ထပြာကရာထ၍ သစ်ပင်တစ်ပင်ဆီသို့သွားကာ ကျောနှင့်မှီပြီး ထိုင်နေသည်။ ဂျက်၏အဖြစ်ကို မြင်ရသောမိန်းကလေးသည် စိတ်မကောင်းဖြစ်သည်။ ချက်ခြင်း ထသွားပြီး .. "သိပ်နာသွားသလား .."ဟု မေးသည်။

ဂျက်က အမေးကို ရုတ်တရက် အဖြေမပေးဘဲ ရယ်သည်။ "မနာပါဘူး ဟာ .. ဒီလောက်ကလေးများ ဘာမှမဖြစ်ပါဘူး"ဟုပြောသည်။ အမှန်တော့ လက်သီးချက်သည် ပြင်းထန်ရုံမျှမက နှာခေါင်းရိုး အလည်တည့်တည့်ကို ထိခြင်း ဖြစ်၍ အထိနာသည်။ သူသည် မိန်းကလေးအား လေးစားသော မျက်နှာထားဖြင့် ရှိကြည့်နေသည်။ သူ့ရင်ထဲမှ အံ့သြချီးမွမ်းသည့် ခံစားမှုကိုလည်း သူ့မျက်နှာ မှာ အထင်အရှား ပေါ်လျက်ရှိ၏။ အရပ်ထောင်ထောင်မောင်းမောင်းနှင့် အား ကောင်းမောင်းသန် ရှိလွန်းလှသော ဤမိန်းကလေးအပေါ်တွင် အချစ်စစ် အချစ် မှန်သည် စတင်ပေါက်ဖွားလာခဲ့လေပြီ။

နှာခေါင်းသွေးအယို ရပ်သွားသည့်အခါ ဂျက်က သူတို့နှစ်ယောက် လမ်း

www.burmeseclassic.com



လျှောက်ကြဖို့ အကြံပြုသည်။ အကယ်၍ ဤပုံစံအတိုင်း ဆက်လက်ပြီး ထိုင်နေကြဦးမည်ဆိုပါက နောက်တစ်ကြိမ် ပြင်းထန်သော လက်သီးချက်ထပ်၍ ခံရဦးမည်ကို သူသိနေသည် မဟုတ်ပါလော။ သို့သော်လည်း မိန်းကလေးသည် သူသဘော သူဆန္ဒအလျှောက် အပျင်းပြေလမ်းလျှောက်ထွက်လာသည့် စုံတွဲတစ်တွဲနှင့် တူနေသည်။

"နင် .. ငါ့ကို အထင်သေးပြီး စောစောကလို လုပ်တာမျိုးဟာ မကောင်းဘူး .. သိလား" မိန်းကလေးက စကားစသည်။

ဂျက်က နောက်တစ်ကြိမ်ထပ်၍ တောင်းပန်သည်။ သူစောစောကလုပ်ခဲ့သည်မှာ အထင်အမြင်သေး၍ လုပ်ခဲ့ခြင်းမဟုတ်၊ သူ့စိတ်ထဲတွင် ချစ်လွန်းလွန်း၍ လုပ်မိခြင်းသာ ဖြစ်ပါသည်ဟု ရှင်းပြသည်။

"ဒါဆိုရင် နင် .. ငါ့ကို တကယ်လက်ထပ်ယူမှာလား"ဟု မိန်းကလေးက မေးသည်။

ဂျက်သည် ရုတ်တရက် ချက်ခြင်းအဖြေမပေးနိုင်။ တွန့်ဆုတ်ဆုတ် ဖြစ်နေသည်။ မိန်းကလေး၏ မျက်နှာကို သေးတိုက်ကြည့်၍ အကဲခတ်သည်။ မိန်းကလေးကတော့ သူ့ရှေ့တည့်တည့်ကိုသာ အာရုံစူးစိုက်လျက်ရှိ၏။ မိန်းကလေး၏ ပါးနှစ်ဖက်သည် ဝဖောင်းဖောင်း နီရဲရဲ၊ ရင်အုံသည် မောက်မောက်၊ ထူထဲပြီး နီမြန်းသော နှုတ်ခမ်းများ။ ပြောင်ရှင်းနေသော လည်ပင်းထက်တွင်မူ ချွေးသီးချွေးပေါက်များ။ စောစောက ရမက်ဆန္ဒသည် နောက်တစ်ဖန် ဖြစ်ပေါ်လာပြန်၏။ သူသည် သူ့နှုတ်ခမ်းကို မိန်းကလေး၏နားသို့ ကပ်၍ ... "တကယ့်ကို ယူမှာပေါ့ .. ဟ"ဟု ဖြေသည်။

ထိုအခါ မိန်းကလေးသည် ဂျက်၏လည်ပင်းကို လက်နှစ်ဖက်နှင့် သိုင်းဖက်ကာ အနမ်းရှည်ကြီး ပေးနေသဖြင့် ဂျက်ရောသူပါ နှစ်ယောက်စလုံး အသက်ရှူမှားသွားသည်။ ထိုအချိန်မှစ၍ သူတို့နှစ်ဦးကြားတွင် အချစ်ပုံပြင်လေး စတင်ပေါက်ဖွားလာသည်။ ထောင့်ကြို ထောင့်ကြားဟူသမျှသည် သူတို့နှစ်ဦး ချစ်တင်းနှောရာ နေရာများ ဖြစ်လာသည်။ လရောင်ဆမ်းသည့် ညများတွင် ကောက်ရိုးပုံများသည် သူတို့ချိန်းတွေ့ရာ နေရာများ ဖြစ်လာသည်။

မည်သို့ပင်ဖြစ်စေ အချိန်ကြာလာသည့်အခါ ဂျက်သည် မိန်းကလေးအား ငြီးငွေ့လာဟန်တူ၏။ သူသည် မိန်းကလေးအား မဆုံမိအောင် ရှောင်ကွင်းလာသည်။ ဆုံမိပါကလည်း စကားမပြော၊ နှစ်ယောက်ချင်းတွေ့ဖို့လည်း မကြိုးစား



တော့ချေ။ မိန်းကလေး၏စိတ်တွင် စိုးရိမ်ခြင်း၊ သောကဖိစီးခြင်းများ တဝဲငြိလာသည်။ အထူးသဖြင့် သူ့တွင် ကိုယ်ဝန်ရှိနေပြီဟု သိလိုက်ရသည့်အခါ သံသယစိတ်များသည် ကြီးမားလာခဲ့ရလေပြီ။

ပထမသော် မိန်းကလေးသည် ပြင်းစွာ ထိတ်လန့်ခြင်းကို ခံစားရ၏။ ထို့နောက် အကြီးအကျယ် ဒေါသူပုန်ထသည်။ ဒေါသသည် နေ့စဉ်နေ့တိုင်း တိုးတက်ကြီးမားလာခဲ့သည်။ ခိုင်လုံသော အကြောင်းကလည်း ရှိနေ၏။ ဂျက်သည် သူနှင့်မဆုံမိအောင် သတိကြီးစွာထား၍ ရှောင်တိမ်းနေသည် မဟုတ်ပါလား။ နောက်ဆုံး တစ်ညချမ်းတွင် အိမ်တွင်းရှိ လူအားလုံး အိပ်မောကျနေခိုက် မိန်းကလေးသည် အသံမကြားအောင် အိပ်ရာမှထ၍ ဖိနပ်ပင်မပါဘဲ ခြံတွင်းသို့ ထွက်ခဲ့သည်။ မြင်းဇောင်းရှိရာသို့ အသာသွားကာ တံခါးကိုဖွင့်၍ ဝင်ခဲ့၏။ ဂျက်သည် ကောက်ရိုးများထည့်ထားသည့် သေတ္တာကြီးထဲ၌ အိပ်ပျော်နေသည်ကို တွေ့ရ၏။

အမှန်သော် ဂျက်သည် အိပ်ပျော်နေသည်မဟုတ်။ တံခါးကို ဖွင့်ပြီး ဝင်လာကတည်းက အိပ်ရာမှ နိုးနေသဖြင့် မိန်းကလေး ရောက်လာသည်ကို သူသိနေ၏။ မိန်းကလေးသည် သေတ္တာဘေး၌ ဒူးထောက်၍ထိုင်ကာ ဂျက်အား ခပ်ကြမ်းကြမ်းလှုပ်၍နိုးလေသည်။

"ဘာလဲဟ .. နင်က ဘာဖြစ်တာလဲ" ဟု ဂျက်က ကောက်ရိုးပုံပေါ်မှာပက်လက်ခနဲ ထထိုင်ပြီးမေးသည်။ ဒေါသကြီးနေသော မိန်းကလေးသည် အံကိုကြိတ်ကာ သွားကြားထဲမှ ထိုးထွက်နေသောအသံဖြင့် ပြန်ပြောသည်။

"နင် .. နင် .. နင်ပေးထားတဲ့ ကတိအတိုင်း ငါ့ကို လက်ထပ်စေချင်တယ်"

ထိုအခါ ဂျက်က ရယ်သည်။

"ယောက်ျားတစ်ယောက်အနေနဲ့ သူနဲ့ အိပ်ဖူးခဲ့တဲ့ မိန်းမတိုင်းကိုသာ လက်ထပ်ပြီး ယူရမယ်ဆိုရင် မယားတွေအများကြီး ဖြစ်နေမှာပေါ့ ဟား .. ဟား ဟား .. ဟား .. ဟား"

မိန်းကလေးသည် ထိုင်နေရာမှ ဝုန်းကနဲထကာ ဂျက်၏လည်မျိုကို လက်နှစ်ဖက်ဖြင့် ဖမ်းညှစ်ပြီး တွန်းလှဲလိုက်သည်။ ဂျက်မှာ သန်မာလွန်းလှသော မိန်းကလေး၏ လက်ထဲမှ ရုန်းထွက်၍မရ။ တဖြည်းဖြည်းနှင့် လည်ပင်းသည် အစ်လာသည်။ သည်ပုံအတိုင်းဆိုပါက သူသည် မိန်းကလေး၏ လက်ထဲတွင် အသက်

www.burmeseclassic.com

ထွက်ဖို့သာ ရှိနေ၏။ မိန်းကလေးကတော့ ဂျက်၏လည်ပင်းကို ကိုင်ညှစ်ထားရင်းမှ မျက်နှာပေါ်တွင် သူ့ပါးစပ်ဖြင့်ကပ်၍ ခပ်ကျယ်ကျယ်အော်ပြောသည်။

"ငါ့မှာ ဗိုက်ကြီးနေပြီ .. ဟဲ့အကောင်ရဲ့၊ နင်ငါပြောတာ ကြားရဲ့လား၊ ငါ့မှာ ဗိုက်ကြီးနေပြီ"

ဂျက်သည် အသက်ရှူမှားလျက်ရှိ၏။ လည်ပင်းကို ဆုပ်ညှစ်ထားပုံမှာ အသေလုပ်တော့မည့် အနေအထားဖြစ်သည်။ သူသည် နည်းနည်းကလေးမှမလှုပ်ဝံ့။ နှစ်ဦးစလုံး ငြိမ်ဆိတ်နေကြသည်။ မှောင်ထဲတွင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသော်လည်း စကားမပြောနိုင်ကြ။ မြင်းစားခွက်ထဲမှ ကောက်ရိုးကို ဆွဲယူနေသော မြင်းတစ်ကောင်၏အသံသည် တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းထွက်ပေါ်လာသည်။ ထို့နောက် တမြုံ့မြုံ့ကြိတ်ဝါးနေသည့်အသံ။

ဂျက်သည် လည်ပင်းကို ရုန်းထွက်ဖို့ မလှုပ်ရှားရဲ။ မိန်းကလေး၏ သန်စွမ်းမှုကို သိထားသဖြင့် အကြောက်အကန် ရုန်းရမည်ကို ကြောက်နေသည်။ သူ့ပါးစပ်မှ မပီမသအသံဖြင့် စကားတစ်ခွန်းထွက်လာသည်။ "နင့်မှာ ဗိုက်ကြီးနေတာ မှန်ရင် ငါလက်ထပ်ပါ့မယ် .. ဟာ"

သို့သော်လည်း မိန်းကလေးက သူ့ကတိကို မယုံကြည်။ "လက်ထပ်မယ်ဆိုရင် ချက်ခြင်းထပ်ရမယ်"ဟု ပြောသည်။

"အခုချက်ခြင်းလား .. ဟာ"

"ဟုတ်တယ် .. ချက်ခြင်းလက်ထပ်မယ်လို့ ကျိန်ရမယ်"

ဂျက်သည် အတန်ကြာမျှ ငြိမ်နေပြီးနောက် ဘုရားသခင်အား တိုင်တည်ပြီး ကျိန်သည်။ ထိုအသံကြားသည့်အခါ မိန်းကလေးသည် ဂျက်၏ လည်မျိုကို ညှစ်ထားရာမှ လွှတ်လိုက်ပြီး နောက်ထပ် စကားတစ်ခွန်းမှ မပြောတော့ဘဲ ထွက်သွားသည်။

ထို့နောက် မိန်းကလေးသည် ဂျက်အား ရက်ပေါင်းများစွာ မတွေ့ရတော့ပေ။ စကားပြောဖို့ အခါအခွင့်ကိုလည်း မရတော့ပေ။ အခုဆိုလျှင် မြင်းဇောင်းတံခါးကို ညတိုင်း သော့ခတ်ထားသည်ကို တွေ့နေရ၏။ သူ့အနေဖြင့် မြင်းဇောင်းအနီးသို့လည်း မသွားရဲ။ ဂျက်နှင့်ပတ်သက်၍လည်း မစုံစမ်းဝံ့။ အများက သူ့အားသွားပုပ်လေလွင့် အပြောခံရမည်ကို ကြောက်ရွံ့နေသည်။ တစ်ရက် ညစာ စားချိန်တွင် လူသစ်တစ်ယောက် ရောက်လာသည်ကို တွေ့ရ၏။

"ဂျက် .. အလုပ်ကထွက်သွားပြီလား"ဟု မိန်းကလေးက မေးသည်။



"ဟုတ်တယ် .. သူ့အလုပ်က ထွက်သွားပြီ။ ကျုပ်က သူ့နေရာ လူစားဝင်ရမှာ"ဟု ထိုလူကဖြေသည်။

ဤစကားကြောင့် ကတုန်ကယင် ဖြစ်သွားရသော မိန်းကလေးသည် မီးဖိုပေါ်မှ ဒယ်အိုးကိုပင် ဖြောင့်ဖြောင့်တန်းတန်း မချနိုင်။ အလုပ်သမားအားလုံး အလုပ်သွားကြသည့်အခါ မိန်းကလေးသည် သူ့အခန်းထဲသို့ဝင်ကာ ဝမ်းနည်းပက်လက် ငိုကြွေးသည်။ သူသည် ငိုသံကို အေးလူများ ကြားကုန်မည်စိုးသဖြင့် ခေါင်းအုံးတွင် မျက်နှာအပ်၍ ငိုနေခြင်းဖြစ်၏။

မည်သို့ပင်ဖြစ်စေ နောက်တစ်နေ့ နေ့ခင်းဘက်တွင် မိန်းကလေးသည် ဂျက်အလုပ်ထွက်သွားသည့်ကိစ္စကို ပို၍ သေချာအောင် ထပ်မံစုံစမ်းသည်။ သူ့အပေါ် ခြည်သူကမှ သံသယမဖြစ်ကြသော်လည်း သူ့ကိုယ်သူ အလွန်ကံဆိုးသည်ဟု ယူဆထား စိတ်ထိခိုက်နေရှာသော မိန်းကလေးသည် လူအားလုံးက သူ့အား တိတ်တိတ်ကလေး ကြိတ်၍ သရော်နေကြသည်ဟု ထင်မိသည်။ သူ စုံစမ်း၍ သိရှိရသလောက် ဆိုပါမူကား ဂျက်သည် ဤအနီးအနား ပတ်ဝန်းကျင်မှ ခြေရာဖျောက်ကာ အဝေးအပိုင် ထွက်ခွာသွားပြီဖြစ်၏။

❑

(၂)

ထို့နောက်တွင်မူ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းတစ်ရပ်ဟူသော ဒုက္ခသည် မိန်းကလေးအား ဖိစီးနှိပ်စက်လေတော့သည်။ သူသည် အလုပ်ကို စက်ရုပ်တစ်ရုပ်လိုလုပ်လျက်ရှိ၏။ လုပ်စရာရှိသည်များကို လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်လျက်ရှိသော်လည်း စိတ်ဝင်စားခြင်းမရှိ။ ခေါင်းထဲတွင် အသိဟူ၍ တစ်ခုတည်းသာရှိ၏။ "ငါ့အကြောင်းကို လူတွေသိကုန်ရင် ဘယ်လိုလုပ်မလဲ"

အဆက်မပြတ် ခံစားနေရသော ဒုက္ခကြောင့်သူသည် ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းလည်းမရှိတော့ပေ။ သူ့အနေဖြင့် နောက်ဆုံးတွင် ဗူးပေါ်သလို ပေါ်လာရမည့် အရှက်ကို ဘယ်လို ဖုံးကွယ်ရပါမည်နည်းဟူသော အတွေးကိုပင် မတွေးနိုင်။ ဖုံးနိုင်၊ မဖိနိုင် ဖြစ်တော့မည့်ရက်မှာ တစ်ရက်ပြီးတစ်ရက် နီးကပ်လာခဲ့လေပြီ။

သူသည် မနက်တိုင်း တခြားအလုပ်သမားများ မနိုးမီ အိပ်ရာမှထသည်။ သူ့ အခန်းထဲ၌ သူ ဖီးလိမ်း ပြင်ဆင်ရာ၌ကြည့်ဖို့ ယူထားသည့် မှန်ကွဲတစ်ချပ်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်သူ ပြန်ကြည့်သည်။ သူ့အပြောင်းအလဲကို ဘေးလူတွေရိပ်မိနိုင်ပြီလားဟု စမ်းဆေးသည်။ အထူးသဖြင့် သူ့ဗိုက်သည် ရှေ့သို့ စူထွက်လာပြီလား၊ ခါးစည်းအဝတ်က ဖုံးဖိမပေးနိုင်တော့သည့် အခြေအနေသို့ ရောက်လာလေပြီလား …။

လတွေ တစ်လပြီးတစ်လ ကုန်လွန်လာခဲ့ပြီ။ သူသည် ယခင်နှင့် လုံးဝမတူတော့၊ စကားအပြောအဆို အလွန်နည်းလာသည်။ တစ်ဦးတစ်ယောက်က သူ့ကိုမေးလျှင်လည်း မေးခွန်းကို ကြားပုံမရ။ ကြောက်လန့်စိတ်နှင့် စိုးရိမ်စိတ်တို့သည် မျက်နှာနှင့် မျက်လုံးများတွင် အထင်းသား ပေါ်နေသည်။ လက်များမှာလည်း အမြဲတစေ ကတုန်ကယင် ရှိလွန်းလှ၏။ သူ့သခင်သည် သူ၏အဖြစ်ကိုကြည့်ကာ "မိန်းကလေးရယ် .. နင်ဘယ်လို ဖြစ်နေတာလဲ" ဟုပင် မကြာ မကြာ အမေးခံရသည်။

တနင်္ဂနွေနေ့ ဘုရားရှိခိုးကျောင်းထဲရောက်လျှင် သူ့ကိုယ်သူ တိုင်နှင့်ကွယ်ထားလေ့ရှိ၏။ သူသည် ဖြောင့်ချက်ပေးသည့် အလုပ်ကိုလည်း မလုပ်ဝံ့။ ဘုန်းကြီးနှင့် မျက်နှာချင်းဆိုင် ရမည်ကို ထိတ်လန့်လျက်ရှိသည်။ ဘုန်းကြီးဆိုသည်မှာ မိမိတို့ လူတွေထက် ပို၍ သမာဓိအားကောင်းခြင်း၊ လူ့သဘော လူ့မနောနှင့် အဖြစ်အပျက်အဆောများကို မြင်နိုင်ခြင်းစသော စွမ်းအားများရှိသည်ဟု ယုံကြည်နေကြသည် မဟုတ်ပါလား။

အစားကျွေးချိန်တွင် အလုပ်သမားများကြား၌ ရောက်နေသော မိန်းကလေးသည် သူ့လုပ်ဖော်ကိုင်ဖက်များက သူ့အား ကြည့်ရှုနေကြသည့် မျက်နှာထားများအပေါ် သံသယဝင်သည်။ သူ့စိတ်ထဲတွင် မလုံမလဲဖြစ်ကာ အနေရအထိုင်ရ ခက်နေသည်။ အားလုံးက သူ့အား သံသယမျက်လုံးများဖြင့် ကြည့်နေသည်ဟု ထင်မိလေသည်။

တစ်နေ့သော နံနက်တွင် စာပို့လုလင်ထံမှ စာတစ်စောင်ရသည်။ သူ့ဘဝတစ်လျှောက်လုံးတွင် စာတစ်စောင်မျှ မရခဲ့ဖူးသော မိန်းကလေးအဖို့ ဤစာကြောင့်စိတ်အနှောင့်အယှက်ဖြစ်ရသည်။ သူသည် တစ်နေရာ၌ ခြေပစ်လက်ပစ်ထိုင်ကာ တွေးမိတွေးရာများကို တွေးမိ၏။ ဂျက်ထံမှ စာဖြစ်လေမလား။ သို့သော်လည်း စာတတ်သူ မဟုတ်သဖြင့် စာကိုမဖတ်နိုင်။ စာအိတ်ကိုကိုင်ကာ .. သောကပင် လယ်ဝေလျက်ရှိသည်။

သူသည် စာကို တခြားသူတစ်ဦးတစ်ယောက်အား ဖတ်ခိုင်းရန်မှာလည်း စိတ်မချ။ အကယ်၍ ဂျက်ထံမှဖြစ်ခဲ့ပါမူ သူ၏ လျှို့ဝှက်ချက်သည် ပေါ်သွား



ချေတော့မည်။ သူသည် စာရွက်ပေါ်မှ စာကြောင်းများကိုကြည့်ကာ တွေးရခက်နေသည်။ နောက်ဆုံးတွင် သိလိုစိတ်ကို ထိန်းချုပ်ခြင်းမှာ မစွမ်းတော့သဖြင့် သူသည် ကျောင်းဆရာထံသွား၍ အကျိုးအကြောင်း ပြောပြသည်။ ဆရာက သူ့အားထိုင်ခိုင်းပြီး စာကိုဖတ်ပြသည်။

*ချစ်သမီး …*

*အမေစာရေးလိုက်သည်။ အမေနေမကောင်းပါ။ အမေတို့အိမ်နီးချင်းနှမ်းစီယာဒင်တုကတစ်ဆင့် သမီးလာနိုင်က လာရန် အကြောင်းကြားလိုက်ပါသည်။*

*မင့်အမေကိုယ်စား*

*ဆီစာဒင်တု*

*ဒုတိယမြို့တော်ဝန်*

သူသည် စကားတစ်ခွန်းမှ မပြောဘဲ ကျောင်းဆရာအပါးမှ ထွက်ခွာသွားသည်။ သူတစ်ဦးထဲ လျှောက်လာရသည့်အခါတွင်မူ သူသည် အားအင်ဆုတ်ယုတ်ကုန်ခန်းသွားသည့်နှယ် ခံစားရသည်။ သူသည် သူ့ကိုယ်သူ မဟန်နိုင်တော့ဘဲ လမ်းဘေးတစ်နေရာတွင် လဲကျသွားသည်။ ညနေစောင်း၍ မိုးစုပ်စုပ်ချုပ်ခါမှပင် ကိုနေရာထလာနိုင်ခဲ့လေ၏။

အိမ်ပြန်ရောက်သောအခါ သူ့ယာရှင်အား သူရင်ဆိုင်နေရသည့် ဒုက္ခကိုပြောပြသည်။ ယာရှင်က နေရပ်သို့ပြန်၍ သူလိုသလောက် နေထိုင်ရန် ခွင့်ပြုသည်။ သူလုပ်နေရသည့်/အိမ်မှုကိစ္စများကို သန့်ရှင်းရေး အလုပ်သမားတစ်ဦးအား ယာယီအစားထိုးထားမည်ဖြစ်၍ သူပြန်လာသည့်အခါ မူလတာဝန်များ ဆောင်ရွက်ခွင့်ရလိမ့်မည်ဟု အသိပေးလိုက်၏။

သူရောက်သွားပြီး မကြာမတင်မှာပင် သူ့အမေဆုံးသည်။ နောက်တစ်ရက်တွင် ရိုစီဟုခေါ်သော ဤမိန်းကလေးသည် ကလေးတစ်ယောက်မျက်နှာမြင်သည်။ ကိုယ်ဝန်မှာ ခုနစ်လမျှသာ ရှိသေးသဖြင့် မွေးလာသော ကလေးသည် တကယ့်အရိုးပဒေသာရုပ်ကလေးဖြစ်၏။ သေးငယ်လွန်းအားကြီးသဖြင့် မြင်သူတကာအံ့သြကုန်ကြသည်။ နာကျင်မှုတစ်ခုကို အပြင်းအထန် ခံစားနေရသည့် အမှသည် သေးတစ်ဦးနှင့် တူလှချေသည်။ ကလေးငယ်၏ အခြေအနေသည် ယဲ့ယဲ့မျှသာ

www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ ခြေလက်များကို လှုပ်ရှားနိုင်စွမ်းလည်းမရှိ။ ပိန်လှီသေးကွေးလွန်းလှသော ခြေဆံ လက်ဆံများသည် ဂဏန်းတစ်ကောင်၏ ခြေဆံ လက်ဆံများနှင့် တူလွန်းလှ၏။ ဤမျှလောက် ကြုံလှီလွန်းသောကြောင့်ပေလားမသိ။ ဤကလေးသည် အသက်ရှင်လာခဲ့လေသည်။

ရိုစီက သူလက်ထပ်ပြီးပြီဟု ပြောသော်လည်း ဤကလေးအား မွေးမြူရမည့် တာဝန်ကို သူမယူခဲ့ပေ။ သူသည် ကလေးအား အိမ်နားနီးချင်းများထံ အပ်နှံထားခဲ့သည်။ ယင်းတို့ကလည်း ကလေးအား အထူးဂရုစိုက်၍ စောင့်ရှောက်ပါမည်ဟု ကတိပေးသည်။ ဤသို့ဖြင့် သူသည် ကလေးအား ခွဲထားခဲ့ပြီး သူ ယာတောသို့ ပြန်လာခဲ့လေ၏။

မည်သို့ပင်ဖြစ်စေ သူ၏ နှလုံးသားထဲတွင်မူ အလွန်ကြုံလှီသေးကွေး နုနယ်လွန်းလှသော ထိုသတ္တဝါကလေးအပေါ်၌ အမျိုးအမည်မသိသော ချစ်ခြင်းမေတ္တာသည် ယိုဖိတ်လျက်ရှိ၏။ မတတ်သာ၍ ခွဲခွာထားခဲ့ရသော်လည်း ယင်းခွဲခွာခဲ့ရခြင်းအတွက် စိတ်ဆင်းရဲခြင်းတည်းဟူသော ဝေဒနာတစ်မျိုး စွဲကပ်လာခဲ့ရသည်။ သူသည် ထိုဝေဒနာသစ်၏ဒဏ်ကို နာရီပိုင်း မိနစ်ပိုင်းနှင့်အမျှ ခံစားနေခဲ့ရလေပြီ။

သူသည် ကလေးငယ်အား တယုတယ နမ်းလိုပါ၏။ လက်နှစ်ဖက်နှင့် ထွေ့ပိုက်ကာ ရင်ခွင်၌ အိပ်ထားချင်လှပါ၏။ ဤကလေး၏ နွေးထွေးသော ကိုယ်ငွေ့ကို သူ့အသားနှင့် အမြဲတစေ ထိတွေ့နေလိုလှပါ၏။ သို့တစေလည်း သူဆန္ဒအတိုင်း လုပ်နိုင်စွမ်းမရှိ။ ဤအတွက်ကြောင့် ညညကျလျှင် အိပ်မပျော်။ တစ်နေ့လုံး အလုပ်လုပ်နေရင်းလည်း ကလေးကိုပင် တတမ်းတတ သတိရနေသည်။ အလုပ်များ ပြီးစီးသွားသည့်အခါတွင်လည်း သူသည် မီးဖိုရှေ့၌ထိုင်ကာ မီးတောက်ဆီသို့ တွေဝေငေးမော နေတတ်လေသည်။

သူ၏ လုပ်ဖော်ကိုင်ဖက်များသည် သူ့အကြောင်းကို ပြောစပြုလာကြသည်။ သူ့ချစ်သူနှင့် ဆက်စပ်ပတ်သက်၍လည်း ပြောင်ကြ စကြသည်။ သူ့ချစ်သူသည် အရပ်မြင့်သလား၊ ချောသလား၊ ချမ်းသာသလားစသည့် မေးခွန်းများကို မေးကြသည်။ ပြီးတော့ ဘယ်တော့ လက်ထပ်ကြမှာလဲဟုလည်း မေးကြသည်။ ထိုအခါ ရိုစီသည် ကပြာကယာ ပြေးထွက်သွားကာ တစ်နေရာတွင် တစ်ယောက်ထဲ ကြိတ်၍ ငိုနေလေ့ရှိ၏။

တကယ်တော့ ထိုမေးခွန်းများသည် သူ့နှလုံးသားကို အပ်နှင့် ထိုးဆွခြင်း ခံနေရသည်နှင့်လည်း တူလှ၏။ သူတို့ပြောကြသည့်စကားများကို မေ့သွားလိုသဖြင့်



အလုပ်ကို ပို၍ အပင်ပန်းခံပြီး လုပ်သည်။ သို့သော်လည်း သူ့ကလေးအကြောင်း တတော့ ခေါင်းထဲမှမထွက်။ သူ့ကလေးအတွက် ငွေစုဖို့ကိုလည်း မမေ့၊ ငွေများများ စုနိုင်ဖို့အတွက် အလုပ်ကို များများပို၍လုပ်သည်။ ကြာလာတော့လည်း သူ့အလုပ်လုပ်လွန်းအားကြီးသဖြင့် သူ့အလုပ်ရှင်က သူ့အား လုပ်ခတိုးပေးလာရလေ၏။

ထို့နောက် တဖြည်းဖြည်းနှင့် သူသည် အိမ်မှုလုပ်ငန်းအားလုံးကို တစ်ဦးတည်း ချုပ်ကိုင်ပြီး လုပ်လာသည်။ လူနှစ်ယောက်စာ အလုပ်များကို လုပ်နေခြင်းဖြစ်သဖြင့် သူ့အလုပ်ရှင်သည် လုံးဝသုံးမရတော့သလို ဖြစ်လာသည့် မိန်းကလေး အလုပ်သမားတစ်ဦးအား လျှော့ပစ်ရသည်အထိ ဖြစ်လာခဲ့၏။ သူသည် ပေါင်မုန့်၊ ဆီနှင့် ဖယောင်းတိုင်စသည့် အသုံးအဆောင်ပစ္စည်းများကိုလည်း စည်းကမ်းမဲ့ မသုံးစွဲအောင် ထိန်းသိမ်းပေးသည်။ ကြက်စာနှင့် မြင်းစာများကို လိုအပ်သည်ထက်ပို၍ မသုံးစွဲအောင်လည်း သင်ပေးသည်။

သူလုပ်ကိုင်နေပုံသည် သူ့အလုပ်ရှင်၏ အလုပ်များကို သူ၏ ကိုယ်ပိုင်အလုပ်ကဲ့သို့ လုပ်နေခြင်းဖြစ်၏။ အလုပ်ရှင်၏ ငွေကြေးနှင့်ပစ္စည်းများကို သူပိုင်ငွေကြေးနှင့် ပစ္စည်းများကဲ့သို့ အလဟဿ မဖြစ်အောင် ဝင်ရောက်ကြီးကြပ်ပေးလေ့ရှိသည်။ အထူးသဖြင့် ပစ္စည်းများဝယ်သည့်အခါ ဈေးလျှော့၍ရအောင် ပစ္စည်းများရောင်းသည့်အခါ ဈေးပို၍ရအောင် ဝင်ရောက်ဆောင်ရွက်ပေးလေ့ရှိ၏။ ကြာလာတော့လည်း အလုပ်ရှင်သည် အရောင်းအဝယ်ကိစ္စဟူသမျှကို ရိုစီ၏ လက်ထဲသို့ ယုံကြည်စိတ်ချစွာ လွှဲအပ်ထားခဲ့လေတော့၏။

ဤသို့ဖြင့် ရိုစီ၏ ဩဇာသည် တဖြည်းဖြည်းနှင့် အလုပ်သမားများအပေါ် အထိ သက်ရောက်လာခဲ့သည်။ အလုပ်သမားများအား ကျွေးမွေးရာ၌လည်း ကုန်ကျစရိတ် သက်သာအောင် စည်းစနစ်နှင့် ကျွေးသည်။ အလုပ်တာဝန်ခွဲဝေပေးရာ၌လည်း ဟာကွက် ခိုကွက်မရှိရအောင် ကြီးကြပ်ပေးသည်။ မကြာခင်အချိန်ကာလအတွင်းမှာပင် ယာလုပ်ငန်းမှ ဝင်ငွေသည် များစွာ တိုးတက်လာခဲ့သည်။ ယာခြံနှင့် ငါးမိုင်ပတ်လည်အတွင်းမှ လူများသည် ရိုစီအား ''ယာရှင်ဗယ်လင်း၏ အိမ်ဖေကလေး''ဟူသော အမည်ကို ပေးလာကြသည်။ ယာရှင်ကိုယ်တိုင်ကလည်း "ဒီကောင်မလေးရဲ့ တန်ဖိုးကတော့ ကြီးလှပါသဗျာ။ သူ့ခန္ဓာကိုယ်နဲ့ ညီမျှတဲ့ ရွှေအလေးချိန်ထက်တောင် အဆပေါင်းများစွာ ပိုပါတယ်''ဟု ရောက်လေရာ နေရာတိုင်း၌ ပြောလေ့ရှိသည်။

အချိန်သည် တဖြည်းဖြည်းနှင့် ကုန်လွန်လာသည်။ ရိုစီ၏ လုပ်ခကတော့

www.burmeseclassic.com

www.burmeseclassic.com



တိုးလာခြင်းမရှိ။ သူ၏ တပင်တပန်း အလုပ်လုပ်မှုကို "အလွန်တော်သည့် အိမ်စေတစ်ယောက်"ဟူသော အမည်နာမဖြင့် ချီးမွမ်းပြောဆိုခြင်း ခံရသော်လည်း အခြားနည်းနှင့်ကား အသိအမှတ်ပြု မခံခဲ့ရပေ။ အမှန်ဆိုပါက သူ့အလုပ်ရှင်သည် သူ့လုပ်ခကို အရောင်းငွေ ငါးဆယ်သို့မဟုတ် တစ်ရာအထိ တိုးပေးမည်ဆိုပါက တိုးပေးနိုင်၏။ ယင်းကဲ့သို့သာ တိုးပေးခဲ့ပါမူ သူ၏ ကြိုးပမ်းအားထုတ်မှုများအတွက် သူ့အား တကယ်ကျေးဇူးတင်ကြောင်း ဖော်ပြရာ ရောက်လိမ့်မည်ဖြစ်၏။ ယခုသော်မူ …။ သူသည် ထိုကိစ္စအတွက် နာကျည်းသော စိတ်ဖြင့်တွေးကာ စိတ်မကောင်း ဖြစ်နေရလေသည်။

သူ၏ လက်ရှိလစာမှာ တစ်နှစ်လျှင် ဖရန့်ငွေ နှစ်ရာမျှသာဖြစ်၏။ နှစ်ရာထက် တစ်ပြားမပို တစ်ပြားမလျော့ ဖြစ်နေသည် ကြာခဲ့ပြီ။ သူ့လစာကို တိုးပေးစေချင်လှ၏။ ဤကိစ္စနှင့် ပတ်သက်၍ ကျောင်းဆရာနှင့် တိုင်ပင်ရန် သုံးခေါက်တိတိ ကျောင်းသို့ ရောက်ခဲ့သည်။ သို့သော်လည်း လက်တွေ့ကျတော့ မပြောဖြစ်။ တခြားအကြောင်းတွေပြောပြီး ပြန်လာခဲ့သည်ချည်းဖြစ်၏။ သူ့စိတ်ထဲတွင် ငွေတိုးတောင်းရမည့်အလုပ်သည် ဂုဏ်သိက္ခာကင်းမဲ့စေလိမ့်မည်ဟု ထင်နေသည် မဟုတ်ပါလား။

သို့သော်လည်း တစ်ရက်တွင် ယာရှင် မနက်စာ စားနေခိုက် ပြောစရာရှိလျှင် ပြောနိုင်သည့် အခွင့်အလမ်းကို ရခဲ့၏။ ထိုနေ့က ယာပိုင်ရှင်သည် မီးဖိုချောင်ထဲ၌ နံနက်စာ စားနေသည်။ ထိုအခါ သူသည် ယာပိုင်ရှင်၏ရှေ့၌ရပ်၍ သူ့အား စကားပြောခွင့်ပေးဖို့ ခွင့်ပန်သည်။ ယာပိုင်ရှင်၏ ဦးခေါင်းသည် မော့လာပြီး သူ့အား ပါးစပ်ဟောင်းလောင်းဖြင့် ကြည့်နေသည်။ လက်တစ်ဖက်သည် ဓားကိုင်ထားပြီး ကျန်တစ်ဖက်သည် ပေါင်မုန့်တစ်ချပ်ကို ကိုင်မြှောက်ကာ ပါးစပ်ထဲထည့်ရန် ဟန်ပြင်နေခိုက်ဖြစ်၏။ ယာပိုင်ရှင်၏ စူးစူးစိုက်စိုက် အကြည့်ဒဏ်ကို သူမခံနိုင်။ သူသည် ခေါင်းကိုငုံ၍ ခွင့်တစ်ပတ်ပေးဖို့ တောင်းသည်။ သူနေမကောင်းသဖြင့် ခဏတဖြုတ် ခရီးသွားလိုသည်ဟု ပြောသည်။ ယာပိုင်ရှင်က ချက်ခြင်းခွင့်ပြုသည်။ ထို့နောက် မျက်နှာခပ်ပျက်ပျက်နှင့် စကားတစ်ခွန်း ပြန်ပြောသည်။

"မင်း ပြန်ရောက်လာတဲ့အခါကျရင် မင့်ကို အရေးကြီးတဲ့စကား ပြောစရာရှိတယ်"

❑



(၃)

ကလေးမှာ ရှစ်လနီးပါးခန့် ရှိနေပြီ။ မွေးကင်းစကတည်းက ခွဲခွာထားခဲ့ခြင်းဖြစ်၍ သူ့အား မမှတ်မိ။ အသားအရေသည် နှင်းဆီရောင်သမ်းလျက်ရှိ၏။ သူသည် ကလေးကို တွေ့လျှင်တွေ့ချင်း အငမ်းမရ ချီပွေ့မိသည်။ အားရပါးရ နမ်းရှုံ့မိသည်။ သူ့နမ်းပုံမှာ ကြမ်းတမ်းလွန်းလှသဖြင့် ကလေးသည် ကြောက်လန့်တကြား အော်သည်။ ကလေးသည် သူ့ကို မမှတ်မိ။ လက်နှစ်ဖက်ကို ဆန့်တန်းကာ မွေးစားမိခင်ထံ ပြန်သွားသည်။ ထိုအဖြစ်ကို မြင်တော့လည်း သူစိတ်မကောင်းဝမ်းနည်းပက်လက် ငိုကြွေးမိ၏။

သို့သော်လည်း နောက်တစ်ရက်ကျတော့ ကလေးသည် သူ့အား ကောင်းစွာမှတ်မိလာသည်။ သူ့ကိုမြင်လျှင် ရယ်လား ပြုံးလားဖြစ်လာသည်။ သူသည် ကလေးကို ချီ၍ ယာခင်းများထဲသို့ သွားသည်။ သစ်ပင်ရိပ်များကိုခို၍ ပြေးဟယ်လွှားဟယ် လုပ်ကာ ကလေးကို ချော့မြူသည်။ တစ်ခါတရံ သစ်ပင်ကြီးများ၏ အရိပ်ကိုခို၍ နားသည်။ သူ့ဘဝတွင် ပထမဆုံးအကြိမ် အခြားလူတစ်ယောက်အပေါ် ဖြူစင်ပွင့်လင်းသော နှလုံးသားဖြင့် ချစ်ခင်မိခဲ့ခြင်းဖြစ်လေသည်။

သူသည် ကလေးအား ပွေ့ချီရခြင်း ချော့မြူရခြင်း၊ ရေချိုးပေးခြင်းနှင့် အဝတ်လဲဖယ်ပေးရခြင်း စသည့် အလုပ်များအပေါ်တွင် များစွာ သာယာပျော်မွေ့လျက်ရှိ၏။ စိတ်ကြည်နူးချမ်းမြေ့ခြင်းလည်း ဖြစ်ရ၏။ ဤသည်ကို သူကောင်းစွာနားလည်သည်။ သူသည် ကလေးကိုကြည့်၍ အံ့သြခြင်းလည်းဖြစ်သည်။ ဤကလေးသည် သူ့ရင်သွေးပါကလားဟူသော အသိစိတ်သည် သူ့အား များစွာဝမ်းသာအားတက်ခြင်းကိုလည်း ဖြစ်စေ၏။ သူသည် ကလေးကို ကိုင်မြှောက်ကာ "ဒါငါ့ကလေး၊ ငါမွေးခဲ့တဲ့ကလေး"ဟု မကြာခဏ တိုးတိုးသာသာကလေး ပြောမိလေသည်။

ယာတောသို့ ပြန်လာခဲ့ရသည့် နေ့တွင်မူ သူသည် တစ်လမ်းလုံး ငိုကြွေးလာသည်။ ယာတောသို့ ရောက်ချိန်အထိ သူသည် မျက်ရည်မစဲသေး။ သူ့အလုပ်ရှင်က ခေါ်ခါမှပင် သူသည် မျက်ရည်ကို သုတ်ကာ အလုပ်ရှင်၏ အခန်းဆီသို့ သွားသည်။ ဘာ့ကြောင့် ခေါ်တာပါလိမ့်ဟူသော အတွေးဖြင့် အံ့သြစိတ်ဝင်နေသော်ရှိသည် စိတ်လည်း လှုပ်ရှားလျက်ရှိရ၏။

"ထိုင်ပါအုံး .. ကွယ်"ဟု အလုပ်ရှင်က သူ့အား ဆီး၍ပြောသည်။

သူသည် အလုပ်ရှင်ပေးသည့် ကုလားထိုင်တွင် ဝင်ထိုင်သည်။ ဘေးချင်း

www.burmeseclassic.com



လှည့် ထိုင်နေရခြင်းဖြစ်၍ လက်မောင်းချင်း ထိနေသည်။ လက်ချင်းထိမိသည့်အခါ လည်း ထိမိသည်။ နှစ်ဦးစလုံး တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ဘဲတော့ မနေနိုင်။

ယာပိုင်ရှင်သည် ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်သည်။ ပျော့ပျော့နေတတ်သည့် အကျင့်စရိုက်ရှိသော်လည်း ခေါင်းမာသည်။ အသက်မှာ လေးဆယ့်ငါးနှစ်၊ အိမ်ထောင်နှစ်ဆက်ရှိခဲ့သူဖြစ်သည်။ သူသည် တစ်စုံတစ်ခုသော ပြောစရာစကားအတွက် စိတ်ရှုပ်နေပုံရ၏။ သို့သော်လည်း နောက်ဆုံးတွင်မူ သူစိတ်သူ ပိုင်နိုင်စွာ ဆုံးဖြတ်၍ ရသွားဟန်တူ၏။ သူသည် သက်ပြင်းတစ်ချက်ချကာ စကားစပြောသည်။ သူ့စကားမှာ ခပ်ထွေးထွေး ခပ်လုံးလုံးဖြစ်၍ ရုတ်တရက် လိပ်ပတ်မလည် ပြောပြန်တော့လည်း ထစ်တီးထစ်ငေါ့။ သူ့အကြည့်ကိုလည်း လွှဲဖယ်ထားသည်။ ပြတင်းပေါက်မှနေ၍ အပြင်သို့ လှမ်းမျှော်ကြည့်နေခြင်းဖြစ်သည်။

"ဘယ်လိုလဲ .. ရှိစီ"ဟု သူကပြောသည်။ "မင်းဘဝကို အခြေတကျဖြစ်အောင်လုပ်ဖို့ မစဉ်းစားတော့ဘူးလား"

ရှိစီ၏ မျက်နှာသည် ဖြူရော်ဖျော့တော့နေသည်။ ယာပိုင်ရှင်၏ မေးခွန်းကို အဖြေမပေး။

"မင်းဟာ .. သဘောလဲကောင်းတယ်။ တက်ကြွမှုလဲရှိတယ်။ စိတ်လဲ တည်ငြိမ် အေးဆေးတယ်။ အိမ်ထောင်လဲ ကောင်းကောင်း ထိန်းသိမ်းတတ်တယ်။ မင့်လိုမိန်းကလေးမျိုးဟာ ယောကျ်ားတစ်ယောက်ကို စီးပွားတက်သွားအောင် လုပ်ပေးနိုင်မယ့် မယားကောင်း ဖြစ်နိုင်တယ်"

ရှိစီသည် မလှုပ်မယှက်ထိုင်နေသည်။ မျက်နှာထားကတော့ စိုးရွံ့မှုကို ဖော်ပြနေသည်။ သူ့အလုပ်ရှင်၏ စကားအဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို သူသိပ်ပြီး နားမလည်။ သူသည် အလုပ်ရှင် ဆက်ပြောမည့် စကားကိုသာ ရင်တထိတ်ထိတ်ဖြင့် နားစွင့်နေသည်။

"မင်းလည်း သိမှာပါ၊ အိမ်ရှင်မ မရှိတဲ့ ယာလုပ်ငန်းတစ်ခုဟာ ဘယ်တော့မှ မအောင်မြင်နိုင်ဘူး။ မင့်လို တော်တဲ့ အိမ်စေမတစ်ယောက် ရှိနေသည့်တိုင်အောင် ဖြစ်ဖြစ်မြောက်မြောက် မကြီးပွားနိုင်ဘူးကွယ်"

အလုပ်ရှင်သည် စကားကိုဖြတ်၍ ရပ်ထားသည်။ သူ့အနေဖြင့် ဘာဆက်ပြောရမှန်းမသိဖြစ်ကာ ယောင်တောင်တောင် ဖြစ်နေသည်။ ရှိစီကလည်း ဘာပြန်ပြောရမှန်း မသိဖြစ်နေသည်။ ငါးမိနစ်ခန့်အကြာတွင် အလုပ်ရှင်သည် သူ့စကားကို ပြန်ဆက်သည်။



တို ပြန်ဆက်သည်။

"အင်း .. မင်းနဲ့များ သင့်တော်မလား"ဟု မေးသည်။

"ဘယ်ဟာနဲ့ သင့်တော်ရမှာလဲရှင်"ဟု ရှိစီက ပြန်မေးသည်။

ထိုအခါ အလုပ်ရှင် နှုတ်မှစကားတစ်ခွန်း လွတ်ခနဲ ထွက်လာသည်။

"ဟို .. ဟာ .. ကွယ် .. ဟို .. ဒင်း .. မင်းငါ့ကို လက်ထပ်မယ်ဆိုရင်ပေါ့"

ရှိစီသည် ဖြတ်ခနဲ ထရပ်လိုက်သည်။ ချက်ခြင်းပင် ကုလားထိုင်ပေါ်သို့ တတုန်ကရီဖြင့် ပြန်ထိုင်ချလိုက်၏။ သူသည် အကြီးမားဆုံး ကံဆိုးမိုးမှောင်ကျမှုနှင့် ကြုံနေရသည့် လူတစ်ယောက်သဖွယ် မလှုပ်မယှက် ငြိမ်သက်နေသည်။ ယာရှင်သည် သူ့အဖြစ်ကိုကြည့်၍ စိတ်မရှည်တော့သလို ဖြစ်လာသည်။ "ကဲ .. မင်းသဘောထားက ဘယ်လိုလဲ"ဟုမေးသည်။

ရှိစီသည် ယာရှင်၏ မျက်နှာကို စိုက်ကြည့်နေသည်။ ထို့နောက် သူ့မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ပြည့်လာသည်။ ဆို့နင့်သော အသံဖြင့် အဖြေပေးသည်။ "မဖြစ်နိုင်ပါဘူး .. မဖြစ်နိုင်ပါဘူး"

"ဘာပြုလို့လဲ .. ကွယ်"ဟု ယာရှင်က မေးသည်။ "မငိုက်ချင်စမ်းပါနဲ့ .. ဟယ်။ ဒီကိစ္စကို မင်းထပ်စဉ်းစားပါအုံး မနက်ဖြန်ကျမှ အဖြေပေးပါ"

ထို့နောက် ယာရှင်သည် အခန်းထဲမှ ဖြုန်းခနဲ ထ၍ ထွက်သွားသည်။ အချိန်ကာလ ကြာမြင့်စွာ သူ့အား ဒုက္ခပေးနေသော ကိစ္စတစ်ခုကို ပြီးပြတ်အောင် လုပ်လိုက်ရသဖြင့် သူ့ရင်သည် များစွာပေါ့ပါးသွားသည်။ ဘယ်နည်းနှင့်မဆို မနက်ကျလျှင် ရှိစီ့ထံမှ အဖြေရပေတော့မည်။ ထိုအဖြေသည် သူ့အဆိုကို လက်ခံသည့် အဖြေပင် ဖြစ်လိမ့်မည်ဟု သူယုံကြည်သည်။

ယာပိုင်ရှင်နှင့် ယာတောသူတို့ လက်ထပ်ခြင်းသည် မတူမတန်သော လုပ်ရပ်ဟု မည်သူကမှ ယူဆကြလိမ့်မည်မဟုတ်။ ဤဒေသတွင် ဤလူတန်းစားနှစ်ရပ်သည် ကြီးကြီးမားမား ကွာခြားမှုဟူ၍ မရှိပေ။ ယာပိုင်ရှင်ကလည်း သူ့ယာခြံမှ လုပ်သားများနှင့် အတူတူတွဲ၍ အလုပ်လုပ်လေ့ရှိသည်မှာ ဓလေ့တစ်ခုဖြစ်၏။ လုပ်သားကလည်း ကြိုးစားအားထုတ်လျှင် ယာပိုင်ရှင်ဘဝသို့ ရောက်နိုင်ကြသည် ဖြစ်ရာ လူတန်းစားချင်းမတူဟု မည်သူကမှ သတ်မှတ်လေ့မရှိကြချေ။ ထို့ကြောင့်လည်း ဤအရပ်ဒေသတွင် ယာပိုင်ရှင်နှင့် ယာတောသူများ မကြာ .. မကြာ အိမ်ထောင်ကျတတ်ကြသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထိုညက ရိုစီသည် အိပ်၍မပျော် အဝတ်ပင်မလဲတော့ဘဲ အိပ်ယာပေါ်သို့ ခြေဝစ်လက်ပစ် လှဲချကာ သူကြားခဲ့ရသည့် စကားအတွက် အံ့အားသင့်၍မဆုံး။ သူ့အဖြစ်သည် ငိုရမှာလား၊ ရယ်ရမှာလား၊ ဖြစ်ပြီးခဲ့သည့်ကိစ္စကို ပြန်တွေးမိသည့် အခါ ကြောက်စိတ်ဝင်ရ၏။ အကယ်၍ ထိုကိစ္စကို သိသွားပါက ဘာတွေဖြစ်လာ နိုင်သနည်း။ ထိုအတွေးသည် သူ့စိတ်ကို များစွာ ချောက်ခြားစေခဲ့၏။

သူ၏ ကြောက်စိတ်သည် တိုး၍သာ လာလျက်ရှိ၏။ မီးဖိုချောင်ထဲရှိ နာရီကြီးဆီမှ နာရီတီးသံသည် တစ်နာရီပြီး တစ်နာရီ မှန်မှန် ထွက်ပေါ်လာနေ သည်။ သူ့အဖို့ကတော့ ဝမ်းနည်းကြေကွဲခြင်း၊ ယုကြုံးမရဖြစ်ခြင်း၊ ကြောက်လန့် ခြင်းတို့ကြောင့် ချွေးပြန်လျက်ရှိ၏။ သူ့ခေါင်းသည် ချာချာလည်နေသည်။ အတွေး လည်း မမှန်မကန် ဖြစ်လာသည်။ သူထွက်ပြေးရလျှင် ကောင်းလေမလား။

အပြင်မှ ဓီးကွက်မြည်သံကြားရသည့်အခါ တစ်ကိုယ်လုံး တုန်ယင်လာ သည်။ ဖြတ်ခနဲ ထထိုင်သည်။ လက်ဝါးများဖြင့် မျက်နှာကို အုပ်ထားသည်။ လက်ချောင်းများဖြင့် ဆံပင်များကို ထိုးဖွသည်၊ ဆုပ်ဆွဲသည်။ ထို့နောက် ဒယီး ဒယိုင်ဖြင့် အောက်ထပ်သို့ ဆင်းသည်။ သူ့အဖြစ်သည် အိပ်မက်ထဲတွင် ကယောင် ကတမ်းဖြစ်ကာ လမ်းလျှောက်နေသူနှင့် တူလှချေသည်။

ခြံဝင်းထဲ ရောက်သည့်အခါ သူသည် ဘေးလူများမမြင်အောင် ဦးခေါင်းကို ငုံ့၍ လျှောက်လေသည်။ အနောက်ဘက်ကောင်းကင်ပြင်သို့ ရောက်နေပြီဖြစ်သော် လည်း ယာခင်းများပေါ်သို့ အလင်းရောင် လွှမ်းခြုံပေးထားဆဲဖြစ်၏။ သူသည် ခြံ ဝင်းတံခါးကို မဖွင့်ဘဲ တံခါးပေါ်မှ ကျော်ထွက်သည်။ အပြင်ရောက်သည်နှင့် တပြိုင်နက် ရှေ့တည့်တည့်သို့ ဦးတည်၍ လျှင်မြန်စွာ လျှောက်သည်။

သူ့အရိပ်သည် သူ့အဖော်အဖြစ် သူ့နောက်မှ တကောက်ကောက် လိုက်နေ သည်။ ညဦ်ငှက်များသည် မကြာခဏ သူ့ခေါင်းပေါ်မှ ဖြတ်သန်း၍ ပျံသွားနေ ကြ၏။ အခြားခြံဝင်းများထဲမှ ခွေးများသည် သူ့အား ဟူးဟူးဝါးဝါး ဟောင်နေကြ သည်။ ဇက်ရဲ လက်ရဲ နိုင်လှသော ခွေးတစ်ကောင်သည် မြောင်းကို ခုန်ကျော်ကာ သူ့နောက်မှ ပြေးလိုက်လာပြီး သူ့အား ကိုက်ရန် အားထုတ်သည်။ သို့သော်လည်း သူ၏ ဒေါသတကြီး အော်ဟစ်မှုကြောင့် လန့်ဖျတ်ပြီး ပြန်ပြေးသည်။

ကြယ်ရောင်များသည် မှေးမှိန်လာသည်။ ငှက်များ၏ တွန်ကျူးသံများကို ကြားလာရပြီး နေ့၏ အလင်းရောင်သည် ထိုးဖောက်ဝင်ရောက်လာလေပြီ။ ရိုစီ သည် ပင်ပန်းမောဟိုက်နေပြီ။ နေထွက်လာသည့်အခါတွင်မူ သူသည် ဆက်မသွား



တော့ဘဲ ရပ်လိုက်သည်။ ယောင်ကိုင်းနေပြီဖြစ်သော ခြေထောက်များက သူ့အဓိန့် ကို မနာခံချင်ကြတော့။

သူ့ရှေ့ ခပ်လှမ်းလှမ်းတွင် ရေကန်တစ်ကန်ရှိသည်။ ရေကန်မှာ ကန်ကြီး ဖြစ်၍ နေရောင်အောက်တွင် ရေပြင်သည် ငွေရောင်သန်းနေသည်။ သူသည် နေး ကွေးလေးလံသော ခြေလှမ်းများဖြင့် ရေကန်ဘက်သို့ ဆက်လျှောက်သည်။ သူ သည် ရေကန်ဘေး မြက်ခင်းပေါ်၌ထိုင်၍ ဖိနပ်များနှင့် ခြေအိတ်များကိုချွတ်ကာ ခြေထောက်များကို ရေထဲသို့ စိမ်သည်။ ခြေဖျားမှ အအေးဓာတ်သည် ဦးခေါင်းအထိ ဖျံ့နှံ့စိမ့်ဝင်သွားသည်ဟုပင် ထင်လိုက်မိလေသည်။

သူ့ခေါင်းသည် ရီဝေဝေ မူးနောက်နောက်ဖြစ်လာသည်။ ရေကန်ထဲသို့ ခုန်ချလိုက်လျှင် ကောင်းမှာပဲဟူသော အရူးတွေးသည် မသိမသာ ဝင်ရောက်လာ သည်။ အကယ်၍ ခုန်ချလိုက်မည်ဆိုပါက သူခံစားနေရသော ဒုက္ခအားလုံးသည် ချုပ်ငြိမ်းသွားကြပေလိမ့်မည်။

အခုအချိန်တွင် သူသည် သူ့ကလေးကိုပင် သတိမရ။ သူ့စိတ်ထဲမှ အတောင့် တခဲအရာမှာ "စိတ်ချမ်းမြေ့မှု"သာလျှင် ဖြစ်၏။ သူ့အနေဖြင့် အနားယူချင်သည်။ တစ်သက်တာပတ်လုံး အိပ်ပျော်သွားချင်သည်။ ဤအရာများမှတစ်ပါး အခြား ဘာ တိုမှ လိုချင်စိတ်မရှိ။ သူသည် ထိုင်ရာမှ ဖျတ်ခနဲထကာ ရေထဲသို့ ဆင်းသည်။

ရေသည် ပေါင်လည်ခန့်သို့ ထိလာပြီ။ သူသည် ရေနက်ထဲအထိ ဆင်းရန် ကြံစည်လိုက်သည်။ ထိုအခိုက်မှာပင် ခြေမျက်စိများဆီမှ ရှူးရှူးရှရှ နာကျင်မှု ဝေဒနာ များ ခံစားလိုက်ရ၏။ သူသည် ကပြာကရာ နောက်ပြန်ဆုတ်ကာ ကမ်းပေါ်သို့ ပြေးတက်ခဲ့၏။ သူ့ခြေထောက်များ၌ တွယ်နေသည့် မျှော့ကြီးများ။ သူသည် မျှော့ကြီးများကို မကိုင်ရဲ အလန့်တကြား အော်ဟစ်နေမိသည်။

သူ့အော်သံကို ခပ်ဝေးဝေး တစ်နေရာမှ မြင်းလှည်းမောင်းလာနေသော လယ်သမားတစ်ယောက်က ကြားသည်။ လယ်သမားသည် အော်ဟစ်နေသော ရိုစီ ထံ ရောက်လာသည်။ တွယ်နေသည့် မျှော့များကို တစ်ကောင်ပြီးတစ်ကောင် ခွာပေးပြီး သူ့လှည်းနှင့်တင်၍ ရိုစီအား သူ့ယာပိုင်ရှင်ထံ ပြန်ပို့ပေးသည်။

ရိုစီသည် အိပ်ရာထဲတွင် ဆယ့်ငါးရက်ခန့် လဲနေသည်။ သက်သာလာ၍ အပြင်သို့ထွက်နိုင်သည့် ပထမဆုံး နေ့နံနက်ခင်းတွင် ယာပိုင်ရှင်သည် သူ့ထံရောက် လာသည်။

"ကဲ .. ဘယ်လိုလဲ"ဟု ယာပိုင်ရှင်က မေးသည်။ "ဟိုကိစ္စကို ..

www.burmeseclassic.com

www.burmeseclassic.com



မင်းစဉ်းစားပြီးပြီလား''

ရီစီက အဖြေမပေး။ ယာပိုင်ရှင်ကတော့ သူ့ရှေ့ရပ်ကာ သူ့အား စူးစူးရဲရဲ ကြည့်နေသည်။ ''မဖြစ်နိုင်ပါဘူး .. ရှင်၊ ကျွန်မ လက်မထပ်နိုင်ပါဘူး''ဟု ရီစီက ဖြေသည်။

ယာပိုင်ရှင်သည် မမျှော်လင့်ဘဲနှင့် စိတ်ဆိုးမာန်ဆိုး ဖြစ်လာသည်။ ''မင်းက လက်မထပ်နိုင်ဘူး .. တဲ့ ဟုတ်လား .. ကဲ .. ဆိုစမ်းပါဦး။ လက်မထပ်နိုင်တာ ဘာ .. အကြောင်းကြောင့်လဲ''

ရီစီက ချုံးပွဲချ၍ ငိုသည်။ ''ကျွန်မ လက်မထပ်နိုင်လို့ပါ''

ယာပိုင်ရှင်က ရီစီအားကြည့်နေပြန်သည်။ ''ဒါဆိုရင် မင့်မှာ ချစ်သူရှိနေတယ်ဆိုပါတော့''

''ဖြစ်ချင်လဲ ဖြစ်မှာပေါ့''ဟု ရီစီက ရှက်ရွံ့သည့် လေသံဖြင့် ဖြေသည်။

ယာပိုင်ရှင်၏ မျက်နှာသည် နီရဲလာသည် ဒေါသတကြီးနှင့် အော်ဖြေသည်။ ''ဟား .. မင်းဝန်ခံတယ်ဆိုပါတော့ .. ဟုတ်လား။ မိန်းမရွှင်မရဲ့ ကဲ -- ဘယ်သူလဲ .. ငါ့ကိုပြောစမ်း၊ ငွေကြေးခြူးတစ်ပြားမှမရှိတဲ့ ကလေကချေ၊ အိမ်မရှိ ယာမရှိ ငလေ ငလွင့်ကောင်တစ်ယောက်ပဲ မဟုတ်လား။ ဘယ်သူလဲ -- ဆိုစမ်းပါဦး''

ရီစီက လုံးဝ အဖြေမပေး။ ထိုအခါ ယာပိုင်ရှင်သည် ဒေါသတကြီးနှင့် ဆက်ပြောသည်။ ''အော် .. မင်းက မပြောဘူးပေါ့လေ။ ဒါဆိုရင် ငါကပဲ ပြောရတော့မှာ ပေါ့။ ဂျင်းဘော်ဒါ မဟုတ်လား''

''မဟုတ်ဘူး .. သူ မဟုတ်ဘူး''

''ဒါဆိုရင် ဟိုအကောင် ပီရီမာတင် မဟုတ်လား''

''မဟုတ်ပါဘူး .. ရှင် လုံးဝမဟုတ်ပါဘူး''

ထိုအခါ ယာပိုင်ရှင်သည် ဒေါသတကြီးနှင့် အနီးအနားခြံများမှ လူငယ်လူရွယ် အလုပ်သမားများ၏ အမည်ကို တစ်ခုပြီး တစ်ခု ပြောကာ မေးသည်။ ရီစီကလည်း သူပြောသမျှ အမည်အားလုံးကို မဟုတ်ဘူးဟုသာ အဖြေပေးသည်။ ကြာခဏ သူ့ခါးစည်းအဝတ်ဖြင့် မျက်ရည်စများကို သုတ်သည်။

ယာပိုင်ရှင်သည် ခေါင်းမာစွာနှင့်ပင် သူရလိုသော အဖြေထွက်လာအောင် ကြိုးပမ်းနေဆဲဖြစ်၏။ ရီစီ၏ လျှို့ဝှက်ချက်ကို သူမသိ၍ မဖြစ်ဟု ခိုင်မာစွာ မှတ်ယူထားသည်ဖြစ်ရာ တိရစ္ဆာန်အသေတစ်ကောင်၏ အနံ့ကို ရသဖြင့် မြှုပ်ထားသော

## အဲဒီအကောင် အူကြောင်ကြား

(၁)

''ဒါနဲ့ စကားမစပ် မသိလို့ မေးရဦးမယ်'' လို့ ကျွန်တော်က လာဘာဘီကို ပြောမိတယ်။ ''အခုနက ခင်ဗျားပြောလိုက်တယ် .. ဘာတဲ့ .. ဟို .. ဟာ .. လေ၊ 'အူကြောင်ကြားမိုရင်' ဆိုတဲ့စကားလေ။ ခင်ဗျားတို့လူစု အူကြောင်ကြားဆိုတဲ့ စကားလုံးတွေမပါပဲနဲ့ မိုရင်ရဲ့နာမည်ကို ပြောသံမကြားဖူးဘူး။ အဲဒါ ဘယ်လိုဖြစ်တာလဲ ရှင်းစမ်းပါဦး''

လွှတ်တော်အမတ်တစ်ယောက်ဖြစ်တဲ့ လာဘာဘီဟာ ကျွန်တော့်မျက်နှာကို စီးကွက်မျက်ပြူးတစ်ကောင်လို မျက်လုံးကြီးတွေပြူးပြီး ကြည့်နေတယ်။ ''နေစမ်းပါဦး .. ခင်ဗျားဆိုလိုတာက .. ခင်ဗျားအနေနဲ့ မိုရင်ရဲ့ ဇာတ်လမ်းကို ခင်ဗျားလုံးဝ မသိဘူးဆိုပါတော့ .. ဟုတ်လား'' တဲ့ သူက ပြန်မေးတယ်။

အဲဒီတော့ ကျွန်တော်ကလည်း မိုရင်ရဲ့ ဇာတ်လမ်းကို မသိပါဘူးလို့ ပြောလိုက်ရတော့တာပေါ့။ အဲဒီအခါမှာတော့ လာဘာဘီဟာ သူ့လက်နှစ်ဖက်ကို အားရပါးရ ပွတ်လိုက်ပြီး ဇာတ်လမ်းကို စပြောတော့တာပဲ။

''ခင်ဗျား မိုရင်ကိုတော့ လူချင်းသိတယ်မဟုတ်လား၊ လာရိချယ်လီမှာ အသည်ဆိုင်ကြီး ဖွင့်ထားတဲ့ မိုရင်လေဗျာ''

''အော် .. အဲဒီ မိုရင်လား ကောင်းကောင်းကြီး သိတာပေါ့ဗျာ''

အဲ .. ဟုတ်ပြီ။ ၁၈၆၂ ခုနှစ်လား။ ၆၃ ခုနှစ်လားဆိုတာ သတိအရတော့ မမှတ်မိတော့ဘူး။ အဲဒီနှစ်ထဲမှာ မိုရင်ဟာ ပါရီမှာ ဆယ်ငါးရက်လောက်

www.burmeseclassic.com



နေမယ်ဆိုပြီး အပျော်ခရီး ထွက်ခဲ့တယ်။ ဒါပေမယ့် သူ့ ရည်ရွယ်ချက်ကို အမှန်အတိုင်း မပြောဘူး။ သူ့ဆိုင်အတွက် ပစ္စည်းတွေဝယ်ဖို့ ပါရီကို သွားတာလို့ ပြောထားခဲ့တယ်။

ခင်ဗျားလည်း အသိသားပဲလေ၊ တောမြို့တစ်မြို့က ဆိုင်ပိုင်ရှင် တစ်ယောက်အဖို့ ပါရီမြို့ပေါ်မှာ ဆယ့်ငါးရက်လောက် နေလိုက်ရရင် ဘာတွေဖြစ်ကုန်တတ်သလဲဆိုတာ။ ညတိုင်း ဇာတ်ပွဲကရှိတယ်။ သွားပြန်လာပြန်ရင်လည်း အနားက ပွတ်ကာသီကာ သွားလာနေတဲ့ မိန်းမတွေက အများကြီး။ ပေါင်ဒါနဲ့၊ ရေမွှေးနံ့တွေက တသင်းသင်း။ ဒါတွေကိုကြည့်ပြီး အမြဲစိတ်တွေ လှုပ်ရှားနေရတာ မဟုတ်လား။ အဲသလို ပတ်ဝန်းကျင်နဲ့ ထိကာတွေ့ကာ နေရတဲ့အခါမှာ တွေ့နေမြင်နေကျ လူအဖို့ခံနိုင်ပေမယ့်၊ မကြုံဘူး မမြင်ဘူးခဲ့တဲ့ လူတစ်ယောက်အဖို့တော့ ရူးလောက်ပေတာပေါ့ဗျာ။

အထူးသဖြင့် မိုရင်လိုလူစားတစ်ယောက်အဖို့တော့ မြင်မြင်သမျှ အားလုံးဟာ ရင်တုန်၊ ရင်ခုန်စရာတွေချည်း ဖြစ်နေတာပေါ့။ တစ်ကိုယ်လုံးမှာ ရှိနေတဲ့ အဖုတွေ အထစ်တွေ အချိုင့်တွေကို ပေါ်လွင်စေဖို့အတွက် အသားကပ်အဝတ် အစားတွေ ဝတ်ထားတဲ့ ကချေသည်တွေကတစ်မျိုး ဒူးလောက်သာဖုံးတဲ့ တိုနံ့နံ့ အဝတ်အစားတွေ ဝတ်ထားတဲ့ မင်းသမီးတွေက တစ်ဖုံ၊ အားလုံးဟာ ရင်တုန် စရာတွေချည်းပဲပေါ့ဗျာ။

ပြီးတော့ တွေ့နေမြင်နေရသမျှ အားလုံးကလည်း သူနဲ့ သိပ်ဝေးတာ မဟုတ်ဘူး။ လက်တစ်ကမ်းလောက်ပဲ ကွာတာဆိုတော့ လက်လှမ်းလိုက်ရင် ထိ ကိုင်မိနိုင်တာပေါ့။ ဒါပေမယ့် ခင်ဗျားလည်း သိမှာပါ။ ထိရဲကိုင်ရဲဖို့၊ ထိနိုင်ကိုင်နိုင်ဖို့ဆိုတာက မဖြစ်နိုင်တဲ့ကိစ္စ မဟုတ်လား။ သူ့အနေနဲ့ ထိချင် ကိုင်ချင်လိုက်တာ တော့ အလွန်ပေါ့ဗျာ။ ပွေ့ဖက်ပြီး နမ်းပစ်လိုက်ချင်တဲ့ စိတ်ကလည်း တရှူး ပေါ့။ ဒါပေမယ့် ခက်တာက ဒါမျိုးက အစားအသောက်လို မြီးကြည့်ချင်လို့တော့ မှ ရနိုင်တဲ့ဟာမျိုးမဟုတ်ဘူး ‥ လေ။ အဲဒီတော့ သူ့ရင်ထဲမှာ တအုံးအုံး တဖြိုး ဖြိုးနဲ့ မုန်တိုင်းထသလို ဖြစ်နေရတာပေါ့။

အဲဒီညက မိုရင်ဟာ လာရိုချယ်လီကို ရှစ်နာရီမိနစ်လေးဆယ်တိတိ ထွက်မယ့် အမြန်ရထားနဲ့ပြန်ဖို့ လက်မှတ်ဝယ်ထားတယ်။ ရထားမထွက်ခင် ဘူတာ ညှိုးဆောင်ထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေတဲ့ မိုရင့် အခြေ အနေကတော့ အထူးပြောစရာမလိုဘူး၊ မုန်တိုင်းထန်နေဆဲပေါ့။ အဲဒီတုန်းမှာ သူဟာ ရှေ့



ရှေ့တည့်တည့်က မြင်ကွင်းတစ်ခုကြောင့် မြန်နှုန်းခနဲ ရပ်လိုက်တယ်။ အမျိုးသမီး ငယ်တစ်ယောက်က အမျိုးသမီးကြီးတစ်ယောက်ကို နမ်းနေတာ‥ ဗျ။ အမျိုးသမီး ငယ်က သူ့မျက်နှာမှာ ဖုံးထားတဲ့ ဇာပဝါကို လှန်ထားတော့ မျက်နှာကို အသေ အချာမြင်ရတော့ပေါ့ ‥ ဗျာ။ မိုရင်ဟာ မအောင့်နိုင်တော့ဘူး 'သိပ်ကိုချောတဲ့ မိန်းမပါလားကွယ်' လို့ အသံထွက်ပြီးတောင် ရေရွတ်လိုက်မိတယ်။

အမျိုးသမီးဟာ အဖွားကြီးကို နှုတ်ဆက်ပြီး ထွက်သွားတော့ မိုရင်ဟာ နောက်က လိုက်သွားတယ်။ အမျိုးသမီးက ဧည့်ဆောင်ထဲကထွက်ပြီး ပလက် ဖောင်းပေါ်အတိုင်း လျှောက်သွားတော့လည်း မိုရင်ဟာ နောက်ကလိုက်နေတုန်းပဲ။ အဲဒီနောက်မှာတော့ ရှေ့က အမျိုးသမီးဟာ ရထားပေါ် တက်သွားတယ်။ မိုရင် ကလည်း နောက်က လိုက်တက်သွားတယ်။ ညရထားဆိုတော့ ရထားတွဲထဲမှာ ခရီးသည် များများစားစား မရှိဘူး။ မကြာခင်မှာပဲ ခေါင်းတွဲဆီက ဥသြသံ ကြား လိုက်ရပြီး ရထားဟာ ဘူတာထဲက ထွက်လာတယ်။

ရထားတွဲထဲမှာတော့ သူတို့နှစ်ယောက်ထဲရယ်။ မိုရင်ကတော့ ထုံးစံ အတိုင်းပေါ့။ သူ့ရဲ့ ပုဇွန်မျက်လုံးကြီးတွေနဲ့ အမျိုးသမီးကို ကိုက်စားဝါးမျိုပစ်နေ တယ်။ စိတ်ထဲမှာလည်း 'အင်း ‥ သူကလေးကြည့်ရတာကတော့ အသက် ဆယ့်ကိုးနှစ်၊ နှစ်ဆယ်လောက်တော့ရှိပြီ။ အသားကဖြူဖြူ၊ အရပ်ကမြင့်မြင့်၊ ရှုပ်တတ်ကြောက်တတ်တဲ့ အမူအရာရှိတယ် ချစ်စရာလေးပါလား'လို့ တွေးနေ တယ်။ အမျိုးသမီးက သူ့ခြေထောက်တွေကို ဆန့်တန်းပြီး ထိုင်ခုံပေါ်မှာ အိပ်ဖို့ ပြင်ဆင်နေတယ်။

မိုရင်ကတော့ တစ်ယောက်ထဲ ကြိတ်ပြီး သူ့ကိုယ်သူ ပြောနေတယ်။ 'ဘယ်သူပါလိမ့် သိရရင်ကောင်းမှာပဲ'တဲ့။ ပြီးတော့ သူ့ခေါင်းထဲမှာ ထင်မြင်ချက် တွေ အယူအဆတွေနဲ့ စီမံကိန်းတွေ ဆက်တိုက်ဝင်လာနေတယ်။ ချစ်ရေးချစ်ရာ အခန်းတွေဟာ မီးရထားပေါ်မှာ အများကြီး ဖြစ်ခဲ့ဖူးတာပဲ။ အခု ငါကြုံနေ တာဟာ ငါ့အတွက် အခွင့်ကောင်းတစ်ခု ဖြစ်ချင်ဖြစ်လာမှာ။ မဖြစ်လာဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ။' ဒါဟာ ကံကောင်းလို့ ပေါ်ပေါက်လာရတဲ့ အခွင့် အခါမျိုးပဲ။ ဒါမျိုးဟာ ဖြစ်စရာရှိရင်လဲ မြန်မြန်ဆန်ဆန် ဖြစ်သွားတတ်တာ။ ...ခုပဲရှိတယ် ငါ့ဘက်က ယောကျာ်းပီပီ ရဲရဲဝံ့ဝံ့နဲ့ စွန့်စားဖို့ပဲလိုတယ်။

စကားတစ်ခုရှိတယ်။ အတင့်ရဲပါ၊ မျက်နှာပြောင်ပါ၊ ပိုပြီးအတင့်ရဲပါ၊ မျက်နှာပြောင်ပါ၊ အစဉ်သဖြင့် အတင့်ရဲနေပါ၊ မျက်နှာပြောင်နေပါတဲ့။ ဒီစကား

www.burmeseclassic.com

www.burmeseclassic.com



တို့ အန်တန်က ပြောခဲ့တယ်။ ငါ့ဘက်က အန်တန်ပြောထားတဲ့အတိုင်း လုပ်ဖို့သာ အဓိကပဲ။ စသည်ဖြင့်လည်း သူ့ကိုယ်သူ အားပေးအားမြှောက် လုပ်နေတယ်။ အမှန်တော့ သူပြောနေတဲ့စကားတစ်ခွန်းဆိုတာဟာ အန်တန်ပြောခဲ့တာ မဟုတ်ဘူး ဗျ။ ခင်ဗျားလဲသိမှာပါ။ မာရာဘွားပြောခဲ့တဲ့ စကား။ ဒါပေမယ့် မိုရင်အတွက်တော့ ဘယ်ကောင်ကပဲပြောပြော ပြောတဲ့ကောင် ဘယ်သူဆိုတာ တိကျမှန်ကန်ဖို့ အရေးမကြီးဘူး။ သူ့ဘက်က မျက်နှာပြောင်တိုက်နိုင်ဖို့ပဲ အရေးကြီးတယ် မဟုတ်လား။

ဒါပေမယ့် ခက်တာက သူ့မှာ မျက်နှာပြောင်ဖုံ့တဲ့ သတ္တိက မရှိဘူး။ အမျိုးသမီးနဲ့ စကားလက်ဆုံကျအောင် လုပ်နိုင်ရင် ကောင်းမလားပဲလို့ သူတွေးမိတယ်။ အင်း .. အဲဒါ အကောင်းဆုံးပဲ။ ငါ့အနေနဲ့ အခွင့်ကောင်းကိုစောင့်ပြီး အမျိုးသမီးကို အကူအညီလေးတစ်ခု ပေးလိုက်မယ်။ ဒီအခါမှာ လူချင်းခင်သွားမယ်။ စကားစမြည် ပြောခွင့်ရလာမယ်။ အဲဒီအခါကျတော့မှ .. အဲဒီအခါကျတော့မှ .. အင်း .. ဟင်း .. ဟင်း .. ဟင်း စိတ်ရှိလက်ရှိ ...

ဒါပေမယ့် သူမျှော်လင့်နေတဲ့ အခွင့်အလမ်းက ပေါ်မလာဘူး။ ညကတစ်ပြည်းပြည်းနဲ့ ကုန်နေတယ်။ မိန်းမချောလေးကတော့ အိပ်ပျော်နေတုန်းပဲ။ မိုရင်ကတော့ သူ့ကိုယ်သူ အိပ်မပျော်အောင် အားတင်းပြီး ရင်တဖိုဖိုနဲ့ အလစ်ကို ချောင်းနေတုန်းပဲ။

အဲသလိုနဲ့ပဲ မိုးလင်းသွားပါလေရော။ သာယာကြည်လင်နေတဲ့ ကောင်းကင်ပြင်မှာ နေထွက်လာပြီ။ နေရဲ့ အလင်းရောင်ဟာ အိပ်ပျော်နေတဲ့ မိန်းမပျိုရဲ့ မျက်နှာပေါ်ကို ကျလာတော့ လန့်နိုးလာတာပေါ့။ မိန်းမပျိုဟာ ဖြတ်ခနဲ ထထိုင်တယ်။ အပြင်ဘက်က ကျေးလက်ဒေသ ရှုခင်းတွေကို မျှော်ကြည့်လိုက်တယ်။ ပြီးတော့ မိုရင်ဘက်လှည့်ကြည့်ပြီး ပြုံးပြတယ်။

သူ့အပြုံးက ပျော်ရွှင်ကြည်နူးနေတဲ့ အပြုံးပေါ့။ မျက်နှာကလည်း ကြည်လင်လန်းဆန်းနေတယ်။ ဖော်ရွေတဲ့ အရိပ်လက္ခဏာတွေလည်း ယှက်သန်းနေတယ်။ သူ့အတွေးနဲ့သူ ကျိတ်ကြံနေတဲ့ မိုရင်ကတော့ တစ်ကိုယ်လုံး တုန်နေတယ်။ မိန်းမပျိုရဲ့ အပြုံးဟာ သူ့အတွက် ရည်စူးတဲ့အပြုံးဖြစ်ရမယ်လို့ တွက်တယ်။ သူ့ကို လိမ္မာပါးနပ်စွာနဲ့ ဖိတ်ခေါ်နေတဲ့ အပြုံးလို့လည်း ယူဆတယ်။ ဒီအပြုံးဟာ သူ စောင့်စားမျှော်လင့်နေတဲ့ အချက်ပြအပြုံးပဲ ဖြစ်ရမယ်။

အဲဒီအပြုံးဟာ .. 'ဘယ်လိုလဲ ရှင်ကြီးဟာ တော်တော်တုံးတဲ့ လူကြီး



ပဲ။ ရှင်ဟာ လူအကြီး၊ လူမိုက်ကြီးတစ်ယောက်ပါလား .. ရှင့်လို ထူတဲ့ အတွဲလူ ဖျင်းတဲ့ ကြောင်တဲ့လူစားမျိုး မတွေ့ဖူးဘူး .. သိလား။ တစ်ညလုံး ထိုင်ခုံပေါ်မှာ ထိုင်ပြီး အသက်မရှိတဲ့ တိုင်ကြီးတစ်တိုင်လို လုပ်နေတာ အံ့ပါရဲ့ရှင်'လို့ သူ့ကို ပြောနေတာဖြစ်ရမယ်။ ဒါကတော့ မိုရင်ရဲ့ သူလိုရာဆွဲယူပြီး တွေးထားတဲ့ အတွေးပေါ့။

ပြီးတော့ သူဆက်တွေးပြန်တယ်။ မိန်းမပျိုကလေးရဲ့ အပြုံးဟာ အဓိပ္ပာယ် သိပ်လေးနက်တယ်။ 'ဒီမှာရှင့် .. ကျွန်မကို ကြည့်လိုက်စမ်းပါ၊ ကျွန်မ မလှဘူး လား .. ဟင်၊ ရှင်မို့လို့ အဲဒီထိုင်ခုံပေါ်မှာ တစ်ညလုံး မလှုပ်မယှက်ကြီး ထိုင်နေ တယ် .. နော်။ ဖြစ်မှဖြစ်ရလေ၊ ရှင်တစ်ယောက်တည်း မိန်းမချောကလေး တစ် ယောက်နဲ့ တစ်ညလုံး နေရတဲ့ အခွင့်အလမ်းကို ရှင် အသုံးချရကောင်းမှန်း မသိပါ လား၊ ရှင်ဟာ အလွန့်အလွန်ကို အတဲ့၊ တုံးတဲ့ ငအ .. ငတုံးကြီးပါလား'လို့ ပြောနေတာပဲလို့ တွက်တယ်။

မိန်းမပျိုကတော့ သူ့ကိုကြည့်ပြီး ပြုံးနေတုန်းပဲ။ အန်မယ် .., ပြုံးရုံ တင်မကတော့ဘူး။ သူ့ကိုကြည့်ပြီး ရယ်တောင်မှ ရယ်လာတယ်ဆိုပဲ .. ဗျ။ အဲဒီ တော့ ကျွန်တော်တို့ကောင် အုကြောင်ကြားတစ်ယောက် အောက်ခြေလွတ်ပြီပေါ့။ ပြောစရာစကားရှာတယ်။ ရုတ်တရက် ဘာစကားပြောရမှန်း မသိဘူး။ ဟာ .. ဘာပဲပြောပြော စကားဖြစ်ရင် ရတာပဲ။

အဲဒီနောက်တော့ သူဟာ သူ့ကိုယ်သူ အားပေးတယ်။ လူကြောက်တစ် ယောက်ရဲ့ သတ္တိမျိုးမွေးပြီး 'ဟယ်ဖြစ်ချင်တာ ဖြစ်ပစေတော့ ငါစွန့်တော့မယ်' လို့ သူ့ကိုယ်သူ ပြောတယ်။ ချက်ခြင်းပဲ သူ့ခေါင်းထဲမှာ အသိနဲ့သတိဆိုတာတွေ မရှိတော့ဘူး။ ဖြုန်းခနဲထပြီး အမျိုးသမီးဆီ လျှောက်သွားတယ်။ လက်နှစ်ဖက်ကို လည်း ဆန့်တန်းထားတယ်။ သူ့နှုတ်ခမ်းတွေကိုလည်း ရှေ့ကိုစူပြီး ထုတ်ထား တယ်။ ပြီးတော့ မိန်းမပျိုကိုတအား ပွေ့ယူလိုက်ပြီး နှုတ်ခမ်းကို နမ်းလိုက်တယ်။

အမျိုးသမီးက အလန့်တကြား အော်ဟစ်ပြီး ခုန်ထလိုက်တယ်။ မိုရင့် လက်ထဲက ရုန်းထွက်ပြီး 'ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ'လို့ သံကုန် ဟစ်တယ်။ ပြီးတော့ ရထားတံခါးကို ဆွဲဖွင့်ပြီး အပြင်ဘက်ကို လက်ဝှေ့ယမ်း ပြ တယ်။ ထိတ်လန့်လွန်းအားကြီးတော့ ဘာကိုမှ မသိတော့ဘူး၊ ရထားထဲက ခုန်ချ မလိုလုပ်တယ်။

ကျွန်တော်တို့ကောင် မိုရင်ကော ဘာထူးလဲ၊ အသားတုန် ကြောက်လန့်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ အမျိုးသမီးကတော့ ခုန်ချတော့မှာပဲဆိုတဲ့ ကြောက်စိတ်ကြောင့် အမျိုးသမီးကို ဆွဲမိဆွဲရာ လှမ်းဆွဲတယ်။ သူဆွဲမိတာက အမျိုးသမီးရဲ့စကပ် .. ဗျ။ သူက အသားကုန်ဆွဲ ဟိုက အသားကုန်ရုန်းနဲ့ ဝရုန်းသုန်းကား .. ပေါ့။ မိုရင်ပါးစပ်ကလည်း 'အို .. မဒမ် .. အို .. အို .. မဒမ်ရယ်'လို့ အဆက်မပြတ်ရေရွတ်နေတယ်။

ရထားအရှိန်ဟာ နှေးသွားပြီး ရပ်သွားတယ်။ ရထားစောင့်နှစ်ယောက် ရထားရဲ့ အရေးပေါ် ဘရိတ်ကြိုးဆွဲတဲ့ အမျိုးသမီးဆီကို ရောက်လာကြတယ်။ အမျိုးသမီးဟာ အလန့်တကြား ဖြစ်နေတုန်းဆိုတော့ ထစ်တီး .. ထစ်ငေါ့နဲ့ "ဟိုလူ .. ဟို .. ဟို .. လူ၊ ကျွန်မကို .. ဗလက်ကာရပြု .. ပြုဖို့" အမျိုးသမီးဟာ စကားတောင်ဆုံးအောင် မပြောနိုင်တော့ဘူး။ အစောင့်တွေရဲ့ လက်ထဲမှာ သတိမေ့သွားတယ်။

မော်ဇီဘူတာရောက်တော့ ရထားပေါ်က သူတို့ဆင်းကြရတယ်။ ထုံးစံအတိုင်း ရထားစောင့်ရဲက မိုရင်ကို ဖမ်းတယ်။ အမျိုးသမီး သတိရလာတော့ သူ့ကို မိုရင် ဗလက်ကာရပြုပါတယ်လို့ ပြောပြပြီး အမှုဖွင့်တာပေါ့။ ရဲကလည်း အရေးယူပြီး အမှုဖွင့်ပါလေရော၊ အထည်သည်ကြီး မောင်မိုရင်ခမျာမှာတော့ ညမိုးချုပ်တဲ့အထိ အိမ်ကိုပြန်မရောက်တော့ဘူး။ လူအများသွားလာရာ နေရာမှာ မိန်းမတစ်ယောက်ကို အိန္ဒြေပျက်ပြားအောင် လုပ်မှုနဲ့ ပုဒ်မတပ်ပြီး အမှုဖွင့်ထားပြီကိုး .. ဗျ။

□

(၂)

အဲဒီအချိန်တုန်းက ကျွန်တော်က 'ဖာနယ်ဒက်စ်ချာရင်တီ သတင်းစာ' မှာ အယ်ဒီတာလုပ်နေတုန်းဆိုတော့ ကဖီဒူကော်မာ့စ်မှာ မိုရင်နဲ့ နေ့တိုင်းဆုံမိတယ်။ အခု ကျွန်တော်ပြောပြခဲ့တဲ့ စွန့်စားခန်းကြီး ပြီးစီးသွားတဲ့နေ့ နောက်တစ်ရက်မှာ ဒီအဘဲ ကျွန်တော့်ဆီရောက်လာတယ်။ သူရင်ဆိုင်နေရတဲ့ ကိစ္စကို ဘယ်လိုလုပ်မလဲဆိုတာ မသိလို့ ကြံရာမရ ဖြစ်ပြီး ရောက်လာတာပဲ။ ကျွန်တော်ကလဲ ကျွန်တော့်ထင်မြင်ချက်ကို ဖုံးမထားဘူး။ သူ့ကို ပြောင်ပြောင်တင်းတင်းပဲ ဖွင့်ပြောလိုက်တယ်။ "ခင်ဗျားလုပ်ပုံက ဝက်တစ်ကောင်နဲ့ ဘာမှ မထူးဘူး၊ ယဉ်ကျေးသိမ်မွေ့တဲ့ လူဆိုရင် ဘယ်တော့မှ ဒီလိုအလုပ်မျိုး မလုပ်ဘူး"လို့။



ကျွန်တော့်ဆီ သူရောက်လာတော့ မျက်ရည်တွေဘာတွေကျလို့ .. ဗျာ။ သူ့မယားက သူ့ကို ကောင်းကောင်းဆော်ပလော်တီးတာ သူ ခံထားရတယ်။ သူ့စီးပွားရေးလုပ်ငန်း ပျက်မယ့်အခြေအနေကိုလည်း သူမြင်နေပြီလေ။ သူ့နာမည်နဲ့ ဂုဏ်သိက္ခာဟာ အဖတ်ဆယ်လို့ မရနိုင်လောက်အောင် ကျနေပြီမဟုတ်လား။ သူ့ရောင်းရင်း အပေါင်းအသင်းတွေကလည်း သူ့ကို သိပ်ဒေါပွနေကြတယ်။ သူ့ကိုခေါ်မယ့် ပြောမယ့်လူတောင်မှ မရှိတော့ဘူး။

နောက်ဆုံးမှာတော့ သူ့အဖြစ်ကိုကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ သနားစိတ်ဝင်လာတယ်။ ဒါကြောင့်မို့ ကျွန်တော့်မိတ်ဆွေ ရီဗက်ကို အခေါ်လွှတ်လိုက်တယ်။ ရီဗက်ဟာ ပြောင်တတ်နောက်တတ်တဲ့ ဝါသနာရှိပေမယ့် အခုလိုကိစ္စမျိုးမှာ သိပ်ပါးနပ်တဲ့ သဘောရှိတယ်။ သူရောက်လာတော့ ကျွန်တော်က အကြံဉာဏ်ပေးဖို့ပြောတယ်။

သူက ကျွန်တော့်ရဲ့မိတ်ဆွေ တစ်ယောက်ဖြစ်တဲ့ အစိုးရရှေ့နေနဲ့ သွားတွေ့ဖို့ အကြံပေးတယ်။ အဲဒါနဲ့ပဲ ကျွန်တော်ဟာ မိုရင်ကို အိမ်ပြန်လွှတ်လိုက်ပြီး ကျွန်တော်ကိုယ်တိုင်ကတော့ တရားသူကြီးဆီကိုသွားတယ်။ တရားသူကြီးက ဗလက်ကာရ အပြုခံရတဲ့ မိန်းကလေးဟာ မဒမ်မွိုင်ဆယ်ဟင်နရက်တီဘွန်နယ်လို့ခေါ်တယ်တဲ့။ ကလေးထိန်းဆရာမ အောင်လက်မှတ်ရထားတာ မကြာသေးဘူးတဲ့။

မိန်းကလေးဟာ သူ့ရဲ့ အားလပ်ရက်တွေမှာ မော်ဇီမြို့က ဦးလေးနဲ့ အခေါ်ဆီမှာ ခဏတစ်ဖြုတ် အလည်လာတာတဲ့။ ဦးလေးလင်မယားကလည်း မော်ဇီမြို့ပေါ်မှာ အများကလေးစားတဲ့ ဂုဏ်သရေရှိ ကုန်သည်တွေပဲ .. တဲ့။ မိုရင်ရဲ့ အမှုကတော့ အခြေအနေ သိပ်မကောင်းဘူးတဲ့။ ကောင်မလေးရဲ့ ဦးလေးကိုယ်တိုင်က တရားလိုလုပ်ပြီး တရားစွဲထားတာတဲ့။ ဒါပေမယ့် တရားလိုတွေဘက်က အမှုကို အပြီး ရုပ်သိမ်းပေးဖို့ သဘောတူကြမယ်ဆိုရင်တော့ တရားရုံးက အမှုကို ကျေအေးခွင့်ပြုဖို့ အခွင့်သင့်ပဲတဲ့။ အရေးကြီးတာက ကျွန်တော်တို့ဘက်က အမှုကို ရုပ်သိမ်းသွားအောင် ကြိုးစားမှုဖြစ်မယ် .. တဲ့။

ကျွန်တော် မိုရင်ဆီကို ပြန်သွားတယ်။ မိုရင်ဟာ စိတ်ထိခိုက်ပြီး အိပ်ရာထဲ လဲတယ်။ အရုပ်ထောင်ထောင်မောင်းမောင်း၊ ရုပ်ရည်ခပ်ကြမ်းကြမ်း၊ အရိုးအဆစ်ကြီးကြီး၊ မုတ်ဆိတ်မွေးတိုနံ့နံ့နဲ့၊ သူ့မိန်းမက မိုရင်ကို စုတ်ပြတ်သွားအောင် အဆက်မပြတ် ဆဲနေတယ်။ ကျွန်တော့်ကို အိပ်ခန်းထဲ လိုက်ပို့တဲ့အခါမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာရှေ့လဲရောက်ရော ခါးထောက်ပြီး ကျွန်တော့်ဘက်လှည့်အော်တယ်။ 'ရှင်က ရှင့်မိတ်ဆွေ အူကြောင်ကြား မိုရင်ဆိုတဲ့ဝက်နဲ့ တွေ့ချင်လို့ လာတာ မဟုတ်လား။ ကဲ .. မြင်တဲ့အတိုင်းပဲ ဟောဒီမှာ ရှင့်လူ အူကြောင်ကြားလေ။ အချစ်တုံးကြီး .. လေ' တဲ့။ သူက ဝေါ်တော့တော့ ကန့်တန့်တန့် လေသံနဲ့ ပြောတာဗျ။

ကျွန်တော်က အမှုအခြေအနေကို အရှိအတိုင်း ရှင်းပြတော့ မိုရင်က ငိုတော့မလို မဲ့တော့မလို မျက်နှာထားနဲ့ အမျိုးသမီးရဲ့ ဦးလေးနဲ့ အဒေါ်ဆီကို သူ့ကိုယ်စား သွားပေးပါလို့ ရှိုခိုးဦးတင် တောင်းပန်နေတယ်။ တကယ်တော့ ဒီကိစ္စဟာ အလွန့်ကို သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်နိုင်မှ ဖြစ်မယ့်ကိစ္စ .. ဗျ။ ဒါပေမယ့် ကျွန်တော်က လက်ခံခဲ့တယ်။ သူကတော့ .. 'ကျုပ်သူ့ကို တစ်ချက်ကလေးတောင် မနမ်းခဲ့ရပါဘူး .. ဗျာ။ တကယ်ပါ ကျုပ် ပြောတာယုံပါ၊ ကာလနာတိုက်ရပါစေရဲ့။ သူ့ကို မနမ်းခဲ့ရတာ အမှန်ပါ' လို့ ထပ်တလဲလဲ ပြောနေတာပဲ။

ကျွန်တော်ကလည်း .. "ခင်ဗျားပြောနေလဲ အပိုပဲကိုယ့်လူ၊ နမ်းရသည်ဖြစ်စေ၊ မနမ်းရသည်ဖြစ်စေ၊ သဘောကတော့ အတူတူပဲ၊ ခင်ဗျားလုပ်လိုက်တဲ့ပုံဟာ ဝက်တစ်ကောင်လုပ်တဲ့ အလုပ်မျိုး၊ ဘာမှမထူးဘူး" လို့ စိတ်တိုတိုနဲ့ ပြန်ပြောမိတယ်။ ဒါနဲ့ပဲ ကျွန်တော်ဟာ သူပေးတဲ့ငွေ ဖရန့်တစ်ထောင်ကိုယူပြီး အကောင်းဆုံးဖြစ်သွားအောင်တော့ လုပ်ပေးရတော့မှာပဲလို့ တွေးပြီး ပြန်လာခဲ့တယ်။

ဒါပေမယ့် ကျွန်တော်တစ်ယောက်ထဲသွားဖို့ကတော့ စိတ်မရဲဘူး။ ဒါကြောင့် ရီဗက်ကို မေတ္တာရပ်ခံပြီး ကျွန်တော်နဲ့အဖော်လိုက်ခဲ့ဖို့ ခေါ်ရတယ်။ သူကလည်း လိုက်ဖို့ သဘောတူပါတယ်။ ဒါပေမယ့် သူ့မှာ အရေးကြီးတဲ့ အလုပ်တစ်ခု လုပ်စရာရှိနေတယ်တဲ့။ အလုပ်က ဒီနေ့မွန်းလွဲပိုင်းမှာ လာရှိချယ်လီသွားပြီးလုပ်ရမယ့်ကိစ္စဖြစ်နေတယ် .. တဲ့။ ဒါကြောင့် အခု ချက်ခြင်းသွားပြီး လုပ်ပါမှသာ သူလိုက်နိုင်မယ် .. တဲ့။ အဲသလို ပြန်ပြောတယ်။

ဒါနဲ့ပဲ ကျွန်တော်ဟာ သူ့ကိုခေါ်ပြီးထွက်လာခဲ့တယ်။ တောပိုင်းအိမ်လှလှကလေးတစ်လုံးရှေ့ရောက် တံခါးဝက ခေါင်းလောင်းကြိုးကို ဆွဲလိုက်တယ်။ မိန်းမချောကလေးတစ်ယောက်က တံခါးလာဖွင့်ပေးတယ်။ သူ့ကို မြင်လိုက်တာနဲ့ပဲ ပြဿနာရှင် မိန်းကလေးပဲလို့ ကျွန်တော် တွက်လို့ရတယ်။ ရီဗက်ကို အသာလက်ကုတ်ပြီး "မြင်လား ကိုယ့်လူ၊ မိုရင် ဘာကြောင့် ဝက်လိုဖြစ်သွားရတယ်ဆိုတာ ကျွန်တော်နားလည်သွားပြီ" လို့ နှစ်ကိုယ်ကြား လေသံနဲ့ ပြောလိုက်မိတယ်။



ကောင်မလေးရဲ့ ဦးလေး မွန်စီယာ တန်နီလက်က ကျွန်တော်တို့ကို တရင်းတနှီးဖြင့် ဆီးကြိုသည်။ သူ့အိမ်ကို အယ်ဒီတာနှစ်ယောက် အလည်ရောက်လာတာကို သူက အတော့်ကို ဝမ်းသာဂုဏ်ယူနေတယ်ဗျ။ အဲဒီတော့ ရီဗက်က ကျွန်တော့် နားကပ်ပြီး "ဘယ့်နှယ့်လဲကိုယ့်လူ ဟိုအူကြောင်ကြောင် ဝက်အတွက် အဆင်ပြေသွားလိမ့်မယ် ထင်တာပဲ" လို့ တိုးတိုးပြောတယ်။

သူ့တူမကတော့ အခန်းထဲက ထွက်သွားတယ်။ သူလဲထွက်သွားရော ကျွန်တော်က လာရင်းကိစ္စကို ပြောရတာပေါ့ဗျာ၊ ပြဿနာက အလွန်သိမ်မွေ့တဲ့ဟာဆိုတော့ စကားကို အကျယ်ချဲ့ပြီးပြောနေရတာပေါ့ဗျာ။ ဒီကိစ္စမှာ မိန်းကလေးအနေနဲ့ အရှက်တို့ ဂုဏ်သိက္ခာတို့ ကျရတဲ့အကြောင်း၊ အထူးသဖြင့် လူတွေသိတုန်လျှင် ပိုပြီးဆိုးတဲ့အကြောင်း စသည်ဖြင့် တတ်သလောက် မှတ်သလောက် လျှောက်ပြောပြီး အမှုကို ရုတ်သိမ်းပေးဖို့ တောင်းပန်ရတော့တာပေါ့။

လူကြီးက သဘောတော့ ကောင်းပါတယ်။ ဒါပေမယ့် ဘယ်ကိစ္စမှာမဆို သူ့မယားမသိဘဲ ဘာမှမလုပ်ရဲဘူးဗျ။ သူ့မယားကလည်း လောလောဆယ် အိမ်မှာမရှိဘူး။ ညနေပိုင်းကျမှ ပြန်ရောက်မှာလို့ သိရတယ်။ ချက်ချင်းလိုပဲ အတိုးကြီးတစ်ကူးတစ်ခု ရလာတယ်။ "ကျုပ် အကြံတစ်ခုရတယ်၊ ခင်ဗျားတို့ ဒီည ဒီမှာပဲ ညစာ စားပြီး အိပ်ကြ။ ကျုပ်မိန်းမပြန်လာတော့ ဒီကိစ္စကို ပြီးပြတ်သွားအောင် ဆွေးနွေးကြတာပေါ့" လို့ ပြောတယ်။

ပထမတော့ ရီဗက်က ကန့်ကွက်တယ်၊ ဒါပေမယ့် ဟိုအကောင် မိုရင်ကို ဆွဲထုတ်ဖို့ ကိစ္စကရှိနေတော့ ခက်တာပေါ့၊ ဒါနဲ့ပဲ ကောင်မလေးရဲ့ ဦးလေးဖိတ်တာကို လက်ခံလိုက်ကြတယ်။ ဦးလေးလုပ်တဲ့ လူကတော့ ဝမ်းသာသွားတယ်။ ချက်ချင်းပဲ သူ့တူမခေါ်ပြီး ကျွန်တော်တို့ကို ခြံဝင်းထဲလိုက်ပြဖို့ စီစဉ်တယ်။

"ကဲဗျာ ဟိုကိစ္စကို ခေါင်းရှုပ်ခံပြီး မစဉ်းစားမနေကြနဲ့တော့။ မနက်ဖြန် နေက်ကျမှပဲ ပြောကြဆိုကြတာပေါ့" လို့လည်း ကျွန်တော်တို့ကို ပြောတယ်။

ရီဗက်နဲ့ ကောင်မလေးရဲ့ ဦးလေးတို့က ရှေ့က လျှောက်သွားနေကြတယ်။ နိုင်ငံရေး အကြောင်းတွေ ပြောနေကြတယ်။ ကျွန်တော်ကတော့ တူမဖြစ်တဲ့သူနဲ့ အတူတူတွဲပြီး နောက်က လျှောက်လာကြတယ်။ အမျိုးသမီးကလေးကဖြင့် တကယ့်ကိုချော၊ တကယ့်ကို လှပါတယ်ဗျာ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ကျွန်တော်ကတော့ သတိကြီးကြီးနဲ့ ဟိုကိစ္စကိုသူနားခံသာအောင် လိမ်မာပါးနပ်စွာ ပြောလာခါသည်။ ပြောတဲ့နေရာမှာ ကျွန်တော်ဟာ သူ့ဘက်ကလူလို့မြင်လာအောင် ပြော

www.burmeseclassic.com

www.burmeseclassic.com



ရထား။ သူကတော့ ဒီကိစ္စနဲ့ ပတ်သက်လို့ နည်းနည်းကလေးမှ စိတ်ရှုပ်နေပုံမရဘူးဗျ သီလား။ ကျွန်တော်ပြောပြနေသမျှကို သိပ်ပြီးသဘောကျတဲ့အမူအရာနဲ့ နားထောင် နေတယ်။

ကျွန်တော်ကပြောတယ်။ 'စဉ်းစားကြည့်ပါ မဒမ်မွိုင်ဆယ်။ ဒီကိစ္စဟာ ခင်းအတွက် စိတ်ရှုပ်စရာတွေ ဖြစ်လာဖို့ကများပါတယ်။ ပထမဆုံး တရားရုံးကို ကိုယ်တိုင်သွားရမယ်။ တရားခွင်မှာ လူအများက အထင်သေးတဲ့ မျက်လုံးတွေနဲ့ ကြည့်တာခံရမယ်။ ပြီးတော့ စစ်ဆေးမေးမြန်းနေမဲ့ မေးခွန်းတွေကို လူပုံအလယ်မှာ ဖြေရမယ်။ အဲဒီတော့ ရထားတွဲထဲမှာ လူမသိ သူမသိ၊ လူမမြင်သူမမြင်ဖြစ်ခဲ့ရတဲ့ ထိစ္စကို လူပုံအလယ်မှာ မျက်နှာပြောင်တိုက်ပြီး ဖေါက်သည်ချနေရမှာဆိုတော့ ကိုယ့် အထုပ်ကို ဖြည်ပြနေသလိုဖြစ်မှာကတော့ သေချာနေတယ်လေ''လို့ နောက်ပြီးတော့ တစ်ဆက်တည်းပဲ ...

တကယ်လို့ပေါ့လေ၊ အဲဒီအချိန်က အော်လားဟစ်လားလုပ်ပြီး အကူ အညီ မတောင်းဘဲ လိမ်မာပါးနပ်စွာနဲ့ ဟို အဲ အူကြောင်ကြားကို ငြိမ်သွားအောင် လုပ်ပြီး ရထားတွဲ ပြောင်းစီးလိုက်မယ်ဆိုရင် သိပ်ကို အဆင်ပြေသွားမှာ။ အဲဒီ အချိန်မှာ အဲသည်လိုလုပ်ဖို့များ မတွေးခဲ့မိဘူးလား''လို့ ကျွန်တော်က မေးမိတယ်။

အဲဒီတော့ သူက ရယ်တယ်။ 'ရှင်ပြောတာ သိပ်မှန်တာပေါ့'လို့ပြော တယ်။ ''ဒါပေမယ့် ကျွန်မအနေနဲ့ ရှင်ပြောသလို တွေးမိဖို့ဆိုတာ ဖြစ်လာဖို့ မလွယ်ဘူးလေ။ လူတစ်ယောက်ဟာ ကြောက်စိတ်ဝင်လာရင် ဘာကိုမှ စဉ်းစားလို့ ရတော့တာ မဟုတ်ဘူး။ ကျွန်မ ကြောက်စိတ်ပြေသွားချိန်မှာ ရှင်ပြောသလို ဆင်ခြင် တဲ့တရား ဝင်လာပါသေးတယ်။ အော်လား ဟစ်လားလုပ်ပြီး အကူအညီမတောင်း ခဲ့တဲ့အတွက် စိတ်မကောင်းဖြစ်မိတယ်။ ဒါပေမယ့် သိပ်ကို နောက်ကျသွားပြီ...။

နောက်ပြီးတော့လည်း ဟိုအရူးကြီးက ကျွန်မကို အတင်းအဓမ္မ ဝင်ဖက် တာရှင့်။ စကားလည်း တစ်လုံးမှ ပြောတာမဟုတ်ဘူး။ မျက်လုံးကြီးတွေ အပြူးသားနဲ့ ကိုက်ဝါးစားတော့မယ့်ပုံမျိုးကြီးရှင့်။ တကယ့် အရူးကြီးလို ဖြစ် နေတာဆိုတော့ ကျွန်မအနေနဲ့လည်း ဘာလုပ်လို့ လုပ်ရမှန်းကို မသိတော့တာ။

သူက ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေတယ်။ ကျွန်တော်ကလည်း သူ့မျက်နှာကို ပြန်ကြည့်ပြီး ''အင်း ဒီကောင်မလေးကိုယ်တိုင်က တစ်မျိုး သူ့ပုံစံက ရယ်စရာပုံမျိုး။ မိုရင်ဆိုတဲ့ ဝက်သိုးကောင် အတွေးအထင်မှား တာလည်း မှားလောက်တယ်''လို့ စိတ်ထဲမှာ ကြိတ်၍ ပြောနေမိတယ်။



ကျွန်တော်လည်း မတတ်နိုင်တော့ဘူး။ ပြောင်သလို နောက်သလိုနဲ့ သူ့ကို ပြောမိတယ်။ 'မင်းအနေနဲ့ ဒီဘဲကြီးကို ခွင့်လွှတ်သင့်တယ်ဆိုတာတော့ ဝန်ခံရ လိမ့်မယ်လို့ ထင်တာပဲ။ ဒီဘဲအနေနဲ့ သူနဲ့ မျက်နှာချင်းဆိုင်မှာ သိပ်ချောသိပ်လှတဲ့ မိန်းကလေးတစ်ယောက်ထိုင်နေတာ တွေ့နေရရင် ဘယ်လိုနေမလဲ။ နမ်းချင်တဲ့ ဆန္ဒကို ထိန်းချုပ်လို့ ရနိုင်မတဲ့လား'

သူက အားရပါးရ ရယ်တယ်ဗျ၊ သီလား။ 'အလိုဆန္ဒနဲ့ အပြုအမူကြားမှာ 'လေးစားမှု'ဆိုတာလေးက အမြဲရှိနေတာပဲ။ အဲဒါလေးရဲ့ကြားခံမှုကြောင့် မဟုတ်တာယုတ်တွေ ဖြစ်မလာနိုင်တာပဲ၊ ဟုတ်လား မွန်စီယာရယ်'လို့ လည်းပြောတယ်။ ကျွန်တော်ကလည်း ချက်ချင်းပဲ ပြန်မေးမိတယ်။

''ကဲ ဒီလိုဆိုရင် ကိုယ်မင်းကို တစ်ခုမေးမယ်။ ဆိုကြပါစို့ရဲ့၊ ကိုယ်က မင်းကို အခု နမ်းမယ်ဆိုရင်ကော မင်းဘယ်လိုလုပ်မလဲ''လို့ ...။

အဲဒီတော့ သူက ဆတ်ကနဲ ရပ်လိုက်တယ်။ ကျွန်တော့်ကို ခြေဆုံး ခေါင်းဆုံး အပြန်အလှန်ကြည့်တယ်။ ပြီးတော့မှ 'ရှင်က နမ်းမယ်ဆိုတော့လည်း ဒါကျတော့ တစ်မျိုးပေါ့'လို့ ပြောတယ်။

သူ့စကားရဲ့ အဓိပ္ပာယ်က ရှင်းနေတာပဲ။ ကျွန်တော်နဲ့ ဟိုဘဲနှာနဲ့က မတူတူးလို့ သူ ယူဆထားတာသေချာတယ်။ အမှန်တော့လဲ အဲဒီအချိန်က ကျွန်တော့် အသက်က သုံးဆယ်ပဲ ရှိသေးတယ်။ အရပ်ထဲက လူတွေက ''ကိုလူချောလာ ပါပြီ''လို့ ခေါ်ကြတဲ့ အချိန်ပေါ့။ ဒါနဲ့ပဲ ကျွန်တော်က ''ဘာကြောင့် တစ်မျိုး ဖြစ်ရတာလဲ''လို့ ပြန်မေးမိတယ်။

အမျိုးသမီးက သူ့ပုခုံးတွေကို တွန့်လိုက်တယ်။ 'ရှင်ကျတော့ သူ့လို ရူးတူးထုံထုံမှ မဟုတ်တာပဲ'လို့ ပြောတယ်။ ပြီးတော့ ကျွန်တော့် မျက်နှာကို ထပ်ကြည့်ပြီး 'ရှင်က ဟိုလူကြီးလို အရွယ်လည်း ဆိုးတာမှမဟုတ်တာပဲ'တဲ့။

အဲဒီအတွင်းမှာပဲ သူ့ပါးတစ်ချက်ကို ကျွန်တော်က ဖျက်ခနဲ နမ်းလိုက် တော့၊ သူက လန့်ပြီး ခုန်ရှောင်လိုက်တယ်။ ပြီးတော့ 'ဘာလုပ်တာလဲ ရှင်လည်း ဟိုလူကြီးလိုပဲ အရှက်တော်တော်နည်းတာပဲ။ ဒါပေမယ့် ကျွန်မ ရှင့်ကို သတိပေး လိုက်မယ်။ နောက်ထပ်ပြီး ဒီအချိုးမျိုး မလုပ်နဲ့'တဲ့။

ကျွန်တော်က ကုတ်ကုတ်ရှယ်ရှယ် အနေအထားမျိုးနဲ့ သူ့ကို ကြည့်လိုက်ပြီး 'အို ... မဒမ်မွိုင်ဆယ်ရယ်။ ကိုယ်ကလည်း ဟိုဘဲ မိုရင်လို အမူမျိုးနဲ့ တရားရုံးမှာ တရားစွဲခံရတဲ့ အဖြစ်မျိုးကိုတောင် ရောက်ချင်စိတ်ဖြစ်မိတယ်''လို့ ပြောလိုက်မိတယ်။

www.burmeseclassic.com



"ဘာဖြစ်လို့လဲ" လို့ သူက မေးသည်။

ကျွန်တော်က သူ့မျက်နှာကိုကြည့်ပြီး 'ဘာကြောင့်လဲဆိုတော့' မင်းက တော်တော်ကြီးကို လှတဲ့ မိန်းမချောလေးတစ်ယောက် ဖြစ်နေလို့ပေါ့။ ပြီးတော့လဲ မင်းကို ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ပွေ့ဖက်ပြီး အတင်းနမ်းရတာဟာ ဂုဏ်တစ်ခု လိုဖြစ်နေမှာ သေချာနေလို့ပေါ့။ မင်းကို မြင်ပြီးရင် လူတွေအားလုံးက အခု ကိုယ် ပြောသလိုပြောကြမှာ သေချာတယ်။ သူတို့အနေနဲ့ "ဟာ ဒီကိစ္စမှာ ဒီအပြစ် ဒဏ်ခံရတာ၊ ဘယ်ဆိုးမလဲ နမ်းလိုက်ရတာကိုက သိပ်ကို တန်ဖိုးကြီးနေပြီ" လို့လည်း ပြောကြမှာပဲ။

အဲဒီတော့ သူက အားရပါးရရယ်ပြန်တယ်။ 'ရှင်ဟာ တော်တော် ရယ်ရကောင်းတာပဲ'တဲ့။ ဒါပေမယ့် သူဟာ ဆက်ပြောမဲ့ စကားတွေကို မပြော နိုင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က သူ့ကို ဖွတ်အတင်းပွေ့ဖက်ပြီး အတင်း နမ်းလို့ရမယ့် နေရာတွေအားလုံးကို နမ်းပစ်လိုက်တယ်။ သူ့နဖူး၊ သူ့ မျက်လုံး၊ သူ့နှုတ်ခမ်းတွေ၊ သူ့ပါးနှစ်ဖက်၊ ဟာ တစ်မျက်နှာလုံး အကုန်ပဲဆိုပါတော့။ နောက်ဆုံးတော့ သူဟာ ကျွန်တော့်လက်ထဲက အတင်းရုန်းကန်တွန်းထုတ်ပြီး ထွက်သွားတယ်။ မျက်နှာလည်း နီရဲနေတယ်။ ပြီးတော့ ဒေါသတကြီးနဲ့ "ရှင် ဟာ တော့်တော့်ကို ရိုင်းစိုင်းတဲ့ လူပါလား၊ မွန်စီယာ" လို့ ပြောတယ်။ "မှားတယ် ကျွန်မ ရှင့်စကားတွေကို နား ထောင်မိတာ သိပ်မှားတယ်"တဲ့။

ကျွန်တော်က သူ့လက်ကို တယုတယဆွဲယူပြီး တောင်းပန်စကားပြော ပါတယ်။ "ခွင့်လွှတ်ပါကွယ် ကိုယ် မင်းကို ထိခိုက်နစ်နာသွားအောင် လုပ်ခဲ့မိ တယ်၊ ကိုယ်လုပ်ခဲ့တာ တိရစ္ဆာန်ရိုင်းတစ်ကောင်နဲ့ တူသွားတယ်။ ကိုယ့်ကို စိတ် မဆိုးပါနဲ့။ တကယ်လို့သာ မင်းသိမယ်ဆိုရင်…

ကျွန်တော် ပြောစရာစကားရှာပေမယ့် မရဘူး၊ သူကတော့ "ကျွန်မသိစရာ ဘာမှမရှိတော့ဘူး၊ မွန်စီယာ" လို့ ပြောတယ်။ ဒါပေမယ့် ဖြုန်းကနဲ ပြောစရာစကား တစ်ခွန်းရှာလို့ ရလိုက်တဲ့အတွက် "ကိုယ် မင်းကို ချစ်တယ် မဒမ်မွိုင်ဆယ်" လို့ လွှတ်ကနဲ ပြောလိုက်မိတယ်။

သူက သိပ်ပြီး အံ့အားသင့်နေတယ်။ မျက်လုံးအပြူးသားနဲ့ ကျွန်တော့် ကိုကြည့်နေတယ်။ ကျွန်တော်ကလည်း ဆက်ပြောတယ်။ "ဟုတ်ပါတယ်၊ မဒမ်မွိုင် ဆယ်၊ ကိုယ်ပြောတာကို တဆိတ်နားထောင်ပါ။ ကိုယ့်အနေနဲ့ မိုရင်ရဲ့ ကိစ္စ မသိပါဘူး။ သိလည်း ဂရုမစိုက်ပါဘူး။ သူ့ဟာသူ အဖမ်းခံရသည်ဖြစ်စေ၊ အဆွဲ



ခံရသည် ဖြစ်စေ၊ ကိုယ်နဲ့ မပတ်သက်ပါဘူး။

အမှန်ပြောရရင် ကိုယ်မဒမ်မွိုင်ဆယ်ကို မနှစ်ကတည်းက တွေ့ခဲ့ဖူးပါတယ်။ အဲဒီအချိန်ကတည်းက ကိုယ်ဟာ မင်းအပေါ်မှာ စိတ်ဝင်စားခဲ့တာပါ။ မင်း ယုံချင်မှ ယုံပါ။ အဲဒီကတည်းက တစ်နေ့နေ့တစ်ချိန်ချိန်မှာ မင်းကို တွေ့ချင်တဲ့ ဆန္ဒဟာ ပြင်းပြခဲ့ပါတယ်။ အဲဒီတုန်းမှာပဲ ဒီမိုရင်ဆိုတဲ့ လူရဲ့ပြဿနာက ပေါ်လာ တော့ မင်းနဲ့ တွေ့ချင်တဲ့ အကြောင်းပြစရာလေးတစ်ခု ရလာခဲ့ပါတယ်။ အဲဒါကို အကြောင်းပြုပြီး ကိုယ်ဒီကို ရောက်လာတာပါ။ လူချင်းတွေ့တော့လည်း ကိုယ့်စိတ် ကို မထိန်းချုပ်နိုင်ခဲ့ပါဘူး။ အခုလိုဖြစ်ရတဲ့အတွက် ခွင့်လွှတ်ပါလို့ တောင်းပန် ပါတယ်ကွယ်"

သူက ကျွန်တော်ရဲ့ မျက်နှာကို အကဲခတ်တယ်။ အမှန်အကန်ပဲလို့ ယူဆတဲ့အခါမှာတော့ ထပ်ပြီး ပြုံးပြန်တယ်။ 'ရှင်ဟာ လိမ်တယ် ညာတယ် လူ ညာကြီးရယ်လို့ ပြောရမယ့်လူစားပဲ' လို့ ပြောတယ်။ ပြီးတော့ အန်မတန် ရိုးသား ဖြူစင်သောအသံနဲ့ (ကျွန်တော့် စိတ်ထဲမှာတော့ ရိုးသားဖြူစင်တယ်လို့ ယုံကြည်မိ တာပဲလေ) 'ကိုယ်အမှန်အတိုင်းပြောတာပါကွယ် ကျိန်ပြီးပြောရဲပါတယ်' လို့ ပြော တော့ သူက 'တကယ်ဝဲလားရှင် ယုံရမှာလား' လို့ ပြန်ပြောတယ်။

ကျွန်တော်တို့ဟာ နှစ်ယောက်တည်းရယ်၊ သူ့ဦးလေးနဲ့ ရီဗက်တို့ကတော့ ဘယ်ရောက်နေမှန်းမသိဘူး၊ မမြင်ရတော့ဘူး။ ကျွန်တော်ကတော့ ချစ်ရေးဆိုနေပြီး သူ့လက်ကို ဖြစ်ညှစ်ပြီး တယုတယနမ်းလိုက်တယ်။ သူဟာ ကျွန်တော်ပြောနေသမျှ ချစ်ရေး ချစ်ရာစကားတွေကို နားထောင်နေတယ်။ ကျွန်တော် ပြောနေသမျှ စကား တွေထဲက ဘယ်လောက်အထိ ယုံကြည်သလဲဆိုတာတော့ ကျွန်တော်လည်း မပြော တတ်ဘူး။

ဘာပဲဖြစ်ဖြစ် ကျွန်တော့် ရင်ထဲမှာတော့ ကျွန်တော်ပြောနေတဲ့ စကားတွေ ကို ပြန်ကြားပြီး လှိုင်းထနေတယ်။ ကိုယ်ပြောနေတဲ့စကားတွေကို အမှန်တကယ် စိတ်ထဲက ခံစားချက်အပြည့်နဲ့ ပြောနေတာလို့လဲ ယုံကြည်လာတယ်။ ကျွန်တော့် မျက်နှာကလည်း စိုးရိမ်သောက အရိပ်အငွေ့တွေနဲ့ပါ။ တစ်ကိုယ်လုံးလဲ တုန်ယင်နေ တယ်။ ကျွန်တော်ဟာ ပြောရင်းပြောရင်းနဲ့ အားတက်လာပြီး၊ ရဲလဲ ရဲတင်းလာပြီး သူ့ခါးကို အသာအယာဖက်ပြီး တိုးတိုးညှင်းညှင်းလေသံနဲ့ သူ့ဆံစ အမွေးအမှင်တွေ ကြားထဲက နားထဲကို နားဝင်ချိုမြအောင် ပြောနေပါတယ်။ သူဟာ ကျွန်တော့် စကားတွေအပေါ်မှာ နစ်မျောနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်တော့ သူ့လက်ဟာ ကျွန်တော့်လက်ကို ဆုပ်ကိုင်ထားပါတယ်။ ဖြစ်ညှစ်ဆုပ်ဆွဲထားပါသည်။ ကျွန်တော်ဟာ သူ့ပါးကို နမ်းပါတယ်။ ပြီးတော့ သူ့နှုတ်ခမ်းကို နမ်းပါတယ်။ နမ်းတာမှ အကြာကြီးနမ်းတာပါ။ တော်တော်နဲ့ကို လွှတ်မပေးဘဲ နမ်းတာပါ။ ကျွန်တော့်စိတ်က အနမ်းပေါ်မှာ စိတ်ဝင်နေတော့ ကိုယ့်နောက်က 'ဟိုး ဟိုး' လို့ ခပ်တိုးတိုးရေရွတ်နေတဲ့ အသံကို လုံးဝမကြားဘူး။

သူကတော့ ကျွန်တော့်လက်ထဲက အတင်းရုန်းကန်ပြီးထွက်သွားတယ်။ မြက်ပြိုခြုံကြားကနေပြီး တိုးထွက်သွားတယ်။ နောက်လှည့်ကြည့်လိုက်တော့ ကျွန်တော့်ဆီကို လျှောက်လာနေတဲ့ ရီဗက်ကို မြင်ရတယ်။ အနားရောက်တော့ သူက ခပ်တည်တည်မျက်နှာနဲ့ အူကြောင်ကြား မိုရင်ဆိုတဲ့ ဝက်ရဲ့ပြဿနာကို ကိုယ့်လူက ဒီနည်းနဲ့ ဖြေရှင်းနေတာကိုး'' လို့ မလိုတမာအသံနဲ့ ပြောတယ်။

ကျွန်တော်ကလည်း ကိုယ့်ကိုယ်ကို သိမ်ပြီး၊ အထင်ကြီးနေတဲ့ လေသံနဲ့၊ 'လူတစ်ယောက်ဟာ သူလုပ်နိုင်တာကို လုပ်ရတာပဲပေါ့၊ သူယ်ချင်းရယ်။ သူ့ဦးလေးကကော ဘယ်လိုလဲ၊ ခင်ဗျားနဲ့ အဆင်ပြေရဲ့လား၊ သူ့တူမဆီက အဖြေကိုတော့ ကျွန်တော်ရထားပြီ' လို့ ပြောလိုက်တယ်။

ရီဗက်က 'ကျွန်တော်တော့ အဖိုးကြီးနဲ့ စကားပြောရတာ ကံသိပ်မလိုက်ဘူး''တဲ့။ ကျွန်တော်က နောက်ထပ်ဘာမှ မပြောတော့ဘဲ သူ့လက်ကိုဆွဲပြီး အိမ်ထဲပြန်ဝင်လာခဲ့တယ်။

ညစာစားချိန်ကျတော့ ကျွန်တော်ဟာ သူ့ဘေးမှာ ထိုင်ရတယ်။ ကျွန်တော့်လက်ဟာ စားပွဲအောက်ကနေပြီး သူ့လက်ကို ဆွဲလိုက် ဆုပ်လိုက်၊ ဖြစ်လိုက်ညှစ်လိုက်။ ခြေထောက်ကလဲ သူ့ခြေထောက်တွေကို တို့လိုက် ထိလိုက်။ မျက်လုံးချင်းကလည်း ဆုံလိုက် ကြည့်လိုက်နဲ့ ကျွန်တော်ဟာ အောက်ခြေလွတ်နေတယ်။

ညစာစားအပြီးမှာ အားလုံး ခြံဝင်းထဲ ထွက်ပြီး လရောင်အောက်မှာ လမ်းလျှောက်ကြပြန်တယ်။ သူနဲ့ ကျွန်တော်က တစ်တွဲဆိုတော့ နှစ်ကိုယ်ကြားလေသံနဲ့ ချစ်တာတွေ မေတ္တာတွေနဲ့ သစ္စာတွေကိုပဲ တဖွဖွတနဲ့ ပြောလာတယ်။ ကျွန်တော်က ပြောတဲ့လူ၊ သူက နားထောင်တဲ့လူ။ လူလစ်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်က သူ့ကို နမ်းလာတယ်။သူ့ဦးလေးနဲ့ ရီဗက်တို့ကတော့ ဘာတွေ ငြင်းခုန်နေမှန်း မသိဘူး။ တစ်ယောက်နဲ့ တစ်ယောက် ဒူးမထောက်တမ်း၊ လက်မမြှောက်တမ်း ငြင်းခုံလာကြတယ်။

ကျွန်တော်တို့ အိမ်ထဲပြန်ဝင်တော့ ကြေးနန်းတစ်စောင် ရောက်နေတယ်။



သူ့အဒေါ်က ပို့လိုက်တဲ့ ကြေးနန်းပေါ့။ မနက်ဖြန်မနက် ပထမဆုံးထွက်မယ့် ခုနစ်နာရီရထားနဲ့ ပြန်လာမယ်လို့ ပြောထားတဲ့ ကြေးနန်းစာပါ။

''ကဲ ဟင်နရက်တီ၊ ဒီလူကြီးမင်းတွေကို သူတို့အခန်းတွေဆီ လိုက်ပို့ပေးလိုက်ပါကွယ်'' လို့ သူ့ဦးလေးက သူ့ကို ခိုင်းတယ်။ သူက ရီဗက်ကို ပထမဆုံး လိုက်ပို့ပေးတယ်။ ရီဗက်က 'သူ့အခန်းနဲ့ ခင်ဗျားကို အရင်ပို့ပေးမယ်ဆိုရင် သူ့အတွက် အန္တရာယ်ကင်းနိုင်တယ်' လို့ တိုးတိုးကပ်ပြောတယ်။

''ရီဗက်ကို ထားခဲ့ပြီး ထွက်လာလို့ ကျွန်တော့် အခန်းကိုရောက်တော့ ကျွန်တော်က သူ့ကို ပွေ့ဖက်ပြီး နမ်းပြန်တယ်။ သူက ရုန်း၊ ကျွန်တော်ကနမ်းနဲ့၊ နောက်ဆုံးမှာ သူဟာ ကျွန်တော့်လက်ထဲက လွတ်သွားပြန်တယ်။ ကျွန်တော် အိပ်ယာပေါ်လှဲမိချိန်မှာတော့ ကျွန်တော့်စိတ်ဟာ လှုပ်ရှားနေတုန်းပဲ။ ဒါပေမယ့် ကိုယ့်ကိုကိုယ် မှားလေခြင်းဆိုတဲ့ ခံစားမှုက ဝင်စပြုနေပါပြီ။ ဒီလိုအမှားမျိုးကို ငါ ဘာကြောင့် ကျူးလွန်မိတာပါလိမ့်လို့လည်း ကိုယ့်ကိုယ်ကို ပြန်မေးမိတယ်။ အဲဒီတုန်းမှာပဲ တံခါးကို အသာကလေး ခေါက်သံကြားရတယ်။ ကျွန်တော်က ဘယ်သူလဲလို့ မေးတော့ 'ကျွန်မပါ' ဆိုတဲ့ တီးတိုးအသံကလေးကို ကြားရတယ်။

ကျွန်တော် ကပြာကယာ အဝတ်အစားဝတ်ပြီး တံခါးဖွင့်လိုက်တော့ သူဝင်လာတယ်။ 'မနက်စာစားရင် လက်ဘက်ရည်၊ ကော်ဖီနဲ့ ချောကလက် သုံးမျိုးထဲ ဘယ်ဒင်းကို သောက်မလဲဆိုတာ မေးဖို့မေ့သွားလို့လာတာ'' လို့ ပြောပါတယ်။ ကျွန်တော်က သူ့ကို အတင်းပွေ့ဖက်ပြီး မရပ်မနားနမ်းတော့ သူက ဖယောင်းတိုင်ကို မှုတ်ပြီး ကျွန်တော့်လက်ထဲက ရုန်းထွက်သွားတယ်။

ကျွန်တော်ကတော့ အမှောင်ထဲမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။ ဖယောင်းတိုင်ပြန်ထွန်းချင်လို့ မီးခြစ်လိုက်ရှာတော့လဲ မတွေ့ဘူး။ ကျွန်တော်ဟာ ဒေါပွလို့မဆုံးဖြစ်နေတယ်။ နောက်ဆုံးမှာတော့ မီးခြစ်တွေ့တာနဲ့ ဖယောင်းတိုင်ကို ပြန်ထွန်း၊ လက်တစ်ဖက်နဲ့ကိုင်ပြီး အပြင်ဘက် စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့မိတယ်။

ကျွန်တော် ဘာလုပ်ရင် ကောင်းမလဲ။ ကိုးကြောင်းဆင်ခြင်နေဖို့ အချိန်က မရဘူး။ ကျွန်တော် သူ့ကိုပဲ တွေ့ချင်တယ်၊ ဒါပေမယ့် သူ့အခန်းကို မသိဘူး။ တတယ်လို့ သူ့ဦးလေးအခန်းကို မှားခေါက်မိရင် ကျွန်တော် ဘယ်လိုလုပ်မလဲ။ ရုတ်တရက်တော့ စဉ်းစားလို့မရဘူး။ တော်တော်ကြာမှ ရတယ်။ 'ကျွန်တော် ရီဗက်ရဲ့ အခန်းကို လိုက်ရှာနေတာပါ' လို့ ဖြေလိုက်ရင် မရဘူးလား။ သိပ်ရတာပေါ့။

www.burmeseclassic.com



ပြီးတော့ 'အရေးကြီးတဲ့ ကိစ္စတစ်ခု တိုင်ပင်စရာ ရှိနေလို့ပါ' လို့ ပြောလိုက်ရင် သူ့ဦးလေးက လက်ခံမှာပဲ။

ကျွန်တော် တစ်ခန်းပြီးတစ်ခန်း ရောက်သွားတယ်။ နောက်ဆုံးမှာတော့ ထံကောင်းအားလျှော်စွာ သူ့အခန်းကို ရောက်သွားတယ်။ စိတ်ကို အားတင်းပြီး ရွှန့်လို့ မဖြစ်တော့ဘူး။ ကျွန်တော် အရဲစွန့်ပြီး အခန်းထဲ ဝင်သွားတယ်။ ဟင်နရက်တီဟာ မျက်လုံးအဝိုင်းသားနဲ့ သူ့အိပ်ယာအစွန်းမှာ ထိုင်နေတယ်။ ကျွန်တော်က ဖတ်စရာ စာအုပ်ကလေးတစ်အုပ်လောက် တောင်းမယ်လို့ စိတ်ကူးထားတာ မေ့သွားလို့ လာခဲ့တာလို့ ပြောပါတယ်။ အဲဒီနောက်မှာတော့ ကျွန်တော် စာအုပ်တစ်အုပ် ဖတ်ရပါတယ်။ ဘာစာအုပ်ဆိုတာတော့ မပြောတတ်ပါဘူး။ အင်မတန် အံ့ဩစရာကောင်းတဲ့ စာအုပ်ပါ။

အဲဒီနောက်မှာတော့ ကျွန်တော်သူ့ကို ကျေးဇူးတင်စကားပြောပြီး အခန်းကို သူခိုးတစ်ယောက်ခြေလှမ်းမျိုးနဲ့ ပြန်လာခဲ့ပါတယ်။ အဲဒီတုန်း မြန်းကနဲ ကျွန်တော့် လည်ကုတ်ကို ခပ်ကြမ်းကြမ်း ကုတ်ဖမ်းထားလိုက်လို့ အသက်ထွက်မတတ် လန့်ခဲ့ရပါသေးတယ်။ လည်ကုတ်ကို ကုတ်ဆွဲထားတဲ့လူကတော့ ရီဗက်ပါ။ "အော် .. ဘယ်လိုလဲ ကိုယ့်လူက ဟိုင်နာ အူကြောင်ကြား မိုရင်ကိစ္စကို အခုထက်ထိ ပြီးပြတ်သွားအောင် ဆွေးနွေးလို့ မရသေးဘူးလား" လို့ သူက တီးတိုးကပ်မေးပါတယ်။

နောက်နေ့မနက် ခုနစ်နာရီထိုးချိန်မှာ သူကိုယ်တိုင် ချောကလက်တစ်ခွက် လာပို့တယ်။ အရသာရှိလိုက်တဲ့ ချောကလက်ဗျာ။ ဖျော်ထားပုံက တယ်ပြီးကောင်းတာပါလား။ သူဟာ ရီဗက်တစ်ယောက် ဝင်လာမှပဲ အခန်းထဲက မထွက်ချင်ထွက်ချင်နဲ့ ပြန်ထွက်သွားပါတယ်။ ရီဗက်ကတော့ အတော့်ကို စိတ်တိုနေတဲ့ လက္ခဏာရှိပါတယ်။ 'ခင်ဗျား အခုလို လုပ်နေရင် မိုရင်ဆိုတဲ့ဘဲရဲ့ ပြဿနာဟာ ပိုဆိုးကုန်တော့မှာပဲ' လို့ ဒေါသတကြီး ပြောပါတယ်။

အဲဒီမနက်ရှစ်နာရီမှာ သူ့အဒေါ်ပြန်ရောက်လာတယ်။ ကျွန်တော်တို့ ဆွေးနွေးတာဟာ မကြာလိုက်ပါဘူး။ တိုတိုပြတ်ပြတ်နဲ့ပဲ ပြီးသွားပါတယ်။ သူတို့က အခုကို ရုတ်သိမ်းပေးဖို့ သဘောတူသွားတယ်။ မြို့နေဆင်းရဲသားများကို အလှူဒါန ပြုဖို့ ဖရန့်ငွေ ငါးရာပေးခဲ့ရပါတယ်။ သူတို့က နောက်ထပ် တစ်ရက်လောက်နေဖို့ တားကြပါသေးတယ်။ အပျော်ခရီးထွက်ပြီး ရှေးဟောင်းအဆောက်အဦပျက်တွေ သွားကြည့်နိုင်ဖို့ စီစဉ်ပေးမယ်တဲ့။



"သူ့ဦးလေးနောက်မှာရပ်နေတဲ့ ဟင်နရက်တီကလည်း တစ်ရက်နေဖို့ လက်ရိပ်လက်ချည်ပြပါတယ်။ ကျွန်တော်ကလည်း လက်ခံလိုက်ပါတယ်။ ဒါပေမယ့် ရီဗက်က ပြောလို့မရဘူးဗျ။ သူ့ကို ဆွဲခေါ်သွားပြီး ကျွန်တော့် အကျိုးကို ထောက်ထားဖို့ ပြောတော့လဲ မရဘူး။ မာလိုက်တဲ့ခေါင်းဗျာ။ သူက အတော့်ကို စိတ်ပျက်စိတ်တိုနေတဲ့ မျက်နှာထားနဲ့၊ 'တော်ပြီ ကိုယ့်လူ ဒီအရူး နဘူးဝက်ကောင် မိုရင်ကိစ္စဟာ ဒီလောက်နဲ့ပဲ ဖြတ်လိုက်တာကောင်းမယ်' လို့ ဒေါသတကြီး ပြောတယ်။

ရီဗက်ကိုပြောမရတော့ ကျွန်တော်လည်း ဘယ်လိုလုပ်ပြီး နေလို့ဖြစ်တော့မှာလဲ။ ကျွန်တော့်ဘဝမှာတော့ အဲဒီ တဒင်္ဂအချိန်ကလေးဟာ စိတ်အပင်ပန်းဆုံး အချိန်ကလေးပါပဲ။ ဘူတာမှာ ဟင်နရက်တီရဲ့လက်ကို ဆွဲနှုတ်ဆက်ပြီး ရထားတွဲပေါ်ရောက်တော့ ကျွန်တော်က .. 'ခင်ဗျားဟာ တော်တော်ရက်စက် ရိုင်းစိုင်းတဲ့လူပဲ' လို့ ရီဗက်ကို ပြောမိတယ်။ အဲဒီတော့ သူက .. 'တော်ပြီကိုယ့်လူ၊ ကိုယ့်လူလုပ်ပုံကြောင့် ကျုပ်မှာ တော်တော့်ကို စိတ်ညစ်စိတ်ရှုပ်ရတယ် သိလား' တဲ့။

ကျွန်တော်တို့ တရားရုံးကိုရောက်တော့ ကျွန်တော်တို့ ပြန်အရောက်ကို စောင့်နေတဲ့ လူတစ်အုပ်ကို တွေ့ရတယ်။ အားလုံးက 'ဘယ်လိုလဲ .. ဟိုအရူး ဝက်သိုး မိုရင်ကိစ္စ ပြီးပြတ်သွားပြီလား' လို့ အလုအယက် ဝိုင်းမေးကြတယ်။ လာရှိချယ်လီမြို့ထဲက လူတွေအားလုံးလိုလို ဒီအမှုမှာ စိတ်ဝင်စားနေကြတာကိုး .. ဗျ။

ခရီးတစ်လျှောက်လုံးမှာ စိတ်ပျက်လက်ပျက် ဖြစ်လာတဲ့ ရီဗက်က မအောင့်နိုင်တော့ဘူး၊ အော်ပြီးရယ်တယ်။ ပြီးတော့ .. 'ပြီးခဲ့ပြီဗျ။ လာဘာဘာဘီကိုသာ ကျေးဇူးတင်ကြပေတော့' လို့ပြောတယ်။ ပြီးတော့ ကျွန်တော်တို့ဟာ မိုရင်ဆီကို ထွက်ခဲ့ကြတယ်။

မိုရင်ဟာ ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေတယ်။ သူ့ခြေထောက်တွေမှာ ပလပ်စတာတွေ ကိုင်ထားတယ်။ ခေါင်းမှာလဲ ပတ်တီးတွေစည်းလို့ စိတ်ခင်းရဲလွန်းလို့ အသက်ထွက်ခမန်းဖြစ်နေတယ်။ ချောင်းကလည်း တဟွတ် .. ဟွက်နဲ့ ချောင်းဆိုးနေပုံက အဆက်မပြတ်ဘူး။ သူ့မိန်းမကတော့ သူ့အနားမှာ ရပ်နေတယ်။ သူ့ကို ကိုက်ဖဲ့စားသောက်ဖို့ အဆင်သင့်ပြင်နေတဲ့ ကျားမကြီးတစ်ကောင်နဲ့ တထေရာတည်းပါပဲဗျာ ...

သူဟာ ကျွန်တော်တို့ကို မြင်တာနဲ့ တစ်ပြိုင်နက် တစ်ကိုယ်လုံး တုန်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ လက်တွေနဲ့ ဒူးတွေကလဲ တဆတ်ဆတ် တုန်နေတယ်။ ကျွန်တော်က ချက်ခြင်းပဲ သူ့ကို လှမ်းပြောလိုက်တယ် …"ကိစ္စပြီးသွားပြီ ကိုနှာဘူးရဲ့ .. ဒါပေမယ့် နောက်တစ်ခါ ဒါမျိုးတော့ ထပ်မလုပ်နဲ့တော့"

မိုရင်ဟာ ကုလားထိုင်ပေါ်က ကတုန်ကရီနဲ့ ထလာပြီး ကျွန်တော့်လက်တွေကို ဆွဲနမ်းတယ်။ အံ့မယ် မင်းသားလေးတစ်ပါးရဲ့ လက်တွေကို နမ်းနေသလားအောက်မေ့ရတယ်ဟ။ ပြီးတော့ ရှိုက်ကြီးတငင်ငိုတယ်။ သတိလစ်သွားမလားထင်ရတယ်။ ရီဗက်ကိုလည်းဖက်ပြီး ကျေးဇူးတင်ကြောင်းပြောတယ်။ မဒမ်မိုရင်ကိုတောင်မှသွားပြီး အနမ်းလေးပေးရှာတယ်။ ဒါပေမယ့် မဒမ်ကြီးက ဆောင့်တွန်းလိုက်လို့ သူခမျာ ပက်လက်ကုလားထိုင်ပေါ် ဝုန်းခနဲ ပစ်လဲသွားတယ်။

အဲဒီအချိန်ကစပြီး ပတ်ဝန်းကျင်မှာ ရှိနေသမျှလူတွေက သူ့ကို 'အုကြောင်ကြားဝက်သိုး' လို့ ခေါ်ကြတယ်။ အဲသလို အခေါ်ခံလိုက်ရတိုင်း မိုရင်ဟာ သူ့နှလုံးသားကို လှံနဲ့ထိုးလိုက်သလို ခံစားနေရတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ -- တစ်ဦးတစ်ယောက်က 'ဝက်' လို့ပြောလိုက်ရင် သူလှည့်မကြည့်ဘဲ မနေနိုင်ဘူး။

သူဟာ ဒီကိစ္စဖြစ်ပြီးတဲ့ နောက် နှစ်နှစ်အကြာမှာ ကွယ်လွန်သွားတယ်။

ကျွန်တော်ကတော့ ၁၈၇၅ ခုနှစ်မှာ လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်လာခဲ့ပါတယ်။ ဖွန်စာရီမြို့က ရှေ့နေမွန်စီယာဘာယ်လွန်ကယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ကျွန်တော့်အတွက် မဲဆွယ်ပေးတဲ့ ကိုယ်စားလှယ်တစ်ဦး ဖြစ်လာခဲ့ပါတယ်။ အဲဒီနယ်ကို တရားဟောဖို့ ကျွန်တော်ရောက်သွားတော့ မွန်စီယာဘာယ်လွန်ကယ်နဲ့အတူ အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည်လှလှနဲ့ လှချမ်းသာ အမျိုးသမီးချောတစ်ယောက်က ဖော်ရွေစွာနဲ့ ကြိုဆိုခဲ့ကြပါတယ်။

"ရှင် .. ကျွန်မကို မသိတော့ဘူးလား"လို့ မိန်းမချောကမေးတော့ ကျွန်တော် ဘာပြန်ပြောရမှန်းမသိဘူး။ အထစ်ထစ်အငေါ့ငေါ့နဲ့ .."ဟို .. ဟို ကျွန်တော် မသိပါဘူး မဒမ်"လို့ ပြောလိုက်မိပါတယ်။

"ဟင်နရက်တီဘွန်နယ် .. လေ"

"ဟာ …"

ကျွန်တော့်မျက်နှာဟာ သွေးဆုတ်သလို ဖြစ်သွားပါတယ်။ သူကတော့ ဘာမှ မဖြစ်သလို အေးအေးဆေးဆေးပဲ ကျွန်တော့်အဖြစ်ကိုကြည့်ပြီး ပြုံးနေတယ်။

ကျွန်တော့်ကို သူ့ခင်ပွန်းနဲ့ ထားခဲ့ပြီး သူထွက်သွားတော့ သူ့ခင်ပွန်းက ကျွန်တော့်လက်ကို တလေးတစား ဆွဲကိုင်ပြီး အားရပါးရ ဖြစ်ညှစ်ထားပါတယ်။



ပြီးတော့ .. "ကျွန်တော် လူကြီးမင်းဆီကိုလာပြီးတွေ့ဖို့ စိတ်ကူးထားတာ ကြာခဲ့ပါပြီ .. ခင်ဗျာ။ ကျွန်တော့်ဇနီးကတော့ လူကြီးမင်းဟာ အလွန်တော်ကြောင်းကြော မကြာ ကျွန်တော့်ကို ပြောပြခဲ့ပါတယ်"

"ကျွန်တော့်ဇနီးနဲ့ လူကြီးမင်းတို့ တွေ့ကြတဲ့အချိန်တုန်းက လူကြီးမင်းမှာ အင်မတန်စိတ်မချမ်းမြေ့စရာ ကိစ္စတစ်ခုနဲ့ ကြုံနေခဲ့တယ် .. တဲ့။ ဒီကိစ္စမှာ လူကြီးမင်းအနေနဲ့ ဘယ်လိုကိုင်တွယ် ဖြေရှင်းသွားတယ်ဆိုတာလဲ ပြောပြပါတယ်။ ပြဿနာတစ်ရပ်ကို ကိုင်တွယ်ရာမှာ ဘယ်လောက်အထိ လိမ္မာပါးနပ်တယ်။ မဖြစ်မနေ လုပ်တတ်တယ်ဆိုတာတွေကို …"

သူဟာ စကားကို ဆက်ပြောဖို့ တွန့်ဆုတ်ဆုတ် ဖြစ်နေတယ်။ ခဏနေမှ လေသံခပ်တိုးတိုးနဲ့ .. "ဟို .. အုကြောင်ကြား ဝက်သိုးမိုရင်ရဲ့ကိစ္စမှာ လုပ်ဆိုင်သွားပုံလေးတွေဟာ တကယ့်ကို တော်ပါတယ် ..တဲ့"ဟု ပြောသည်။

THAT PIG OF A MORIN

GAY DE MAUPASSANT.

□

www.burmeseclassic.com

www.burmeseclassic.com

/

## မစ်တီ၏လျှို့ဝှက်ဘာဝ

"ငါတို့ ဒီကိစ္စကို မဖြစ်ဖြစ်အောင် လုပ်ကြရမယ်"

တပ်မှူး၏ အသံသည် တင်းမာပြတ်သားလှ၏။ သူသည် ယူနီဖောင်းကို အပြည့်အစုံ ဝတ်ဆင်ထားသည်။ ရာထူးတံဆိပ်များကိုလည်း စနစ်တကျ တပ်ဆင်ထားသည်။ ခေါင်းပေါ်မှ ဦးထုပ်သည် မသိမသာကလေး ရှေ့သို့ ငိုက်နေသဖြင့် အပြာရောင် မျက်လုံးတစ်ဖက်ကို ဖုံးကွယ်ထားသလို ဖြစ်နေသည်။

"မဖြစ်နိုင်ဘူးလို့ ထင်ပါတယ် ဗိုလ်မှူး၊ တကယ်လို့ ဗိုလ်မှူးကသာ ဖေး ခဲ့ရင် ကျွန်တော်တို့ဟာ ဟာရီကိန်းမုန်တိုင်းရဲ့ အစာဖြစ်သွားပါလိမ့်မယ်လို့ တွန့် တော်ပြောရမှာပါ"

"မင်းကိုငါဘာမှ မမေးဘူး .. ဗိုလ်ကြီးဘတ်ဂ်"ဟု တပ်မှူးက ပြန် ပြောသည်။ "မီးလုံးတွေဖွင့်လိုက်၊ စက်ကိုနှိုး"

စက်သံသည် တဖြည်းဖြည်းနှင့် အရှိန်မြင့်တက်လာနေသည်။ တပ်မှူး သည် လေယာဉ်မှူး၏ ပြတင်းပေါက်ပေါ်၌ အစုလိုက် အပြုံလိုက် ဖြစ်နေသော ဆီးနှင်းခဲများကို စိုက်ကြည့်နေသည်။ သူသည် ရှေ့သို့ ဆက်လျှောက်သွားပြီး အလွှန်များပြား ရှုပ်ထွေးလှသော ခိုင်ခွက်များကို ငုံ့ငုံ့ကြည့်နေသည်။

"နံပါတ် (၈) ခလုတ်ကိုဖွင့်"ဟု အော်၍အမိန့်ပေးသည်။ "နံပါတ် (၈) ခလုတ်ကိုဖွင့်"ဟု ဗိုလ်ကြီးဘတ်ဂ်က ထပ်ဆင့်ပြီး အမိန့်ပေးသည်။ တပ်သား များသည် အင်ဂျင်ရှစ်လုံးတပ် ရေယာဉ်ပျံကြီးထဲရှိ စက်အသီးသီးတွင် ကိုယ့် တာဝန်နှင့်ကိုယ် အလုပ်ရှုပ်နေကြသည်။ သူတို့သည် တစ်ယောက်ချက်နှာ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကြည့်ကာ သွားဖြဲပြနေကြသည်။ ပြီးတော့ တစ်ယောက်နှင့်တစ်ယောက် စကားပြောကြသည်။

"ဟော့ .. တို့ အဖိုးကြီးက တို့ကို မောင်းနေပြီကွ၊ သိလား .. အဖိုးကြီးက ငရဲပြည်သွားရမှာကိုတောင် နည်းနည်းလေးမှ ကြောက်ပုံမရဘူး။ ပြီးတော့ သူက ..."

❏

"သိပ်မမြန်စေနဲ့ ရှင်ကားမောင်းတာ တအားမြန်နေတယ်။ ကိုယ်ဘာလုပ်နေတယ်ဆိုတာ မသိဘူးလား"ဟု မစ္စက်မစ်တီက ပြောသည်။ "ဘာဖြစ်လို့ ကားကို ဒီလောက်ကြီး မြန်မြန်မောင်းနေရတာလဲ"

"ဟင် .."

ဝေါလ်တာမစ်တီက ကယောင်ကတမ်းသံဖြင့် ရေရွတ်သည်။ သူ့ဘေးထိုင်ခုံ၌ထိုင်နေသော သူ့မိန်းမဘက်လှည့်၍ အံ့ဩနေသည့် မျက်နှာထားဖြင့် ငေးကြည့်နေသည်။ သူ့မျက်စိထဲတွင် သူ့မိန်းမသည် တစ်ခါမှ မမြင်ဘူးသည့် လူတစ်ယောက်လို ဖြစ်နေသည်။ သူ့အား လူအုပ်ထဲမှနေ၍ လှမ်းပြီး ဝေါက်ငမ်းနေသည့် မိန်းမတစ်ယောက်နှင့် တူနေသည်။

"ရှင်မောင်းနေတာ .. တစ်နာရီငါးဆယ့်ငါးမိုင် ရှိနေပြီ"ဟု သူ့မိန်းမက ထပ်ပြောသည်။ "ကျွန်မ မိုင်လေးဆယ်ကျော်သွားရင် လုံးဝ မကြိုက်ဘူးဆိုတာ ရှင်သိတယ်မဟုတ်လား၊ အခု ရှင်မောင်းနေတာ ဘယ်လောက်လဲ .. ငါးဆယ့်ငါးမိုင် ရှိနေတယ် .. သိရဲ့လား"

ဝေါလ်တာမစ်တီသည် ရေငုံနှုတ်ပိတ်လုပ်ကာ မော်တော်ကားကို ဝတ်တားဘူရီဘက်သို့ ဆက်မောင်းလာသည်။ သူ့စိတ်ထဲတွင်မူ သူ ကားမောင်းနေသည်မဟုတ် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က အဆိုးဆုံးမုန်တိုင်းကိုဖြတ်၍ ရေတပ်လေယာဉ်ပျံကို မောင်းနေသည်။

"ရှင် .. ဘယ်လိုဖြစ်နေတာလဲ၊ ကားအရှိန်ထပ်မြင့်လာပြန်ပြီ" ဟု မစ္စက်မစ်တီကထပ်ပြောသည်။ "ဘာလဲ အတိတ်ကို စိတ်ကူးယဉ်နေပြန်ပြီလား ရှင့်ကို ဒေါက်တာရမ်ရှေနဲ့ ပြဦးမှဖြစ်တော့မယ်"

ဝေါလ်တာမစ်တီသည် ကားကို သူ့မိန်းမဆံပင်အလှပြင်မည့် ဆိုင်တည်ရှိရာ



အဆောက်အဦးရှေ့၌ အရှိန်သတ်၍ ရပ်သည်။ "ကျွန်မ ဆံပင်အလှပြင်နေတုန်းမှာ အပေါ်စီး ရာဘာရှူးဖိနပ်ဝယ်စီးဖို့ မမေ့နဲ့" ဟု မစ္စက်မစ်တီက မှာသည်။

"ငါ့အတွက် အပေါ်စီး ရာဘာရှူးဖိနပ်မလိုဘူး" ဟု မစ်တီက ပြန်ပြောသည်။ မစ္စက်မစ်တီက သူ၏ ကြည့်မှန်ကို လက်ပွေ့အိတ်ထဲ ပြန်ထည့်ကာ ကားပေါ်မှ ဆင်းသည်။ "ရှင့်ကိုယ်ရှင် လူငယ်တစ်ယောက်လို့ ထင်နေသလား"ဟု မလိုတမာအသံဖြင့် ပြောသည်။

မစ်တီသည် ကားစက်ကိုနှိုးသည်။ "ရှင်က ဘာ့ကြောင့် လက်အိတ်တွေ စွပ်မထားရတာလဲ၊ ဘာလဲ လက်အိတ်တွေ ပျောက်ကုန်ပြန်ပြီလား"

ဝေါလ်တာမစ်တီက စကားတစ်ခွန်းမှမပြောဘဲ သူ့အင်္ကျီအိတ်အတွင်းမှ လက်အိတ်များကို ထုတ်၍ သူ့လက်များတွင် စွပ်နေသည်။ သူ့မိန်းမသည် ကားကို ကျောပေး၍ ထွက်ခွာသွားသည်။ မစ်တီသည် ကားကို လမ်းမအတိုင်း မောင်းထွက်လာသည်၊ မီးပွိုင့်တွင် မီးနီပြ၍ ရပ်ထားရချိန်တွင်မူ သူ့လက်မှ လက်အိတ်များကို ပြန်ချွတ်သည်။

ဘေးနား၌ ရပ်နေသော ယာဉ်ထိန်းရဲတစ်ယောက်က သူ့အား လှမ်းကြည့်ပြီး .. "လက်အိတ်တွေကို ပြန်စွပ်လိုက်ပါလား .. နောင်ကြီးရယ်" ဟုပြောသည်။ မစ်တီသည် သူ့ဘေးနား၌ ချွတ်ချထားသော လက်အိတ်များကို ကပျာကယာ ကောက်ယူပြီး ပြန်စွပ်သည်။ သူသည် မော်တော်ကားကို ဦးတည့်ရာသို့ မောင်းနှင်တာ အချိန်ဖြုန်းသည်။ ထို့နောက် ကားများရပ်ခွင့်ရှိသည့် မြေကွက်ဆီသို့ မောင်းလာခဲ့၏။ ဤတွင် ဆေးရုံရှေ့မှ ဖြတ်လာခဲ့ရလေသည်။

❏

"ဒီဟာက ဘဏ်လုပ်ငန်းရှင် သန်းကြွယ်သူဌေးကြီး ဝယ်လင်တန် မက္ကမီးနဲ့ပါ"ဟု အချောအလှ သူနာပြုဆရာမလေးက မိတ်ဆက်ပေးသည်။ "အော် ဟုတ်လား"ဟု မစ်တီက ရေရွတ်ကာ လက်မှ လက်အိတ်များကို ဖြည်းဖြည်းချွတ်နေသည်။ "သူ့ကို ဘယ်သူတွေက တာဝန်ယူပြီး ကုသပေးနေကြသလဲ" မေးသည်။

"ဒေါက်တာ ရမ်ရှေနဲ့ ဒေါက်တာ ဘင်ဘိုးတို့က တာဝန်ယူထားပါတယ်။ ဒါပေမဲ့ အခုလာဆယ်မှာ နယူးယောက်မြို့တော်က ဆရာဝန်ကြီး ဒေါက်တာရီမင်တန်နဲ့

www.burmeseclassic.com

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်က ဒေါက်တာ ပရစ်ချက်မစ်ဖို့တို့လည်း ရောက်နေကြပါတယ်။ နှစ်ဦးစလုံး အထူးကုဆရာဝန်ကြီးတွေပါ"

ထိုအခိုက်တွင် စင်္ကြံလမ်း ဝရန်တာထက် ထွက်သည့်တံခါးသည် ပွင့်သွားသည်။ ထွက်လာသူမှာ ဒေါက်တာရမ်ရှော။ သူ့မျက်နှာသည် ကိုယ်ရောစိတ်ပါ ဝင်ပန်းနွမ်းနယ်လျက်ရှိခြင်းကို ဖော်ပြနေသည်။ "ဟယ်လို .. မစ်တီ"ဟု သူ့အား လှမ်းနှုတ်ဆက်သည်။ "ကျွန်တော်တို့အားလုံး ဘဏ်လုပ်ငန်းရှင်ကြီး မတ္တစီလန်ကြောင့် ယားလို့တောင် မကုတ်နိုင် မဖွဲ့နိုင် ဖြစ်နေကြတယ်။ သူက သမ္မတကြီးရှစ်ဖွဲ့နဲ့ အတော်ရင်းနှီးတဲ့လူဗျ။ ဘယ့်နှယ့်လဲ .. ခင်ဗျား သူ့နဲ့ မတွေ့ချင်ဘူးလား" ဟုလည်းပြောသည်။ "တွေ့ရရင် ကောင်းတာပေါ့ဗျာ"ဟု သူက အလိုက်သင့်ပြန်ပြောသည်။

ခွဲစိတ်ကုခန်းထဲတွင် နှစ်ကိုယ်ကြား လေသံဖြင့် မိတ်ဖွဲ့ပေးနေသံများ ကြားရသည်။ "ဒါက ဒေါက်တာ ရီမင်တန်၊ ဒီဘက်က ဒေါက်တာပရစ်ချက်မစ်ဖို့ပါ။ ဟောဒါက ဒေါက်တာမစ်တီပါ"

"အော် .. ဟုတ်လား တွေ့ရတာ ဝမ်းသာပါတယ်။ ဒေါက်တာရေးခဲ့တဲ့ အဆုတ်ရောဂါဆိုင်ရာ ဘက်တီးရီးယား ပိုးမွှားအကြောင်း စာအုပ်ကို ကျွန်တော် ဖတ်ဖူးတယ်။ အတော့်ကို ကောင်းတဲ့စာအုပ်ပါ"ဟု ဒေါက်တာ ပရစ်ချက်မစ်ဖို့က ဒေါက်တာမစ်တီ၏လက်ကိုဆွဲ၍ ပြောသည်။

"ကျေးဇူးတင်ပါတယ် .. ခင်ဗျာ"ဟု ဒေါက်တာ ဝေါလ်တာမစ်တီက ပြန်ပြောသည်။

"ခင်ဗျား .. အမေရိက ရောက်နေတာ ကျွန်တော်တို့မသိဘူး .. မစ်တီ" ဟု ရီမင်တန်က ပြောသည်။ "အရေးကြီးတဲ့ လူနာတစ်ယောက် ခွဲစိတ်ပေးရမယ်ဆိုလို့ မစ်ဖို့နဲ့ကျွန်တော် ရောက်လာခဲ့ကြတာ"

ခွဲစိတ်စင်နှင့် ဆက်လျက်ရှိသော မေ့ဆေးပေးစက်သည် ကြီးမားလှချေသည်။ တပ်ဆင်ထားသည့်ပိုက်များ၊ ဖန်ပြွန်များနှင့် ဝိုင်ယာကြိုးများသည် မြွေလိမ်မြွေကောက်ဖြစ်ကာ ရှုပ်ထွေးပွေလိမ်လျက်ရှိ၏။ "စက်ကရပ်နေပြီ၊ ဘယ်လိုလုပ်ကြမလဲ"ဟူသော အလုပ်သင်ဆရာဝန်တစ်ယောက်၏ အော်ကြီးဟစ်ကျယ် ရေရွတ်သံကို ကြားရသည်။ "ဒီစက်ကို ကိုင်တတ်တဲ့လူကလည်း မရှိဘူး၊ ခွကျတာပဲ"ဟူသော ညည်းညူသံကိုလည်း ကြားလိုက်ရ၏။

"မင့်ပါးစပ်ကို ပိတ်ထားစမ်းပါ .. ကိုယ့်လူရယ်" ဟု မစ်တီက လေသံ



အေးအေးဖြင့် တိုးတိုးသာသာ လှမ်းပြောသည်။ သူသည် စက်ကြီးဆီသို့သွားကာ တဝင်းဝင်း တလက်လက် တောက်ပနေသော ဒိုင်ခွက်များကို တစ်ခုပြီးတစ်ခု စမ်းသပ်ကြည့်နေသည်။ "ဖောင်တိန်တစ်ချောင်းရှိရင် ပေးကြစမ်း"ဟု အနီးရှိ လူများအား လှမ်းပြောသည်။ တစ်ဦးသောသူက သူ့လက်ထဲသို့ ဖောင်တိန်တစ်ချောင်းထည့်ပေးသည်။ သူသည် စက်ထဲမှ အံချော်နေသော ပစ္စတန်တစ်လုံးကို ဖြုတ်ယူလိုက်ပြီး ယင်းနေရာတွင် လက်ထဲက ဖောင်တိန်ကို အသာအယာ ထိုးထည့်လိုက်သည်။

"ဒါလေးထည့်ထားရင် အနည်းဆုံး ဆယ်မိနစ်တော့ခံတယ်"ဟု မစ်တီက ပြောသည်။ "ကဲ .. ခွဲစရာရှိတာ ဆက်ခွဲကြပေတော့"

ထိုအခိုက်မှာပင် သူနာပြုဆရာမတစ်ယောက်သည် ရေးကြီးသုတ်ပြာနှင့် ဝင်ရောက်လာပြီး ဒေါက်တာရမ်ရှောအနားသို့ကပ်၍ တီးတိုးစကားပြောနေသည်။ "အဲဒါမှ .. ဒုက္ခပဲ"ဟု ရမ်ရှောက ရေရွတ်သည်။ "ဘယ်လိုသဘောရသလဲ ဒေါက်တာမစ်တီ ခင်ဗျားဝင်ပြီး တာဝန်ယူ ခွဲစိတ်နိုင်မလား"

မစ်တီက တစ်ချက်လှမ်းကြည့်သည်။ "ခင်ဗျားဆန္ဒရှိမယ်ဆိုရင်တော့ ကျွန်တော်ပါရတော့မှာပေါ့"ဟု ပြောသည်။ သူနာပြုဆရာမများသည် ဒေါက်တာ မစ်တီအား ခွဲစိတ်ရေးဝတ်စုံကို ဝတ်ဆင်ပေးကြသည်။ သူသည် မျက်နှာကို ချုပ်နှာ ဖုံးဖြင့် အုပ်၍ စည်းလိုက်ပြီး လက်နှစ်ဖက်ကို လက်အိတ်များ စွပ်လိုက်သည်။ သူနာပြုဆရာများက သူ့အား ခွဲစိတ်ရေးကိရိယာများ တစ်ခုချင်းစီယူ၍ ...

□

"နောက်ကိုပြန်ဆုတ် .. ပြန်ဆုတ် ဟိုဘက်က လာနေတဲ့ကားကို သတိထားဦး"

ကြားလိုက်ရသော အသံကြောင့် မစ်တီသည် သူ့ကား၏ ဘရိတ်ကို ဖြတ်ခနဲ ဖမ်းဆွဲလိုက်သည်။ "လမ်းမှားပြီး ဝင်လာတယ်"ဟု ကားအစောင့်က မစ်တီအား ငုံ့ကြည့်ပြီး ပြောသည်။

"ဟော .. ဟင် .. အင်"

မစ်တီ၏နှုတ်မှ မရေမရာ ရေရွတ်သံများ ထွက်လာသည်။ 'အဝင်တစ်လမ်းသာ'ဟုရေးထားသော ဆိုင်းဘုတ်ကို လှမ်းကြည့်ပြီး မော်တော်ကားကို

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်ဆုတ်သည်။ "ဒီနေရာဘဲ ရပ်ထားပါ"ဟု ကားစောင့်က ပြောသည်။ "ခင်ဗျားကားကို ကျွန်တော်ထိုးထားပေးမယ်"

မစ်တီသည် ကားပေါ်မှဆင်းသည်။ "ဟေး .. ခင်ဗျားရဲ့ကားသော့ ပေးခဲ့မှ ဖြစ်မှာပေါ့"ဟု အစောင့်က လှမ်းအော်သည်။ "အိုး .. ဟုတ်သားပဲ မေ့သွားတယ်"ဟု မစ်တီက ရေရွတ်ကာ သူ့လက်ထဲမှ ကားသော့ကို အစောင့်အား လှမ်းပေးသည်။ အစောင့်သည် ကားထဲသို့ဝင်ထိုင်ကာ ကားကိုကျင်လည်စွာ ပြန်ဆုတ်ပြီး တစ်နေရာတွင် ထိုးရပ်လိုက်သည်။

မိန်းလမ်းအတိုင်း တစ်ကိုယ်တည်းလျှောက်လာနေသော ဝေါလ်တာမစ်တီသည် ရောက်တတ်ရာရာများကို တွေးလာနေသည်။ "လူတွေဟာ တော်တော်လူပါးဝတာပဲ၊ သူတို့ကိုယ်သူတို့ အရာရာတိုင်းကိုသိတယ် တတ်တယ်လို့ ထင်နေကြတယ်။ တော်တော့်ကို ရယ်စရာကောင်းတာပဲ" သူသည် ဒေါသတကြီးဖြင့် သူ့ရှေ့မှ ရွှံ့ခဲတစ်ခဲကို ပိတ်ကန်လိုက်သည်။

"အပေါ်ဝတ် ရာဘာရှူးဖိနပ်"ဟု ရေရွတ်လိုက်သည်။ သူသည် ဖိနပ်ဆိုင်ကို လမ်းဘေးဝဲယာတွင် ရှာသည်။

သူ လမ်းပေါ်သို့ ပြန်ထွက်လာသည့်အခါ သူ့ချိုင်းကြားတွင် ရာဘာရှူးဖိနပ်စုံးကို ညှပ်လာသည်။ သူသည် သူ့မိန်းမက ဝယ်ဖို့မှာလိုက်သည့် တခြားပစ္စည်းတစ်မျိုးကို စဉ်းစားသည်။ စဉ်းစား၍မရချေ။ သူတို့အိမ်မှ မထွက်မီကတည်းက သူ့မိန်းမက မှာခဲ့ခြင်းဖြစ်၏။ သာမန်မှာခြင်းမျိုးမဟုတ် နှစ်ကြိမ်တိတိ မှာခြင်းဖြစ်သည်။ ဘာများပါလိမ့် ...။

သူ့အဖြစ်သည် အမြဲတစေ ကြုံရသည့် အဖြစ်တစ်ခုဖြစ်သည်။ သူတို့သည် သီတင်းပတ်တိုင်း ဝါတာဘူရီမြို့ထဲသို့ လာလေ့ရှိ၏။ လာတိုင်းလည်း သူသည် အမှားတစ်ခုခုကို ပြုလုပ်မိစမြဲဖြစ်သည်။ အခုလည်း ကြုံရပြန်ပြီ၊ သူ့ကိုမှာလိုက်တာ ကလီနက်စ်လား၊ မုတ်ဆိတ်ရိတ် ဘလိတ်ဓားထင်ပါရဲ့။ အာ .. ဒါလည်း မဖြစ်နိုင်ဘူး။ သွားတိုက်ဆေးလား၊ သွားတိုက်သွားပွတ်တံလား။ ဘာပါလိမ့် -- ဘာပါလိမ့်။

သူသည် အမျိုးမျိုးအားထုတ်၍ စဉ်းစားပါသော်လည်း မရ။ နောက်ဆုံးတွင် လက်မြှောက်အရှုံးပေးလိုက်သည်။ သို့သော်လည်း ခက်သည်ကား သူ့မိန်းမတော့ သူမှာလိုက်သောပစ္စည်းကို သတိရလိမ့်မည်မှာမလွဲ။ သူ့ကိုတွေ့သည်နှင့် တပြိုင်နက် "ကျွန်မမှာလိုက်တဲ့ပစ္စည်း .. ဘယ်မှာလဲ၊ မေ့လာပြန်ပြီပေါ့လေ --



ဟုတ်လား။ တော်ဟာလေ .. ဘယ်လိုလူစားလဲမသိဘူး" စသည် .. စသည်ဖြင့် တဆူဆူ တပူပူ လုပ်ချေတော့မည်။ ထိုအခိုက်တွင် သတင်းစာအရောင်းသမားတစ်ဦး၏ အော်သံများကို ကြားရသည်။ ဝါတာဘူရီမြို့၏ ထင်ရှားသော အမှုတစ်မှု စစ်ဆေးကြားနာနေပုံအကြောင်းကို လူအများ စိတ်ဝင်စားအောင် အော်ဟစ်၍ ရောင်းချနေခြင်းဖြစ်လေသည်။

❑

"ဒီဟာလေးကို မြင်လိုက်ရင်တော့ ခင်ဗျားရဲ့ မှတ်ဉာဏ်ဟာပိုပြီး ကောင်းချင် ကောင်းလာပါလိမ့်မယ်"

အစိုးရရှေ့နေသည် ပြောပြောဆိုဆို ရုတ်တရက် သူ့လက်ထဲမှ အော်တိုမက်တစ်သေနတ်ကို သက်သေခံခုံပေါ်သို့ တင်ပြလိုက်သည်။ ထို့နောက် .. "ဒီသေနတ်ကို ခင်ဗျားအရင်က မြင်ဖူးခဲ့တယ် မဟုတ်လား"ဟုမေးသည်။

ဝေါလ်တာမစ်တီသည် သေနတ်ကို ကောက်ယူပြီး စေ့စေ့စပ်စပ်ကြည့်သည်။ "ဒီဟာ ကျွန်တော့်ရဲ့ ဝက်ဘ်လေဗစ်ကာ အမျိုးအစားသေနတ်ပါ"ဟု တည်ငြိမ်အေးဆေးစွာ ပြန်ဖြေသည်။ တရားရုံးခန်းအတွင်းရှိ ပရိသတ်ကြားမှ တီးတိုးစကားပြောသံများသည် ဆူဆူညံညံဖြစ်သွားသည်။ တရားသူကြီးက စားပွဲကိုထု၍ အားလုံးကို တိတ်တိတ်နေကြရန် သတိပေးသည်။

"ခင်ဗျားဟာ သေနတ်ဆိုရင် ဘယ်လို သေနတ်မျိုးကိုမဆို ကောင်းကောင်းပစ်တတ်တယ်လို့ ကျွန်တော်ထင်တယ်၊ ဟုတ်သလား"ဟု အစိုးရရှေ့နေက မေးသည်။

"ကန့်ကွက်ပါတယ်"ဟု ဝေါလ်တာမစ်တီ၏ရှေ့နေက ထအော်သည်။ "ကျွန်တော်တို့အနေနဲ့ တရားခံဟာ သေနတ်ကို ပစ်နိုင်တဲ့ အခြေအနေမရှိကြောင်း သက်သေပြထားခဲ့ပါတယ်။ ဇူလိုင်လ ဆယ့်လေးရက်ညက သူ့ရဲ့ ညာဖက်လက်ဟာ ပတ်တီးကြိုးသိုင်းနဲ့ နေခဲ့ရကြောင်း ထင်ရှားစွာ ဖော်ပြခဲ့ပြီးပါပြီ။ ဒါကြောင့်ဒီမေးခွန်းဟာ မမေးအပ်တဲ့ မေးခွန်းပါ"

ဝေါလ်တာမစ်တီသည် သူ့လက်ကို မြှောက်ပြလိုက်သည်။ အငြင်းအခုံပြုနေကြသည့် ရှေ့နေများသည် ငြိမ်သွားကြသည်။ "ဘယ်လိုသေနတ်မျိုးနဲ့ပဲဖြစ်ဖြစ် ဂရိဂိုရီဗစ်ဓ်ဟပ်စ်ကို ကျွန်တော့်ရဲ့ ဘယ်ဘက်လက်နဲ့ ပေသုံးရာ

www.burmeseclassic.com

www.burmeseclassic.com



အထွာတနေပြီး အသေပစ်သတ်နိုင်တယ်''ဟု မစ်တီကပြောသည်။

တရားရုံးအတွင်းရှိ ပရိသတ်သည် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ဆူဆူညံညံဝေဖန်ပြောဆိုသံများလည်း သောသောညံလျက်ရှိ၏။ အမျိုးသမီးတစ်ယောက်၏ အော်ဟစ်သံသည် စူးစူးဝါးဝါး ထွက်ပေါ်လာသည်။ ရုတ်တရက် အမျိုးသမီးငယ်တစ်ယောက်သည် ဝေါလ်တာမစ်တီ၏ ရင်ခွင်ဆီသို့ ပြေးဝင်လာသည်။ အစိုးရရှေ့နေက အမျိုးသမီးအား တစ်ချက် လှမ်းရိုက်သည်။ မစ်တီသည် သူ့ကုလားထိုင်မှထကာ အစိုးရရှေ့နေအား လက်ထိပ်နှင့် ပိတ်ရိုက်သည်။ ''ခွေးသူတောင်းစား -- မင်းက''

□

''ဟာ .. ခုမှ သတိရတယ် ငါ့ကို ဝယ်ခိုင်းတာ 'ပါပီဘီစကွတ်' ပါလား''ဟု မစ်တီ၏နှုတ်မှ လွတ်ခနဲ ရေရွတ်လိုက်သည်။ သူသည် ဖျတ်ခနဲ ရပ်လိုက်သည်။ သူ့စိတ်အာရုံထဲ၌ ရောက်ရှိနေသော တရားရုံးမြင်ကွင်းသည် ကွယ်ပျောက်သွားသည်။ ဝါတာဘူရီမြို့လည် အဆောက်အဦများသည် သူ့အား ပြန်လည်ဝိုင်းရံနေကြသည်ကို သတိထားမိလာသည်။

သူ့အသံကို ကြားသဖြင့် သူ့အနားမှ ဖြတ်လျှောက်သွားသော အမျိုးသမီးတစ်ဦးက ရယ်သည်။ သူ့အဖော်ဘက်လှည့်၍ .. ''ဟီ .. ဟီ .. ယောကျ်ားတစ်ယောက်က ပါပီဘီစကွတ် ဝယ်မရလို့ဆိုပါလား''ဟု ပြောသည်။ ဝေါလ်တာမစ်တီသည်  ထိုအမျိုးသမီးများနှင့်ဝေးအောင် သုတ်ခြေတင်သည်။

သူသည် လမ်းထိပ်ရှိ ဆိုင်ငယ်လေးတစ်ဆိုင်တွင်းသို့ ဝင်သည်။ ''ကျွန်တော် ခွေးပေါက်စကလေးတွေကျွေးတဲ့ ဘီစကွတ် လိုချင်လို့ပါ''ဟု အရောင်းစာရေးအား ပြောသည်။ ''ဘယ်လိုတံဆိပ်နဲ့ဟာမျိုး လိုချင်တာပါလဲခင်ဗျာ''ဟု စာရေးက ပြန်မေးသည်။ ကမ္ဘာပေါ်တွင် ပစ္စတိုသေနတ်ပစ် လက်အတည့်ဆုံး သေနတ်သမားကြီးသည် တစ်ခဏမျှငိုင်၍ စဉ်းစားနေသည်။ ထို့နောက် .. ''မုန့်ဘူးပေါ်မှာ 'ဒီဟာအတွက် ခွေးပေါက်စလေးတွေ ဟောင်ကြသည်'လို့ ရေးထားတဲ့ဟာမျိုးကို လိုချင်ပါတယ်''ဟု ပြန်ဖြေသည်။

သူ့မိန်းမသည် အခုလောက်ဆိုလျှင် ဆံပင်အလှပြင်ပြီးလောက်ပြီ။ ဆံပင်တစ်ခါအလှပြင်လျှင် ဆယ့်ငါးမိနစ်မျှသာကြာ၏။ အကယ်၍ဆံပင်ကို ခြောက်သွေ့အောင် ပြန်လုပ်ရပါမူကား ထိုမျှမက ကြာတတ်၏။ မည်သို့ပင်ဖြစ်စေ သူ့မိန်းမ



သည် ဟိုတယ်သို့ သူ့အရင်ဆုံး ရောက်သွားရခြင်းကို လိုလားသူမဟုတ်ပေ။ မိမိက သူ့အရင် ဟိုတယ်သို့ ရောက်နှင့်ပြီး သူ့အား စောင့်မျှော်နေသည်ကို တွေ့လိုမြင်လိုသူဖြစ်သည် မဟုတ်ပါလား။

သူသည် ဟိုတယ်ဧည့်ဆောင်ထဲသို့ ဝင်ရောက်လာသည်။ ပြတင်းပေါက်ဘက် မျက်နှာပြုနေသည့် သားရေဆိုဖာကုလားထိုင်တွင် ဝင်ထိုင်သည်။ အပေါ်စီးရာဘာရှူးဖိနပ်နှင့် ပါပီဘီစကွတ်ဘူးတို့ကို ကုလားထိုင်ဘေး ကြမ်းပြင်ပေါ်၌ ချထားလိုက်သည်။ သူသည် ''လစ်ဘာတီမဂ္ဂဇင်း' ဟောင်း တစ်အုပ်ကို ဆွဲယူကာ အရုပ်များကိုကြည့်နေသည်။ ဂျာမနီနိုင်ငံသည် လေတပ်အင်အားဖြင့် ကမ္ဘာကြီးကို အနိုင်ယူ လွှမ်းမိုးနိုင်မည်လော ဟူသော ဆောင်းပါးသည် စစ်သတင်းဓာတ်ပုံများမှာ ဝေဝေဆာဆာရှိလှ၏။ မစ်တီသည် မှိုင်းကြဲနေသော လေယာဉ်ပျံများနှင့် ပျက်စီးနေသော လမ်းများကို စိတ်ဝင်တစား ကြည့်နေမိလေသည်။

□

''မြေပြင်က မရပ်မနား ပစ်နေတဲ့ အမြောက်သံတွေကြောင့် ရာလေးတစ်ယောက် နားတွေအူပြီး နေမကောင်း ဖြစ်နေပါပြီ ဗိုလ်ကြီး'' တပ်ကြပ်ကြီးက ပြောသည်။

ဗိုလ်ကြီး မစ်တီသည် ဖရိုဖရဲဖြစ်ကာ မျက်နှာပေါ်ဝဲကျနေသည့် ဆံပင်များကြားမှနေ၍ တပ်ကြပ်ကြီးအား လှမ်းကြည့်သည်။ ''သူ့ကို တခြားလူတွေနဲ့ အတူတူအိပ်ရာထဲ လှဲနေပစေပေါ့ကွာ''ဟု ပြန်ပြောသည်။ ''ငါတစ်ယောက်တည်းပဲ လေယာဉ်ကို တာဝန်ယူရုံပေါ့''

''ဒါပေမယ့် ဗိုလ်ကြီးတစ်ယောက်တည်းဆိုတော့ .. မဖြစ်နိုင်ပါဘူးခင်ဗျား'' ဟု တပ်ကြပ်ကြီးက စိုးရိမ်မကင်း ဖြစ်နေသံဖြင့် ပြောသည်။ မှုံးကြဲလေယာဉ်ဆိုတာက လူနှစ်ယောက်ပါမှ ဖြစ်တာ၊ ပြီးတော့ အောက်ကပစ်နေတဲ့ အမြောက်သံတွေကလည်း လေထဲမှာ ပေါက်ကွဲနေတာ ကြောက်ခမန်းလိလိ ဗိုလ်ကြီးရဲ့''

''ဒါကတော့ ဘယ်သူမဆို ရင်ဆိုင်ကြရမယ့်ကိစ္စပါ .. ကွာ''ဟု ဗိုလ်ကြီးမစ်တီက ပြန်ပြောသည်။ ''ငါကတော့ တစ်ယောက်တည်းပဲ သွားမှာ .. မင်းကော ဘရန်ဒီ မသောက်ဦးမလား''

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို မစ်တီသည် ဘရန်ဒီ ပုလင်းကိုယူ၍ တပ်ကြပ်ကြီးအတွက် တစ်ခွက်၊ သူ့အတွက်တစ်ခွက်ထည့်သည်။ ကတုတ်ကျင်း၏ ဘေးတစ်ဖက်တွင် အမြောက်သံများ ကျရောက်ပေါက်ကွဲလျက်ရှိ၏။ သစ်စသစ်နများနှင့် ကျည်ဆံအစအနများသည် အခန်းတွင်းသို့ ပြေးဝင်လာကြသည်။

"ငါတို့တတွေဟာ တစ်သက်မှာ တစ်ခါပဲ သေကြရတာပါကွာ"ဟု ဗိုလ်ကြီးမစ်တီက မလိုတမာအပြုံးဖြင့် ပြောသည်။ "ငါပြောတာ ဟုတ်တယ် မဟုတ်လား .. ဟင်"ဟုမေးသည်။ ထို့နောက် နောက်ထပ်ကျည်ဆံများသည် တိုး၍ တိုး၍ ကျလာလျက်ပင်ရှိ၏။ တစ်ချီတစ်ချီတွင် စစ်သေနတ်သံများကို ကြားရသည်။ ဗိုလ်ကြီးမစ်တီသည် ကတုတ်ကျင်းတံခါးဝသို့ လျှောက်သွားသည်။ တပ်ကြပ်ကြီးဘက်သို့လှည့်၍ လက်ပြကာ "ချဲရီယို" ဟု နှုတ်ဆက်သည်။ ထို့နောက် ...

❑

သူ့ပခုံးထက်သို့ ရိုက်ချက်တစ်ချက်ကျလာသည်။ "ကျွန်မရှင့်ကို လိုက်ရှာနေတာ ဟိုတယ်တစ်ခုလုံး နှံ့နေပြီ" ဟူသော အသံကိုလည်း ကြားလိုက်ရ၏။ အသံမှာ သူ့မိန်းမ၏အသံ။ "ရှင်က ချောင်ထဲက ဒီကုလားထိုင်အိုကြီးပေါ် လာထိုင်ပြီး ပုန်းနေတာ ဘယ်လိုသဘောလဲ။ ကျွန်မက ရှင့်ကို လိုက်ရှာနေရအောင် တမင် သက်သက်လုပ်တဲ့သဘောလား"

မစ်တီသည် ဘယ်လို အဖြေမျိုး ပေးရမှန်းမသိဖြစ်ကာ ကြောင်တီးကြောင်တောင် ဖြစ်လျက်ရှိသည်။ နှုတ်မှလည်း ... "အားလုံးပြီးဆုံးသွားပြီ"ဟု အမှတ်တမဲ့ ရေရွတ်သည်။

"ဘာ .. ဘာပြောတယ်"ဟု မစ္စက်မစ်တီက အော်သည်။ "ကျွန်မမှာ တာတွေမေ့ကုန်ပြန်ပြီပေါ့ .. ဟုတ်လား။ ပါဝါဘီစကွတ်ဘယ်မှာလဲ .. ဟိုဗူးထဲက ဘာတွေလဲ"

"ရာဘာရှူးဖိနပ်ပါ .. ကွာ"

"စတိုးဆိုင်ထဲမှာ ထိုင်ပြီး ဒီရှူးဖိနပ်ကို စီးလာလို့ရလျက်သားနဲ့ ဘာ့ကြောင့် စီးမလာတာလဲ"

"ဟို .. ဟို .. ငါတွေးနေမိလို့ပါ .. ကွာ"



"ကျွန်မလည်း ရှင့်လိုပဲ၊ တွေးတတ်တဲ့ လူတစ်ယောက်ဆိုတာ မသိဘူးလား" ဟုပြောကာ မစ္စက်မစ်တီက သူ့ယောက်ျားအား စိုက်ကြည့်နေသည်။ "ဒီအတိုင်းဆိုရင် မဖြစ်သေးဘူး၊ အိမ်ပြန်ရောက်တာနဲ့ တစ်ပြိုင်နက်ရှင့်ကို အဖျားတိုင်းကြည့်ဦးမှဖြစ်မယ်"

သူတို့သည် ဟိုတယ်ဆုံလည်တံခါးကြီးကို တွန်းဖွင့်ကာ အပြင်သို့ ထွက်လာခဲ့ကြသည်။ တံခါးကြီး၏ ကျီခနဲ မြည်သံသည် ရူးရူးရှရှ ထွက်ပေါ်လာသည်။ ကားရပ်ထားရာ ကွက်လပ်ဆီသို့ နှစ်လမ်းကျော်မျှ လျှောက်ခဲ့ကြရ၏။ လမ်းထောင့် ဆေးဆိုင်ရှေ့အရောက်တွင် မစ္စက်မစ်တီက လှည့်ကြည့်ပြီးပြောသည်။

"ဒီနေရာက စောင့်နေဦး ကျွန်မဝယ်စရာတစ်ခု မေ့လာလို့ ဒီဆိုင်ထဲ ဝင်လိုက်ဦးမယ်။ တစ်မိနစ်တောင်မကြာဘူး"

သို့သော်လည်း မစ်တီ၏ မိန်းမသည် တစ်မိနစ်ကျော်သွားသည်အထိ ပြန်ထွက်မလာ မစ်တီသည် စီးကရက်တစ်လိပ်ကို မီးညှိပြီးဖွာသည်။ ရွတ်တရက် မမျှော်လင့်ဘဲနှင့် မိုးရွာလာသည်။ ဆီးနှင်းများရောစွတ်နေသည့် မိုးဖြစ်၏။ သူသည် နံရံကို ကျောနှင့်တအားကပ်၍ရပ်ကာ ဆေးလိပ်ကို အဆက်မပြတ် ဖွာနေသည်။ ပခုံးနှစ်ဖက်ကိုပုကာ ခြေနှစ်ဖက်ကို တအားကုန်စု၍ ရပ်နေရခြင်းဖြစ်၏။

"ဘာ .. လက်ကိုင်ပဝါလဲ သောက်လက်ကိုင်ပဝါ .. သူ့ရဲ့ပြည်သွားတဲ့အခါကျမှ ယူသွားမယ့် လက်ကိုင်ပဝါ"ဟု ဝေါလ်တာမစ်တီသည် ဒေါသတကြီး ရေရွတ်သည်။ သူသည် စီးကရက်တိုကို တစ်ချက်မျှ အားရပါးရဖွာရှုလိုက်ပြီး လွှင့်ပစ်လိုက်သည်။

ရှုံ့မဲ့နေသော နှုတ်ခမ်းများပေါ်တွင် အပြုံးရိပ်သန်းလာသည်။ သူသည် သူ့အားပစ်သတ်မည့် သေနတ်ကိုင် တပ်စုတစ်စုနှင့် မျက်နှာချင်းဆိုင်၍ ရပ်နေသည်။ သူရပ်နေပုံမှာ မလှုပ်မယှက် တောင့်တောင့်မတ်မတ်ဖြစ်၏။ သူသည် ရင်ကိုကော့ထားသည်။ နောက်ဆုံးအချိန်ထိ သူသည် 'အနိုင်မခံ အရှုံးမပေးသော ဝေါလ်တာမစ်တီ' အဖြစ် ရပ်တည်သွားတော့မည်။

THE SECRET LIFE OF WALTER MITTY

JAMES THURBER

❑

www.burmeseclassic.com

www.burmeseclassic.com

# အရှုးဂင်ပယ်

## (၁)

ကျုပ်ဟာ အရူးဂင်ပယ်ပါ။ ကျုပ်အနေနဲ့ကတော့ ကျုပ်ကိုကျုပ် အရူးတစ်ယောက်လို့ မထင်ပါဘူး။ ကျုပ်ကိုကျုပ် လူကောင်းတစ်ယောက်လို့ပဲထင်ပါတယ်။ ဒါပေမယ့် ကျုပ်ကို ကျုပ်တို့အရပ်ထဲက လူတွေကတော့ အရူးဂင်ပယ်လို့ ခေါ်နေကြတာပဲ။ သူတို့က ဒီနာမည်ကို ကျုပ်ကျောင်းနေတုန်းကတည်းက ပေးထားခဲ့ကြတာပါ။ ကျုပ်မှာ စုစုပေါင်း နာမည်ခုနစ်မျိုးတောင်ရှိခဲ့ပါတယ်။ "ကြောင်တဲ့၊ ထူတဲ့၊ ထိုင်းတဲ့၊ ပေါက်တဲ့၊ ဂေါက်တဲ့၊ အူကြောင်ကြားတဲ့၊ အရူးတဲ့"။ အဲ .. နောက်ဆုံးမှာတော့ 'အရူး'ဆိုတဲ့နာမည်ဟာ ကျုပ်နာမည်အဖြစ် 'တွင်' ကျန်ခဲ့တယ်။

ကျုပ်ဟာ ဘယ်လိုနေရာမျိုးတွေမှာ ရူးတာ မိုက်တာလဲ၊ ဘယ်လိုနေရာမျိုးတွေမှာ ထူတာ၊ အဓာလဲ၊ ကျုပ်စဉ်းစားကြည့်တယ်။ အင်း .. ကျုပ်ဆိုတဲ့ကောင်ဟာ သူများလိမ်ပြောတာကို အလွန်ယုံလွယ်တဲ့ကောင်ပဲကိုး‌ဗျ .. သိလား။ သူတို့ ကပြောတယ်။ "ဟေ့ကောင် .. ဂင်ပယ် ရဟူဒီတရားဟောဆရာရဲ့မိန်းမလေး မွေးနေပြီကွ၊ အဲဒါ မင်းသိလား" တဲ့။

ဒါကြောင့် ကျုပ်ဟာ ချက်ခြင်းပဲ ကျောင်းက လစ်ပြေးလာခဲ့တယ်။ ဟိုရောက်တော့မှပဲ ကျုပ်ကို လိမ်လှတ်လိုက်မှန်း သိရတယ်။ ဒီကိစ္စမှာ ကျုပ်အနေနဲ့ သူတို့လိမ်မှန်း ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ .. ဗျာ။ တကယ်တော့ တရားဟော

www.burmeseclassic.com



ဆရာမိန်းမရဲ့ ဗိုက်က တစ်ခါမှ အကြီးကြီး ဖြစ်မလာသေးဘူး။ ကျုပ်ကလဲ သူ့ဗိုက်ကို လုံးဝ သတိထားပြီး ကြည့်မှ မကြည့်မိခဲ့ပဲကိုး။ အဲဒီတော့ ခံရတာပေါ့။

အဲသလိုဖြစ်ရတာဟာ ကျုပ်ရူးလို့ မိုက်လို့လား၊ ထူလို့ အလို့လား .. ကျုပ်စဉ်းစားပါတယ်။ သူတို့ကတော့ ကျုပ်အဖြစ်ကိုကြည့်ပြီး တဟီးဟီး တဟားဟားနဲ့ ပွဲကျနေကြတယ်။ အော်အော်ပြီး ရယ်တဲ့လူက ရယ်လို့၊ လက်ခုပ်လက်ဝါးတီးပြီး ခုန်ဟယ် ပေါက်ဟယ် လုပ်တဲ့လူက လုပ်လို့။

ပြီးတော့ နေမကောင်းဖြစ်နေတဲ့ မိန်းမကြီးတစ်ယောက်ဆီ ကျုပ်ကိုလွှတ်တယ်။ စပျစ်သီးခြောက်တွေ သွားပေးချေတဲ့။ တကယ်တမ်း သူတို့ ပေးလိုက်တာက စပျစ်သီးခြောက်တွေ မဟုတ်ဘူးဗျ။ ဆိတ်ချေးတုံး .. တွေ။

အမှန်အတိုင်း ပြောရရင်တော့ဗျာ။ ကျုပ်ဟာ လူပျော့ လူညံ့တစ်ယောက် မဟုတ်ပါဘူး။ အင်အားချည့်နဲ့ပြီး မစွမ်းမသန်ဖြစ်နေတဲ့သူလဲ မဟုတ်ပါဘူး။ တကယ်လို့ သူတို့လုပ်တာ မခံနိုင်လို့ ကျုပ်က ပြန်လုပ်တယ်ဆိုပါတော့ သူတို့က ကျုပ်ကို အုပ်စုနဲ့ဝိုင်းပြီး ရန်ပြုတတ်ကြတယ်။ ကြာလာတော့လည်း ကျုပ်က သူတို့ဘာပဲလုပ်လုပ် ငုံ့ခံတဲ့အကျင့်ရလာတယ်။ ဒါကိုပဲ သူတို့က အခွင့်ကောင်းယူပြီး ကျုပ်ကို အနိုင်ကျင့်ကြတယ်။

နောက်တစ်ခုလည်း ရှိသေးတယ် ကျုပ်ကျောင်းဆင်းလို့ ပြန်လာနေတုန်းမှာ ခွေးတစ်ကောင် ယောင်သံကြားရတယ်။ ကျုပ်က ခွေးတွေကို ကြောက်တတ်တဲ့ကောင်မဟုတ်ပါဘူး။ ဒါပေမယ့် အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် သူတို့နဲ့ သိပ်ပြီး ပလူးပလဲတော့ မနေချင်ဘူး။ တကယ်လို့ ရူးနေတဲ့ကောင်နဲ့တွေ့ရင် မခက်ပါလား။ သူက ကျုပ်ကိုကိုက်လိုက်ရင် ဒီကမ္ဘာမြေကြီးပေါ် ရှိနေသမျှ လူတွေထဲက ဘယ်အကောင်ကမှ ကျုပ်ကို လာကုပေးနိုင်မှာ မဟုတ်ဘူးဗျ။ အဲဒီတော့ ကျုပ်က ဝေးဝေးက ရှောင်ကွင်းသွားနိုင်ဖို့ ကြိုးစားရတာပေါ့။

ကျုပ်အဲသလို သွားနေတာမြင်တော့ ဈေးထဲမှာ ရှိနေတဲ့လူတွေက ဝိုင်းကြည့်ပြီး ရယ်နေကြတာ မြင်ရတယ်။ အမှန်တော့ အနီးအနားမှာ ခွေးဆိုလို့ တစ်ကောင်မှ မရှိဘူး။ အဲဒီနားမှာ သူခိုး ဝုဖ်လိဆိုတဲ့ကောင် တစ်ကောင်ပဲရှိတယ်။ ဒီအကောင်က ခွေးမတစ်ကောင်အူသလို အူတတ်တယ် .. ဗျ။ ဒါပေမယ့် အူတာဟာ ခွေးမဟုတ်ဘူး .. သူဆိုတာ ကျုပ်က ဘယ်လိုလုပ်ပြီး သိနိုင်မလဲဗျာ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါ။

သူတစ်ပါးကို ထိခိုက်အောင် စချင်၊ ပြောင်ချင်ကြတဲ့ လူတွေနဲ့ အရူးလုပ်



ချင်ကြတဲ့ လူတွေအဖို့တော့ ကျုပ်ဟာ အရူးလုပ်ဖို့ အင်မတန်လွယ်တယ်ဆိုတာ သိကြတယ်။ ဒါကြောင့်လည်း သူတို့လူစုက ကျုပ်ကို တစ်ခုမဟုတ်ရင် တစ်ခုနဲ့ အမြဲစလေ့ရှိတယ်။ "ဟေ့ကောင် .. ဂင်ပယ်၊ ဇာဘုရင်ကြီး ဖရစ်ဖူးလ်ကို ရောက်လာတယ်။ ဟေ့ .. ဂင်ပယ်ဟိုနေ့က လမင်းကြီး တာဘင်းမြို့ထဲ ကျလာသတဲ့။ ဟေ့ .. ဟိုဒယ်ဖာပိစ်ဆိုတဲ့ ကောင်ကလေးလေ ရေချိုးဆောင်နောက်က ရွှေတွေ တွေ့သွားသတဲ့ .. ကွ" စသည် စသည်ဖြင့် ပြောလေ့ရှိကြတယ်။

ကျုပ်ကလည်း အတော့်ကို ထိုင်းတဲ့ ထူတဲ့ကောင်ပါ .. ဗျာ။ သူတို့ပြောသမျှ ယုံမိတာချည်းပဲ။ ယုံမိတာကလည်း ဒီလို .. ဗျ။ ပထမတစ်ချက်က ကျုပ်အနေနဲ့ ရှေးပညာရှိကြီးတွေရဲ့ အဆိုအမိန့်များ စာအုပ်ထဲမှာ ရေးထားတဲ့အတိုင်း .. လောကမှာ အရာရာတိုင်းကို ဖြစ်နိုင်တယ်လို့ ထင်ထားမိတာကိုး .. ဗျ။ အဲ .. တစ်ခုတော့ရှိတယ်။ အဲဒီစာအုပ်ထဲမှာ ဘယ်လိုရေးထားသလဲဆိုတာတော့ ကျုပ်မမှတ်မိတော့ဘူး .. မေ့သွားပြီ။

သူများပြောသမျှကို ကျုပ်လက်ခံ ယုံကြည်နေရတဲ့ ဒုတိယအကြောင်းတတော့ တခြားမဟုတ်ဘူး။ တကယ်လို့ ကျုပ်က .. "အံမယ် .. ခင်ဗျားတို့ ပြောင်နေကြတာပါ"လို့ ပြန်ပြောလိုက်တယ်ဆိုပါတော့ သူတို့အားလုံးက ကျုပ်ကိုဝိုင်းပြီး ပြဿနာလုပ်ကြတာပဲ။ ချက်ခြင်းပဲ သူတို့က စိတ်တွေဘာတွေဆိုးပြီး ဒေါသတကြီးနဲ့ .. "ဘာလဲကွ .. မင်းစကားက ဘာစကားလဲ တခြားလူတွေကိုလူလိမ်လူညာတွေလို့ မင်းက ပြောချင်တာလား"လို့ ဝိုင်းပြောကြတယ်။ အဲဒီတော့ ကျုပ်ဘာလုပ်ရမလဲ သူတို့ပြောသမျှ ခေါင်းညိတ်ရတာပေါ့ အဲသလို သူတို့ပြောသမျှကို ယုံတယ်ဆိုတော့လည်း သူတို့အတွက် ကောင်းတာပေါ့လေ .. ဗျာ။

ကျုပ်ဟာ မိဘမဲ့တစ်ယောက်ပါ။ ကျုပ်ကို မွေးကျွေးလာတဲ့ ကျုပ်အဖိုးက သချိုင်းကုန်းကို မျက်စောင်းထိုးနေပြီ။ အဲဒီတော့ အရပ်ထဲက လူတွေက ကျုပ်ကို မုန့်ဖုတ်သမားတစ်ယောက်ဆီအပ်ပေးကြတယ်။ အဲဒီရောက်သွားတော့လည်း ကျုပ်အဖို့ကတော့ မလွယ်ကြောပါပဲ။ မုန့်ဖိုမှာ အလုပ်လုပ်နေကြတဲ့ မိန်းမတွေနဲ့ တောင်မလေးတွေက ကျုပ်ကိုဝိုင်းပြီး စ,နေ ပြောင်နေကြတာပါပဲ။

"ဟဲ့ .. ဂင်ပယ် ကောင်းကင်ဘုံမှာ နတ်သမီးလေးတစ်ပါးရှိတယ် .. တဲ့"လို့ တစ်ယောက်ကပြောတယ်။ နောက်တစ်ယောက်ကတော့ .. ဟေ့ .. ခင်ပယ် ရဟူဒီတရားဟောဆရာကြီးလေ ခုနှစ်လနဲ့ နွားပေါက်စလေးတစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



မွေးသတဲ့ .. တော့''လို့ပြောတယ်။ နောက်တစ်ဦးကတော့ .. ''ဒီမယ် .. ဟဲ့ ဂင်ဝယ် နွားမကြီးတစ်ကောင် အိမ်ခေါင်မိုးပေါ် ပျံတက်သွားပြီး ဥတွေ ဥလို့တဲ့'' လို့ပြောတယ်။

တစ်နေ့မှာ မမွဆရာသင်တန်းကျောင်းက ကျောင်းသားတစ်ယောက် ပေါင်မုန့်လာဝယ်တယ်။ သူက ကျုပ်ကိုပြောတယ်။ ''ဟေ့ကောင် ဂင်ပယ် မင်းအဲဒီနေရာမှာရပ်ပြီး ဝေါ်ပြားနဲ့ ဂျုံတွေကို ခြစ်နေတုန်းမှာ ကယ်တင်ရှင် မက်ဆီယာ ဖွားလာတယ်၊ လူသေတွေ ပြန်ထလာကုန်ကြပြီ''တဲ့။

''ခင်ဗျားပြောတဲ့ စကားက ဘာအဓိပ္ပာယ်လဲဗျ''လို့ ကျုပ်က ပြန်မေးတယ်။ ''ကယ်တင်ရှင်လာရင် သိုးထီးကြီး ချိုမှုတ်သံ ကြားရမှာပေါ့၊ အခုဆို ကျုပ်ဖြင့် ဘာသံမှ မကြားဘူး''

အဲဒီတော့ သူက ပြန်ပြောတယ်။ ''မင်းနားတွေ ပင်းနေသလားကွ'' တဲ့။ အဲဒီစကားကြားတော့ ဘေးနားက လူတွေက ''တို့ကြားတယ်ဟေ့ .. တို့ကြားတယ်ကွ''လို့ ဝိုင်းအော်ကြတယ်။ အဲဒီတုန်းမှာ ရီယက်ဇီဆိုတဲ့လူ ဝင်လာပြီး .. ''ဟေး .. ဂင်ပယ် မင့်အဖေနဲ့အမေ မြေကြီးထဲက ထွက်လာပြီး မတ်တတ်ကြီးတွေ ရပ်နေကြပြီ၊ အခု မင့်ကို လိုက်ရှာနေကြတယ်''လို့ လှမ်းအော်တယ်။

အမှန်အတိုင်းပြောရရင်တော့ သူတို့ပြောသလိုမျိုး မဖြစ်နိုင်ဘူးလို့ ကျုပ်ကောင်းကောင်းကြီး သိနေပေမယ့် သူတို့အားလုံးက ဝိုင်းပြောနေကြတာဆိုတော့လည်း ကျုပ်သည်အတိုင်း မနေနိုင်ဘူး။ ကျုပ်ရဲ့ သိုးမွေး အပေါ်ဝတ်အင်္ကျီကို ကောက်ဝတ်ပြီး ဟုတ်မဟုတ် သိရအောင် အပြင်ဘက် ထွက်ကြည့်တယ်။ အဲသလိုထွက်ကြည့်လို့ ကျုပ်မှာ ဘာများအရှုံးရှိမှာမို့လဲ .. ဗျာ။ ကျုပ်ထင်ထားတဲ့အတိုင်းပါပဲ။ အပြင်ရောက်တော့ သူတို့ပြောတာတွေ တစ်ခုမှမရှိဘူး။ အဲဒီအခါကျတော့ ကျုပ်စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်။ နောက်ကို သူတို့ဘာပြောပြောငါမယုံတော့ဘူးလို့ ကျိန်လိုက်မိတယ်။ ဒါပေမယ့် နောက်ပိုင်းကျတော့လည်း ကျုပ်ဟာကျိန်ထားတဲ့အတိုင်း မလုပ်နိုင်ပါဘူး။ သူတို့ပြောတာတွေက ရှုပ်ထွေးလွန်းတော့ ကျုပ်အဖို့ ကြာလေလေ ခေါင်းနောက်လေပဲ။ နောက်ဆုံးမှာ ဘယ်ကိစ္စမှာမဆိုဝင်မှန်း ခေါင်းမှန်း မသိတဲ့အဖြစ်ကိုချည်း ရောက်ရောက်သွားနေတာပဲ။

ဒီအဖြစ်တွေနဲ့ ပတ်သက်လို့ တစ်ရက်မှာ ကျုပ်ဟာ တရားဟောဆရာဆီသွားပြီး အကြံတောင်းမိတယ်။ သူက .. ''တစ်နာရီလောက် လူယုတ်မာဖြစ်ရတာထက် တစ်နေ့လုံး အရူးတစ်ယောက်ဖြစ်နေရတာက အဆပေါင်းများစွာ ပိုကောင်းတယ်လို့ တရားတော်မှာ ရေးထားတယ် .. ဂင်ပယ်ရဲ့''လို့ ရှင်းပြတယ်။ ''မင်းဟာ အရူးတစ်ယောက် မဟုတ်ပါဘူးကွာ၊ သူတို့ကသာ အရူးတွေပါ''တဲ့။ ''ကိုယ့်မိတ်ဆွေတစ်ယောက်ကို အရှက်ရအောင် ပြုလုပ်သူဟာ သူကိုယ်တိုင် သုခဘုံကို လက်လွှတ်မှာပဲလို့ တရားတော်က ဆိုထားတယ်''တဲ့။



ဒါပေမယ့်လို့ .. ဗျာ။ တရားဟောဆရာရဲ့ သမီးက ကျုပ်ကို ကောင်းကောင်းအသုံးချသွားတာ ခံရပြန်တယ်။ ကျုပ် .. တရားဟောဆရာရဲ့ တရားရုံးထဲက ပြန်ထွက်အလာမှာ သူ့သမီးက .. ''နင်အခုထက်ထိ နံရံကို မနမ်းရသေးဘူးလား''လို့ မေးပါတယ်။ ''ဘာပြုလို့နမ်းရမှာလဲ''လို့ ကျုပ်က ပြန်မေးတော့ ''ဟဲ့ .. အဲဒါဟာ ဥပဒေစည်းကမ်းပဲ၊ တရားရုံးကို တစ်ခေါက်ရောက်ပြီးရင် နံရံကို တစ်ခါနမ်းပြီးမှ ပြန်ရတယ်''လို့ ပြောပါတယ်။

ကျုပ်စဉ်းစားကြည့်ပါတယ် သူပြောသလို နံရံကို နမ်းလိုက်ရလို့ ကျုပ်မှာ ဘာအန္တရာယ် ဖြစ်နိုင်သလဲ .. ဘာမှ မဖြစ်နိုင်ပါဘူး။ အဲဒီတော့ ကျုပ်က နမ်းလိုက်တယ်။ တရားဟောဆရာရဲ့ သမီးက ကျုပ်လုပ်နေတာကိုကြည့်ပြီး ခွက်ထိုးခွက်လန်ရယ်တယ်။ တကယ်တော့ လိမ္မာပါးနပ်စွာနဲ့ ကျုပ်ကို အရူးလုပ်လိုက်တဲ့ လှည့်ကွက်ကလေးပေါ့လေ။ ကျုပ်ကတော့ ရပါတယ်။ သူက ကျုပ်ကို ဒီတစ်ချီ အသာစီးရတာပေါ့လေ။

ကျုပ်ကတော့ ဒီမြို့ကနေပြီး တခြားမြို့တစ်မြို့ကို ပြောင်းသွားချင်ပါတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ လူတိုင်းက ကျုပ်ကို မိန်းမတစ်ယောက်နဲ့ယူဖို့ အောင်သွယ်နေကြပါပြီ။ သူတို့ဟာကျုပ်နောက်က တကောက်ကောက်လိုက်ပြီး အတင်းနားချနေကြပါတယ်။ ကျုပ်ရဲ့ ကုတ်အင်္ကျီစကို အတင်းဆွဲပြီး မမောတမ်း လိုက်နေကြတာမို့ ကျုပ်အင်္ကျီ စုတ်မှာတောင် စိုးရိမ်နေရပါတယ်။ သူတို့က ကျုပ်ကို လက်မခံမချင်း အတင်းနားချနေကြတာပါ။

မိန်းမက မိန်းမကောင်းတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူတို့ကတော့ အင်မတန်မှ နုထွတ်ဖြူစင်တဲ့ အပျိုစင်လေး တစ်ယောက်ပါလို့ ကျုပ်ကို ပြောကြပါတယ်။ မိန်းမက တင်းတင်းမာမာ တောင့်တောင့်ရောင့်ရောင့် မဟုတ်တော့ပါဘူး။ ခန္ဓာကိုယ်တစ်ခုလုံးဟာ ပျော့ပြဲပြီး အိတွဲတွဲဖြစ်နေပါပြီ။ သူတို့ကတော့ မိန်းမတစ်ယောက်အနေနဲ့ ကြာများလွန်းလို့ အဲသလို ပျော့တွဲတွဲဖြစ်နေရတာပါလို့ ပြောကြပါတယ်။

ဒီမိန်းမမှာ လင်ကောင်မပေါ်ဘဲ မွေးထားတဲ့ ကလေးတစ်ယောက်လည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိနေပါသေးတယ်။ သူတို့ကတော့ အဲဒီကောင်လေးဟာ သူ့မောင်လေးပါလို့ ပြောကြပါတယ်။ "ခင်ဗျားတို့ ကျုပ်ဆီလာပြီး အချိန်ဖြုန်းမနေကြနဲ့ဗျာ၊ ကျုပ် အဲဒီ ပြည့်တန်ဆာမကို လုံးဝ လက်မထပ်ဘူး"လို့ ကျုပ်က ပြောတော့ သူတို့က .. "ဟကောင် .. မင်းဘယ်လိုပြောလိုက်တာလဲ၊ မိုက်ရိုင်းလှချေလား၊ မင်းကိုမင်း မရှက်ဘူးလား။ မင်းဒီစကားမျိုး ပြောတဲ့အတွက် ငါတို့က မင့်ကို စမ္ဘဆရာရဲ့ တရားရုံးကို တင်ပို့နိုင်တယ်။ ဒီမိန်းမကို ပြည့်တန်ဆာလို့ခေါ်တဲ့အတွက် ရုံးက ဒဏ်ငွေ ချမှတ်နိုင်တယ် .. ကွ"လို့ ပြန်ပြောကြတယ်။

အဲဒီအခါမှာတော့ ကျုပ်ဟာ သူတို့လက်ထဲက လွတ်မှာမဟုတ်တော့ဘူးလို့ မြင်လာတယ်။ အဲဒီတော့ ကိုယ့်အတွက်ကိုယ် မစဉ်းစားလို့ မဖြစ်တော့ဘူး စဉ်းစားလာရတယ်။ ကျုပ်စဉ်းစားတာက ဒီလိုဗျ .. "ဒီလူတွေဟာ ငါ့ကို လက်ထိုင်တုတ်လုပ်ဖို့ ကြိုးစားနေကြတာပဲ။ ဒါပေမယ့် ငါ ဟိုမိန်းမကို လက်ထပ်လိုက်ရင် ငါဟာ သူ့လင်ဖြစ်လာမယ်။ လင်ဆိုတာ မယားရဲ့ အရှင်သခင်ပဲ။ ဒါဆိုရင် ငါ့ဘက်က ဘာပူစရာ ရှိသလဲ၊ အဲဒီတော့ သူနဲ့ငါ အဆင်မပြေစရာ ရှိမှာမဟုတ်တော့ဘူးပေါ့၊ ပြီးတော့လည်း လူတစ်ယောက်ဟာ ခလုတ်မရှိ ဆူးမငြိတဲ့ ဘဝတို့ မဖြတ်သန်းဘဲ နေလို့ရမတဲ့လား၊ ဒါက မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုပဲ"

ကျုပ်ဟာ သဲမြေပေါ်မှာ ဆောက်ထားတဲ့ သူ့ရဲ့ ရွှံ့အိမ်ကို သွားတယ်။ ကျုပ်ကို အတင်းနားချနေတဲ့ လူစုကလည်း ကျုပ်နောက်က ပေါးလား ဝါးလား လုပ်ပြီး လိုက်လာကြတယ်။ ကျုပ်တို့ သူ့အိမ်ရောက်သွားတော့ အားလုံးတန့်သွားကြတယ်။ သူတို့က အယ်လ်ခါနဲ့ စကားပြောရမှာ လန့်နေကြတယ်။ အယ်လ်ခါဆိုတဲ့ မိန်းမက ပါးစပ်ကပြုပြုနဲ့ လျှာကြမ်းအာကြမ်း မိန်းမတစ်ယောက် မဟုတ်လား။

ကျုပ်က သူ့အိမ်ထဲ ဝင်သွားတယ်။ နံရံတစ်ခုနဲ့တစ်ခုကြားမှာ တန်းပြီး ချီထားတဲ့ ကြိုးတန်းတွေပေါ်မှာတော့ အဝတ်တွေလှမ်းထားလိုက်တာ မနည်းပါလား။ သူကတော့ စည်ပိုင်းတစ်လုံးနားမှာရပ်ပြီး အဝတ်တွေလျှော်နေတုန်းပဲ။ သူ့ဆံပင်ကိုတော့ ကျစ်ဆံမြီးထိုးပြီး ခေါင်းနောက်မှာ ထုံးထားတယ်။ သူ့ကိုမြင်လိုက်ရတော့ ကျုပ်မှာ အသက်ရှူတောင် မှားသွားတယ်ဗျ။

ကျုပ်ဘယ်သူဘယ်ဝါဆိုတာ သူသိတာကတော့ ထင်ရှားနေတယ်။ သူက ကျုပ်ကို တစ်ချက်လှမ်းကြည့်ပြီး .. "ဘယ်သူပါလိမ့် .. ထိုင်လေ"တဲ့။

ကျုပ်ကလည်း ဘာတစ်ခုမှ ဖုံးကွယ်မထားတော့ဘူး။ လိမ်ညာပြီး



ပြောတာတွေလည်း မလုပ်တော့ဘူး။ သိထားသမျှတွေကို အကုန်ရင်ဖွင့်လိုက်တယ်။ ပြီးတော့ .. "နင်ငါ့ကို အမှန်အတိုင်းပြောပြပါ၊ သူတို့က ပြောကြတယ် နင်ဟာ အပျိုစစ်စစ်တဲ့ အဲဒါ တကယ်ပဲလားဟင် ပြီးတော့ ဟို ယီချီယမ်ဆိုတဲ့ ကောင်လေးဟာ နင့်ရဲ့ မောင်လေးတော်တယ် .. တဲ့။ အဲဒါကော တကယ်ပဲလား .. ဟင်။ ငါ့ကိုတော့ လိမ်မပြောပါနဲ့ .. ဟယ်။ ငါဟာ မိဘမဲ့တစ်ယောက်ပါ"

"ငါကိုယ်တိုင်လည်း မိဘမဲ့တစ်ယောက်ပါ .. ဟဲ့"လို့ သူက ပြန်ပြောတယ်။ "နင့်ကို လိမ်တဲ့ညာတဲ့ကောင်တွေ၊ ကောင်မတွေရဲ့ နှာခေါင်းထိပ်တွေဟာ လိမ်ကောက်ကုန်မှာပဲ။ ဒါပေမယ့် နင့်အကောင်တွေကိုပြောလိုက် ငါ့တို့ အချောင်နိုက်လို့များ ရလိမ့်မယ်လို့တော့ လုံးဝမထင်ကြနဲ့" လို့။

"ငါကတော့ ငါ့အတွက် ခန်းဝင်ပစ္စည်းအဖြစ် ငွေဂစ်လ်ဒါငါးဆယ် လိုချင်တယ်။ နင့်အကောင်တွေကိုပြော၊ အဲဒီငွေကို လိုက်ကောက်ရင်ရတယ်။ ငွေငါးဆယ် မရလို့ကတော့ ဒီကောင်တွေ ငါ့ရဲ့ ဖင်နဲ့ကိုပဲ ရှူရမယ်လို့ပြောလိုက်" တဲ့။

ဒီကောင်မက စကားပြောရင် ပြောင်ပြောင်လည်းပြောတတ်တယ်။ ဖော်ယုတ်မာမာ၊ စုတ်စုတ်ပွဲပွဲလည်း ပြောတတ်တယ် .. ဗျ။ သူ့စကားကြားတော့ ကျုပ်က .. "နင်ပြောတာ မဟုတ်ဘူး၊ ခန်းဝင်ပစ္စည်းတင်ရမှာက သတို့သမီးဘဲ သတို့သားဘက်က တင်စရာမလိုဘူး"လို့ ပြန်ပြောတယ်။ အဲဒီတော့ သူက ကြောကြောလေသံနဲ့ ပြန်ပြောတယ်။ "ငါ့ဆီလာပြီး အချောင်ရအောင် ဈေးဆစ်မနေနဲ့၊ ပေးမယ် မပေးဘူးဆိုတာ တစ်ခွန်းပဲပြော၊ ကဲ .. သွားတော့ နင့်ကို လွှတ်လိုက်တဲ့ကောင်တွေဆီကို ပြန်သွားတော့" တဲ့။

ကျုပ်အနေနဲ့ .. 'အင်း .. ဒီဂျုံတုံးကို ဖုတ်လို့ကတော့ ပေါင်မုန့်တစ်လုံးမှ ရမှာမဟုတ်ဘူး'လို့ တွေးမိတယ်။ တစ်ကယ်တော့လည်း ကျုပ်တို့မြို့ဟာ ဆင်းရဲတဲ့ မြို့တစ်မြို့ မဟုတ်ပါဘူးဗျ။ ကျုပ်က အယ်လ်ခါပြောတဲ့အတိုင်းပြန်ပြောတော့ အားလုံးက သဘောတူကြပါတယ်။ ကျုပ်နဲ့ အယ်လ်ခါတို့ကို လက်ထပ်ပွဲ လုပ်ပေးဖို့ ချက်ခြင်းစီစဉ်ကြတယ်။

အဲဒီအချိန်က ဝမ်းကိုက်ရောဂါကလည်း မြို့ထဲမှာ ဖြစ်နေတယ်။ ကျုပ်တို့ရဲ့ မင်္ဂလာပွဲကို သင်္ချိုင်းကုန်းဂိတ်တံခါးနားက လူသေအလောင်းရေချိုးပေးတဲ့အနားမှာ လုပ်ကြရတယ်။ ပရိသတ်ကတော့ အားလုံးလိုလို မူးနေကြတယ်။ လက်ထပ်စာချုပ်ကိုလည်းရေးပြီးရော တရားဟောဆရာကို ဈေးကြီးဟာစ်ထျူးယ်

www.burmeseclassic.com



ဓလေ့လိုက်တဲ့အသံကို ကျုပ်ကြားလိုက်ရတယ်။

"သတို့သမီးဟာ မုဆိုးမလား၊ တစ်ခုလပ်လား"

အယ်လ်ခါရဲ့ကိုယ်စား တရားဟော ဆရာရဲ့တပည့်က ဖြေတယ်။ "သတို့သမီးဟာ မုဆိုးမလည်းဖြစ်ပါတယ်၊ တစ်ခုလပ်လည်းဖြစ်ပါတယ်"တဲ့။ ကျုပ်အဖို့တော့ မှောင်ကြီးမဲထဲ ရောက်သွားသလို ခံစားလိုက်ရပါတယ်။ ကျုပ် ဘာလုပ်ရပါ့မလဲ လက်ထပ်ပွဲ အခမ်းအနားပွဲနဲ့ လွှတ်ရာ၊ ကျွတ်ရာကို ထွက်ပြေးရရင် ကောင်းမလား။

သီချင်းဆိုသံတွေ ကြားနေရတယ်။ ကခုန်နေတာတွေကိုလည်း မြင်နေရတယ်။ ကျုပ်ရှေ့တည့်တည့်မှာ အဖွားကြီးတစ်ယောက်ဟာ ပေါင်မုန့်ကြီးတစ်လုံး ကိုင်ပြီး ကနေတယ်။ အခမ်းအနားမှူးကတော့ သတို့သမီးရဲ့ မိဘတွေအတွက် ဆုတောင်းစာ ရွတ်ဖတ်နေတယ်။ ကျောင်းသားကလေးတွေကတော့ ဥပုသ်နေ့ ကျောင်းပိတ်ရက်တစ်ရက်မှာ အပျော်ကြူးသလို ပျော်မြူးနေကြတယ်။

ဆုတောင်းပွဲလည်းပြီးရော မင်္ဂလာလက်ဖွဲ့ပစ္စည်းတွေ ရောက်လာတယ်။ ရုန့်နှယ်ခွက်က တစ်ခွက်၊ မုန့်ကြိတ်တဲ့ ဒလိမ့်တုံးကတစ်တုံး၊ ရေပုံးက တစ်ပုံး၊ ပြီးတော့ တံမြက်စည်းတွေနဲ့ ဇွန်းတွေလည်းပါတယ်။ နောက်ပြီးတော့ မီးဖိုချောင်သုံး ပစ္စည်းအတိုအထွာတွေကလည်း အများကြီးပဲ။ အဲဒီအကြားမှာ လူငယ်နှစ်ယောက်က ကလေးပုခက်တစ်လုံး သယ်လာကြတာကို မြင်ရတယ်။

"ဒီပုခက်က ဘာလုပ်ဖို့လဲ၊ ငါတို့အတွက် အသုံးမလိုပါဘူး"လို့ ကျုပ်ကပြောတော့ .. "မူမနေစမ်းပါနဲ့ ဒီပစ္စည်းလဲ လိုတာပဲ၊ မကြာခင် သုံးရမယ့် ပစ္စည်းပါ"လို့ သူတို့က ပြန်ပြောတယ်။

ကျုပ်တော့ အလိမ်ခံနေရပြီဆိုတာ သိလိုက်ပါတယ်။ ဒါပေမယ့် ဘယ်လို လုပ်မလဲ အခုမှတော့ ကျုပ်ဘာပြုလို့ အရှုံးခံတော့မှာလဲ။ ကျုပ်အနေနဲ့ ဘယ်လို သတ်ဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရုံကလွဲလို့ ဘာမှလုပ်လို့ မရနိုင်တော့ဘူး မဟုတ်လား။ ဘာပဲဖြစ်ဖြစ်ပေ့ါ .. လေ။ တစ်မြို့လုံးကတော့ ရူးမသွားနိုင်ဘူး ထင်ပါတယ်..။

□



(၂)

ညကျတော့ ကျုပ်က ကျုပ်မိန်းမရဲ့ဘေးမှာ ဝင်အိပ်မလို့ လုပ်ပါတယ်။ ဒါပေမယ့် သူက အအိပ်မခံဘူး .. ဗျ သိလား .. "ဘယ်လိုလဲဟ၊ ဒီအတိုင်းဆို ရင် သူတို့က နင်နဲ့ငါ့ကို လက်ထပ်ပေးခဲ့တာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ"လို့ ကျုပ်ကပြောတော့ သူက .."ငါ့မှာ .. ဟိုဟာလာနေတယ် .. တဲ့"လို့ ပြန် ပြောတယ်။

"နင့်ဟာက မဟုတ်သေးပါဘူး၊ မနေ့က နင့်ကို ထုံးစံအတိုင်း မင်္ဂလာ ပွဲမတိုင်ခင် ရေချိုးပွဲလုပ်ခဲ့တယ်မဟုတ်လား၊ အဲဒီပွဲမျိုးက မွေ့တာလာပြီးစအချိန် မျိုးမှာ လုပ်ကြတာပဲ။ အခုတော့ နင့်ဟာ ချက်ခြင်းကြီး ပြန်ဖြစ်တယ်ဆိုတော့"

"မဆိုင်ဘူးလေ ဒီနေ့ဟာ ဒီနေ့ပဲ၊ မနေ့က .. မနေ့ကပဲ၊ ငါပြောတာ မယုံရင်လည်း နင့်သဘောပဲ၊ နင်ကြိုက်သလိုလုပ် ငါကတော့ အတူတူမအိပ်နိုင် ဘူး"လို့ သူက ပြန်ပြောတယ်။ အဲဒီတော့ ကျုပ် ဘယ်လိုလုပ်မလဲ၊ သူ့တို့ ပြီးအောင် စောင့်ရုံပဲရှိတော့တာပေါ့။

နောက် .. လေးလတောင်မကြာဘူး ကျုပ်မိန်းမ ကလေးမွေးတယ်။ မြို့ ပေါ်ကလူတွေက ကျုပ်ကို မြင်လိုက်ရင် ပြုံးစေ့စေ့နဲ့။ တချို့က သူတို့ပါးစပ်တွေ ကို လက်ဝါးတွေနဲ့ မသိမသာအုပ်ပြီး ရယ်သွားကြတယ်။ ဒါပေမယ့် ခက်တယ်။ ကျုပ်ဘယ်လိုလုပ်မလဲ .. အယ်လ်ခါဗိုက်နာတာက တော်တော့်ကို ပြင်းထန်တာ ပဲ။ မခံမရပ်နိုင်အောင်ကို နာတယ်ထင်ပါရဲ့ .. ပါးစပ်ကလည်း အော်သေးတယ်။ နံရံတွေကိုလည်း သူ့လက်တွေနဲ့ ကုတ်လိုက်ဖွဲ့လိုက်တာ အရမ်းပဲ။

"အမယ်လေး .. နာလိုက်တာ၊ ကျွတ် .. ကျွတ် .. ကျွတ် .. ဂင်ပယ် ရယ်၊ ငါသေတော့မယ် .. ငါ့တို့ခွင့်လွှတ်ပါ .. နော်" တဲ့ သူ့ပါးစပ်က ပေါက် တတ်ကရ စကားတွေလည်း မနားတမ်း ပြောနေတယ်။ အိမ်ထဲမှာလည်း မိန်းမ တွေနဲ့ အပြည့်ပဲ။ ရေနွေးတည်ကြ၊ ဘာလုပ်ကြနဲ့ ရှုပ်ယှက်ခတ်နေတာပဲ။ အယ်လ်ခါရဲ့ အော်သံတွေကတော့ မိုးပေါ်အထိ တက်သွားနေသလားလို့ အောက် မေ့ရတယ်။

ကျုပ်အနေနဲ့ ဘာလုပ်ပေးရရင် ကောင်းမလဲ။ ဘုရားကျောင်းသွားပြီး ကျုပ်တတ်သရွေ့ မှတ်သရွေ့ တရားစာတွေ ရွတ်တယ်။ အယ်လ်ခါအတွက် ဆုတောင်းတယ်၊ ကျုပ်လုပ်တာကတော့ အဲဒါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲ မြို့ပေါ်က လူတွေအနေနဲ့ကတော့ ကျုပ်လုပ်တာကို သဘောကျပုံပေါ်တယ်။ ဘုရားကျောင်းထဲက ဒေါင့်တစ်ဒေါင့်မှာ ရပ်ပြီး ဆုတောင်းနေတဲ့ ကျုပ်ကို မြင်တော့ ခေါင်းတခါခါလုပ်ပြီး ကြည့်နေကြတယ်။ "အေး .. အေး .. တောင်း .. တောင်း ဆုသာ နှာနှာတောင်း ကောင်းတယ်"လို့ သူတို့က ကျုပ်ကို ပြောတယ်။ "ဆုတောင်းသူက ဘယ်မိန်းမကိုမှ မိုက်ကြီးအောင် မလုပ်ခဲ့ပါလား"လို့လည်း ပြောသဗျ။

သူတို့ထဲက တစ်ယောက်က ကျုပ်အနားရောက်လာတယ်။ သူယူလာတဲ့ တောက်ရိုးတွေကို ကျုပ်ပါးစပ်ထဲ ထိုးထည့်ပြီး ပြောတယ်။ "နွားတွေအတွက် တောက်ရိုးကွယ့် မင်းဝါးစားလိုက်"တဲ့၊ သူ့စကားနဲ့ သူ့လုပ်ပုံက အဓိပ္ပာယ်တော့ ရှိသလိုလိုပါပဲလား ..ဗျာ။

အယ်လ်ခါဟာ သားကလေးတစ်ယောက်မွေးတယ်ဗျ သိလား။ သောကြာနေ့ ဘုရားကျောင်း ဓမ္မအစည်းအဝေးကျတော့ ကျောင်းဆောင်က သစ်သားတူနဲ့ စားပွဲကိုထုလိုက်ပြီး ကြေညာတယ်။ "ချမ်းသာကြွယ်ဝတဲ့သူ ဂင်ပယ်က အခု တရားပွဲကြွရောက်လာကြတဲ့ ပရိတ်သတ်တွေကို သားကလေးတစ်ယောက် မွေးဖွားတဲ့အတွက် အကျွေးအမွေးနဲ့ ဧည့်ခံပါလိမ့်မယ် ခင်ဗျာ"တဲ့။

တရားနာ ပရိတ်သတ်တွေက ဝိုင်းပြီးရယ်ကြတယ်ခင်ဗျ။ ကျုပ်မျက်နှာဟာ မီးဟပ်ခံနေရသလိုပါပဲလား .. ဗျာ။ ဒါပေမယ့် ကျုပ်ဘယ်လိုလုပ်ရမလဲ။ အားလုံးချုံကြည့်လိုက်ရင် မွေးလာတဲ့ ကလေးအတွက် ရိုးရာဓလေ့ထုံးစံအတိုင်း လုပ်ပေးရမယ့်တာဝန်က ကျုပ်တာဝန်ပဲ ဖြစ်နေတယ် မဟုတ်လား။

မြို့ထဲက လူတစ်ဝက်လောက်လာကြတယ်။ မိန်းမတွေကလည်း လက်ဆောင်တွေ ယူလာကြတယ်။ ဘီယာ စည်တစ်စည်လည်း ပါလာတယ်။ ကျုပ်လည်း စားစရာရှိတာတွေကို တခြားသူတွေလို တစ်ဝတစ်ပြဲစားပြီး ဘီယာကိုလည်း အများကြီး သောက်ပစ်လိုက်တယ်။ သူတို့က ကျုပ်ကို သားကလေးတစ်ယောက်ရလို့ ဝမ်းသာတဲ့အကြောင်းပြောပြီး ချီးကျူးကြ၊ ဂုဏ်ပြုကြတယ်။

အဲဒီနောက်တော့ ကျုပ်က ထုံးစံအတိုင်း ကလေးကို နာမည်ပေးရသဗျ။ မီရီးဖလာ ထုံးစံအတိုင်းပဲ ကျုပ်က ကလေးကို ကျုပ်အဖေရဲ့နာမည်ပေးရတာပေါ့ဗျာ။ အင်း ကျုပ်အဖေခမျာ သေသွားတာတောင် ကောင်းကောင်းမှ နေရပ့ါမလား မပြောတတ်ပါဘူး။ အဖေ ရောက်ရာဘဝမှာ စိတ်အေးနှာအေး ရှိပါစေဗျာ။

ဧည့်သည်တွေ ပြန်သွားတဲ့အခါမှာတော့ အိမ်ထဲမှာ ကျုပ်နဲ့ ကျုပ်မယား



ဝဲ ကျန်ရစ်ခဲ့ကြတယ်။ ကျုပ်မိန်းမက သူ့အိပ်ရာကို ကာထားတဲ့ လိုက်ကာကို ဖယ်ပြီး အပြင်ကို ခေါင်းပြူကြည့်တယ်။

"ဂင်ပယ် .. နင်က ဘာဖြစ်လို့ ငြိမ်နေရတာလဲ"လို့ သူက လှမ်းမေးတယ်။

"ငါဘာပြောရမလဲ .. "လို့ ကျုပ်က ပြန်ပြောတယ်။ "နင် .. ငါ့ကို လုပ်လိုက်ပုံကလေးကတော့ သိပ်ကိုလှပါတယ်။ ဒီကိစ္စကို ငါ့အမေသာသိရင် ဒုတိယတစ်ခါ ထပ်သေမှာ သေချာတယ်"

သူက .. "နင်ရူးနေသလား"တဲ့။ "လင်ယောကျ်ားဟာ နင့်ရဲ့အရှင်သခင်ပါ .. ဟာ။ နင့်ရဲ့ အရှင်သခင်ကို နင်မို့လို့ အခုလို အရှုးလုပ်ရက်တယ် .. နော်"လို့ ကျုပ်က ပြန်ပြောတယ်။

"နင်ဘယ်လိုဖြစ်နေတာလဲ"လို့ သူကပြောတယ်။ "နင့်ခေါင်းထဲကို ပေါက်တတ်ကရတွေထည့်ပြီး စဉ်းစားနေတာ ဘယ်လိုသဘောလဲ"

ကျုပ်အနေနဲ့ ဒီတစ်ခါမှာတော့ ပြောင်ပြောင်တင်းတင်းပဲ ဖွင့်ပြောမှ ဖြစ်တော့မယ်လို့ တွက်မိတယ်။ "မိဘမဲ့တစ်ယောက်ကို နင်ခုတုံးလုပ်ပြီး အသုံးချသွားပုံဟာ မကောင်းဘူးလို့များ မတွေးမိဘူးလား .. ဟယ်။ အခုဆိုရင် နင်ဟာ ဖအေမပေါ်တဲ့ကလေးတစ်ယောက် မွေးပြန်ပြီ"

"မဲ့ .. အကောင် နင့်ခေါင်းထဲက မိုက်မဲတဲ့ အတွေးကို ထုတ်ပစ်လိုက်။ ဒီကလေးဟာ နင့်ကလေးဟဲ့"လို့ သူက ပြန်ပြောပါတယ်။

"ဒီကလေးဟာ ဘယ်လိုနည်းနဲ့ ငါ့ကလေးဖြစ်နိုင်မှာလဲ .. ဟာ၊ မဖြစ်နိုင်တာပဲ"လို့ ကျုပ်ကပြောတယ်။ "နင်နဲ့ငါ လက်ထပ်ပြီးတာမှ သီတင်းဆယ့်ခုနစ်ပတ်ပဲ ရှိသေးတာ၊ အခု ဒီကလေးမွေးတယ်ဆိုတော့ ဖြစ်နိုင်မလား .. ဟယ်"

အဲဒီတော့ သူက .. ကလေးဟာ လမစေ့ခင် မွေးတာလို့ ကျုပ်ကိုပြောတယ်။ ကျုပ်ကလည်း "သူ .. လမစေ့တာက မလွန်လွန်းဘူးလား .. ဟယ်" လို့ မေးမိတယ်။ အဲဒီတော့သူက သူ့အဖွားဟာလဲ အခု သူဖြစ်သလိုပဲ ဖြစ်ခဲ့ဖူးတယ်တဲ့။ အချိန်တိုတိုကလေးနဲ့ မွေးဖွားတတ်တယ်တဲ့ သူ့မှာ အဖွားရဲ့ သွေးပါလာလို့ အခုလိုဖြစ်တာတဲ့။ အမျိုးမျိုးကျိန်တွယ်ပြီး ပြောနေပြန်တော့လည်း ကျုပ်အနေနဲ့ ယုံကြည်ရတော့မလို ဖြစ်နေတာပေါ့ဗျာ။

အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ ကျုပ်အနေနဲ့ သူပြောတာကို လုံးဝ မယုံဘူး။ ဒါပေမယ့် နောက်တစ်နေ့ကျတော့ ကျုပ်ဟာ ဒီကိစ္စကို ကျောင်းဆရာ

www.burmeseclassic.com

www.burmeseclassic.com



သိသွားပြီး စုံစမ်းဆွေးနွေးကြည့်တယ်။ ကျောင်းဆရာက ဒီလိုဟာမျိုးဟာ ဖြစ်တတ်ပါတယ်တဲ့။ အာဒမ်နဲ့ ဧဝတို့နှစ်ယောက်လဲ ဒီအတိုင်းဖြစ်ခဲ့ဖူးတာပဲ⋯ တဲ့။ ပြီးတော့ သူက "ဧဝရဲ့ မြေးမဟုတ်တဲ့ မိန်းမဆိုလို့ ဒီကမ္ဘာမှာ တစ်ယောက်မှ မရှိဘူးလကွာ" လို့ ပြောလိုက်သေးတယ်။

အဖြစ်ကတော့ အဲဒါပါပဲဗျာ။ ကြာလာတော့လည်း တဖြည်းဖြည်းနဲ့ ကျုပ်ရဲ့စိတ်ထိခိုက်မှုဟာ ပြေပျောက်သွားပါတယ်။ ကလေးအပေါ်မှာလည်း ကျုပ်ဟာ အရူးအမူးချစ်လာပါတယ်၊ ကလေးလေးကလည်း ကျုပ်ကို အတော်ချစ် တယ်ဗျ။ ကျုပ်ကို မြင်လိုက်ရင် သူ့လက်ကလေးနှစ်ဖက်ကို မြှောက်ပြီး ပြေးလာ ရော။ ကျုပ် အနားရောက်ရင် သူ့ကိုချီနိုင်းတာပဲ။ သူငိုပြီဆိုရင်လည်း ကျုပ်ကသာ ချော့လိုက်ရင် တိတ်သွားရော။

အင်း ⋯ ကျုပ်ကတော့ အလုပ်ကို နွားတစ်ကောင်လုပ်သလို ကုန်းရုန်းပြီး လုပ်ခဲ့ပါတယ်။ အိမ်မှာ ကလေးပေါက်စတစ်ယောက်ရှိလာရင် ငွေအကုန်အကျက သိပ်များတယ်မဟုတ်လား။ ကျုပ်လိမ်ညာပြီး မပြောချင်ပါဘူး ⋯ ဗျာ။ ဒီကိစ္စအတွက် ကျုပ်ဟာ အယ်လ်ခါအပေါ် မုန်းတဲ့စိတ်မဝင်မိဘူး ⋯ ဗျသိလား။ သူက ကျုပ်ကို ဆဲလားဆိုလားလုပ်တယ်၊ ကြိမ်းလားမောင်းလား၊ ကျိန်လားဆဲလားလုပ်တယ်။ ဒါပေမယ့် ကျုပ်သူ့ကို မုန်းလို့မရဘူး။

ဘာ့ကြောင့်ဆိုတာတော့ ကျုပ်မပြောတတ်ဘူး။ အယ်လ်ခါရဲ့ စွမ်းအားက တယ်ကြီးသကိုးဗျ။ သူက ကျုပ်ကို မျက်စောင်းတစ်ချက် ထိုးကြည့်လိုက်ရင် ပါးစပ်ဟာ လှုပ်ရှားလို့မရတော့ဘူး။ ပြောစရာစကားတွေဟာလည်း ကြက်ပျောက် ငှက်ပျောက် ဖြစ်ကုန်ရော။ တကယ်တော့လည်း ကျုပ်အဖို့ သူ့အသံနဲ့ သူ့စကားတွေဟာ သိပ်ကိုနားဝင်ချိုနေတယ်။ သူဘာတွေပဲပြောနေပြောနေ နားထောင်လို့ တယ်ပြီးကောင်းတာပဲ။

ညနေပိုင်းအလုပ်ခွင်က ပြန်လာရင် ကျုပ်ဟာ ပေါင်မုန့်အနုရော၊ အကြွမ်းရောတခြားကိတ်မုန့်မျိုးစုံကိုပါ သူ့အတွက် လက်ဆောင်အဖြစ် ယူမလာဘဲ မနေနိုင်ဘူး။ ကျုပ်အနေနဲ့ သူ့ကိုပေးချင်လွန်းလို့ သူကြိုက်မယ်ထင်တဲ့ဟာ မုန့်သမျှကို ခိုးမိတယ်။ ကျုပ်လက်လှမ်းမီသမျှ အရာရာတိုင်းကို လစ်ရင်လစ်သလို ခိုးတာပဲ။ ကြာလာတော့ ကျုပ်ခိုးတဲ့ပစ္စည်းတွေဟာ မုန့်မျိုးစုံတင် မကတော့ဘူး၊ အမဲသားတို့ ကြက်ခေါင်းတို့ ကြက်ခြေထောက်တို့ပါ ပါလာတတ်တယ်။ နောက်ဆုံး ကုန်ကုန်ပြောရမယ်ဆိုရင် မုန့်ဖိုက အလုပ်သမားတွေ မီးဖိုပေါ်တင်ပြီး နွေးထားတဲ့ စွပ်ပြုတ်



ရည်ကအစ သူ့အတွက် ခိုးမိခဲ့ပါတယ်။ ကျုပ်ခိုးလာသမျှ အစားအစာတွေကို မပြတ်စားနေရလို့ထင်ပါရဲ့။ အယ်လ်ခါဟာ တနေ့တခြား ဝဖြိုးပြီး သိပ်ကိုချော သိပ်ကို လှလာတယ်။

ကျုပ်ဟာ တစ်ပတ်မှာ ငါးရက်တိတိ အိမ်မှာမရှိဘူး။ မုန့်ဖိုမှာ ညအိပ်ရတယ်။ သောကြာနေ့ညဆိုရင်တော့ အိမ်ပြန်ရောက်ပြီ။ ဒါပေမယ့်ဗျာ အယ်လ်ခါက အစာမကြေလို့၊ လေထိုးလို့၊ ဟိုဒင်းဟိုဟာဖြစ်နေလို့၊ ခေါင်းကိုက်နေလို့ စတဲ့ မဟုတ်ကဟုတ်ကတွေအကြောင်းပြပြီး ကျုပ်ကို အနားအကပ်မခံဘူး ⋯ ဗျာ ဘယ်လောက်များ စိတ်ညစ်ဖို့ ကောင်းသလဲ။ ကျုပ်အနေနဲ့ အိမ်မှာ ပြန်အိပ်ရပေမယ့် လုံးဝ စိတ်မချမ်းသာရဘူး။

အဲဒီအဖြစ်ကြောင့် စိတ်ညစ်စိတ်ရှုပ်ရတဲ့အထဲ သူ့မောင်ကလေးပါဆိုတဲ့ ဖအေမပေါ်ဘဲ မွေးထားတဲ့ ကောင်လေးကလည်း တစ်မှောင့်ဗျသိလား။ အခု ဒီကောင်လေးက တော်တော်ကြီးလာပြီ။ သူက ကျုပ်ကို အာခံချင်လာတယ်။ ကျုပ်က ထိုးချင်ကြိတ်ချင်ပေမယ့် ထိုးလို့မရဘူး။ ကျုပ်က ထိုးမယ်ကြိတ်မယ်လုပ်ရင် အယ်လ်ခါရဲ့ ပါးစပ်က ပြဲလာရော။ ပါးစပ်ပြဲသလောက် အာကျယ်တဲ့ သူ့အသံဟာ ကျွက်ကျွက်ကို ညံနေတာပဲ။

ကျုပ်ကို ကွာမယ် ရှင်းမယ်ဆိုတဲ့ စကားကိုလည်း တစ်နေ့ တစ်နေ့ အယ်လ်ခါထက်မနည်း ပြောတယ်။ ကျုပ်နေရာမှာ တခြား ယောက်ျားတစ်ယောက်သာ ဆိုရင် သူ့ကို ဘယ်ပေါင်းတော့မလဲ။ လစ်ပြေးတာကြာပြီပေါ့ဗျာ။ ကျုပ်ကတော့ ဒါမျိုးကို သည်းခံနိုင်တဲ့ကောင်ဆိုတော့ စကားနည်းရန်စဲ ဆိုတဲ့အနေနဲ့ ဘာမှ ပြန် မပြောပါဘူး။ ဒီအဖြစ်မျိုးဆိုတာက ဘယ်လိုလုပ်မလဲ။ ပခုံးတွေကို ဖန်ဆင်းခဲ့တာ က ဘုရားသခင်ဗျ။ ပြီးတော့ အဲဒီ ပခုံးတွေက ထမ်းရမယ့် ဝန်ထုပ်ဝန်ပိုးတွေကို ဖန်ဆင်းခဲ့တာလည်း ဘုရားသခင့်ပဲ မဟုတ်လားဗျာ။

တစ်ညမှာတော့ ကျုပ်တို့ မုန့်ဖိုမှာ ပေါင်မုန့်ဖုတ်တဲ့ မီးဖိုကြီးတစ်လုံးပေါက်ကွဲသွားတယ်။ ကံကြီးပေလို့သာပေါ့ ⋯ ဗျာ။ မုန့်ဖိုတစ်ဖိုလုံး ပြာကျသွားတဲ့အထိ မီးလောင်မှုကြီး ဖြစ်လုနီးပါးပဲ။ အဲဒီညက မုန့်ဖိုမှာ လုပ်စရာဘာတစ်ခုမှ မရှိတော့လို့ ကျုပ်အိမ်ပြန်လာခဲ့တယ်။ သီတင်းပတ်အလယ်ရက် ညတစ်ညမှာ ကိုယ့်အိမ်မှာ ကိုယ် ပြန်အိပ်ရမယ့်အရေးဟာ ကျုပ်အဖို့တော့ ပျော်စရာကြီးပေါ့ဗျာ။

ကျုပ်အိမ်နားရောက်တော့ အိပ်ပျော်နေတဲ့ လူတွေကို မနှိုးချင်ဘူး။ ဒါကြောင့် အသံမပေးတော့ဘဲ ခြေဖျားထောက်ပြီး အိမ်ထဲဝင်ခဲ့တယ်။ အိမ်ထဲရောက်တော့

www.burmeseclassic.com

www.burmeseclassic.com



ယောက်သံတွေကြားရတယ်။ ခါတိုင်းလို မဟုတ်ဘဲ လှုနှစ်ယောက်ယောက်သံ .. ရော တစ်ခုက ဖြည်းဖြည်းမှန်မှန်ယောက်သံ၊ နောက်တစ်ခုကတော့ သတ်ဖို့ကြိုး ချည်ခံထားရတဲ့ နွားထီးတစ်ကောင်ရဲ့ ယောက်သံမျိုး။

"ဘယ်လိုယောက်သံမျိုးလဲ .. ကွာ၊ ဒီအသံကို ငါမကြိုက်ပါဘူး"လို့ ကျုပ်စိတ်ထဲမှာ ဖြစ်လာတယ်။ ဒါနဲ့ပဲ ကျုပ်ဟာ အိပ်ရာကုတင်ဆီကို အသာ လေး သွားတယ်။ ရုတ်တရက် ကျုပ်အပေါ်ကို အမှောင်ထုကြီး ဖုံးသွားသလို ခံစားလိုက်ရတယ်။ လား .. လား ကျုပ်မယား အယ်လ်ခါရဲ့ဘေးမှာ ကောင် တစ်ကောင် အိပ်မောကျလို့ပါလား .. ဗျာ။

ကျုပ်ရှိရမယ့်နေရာမှာ တခြားယောက်ျားတစ်ယောက် ဝင်အိပ်နေတယ် ဆိုတဲ့သတင်းဟာ ကျော်မကောင်း ကြားမကောင်း ဖြစ်လာမယ့်ကိစ္စတစ်ခုပါ။ အုတ်အော်သောင်းနင်းဖြစ်ပြီး လူအများက ဝိုင်းရယ်ကြမယ့်ကိစ္စပါ။ အခုကိစ္စဟာ တွေ့တွေ့ချင်း ကျုပ် ဒေါသူပုန်ထပြီး ဝိုင်းဒိုင်းကြဲရမယ့်ကိစ္စပါ။ ဒါပေမယ့် အိပ် မောကျနေတဲ့ကလေး လန့်နိုးသွားမှာကို ကျုပ်ကြောက်တယ်။

ကျုပ်ဘာလုပ်သလဲ .. သိလား။ ကျုပ် မုန့်ဖိုကိုပြန်ခဲ့တယ်။ ဂျုံအိတ်တွေ ကို ခင်းပြီးလှဲနေတယ်။ ကျုပ်အနေနဲ့ တစ်ညလုံး အိပ်မပျော်ဘူး။ မိုးသာလင်းရော ကျုပ်မျက်စိတွေကို မှိတ်လို့မရဘူး။ မိုးသာစင်စင်လင်းရော ကျုပ် တစ်မှေးမှ အိပ် လို့မရဘူး။ ကျုပ်ဟာ တစ်ညလုံး ငှက်ဖျားရောဂါသနေတဲ့ လူလိုပဲ၊ တစ်ကိုယ်လုံး တုန်ယင်နေတယ်။ "ငါ နွားဖြစ်နေပြီ"လို့ ပြောမိတယ်။ "ဂင်ပယ်ဆိုတဲ့ကောင် ဟာ ဘဝတစ်လျှောက်လုံး နွားဖြစ်ရမှာလား။ ဂင်ပယ်လို အရူးတစ်ယောက်တောင် မှ သည်းခံနိုင်တဲ့ အတိုင်းအတာဆိုတာ ရှိရမယ်"

မနက်လည်းလင်းရော ကျုပ်ဟာ ဓမ္မဆရာဆီကိုသွားပြီး အကြောင်းစုံ ပြောပြတယ်။ အကြံဉာဏ်တောင်းတယ်၊ ဒီသတင်းကိုကြားတော့ တစ်မြို့လုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်တယ်။ ဓမ္မဆရာက အယ်လ်ခါကို ချက်ခြင်း ဆင့်ခေါ် တယ်။ သူဟာ ကလေးကိုချီပြီး ရောက်လာတယ်။ ရောက်လာတော့ သူဘာလုပ် တယ်လို့ထင်သလဲ။

ဒီကိစ္စကို သူကမဟုတ်ပါဘူးလို့ .. 'ဘူးကွယ်'သဗျ။ ပြောသမျှကို မဟုတ်ပါဘူးလို့ ငြင်းတယ်။ "ဒီကောင် ရူးနေလို့ ပေါက်တတ်ကရတွေ ပြောနေ တာ"လို့ ပြောတယ်။ "ဒီကိစ္စမျိုးကို သူ အိပ်မက်တောင် မမက်ပါဘူးတဲ့။ သူ တို့ကလည်း သူ့ကို အော်ကြ ငေါက်ကြတယ်။ စားပွဲကို သစ်သားနဲ့ထုပြီး သတိပေး



ကြတယ်။ ဒါပေမယ့် သူကတော့ ဂရုမစိုက်ဘူး။ သူ့ကို စွပ်စွဲသမျှအားလုံးဟာ အမှားတွေချည်းပါပဲလို့ ပြောတယ်။

သားသတ်သမားတွေနဲ့ မြင်းကုန်သည်တွေက သူ့ဖက်က သက်သေခံ ကြတယ်။ သားသတ်ရုံက ကောင်ရွေးတစ်ကောင်ကဆိုရင် ကျုပ်ကို ခြိမ်းလား ခြောက်လား၊ ကြိမ်းလား မောင်းလားတောင် လုပ်လိုက်သေးတယ်။ အယ်လ်ခါရဲ့ ကလေးကလည်း တငိုငိုတရီရီ လုပ်လာတယ်။ နောက်ဆုံးမှာတော့ ဘာမှ လုပ်လို့ မရတဲ့ ဓမ္မတရားရုံးက အယ်လ်ခါကို ပြန်လွှတ်လိုက်ရတယ်။

"ကျုပ် .. ဘာလုပ်ရင်ကောင်းမလဲ"လို့ ကျုပ်က ဓမ္မဆရာကို မေး တယ်။

"မင်းသူ့ကို ကွာရှင်းရမယ်"လို့ သူကဖြေတယ်။

"တကယ်လို့ သူက မကွာရှင်းနိုင်ဘူးလို့ ငြင်းနေရင် ဘယ့်နှယ့်လုပ်မလဲ" လို့ ကျုပ်က ထပ်မေးတယ်။

"ဘာပဲဖြစ်ဖြစ် မင်းက သူ့ကို ကွာရှင်းရမယ် .. အဲဒါပဲ"လို့ သူက ဖြေတယ်။

"အဲဒါဆိုရင်လည်း ကျုပ်စဉ်းစားပါရစေအုံး"လို့ပြောတော့ "စဉ်းစား နေစရာမလိုဘူး .. မင်းဒီကောင်မနဲ့ တစ်အိမ်တည်း အတူတူ မနေရဘူး"လို့ ပြန် ပြောတယ်။

"ဒါဆိုရင် ကလေးကို ကျုပ်တွေ့ချင်ရင်ကော .. ဘယ်လိုလုပ်ရမလဲ"

"ဟ .. ဒီကောင်မဟာ မိန်းမရှင်ကွ .. သူက မွေးထားတဲ့ ကလေးကို ဘာလုပ်ဖို့ တွေ့ရမှာလဲ"

သူ့စကားအရဆိုရင် ကျုပ်ဟာ သူ့အိမ်ရိပ်ကိုတောင် မနင်းရဘူး။ ကျုပ် အသက်ရှင်နေသမျှ ကာလပတ်လုံး သူ့ဆီကို လုံးဝမသွားရဘူး.. တဲ့။ အဲဒါပဲ။

ဒီကိစ္စနဲ့ ပတ်သက်လို့ နေ့ခင်းဘက်မှာတော့ ကျုပ်အတွက် ပြဿနာ သိပ်ပြီးကြီးကြီးမားမား မရှိပေမယ့် ညပိုင်းရောက်လို့ ဂျုံအိတ်တွေပေါ် လှဲနေတဲ့ အခါမှာတော့ ကျုပ်စိတ်မှာ သိပ်ကိုခံစားရပါတယ်။ အယ်လ်ခါနဲ့ ကလေးကို သတိရ တမ်းတတဲ့ စိတ်ဟာ မျိုသိပ်လို့မရပါဘူး။

ကျုပ်သူ့ကို စိတ်ဆိုးကြည့်တယ်၊ ဒေါသဖြစ်ကြည့်တယ်၊ မရပါဘူး၊ ဒါနဲ့ ပဲ ကျုပ် .. အခုလို တွေးမိတယ်။ လောကကြီးမှာ တစ်ခါတလေ ချော်ချော်ရှုနဲ့ တိမ်းစောင်းမှုဆိုတာတွေဟာ ရှိတတ်ကြပါတယ်။ လူတစ်ယောက်ဟာ အမှား

www.burmeseclassic.com

www.burmeseclassic.com



အလွှင်းမရှိဘဲ နေလို့ရသလား .. မရနိုင်ပါဘူး။ သူနဲ့ လာအိပ်တဲ့ကောင်က သူ့ကို သူ့မတ်လောက်တဲ့ လက်ဆောင်တွေ ဘာတွေပေးရင်လဲ သူမှားချင်မှားပေမပေါ့။ မိန်းမဆိုတာမျိုးက ဆံပင်သာရှည်တာ အမြင်ကျတော့ တိုတတ်ကြတယ် မဟုတ်လား။ ဒါ့ကြောင့်လဲ ဒီကောင် သူ့အနားကပ်နိုင်တာပေါ့ .. စသည် .. စသည်ဖြင့် တွေးမိတယ်။

နောက်ပြီးတော့လည်း ဒီကိစ္စမှာ သူက အကြောက်အကန်ငြင်းခဲ့တယ် မဟုတ်လား။ အဲဒီတော့ ကျုပ်မြင်ခဲ့တာဟာ မှားများ မှားနေမလား။ တစ်ခါတလေ စိတ်ကြောင့် အထင်မှား၊ အမြင်မှားတွေ ဖြစ်တတ်ကြတယ်မဟုတ်လား။ တစ်ခါတရံမှာ ကျုပ်တို့အနေနဲ့ အရာဝတ္ထုတစ်ခုကို အသေအချာမြင်နေရတယ်လို့ထင်တယ်။ အနားသွားကြည့်တော့ ဘာမှ မတွေ့ဘူး။ အဲဒါမျိုးဟာလည်း ဖြစ်တတ်ကြတာပဲမဟုတ်လား။ တကယ်လို့ ကျုပ်အမြင်မှားတယ်ဆိုရင်တော့ ကျုပ်လုပ်ပုံဟာ သူ့အပေါ် မတရားလုပ်သလို ဖြစ်မနေပေဘူးလား .. စသည်ဖြင့်လည်း တွေးမိတယ်။

အဲသလိုတွေး .. တွေးမိလာတော့ ကျုပ်အိပ်ရာထဲမှာ ကြိတ်ပြီး ငိုမိတယ်။ ကျုပ်ကျတဲ့မျက်ရည်ကြောင့် ကျုပ်လှဲအိပ်နေတဲ့ ဂျုံအိတ်တွေတောင် ရွှဲရွှဲစိုကုန်တဲ့ အထိ ဖြစ်ခဲ့ရပါတယ်။ အဲဒါနဲ့ပဲ နောက်တစ်နေ့မနက်ကျတော့ ကျုပ်မွေဆရာဆီ ကို သွားပြီး ကျုပ်လုပ်ခဲ့တာတွေမှားကြောင်း ဝန်ခံလိုက်ပါတယ်။ မွေဆရာက ကျုပ်ပြောတာတွေကို ရေးမှတ်ထားပါတယ်။ ပြီးတော့ သူစဉ်းစားနေတဲ့အချိန် အတောအတွင်းမှာတော့ ကျုပ်ကို ကျုပ်မိန်းမအနားမသွားရဘူး .. တဲ့။ ဒါပေမယ့် ပေါင်မုန့်နဲ့ ငွေကိုတော့ လူကြုံနဲ့ ပို့ပေးနိုင်တယ် .. တဲ့။

□

(၃)

ကျုပ်တို့ကိစ္စကို မွေဆရာတွေအားလုံး ဆွေးနွေးညှိနှိုင်းနေလိုက်ကြတာ ကိုးလတောင် ကုန်သွားပါပြီ။ စာတွေရေးပြီး အပြန်အလှန်ပို့နေကြတာနဲ့ပဲ အချိန် တွေအများကြီးကြန့်ကြာခဲ့ရပါတယ်။ ကျုပ် .. အမြင်မှာတော့ ကျုပ်ကိစ္စဟာ ဘာမှ အရေးကြီးတဲ့ အရာတစ်ခုမဟုတ်ပါဘူး .. ဗျာ။ မွေဆရာကြီးတွေအနေနဲ့ ဉာဏ်ပညာတွေအများကြီး သုံးဖို့လည်း မလိုပါဘူး။ ဒါပေမယ့် ကြာတာကတော့



အတော့်ကိုကြာတယ်။ ကျုပ်အနေနဲ့ စဉ်းစားလို့ကိုမရတာ အမှန်ပါ။

အဲဒီအချိန်အတွင်းမှာ ကျုပ်မယား အယ်လ်ခါဟာ နောက်ကလေးတစ် ယောက် မွေးပြန်ပါတယ်။ ဒီတစ်ခါတော့ မိန်းကလေး .. ဗျ။ သိလား .. ဟုတ်တာ မဟုတ်တာ ဘေးဖယ်ထား။ ကလေးအဖေကတော့ ကျုပ်ပဲဖြစ်ရတာပဲ။ အဲဒီတော့ ကလေးကို နာမည်ပေးရမယ့်တာဝန်က ကျုပ်အပေါ်ကျတာပေါ့။ ဒီတစ်ခါ တော့ ကျုပ်က ကလေးနာမည်ကို ကျုပ်ယောက္ခမရဲ့ အမည်ကနေ ယူပြီး ပေးခဲ့ရ ပါတယ်။ ကျုပ်ယောက္ခမကြီးလည်း ဖြစ်လေရာဘဝမှာ စိတ်အေးချမ်းသာ ရှိပါစေလို့ ကျုပ် ဆုတောင်းခဲ့ပါတယ် .. ဗျာ။

မြို့ပေါ်က လူတွေရဲ့ ပါးစပ်တွေကတော့ ပြသလား မမေးနဲ့၊ ကျယ်သလား လဲ မမေးနဲ့။ ကျုပ်ရဲ့ ဒုက္ခနဲ့ ကြေကွဲမှုတွေဟာ သူတို့အတွက်ပြောလို့ဆိုလို့ကောင်း တဲ့ အတင်းအဖျင်း သတင်းတစ်ပုဒ် ဖြစ်နေတယ်။ တဝါးဝါး .. တဟားဟားနဲ့ ရယ်စရာအလွန်ကောင်းတဲ့ သတင်းတစ်ပုဒ်လည်း ဖြစ်နေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပေါ့လေ။ ကျုပ်ကတော့ ဘယ်သူတွေ ဘာပြောပြော ယုံကြည်အောင်လက်ခံသွား တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ မယုံကြည်ဘူးဆိုရင် ကောင်းကျိုးတွေ ရလာ မတဲ့လား။ ဒီနေ့ ခင်ဗျားအနေနဲ့ ခင်ဗျားရဲ့ မယားစကားကို မယုံရင် မနက်ဖြန် ကျတော့ ဘုရားစကားကို မယုံကြည်တဲ့အပြစ်နဲ့ ခင်ဗျားရင်ဆိုင်ရတော့မှာ သေချာ နေတယ် .. ဗျ။

အယ်လ်ခါရဲ့ အိမ်နားနီးချင်း ကောင်လေးတစ်ယောက်ဟာ ကျုပ်တို့မုန့် ဖိုမှာ အလုပ်သင် .. ဗျ။ အဲဒီတော့ ကျုပ်အဖို့ အိမ်ကို ပစ္စည်းတွေပို့ရတာ လွယ်တာပေါ့ .. ဗျာ၊ ကျုပ်က လစ်လို့ ခိုးလို့ရသမျှ မုန့်မျိုးစုံနဲ့ ဂျုံမှုန့်တို့ဘာတို့ အစ ကောင်လေးနဲ့ လူကြုံပါးတယ်။ ကောင်လေးက သဘောကောင်းရှာတယ် .. ဗျ။ တစ်ခါတလေ ကျုပ်ပေးလိုက်တဲ့ ပစ္စည်းတွေတင်မကဘူး။ ကျုပ်မိန်းမ အတွက် သူကပါ လက်ဆောင်တချို့ ယူသွားလေ့ရှိတယ်။

အမှန်တော့ ဒီကောင်လေးကြောင့် တစ်ချိန်က ကျုပ်ဟာ စိတ်အနှောင့် အယှက်သိပ်ကို ဖြစ်ခဲ့ဖူးပါတယ်။ ပထမ လူချင်းစတွေ့တုန်းက သူဟာ ကျုပ်ကို သိပ်စတယ်ဗျ။ နှာခေါင်းဆွဲလိုက် ကလီထိုးလိုက်နဲ့ ကောင်းကောင်းကို မနေရဘူး။ နောက်ပိုင်းမှာ ကျုပ်အိမ်ကို အမြဲတစေ ဝင်ထွက်သွားလာနေတဲ့ ညီသူငယ်ချင်းတစ် ယောက် ဖြစ်လာတော့ ပုံစံပြောင်းသွားတယ်။ ကျုပ်ကို စလား နောက်လား မလုပ် တော့ဘူး၊ ကျုပ်ကို အလွန်ခင်မင်တဲ့ အပြုအမူတွေ ပြလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး .. ဂင်ပယ် ခင်ဗျားကတော့ မယားချော မယားအလိမ္မာလေးနဲ့ သားချောကလေးနှစ်ယောက် ရထားတော့ ပျော်နေတာပေါ့ .. လေ။ အမှန်တော့ သူတို့ကို ခင်ဗျားမရထိုက်ဘူး .. ဗျ" လို့ သူ တရင်းတနှီးလေလံနဲ့ ပြောင်လှော် ရှိပါတယ်။

"ဒါပေမယ့်ကွာ .. လူတွေက ငါ့မိန်းမအကြောင်း မကောင်း သိပ်ပြော ကြတယ် .. ကွာ" လို့ ကျုပ်ကလည်း ပြန်ပြောမိတယ်။

"ဟာ .. ဗျာ သူတို့လျှာတွေက အရှည်ကြီးတွေ .. ဗျ"လို့ သူက ပြောတယ်။ "သူတို့လျှာတွေကို အတင်းအဖျင်းပြောတဲ့နေရာကလွဲပြီး တခြား ဘယ်နေရာမှ သုံးလို့မရဘူးဆိုတာ သိထားသင့်တယ်။ သူတို့ကို ခင်ဗျားက ဥပေက္ခာ ပြုထားလိုက်၊ သောက်ဂရုစိုက်မနေနဲ့"

ဟိုတစ်ချိန်ကတော့ သူနဲ့ကျုပ်နဲ့ဟာ အဲသလို ဆက်ဆံမှုမျိုး ရှိခဲ့ဖူးတော့ အခုလည်း ပဋ္ဌည်းတွေပို့တဲ့နေရာမှာ ယုံကြည်စိတ်ချစွာနဲ့ပဲ အားကိုးသမှု ပြုရတာ ပေါ့လေ .. ဗျာ။

ဒီလိုနဲ့ပဲ တစ်ရက်မှာတော့ ဓမ္မဆရာက ကျုပ်ကိုခေါ်ပြီး .."မင်းမိန်းမ နဲ့ဝတ်သက်လို့ မင်းမြင်ခဲ့တာ မှားတယ်လို့ ပြောခဲ့တယ်။ အဲဒါ သေချာရဲ့လား" လို့ မေးပါတယ်။

"သေချာပါတယ် .. ဗျာ"

"ဟုတ်မှလည်းလုပ်ကွာ၊ မင်းပြောခဲ့တုန်းက မင်းကိုယ်တိုင် မြင်ခဲ့တာ ဆိုကွ"

"ကျုပ်မြင်ခဲ့တာဟာ အရိပ်ပဲ ဖြစ်မှာပါ .. ဗျာ"

"အရိပ်က ဘာအရိပ်လဲ .."

"ယက်မတစ်ခုရဲ့ အရိပ်လို့ ထင်ပါတယ်"

"ဒီလိုဆိုရင် ဒီနေ့ကစပြီး မင်းအိမ်ပြန်နိုင်ပြီ။ မင့်အနေနဲ့ ယာနီဗာဓမ္မဆရာ ကို ကျေးဇူးတင်ရလိမ့်မယ်။ ဒီကိစ္စမှာ သူက တရားကျမ်းစာအုပ်တွေထဲမှာ လိုက် ရှာတော့ မင့်အတွက် သက်သာရာရနိုင်တဲ့အဖြေကို တွေ့ခဲ့တာ"

ကျုပ်ဟာ ဓမ္မဆရာရဲ့ လက်ကိုဆွဲယူပြီး နမ်းလိုက်ပါတယ်။

ကျုပ်ဟာ အိမ်ကို တစ်ချီတည်း ဒုန်းစိုင်းပြီး ပြန်ပြေးချင်ပါတယ်။ ဘာ မဟုတ်တဲ့ အသေးအဖွဲ့ကိစ္စလေးကြောင့် ကျုပ်ဟာ မယားနဲ့ကလေးကို လပေါင်း များစွာ ခွဲခွာနေရတယ် မဟုတ်လား .. ဗျာ။ ဒါပေမယ့် အခုအချိန်ကျမှတော့



ညပိုင်း အလုပ်သိမ်းပြီးမှ ပြန်တာအကောင်းဆုံး ဖြစ်လိမ့်မယ်လို့ ဆုံးဖြတ်လိုက်ပါ တယ်။

ကျုပ် ဘယ်သူ့ကိုမှ စကားမပြောတော့ပါဘူး။ ကိုယ့်ဖာသာကိုယ်ကြိတ် ပြီးလုပ်စရာရှိတာ လုပ်သွားဖို့ပဲ စိတ်ကူးထားပါတယ်။ အလုပ်သမတွေကတော့ ကျုပ်ကို ပြောင်နောက်နေကြပါတယ်။ ဓါကတော့ နောက်ပြောင်နေကြ ထုံးစံအတိုင်း လုပ်နေကြတာပါ။ ကျုပ်ကတော့ သူတို့တွေ ဘာပဲပြောပြော ဂရုမစိုက်ပါဘူး။ အမှန်တရားဟာ ရေပေါ်မှာ ပေါ်နေတဲ့ဆီလို ထင်ထင်ရှားရှား မြင်နေရပြီ မဟုတ် လား။

ညကျတော့ အလုပ်လည်းပြီးရော ကျုပ်ဝေစုရတဲ့ ပေါင်မုန့်နဲ့ ဂျုံအိတ် တလေးတစ်အိတ်ကိုယူပြီး အိမ်ကိုပြန်လာခဲ့ပါတယ်။ လကလည်း သာလိုက်တာ ထိန်နေတာပဲ။ ကြယ်တွေကလည်း လင်းလက်နေကြပါတယ်။ ကျုပ်ကတော့ စိတ်လက်ပေါ့ပါးစွာနဲ့ သုတ်ခြေတင်လာခဲ့ပါတယ်။ ကျုပ်ရဲ့ ရှေ့မှာတော့ ကျုပ် အရိပ်ဟာ ပြေးသွားနေပါတယ်။

ဆောင်းရာသီဆိုတော့ အေးစက်နေပါတယ်။ ဆီးနှင်းတွေကလည်း တဖွဲ ဖွဲ ကျနေပါတယ်။ ကျုပ်ရင်ထဲမှာ သီချင်းတစ်ပုဒ်လောက် အော်ဟစ်ပြီး ဆိုလိုက် ချင်တဲ့ဆန္ဒ ပြင်းပြနေပါတယ်။ ဒါပေမယ့် ကျုပ်အသံကြောင့် အိပ်ပျော်နေတဲ့လူတွေ နိုးကုန်မှာ စိုးရပါတယ်။ လေချွန်ရရင် ကောင်းမလားလို့ စဉ်းစားမိသေးတယ်။ ဒါပေမယ့် ညဘက်မှာ လေချွန်ရင် သူရဲတွေ၊ တစ္ဆေတွေ ထွက်လာတတ်တယ်ဆိုတဲ့ ပြောစကားကြောင့် လေမချွန်ရဲပါဘူး။ ဒါကြောင့်မို့ ကျုပ်ဟာ ကိုယ် လုပ်ချင်တာ တွေမလုပ်တော့ဘဲ အိမ်ကိုရောက်ဖို့သာ အာရုံထားပြီး ခပ်သုတ်သုတ် လျှောက် လာခဲ့ပါတယ်။

ကျုပ်ခရစ်ယာန်တွေရဲ့ ရပ်ကွက်ရှေ့အဖြတ်မှာ ခွေးတွေက ဝိုင်းဟောင်ကြ တယ်။ ကျုပ်ကတော့ ဂရုမစိုက်ပါဘူး။ "မင်းတို့သွားတွေ ကျွတ်ကျကုန်တဲ့ အထိ ဟောင်ကြဟေ့ .. ငါကတော့ မင်းတို့ကို ဂရုမစိုက်ဘူး။ မင်းတို့က ဘာ ကောင်တွေလဲ၊ ခွေးတွေ မဟုတ်လား။ ငါက လူကွ၊ မယားအလိမ္မာတစ်ယောက် ရဲ့ လင်ကွ၊ အလားအလာသိပ်ကောင်းတဲ့ ကလေးတွေရဲ့ အဖေကွ .. သိလား" လို့ စိတ်ထဲက အော်ပြောနေမိပါတယ်။

အိမ်နားနီးလာတော့ ကျုပ်ရင်ဟာ တဒိတ်ဒိတ် ခုန်လာပါတယ်။ ကြောက် စိတ်ကြောင့် မဟုတ်ပါဘူး။ ဒါပေမယ့် ခုန်နေတာတော့ ခုန်နေတာပါပဲ။ ကျုပ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



တံခါးအလက်ကို အသာကလေး အသံမကြားအောင်ဖြုတ်ပြီး အိမ်ထဲကို ဝင်လာခဲ့ပါတယ်။ ကလေးကို သွားကြည့်တယ်။ တရုတ်ကပ်တွေကို ပိတ်ထားပေမယ့် အဖြင်က လရောင်ဟာ အပေါက်ကြို အပေါက်ကြားကနေပြီး ဝင်နေပါတယ်။ ကျုပ်ဟာ မွေးကင်းစကလေးရဲ့ မျက်နှာကိုမြင်ရပါတယ်။ မြင်မြင်ချင်းပဲ ကျုပ်ဟာ ကလေးကို ချစ်သွားတယ်။

နောက်တော့ ကျုပ်ဟာ အိပ်ရာကုတင်ဆီ ရောက်သွားပါတယ်။ လား .. လား ဟို အလုပ်သင်ကောင်လေးဟာ ကျုပ်မိန်းမအယ်လ်ခါရဲ့ဘေးမှာ အိပ်နေပါလား။ ရုတ်တရက် လရောင်ဟာ ပျောက်သွားတယ်။ အခန်းထဲမှာ မှောင်သွားတယ်။ ကျုပ်တကိုယ်လုံး တုန်ယင်နေတယ်။ မေးတွေကလည်း တဆတ်ဆတ်ရိုက်နေတယ်။ ကျုပ်လက်ထဲက ပေါင်မုန့်ဟာ လွတ်ကျသွားတယ်။ ကျုပ်မိန်းမ လန့်နိုးသွားပြီး ...

"ဘယ်သူလဲ"

"ငါ ..ပါ" လို့ ကျုပ်ပါးစပ်က လွှတ်ခနဲ ထွက်သွားတယ်။

"ဂင်ပယ်လား" တဲ့။ "နင်ဘာပြုလို့ ဒီကိုပြန်လာတာလဲ၊ နင့်ကို ဓမ္မဆရာက တားထားတယ်မဟုတ်လား"

"ဓမ္မဆရာက ပြန်နိုင်ပြီပြောလို့ ငါပြန်လာတာ" ကျုပ်အသံဟာ တုန်နေတယ်။ တစ်ကိုယ်လုံးလည်း တုန်နေတုန်းပဲ။ ကျုပ်အဖြစ်က အဖျားတက်နေတဲ့ လူတစ်ယောက်လို ဖြစ်နေတာ။

"ဒီမယ် .. ဟဲ့ ဂင်ပယ်၊ အပြင်ပြန်ထွက်ပြီး တဲထဲက ဆိတ်မကို သွားကြည့်ပေးစမ်းပါ။ ဆိတ်က နေမကောင်းဖြစ်နေတယ် .. ဟဲ့"

ကျုပ်တို့မှာ ဆိတ်တစ်ကောင်ရှိတာ မေ့နေတယ်။ အခု သူပြောမှပဲ သတိရတယ်။ ဆိတ်နေမကောင်းဘူးလို့ကြားလိုက်တော့ စိတ်ပူသွားတယ်။ ချက်ခြင်း အပြင်ပြန်ထွက်ခဲ့တယ်။ ဆိတ်မက အင်မတန် သဘောကောင်းတဲ့ ဆိတ်မဗျ။ ကျုပ် သူ့ကိုယ်ပေါ်မှာ လူလူချင်း သနားသလို သနားသွားမိတယ်။

တဲတံခါးကိုဖွင့်ပြီး အထဲဝင်ခဲ့တယ်။ မှောင်ထဲမှာ ရပ်နေတဲ့ ဆိတ်မကို တစ်ကိုယ်လုံး စမ်းသပ်ကြည့်တယ်။ ဘာမှ မဖြစ်ပါလား။ သိရသလောက်တော့ နေကောင်းပါတယ်။ အစားတွေ နင်းကန်စားမိလို့ အစာမကြေတာ ဖြစ်ချင်လည်း ဖြစ်မပေါ့ .. လေ။

ကျုပ်အိမ်ထဲ ပြန်ရောက်သွားတဲ့အချိန်မှာ ဟိုကောင်လေးမရှိတော့ဘူး။



"ဟိုကောင်လေး .. မရှိတော့ဘူး၊ ဘယ်ရောက်သွားလဲ" လို့ ကျုပ်က မေးတယ်။

"ဘာကောင်လေး .. လဲ။ ဘယ်က ကောင်လေးလဲ" တဲ့။ အဲဒါ သူ့အဖြေပဲ။

"နင့်စကားက ဘယ်လိုလဲ၊ မုန့်ဖိုက အလုပ်သင်ကောင်လေးကို ပြောတာ .. ဟာ။ စောစောက နင်နဲ့အိပ်နေတဲ့ ကောင်လေး .. လေဟာ"

"ဒီညနဲ့ မနေ့ညက ငါမက်ခဲ့တဲ့ အိပ်မက်တွေဟာ မှန်နေပြီ" လို့ သူက အော်ပြောတယ်။ "နင်ဟာ အတော်အသုံးမကျတဲ့ကောင်ပဲ။ နင့်ကို သူရဲဖမ်းစားထားသလား၊ အားလုံး တလွဲတချော်တွေချည်း မြင်မြင်နေတယ်။ နင်ဟာ အလကားငနွားပဲ။ နင့်လို ထူတဲ့၊ ထိုင်းတဲ့ သောက်အမျိုးကို ငါတစ်ခါမှ မတွေ့ခဲ့ဖူးဘူး။ နင်အိမ်ထဲမှာ မနေနဲ့ အခုချက်ခြင်းထွက်သွား"

သူက အသံကုန်ဟစ်ပြီး အော်နေတာ .. ဗျ။ ကျုပ်က ဘာမှ မပြောရသေးခင်၊ ဘာမှ မလုပ်ရသေးခင်မှာပဲ သူ့မောင်ဆိုတဲ့ ကောင်လေးက မီးဖိုကြီးနောက်ကပြေးထွက်လာပြီး ကျုပ်ခေါင်းကို နောက်ကနေ တုတ်ကြီးတစ်ချောင်းနဲ့ ရိုက်တယ်။ တုတ်က ကျုပ်ဂုတ်ကို ရိုက်မိတယ်။ ရိုက်ချက်ကပြင်းတော့ ကျုပ် လည်ပင်းကျိုးသွားပြီလို့တောင် ထင်လိုက်ရတယ်။

ဘာတွေပဲဖြစ်ဖြစ်ပေါ့လေဗျာ၊ ကျုပ်က ဒီကိစ္စကို ချက်ခြင်းမေ့ပစ်လိုက်ပါတယ်။ ကျုပ်မိန်းမကိုလည်း သူ ကျေနပ်သည်အထိ ချော့မော့ပြီး ပြောပါတယ်။ နောက်ဆုံးမှာတော့ သူကလည်း စိတ်ပြေသွားပါတယ်။ "တော်ပြီ .. တော်ပြီ ဒါတွေထပ်ပြောမနေနဲ့တော့၊ သွားအိပ်ချေတော့" လို့ သူကပြောပါတယ်။ ဒီ ပြဿနာဟာ ဒီညမှာတော့ ဒီလောက်နဲ့ပဲ ပြီးပြတ်သွားပါတယ်။

နောက်နေ့မနက်မှာတော့ ကျုပ်ဟာ ဟိုကောင်လေးဆီသွားပြီး စကားပြောပါတယ်။ မနေ့ညက ကျုပ်မိန်းမနဲ့ လာအိပ်တဲ့ကိစ္စကို ပြောပြလိုက်ပါတယ်။ "ငါ့ ညီရယ် .. ဒီကိစ္စကို မင်းဘယ်လိုပြောမလဲ" လို့ မေးတော့ သူက ကျုပ်ကို ပါးစပ်ဟောင်းလောင်းကြီးလုပ်ပြီး ကြည့်နေတယ်။ အလွန်အံ့အားသင့်နေတဲ့ပုံမျိုးဗျ သိလား။ သူကြည့်နေပုံက ကျုပ်ကို ခေါင်မိုးပေါ်က ရုတ်တရက်ကျလာတဲ့ သတ္တဝါတစ်ကောင်ကို ကြည့်နေတဲ့ ပုံမျိုးပဲ။

"ခင်ဗျား ဆေးဆရာတစ်ယောက်ဆီသွားပြီး ဆေးကုခံရင် ကောင်းလိမ့်မယ်ထင်တယ်ဗျာ" လို့ သူကပြောတယ်။ "ခင်ဗျားဦးနှောက်က တော်တော် ချောင်

www.burmeseclassic.com

www.burmeseclassic.com



နေပြီထင်တယ်။ ဘာ့ကြောင့် အခုလို စွပ်စွပ်စွဲစွဲတွေ လာပြောနေရတာလဲဗျာ"

ကဲ .. ကျုပ်ဘယ်လိုလုပ်ရမလဲ၊ သူကလည်း ပြောင်လိမ်ပြောင်စားပဲ .. ဗျာ အင်း .. အဖြစ်အပျက်ကို အတိုချုပ်ပြောရရင်တော့ ကျုပ်ဟာ ကျုပ်မိန်းမနဲ့ အနှစ်နှစ်ဆယ်တိတိ ပေါင်းသင်းနေထိုင်ခဲ့ပါတယ်။ ကျုပ်အတွက် ကလေးခြောက်ယောက် မွေးပေးခဲ့ပါတယ်။ သမီးလေးယောက်နဲ့ သားနှစ်ယောက်ပါ။ သူနဲ့ ပေါင်းသင်းနေတဲ့ ကာလအတွင်းမှာ ဖြစ်ခဲ့ပျက်ခဲ့တာတွေကတော့ အများကြီးပါပဲဗျာ။ ဒါပေမယ့် ကျုပ်ဟာ ဘာကိုမှ မမြင်သလို မကြားသလိုပဲ နေခဲ့ပါတယ်။ သူပြောသမျှအားလုံးကို ယုံကြည်ထားလိုက်တယ်။ အဲဒီလို နေလိုက်တော့လည်း ကျုပ်ဘဝဟာ အစစအရာရာ အဆင်ပြေသွားသလိုပဲ။ မကြာသေးခင်ကပဲ ဓမ္မဆရာက ကျုပ်ကို ပြောပြခဲ့သေးတယ်။ "ယုံကြည်မှုဟာ လူ့ဘဝကို အကျိုးဖြစ်ထွန်းစေတယ်" တဲ့။ "လူကောင်းဆိုတာဟာ သူ့ယုံကြည်မှုနဲ့သူ နေထိုင်သွားတဲ့လူကို ခေါ်တာလို့ ဓမ္မကျမ်းထဲမှာ ရေးထားတယ်"တဲ့။

ရုတ်တရက် မမျှော်လင့်ဘဲနဲ့ ကျုပ်မိန်းမ အယ်လ်ခါဟာ နေထိုင်မကောင်းဖြစ်လာတယ်။ ဖြစ်စကတော့ အသေးအဖွဲလေးတစ်ခုလိုပါ။ သူ့ရင်သားမှာ အစက်ကလေး ပေါ်လာရာက စဖြစ်တာပေါ့။ ဒါပေမယ့် ကြာလေလေ တရောင်ရောင်ဖြစ်လာလေဆိုတော့ လူ့လောကမှာ ကြာကြာမှ နေရပါတော့မလားလို့ စိတ်ပူလာရပါတယ်။

ကျုပ်အနေနဲ့ သူ့ကျန်းမာရေးအတွက် ငွေကြေးအတော်များများ အကုန်အကျခံခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျုပ်ရဲ့ စီးပွားရေးအခြေအနေက အတော်ကြီးတိုးတက်နေပြီ။ ကျုပ်တို့မြို့ ဖရမ်ပိုမှာ ကျုပ်ဟာ မုန့်ဖိုပိုင်ရှင်တစ်ယောက် ဖြစ်နေပြီ။ ဖရမ်ပိုမြို့ငယ်လေးတစ်မြို့မှာတော့ ကျုပ်ကို လူချမ်းသာတစ်ယောက်လို့ အသိအမှတ် ပြုခံနေရပြီပေါ့ .. ဗျာ။

ဆေးဆရာဟာ ကျုပ်အိမ်ကို နေ့စဉ်လာပြီး ကျုပ်မိန်းမကို ကြည့်ရှုကုသပေးနေပါတယ်။ တစ်ဖက်မှာလည်း အနီးအနားပတ်ဝန်းကျင်က ပယောဂဆရာတွေ မကြာခဏပင့်ပြီး ပြပါသေးတယ်။ နောက်ဆုံးမှာ လတ်ဘလင်မြို့က ဆရာဝန်တစ်ယောက်ပင့်ပြီး ပြပါသေးတယ်။ ဒါပေမယ့် နောက်ကျသွားပြီ။ သူမသေခင်ကလေးမှာ သူဟာ ကျုပ်ကို သူ့အနားမှာ ထိုင်ခိုင်းပြီး .."ကျွန်မကို ခွင့်လွှတ်ပါ ဂင်ပယ်ရယ်"လို့ပြောပါတယ်။

"ငါက မင်းကို ခွင့်လွှတ်စရာ ဘာများရှိလို့လဲ .. ကွယ်"လို့ ကျုပ်က



ပြန်ပြောပါတယ်။ "မင်းဟာ ငါ့အပေါ်မှာ သစ္စာရှိတဲ့ မိန်းမကောင်းတစ်ယောက်ပါ .. ကွယ်"

"မဟုတ်သေးဘူး .. ဂင်ပယ်"လို့ သူကပြန်ပြောပါတယ်။ "ရှင်နဲ့ ပေါင်းသင်းလာခဲ့တဲ့ နှစ်တွေအတွင်းမှာ ကျွန်မဟာ ရှင့်အပေါ်မှာ လှည့်စားမှုတွေ လိမ်ညာမှုတွေ အများကြီး လုပ်ခဲ့မိပါတယ်။ အခု ကျွန်မဘုရားသခင်ဆီ ပြန်ရတော့မယ့်အချိန်မှာ ဒီအဖြစ်တွေအားလုံးကို သန့်စင်သွားစေချင်ပါတယ်။ ဒါကြောင့်မို့ အမှန်အတိုင်း ဖွင့်ပြောခဲ့ပါရစေ။ ကျွန်မ မွေးခဲ့တဲ့ ကလေးအားလုံးဟာ ရှင့်ကလေးတွေမဟုတ်ဘူး ဂင်ပယ်"

"ဒါဆိုရင် ဘယ်သူ့ကလေးတွေလဲ"လို့ ကျုပ်က ပြန်မေးမိပါတယ်။

"ကျွန်မလဲ မသိဘူး"တဲ့။

"လူတွေက အများကြီးပဲ .. ဒါပေမယ့် ကျွန်မသိနေတာတစ်ခုက သူတို့အားလုံးဟာ ရှင့်ကလေးတွေ မဟုတ်ဘူးဆိုတာပဲ"

ဒီစကားပြောအပြီးမှာ သူ့ခေါင်းဟာ ဘေးတစ်ဖက်ကို စောင်းကျသွားတယ်။ သူ့မျက်လုံးတွေဟာ မှုန်မှိုင်းမှိုင်း ဖြစ်လာတယ်။ ဒါပါပဲ .. သူ့ဘဝဟာ အဆုံးသတ်သွားခဲ့ပါပြီ။ ဖြူဖွေးနေတဲ့ သူ့နှုတ်ခမ်းတွေပေါ်မှာတော့ အပြုံးရိပ်လေးတစ်ခု သန်းနေပါတယ်။

ကျုပ်စိတ်ထဲမှာ အတွေးတစ်ခု ဝင်လာပါတယ်။ "ကျွန်မဟာ ဂင်ပယ်တို့ လိမ်ညာလှည့်စားခဲ့ပါတယ်။ ကျွန်မရဲ့ တိုတောင်းလှတဲ့ ဘဝရဲ့အဓိပ္ပာယ်၊ ဘဝရဲ့ အနှစ်သာရဟာ အဲဒါပါပဲရှင်"လို့ သူ့ပါးစပ်က ပြောနေသလိုလို စိတ်ကူးယဉ်နေမိတဲ့ အတွေးပါ။

□

(၄)

အယ်လ်ခါရဲ့ အသုဘကိစ္စ ဝိစ္စတွေအပြီး တစ်ညမှာပေါ့ ကျုပ်ဟာ ဂျုံအိတ်ပုံပေါ်မှာလှဲပြီး တွေးမိတွေးရာတွေ လျှောက်တွေးနေမိပါတယ်။ အဲဒီအခိုက်မှာပဲ မိစ္ဆာဝိညာဉ်ဟာ သူကိုယ်တိုင် ကျုပ်ဆီရောက်လာပြီး "ဟေ့ .. ဂင်ပယ် မင်းက ဘာ့ကြောင့် အိပ်နေရတာလဲ .. ကွ"လို့ မေးပါတယ်။

"ကျုပ် မအိပ်လို့ ဘာလုပ်ရမှာလဲ ဒီအချိန်ကြီးမှာ မုန့်ထိုင်စားနေရမှာလား"လို့ သူ့ကို ပြန်ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. ဂင်ပယ် မင်းသိရဲ့လား၊ မင့်ကို တစ်လောကလုံးက ဝိုင်းပြီး လှည့်စားခဲ့ကြတာ .. ကွ"လို့ သူက ပြောပါတယ်။ "မင်းကလည်း မင့်အလှည့် ကျတော့ ဒီလူတွေကို ပြန်ပြီး လှည့်စားသင့်တယ်ကွ"

"ဟာ .. ကျုပ်က တစ်လောကလုံးကို ဘယ်လိုလုပ်ပြီး လှည့်စားနိုင်မလဲ .. ဗျာ"လို့ ကျုပ်က ပြန်ပြောပါတယ်။

"မင်း .. ကွာ၊ လွယ်ပါတယ်၊ နေ့စဉ် မင်းရဲ့သေးတွေကို ပုံးတစ်ပုံးနဲ့ ထည့်ထားကွ။ ညကျတော့ မင့်ရဲ့ ပေါင်မုန့်လုပ်ဖို့ နယ်ထားတဲ့ မုန့်နယ်တုံးတွေထဲ ထည့်ပေး။ အဲဒီနည်းနဲ့ မင်းရဲ့ ဖရမ်ပိုမြို့က လူလိမ် လူညာ လူကပ်ပါး ပညာရှင်ကြီးတွေကို ဂျုံနဲ့ မင်းသေးနဲ့ ရောလုပ်ထားတဲ့ ပေါင်မုန့်တွေကိုကျွေးပေါ့ .. ကွ" တဲ့။

"အဲသလို လုပ်လိုက်ရင် ဒီကမ္ဘာလောကကြီးထဲမှာ ကျုပ်ကို ဘယ်လို ဝေဖန်ပြီး ဘယ်လိုဆုံးဖြတ်ကြမလဲ"လို့ ကျုပ်က ပြန်မေးတယ်။

အဲဒီတော့သူက .. "အံမယ်ကွာ မင့်လုပ်ရပ်ကို ဝေဖန်ဆုံးဖြတ်မယ့် ကမ္ဘာလောကဆိုတာ မရှိပါဘူးကွ။ သူတို့ကိုယ်တိုင်ကလည်း သူတို့ပစ္စည်းတွေ မင့်ကို လိမ်ညာပြီး ရောင်းထားကြတာပဲ မဟုတ်လား။ ကုန်ကုန်ပြောလိုက်မယ်ကွာ မင့်ဗိုက်ထဲမှာ ကြောင်တစ်ကောင်ရောက်နေပြီဆိုတဲ့ စကားကိုတောင် မင်းယုံကြည်လာအောင် ပြောကြတဲ့ ကောင်တွေပဲ။ မင်းဘက်က ဂရုစိုက်နေစရာ လိုသေးလား" လို့ ပြောပါတယ်။

"ဒါဆိုရင် ကျုပ်မေးမယ် .. ဘုရားသခင်ကော ရှိသလား"လို့ ကျုပ်က မေးတယ်။

"ဟာ ဘုရားသခင်ဆိုတာလဲ မရှိပါဘူးကွာ .. အလကားပါ" တဲ့။

"ဒါဆိုရင် ဒီကမ္ဘာကြီးထဲမှာ ဘာများရှိသေးလဲ"လို့ ကျုပ်ကပြန်ပြောတော့ ... "ရွှံ့တွေ ဗွက်တွေ ထူထပ်တဲ့ ညွှန်တောကြီးပေါ့ .. ကွ" တဲ့။

သူဟာ ကျုပ်ရှေ့မှာရပ်နေတာ အကြာကြီးပဲ မုတ်ဆိတ်က တိုနံ့နံ့နဲ့၊ ချိုကြီးနှစ်ဖက်ကလည်း ထောင်လို့၊ အစွယ်ကြီးတွေကလဲ အပြင်ကို ထွက်နေတယ်။ ဖင်မှာလည်း အမြီးကြီး တန်းလန်းကျနေတယ်။ သူ့စကားတွေကိုကြားတော့ ကျုပ် သူ့ကို အမြီးကဆွဲပြီး ဆောင့်လှဲပစ်လိုက်ချင်တဲ့စိတ် ပေါ်လာတယ်။

အဲဒီတုန်းမှာပဲ ကျုပ်ဟာ ဂျုံအိတ်ပုံပေါ်က လိမ့်ကျသွားတယ်။ ကျတာမှ ရွှမ်းထိုးမှောက်ခုံကျတာ .. ဗျ။ ကံကောင်းလို့သာ နံရိုးတွေ ကျိုးမကုန်တာ။



ရုတ်တရက် ကျုပ်စိတ်ကို သဘာဝတရားက လွှမ်းမိုးချုပ်ကိုင်တာ ခံလိုက်ရတယ်။ မုန့်နယ်တုံးကြီးက ကျုပ်ကို လှမ်းကြည့်ပြီး .."သူပြောသွားတဲ့အတိုင်း လုပ်ပါ့လား"လို့ ပြောနေတယ်။ ကျုပ်ဟာ ဖြားယောင်းသွေးဆောင်မှုနောက်ကို လိုက်သွားပါတယ်။

အရုဏ်တက်တော့ ဟိုကောင်လေး ရောက်လာတယ်။ ကျုပ်တို့နှစ်ယောက် ပေါင်မုန့်တွေ ဖုတ်ကြတယ်။ အလုပ်ပြီးလို့ ကောင်လေးပြန်သွားတော့ ဖိုထဲမှာ ကျုပ်တစ်ယောက်တည်း ထိုင်လျက် ကျန်ရစ်ခဲ့တယ်။ "ဂင်ပယ် .. မင်းသူတို့ကို လက်စားချေတော့မယ် ဆိုပါတော့။ သူတို့က မင့်အပေါ်မှာ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်ခဲ့သမျှအတွက် မင်းက အခုအတိုးချပြီး လက်စားချေရတော့မှာပေါ့"လို့ တွေးနေမိတယ်။

အပြင်မှာတော့ ဆီးနှင်းတွေဟာ အဆက်မပြတ် ကျနေတယ်။ မီးဖိုကြီးသားမှာတော့ နွေးနေတာပဲ။ မီးအပူရှိန်ဟာ ကျုပ်မျက်နှာကို ဟပ်နေတယ်။ ကျုပ်ခေါင်းဟာ ရှေ့ကို ငိုက်စိုက်ကျသွားတယ်။ ကျုပ်ဟာ မှေးခနဲ အိပ်ပျော်သွားတယ်။

ချက်ခြင်းပဲ အိပ်မက်တစ်ခု ဝင်လာတယ်။ အိပ်မက်ထဲမှာ မြုံစောင်ကလေး ပတ်ပြီး ရပ်နေတဲ့ အယ်လ်ခါကို မြင်ရတယ်။ သူက ကျုပ်ကို လှမ်းခေါ်ပြီး .. "ရှင်ဘာတွေ .. လုပ်လိုက်တာလဲ .. ဂင်ပယ်"လို့မေးတယ်။

"ဒါဟာ အားလုံး နင်လုပ်လို့ဖြစ်တာ၊ နင့်အပြစ်တွေချည်းပဲ"လို့ ကျုပ်က သူ့ကို ပြန်ပြောပြီး ရှိုက်ကြီးတငင် ငိုချလိုက်မိတယ်။

"ရှင်အရူးပဲ"လို့ သူက ပြောတယ်။ "ကျွန်မ အမှားလုပ်တာနဲ့ အရာရာတိုင်းဟာ အမှားတွေချည်း ဖြစ်ရမှာလား။ ကျွန်မဟာ ကျွန်မကိုယ် ကျွန်မပဲ လိမ်ညာလှည့်စားခဲ့တာ၊ တခြားဘယ်သူ့ကိုမှ မလိမ်မညာ မလှည့်စားခဲ့ဘူး။ အခုဆိုရင် ကျွန်မလုပ်ခဲ့တဲ့ အမှားတွေအတွက် ကျွန်မမှာ ခါးစည်းပြီး ခံနေရပြီ ဂင်ပယ် -- ရဲ့"

ကျုပ် သူ့မျက်နှာကိုကြည့်လိုက်တယ်။ မျက်နှာတစ်ခုလုံး မဲနက်နေတာပဲ။ ကျုပ် ဖျတ်ခနဲ လန့်နိုးလာတယ်။ ကျုပ်အခု ပြုတော့မယ့် အမှားဟာ ကျုပ်ရဲ့ ဘဝတစ်ခုလုံးကို နစ်မွန်းစေတော့မှာပါကလား .. အော် .. တော်ပါသေးရဲ့ ဘုရားသခင်က ကျုပ်ကို အသိဝင်လာအောင် ကူညီခဲ့ပေလို့ပေါ့...။

ကျုပ်ဟာ ဂေါ်ပြားရှည်ကြီးကို သွားယူပြီး ဖိုကြီးထဲက ပေါင်မုန့်တွေကို ဆွဲ .. ဆွဲထုတ်တယ်။ အားလုံးကိုစုပြီး အိမ်ဝင်းတစ်နေရာမှာ ပုံထားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဆီးနှင်းခဲတွေ ဖုံးအုပ်နေတဲ့ တစ်နေရာမှာ တွင်းတစ်တွင်း တူးလိုက်တယ်။

ကျုပ် တွင်းတူးနေခိုက်မှာပဲ ကျုပ်ရဲ့ လက်ထောက် အလုပ်သမားကောင်လေးရောက်လာတယ်။ "ခင်ဗျား .. ဘာတွေ လျှောက်လုပ်နေတာလဲ .. ဗျာ" လို့ သူကမေးတယ်။ သူ့မျက်နှာကလည်း ဖြူရော်ရော်ဖြစ်နေတယ်။

"ငါ့အလုပ်ကို ငါသိပါတယ်ကွာ" လို့ ကျုပ်က ပြန်ပြောပြီး သူ့မျက်စိအောက်မှာပဲ ပေါင်မုန့်အားလုံးကို တွင်းထဲ ထည့်မြှုပ်လိုက်တယ်။

အဲဒီနောက်တော့ ကျုပ်အိမ်ပြန်ခဲ့တယ်။ ကျုပ် နှစ်ရှည်လများ စုဆောင်းထားတဲ့ အဖိုးတန်ပစ္စည်းတွေကို ထုတ်ယူပြီး ကလေးတွေကို တစ်ခုစီ အညီအမျှ ခွဲဝေပေးလိုက်ပါတယ်။ ပြီးတော့ .. "ဒီည ငါမင်းတို့အမေကို မြင်ခဲ့တယ်။ သူ့တစ်ကိုယ်လုံးဟာ မီးသွေးခဲလိုပဲ မည်းနက်နေတယ်။ သနားစရာကောင်းလိုက်တာကွာ" လို့ သူတို့ကို ပြောပြလိုက်တယ်။

ကျုပ်စကားကြားတော့ သူတို့အားလုံး အံ့အားသင့်နေကြတယ်။ စကားတောင် မပြောနိုင်ကြဘူး။ "ကောင်းကောင်းနေကြပါကွာ" လို့ ကျုပ်က ပြောတယ်။ "ပြီးတော့လဲ ဂင်ပယ်ဆိုတဲ့ လူတစ်ယောက်ရှိခဲ့တယ်ဆိုတာကိုလည်း မင်းတို့အားလုံး မေ့ပစ်လိုက်ကြပါ"

ကျုပ်ဟာ ကုတ်အင်္ကျီကို ယူဝတ်လိုက်တယ်။ ရှူးဖိနပ်တစ်ရံနဲ့ ကျမ်းစာအုပ်ကိုလည်း ယူလိုက်တယ်။ ပြီးတော့ အိမ်ထဲက ထွက်လာခဲ့တယ်။ လမ်းပေါ်မှာတွေ့တဲ့လူတွေက ကျုပ်ရဲ့ ပုံပန်းကိုကြည့်ပြီး အံ့အားသင့်နေကြတယ်။

"ခင်ဗျားက ဘယ်သွားမလို့လဲ" လို့ မေးကြတယ်။

"ကမ္ဘာလောကကြီးထဲကို သွားတော့မလို့"

ကျုပ်ပေးတဲ့ အဖြေကတော့ အဲဒါပဲ။ အဲဒီနေ့ကပဲ ကျုပ်ဟာ ဖရမ်ပိုမြို့ကို အပြီးအပိုင် စွန့်ခွာလာခဲ့တယ်။

ကျုပ်ဟာ ကမ္ဘာကြီးထဲမှာ ခရီးဆန့်ခဲ့ပါတယ်။ လူကောင်း သူကောင်းတွေကတော့ ကျုပ်ကို မပစ်ပယ်ကြပါဘူး။ နှစ်ပေါင်းများစွာ ကုန်လွန်လာတဲ့အခါမှာတော့ ကျုပ်ဟာ လူအိုကြီးဖြစ်လာတယ်။ ဆံပင်တွေ၊ မုတ်ဆိတ်တွေ၊ မျက်ခုံးမွေးတွေကလည်း ဖြူကုန်ပြီ။ လိမ်တာညာတာတွေ၊ မမှန်မကန် ပြောကြဆိုကြတာတွေကို အများကြီး ကြားခဲ့ရပါတယ်။ ဒါပေမယ့် အသက် တစ်နေ့တခြား ကြီးလာလေလေ အဲဒီစကားတွေအားလုံးကို လိမ်ညာမှုတွေမဟုတ်ဘူးလို့ နားလည်လေ ဖြစ်လာ



ခဲ့ရပါတယ်။

ည ညကျရင် မဖြစ်သေးတဲ့အဖြစ်တွေကို ကျုပ်အိပ်မက်ထဲမှာ မြင်ရတယ်။ တချို့အဖြစ်တွေဟာ ဒီတစ်ယောက်မှာ မဖြစ်ပေမယ့် နောက်တစ်ယောက်မှာ ဖြစ်နေတာ တွေ့ရတယ်။ ဒီနေ့မဖြစ်ရင် မနက်ဖြန်ကျတော့ ဖြစ်တာပဲ။ နောက်နှစ်မှာ မဖြစ်ရင် နောက်နှစ်ပေါင်းများစွာကြာတော့ ဖြစ်လာတာပဲ။ ကျုပ်ရဲ့ နားထဲမှာ "ဟောဒါမျိုးကတော့ မဖြစ်နိုင်ပါဘူးကွာ" လို့ ပြောသံကြားရပေမယ့် နောက်တစ်နှစ်မှ မပြည့်သေးခင် အဲဒီမဖြစ်နိုင်ဘူးလို့ ထင်ထားတဲ့ ဖြစ်ရပ်ဟာ တစ်နေရာမှာ ဖြစ်သွားတယ်လို့ ကြားရသိရတယ်။

ကျုပ်ဟာ တစ်နေရာက တစ်နေရာကိုသွားတယ်။ ထူးဆန်းတဲ့စားပွဲတွေမှာ ထိုင်ပြီးစားသောက်ခဲ့တယ်။ ကလေးတွေက ကျုပ်နောက်ကို ပြေးလိုက်ပြီး "ဖိုးဖိုး .. ပုံပြောပါဦး" လို့ ဝိုင်းပြီး ပူဆာကြတယ်။ ကျုပ်ကလည်း သူတို့ကျေနပ်အောင် ပြောပြပါတယ်။ ဝဝကစ်ကစ် သူငယ်တစ်ယောက်က "ဖိုးဖိုးကလဲဗျာ ဒီပုံကို အရင်ကလည်း ပြောခဲ့ပြီးပြီ" လို့ပြောတယ်။ အင်း ဟုတ်တာပဲ သူပြောတာလည်း မှန်တာပဲ။

ကျုပ်သွားလေရာ ရောက်လေရာမှာ အိပ်မက်တွေကလည်း ရှိနေတုန်းပဲ။ ကျုပ် ဖရမ်ပိုက ထွက်လာခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပေမယ့် ကျုပ်ရဲ့ မျက်စိတွေကို အိပ်လိုက်တာနဲ့ တစ်ပြိုင်နက် ကျုပ်ဟာ ဖရမ်ပိုကို ပြန်ရောက်သွားတာပဲ။ ပြန်ရောက်သွားတဲ့အခါတိုင်း ကျုပ်ဘယ်သူ့ကို မြင်တယ်ထင်သလဲ အခြားလူ မဟုတ်ဘူး၊ အယ်လ်ခါပဲ။ ကျုပ်နဲ့သူ ပထမဆုံးတွေ့ကြတုန်းကပုံစံပဲ သူဟာ အဝတ်လျှော်တဲ့ စည်ပိုင်းတစ်ခုနားမှာ ရပ်နေတယ်။ ဒါပေမယ့် တစ်ခုထူးခြားတာက သူ့ပုံပန်းဟာ အရင်အိပ်မက်တွေထဲကလို မဟုတ်တော့ဘူး။

သူ့မျက်နှာဟာ ဝင်းလက်နေတယ်။ မျက်လုံးတွေကလည်း အရောင်တလက်လက်ထွက်နေတယ်။ နှုတ်ကလည်း ထူးဆန်းတဲ့စကားတွေပြောနေတယ်။ ဒါပေမယ့်၊ ကျုပ်အိပ်ရာက နိုးလာရင် အိပ်မက်ထဲမှာ မြင်ခဲ့၊ တွေ့ခဲ့၊ ကြားခဲ့သမျှအားလုံးကို မေ့သွားတာပဲ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ အိပ်မက်ထဲမှာတော့ ကျုပ်ဟာ စိတ်ချမ်းသာနေတယ်။ သူကလည်း ကျုပ်မေးသမျှကို ဖြေတယ်။ ကျုပ်ကလည်း ငိုယိုပြီး "ငါမင်းနဲ့ နေပါရစေ" တော့လို့ အသနားခံမိတယ်။

သူကလည်းကျုပ်ကို ဖြောင်းဖြတဲ့စကားတွေ ပြောပြီး၊ စိတ်ရှည်ပါလို့ တိုက်တွန်းတယ်။ အချိန်ဟာ အရင်ကလောက် မဝေးတော့ပါဘူး၊ နီးကပ်လာပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတရံမှာတော့ သူဟာ ကျုပ်ကို တယုတယနဲ့ နမ်းပြီး ငိုရှာပါတယ်။ သူ့ မျက်ရည်ပေါက်တွေဟာ ကျုပ်မျက်နှာပေါ်ကို ကျနေတယ်။ ကျုပ်လန့်နိုးလာရင် ကျုပ်ရဲ့နှုတ်ခမ်းတွေပေါ်မှာ သူ့နှုတ်ခမ်းတွေရဲ့ အထိအတွေ့ အငွေ့အသက်ဟာ ကျန်နေဆဲပါ။

ကမ္ဘာကြီးဟာ စိတ်ကူးယဉ်ကမ္ဘာကြီးတစ်ခုပဲဆိုတာ ယုံမှားသံသယဖြစ်စရာ မလိုပါဘူး။ ဒါပေမယ့် တစ်ချိန်တုန်းကတော့ စစ်မှန်တဲ့ ကမ္ဘာကြီးထဲက ဖယ်ထုတ် လာခဲ့တာပါ။ ကျုပ် လဲလျောင်းနေတဲ့ တဲကုပ်ရဲ့ တံခါးဝမှာတော့ လူသေတွေကို ထည့်တဲ့ အခေါင်းတစ်လုံး ထည့်ထားပါတယ်။ သင်္ချိုင်းက တွင်းတူးသမား ရဟူဒီကတော့ အလောင်းမြှုပ်ဖို့ တွင်းတစ်တွင်း အဆင်သင့်ဖြစ်အောင် တူးနေပါပြီ။ တွင်းကတော့ အသင့်စောင့်စားနေပါတယ်။ မြေကြီးထဲက ပိုးကောင်၊ လောက်ကောင်၊ တီကောင်တွေကလည်း ဆာလောင်မွတ်သိပ်နေလောက်ပါပြီ။

အလောင်းကို ပတ်ထုပ်မယ့် အဝတ်တွေကိုလည်း ပြင်ဆင်နေကြပါပြီ။ ဒီအဝတ်တွေ ကျုပ်ကိုယ်တိုင် ကျုပ်ရဲ့ သူတောင်းစား အိတ်ကြီးထဲမှာ အသင့်ထည့် ထားတယ် မဟုတ်လား။ အရှက်ကင်းမဲ့တဲ့ သူတောင်းစားတစ်ယောက်ကတော့ ကျုပ်ရဲ့ ကောက်ရိုးအိပ်ရာကိုယူဖို့ အသင့်စောင့်နေပါတယ်။

အချိန်ကျရင် ကျုပ်ဟာ ပျော်ပျော်ပါးပါး သွားမှာပါ။ ဟိုလောကမှာ ဘာတွေပဲရှိရှိ ရှိသမျှအားလုံးဟာ အစစ်မှန်တွေချည်း ဖြစ်မှာပါ။ ရှုပ်ထွေးမှုတွေ၊ ခက်ခဲမှုတွေ၊ လှောင်ပြောင်သရော်မှုတွေ၊ ပရိယာယ် မာယာများမှုတွေနဲ့ လိမ်လည်လှည့်ဖြားမှုတွေလည်း ရှိမှာမဟုတ်ပါဘူး။ အဲဒီလောကမှာ ဂင်ပယ်လို လူစားမျိုးတောင်မှ လိမ်တာ ညာတာ လှည့်စားတာကို ခံရမယ်မဟုတ်ပါဘူး။

GIMPLE THE FOOL

ISAAC BASHEVIS SINGER

□

# ငွေ

အန်သိုနီရှော့ခ်ဝေါလ်သည် 'ရှော့ခ်ဝေါလ်ဆပ်ပြာ' ထုတ်လုပ်ရောင်းချသော လုပ်ငန်းဖြင့် ဒေါ်လာသန်းဝေါင်းများစွာ ရရှိကြွယ်ဝလာသူဖြစ်၏။ သူသည် နယူးယောက်မြို့တော်၏ ပဉ္စမရိပ်သာလမ်းထဲရှိ သူ့အိမ်ကြီး၏ ပြတင်းပေါက်နားသို့ရပ်ကာ သူ့အိမ်နီးချင်း ဆူဖော့ဂျူးအား လှမ်းမျှော်ကြည့်နေသည်။ ဤအိမ်နီးချင်းသည် နယူးယောက်မြို့တော်၏ ခေတ်ဟောင်းမိသားစု အသိုင်းအဝိုင်း ထုံးစံအတိုင်း အလွန် မာန်မာနကြီးသူတစ်ဦး ဖြစ်ချေသည်။ အခုလည်း အိမ်ထဲမှ ထွက်လာသော ဆူဖော့ဂျူးသည် ခါတိုင်းလိုပင် အန်သိုနီရှော့ခ်ဝေါလ်၏ နေအိမ်ဘက်သို့ တစ်ချက်မျှ လှမ်းကြည့်သည်။ အကြည့်မှာ ထုံးစံအတိုင်း လူချမ်းသာ ဆပ်ပြာသည်အား အထင်အမြင်အလွန်သေးသည့် အကြည့်မျိုးဖြစ်၏။

"အင်း .. ဒီအိမ်ကို လာမယ့်နွေရာသီကျရင် ဆေးဝါ၊ ဆေးဖြူနဲ့ ဆေးပြောင် ရောင် သုတ်လိုက်ဦးမှဖြစ်မယ်"

ဟု ဆပ်ပြာဘုရင် အန်သိုနီရှော့ခ်ဝေါလ်က ရေရွတ်သည်။

"အဲဒီအခါကျရင် ဒီဘဲကြီး ဘယ်လိုသဘောထားမလဲဆိုတာ ကြည့် ကြသေးတာပေါ့"

ထို့နောက် အန်သိုနီရှော့ခ်ဝေါလ်သည် နောက်သို့ ချာခနဲလှည့်၍ အကျယ်လောင်သော အသံဖြင့် ...

"မိုက်ခ်ရေ .. ဟေး .. မိုက်ခ်"

ဟုအော်သည်။ သူသည် အိမ်စေကိုခေါ်သည့် အခါတိုင်း ခေါင်းလောင်း တီးတီး၍ ခေါ်တတ်သော အလေ့အထမရှိ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်စေရောက်လာသည့်အခါ …

"ဟော့ကောင် မိုက်ခ်။ ငါ့သားကို ပြောလိုက်စမ်း အပြင်မသွားခင် ငါ့ဆီ ထလာခဲ့ဦးလို့"

ဟု ရော့ခ်ဝေါလ်က ပြောသည်။

သူ့အခန်းထဲသို့ သူ့သား ဝင်လာသည့်အခါ အဘိုးကြီး ရော့ခ်ဝေါလ်သည် ဖတ်နေသော သတင်းစာကို ဘေးနား၌ ချထားလိုက်သည်။

"ဒီမယ်ဟေ့ ရစ်ချတ် မင်းသုံးနေတဲ့ ဆပ်ပြာအတွက် မင်းက ဘာပေးသလဲ"

ဟု မေးသည်။

ရစ်ချတ်သည် ကောလိပ်ကျောင်းမှ ပညာပြီးဆုံးခဲ့သည်မှာ မကြာသေး၊ လွန်ခဲ့သော ခြောက်လကမှဖြစ်သည်။ သူသည် အိမ်၌ ဖခင်နှင့်အတူနေရန် ပြန်ရောက်လာခြင်းဖြစ်၏။ သူသည် ယခုအချိန်အထိ သူ့အဖေကို နားမလည်သေး။ သူ့အဖေ၏ အပြုအမူနှင့် အပြောအဆိုများသည် သူ့အဖို့ အံ့အားသင့်စရာတွေချည်း ဖြစ်နေသည်။

"ဆပ်ပြာ ဆယ့်နှစ်တုံးကို ခြောက်ဒေါ်လာပေးရတယ် .. အဖေ"

ဟု ရစ်ချတ်က ဖြေသည်။

"မင်းဝတ်ထားတဲ့ အဝတ်အစားကျတော့ကော"

"ထုံးစံအတိုင်း ဒေါ်လာခြောက်ဆယ်ပေါ့ .. အဖေရာ"

"မင်းဟာ လူကြီးလူကောင်းတစ်ယောက်ကွ"

ဟု သူ့အဖေက ပြောသည်။

"ဆယ့်ပြာဆယ့်နှစ်တုံးကို နှစ်ဆယ့်လေးဒေါ်လာ ပေးဝယ်ပြီး အဝတ်အထည်တစ်စုံအတွက် ဒေါ်လာတစ်ရာကျော် သုံးနေကြတဲ့ လူငယ်တွေအကြောင်း ငါကြားဖူးတယ်။ မင်းလည်း သူတို့လိုပဲ ငွေကို ရေလိုသုံးနိုင်လောက်အောင် ချမ်းသာနေတာပဲ။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ မင်းသုံးတာဟာ အကြောင်းတော့ လုံလောက်ရမယ်။ ငါကိုယ်တိုင်ကတော့ ရော့ခ်ဝေါလ်ဆပ်ပြာပဲ သုံးတယ်။ ဘာပြု လို့လဲဆိုတော့ ဒီဆပ်ပြာက အကောင်းဆုံးမို့ပေါ့"

"အေး .. မင်းဟာ လူကြီးလူကောင်းတစ်ယောက်ပဲ ဆပ်ပြာတစ်တုံးကို ဆယ်ဆင့်ကျော်သာမကဘူး။ ဆယ့်ငါးဆင့်အထိပေးလည်း ဖြစ်တာပဲ၊ လူတွေက လူတစ်ယောက်ဟာ လူကြီးလူကောင်းတစ်ယောက်မဟုတ်ရင် သူက မွေးတဲ့ သူ့



သားဟာ လူကြီးလူကောင်းတစ်ယောက် ဖြစ်မလာနိုင်ဘူးလို့ ပြောနေကြတယ်။ ပြီးတော့ သူ့သားရဲ့ သားကျရင်တော့ လူကြီးလူကောင်းတစ်ယောက် ဖြစ်ချင်ဖြစ် လာနိုင်တယ်တဲ့။"

"ငါကတော့ သူတို့ပြောတာ မှားတယ်လို့ ထင်ထားတယ်။ ငွေက ဘာကို မဆို မြန်မြန်ဖြစ်သွားအောင် လုပ်နိုင်တာပဲကွာ။ အခုဆိုရင်ကြည့် ငွေက ငါ့ကို လူကြီးလူကောင်းတစ်ယောက်ဖြစ်အောင် လုပ်ပေးထားပြီ။ ငါဟာ ငါတို့အိမ်ရဲ့ ဟိုဘက်ဒီဘက်မှာနေတဲ့ လူကြီးလူကောင်းနှစ်ယောက်နဲ့ အတူတူ ဖြစ်နေပြီ။ အခုဆိုရင် ငါ့အပြုအမူတွေဟာ သူတို့ဆိုးသလောက် ဆိုးနေပြီ။ ဒါပေမယ့် ဒီအိမ်ထဲမှာ ဆပ်ပြာသည်တစ်ယောက် လာနေတဲ့အတွက် စိတ်တွေ ဗယောက်ဗယက်ဖြစ်ပြီး ညညကျ အိပ်လို့ မပျော်ကြတော့ဘူးကွ"

"ငွေက ဘာမှ လုပ်မပေးနိုင်တဲ့ဟာတွေ အများကြီးရှိနေတာကို အဖေမှ မသိဘဲ"

ဟု ရစ်ချတ်က စိတ်ထိခိုက်သံဖြင့် ပြောသည်။

"အဲသလို .. မပြောနဲ့လေကွာ"

ဟု အဘိုးကြီး အန်သိုနီက ပြန်ပြောသည်။

"ငွေနဲ့သာဆိုရင် ဘာမဆို အချိန်မရွေး အောင်မြင်နေတာကွ။ ငွေနဲ့ဝယ်လို့မရတဲ့ ပစ္စည်းရှိတယ်လို့ ငါဖြင့်မကြားဘူးပေါင်ကွာ။ ငွေနဲ့ဝယ်မရတဲ့ ပစ္စည်းရှိရင် ငါ့ကို ပြောပြစမ်း။ အေး .. မင်းကိုငါ ပြောချင်တာတွေ အများကြီးရှိတယ်။ မင်းကိုကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲ။ ငါရိပ်မိနေတာ နှစ်ပတ်လောက်ရှိသွားပြီ။ ဘာဖြစ်နေတာလဲ ငါ့ကိုပြောပြ။ ငါမင်းကို ကူညီမယ်၊ နှစ်ဆယ့်လေးနာရီအတွင်း ငါ့လက်ထဲကို ဒေါ်လာဆယ့်တစ်သန်း ရောက်လာနိုင်တဲ့လူဆိုတာ မင်းမမေ့မပစ်နဲ့။ ကဲ .. ပြောစမ်း .. မင်းဘာဖြစ်နေသလဲ။ နေမကောင်းဘူးလား"

"တချို့လူတွေကတော့ အခုလိုဖြစ်လာရင်လည်း နေမကောင်းဘူးလို့ ပြောလေ့ရှိတာပဲ"

"အိုး .. ငါသိပြီ"

ဟု အန်သိုနီက ရေရွတ်သည်။

"သူ့နာမည်က ဘယ်သူလဲ၊ မင်းက ဘာကြောင့် လက်ထပ်ဖို့ မပြောတာလဲ။ မင်းနဲ့သာ လက်ထပ်ရင် သူ ဝမ်းသာမှာ သေချာတယ်။ မင်းမှာ ငွေလည်း ချမ်းသာတယ်၊ ရုပ်လည်း ချောတယ်၊ သဘောလည်းကောင်းတယ်။ မင်းမှာ နာမည်

www.burmeseclassic.com



ထိရောလည်း မရှိဘူး။ ရှော့ခ်ဝေါလ် ဆပ်ပြာနဲ့လည်း မင်းမှာ ပတ်သက်စရာ မဲ့တော့ရှိဘူး''

''သူ့ကိုပြောဖို့ အခါအခွင့်ကို မရတာအဖေရဲ့''

ဟု ရစ်ချတ်က ပြောသည်။

''အခါအခွင့်ကို လုပ်ယူပေါ့ကွာ၊ ငါ့သားကလည်း''

ဟု အန်သိုနီက ပြောသည်။

''သူ့ကိုခေါ်ထုတ်ပြီး ပန်းခြံထဲ လမ်းလျှောက် ထွက်ရင်ထွက်၊-ဒါမှမဟုတ် ဘုရားရှိခိုးကျောင်းကအပြန် သူ့ကို အိမ်လိုက်ပို့ပေး၊ ဒါဆို ရတာပဲ''

''အဖေက ချမ်းသာတဲ့ မိန်းကလေး တစ်ယောက်ရဲ့ ဘဝကို သိမှမသိတာ။ သူ့မှာရှိနေတဲ့ အချိန်တိုင်း၊ မိနစ်နဲ့အမျှ လုပ်စရာအလုပ်တွေ စီစဉ်ထားပြီးသား အဖေရဲ့။ ကျွန်တော်ကလည်း သူ့ကို ရမှဖြစ်မှာ။ သူ့ကိုမှ မရရင် လောကကြီးမှာ ကျွန်တော့်အတွက် အလကားပဲ။ ကျွန်တော် သူ့ကို/ချစ်နေကြောင်းလည်း စာနဲ့ရေး မပြောချင်ဘူး''

''မင်း ငါ့ကိုပြောနေတာက ငါ့ငွေတွေနဲ့ မင်းကောင်မလေးဆီက အချိန် တစ်နာရီ နှစ်နာရီ လောက်တောင် ရအောင်ဝယ်နိုင်မှာ မဟုတ်ဘူးဆိုတဲ့ သဘောလား''

''ကျွန်တော် ပြောဖို့ စောင့်နေတာ ကြာပြီအဖေ။သူက သန်ဘက်ခါဆိုရင် ဥရောပဘက် ခရီးထွက်ဦးမှာ။ သူ အဲဒီမှာ နှစ်နှစ်လောက်ကြာမယ်။ကျွန်တော့်ကို မနက်ဖြန်ကြရင် နှစ်ယောက်တည်း ခဏတစ်ဖြုတ် တွေ့ခွင့်တော့ ပေးထားတယ်။ သူက မြို့ထဲကို မီးရထားနဲ့ လာမှာ။ ကျွန်တော်က မြင်းရထားနဲ့ သွားကြိုပြီး ဓာတ်ရုံကို ပို့ပေးရမယ်။သူ့အမေနဲ့ မိတ်ဆွေတွေက ဟိုက စောင့်နေကြမယ် ဆိုတော့ မြင်းရထားကို အချိန်မီရောက်အောင် အမြန်မောင်း ပို့ရမှာ။ လမ်းမှာပြောလို့ သူက နားထောင်မယ် ထင်သလား။ ထောင်မှာမဟုတ်ဘူး။ ဓာတ်ရုံ ထဲကျမှ ပြောမယ် ဆိုရင်ကော၊ လုံးဝ မဖြစ်နိုင်ဘူး။ ပွဲပြီးမှ ပြောရင်ကော၊ လုံးဝအချိန်ရမှာ မဟုတ်ဘူး။ အဲဒါပဲ အဖေ။ အဖေ့ငွေက မကူညီနိုင်တဲ့ ဒုက္ခက အဲဒါပဲ။ အဖေ့ငွေနဲ့ သူ့ဆီက အချိန် တစ်မိနစ်တောင် ဝယ်လို့ရမှာ မဟုတ်ဘူး။ တကယ်လို့ ကျွန်တော်က ဝယ်လို့ ရနိုင်ရင်တော့ လူချမ်းသာတွေ အသက်ရှည်ကြမှာပဲ။ သူ သဘော်နဲ့ ခရီး မထွက်ခင် စကား ကြာကြာပြောခွင့် ရဖို့ကတော့ မျှော်လင့်ချက် မရှိတော့ပါဘူး''

''ဒီမယ် လူကလေး။ ဖျားတာ နာတာ မဟုတ်ဘူးဆိုတာ သိရလို့ ငါဝမ်းသာပါတယ်''



ဟု အန်သိုနီက ပြောသည်။

''အချိန်ကို ငွေနဲ့ဝယ်လို့ မရဘူးလို့ မင်းပြောတယ်။အေးပေါ့လေ ရှိသမျှ အချိန် အားလုံးကိုတော့ ဝယ်လို့ရချင်မှ ရမှာပေါ့။ ဒါပေမယ့် ငွေနဲ့ အနည်း အကျဉ်းလောက် ဝယ်လို့ရတာတော့ အဖေ တွေ့ခဲ့ဖူးပါတယ်ကွာ''

× × ×

ထိုနေ့ ညနေပိုင်းတွင် အန်သိုနီ၏နှမ အယ်လင် ရောက်လာပြီး ချစ်ရေးကိစ္စ ပြဿနာကို ပြောသည်။ ထိုအခါ အန်သိုနီက ...

''သူ ငါ့ကို အားလုံးပြောပြီး ပါပြီ'' ဟု ပြောသည်။

''ငါက ငွေကို ရေလိုသုံးပြီး လုပ်ဖို့ပြောတယ်။ သူက အဖေ ငွေဘယ်လောက်ပဲပေးပေး အလကားပဲတဲ့။ ငွေက ဘာမှမတတ်နိုင်ဘူးလို့ ပြောတယ်''

''ဩော် အစ်ကိုကလည်း ခက်တာပဲ'' ဟု အယ်လင်က ရေရွတ်သည်။

''အစ်ကိုက ငွေအကြောင်း သိပ်မတွေးရင် ကောင်းမှာပဲ။ အချစ်ကိစ္စမှာ ငွေဟာ အလကားပဲ။ အချစ်ဆိုတာက အလွန်တန်ခိုးထက်မြက်တဲ့ အရာတစ်ခု ပါ။ သူ့အနေနဲ့ စောစောစီးစီး ဖွင့်ပြောထားနိုင်ရင်လည်း အကောင်းသား။ ပြော ရင်လည်း မိန်းကလေးက ရစ်ချတ်ကိုတော့ ငြင်းပယ်မယ် မထင်ပါဘူး။ အခုတော့ သိပ်နောက်ကျနေပြီလို့ ကျွန်မထင်တယ်။ ကျွန်မတော့ သိပ်ကို စိတ်ပူနေရပြီ။ အစ်ကို့ငွေတွေက အစ်ကို့သား စိတ်ချမ်းသာမှုအတွက် မကူညီနိုင်တော့ဘူး''

ဟု ညည်းသည်။

× × ×

နောက်တစ်ရက် ညရှစ်နာရီတွင် အယ်လင်သည် ရှေးဟောင်းရွှေလက်စွပ် တစ်ကွင်း ယူလာပြီး ရစ်ချတ်အား ပေးသည်။

''ဒီလက်စွပ်ကို ဒီညဝတ်ထား''

ဟုလည်း အယ်လင်က ပြောသည်။

''မင်းအမေက အန်တီကို ပေးထားခဲ့တာ။ မင်းချစ်တဲ့ မိန်းကလေးတွေ့ ပြီလို့ သိရတဲ့အချိန်ကျရင် မင်းကို ပေးလိုက်ဖို့ မှာသွားတယ်''

ရစ်ချတ်သည် လက်စွပ်ကို ယူဝတ်သည်။ ကွင်းက ကျဉ်းနေသဖြင့် ဝတ်၍ မရ။ သူသည် လက်စွပ်ကို လုံခြုံမည်ဟု ထင်ရသော ကုတ်အင်္ကျီ အတွင်းအိတ် ထဲ ထည့်လိုက်ပြီး မြင်းရထားကို ခေါ်သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘူတာတွင် မစ္စလန်ထရီနှင့်တွေ့သည်။

"ကျွန်မအမေတို့လူစု ကျွန်မကို တမျှော်မျှော် ဖြစ်နေလိမ့်မယ်။ မြန်မြန်လေးသွားမှဖြစ်မှာ"

ဟု မစ္စလန်ထရီက ပြောသည်။ ထိုအခါ ရစ်ချတ်က …

"ဝေါလတ်ဇာတ်ရုံကို အမြန်မောင်းပေတော့ကွာ"

ဟု ရထားသမားအား အမိန့်ပေးသည်။

မြင်းရထားသည် လေးဆယ့်နှစ်လမ်းအတိုင်း ဘရော့ဝေး ဘက်သို့ မောင်းသည်။ ထိုမှတစ်ဆင့် သုံးဆယ့်လေးလမ်းသို့ သွားသည်။

ထိုအခိုက်မှာပင် ရစ်ချတ်သည် ရထားသမားအား ရထားကိုရပ်ရန် ကသောကရော အမိန့်ပေးသည်။

"လက်စွပ်ထွက်ကျနေခဲ့ပြီ"

ဟု ပြောကာ မြင်းရထားပေါ်မှ ဆင်းသည်။

"ကိုယ့်အမေက ပေးထားတဲ့ လက်စွပ်မို့ မဆုံးမခံနိုင်ဘူး။ မကြာပါဘူး တစ်မိနစ်လောက်ပါ။ ဘယ်နေရာမှာ ကျခဲ့တယ်ဆိုတာ ကိုယ်မြင်လိုက်တယ်"

ဟု ထပ်ပြောသည်။

နောက်တစ်မိနစ်မျှ မကြာလိုက်ရစ်ချတ်သည် လက်စွပ်ကိုကိုင်၍ မြင်းရထားပေါ် ပြန်တက်လာသည်။

သို့သော်လည်း ထိုတစ်မိနစ်အတွင်းမှာပင် မြင်းရထားရှေ့၌ ကုန်တင်လှည်းကြီးတစ်စီး ရပ်ထားသည်ကို တွေ့ရ၏။ ရထားသမားသည် လှည်းကြီးကို ဘယ်ဘက်သောမှ ကျော်တက်ရန် အားထုတ်သည်။ သို့သော်လည်း မြင်းရထားတစ်စီးက ရှိနေပြန်သည်။ နောက်ရင်းပြန်လှည့်ဖို့ ဆိုသည်မှာ လုံးဝမဖြစ်နိုင်။ သူ့ မြင်းရထားသည် အလယ်ကောင်တွင် ပိတ်မိနေပြီ။ ဘယ်ဘက်ကိုမှ သွား၍မရတော့။

ယခုကဲ့သို့ ယာဉ်များ ရပ်သွားလေ့ရှိသည်မှာ မြို့တော်ကြီးအတွင်း၌ ဖြစ်လေ့ဖြစ်ထရှိသော ကိစ္စတစ်ခု ဖြစ်ချေသည်။ ရှိရှိသမျှ လှည်းများနှင့် မြင်းရထားများသည် ယခုလို ဖြစ်လာသည့်အခါ ခရီးမဆက်နိုင်တော့ဘဲ တစ်စီးနှင့်တစ်စီး ရောနှော၍ ရပ်ကာ ပိတ်ခံနေရတတ်၏။

"ဘာပြုလို့ ဆက်မမောင်းတာလဲ။ ကျွန်မတို့ နောက်ကျကုန်တော့မှာပဲ"

ဟု မစ္စလန်ထရီက ပြောသည်။

ရစ်ချတ်သည် ထိုင်ရာမှထရပ်ကာ ဘေးပတ်လည်ကို မျှော်ကြည့်သည်။



လှည်းများနှင့် မြင်းရထားများသည် အားလုံးရပ်နေသဖြင့် လမ်းများပိတ်ဆို့ထားသလို ဖြစ်နေသည်။ လမ်းအသီးသီးမှ နောက်ထပ် အဆက်မပြတ် လာနေကြသော လှည်းများနှင့် မြင်းရထားများကိုလည်း တစ်သီတစ်တန်းကြီး မြင်တွေ့နေရ၏။ ရထားသမားများ၏ အော်ဟစ်ဆဲဆိုသံများနှင့် ကြိမ်းမောင်းသံများကိုလည်း ကြားနေရ၏။

"ဒုက္ခပါပဲကွာ"

ဟု ညည်းကာ ရစ်ချတ်သည် သူ့နေရာတွင် ပြန်ထိုင်ချလိုက်သည်။

"ဘယ်လိုမှ မောင်းလို့မရနိုင်တော့ဘူး။ ဒီပုံဆိုရင် တစ်နာရီလောက်တော့ ကြာမှာ။ ကိုယ့်လက်စွပ်ကျနေခဲ့လို့ အခုလိုဖြစ်ရတာ။ လက်စွပ်သာ မကျခဲ့ရင် ကိုယ်တို့ …"

"လက်စွပ်ကို ပြစမ်းပါ။ ကျွန်မကြည့်ချင်တယ်"

ဟု မစ္စလန်ထရီက ပြောသည်။

"မြန်မြန်သွားလို့မှ မဖြစ်တော့တာ ဘာတတ်နိုင်တော့မှာလဲ။ ကျွန်မကလည်း ဇာတ်ရုံကို မသွားချင်ဘူး။ ကျွန်မကဇာတ်ပွဲမှ မကြိုက်တာ"

× × ×

ထိုည ဆယ့်တစ်နာရီတွင် အန်သိုနီ၏ အခန်းတံခါးဝ၌ လူတစ်ယောက် ရောက်လာပြီး တံခါးခေါက်သည်။

"ဝင်ခဲ့လေ …"

ဟု အန်သိုနီက လက်ထဲမှ ဖတ်လက်စ စာအုပ်ကိုချ၍ အော်ပြောသည်။

ဝင်လာသူမှာ အယ်လင်။

"သူတို့လက်ထပ်ကြတော့မယ်အန်သိုနီ"

ဟု အယ်လင်က ဝမ်းသာအားရ ပြောသည်။

"မစ္စလန်ထရီက ကျွန်မတို့ ရစ်ချတ်ကို လက်ထပ်မယ်လို့ ကတိပေးလိုက်ပြီ။ ဇာတ်ရုံကိုအသွားမှာ သူတို့ မြင်းရထားဟာ လမ်းလယ်မှာ ပိတ်မိလို့ ရပ်နေရသတဲ့။ နှစ်နာရီတောင် အချိန်ကြာသတဲ့"

"အစ်ကိုကိုလည်း ညီမ ပြောရဦးမယ် သိလား။ နောက်ကို ဘယ်တော့မှ ငွေအကြောင်း မပြောပါနဲ့တော့။ အခုဟာ ငွေမဟုတ်ဘူး။ ဟိုလက်စွပ်လေးကြောင့် ရစ်ချတ်ခမျာ ဘယ်လောက်များ စိတ်ချမ်းသာသွားရသလဲ။ လမ်းမှာ လက်စွပ်ကျခဲ့လို့ ရထားကိုရပ်ခိုင်းထားပြီး ပြန်ရှာနေတုန်း လမ်းပေါ်မှာ လမ်းတွေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ မြင်းရထားတွေ ပိတ်ကုန်တာ။ မြင်းရထားထဲမှာပဲ ရစ်ချုတ်က ချစ်ရေးဆိုတာ ငွေက ဘာမှမတတ်နိုင်တဲ့ကိစ္စ အခုတော့ ဟန်ကျသွားပြီ"

"အေးပါလေ ငါကတော့ ငါ့သား လိုချင်တာ ရသွားရင် ဝမ်းသာတာပါပဲ"

ဟု အန်သိုနီက ပြောသည်။

"ငါ .. သူ့ကို ပြောခဲ့သားပဲ။ ဒီကိစ္စမှာ ငွေဘယ်လောက်ပဲကုန်ကုန် ကုန်သမျှ ကိုငါက ..."

"တော်ပါ အစ်ကိုရာ၊ အစ်ကို့ငွေက ဘာများလုပ်ပေးနိုင်ခဲ့လို့လဲ"

"ကဲ .. ကဲ ညီမရေ၊ ဇာတ်လမ်းကောင်းတဲ့ ဝတ္ထုလေးတစ်အုပ် ဖတ်နေတယ်။ ထူးဆန်းတဲ့ စွန့်စားခန်း ဝတ္ထုလေးဆိုတော့ အစ်ကို သိပ်စိတ်ဝင်စားနေတယ်။ နောက်ပိုင်း ဘာတွေဖြစ်မယ်ဆိုတာ သိချင်လွန်းလို့ ဆက်ဖတ်ချင်လှပြီ။ အစ်ကို ဆက်ပြီးဖတ်ပါရစေတော့"

× × ×

နောက်တစ်နေ့တွင် နက္ကတိုင်အပြာနှင့် ကယ်လီအမည်ရှိ လူတစ်ယောက်သည် အန်သိုနီနှင့်တွေ့ရန် ရောက်လာသည်။

"တို့လုပ်လိုက်တဲ့ ဆပ်ပြာကတော့ အတော်ကောင်းတာပဲ"

ဟု အန်သိုနီက ပြောသည်။

"ငါမင်းကို မနေ့က ပေးလိုက်တာ ဒေါ်လာ ၅၀၀၀ နော်"

"ကျွန်တော့်အိတ်ထဲက ငွေဒေါ်လာ ၃၀၀ စိုက်ခဲ့ရသေးတယ်"

ဟု ကယ်လီက ပြန်ပြောသည်။

"ကျွန်တော်မှန်းထားတာထက် ပိုပြီး ကုန်သွားတယ်။ ကျွန်တော်က မြင်းရထားအများကြီးရအောင် လုပ်လိုက်တာ။ တစ်စီးကို ၅ ဒေါ်လာနှုန်းပဲ။ မြင်းနှစ်ကောင်ဆိုရင် ၁၀ ဒေါ်လာပေးခဲ့ရတယ်။ အများဆုံးပေးရတာက ရဲတွေပဲ။ ရဲနှစ်ယောက်ကို ဒေါ်လာ ၅၀ စီနဲ့ ကျန်တဲ့ ရဲတွေကို ဒေါ်လာနှစ်ဆယ်၊ နှစ်ဆယ့်ငါးဒေါ်လာစီ ပေးရတာ။ ဖြစ်သွားတဲ့ပုံလေးက မလှဘူးလား မစ္စတာ ရော့ခ်ဝေါလ်ရယ်။ အားလုံးသူ့ခွင်နဲ့သူ အဆင်ကို ပြေနေတာပဲ။ နှစ်နာရီတိတိကို ပိတ်သွားတာခင်ဗျ"

"ရော့ ဟောဒီမှာ ဒေါ်လာတစ်ထောင့်သုံးရာ"

ဟု အန်သိုနီက ပြောကာ ကယ်လီ့လက်ထဲသို့ ငွေများလှမ်းပေးသည်။



"တစ်ထောင်က မင်းအတွက် အမိုဆု၊ ဒေါ်လာ ၃၀၀ ကတော့ မင်းနိုင် ထားတဲ့ငွေ၊ မင်းလည်း ငွေတော့ကြိုက်တာပဲ မဟုတ်လား ကယ်လီ"

"ဘယ်မကြိုက်ဘဲ နေပါ့မလဲ ခင်ဗျာ၊ သိပ်ကြိုက်တာပေါ့"

ကယ်လီအခန်းထဲခါးအဝအရောက်တွင် အန်သိုနီက လှမ်းခေါ်သဖြင့် လှည့်ကြည့်သည်။

"မင်းမနေ့က လမ်းမပေါ်မှာ ကိုယ်တုံးလုံးနဲ့ ဝဝကစ်ကစ် ကောင်ကလေး တစ်ယောက် မြင်ခဲ့သေးသလား။ လက်ထဲမှာ လေးနဲ့မြားတွေ ကိုင်ထားတယ် လေ"

ဟု မေးသည်။

ကယ်လီသည် အံ့အားသင့်နေသည်။

"ဟင့်အင်း .. ကျွန်တော်တော့ မမြင်မိခဲ့ဘူး။ ဒါပေမယ့် တကယ်လို့ သူက ကိုယ်တုံးလုံးဆိုရင်တော့ ရဲတွေက ဖမ်းချင်ဖမ်းသွားမှာ"

"အင်း .. ဒါကလည်း စဉ်းစားစရာပေါ့လေ"

ဟု အန်သိုနီက ရယ်၍ ပြောသည်။ "မြားနတ်မောင်အနေနဲ့ အဲဒီလမ်းပေါ်ကို လာမယ်လို့တော့ ငါလည်း မထင်ပါဘူးကွာ။ ကဲ .. သွားပေဦးတော့ ကယ်လီရေ"

MAMMON AND THE ARCHER

O.HENRY

❑

www.burmeseclassic.com

www.burmeseclassic.com

## မျောက်တစ်ကောင်၏ စွန့်စားခန်းများ

မြို့တစ်မြို့၏ တောင်ဘက်ပိုင်းတွင် တိရစ္ဆာန်ဥယျာဉ်တစ်ခုရှိသည်။ ကြီးကြီးမားမား မဟုတ်၍ ခပ်သေးသေးဖြစ်သည်။ ကျားတစ်ကောင်၊ မိကျောင်းနှစ်ကောင်၊ မြွေသုံးကောင်၊ မြင်းကျားတစ်ကောင်၊ ငှက်ကုလားအုတ်တစ်ကောင်နှင့် လူဝံတစ်ကောင် (ရိုးရိုးရှင်းရှင်းနှင့် လွယ်ကူအောင်ပြောရလျှင်) မျောက်တစ်ကောင်သာရှိသည်။ အခြားသတ္တဝါဟူ၍ တန်ဖိုးမရှိသည့် ငှက်များနှင့် ဖားများသာရှိသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်စတွင် ဖက်ဆစ်တို့က ထိုမြို့ကလေးကို ဗုံးကြဲရာ ဗုံးတစ်လုံးသည် တိရစ္ဆာန်ဥယျာဉ်ပေါ်သို့ တည့်တည့်ကျသည်။ နားကွဲလုမတတ် ပြင်းထန်စွာ ပေါက်ကွဲသွားသည့် ဗုံးဒဏ်ကို တိရစ္ဆာန်အားလုံး ခံကြရသည်။

မြွေသုံးကောင်သည် နေရာမှာပင် ပွဲချင်းပြီး သေသည်။ ကံမကောင်းရှာသည့် ငှက်ကုလားအုတ်သည်လည်း ပွဲချင်းပြီးပင် သေရှာသည်။ အခြားတိရစ္ဆာန်များမှာမူ လန့်ဖြန့်ပြီး ကစဉ့်ကလျား ဖြစ်ရုံမှတစ်ပါး ဒဏ်ရာပင် မရကြ။

တိရစ္ဆာန်အားလုံးထဲတွင် အထိတ်လန့်ဆုံး သတ္တဝါမှာ မျောက်ဖြစ်သည်။ ဗုံးကျရောက် ပေါက်ကွဲလိုက်သည့်အရှိန်ဖြင့် မျောက်လှောင်အိမ်သည် တင်ထားသည့် ကျောက်စင်ပေါ်မှ လွင့်ကျသွားသည်။ လွင့်ကျသွားသည့်အရှိန်ဖြင့် လှောင်အိမ်တစ်ဖက်မှ သံတိုင်များသည် ပွင့်ထွက်သွားပြီး အထဲမှ မျောက်သည် အပြင်သို့ ထွက်အံ့ကျလာသည်။

လူသွားလမ်းပေါ်သို့ လိမ့်ဆင်းလာသော မျောက်သည် လူများကို ကြောက်ရွံ့ထိတ်လန့်ပြီး ရောက်သည့်နေရာ၌ ရပ်၍မနေ။ ချက်ချင်းပင် အနီးရှိ သစ်ပင်တစ်

www.burmeseclassic.com

www.burmeseclassic.com



င်ပေါ်သို့ ကသောကမျော ဖက်တွယ်ပြီး တက်သွားသည်။

သစ်ပင်ပေါ်သို့ ရောက်သည့်အခါ ဘေးတစ်ဖက်ရှိ ခြံစည်းရိုးပေါ်သို့ ခုန်လိုက်သည်။ ထို့နောက် ခြံစည်းရိုးပေါ်မှနေ၍ အပြင်ဘက် လမ်းမကြီးပေါ်သို့ ချကာ လမ်းမကြီးတစ်လျှောက် ကဆုန်စိုင်း၍ ပြေးသည်။

မျောက်သည် အလန့်တကြား ပြေးသွားနေရာက …

“ဒီနေရာတွေကိုလည်း သူတို့က ဗုံးကြဲချင် ကြဲနေဦးမှာ။ ဒီနေရာမှာ ရပ်လို့ ဖြစ်မယ်မထင်ဘူး” ဟု တွေးမိဟန်တူသည်။ သူသည် ဘယ်နေရာမှာမှ ရပ်တော့ဘဲ မြို့တွင်းလမ်းမများတစ်လျှောက် မရပ်မနား ပြေးသွားလျက်ရှိသည်။

မျောက်မသည် တစ်လမ်းဝင် တစ်လမ်းထွက် ပြေးသွားနေရာမှ အဝေးပြေးလမ်းမကြီးပေါ်သို့ ရောက်သွားသည်။ ထိုလမ်းပေါ်အတိုင်း ဆက်ပြေးသည့်အခါ သူသည် မြို့ပြင်သို့ ရောက်သွားသည်။ မျောက်သည် မျောက်သာဖြစ်၏။ လူမဟုတ်သဖြင့် လူလိုသူလို ဆင်ခြင်စဉ်းစားတတ်သည်မဟုတ်ပေ။ မြို့ထဲ၌နေလျှင် သူ့ဘဝသည် ပို၍ လုံခြုံလိမ့်မည်ဟူသော အချက်ကိုလည်း နားမလည်ချေ။

မျောက်မသည် မရပ်မနား ဆက်၍ ပြေးသွားနေသည်။ ကြာတော့လည်း ပြေးရလွန်းသဖြင့် မောလာသည်။ သူသည် လမ်းဘေးတစ်နေရာမှ သစ်ပင်ပေါ်ရောက်ခါမှပင် ယင်တစ်ကောင်ဖမ်း၍စားသည်။ သစ်ကိုင်းများပေါ်၌ တွယ်ကပ်နေသည့် ပိုးကောင်နှစ်ကောင်ကို ဖမ်း၍ စားသည်။ အနည်းငယ်မျှ အဆာပြေသွားသောမျောက်မသည် သူထိုင်နေသည့် သစ်ကိုင်းပေါ်၌ အိပ်မောကျသွားသည်။

ထိုအချိန်တွင် စစ်ကားတစ်စီးသည် လမ်းမကြီးအတိုင်း မောင်းလာသည်။ ကားဉ်မောင်းစစ်သားသည် သစ်ပင်ပေါ်မှမျောက်ကို လှမ်းမြင်သည်။ သူသည် အံ့အားသင့်လျက်ရှိ၏။ ချက်ချင်းပင် ကားပေါ်မှဆင်းကာ သစ်ပင်ပေါ်သို့ အသံမကြားအောင် တက်သွားပြီး သူ့ကုတ်အင်္ကျီဖြင့် မျောက်မကို အသာပွေ့ယူလာ၍ ကားထိုင်ခုံပေါ်သို့ ချထားလိုက်၏။

“ဒီမျောက်မကို ငါ့သူငယ်ချင်းတွေထဲက မွေးချင်တဲ့လူရှိရင် ပေးလိုက်မယ်။ ဒီ သစ်ပင်ပေါ်မှာ ဒီအတိုင်းထားခဲ့ရင် အစာငတ်ရေငတ်ဖြစ်ပြီး သေမှာပဲ။ ဒါမှမဟုတ်လည်း အအေးမိပြီး သေချင်လည်း သေသွားမှာ” ဟု တွေးသည်။

ဤသို့ဖြင့် သူသည် ထိုအတွေးကို ရင်ဝယ်ပိုက်ကာ မျောက်မနှင့်အတူ သူ့ခရီးကို ဆက်သွားသည်။

တောရိဆော့ဗ်မြို့ရောက်၍ သူလုပ်စရာရှိသည်များကို သွားလုပ်သည့်အခါ



သူသည် မျောက်မကို ကားထဲ၌ ထားခဲ့သည်။ မသွားခင် မျောက်မအား “ဒီမှာ အေးအေးဆေးဆေး စောင့်နေခဲ့၊ ငါအခုပဲ ပြန်လာမှာ” ဟု ပြောခဲ့သည်။

သို့သော်လည်း မျောက်မသည် မစောင့်။ ကျိုးပျက်နေသည့် ကားပြတင်းပေါက်မှ တိုးထွက်ကာ အပြင်သို့ထွက်ပြီး မြို့တွင်းလမ်းမပေါ်၌ တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်သွားနေသည်။

လမ်းပေါ်၌ လှုပ်ရှားနေကြသော လူများသည် အမြီးတစ်ထောင်ထောင်ဖြင့် လျှောက်သွားနေသည့် မျောက်မကိုကြည့်ပြီး အံ့အားသင့်နေကြသည်။ မျောက်မကို ဖမ်းရန်ကြိုးစားကြသည်။ သို့သော်လည်း မျောက်တစ်ကောင်အား ချက်ချင်းဖမ်းမိဖို့ဆိုသည်မှာ လွယ်သည်မဟုတ်။ မျောက်မသည် အလွန်လျှင်မြန်သွက်လက်သည်။ သူ့လက်နှစ်ဖက်နှင့် ခြေနှစ်ဖက်ကို အားပြုကာ ဖျတ်ခနဲ ပြေးထွက်သွားသည်။ လူများသည် နောက်မှ ပြေးလိုက်ပြီး ဖမ်းကြသော်လည်းမမိ၊ လူတွေ၏ အလိုက်ကို ခံရသဖြင့် ကြောက်လန့်တကြား ပြေးနေရသော မျောက်မသည် ပြေးရလွန်းသဖြင့် ပင်ပန်း မောဟိုက်လာသည်။ ထို့နောက် ဆာလောင်လာသည်။

ဤမြို့ထဲ ဘယ်နေရာ၌ အစာရနိုင်ပါမည်နည်း။ လမ်းများပေါ်မှာတော့ စားစရာဆို၍ ဘာမှမရှိ။ သူ့တွင် အမြီးရှိနေသဖြင့် စားသောက်ဆိုင်ထဲ ဝင်လို့မဖြစ်။ သမဝါယမဆိုင်ထဲ ဝင်လို့လည်းရမည်မဟုတ်။ နောက်ဆုံးရသည်ပဲ ဆိုဦးတော့ သူ့တွင် ပိုက်ဆံမရှိ။ ပြီးတော့ ရာရှင်ကဒ်လည်း မရှိ။ သူ့တွင် အဖြစ်ဆိုးကြီး တစ်ခုနှင့် ရင်ဆိုင်နေရပြီ။

သို့သော်လည်း သူသည် သမဝါယမဆိုင်တစ်ဆိုင်တွင်းသို့ ဝင်ခဲ့သည်။ ထိုဆိုင်တွင်း၌ တစ်ခုခုတော့ရှိလိမ့်မည်ဟု သူတွက်သည်။ ဆိုင်ထဲတွင် အရောင်းစရေးသည်များသည် မုန့်လာဥ၊ မုန့်လာဥနီနှင့် သခွားသီးများ ရောင်းချပေးနေကြသည်။

သူသည် သမဝါယမဆိုင်ထဲသို့ဖျတ်ခနဲ ခုန်ဝင်လိုက်သည်။ တန်းစီစောင့်နေကြသော လူတန်းကြီးကိုမြင်သည်။ ထိုလူတန်းကြီးထဲ သူဝင်၍ မရပ်။ ကောင်တာဆီသို့ ရောက်အောင် တွန်းလားတိုက်လားလည်း လုပ်မနေ၊ သူသည် လူတန်းကြီး၏ ရှေ့ဆုံးသို့ သွားရပ်ကာ ကောင်တာပေါ်သို့ ခုန်တက်လိုက်သည်။ အရောင်းစာရေးမိန်းကလေးအား မုန့်လာဥနီ တစ်ကီလို ဘယ်လောက်လဲဟု မေးလည်း မမေး၊ ကောင်တာပေါ်မှ မုန့်လာဥနီကို ဖျတ်ခနဲ ဆွဲယူပြီး ဆိုင်ထဲမှ ပြေးထွက်သွားသည်။ တကယ်တော့လည်း မျောက်သည် မျောက်သာဖြစ်၏။ လူတွေလိုသို့

www.burmeseclassic.com



လူလို သူလို နားလည်သည်မဟုတ်။

စတိုးဆိုင်ထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ လူတွေ အော်သံများ ညည်း ကြားရသည်။ ထိုအချိန်က မုန်လာဥများကို ချိန်နေသော အရောင်းစျေး သည် မိန်းကလေးသည် အံ့အားသင့်လွန်းအားကြီးသဖြင့် သတိလစ်ပြီး လဲကျ တော့မလိုဝင် ဖြစ်သွားသည်။ ဖြစ်မည်ဆိုလည်း ဖြစ်စရာပင်။ သူ့အတွက် လာနေ ကျ စျေးဝယ်တစ်ဦးမဟုတ်၊ တစ်ကိုယ်လုံး အမွေးအပင်များ ပေါက်နေ၍မှုမက အမြီးတစ်ချောင်း ထောင်နေသည့်စျေးဝယ်တစ်ဦး မဟုတ်ပါလော။ ပြီးတော့ အခု ရောက်လာသည့် စျေးဝယ်သည် ပိုက်ဆံပေးမသွား။

ဆိုင်ထဲမှ လူများသည် မျောက်မ၏ နောက်သို့ အပြေးလိုက်သွားကြသည်။ မျောက်မသည် ရှေ့မှနေ၍ ပြေးသွားရင်း သူရလာသည့် မုန်လာဥများကို စားသွား သည်။ သူသည် မျောက်တစ်ကောင်မျှသာ ဖြစ်၍ လူလိုသူလို နားလည်သည်မဟုတ်။

ရှေ့ဆုံးမှ ပြေးလိုက်နေသူများမှာ ကလေးသူငယ်များဖြစ်၍ သူတို့နောက်မှ လူကြီးများဖြစ်သည်။ နောက်ဆုံးမှ ဝီစီကိုမှုတ်၍ လိုက်နေသူမှာ ရဲသားတစ်ယောက် ဖြစ်၏။

ရုတ်တရက် ဘယ်ဆီက ထွက်လာမှန်းမသိ၊ ခွေးတစ်ကောင်ထွက်လာပြီး တဝုတ်ဝုတ်ဟောင်ကာ မျောက်မနောက်သို့ ပြေးလိုက်သည်။ ခွေးသည် အဆက် မပြတ် ဟောင်နေရုံမျှမက မျောက်မကို မီလျှင် မီချင်းကိုက်နိုင်ရန်အတွက် ပါးစပ် ကိုဖြဲထားသည်။

မျောက်မသည် မြန်နိုင်သမျှ မြန်အောင် အားကုန်ထုတ်၍ ပြေးသည်။ ပြေးနေရင်းမှလည်း ...''ဒုက္ခပဲ၊ တိရစ္ဆာန်ဥယျာဉ်ထဲက ထွက်လာမိတာတော့ မှားပြီ။ လှောင်ချိုင်ထဲ နေရတာကမှ အသက်ရှူဖြောင့်သေးတယ်။ ဘယ်နည်းနဲ့မှ အဖြင်ရှာနေလို့ မဖြစ်ဘူး။ အခွင့်သာတာနဲ့ တစ်ပြိုင်နက် တိရစ္ဆာန်ဥယျာဉ်ကို ပြန်မှ ဖြစ်မယ်'' ဟု တွေးမိကောင်း တွေးမိပေလိမ့်မည်။

နောက်မှ လိုက်နေသော ခွေးသည် မျောက်မ၏ ခြေထောက်အား လှမ်းခုန် ခဲ့သည်။ မျောက်မက သူ့လက်ထဲမှ မုန်လာဥဖြင့် တအားလှမ်းပေါက်သည်။ မုန် လာဥသည် ခွေး၏နှာခေါင်းကို မိမိရရ ထိသည်ဖြစ်ရာ ခွေးသည် နာလွန်းသဖြင့် တာတိန် .. ကိန် အော်ဟစ်ပြေးသွားနေရင်းက ''မြို့တော်သူ မြို့တော်သားများ ခင်ဗျာ။ ခင်ဗျားတို့အတွက် မျောက်တစ်ကောင်လိုက်ပေးရတာနဲ့စာရင် ကိုယ့်အိမ် မှာကိုယ် အိပ်နေရတာ အများကြီးကောင်းပါတယ်။ မျောက်ဖမ်းပွဲ အတွေ့အကြုံ



ကဖြင့် စိတ်ပျက်စရာကြီးပါ'' ဟု တွေးသွားကောင်း တွေးသွားပေလိမ့်မည်။

လိုရင်း ရောက်အောင် ပြောရလျှင် ခွေးသည် ထွက်ပြေးပြီဖြစ်၍ မျောက် သည် ခြံဝင်းတစ်ခုအတွင်းသို့ ခုန်ဆင်းသွားပြီဖြစ်သည်။

ထိုအချိန်တွင် ခြံဝင်းအတွင်း၌ ပိုပေါ့ဗ်အမည်ရှိ သူငယ်တစ်ယောက်သည် ထင်းများကို ဖြတ်နေခိုက်ဖြစ်၏။ သူငယ်သည် ခြံစည်းရိုးပေါ်မှ ခုန်ဆင်းလာသော မျောက်ကို မြင်လိုက်သည်။ သူသည် မျောက်ကို အလွန်ချစ်သူဖြစ်သည်။ သူ့ဘဝ တစ်လျှောက်လုံး မျောက်တစ်ကောင်လောက်မွေးရရင် ဘယ်လောက် ပျော်စရာ ကောင်းလိုက်မလဲဟု အမြဲ တွေးလာသူဖြစ်သည်။ အခုတော့ မျောက်တစ်ကောင် သူ့ခြံထဲရောက်လာပြီ။

ပိုပေါ့ဗ်သည် သူ့ဂျက်ကက်အင်္ကျီကို ကပျာကယာချွတ်ကာ မျောက်မကို အုပ်ဖမ်းသည်၊ မိသည်နှင့်တပြိုင်နက် အိမ်သို့ ယူသွားသည်။ ထိုနေ့မှစ၍ သူငယ်သည် မျောက်အား အစာကျွေးသည်။ လက်ဖက်ရည်တိုက်သည်။ မုန့်ကျွေးသည်။ မျောက်မ အဖို့များစွာ ကျေနပ်စရာကောင်းသည့် အခြေအနေသို့ ရောက်သွားသည်။

သို့သော်လည်း မကြာခင်မှာပင် ပိုပေါ့ဗ်၏ အဖွားက မျောက်မအား သဘော မကျဖြစ်လာသည်။ တစ်ခါတစ်ရံတွင် မျောက်မအား အော်လားဟစ်လား ကြိမ်းလား မောင်းလား လုပ်သည်။ တစ်ခါတစ်ရံတွင်မူ ရိုက်မည်ပုတ်မည် တကဲကဲဖြစ်တတ် သည်။ ယင်းကဲ့သို့ ဖြစ်လာရခြင်းမှာ တခြားကြောင့်မဟုတ်၊ သူတို့မြေးအဖွား လက်ဖက်ရည်သောက်ချိန်တွင် အဖွားအိုသည် သူ့အချိုမုန့်များကို ပန်းကန်ထဲ၌ ထည့်ကာ ပလုပ်ပလောင်း ဝါးစားပစ်လေ့ရှိ၏။ တကယ်တော့လည်း သူသည် လူ တစ်ယောက်မဟုတ်၊ မျောက်တစ်ကောင်သာလျှင် ဖြစ်သည် မဟုတ်ပါလား။

အကယ်၍မျောက်သည် လူတစ်ယောက်သာ ဖြစ်ပါက ပစ္စည်းတစ်ခုခုကို ရယူလိုလျှင် အဖွားအိုမျက်စိရှေ့၌ ယူလိမ့်မည်မဟုတ်။ သို့သော်လည်း မျောက်မ သည် မျောက်တစ်ကောင်ဖြစ်နေသည့်အားလျော်စွာ သူလိုချင်သောပစ္စည်းကို အဖွား ကြီး၏ ရှေ့မှောက်မှာပင် ပြောင်ပြောင်တင်းတင်း ယူလေ့ရှိ၏။ ဤအတွက် အဖွား ကြီးသည် မျက်ရည်ပင် ကျရ၏။

''အမြီးတစ်ချောင်းရှိတဲ့ မျောက်တစ်ကောင်နဲ့ တိုက်ခန်းတစ်ခန်းထဲမှာ အတူတူ နေရတာလောက် စိတ်ညစ်စရာ ကောင်းတာဟာ လောကကြီးမှာ ရှိမယ် မထင်ဘူး။ လူနဲ့မတူတဲ့ သူ့ရုပ်ကိုကြည့်ပြီး အမြဲကြောက်လန့်နေရတာ မှောင်ထဲမှာ ငါ့အပေါ်ခုန်ချလိုက်မလား၊ ငါ့မုန့်တွေကို ယူစားပစ်မလားနဲ့ အမြဲစိတ်ပူနေရတာ။

www.burmeseclassic.com

www.burmeseclassic.com



မျောက်တစ်ကောင်နဲ့ တိုက်ခန်းထဲမှာ အတူတူနေဖို့ကတော့ ငါမနေနိုင်ဘူး။ တို့နှစ်ဦးထဲက တစ်ဦးဟာ တိရစ္ဆာန်ဥယျာဉ်ထဲ သွားနေမှဖြစ်တော့မယ်။ ငါပဲ သွားနေရမှာလား။ မဖြစ်နိုင်ဘူး သူ့ကိုပဲ အဲဒီကို ပို့ထားလိုက်။ ငါကတော့ ငါ့တိုက်ခန်းမှာပဲ နေမယ်" ဟု အဖွားအိုက သူ့မြေးအားပြောသည်။

ထိုအခါ ပိုပေါ့ဗ်က ...

"အဖွားကလည်းဗျာ မဟုတ်တာပဲ တိရစ္ဆာန်ရုံမှာ အဖွားသွားနေဖို့ မလိုပါဘူး။ အဖွားရဲ့ မုန့်တွေကို မျောက်မစားအောင် ကျွန်တော်တာဝန်ယူပါ့မယ်။ ကျွန်တော်သူ့ကို လူတစ်ယောက်နေသလို နေတတ်လာအောင် လက်ဖက်ရည်ကို ဖန်ခွက်နဲ့ သောက်တတ်အောင် အားလုံးသင်ပေးမယ်။ သူခုန်တာတွေ စ,တာတွေကတော့ ရှိတာပေါ့ အဖွားရယ်။ ဟိုမျက်နှာကျက်မှာ ချိတ်ထားတဲ့ မီးတိုင်ပေါ် မတက်အောင်ကတော့ ကျွန်တော်လည်း မတားနိုင်ဘူး။ အဲဒီပေါ်ကနေပြီး အဖွားခေါင်းပေါ် ခုန်ချချင်လည်း ချမှာပဲ။ ဒါပေမယ့် အရေးကြီးတာက သူခုန်ချရင် အဖွားက မကြောက်ဖို့ဘဲ ဘာပြုလို့လဲဆိုတော့ မျောက်ဆိုတာမျိုးက ခုန်တာလွှားတာပဲ အဖွားရဲ့။ အဲဒါကလွဲပြီး တခြား ဘာအန္တရာယ်မှ မပေးပါဘူး" ဟု သူ့အဖွားအား ရှင်းပြသည်။

နောက်တစ်နေ့ ပိုပေါ့ဗ်ကျောင်းသွားသည့်အခါ သူ့အဖွားအား သူ့မျောက်ကို ကြည့်ပေးဖို့ မှာသွားသည်။ သို့သော်လည်း အဖွားသည် မျောက်ကို ကြည့်မပေး။ "ဘာပြုလို့ ကြည့်ပေးရမှာလဲ .. ငါက ဒီသတ္တဝါကို ကြည့်ပေးရမတဲ့လား .. ဟင်း" ဟုတွေးသည်။ ထိုအတွေးဖြင့် အဖွားသည် ပက်လက်ကုလားထိုင်ပေါ်တွင် အိပ်ပျော်သွားသည်။

ထိုအခါ မျောက်မသည် ဟနေသည့် ပြတင်းပေါက်မှ လေးဘက်တွားရှိ ထွက်ကာ လမ်းမပေါ်ရောက်သွားသည်။ သူ့အနေဖြင့် အပျင်းပြေ သဘောဖြင့် လမ်းလျှောက်ချင်လို့လား။ ဒါကိုတော့ မည်သူမျှ သိကြလိမ့်မည်မဟုတ်။ သူ့အနေဖြင့် စတိုးဆိုင် တစ်ဆိုင်ဝင်၍ သူလိုချင်သည့် ပစ္စည်းတစ်ခုခုကို ဝယ်ချင်လည်း ဝယ် ပေလိမ့်မည်။ အကယ်၍ ဝယ်ပါကလည်း ငွေနှင့် ဝယ်မည်တော့မဟုတ်။ ဘာမှမပေးဘဲ ယူသွားမည်သာဖြစ်၏။

ထိုအခိုက်တွင် ဂါဗရီလစ်ချ်ဟုခေါ်သော မသန်မစွမ်း အဘိုးအိုတစ်ယောက်သည် ထိုလမ်းအတိုင်း လျှောက်လာသည်။ သူသည် ရေချိုးဖြင့် ရေချိုးရန်ရေနွေးကန်သို့ ထွက်လာခဲ့ခြင်းဖြစ်၍ သူ့လက်ထဲတွင် ဆပ်ပြာနှင့် အဝတ်များ ထည့်ထား



သည့် ခြင်းတစ်လုံးလည်း ဆွဲလာသည်။

သူသည် မျောက်ကို မြင်လိုက်သည့်အခါ များစွာ အံ့အားသင့်သွားသည်။ သူ့မျက်စိများကိုပင် မယုံနိုင်အောင် ဖြစ်သွားသည်။ မျောက်မှ ဟုတ်ရဲ့လားဟု တွေးကာ အသေအချာ ထပ်ကြည့်သည်။ စောစောက သောက်လာခဲ့သည့် ဘီယာ အရှိန်ကြောင့် အမြင်များ လွဲနေသလားဟုပင် တွေးမိသည်။

သူသည် မျောက်အား တအံ့တသြ ကြည့်နေမိ၏။ မျောက်ကလည်း သူ့ကို ပြန်ကြည့်နေသည်။ "ဘယ်က စာချောက်ရုပ်ကြီးပါလိမ့်၊ လက်ထဲမှာလည်း ဆွဲခြင်းကြီးကိုင်လို့" ဟု တွေးချင်လည်း တွေးနေပေလိမ့်မည်။

နောက်ဆုံးတွင် ဂါဗရီလစ်ချ်သည် ငါမြင်နေရတာ တကယ့် မျောက်အစစ်ပဲဟု စိတ်နှလုံး ဒုံးဒုံးချလိုက်သည်။ ထို့နောက် ချက်ခြင်းပင် စိတ်ကူး တစ်ခုရသည်။ "ငါ ဒီမျောက်ကို ရအောင်ဖမ်းမယ်၊ မနက်ဖြန်ကျတော့ ဈေးကိုယူသွားပြီး ရူဘယ် ၁၀၀ နဲ့ ရောင်းမယ်။ ဒီမျောက်တစ်ကောင်ထဲနဲ့ ငါဘီယာ ၁၀ ခွက်တောင် သောက်ရမှာ"

ထိုစိတ်ကူးရလာသည်နှင့် တပြိုင်နက် ဂါဗရီလစ်ချ်လည်း မျောက်ကိုဖမ်းရန် အားထုတ်သည်။ "ကစ်တီ .. မြီး .. မြီး လာ .. လာ .. ဒီကိုလာ" ဟု ချော့ခေါ်သည်။

သူခေါ်နေသည်မှာ ကြောင်တစ်ကောင်မဟုတ်မှန်း သူသိသည်။ သို့သော်လည်း မျောက်တစ်ကောင်နားလည်အောင် ဘာစကားနှင့် ဘယ်လို ပြောရမှန်းမသိသဖြင့် ကြောင်တစ်ကောင်ခေါ်သလို ခေါ်လိုက်ခြင်းပင် ဖြစ်၏။ အတန်ကြာ၍ ခေါ်သော်လည်း မရဘဲဖြစ်နေသည့်အခါကျမှပင် တိရစ္ဆာန်တို့၏ ကမ္ဘာတွင် မျောက်သည် အမြင့်ဆုံးသတ္တဝါဖြစ်သည်ဟူသော အချက်ကို သတိရလာသည်။ ထိုအခါ သူ့အိပ်ကပ်ထဲ၌ အသင့်ပါလာသည့် သကြားခဲတစ်ခဲကို ထုတ်၍ မျောက်အားပြသည်။

"သိပ်ကိုလှတဲ့ မျောက်ကလေးပါလား .. ကွယ်။ မင်းသကြားခဲ မစားချင်ဘူးလား .. ဟင်။ ရော့ .. ရော့ ယောဒီမှာတွေ့လား" ဟု လည်းပြောသည်။

မျောက်က "ရှင်က စားပါဆိုတော့လည်း ကျွန်မက စားရ ..." ဟုတော့ မျောက်မက ဘာမှမပြောပါ။ မပြောခြင်းမှာလည်း လူလိုစကား မပြောတတ်၍ ဖြစ်သည်။ သို့သော်လည်း မျောက်မသည် ရှေ့သို့တိုးလာပြီး ဂါဗရီလစ်ချ်၏ လက်ထဲမှ သကြားခဲကို ယူ၍စားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂါဗရီလစ်ချ်သည် မျောက်မကို အသာအယာပွေ့ယူပြီး ခြင်းထဲထည့်သည်။ ခြင်းထဲ၌ ထိုင်ရသည်မှာ နွေးနွေးထွေးထွေး ရှိလှသဖြင့် မျောက်မသည် ခုန်ထွက်ခြင်းမပြု။ မျောက်အနေဖြင့် “ဒီအဖိုးအို တော်းကြီး၊ ငါ့ကို သယ်သွားတာကောင်းတယ်၊ သယ်ပစေ စိတ်ဝင်စားဖို့ကောင်းတယ်” ဟု တွေးချင်လည်း တွေးပေလိမ့်မည်။

ပထမတော့ ဂါဗရီလစ်ချ်သည် မျောက်ကို အိမ်သို့ ယူသွားတော့မည်ဟု စိတ်ကူးမိသည်။ သို့သော်လည်း သူသည် အိမ်သို့ မပြန်ချင်သေး၊ ရေနွေးနှင့် ရေချိုးရမည့်ကိစ္စကို မျောက်နှင့်အတူသွား၍ ချိုးတော့မည်ဟု ဆုံးဖြတ်သည်။

ပြီးတော့လည်း “သူ့ကို ခေါ်သွားပြီး ရေချိုးပေးလိုက်ရင် ပိုကောင်းသွားမယ်” ဟု သူတွေးသည်။ “ဒါမှ သန့်ပြန့်သွားမယ်၊ သူ့ကိုလည်းပတ်ကြိုးလေး တစ်ခုလည်း ပတ်ပေးမှကောင်းမယ်၊ အဲဒါမှ ရောင်းတဲ့အခါ ဈေးပိုရမယ်”

ဤသို့ဖြင့် သူသည် ရေချိုးခန်းသို့ မျောက်နှင့်အတူ ရောက်လာပြီး ရေချိုးသည်။ ရေနွေးကန်ဖြစ်သဖြင့် ရေကပူသည်။ မျောက်အဖို့တော့ နွေးထွေးသော ပတ်ဝန်းကျင်၌ ရောက်နေသည်ကို များစွာ ကျေနပ်နေသည်။ သူနေထိုင်ခဲ့ဖူးသည့် အာဖရိကတောတွင်းမှ ပတ်ဝန်းကျင်နှင့် တူလှသဖြင့် များစွာ သဘောကျလျက်ရှိ၏။

သို့သော်လည်း ဂါဗရီလစ်ချ်က ဆပ်ပြာတိုက်ပေးသည့်အခါတွင်မူ စောစောတလို ငြိမ်မနေတော့ပေ။ ဆပ်ပြာမြှုပ်များက သူ့ပါးစပ်ထဲ ဝင်သဖြင့် လျှပ်စီးလျှပ်စီ ဖြစ်လာသည်။ သူ့ပါးစပ်ထဲ ရောက်နေသည့် ဆပ်ပြာမြှုပ်သည် အရသာလုံးဝမရှိ၊ မည်သို့ပင်ဖြစ်စေ ဤအဆင့်မှာတော့ မျောက်သည် အော်ဟစ်ရုန်းကန်ခြင်း မပြုသေး။ သူ့လက်များနှင့် သူ့ကိုယ်သူ ကုတ်ခြင်း၊ ဆပ်ပြာနောက်ထပ် မတိုက်အောင် ငြင်းဆန်ခြင်း စသည်လောက်သာ ပြုသည်။ နောက်ဆုံး ဆပ်ပြာမြှုပ်များ မျက်လုံးထဲဝင်သည့် အခါတွင်မူ မျောက်သည် လုံးဝ အရူးလို ဖြစ်သွားသည်။ မျောက်မသည် ဂါဗရီလစ်ချ်၏ လက်ကိုဆွဲကာ အတင်းရုန်းထွက်ပြီး ခုန်ထွက်သွားသည်။

မျောက်မသည် လူအများ အဝတ်လဲနေသည့် အခန်းထဲသို့ ရောက်သွားသည်။ လူတိုင်း လန့်ဖျပ်ကုန်သည်။ သူများ၏ အမြင်တွင် ဖွေးဖွေးလှုပ်နေသော ဆပ်ပြာမြှုပ်လုံးကြီးသည် ဆိုဖာတစ်ခုပေါ် ခုန်တက်သွားသည်။ ထိုမှတစ်ဆင့် အလုံပိတ် မီးဖိုကြီးပေါ်သို့ ခုန်ဆင်းလာသည်။ ထို့နောက် မီးဖိုပေါ်သို့ ခုန်တက်သွား



ပြန်သည်။

ရေချိုးနေသူ အများအပြားသည် အော်ကြဟစ်ကြသည်။ ခုန်ပေါက်ပြေးလွှားကြသည်။ မျောက်ကလည်း လူအများ သောသောရုတ်ရုတ် ဖြစ်နေသည်ကို ထိတ်လန့်ကာ လှေကားမှ ပြေးဆင်းသွားသည်။ လှေကားခြေရင်းတွင် ငွေကောက်သူ၏ တဲကလေးရှိရာ မျောက်သည် ထိုတဲပြတင်းပေါက်ဘောင်ပေါ်သို့ ခုန်တက်သည်။ တစ်တဲလုံး လှုပ်ခါသွားသဖြင့် အထဲမှ ခပ်ဝဝ ငွေကိုင် အမျိုးသမီးကြီး အလန့်တကြား အော်ဟစ်ပြီး ပြေးထွက်လာသည်။ “လုပ်ကြပါဦး တျှန်မရုံးခန်းကို ဗုံးမှန်လို့” ဟုအော်သည်။

မျောက်သည် အော်သံများကို များစွာ စိတ်ကုန်လျက် ရှိပြီဖြစ်ရာ ငွေကောက်သူ၏ တဲအတွင်းမှ ခုန်ထွက်ကာ လမ်းမပေါ်သို့ ပြေးထွက်သွားသည်။

လမ်းပေါ်ရောက်သည်နှင့် တစ်ပြိုင်နက် မျောက်သည် လမ်းမတစ်လျှောက် ဆက်ပြေးသည်။ ဆပ်ပြာမြှုပ်များ ကပ်နေသည့် မျောက်ကို မြင်သည့်အခါ လူတွေက လိုက်ကြပြန်သည်။ ရှေ့ဆုံးမှ ဦးဆောင်ပြီး ပြေးလိုက်နေသူများမှာ ကလေးသူငယ်များဖြစ်၍ သူတို့နောက်မှ လူကြီးများဖြစ်သည်။ လူကြီးများနောက်မှ ရဲသားတစ်ယောက်၊ ထိုရဲသားနောက်မှ ဂါဗရီလစ်ချ် ဖြစ်သည်။ ဂါဗရီလစ်ချ်မှာ အဝတ်မပါ၊ ကိုယ်လုံးတီးဖြစ်သည်။ ခါးတွင် ဘောင်းဘီတိုသာပါသည်။ သူ့လက်ထဲတွင် ရှူးဖိနပ်များကို ကိုင်ထားသည်။

ရုတ်တရက် ဘယ်နေရာက ပေါ်ထွက်လာသည်မသိ၊ ခွေးတစ်ကောင် ထွက်လာသည်။ မနေ့က မျောက်ကို လိုက်ခဲ့သော ခွေးပင်ဖြစ်သည်။ သို့သော်လည်း ခွေးသည် မျောက်ကိုမလိုက်ဘဲ ထိုင်ကြည့်နေသည်။ မနေ့က နှာခေါင်းနာခဲ့ရသည်ကို ပြန်၍ သတိရနေသည်။ သူသည် မျောက်ကို လုံးဝဂရုမစိုက်တော့ဘဲ အခြားတစ်ဖက်သို့ ထွက်သွားသည်။ သူ့အနေဖြင့် “မျောက်တွေနောက်လိုက်ဖို့ ငါ့မှာ နှာခေါင်းအပိုတွေ အများကြီးရှိရင် ကောင်းမှာပဲ” ဟု တွေးကောင်း တွေးသွားပေလိမ့်မည်။

ထိုအချိန်တွင် ကျောင်းမှ ပြန်လာသော ပိုပေါ့ဗ်သည် မျောက်ကို မတွေ့ရသဖြင့် များစွာ စိတ်ထိခိုက်သွားသည်။ မျက်ရည်ပင် ကျသည်။ သူအလွန်ချစ်သော မျောက်ကို ပြန်၍ တွေ့ရတော့မည်မဟုတ်ဟု တွေးကာ ဝမ်းနည်းကြေကွဲလျက်ရှိသည်။

သူသည် စိတ်ပျက်လက်ပျက်ဖြင့် အိမ်ထဲမှ ထွက်လာသည်။ လမ်းပေါ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်သည့်အခါ လူတွေ ပြေးနေကြသည်ကို သူမြင်သည်။ ပထမတော့ လူတွေ ဘာကြောင့် ပြေးလွှားနေကြမှန်း သူမသိ။ လေကြောင်းအချက်ပေး ဥဩသံကြောင့် ထမ်းပြီး ပြေးနေကြခြင်း ဖြစ်သည်ဟု သူထင်သည်။

သို့သော်လည်း ထိုအခိုက်မှာပင် သူ့မျောက်ကို သူမြင်လိုက်ရ၏။ သူ့မျောက်သည် တစ်ကိုယ်လုံး ရေများ စိုရွှဲကာ ဆပ်ပြာအမြှုပ်များ ပေကျံနေသည်။ သူသည် မျောက်ဆီသို့ ပြေးသွားပြီး ကောက်ယူလိုက်သည်။ လက်နှစ်ဖက်ဖြင့် ပိုက်ကာ ရင်ခွင်၌ အပ်ထားသည်။ နောက်မှ ပြေးလိုက်လာသော လူအားလုံးသည် ပိုပေါ့ဗ် အား ဝိုင်းအုံပြီး သူ့လက်ထဲမှ မျောက်ကို ကြည့်ကြသည်။

ထို့နောက် လူအုပ်ထဲမှ ဂါဗရီလစ်ချ် ထွက်လာပြီး မျောက်ကိုင်ထားသည့် လက်မှ ဒဏ်ရာကို လူအများမြင်သာအောင် ထောင်ပြသည်။ ပြီးတော့ "လူကြီး မင်းများခင်ဗျာ၊ ဒီမျောက်ဟာ ကျုပ်ရဲ့မျောက်ပါ မနက်ဖြန်ကျရင် ဈေးမှာ သွားရောင်း ဖို့ စီစဉ်ထားပါတယ်။ သူကိုက်လို့ ကျုပ်လက်ထဲမှာ ဒဏ်ရာရထားတာကို ကြည့် ကြပါ။ ဒီမျောက်ကို ကျုပ်ပိုင်ဆိုင်ကြောင်း ဒီလက်က သက်သေခံနေပါတယ်" စသည်ဖြင့် ရှင်းပြသည်။

ပိုပေါ့ဗ်ကလည်း "မဟုတ်ဘူးဗျ သူပြောတာ လုံးဝမဟုတ်ဘူး။ ဒီမျောက် ဟာ သူ့မျောက်မဟုတ်ပါဘူး ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ မျောက်ဟာ ကျွန်တော့် လက်ထဲမှာ ငြိမ်နေတာပဲ။ ဒါကိုကြည့်ရင် ကျွန်တော့်မျောက်ဆိုတာ သိသာနေပါ တယ်" ဟု ပြောသည်။

သို့သော်လည်း သူ့စကားအဆုံးတွင် လူအုပ်ထဲမှ နောက်ထပ်လူတစ်ယောက် ထွက်လာပြန်သည်။ ထိုလူကား မျောက်ကိုဖမ်းပြီး ကားနှင့်တင်လာခဲ့သော ယာဉ် မောင်းဖြစ်သည်။

"မဟုတ်ဘူးဗျ၊ ဒီမျောက်ဟာ ကောင်လေးရဲ့ မျောက်လည်း မဟုတ်ဘူး၊ ဒီလူကြီးရဲ့မျောက်လည်း မဟုတ်ဘူး" ဟု စစ်သားက ပြောသည်။ "ဒီမျောက် ဟာ ကျွန်တော့်မျောက်၊ သူ့ကို ဒီမြို့ရောက်အောင် ယူလာတာ ကျွန်တော်၊ ဒါပေ မယ့် ကိစ္စမရှိပါဘူး။ ကျွန်တော်က တပ်ခွဲတာဝန်နဲ့ ခရီးထွက်ရဦးမှာမို့ သူ့ကို ပြန်မယူတော့ပါဘူး။ သူ့ကို ပွေ့ထားတဲ့ ကောင်လေးကြည့်ရတာ ဒီမျောက်ကို အတော်ချစ်ပုံရတယ်။ အရက်သောက်ဖို့ ဒီမျောက်ကို ဈေးသွားရောင်းမယ်လို့ စီစဉ် နေတဲ့ လူမျိုးထက်စာရင် ကောင်လေးရဲ့လက်ထဲ ပေးခဲ့ရတာက ပိုပြီး စိတ်ချရမှာ ပါ။ ဒါကြောင့် ဒီမျောက်ကို ကောင်လေးပဲ ယူပါစေ။ ကျွန်တော်သူ့ကိုပဲ ပေးလိုက်



ပါပြီ"

ထိုအခါ ဘေးမှ ရပ်ကြည့်နေသူများက လက်ခုပ်တီး၍ ဩဘာပေးကြ သည်။ အယ်လ်ယိုရှာပိုပေါ့ဗ်သည် များစွာ ဝမ်းသာသွားသည်။ လက်ထဲမှမျောက် ကို တိုး၍ တင်းကြပ်စွာ ပွေ့ပိုက်ပြီး အိမ်သို့ ပြန်သွားသည်။ ဂါဗရီလစ်ချ် ကတော့ မျောက်ကိုက်ခံရသည့် ဒဏ်ရာဖြင့် ရေချိုးခန်းသို့ ပြန်သည်။

ထိုနေ့ ထိုအချိန်မှစ၍ မျောက်မသည် ပိုပေါ့ဗ်နှင့်အတူတူ နေခွင့်ရသွားခဲ့ သည်။ ယနေ့အချိန်ထိ ပိုပေါ့ဗ်၏လက်ထဲမှာပင် ရှိသည်။ မကြာသေးခင်က ကျွန် တော်သည် ဘောရီဆော့ဗ်မြို့သို့ ရောက်သွားသည်။ ထိုမျောက်မနှင့် ပတ်သတ်၍ ကြားသင့်သလောက် ကြားထားရသော ကျွန်တော်သည် ပိုပေါ့ဗ်တို့အိမ်သို့ဝင်၍ မျောက်ကို ကြည့်မိပါသည်။

မျောက်သည် ပျော်ရွှင်မြူးတူးလျက်ရှိသည်။ ယခင်ကလို အိမ်မှ ထွက်သွား သည့်အလုပ်မျိုးကို လုံးဝမလုပ်တော့၊ ပြောသမျှ နာခံတတ်သည့် မျောက်တစ်ကောင် ဖြစ်နေပြီ။ သူ့နှာခေါင်းမှ နှပ်များကို လက်ကိုင်ပဝါဖြင့် သုတ်တတ်နေပြီ။ သူတစ် ပါး၏ မုန့်ပဲသွားရည်စာများကိုလည်း ယူ၍မစားတော့။ ပိုပေါ့ဗ်၏ အဖွားကလည်း မျောက်ကို သဘောကျနေသည်။ တိရစ္ဆာန်ရုံသို့ ပြန်ပို့ရန်လည်း မလိုတော့။

ပိုပေါ့ဗ်၏ အခန်းထဲသို့ ကျွန်တော်ဝင်သွားချိန်တွင် မျောက်သည် စားပွဲ၌ တခန့်တငြား ထိုင်နေသည်။ ဇွန်းတစ်ချောင်းကို အကျအနကိုင်ကာ ပန်းကန်ထဲမှ ဆန်ပြုတ်ကို ခပ်သောက်နေသည်။

အယ်လ်ယိုရှာပိုပေါ့ဗ်က ကျွန်တော့်အား လှမ်းပြောသည်။

"ကျွန်တော်သူ့ကို လူတစ်ယောက် ကျွေးမွေးသလို ကျွေးမွေးပြီး စောင့် ရှောက်လာခဲ့တာပါ။ အခုဆိုရင် ကလေးတွေရော လူကြီးတွေပါ သူ့ကိုကြည့်ပြီး အတုခိုးကြရပါလိမ့်မယ်"

ADVENTRUES OF A MONKEY

(GREAT SOVIET SHORT STORIES)

MIKHAIL ZOSHCHENKO

□

www.burmeseclassic.com

www.burmeseclassic.com

## အစောင့်

ကျုပ်ဆိုတဲ့ကောင်က တစ်ယောက်ထဲနေရတာကိုပဲ ကြိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေက ကျုပ်ရဲ့မျက်မှန်နဲ့ အသံကို ပြောင်ကြ လှောင်ကြ လွှန်းလို့ပါ။ ကျုပ်အသံကလည်း အသံသေး အသံချွောင်ဆိုတော့ မိန်းမသံနဲ့ သိပ်တူတယ်မဟုတ်လား။ ဒါ့ကြောင့်လည်း အပြောင်အနောက်ခံရတာပါ။သူတို့က ပြောင်လား လှောင်လားလုပ်လိုက်ပြီဆိုရင်လည်း ကျုပ်စကားထစ်တော့တာပဲ။ ပြီးတော့ နဂိုရ်ကလည်း ကျုပ်က စိတ်လှုပ်ရှားရင် စကားထစ်တတ်တဲ့ကောင်။ ဒါ့ကြောင့်မို့လည်း ကုမ္ပဏီက ကျုပ်ကို သူတို့ပိုင် ဂိုဒေါင်တွေထဲက မြို့နဲ့ ဆယ့်ငါးမိုင်အကွာ ဆာလာရီပဟာ လယ်မကြီးဘေးမှာရှိတဲ့ ဂိုဒေါင်မှာ အစောင့်အလုပ်ပေးတော့ ကျုပ်တာမှ စဉ်းစား မနေတော့ဘူး၊ ချက်ခြင်းပဲ လက်ခံလိုက်သည်။

ဂိုဒေါင်က စိုပြည်စိမ်းလန်းတဲ့ တောင်ကုန်းနှစ်ကုန်းကြားက အတော်ကျယ်ဝန်းပြန့်ပြူးတဲ့ တောင်ကြားထဲမှာ ဆောက်ထားတာပါ။ တောင်ကြားရဲ့ အောက်ခြေဘက် သစ်ပင်ဝါးပင်ဆိုလို့ တစ်ပင်တလေမှ မရှိတဲ့ ဖုန်ထူထူမြေပေါ်က အုတ်တံတိုင်း လေးဘက်ကာ ဝင်းကြီးထဲမှာပါ။ အဲဒီဝင်းကြီးထဲမှာ နံရံကို ကျောပေးပြီး ဆောက်ထားတဲ့ ရှည်မျောမျော ခပ်နိမ့်နိမ့် တဲကြီးတွေရှိပါတယ်။ အဲဒီတဲကြီးတွေဟာ ဂိုဒေါင်တွေပါပဲ။

တဲတွေထဲမှာတော့ ဘိလပ်မြေအိတ်တွေ၊ ပိုက်လုံးတွေ၊ အုတ်ကြွပ်တွေ၊ ကတ္တရာစေးပီပါတွေ၊ ယက်မတွေနဲ့ အုတ်ခဲတွေရှိတယ်။ အဲဒီတဲတွေထဲက တစ်လုံးကတော့ ကျုပ်နေတဲ့ တဲပဲ။ တဲထဲမှာ အခန်းက နှစ်ခန်းရှိတယ်။ ပြီးတော့ အိပ်စင်တစ်လုံး၊ စားပွဲတစ်လုံးနဲ့ ကုလားထိုင် သုံးလေးလုံးရှိတယ်။ ဒီလိုနေရာမျိုးမှာ

www.burmeseclassic.com

www.burmeseclassic.com



နေရတာဟာ ပြင်ပကမ္ဘာလောကနဲ့ အလှမ်းကွာဝေးတဲ့ တောခေါင်ဒေသက ကွင်းပြင်ကြီးတစ်ခုထဲမှာ နေရသလိုပဲ။ တစ်ခါတစ်ရံ တောင်ကုန်းတစ်ကုန်းပေါ်တက်ပြီး တော်ဝန်းကျင်ကို ကြည့်လိုက်ရင် တန်းစီနေကြတဲ့ သစ်ပင်တွေကြားက ဖြောင့်ဖြောင့်တန်းတန်းကြီးပြေးသွားနေတဲ့ ဆာလာရီယာ လမ်းမကြီးကို မြင်နေရတယ်။ ပြီးတော့ . . . လမ်းမကြီးရဲ့တစ်နေရာ ဘေးတစ်ဖက်မှာရှိနေတဲ့ ဩစတားရီးယား ဘက်ဆီယာတိုးရီးစားသောက်ဆိုင် ဆိုင်းဘုတ်ကိုလဲ မြင်နေရတယ်။ အဲဒီဆိုင်ဟာ ကျုပ်ရဲ့ အစားအသောက်အတွက် အားကိုးအားထားပြုနေရတဲ့ ဆိုင်ပေါ့။

ကျုပ်ကို ကုမ္ပဏီက ပစ္စတိုတစ်လက်နဲ့ ကျည်ဆံအတော်များများပေးထားတယ်။ ပြီးတော့ ပြောင်းတိုသေနတ်တစ်လက်လည်း ပေးထားတယ်။ တစ်ခါတစ်ရံမှာ အဲဒီသေနတ်နဲ့ တောင်ကုန်းတွေပေါ်တက်ပြီး ငှက်ကလေး ဘာကလေးပစ်တယ်။ ဒီနေရာမှာ လူကတော့ တစ်ယောက်မှ မရှိဘူး။ ညပိုင်းမှာ ဂိုဒေါင်ဝင်းထဲ တစ်ခါနှစ်ခါလောက်လှည့်ပတ်ကြည့်ဖို့ကလွဲပြီး တခြားလုပ်စရာဆိုလို့ ဘာအလုပ်မှ မရှိဘူး။

ဂိုဒေါင်မှာ ထူးထူးခြားခြား ဘာတစ်ခုမှ မဖြစ်ဘဲ နေလာလိုက်တာ လေးလတိတိကြာတယ်။ အဲဒီနောက် တစ်ညနေခင်းမှာတော့ အပြင်က တံခါးခေါက်သံကြားရတယ်။ ကုမ္ပဏီက တစ်ဦးတစ်ယောက် စစ်ဖို့ဆေးဖို့ လာတယ်ထင်ပါရဲ့လို့တွေးပြီး ကျုပ်တံခါးကို ဖွင့်ပေးလိုက်တော့ ကျုပ်နဲ့ မျက်နှာချင်းဆိုင်ပြီး ရပ်နေကြတဲ့ ယောကျ်ားနှစ်ယောက်နဲ့ မိန်းမတစ်ယောက်ကို တွေ့ရတယ်။ ယောကျ်ားတစ်ယောက်က ကျုပ်နဲ့ တော်တော်လေးရင်းနှီးခဲ့တဲ့ လူပါ။ သူ့နာမည်က ရီနယ်လ်ဒီတဲ့။ လော်ရီကားဒရိုင်ဘာတစ်ယောက်ပါ။ မြို့ပေါ်က ဂိုဒေါင်မှာ ကျုပ်အလုပ်လုပ်နေတုန်းက သိခဲ့တဲ့လူပါ။ အဲဒီတုန်းက ကျုပ်ရဲ့မျက်မှန်နဲ့ အသံကို ပြောင်လှောင်ကလားမလုပ်တဲ့ လူဆိုလို့ သူတစ်ယောက်ပဲ ရှိတယ်။ ဒါကြောင့်မို့လည်း သူနဲ့ကျုပ်ဟာ ရင်းနှီးခဲ့ကြတာပါ။

သူက ကျုပ်နဲ့တော့ ဆန့်ကျင်ဖက်ပဲ။ ကျုပ်ရဲ့ရုပ်ရည်က ရိုင်းစိုင်းကြမ်းတမ်းပုံ ပေါက်နေတယ်။ သူ့ရုပ်က ယဉ်ကျေးသိမ်မွေ့တဲ့ လူကြီးလူကောင်းတစ်ယောက်ပုံမျိုးထွက်နေတယ်။ လူက လူချောဗျ။ အရပ်ထောင်ထောင် မောင်းမောင်း၊ အသားမည်းမည်းနဲ့ အားကောင်းမောင်းသန်လူတစ်ယောက်ပဲ။ ကျုပ်ကတော့ အရုပ်ဆိုးတယ်။ ဘယ်မိန်းမကိုမှ ဆွဲဆောင်မှုမရှိနိုင်ဘူး။ သူကတော့ သူစိတ်တိုင်းကျ ထည်လဲတွဲနိုင်တဲ့ မိန်းမတွေ တစ်ပုံတစ်ပင်ကြီးပဲ။ ကျုပ်နဲ့သူနဲ့ တူချင်တဲ့ စိတ်ဖြစ်မိခဲ့တယ်။ ကျုပ်သူ့ကို သိပ်ခင်သွားတာဟာ အဲဒီအချက်ကြောင့် ဖြစ်ချင်လည်း



ဖြစ်မှာပါ။

အခု သူနဲ့ပါလာတဲ့ မိန်းမက အီမီလီယာတဲ့။ သူက အရပ်ပုပု၊ ကိုယ်လုံးကိုယ်ထည်က လုံးလုံးတုတ်တုတ်၊ မျက်နှာက ဝိုင်း၊ မီးခိုးရောင်မျက်လုံးအစုံနဲ့ သူ့ပါးစပ်ရဲ့ထောင့်တွေက တွန့်နေတော့ အမြဲပြုံးနေသလိုပဲ။

သူနဲ့ပါလာတဲ့ ကောင်ရဲ့နာမည်က တီအိုဒိုရို တဲ့။ ဒီကောင့်ဆံပင်က တွန့်လိမ်ကောက်ကွေးပြီး နီရဲနေတယ်။ ။ မျက်လုံးတွေက အဝါရောင်ဗျ။ ကြည့်ပုံရှုပုံက ကြောင်တစ်ကောင်နဲ့တူတယ်။နှာခေါင်းက ချွန်ပြီး ပါးတွေက ပန်းရောင်ထနေတယ်။ သူ့မျက်နှာက အရှေ့မြောက်လေဒဏ်ကို အမြဲမပြတ်ခံထားရသလိုပဲ။

ကျုန်ုပ်ကိုမြင်တော့ ရီနယ်လ်ဒီကပြောတယ်။ သူ ကျုပ်ကို စကားနည်းနည်း ပြောစရာရှိတယ်တဲ့။ ကျုပ်က သူ့ကို တဲထဲခေါ်သွားတယ်။ အထဲရောက်တော့ သူက ကျုပ်ကို စီးကရက်တစ်လိပ်လှမ်းပေးပြီး "ဒီမယ် ဗင်ဆင်ဇို" လို့ စကားစတယ်။ "မင့်မှာ ဘာပြဿနာမှ မရှိပဲနဲ့ ငွေရပေါက်ရလမ်းတစ်ခုရှိတယ်ကွ။ မင့်ရဲ့ အစောင့်အလုပ်ကိုလည်း လုံးဝမထိခိုက်ဘဲနဲ့ အဆင်ပြေသွားမယ့် ကိစ္စပါ" လို့ပြောတယ်။

သူ့စကားကြားတော့ ကျုပ်မျက်လုံးတွေ ပြူးသွားတာ အမှန်ပဲ။ ဒါပေမယ့် ဘာမှတော့ ပြန်မပြောမိဘူး။ ကျုပ်ငြိမ်နေတာ တွေ့တော့မှ သူအားတက်လာပုံပေါ်တယ်။ သူ့ကိစ္စကိုဆက်ပြီး ရှင်းပြတယ်။ သူတို့မှာ ပွဲပေါက်ကြီးတစ်ခုရှိနေတယ်တဲ့။ မြို့ထဲမှာရှိတဲ့ ဂိုဒေါင်တစ်ခုက ပစ္စည်းတွေကို သူတို့က သယ်လာကြမယ်။ ကျုပ်က သူတို့ခိုးလာတဲ့ ပစ္စည်းတွေကို ကျုပ်ရဲ့တဲတစ်လုံးထဲမှာ ထားခွင့်ပေးရမယ်။ နောက်ပိုင်း သင့်တော်တဲ့ အချိန်ကျတော့ သူတို့က အဲဒီပစ္စည်းတွေကို လာသယ်သွားမယ်။ ပြီးရင် သူတို့က ကျုပ်အတွက် ငွေအထိုက်အလျောက်ခွဲပေးမယ်။ သူပြောတဲ့ ကိစ္စက အဲဒါပဲ။

သူ့စကားကြားတော့ ကျုပ်တစ်ကိုယ်လုံးဟာ အဖျားတက်နေတဲ့ လူတစ်ယောက်လိုဖြစ်ပြီး တုန်နေတယ်။ ဒါပေမယ့် သူ့စကားကို ကျုပ်လက်သင့်မခံဘဲ ငြင်းနိုင်သလား၊ မငြင်းနိုင်ဘူးဗျ။ ကျုပ်အဖို့တော့ ရီနယ်လ်ဒီဟာ အစ်ကိုတစ်ယောက်လိုဖြစ်နေတယ် မဟုတ်လား။ ကျုပ်က စကားထစ်တီးထစ်ငေါ့နဲ့ ပြန်ပြောတယ်။ "ကျုပ်ပြောမယ်- ရီနယ်လ်ဒီ ကျုပ်က ဒီဂိုဒေါင်မှာ အစောင့်။ ဟုတ်တယ် မဟုတ်လား" သူကလည်း "ဟုတ်တယ်လေ ငါသိသားပဲ" လို့ ပြန်ဖြေတယ်။ "အေးဗျာ ကျုပ်က ဒီမှာ အစောင့်ဆိုတော့ ဒီမှာပဲ အစောင့်အလုပ်နဲ့ နေချင်တာပေါ့" လို့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ပြန်ပြောတယ်။

အဲဒီတော့ သူက “မင့်စကားက ဘာအဓိပ္ပာယ်လဲ .. ကွ” တဲ့။ ကျုပ်ဆိုလိုတာက ခင်ဗျားအခု လုပ်မဲ့အလုပ်ကို ခင်ဗျားကြိုက်သလိုပဲ လုပ်ပါ။ ခင်ဗျား ယူလာတဲ့ ပစ္စည်းတွေကို တဲတစ်လုံးထဲမှာ ထားနိုင်ပါတယ်။ ခင်ဗျား ဝင်လိုဝင် ထွက်လိုထွက် ခင်ဗျားစိတ်ကြိုက် လုပ်နိုင်ပါတယ်။ ဒါပေမယ့် ဒီကိစ္စကို ကျုပ်ဘာမှ မသိဘူး။ ခင်ဗျားကိုလည်း ကျုပ်မမြင်ဖူးဘူး၊ မတွေ့ဖူးဘူး ခင်ဗျားနဲ့ကျုပ် မသိဘူး။ ပြီးတော့ တကယ်လို့များ မတော်တဆ ဖွဟဲ့ .. လွဲပါစေ၊ ဖယ်ပါစေ .. ဗျာ။ အကြောင်းတိုက်ဆိုင်လာလို့ သူတို့က ခင်ဗျားကို မေးရင်လဲ ကျုပ်နဲ့မသိပါဘူးလို့ ခင်ဗျားက ဖြေနိုင်မှာပါ ...။ ကျုပ်ဆိုလိုတာက ခင်ဗျားပစ္စည်းတွေ လာထားတာဟာ ကျုပ်မသိဘဲထားတယ်ဆိုတဲ့ သဘောပေါ့” လို့ ရှင်းပြလိုက်တယ်။

သူတို့က ကျုပ်ကို အံ့အားသင့်ပြီး ကြည့်နေရာက ခေါင်းညိတ်ပြတယ်။ တီအိုဒိုရီဆိုတဲ့ကောင်ကတော့ ကျုပ်ကို ကြည့်ပြီး .. “တို့ပစ္စည်းတွေ ပျောက်သွားမယ်ဆိုရင် မင်းက ငါတို့ကို မသိပါဘူးလို့ပြောထားတာဆိုတော့ ...”

ဒါပေမယ့် သူ့စကားမဆုံးခင်မှာ ရီနယ်လ်ဒီက ကြားဖြတ်ပြီး “မင်း .. စင်ဆင်ဒိုအကြောင်းကို မသိပါဘူး”လို့ပြောတယ်။ “ဒီကိစ္စအတွက် မင်းပူစရာမလိုပါဘူး” တဲ့။ အဲဒီတော့ ကျုပ်ကလည်း .. “ကျုပ်ဟာ ဒီဂိုဒေါင်မှာ အစောင့်ပါ။ ဒီတော့ကာ ခင်ဗျားတို့ပစ္စည်းအတွက်လည်း ကျုပ်ဟာ အစောင့်ပဲပေါ့ .. ဗျာ” လို့ ပြောလိုက်တယ်။

အဲသလို ပြောတာတောင်မှ တီအိုဒိုရီဆိုတဲ့ကောင်က ကျုပ်ကိုလှမ်းပြီး သဟောက်သဟာလေသံနဲ့ “မင်းဝေစုကို မင်းရမှာပါကွာ” တဲ့ ကျုပ်ကလည်း မခံချင်တဲ့စိတ်နဲ့ “အဲဒီအတွက်လည်း ခင်ဗျားတို့ ပူစရာမလိုပါဘူး။ ခင်ဗျားတို့ဆီက ကျုပ် ဘာမှ မလိုချင်ဘူး” လို့ ပြန်ပြောလိုက်တယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ နှစ်ဦးနှစ်ဖက် သဘောတူညီချက် တစ်ခုကတော့ ရှိလာတာပေါ့။ ရီနယ်လ်ဒီဟာ ချက်ခြင်းပဲ ထွက်သွားပြီး မကြာခင်မှာဘဲ လော်ရီကားနဲ့ ပြန်ရောက်လာတယ်။ လော်ရီကားပေါ်က ပစ္စည်းတွေကိုချပြီး တဲတစ်လုံးထဲ ပို့တယ်။ ပစ္စည်းတွေကို ပီပါကြီးတွေရဲ့နောက်မှာ ထားတယ်။ ကျုပ်ကတော့ မမြင်ပါဘူး သူတို့ကပြောတော့ အထည်အလိပ်တွေ .. တဲ့။ သူတို့ထွက်မသွားခင် အီမီလီယာက ကျုပ်ကို တစ်ချက်ကြည့်သွားတယ်။ သူ့အကြည့်က ကျုပ်အပေါ် ချစ်ခင်တွယ်တာတဲ့ အရိပ်လက္ခဏာတွေ ယှက်သန်းနေတယ်။ ကျုပ်



ရလိုက်တဲ့ ဆုကတော့ အဲဒါပဲ။

အဲဒီနေ့ကလာပြီးတဲ့နောက်မှာ သူတို့ဟာ နောက်ထပ်သုံးလေးကြိမ်လောက် လာကြပါသေးတယ်။ လာတိုင်းလည်း အီမီလီယာကို ခေါ်လာကြပါတယ်။ သူတို့လာလို့ လော်ရီကား ဟွန်းကိုနှိပ်ပြီး အချက်ပေးလိုက်ရင် ကျုပ်က ချက်ခြင်း ဂိတ်တံခါးတွေကို ဖွင့်ပေးပါတယ်။ အထဲရောက်တာနဲ့တပြိုင်နက် သူတို့ဟာ လော်ရီကားပေါ်က ပစ္စည်းတွေကို ချပြီး တဲထဲကိုပို့တယ်။ ပြီးရင် ပြန်ထွက်သွားရော။ ကျုပ်ကလဲ သူတို့ကို ဝင်းထဲမှာ ကြာကြာမနေစေချင်ပါဘူး။ အဲ .. သူတို့ကားပေါ်က ပစ္စည်းတွေချနေခိုက်မှာတော့ ကျုပ်က တဲတံခါးပိတ်ပြီး တဲထဲမှာပဲနေတယ်။

သူတို့ရောက်လာတိုင်း ဟိုအကောင် တီအိုဒိုရီနဲ့ ကျုပ်နဲ့ကတော့ အဆင်မပြေဘူး။ အမြဲတန်း စကားများရတယ်။ သူက ကျုပ်ကိုအပေါ်စီးနဲ့ ဆက်ဆံပြီး အနိုင်ကျင့်ချင်တယ်။ ကျုပ်ကလည်း မခံနိုင်ဘူး၊ ဒါပေမယ့် အီမီလီယာကတော့ ကျုပ်ကို ပြုံးပြုံးရယ်ရယ်နဲ့ ဖော်ဖော်ရွေရွေ ဆက်ဆံလေ့ရှိပါတယ်။ ဂရုဏာမကင်းတဲ့ စကားမျိုးတွေကိုလဲ တစ်ခွန်းစ နှစ်ခွန်းစ ပြောလေ့ရှိပါတယ်။ တစ်ကြိမ်မှာ သူက .. “ရှင် .. အခုလို တစ်ယောက်ထဲ နေရတာ မငြီးငွေ့ဘူးလား” လို့ မေးပါတယ်။ ကျုပ်ကလဲ .. “ငါ့အနေနဲ့ တစ်ယောက်ထဲ နေတတ်တဲ့ အလေ့အထ ရနေတာ ကြာပါပြီကွယ်၊ မပျင်းတော့ပါဘူး” လို့ ဖြေလိုက်တယ်။

တစ်ရက်မှာတော့ ကျုပ်ဖတ်နေတဲ့ သတင်းစာထဲမှာ တီအိုဒိုရီရယ်၊ ရီနယ်လ်ဒီရယ် ပြီးတော့ တခြားလူအတော်များများရယ် အဖမ်းခံရတဲ့သတင်း ပါလာတာတွေ့ရတယ်။ သတင်းစာကတော့ သူတို့ကို ‘ဖောက်ထွင်းဂိုဏ်းသားတွေ’ လို့ နာမည်ပေးထားတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့က ဆိုင်တွေဖောက်ပြီး အထဲကပစ္စည်းတွေ ယူကြတာကိုး တစ်ချို့နေရာမှာတော့ မြေတိုက်ထဲ ဝင်ခိုးကြတာ။ ဒါပေမယ့် အများဆုံးကတော့ ဆိုင်တွေဖောက်ပြီး ဝင်ကြတာကများတယ်။ သတင်းစာထဲမှာ ရီနယ်လ်ဒီနဲ့ တီအိုဒိုရီတို့ရဲ့ ဓာတ်ပုံတွေအပြင် ကော်လာလည်ကတုံးနဲ့ မျက်လုံးပြူးပြူးကောင်တစ်ကောင်ရဲ့ပုံလဲ ပါလာတယ်။ ‘အန္တရာယ်များသော ရာဇဝတ်ကောင်များအား ရုံးတင်စစ်ဆေးတော့မည်’ လို့ သတင်းခေါင်းစီးကို စာလုံးမဲကြီးတွေနဲ့ ဖော်ပြထားတယ်။ ဒီသတင်းထဲမှာ အီမီလီယာအကြောင်းတော့ တစ်လုံးမှ မပါဘူး။

အခုရာသီက ဆောင်းရာသီဗျ။ တစ်ညမှာတော့ မိုးကလဲရွာ၊ လေကလည်း ထန်နေတယ်။ ဂိုဒေါင်ဝင်းထဲမှာဆိုရင် ရေတွေပြည့်နေလိုက်တာ ရေကန်တစ်ကန်

www.burmeseclassic.com

www.burmeseclassic.com



လား အောက်မေ့ရတယ်။ အဲဒီအချိန်ကြီးကျခါမှ အပြင်က တံခါးခေါက်သံ ကြားရတယ်။ ကျုပ်ကသွားပြီး တံခါးဖွင့်လိုက်တော့ လား .. လား ရပ်နေတဲ့လူက တခြားလူမဟုတ်ဘူး။ အီမီလီယာ .. ဗျူ။ သူ ဘယ်လိုဖြစ်လာတာပါလိမ့် ..။ သူမှာ ကိုယ်ဝန်တောင် ရှိနေပါပေါ့လား ..။ သူ့ဗိုက်ကြီးက အကြီးကြီးပဲ ရှေ့ကို အရှား ကြီး စူထွက်နေတယ်။ သူ့ရဲ့ လှပတဲ့ မျက်နှာဟာလဲ သူ့ဗိုက်ကြီးဆီကို ဆွဲထား တာ ခံနေရသလိုပဲ။ ပြီးတော့ တစ်ကိုယ်လုံး မိုးရေတွေ ရွဲရွဲစိုနေတယ်။ ဆံပင်တွေ ကလဲ သူ့မျက်နှာမှာ ကပ်နေကြတယ်။

သူဟာ တဲထဲကို ဝင်လာပြီး စကားတစ်ခွန်းမှ မပြောဘဲ ရီနယ်လ်ဒီ ပေးလိုက်တဲ့စာကို လှမ်းပေးတယ်။ စာထဲမှာတော့ ရီနယ်လ်ဒီက သူထောင်ထဲက တစ်နှစ်ကြာရင် လွတ်လာမှာဖြစ်ကြောင်း၊ သူထောင်ကျနေခိုက်မှာ အီမီလီယာကို လက်ခံစောင့်ရှောက်ထားစေလိုကြောင်း ရေးထားတယ်။ ပြီးတော့ ဝှက်ထားတဲ့ ပစ္စည်းတွေကိုလဲ စောင့်ရှောက်ထားပါ .. တဲ့။ ကျန်လူတွေက သူတို့ဝေစုတွေကို ရသွားကြပြီ .. တဲ့။ အဲသလိုပဲ ရေးထားတယ်။

ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် ကျုပ်နဲ့အလုပ်တွဲလုပ်လို့ရတယ်ဆိုတဲ့ အချက်ကို ရီနယ်လ်ဒီ နားလည် လက်ခံထားပုံရပါတယ်။ ဒီအချက်ကိုသိလိုက်တော့ ကျုပ် စိတ်ထိခိုက်ရပါတယ်။ သူ့အယူအဆဟာ မှန်ပါတယ်။ ကျုပ်ကိုယ်တိုင်ကလဲ သူ့ အတွက်ဆိုရင် ဘာမဆို လုပ်ပေးမယ်ဆိုတဲ့စိတ် ရှိနေပါတယ်။ ဒါ့ကြောင့်လဲ ကျုပ် က အီမီလီယာကို အကြောင်းစုံရှင်းပြပြီး ဒီညအဖို့ ကျုပ် ကုတင်ပေါ်မှာ သူအိပ် နိုင်ကြောင်း အသိပေးလိုက်ပါတယ်။ ကျုပ်ကတော့ တခြားအခန်းထဲသွားပြီး ကြမ်း ပေါ်မှာပဲ အိပ်လိုက်တယ်။ ကျုပ်တို့ရဲ့ဘဝဟာ နှစ်ယောက်အတူတွဲပြီး အဲဒီပုံစံနဲ့ အစပြုခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး လအနည်းငယ်လောက်အတွင်းမှာ ကျုပ်ရဲ့ ဂိုဒေါင်ကို ရောက်လာတဲ့လူတွေက ကျုပ်ကို မိန်းမရနေပြီလို့ ထင်ကြတယ်။ အလွန်စိတ်ချမ်း သာနေတဲ့ လင်သည်တစ်ယောက် ဖခင်တစ်ယောက်အဖြစ် မြင်ကြတယ်။ အောက် တိုဘာလ နေရောင်ခြည်ဟာ ဂိုဒေါင်ဝင်းထဲကို ဖြာဆင်းနေတယ်။ ဝင်းအလယ်မှာ တော့ အီမီလီယာဟာ သူ့အင်္ကျီလက်မောင်းနှစ်ဖက်ကို ပင့်တင်ထားပြီး စည်ပိုင်း ထဲက ရေနဲ့ ကျုပ်ရှပ်အင်္ကျီတွေကို လျှော်နေတယ်။ တခြားလျှော်ပြီးသား အဝတ် တွေကိုလဲ ကြိုးတန်းမှာ လှမ်းထားပြီးနေပြီ။

ကျုပ်ကတော့ တဲပြင်ဘက်က နေရောင်အောက်မှာ ကုလားထိုင်တစ်လုံး



နဲ့ ထိုင်ပြီး အီမီလီယာရဲ့ ကလေးကို ပွေ့ထားတယ်။ ကလေးကို မှည့်ထားတဲ့ နာမည်က ကျုပ်နာမည်အတိုင်းပဲ ဗင်ဆင်ဇို .. တဲ့။ ကျုပ်နေတဲ့ တဲဘေးမှာတော့ တဲငယ်လေးတစ်လုံးရှိတယ်။ ကျုပ်ကိုယ်တိုင်ဆောက်ထားတဲ့ တဲပေါ့။ အဲဒီ တဲ ကလေးထဲက မာကရိုနီခေါက်ဆွဲအတွက် ချက်ထားတဲ့ ဟင်းနံ့က တသင်းသင်း ထွက်လာနေတယ်။ အခုဆိုရင် ကျုပ်အပြင်စားသောက်ဆိုင်ကို ထွက်ပြီးစားဖို့ မလို တော့ဘူးဗျ။ အီမီလီယာက ကျုပ်အတွက် ချက်ပြုတ်ကျွေးမွေးနေပြီ မဟုတ်လား။

အင်း .. ဘယ်သူမဆိုပေါ့ .. လေ။ ကျုပ်က .. ကလေးထိန်းနေတယ်။ အီမီလီယာက ကျုပ်အင်္ကျီတွေကို လျှော်ဖွတ်နေရင်းက ကျုပ်နဲ့ ရယ်ရယ်မောမော စကားပြောနေတယ်။ အဲဒီအဖြစ်ကိုသာမြင်လိုက်ရင် ကျုပ်တို့ကို ပျော်ရွှင်သာယာ နေတဲ့ မိသားစုတစ်စုလို့ အထင်မှားကြမှာပဲ။ ဒါပေမယ့် ကျုပ်နဲ့ အီမီလီယာဟာ ဘာဆို ဘာမှ မဖြစ်သေးပါဘူးဗျာ။ ကလေးက ရီနယ်လ်ဒီရဲ့ ကလေးပါ။ အီမီလီယာ က ရီနယ်လ်ဒီရဲ့ မယားပါ။ တဲထဲမှာ ဝှက်ထားတဲ့ ပစ္စည်းတွေကလဲ ရီနယ်လ်ဒီ ရဲ့ ပစ္စည်းတွေပါ။ ကျုပ်ကတော့ ကုမ္ပဏီပိုင်ပစ္စည်းတွေကို စောင့်ပေးနေရတဲ့ အစောင့်ပါပဲ။ ပြီးတော့ ရီနယ်လ်ဒီရဲ့ ပစ္စည်းတွေကိုပါ စောင့်ပေးနေရတဲ့ အစောင့် ပါပဲ။ အဲဒီပစ္စည်းတွေထဲမှာ အီမီလီယာနဲ့ ကလေးလဲ အပါအဝင်ပေါ့။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ .. လေ။ တခြားသော ရှုထောင့်တွေက ကြည့်မယ် ဆိုရင်တော့ ကျုပ်ဟာ တကယ့်အိမ်ထောင်သည်တစ်ယောက်လိုပါပဲ။ အီမီလီယာ ဟာ ကျုပ်အပေါ်မှာ ကောင်းရှာပါတယ်။ ဘာမှ လိုလေသေးမရှိအောင် လုပ်ကိုင် ပေးရှာပါတယ်။ ကလေးကလဲ ချစ်စရာလေးပါ။ ပြောစရာမရှိပါဘူး။

ခွကျနေတာဆိုလို့ တစ်ခုပဲရှိတယ်။ တခြားတော့မဟုတ်ပါဘူး။ ကျုပ်အနေ နဲ့ ရီနယ်လ်ဒီ ထောင်ကထွက်လာမယ့်ရက်ကို လက်ချိုးပြီး ရေတွက်နေတဲ့ အီမီလီယာ ကို ရီနယ်လ်ဒီအကြောင်း အမြဲတစေ ပြောပြပေးနေတာဟာ ကျုပ်အနေနဲ့ ရီဒယ်လ် ဒီအပေါ် သိပ်ပြီး ဂရုစိုက်လွန်းလို့ အလေးအနက်ထားလွန်းလို့ မဟုတ်ပါဘူး။ ကျုပ် ပြောပြနေရတာက အီမီလီယာဟာ တခြားယောကျ်ားတစ်ယောက်ရဲ့ မယား ဖြစ်တယ်။ ကျုပ်ကတော့ အဲဒီယောကျ်ားရဲ့ မိတ်ဆွေတစ်ယောက် ဖြစ်တယ်ဆို တာ ကျုပ်ကိုယ်ကျုပ် အမြဲမပြတ် သတိရနေအောင် လုပ်နေရတဲ့သဘောပါ။ တစ် နည်းအားဖြင့် ပြောရရင်တော့ ဒီကမ္ဘာလောကကြီးထဲမှာ ယောကျ်ားဆိုလို့ ရီနယ်လ် ဒီတစ်ယောက်သာရှိပြီး ကျုပ်တော့ ယောကျ်ားတစ်ယောက် မဟုတ်ဘူးလို့ ပြော နေတဲ့သဘောပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညမှာတော့ ကျုပ်က ကျုပ်ရင်ထဲမှာ အဲသလိုခံစားနေရကြောင်း အီမီလီယာကို ပြောပြမိတယ်။ အဲဒီကျတော့မှပဲ သူက ကျုပ်ကို အခုမှ ယောက်ျားတစ်ယောက်ဖြစ်မှန်း ပထမဆုံးအကြိမ် သတိထားမိသလိုလို ဘာလိုလို လုပ်လာတယ်ဗျ။ အဲဒီနေ့ကစပြီး သူဟာ ကျုပ်ကို ချစ်ရေးချစ်ရာနဲ့ ပတ်သက်ပြီး တို့ကနန်းဆိတ်ကနန်း လုပ်လာတယ်။ ဓထိခလုတ် ထိခလုတ်ကလေးတွေပေါ့ .. ဗျာ။ သူကတော့ ပျော်စေပျက်စေ ကလက်စေ သဘောမျိုး လုပ်တာပါ။ ဒါပေမယ့် ကျုပ်မှာကတော့ သိပ်ကို ခံစားရတယ် .. ဗျ၊ သိလား၊ သူဟာ ကျုပ်အဖို့ အလွန့်ကို ဆွဲဆောင်မှုရှိနေတဲ့ မိန်းမတစ်ယောက်ပါလားဆိုတဲ့ အချက်ကိုလဲ နားလည်လာတယ်။

နောက်ဆုံး တစ်ရက်မှာတော့ ကျုပ်သူ့ကို ပြောပြလိုက်တယ်။ "မင်းကိုပိုင်တဲ့လူက ရီနယ်လ်ဒီပါ၊ ဒါကြောင့်မို့ ငါ့ကို ရှိတယ်လို့ မအောက်မေ့ပါနဲ့" လို့။ အဲဒီတော့ သူကလဲ "ဟုတ်ပါတယ် .. ဒါပေမယ့် ရှင်က ကျွန်မတို့ရဲ့ မိတ်ဆွေစစ် မိတ်ဆွေကောင်းတစ်ယောက် ဖြစ်နေလို့ သဝန်ကြောင်တာတို့၊ မနာလိုတာတို့တော့ ရှိမယ်မထင်ပါဘူး .. နော်" တဲ့။ အဲဒါပဲ .. ကျုပ်တို့ ဇာတ်လမ်းက အဲဒီမှာတင် အဆုံးသတ်သွားတာပဲ။

တစ်ညမှာတော့ ကျုပ်အပြင်ဘက်က အသံတစ်သံကြားတယ်။ ကျုပ်ရဲ့ ပစ္စတိုကိုယူပြီး တဲပြင်ဘက် ထွက်လာခဲ့တယ်။ လပြည့်ညမို့ လရောင်ဟာ ထိန်ထိန်လင်းနေတယ်။ စည်ပိုင်းထဲက ရေထဲမှာကျနေတဲ့ လရိပ်ဟာ ငွေရောင်လက်နေတယ်။ ဝင်းထဲမှာ ရှိနေတဲ့ ကျောက်တုံး၊ ကျောက်ခဲတွေ အသေးအကြီးတွေနဲ့ သူတို့ဘေးမှာ ထိုးကျနေတဲ့ သူတို့ရဲ့အရိပ်တွေကိုတောင် ပြက်ပြက်ထင်ထင် မြင်နေရတယ်။ ပတ်ဝန်းကျင် တောင်ကုန်းတွေကတော့ ကြည်လင်ဝင်းလက်နေတဲ့ ကောင်းကင်ပြင်ကို နောက်ခံပြုပြီး မဲမဲမှောင်မှောင်ရပ်နေကြတယ်။ ညဟာ ညနဲ့မတူဘူး တကယ့်နေ့ခင်းအတိုင်းပဲ။ ဒါကြောင့်လဲ သူ့ကို ကျုပ်ချက်ခြင်း တွေ့တာပေါ့။ တဲနှစ်လုံးကြားကိုဝင်ပြီး ကိုယ်ရောင်ဖျောက်ဖို့ အားထုတ်နေတဲ့သူ့ကို ကျုပ်က လှမ်းအော်ပြီး ရပ်နေဖို့ တားလိုက်တယ်။ သူ ချက်ခြင်းအပြင် လရောင်အောက် ထွက်လာတယ်။ "မင့် ပစ္စတိုကို ချထားလိုက်ပါ။ မင်းငါ့ကို မမှတ်မိတော့ဘူးလား" တဲ့။

တခြားလူဟုတ်ပါရိုးလား .. တီအိုဒိုရိုဆိုတဲ့ကောင် .. ပေါ့။ လူပုံက အတော်ကြီးကို ပြောင်းလဲနေတယ်။ အဝတ်အစားတွေကလဲ စုတ်ပြတ်နေတာပဲ။



ပါးချောင်နားချောင်တွေကျပြီး မျက်လုံးတွေက ဝံပုလွေတစ်ကောင်ရဲ့ မျက်လုံးတွေအတိုင်းပဲ။ "ငါပစ္စည်းတွေ လာယူတာ၊ အပြင်မှာ လောရီကားနဲ့ အဖော်တချို့ ပါလာတယ်" လို့ သူကပြောတယ်။ "ဒီပစ္စည်းတွေက မင်းဟာမဟုတ်ဘူး၊ ရီနယ်လ်ဒီဟာတွေ" လို့ ကျုပ်က ပြန်ပြောတယ်။

ကျုပ်တို့အငြင်းအခုန် ဖြစ်ကြတယ်။ ပထမတော့ သူက ကျုပ်ကို အနိုင်ကျင့်ဖို့ ကြိုးစားတယ်။ မရမှန်းသိတော့ တစ်ယောက်တစ်ဝက်စီ ယူကြရအောင် လို့ ပြောလာတယ်။ ကျုပ်က လက်မခံဘူး၊ ကျုပ်တို့ရပ်နေကြတာက ရေစည်ပိုင်းနားမှာ။ အီမီလီယာရဲ့ ပြတင်းပေါက်က မီးရောင်ကို မြင်ရတယ်။ သူက ကျုပ်တို့ လှမ်းကြည့်နေတယ်။ နောက်ဆုံးမှာ ကျုပ်က တီအိုဒိုရိုကို "မင်းဒီဝင်းထဲက မြန်မြန်ထွက်သွားတာ အကောင်းဆုံးဖြစ်လိမ့်မယ်" လို့ ပြောတယ်။ သူကလဲ "အေးပါ မပူပါနဲ့ .. ငါသွားမှာပါ" လို့ ပြန်ပြောတယ်။

သူဟာ ချက်ခြင်းပဲ ဂိတ်တံခါးဘက် လျှောက်သွားတယ်။ ကျုပ်က သူ့အရိပ်အကဲကို မျက်ခြည်မပြတ်ကြည့်ပြီး နောက်က လိုက်သွားတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီကောင်မျိုးကလစ်ရင်လစ်သလို ဓားသုံးတတ်တယ် မဟုတ်လား။ အဲ .. ကျုပ်ထင်တာ မလွဲဘူး၊ ဂိတ်တံခါးရှေ့လဲရောက်ရော ဖြတ်ခနဲ နောက်လှည့်ပြီး ကျုပ်အပေါ် ခုန်အုပ်လိုက်တယ်။ ကျုပ်ကလဲ နောက်ကို ခုန်ဆုတ်လိုက်ပြီး ပစ္စတိုနဲ့ တစ်ချက်ပစ်လိုက်တယ်။ မယုံနိုင်စရာဘဲ .. ဗျာ။ ဒီကောင် လက်တစ်ဖက်နဲ့ သူ့ရင်ဘက်ကိုဖိပြီး ကျုပ်ဆီကို လာနေတုန်းပဲ။ ဝံပုလွေ မျက်လုံးတွေနဲ့ ကျုပ်ကို ပြူးပြူးကြီး စိုက်ကြည့်နေတယ်။ လက်တစ်ဖက်ကတော့ ဓားမြှောင်ကိုင်ထားတယ်။ ကျုပ်မတတ်နိုင်တော့ဘူး ပစ္စတိုနဲ့ နောက်တစ်ချက်ထပ်ပစ်တယ်။ ကျုပ်ရှေ့မှာပဲ သူလဲကျသွားတယ်။

နောက်တစ်နေ့ မိုးလင်းတာနဲ့ တပြိုင်နက် ရဲတွေရောက်လာပြီး စစ်ကြဆေးကြတယ်။ ဒီအကောင် အရင်က ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေရှိတာကိုလဲ သိသွားကြတယ်။ အခုလောလောဆယ် ထောင်ကထွက်ပြေးလာတာလဲ ပေါ်သွားတယ်။ ကျုပ်အဖို့ တော်သေးတာပေါ့။ ကုမ္ပဏီကတောင် သူ့တို့ပစ္စည်းတွေကို အကာအကွယ်ပေးခဲ့တယ်ဆိုပြီး ကျုပ်ကို ဆုလက်ဆောင် ပေးခဲ့ကြသေးတယ်။

ကျုပ် .. အီမီလီယာကို ပြောမိတယ်။ "ရီနယ်လ်ဒီဟာ ပထမဆုံး ငါ့ကို သူခိုးတစ်ယောက်ဖြစ်အောင် လုပ်ခဲ့တယ်။ အခု တစ်ခါ လူသတ်သမားတစ်ယောက်ဖြစ်အောင် လုပ်လိုက်ပြန်ပြီ" လို့။ အဲဒီတော့ သူက "အေးဟာ .. ရှင်

www.burmeseclassic.com

www.burmeseclassic.com



တိုရှင် ခုခံကာကွယ်တာပဲ။ ဘာမှအထူးပြောစရာမလိုပါဘူး'' လို့ ပြန်ပြောတယ်။ ကျုပ်ကလဲ .. ''အေးပါ .. ဟုတ်ပါတယ်၊ ငါက အစောင့်ပဲ။ ပြဿနာရှိလာရင် ဘယ်သူ့ကိုမဆို ပစ်ရခတ်ရမှာပဲ'' လို့ ပြောလိုက်တယ်။

နောက်ဆုံးမှာတော့ ရိနယ်လ်ဒီထောင်က လွတ်လာတော့မယ်။ အီမီလီယာနဲ့ ကလေးအပြင် သူ့အထည်ထုပ်တွေကိုပါ လာယူတော့မယ်။ ကုမ္ပဏီကလဲ သူတို့ဂိုဒေါင်ကို မကြာခင် ဖျက်သိမ်းတော့မယ်လို့ ကျုပ်ဆီကို အကြောင်းကြားထားပြီ။ အရာရာတိုင်းဟာ တစ်ချိန်ထဲ တပြိုင်ထဲ ပြီးဆုံးသွားမဲ့ အနေအထားကို ရောက်လာနေပြီ။ ကျုပ်အနေနဲ့ ရှေ့လျှောက်ပြီး ဘယ်သူ့အတွက်မှ အစောင့်လုပ်ပေးစရာ လိုတော့မှာ မဟုတ်ဘူး။ ကုမ္ပဏီအတွက်ရော ရိနယ်လ်ဒီအတွက်ရော ကျုပ်စောင့်ပေးစရာ မလိုတော့ဘူးပေါ့။

ရိနယ်လ်ဒီကတော့ တစ်ညမှာ ရောက်လာတယ်။ သူရောက်လာတဲ့အချိန်က သန်းခေါင်ကျော်နေပြီ။ လော်ရီကားလဲ ပါလာတယ်။ ကားရဲ့ လေကာမှန်ပေါ်မှာလဲ ''အီမီလီယာ'' ဆိုတဲ့ စာတန်းကို ဆေးအဖြူနဲ့ အကြီးကြီး ရေးထားတယ်။ ကျုပ်က .. ''ဟောဒီမှာ .. ခင်ဗျားရဲ့ အီမီလီယာနဲ့ ခင်ဗျားရဲ့သား၊ ခင်ဗျားလွှတ်လိုက်တုန်းကအတိုင်းပဲ၊ ဘာမှ အရာမယွင်းဘူး။ ခင်ဗျားရဲ့ အထည်တွေလဲ ဟောဟိုတဲထဲမှာ ခြေရာလက်ရာမပျက် ရှိနေတယ်။ အားလုံးနဂိုရှိအတိုင်းပဲ'' လို့ ကျုပ်က ပြောပြတယ်။

သူက ကျုပ်ကိုပြုံးပြီး ကြည့်နေတယ်။ အီမီလီယာတို့ သားအမိနဲ့ ပြန်ဆုံမိလို့ ဝမ်းသာနေတဲ့ပုံပါပဲ။ ''အေးပါ ဗင်ဆင်ဇိုရယ် မင်းကိုယုံကြည်စိတ်ချရပါတယ်ဆိုတာ ငါကောင်းကောင်း သိပါတယ်ကွာ''လို့ သူက ပြန်ပြောတယ်။

ဒါပေမယ့် .. ဗျာ ကျုပ်မှာတော့ ဒေါသလဲဖြစ်တယ်။ စိတ်လဲထိခိုက်တယ်။ ဒီနှစ်ခုစလုံးကို တပြိုင်ထဲ ခံစားလိုက်ရတော့ အသက်တောင် ကောင်းကောင်းမရှူနိုင်တဲ့အထိ ဖြစ်ရတယ်။ ဒါကြောင့်မို့လဲ ကျုပ် ထပ်ပြောမိတယ်။ ''ဒီမယ် .. ရိနယ်လ်ဒီ၊ ခင်ဗျား ယုံကြည်စိတ်ချလို့ အပ်ထားခဲ့တဲ့ ပစ္စည်းတွေကို ခင်ဗျားဟာသာ ခင်ဗျား စစ်ဆေးကြည့်ပေါ့။ ကျုပ်အခုပြန်အပ်တာဟာ ခင်ဗျားလာအပ်တုန်းကအတိုင်း အတိအကျပဲ ဘာတစ်ခုမှ ခြေရာလက်ရာ မပျက်ဘူး'' လို့။

နောက်တော့ သူက ကျုပ်ကိုငွေနည်းနည်းပါးပါး ပေးချင်ကြောင်း ပြောတယ်။ ကျုပ်က လက်မခံဘူး၊ ဒါဆိုရင် လက်ပတ်နာရီတစ်လုံး လက်ဆောင်ပေးချင်တယ်တဲ့၊ ကျုပ်က မယူဘူး၊ အဲဒီတော့ သူကားနဲ့ ရောမကို အလည်လိုက်



ခဲ့ပါတဲ့။ ကျုပ်က မလိုက်ဘူး၊ သူပေးသမျှ အရာရာတိုင်းကို ကျုပ်က ငြင်းတယ်။ ''ကျုပ်ဘာပစ္စည်းမှ မလိုချင်ဘူး .. ကျုပ်ဟာ အစောင့်ပဲ။ ဟုတ်တယ်မဟုတ်လား'' လို့ သူ့ကိုပြောလိုက်တယ်။

အင်း .. အခုကျမှပဲ ကျုပ်စိတ်ကို ကျုပ်သိလာရတယ်။ ကျုပ်ဟာ အီမီလီယာကိုချစ်နေပြီဗျ။ ဒါကြောင့်လဲ ကျုပ်ရင်ထဲမှာ တစ်ချိန်ထဲ တပြိုင်ထဲ ဝမ်းနည်းကြေကွဲခြင်းရယ်၊ ပြီးတော့ သူ့အပေါ် ကျုပ်က တလေးတစား ဆက်ဆံခဲ့မိတဲ့အတွက် ဝမ်းသာတာရယ် အဲဒီနှစ်ခုစလုံးကို ခံစားရတာပါလားဆိုတာလဲ ကျုပ်နားလည်တယ်။

ရိနယ်လ်ဒီရဲ့ ပစ္စည်းတွေ ကားပေါ်တင်တော့ ကျုပ်ကိုယ်တိုင် တင်ပေးလိုက်ပါတယ်။ ရိနယ်လ်ဒီဟာ ကားပေါ်မှာ အီမီလီယာနဲ့ အတူထိုင်နေတယ်။ စောင်တစ်ထည်နဲ့ထုပ်ထားတဲ့ ကလေးကို ပွေ့ထားတဲ့ အီမီလီယာကတော့ ကျုပ်ကို ပြုံးပြီး ကြည့်နေတယ်။ ရိနယ်လ်ဒီက ကားခေါင်းထဲကနေ ငုံ့ကြည့်တယ်။ ''ငါမင်းဆီလာခဲ့ဦးမယ် .. ဦးအစောင့်ကြီးရေ'' လို့ အော်ပြီး နှုတ်ဆက်တယ်။ လော်ရီကားဟာ ဖြည်းဖြည်းချင်းရွေ့သွားသွားတယ်။

နောက်ရက်အနည်းငယ်လောက်ကြာတော့ ကုမ္ပဏီက လော်ရီကားကြီးတွေရောက်လာတယ်။ အုတ်ခဲတွေ၊ ဘိလပ်မြေအိတ်တွေ၊ ပိုက်လုံးတွေ၊ ကတ္တရာစေး ပီပါတွေအားလုံးကို ကားတွေပေါ်တင်ကြတယ်။ ဘေးပတ်လည်က အုတ်တံတိုင်းတွေကို ဖြိုချပြီး အုတ်ခဲတွေကို တင်ကြတယ်။ နောက်ဆုံးမှာ တဲတွေကိုဖျက်ပြီး သစ်သားတွေကို ယူကြတယ်။ ရက်ပေါင်းများစွာ တစ်နေကုန် တစ်နေခန်း လော်ရီကားတွေဟာ ဝင်လာလိုက် ပြန်ထွက်သွားလိုက်နဲ့ နားနေတယ်ကို မရှိဘူး။ နောက်ဆုံးတစ်ရက် တစ်မနက်မှာတော့ သူတို့ဟာ ကျုပ်တဲကလေးကို ဖျက်ပြီး သယ်သွားကြတယ်။ ဒီမြေပုံပေါ် ကျန်ရစ်ခဲ့တာဆိုလို့ ကျုပ်တစ်ယောက်ထဲပဲ ရှိတော့တယ်။

အခုဆိုရင် မြက်ပင်ကလေးတွေပေါက်နေတဲ့ မြေပြင်ပေါ်မှာ ဟိုတစ်စုသည်တစ်စု ပြန့်ကြဲနေတဲ့ အုတ်ကျိုးအုတ်ပဲ့တွေနဲ့ ရေအိုင်ကလေးတွေကလွဲပြီး ဘာမှ မရှိတော့ဘူး။ ပတ်ပတ်လည်မှာတော့ တောင်ကုန်းတွေပေါ့။ ကျုပ် ဒီနေရာမှာ နှစ်နှစ်နီးပါးလောက် နေခဲ့ရတာပါ။ အခုတော့လဲ အလုပ်က ပြီးသွားပြီပေါ့ .. လေ။

ကျုပ်မှာရှိနေတဲ့ ပစ္စည်းတွေအားလုံးကို ဖိုင်ဘာလက်ဆွဲ သေတ္တာထဲ စုထည့်

www.burmeseclassic.com


www.burmeseclassic.com



ပြီး ကျုပ်စက်ဘီးရဲ့ နောက်ခုံပေါ်မှာ တင်လိုက်တယ်။ ကျုပ်စက်ဘီးကို ဆာလာရီယာ လမ်းမကြီးဘက် ဦးတည်ပြီး တွန်းလာခဲ့တယ်။ လမ်းပေါ်ရောက်တာနဲ့ တပြိုင်နက် ကျုပ်စက်ဘီးပေါ် တက်လိုက်ပြီး ရေမဘက်ကို ခပ်ဖြည်းဖြည်း ခပ်မှန်မှန် နင်းလာခဲ့တယ်။

THE CARE TAKER
(ROMAN TALES)
ALBERTO MORAVIA

❑




ထွက်ပြီ

ကံ့ကော်ဝတ်ရည်စာပေမှ ထုတ်ဝေသော
ဘ(တရုတ်၊အင်္ဂလိပ်၊မြန်မာ)ဘာသာကြေးမုံဖတ်စာများသည်...

- တရုတ်စာနှင့် အင်္ဂလိပ်စာကို မြန်မာစာ ကြားခံပြု၍ လျှင်မြန်လွယ်ကူစွာ လေ့လာနိုင်သည်။
- တရုတ်စာတိုင်းကို Pinyin များဖြင့် ဖော်ပြထားသည်။
- တရုတ်စာ အဓိကဝေါဟာရ Key words ၂၀၀-၅၀၀ ၏ အဓိပ္ပာယ်များကို ထုတ်ပေးထားသည်။
- နိုင်ငံတကာအဆင့်မီ တရုတ်၊ အင်္ဂလိပ် Text များကို အသုံးပြုထားသည်။

www.burmeseclassic.com